www.burmeseclassic.com

Volume 36, January 2017 ®

# THE REAL LIVES REAL STORIES

ordinary people with extraordinary stories

january - march - may - july - september - november



BURMESE CLASSIC

exclusive

အင်ဒိုနီးရှားငါးဖမ်းလှေပေါ်တွင် နှစ် ၂၀ ကျော်ကြာ ကျွန်ပြု
ခံခဲ့ရာမှ အမိမြေပြန်နိုင်ရေး ရုန်းကန်ခဲ့ရသူတစ်ဦးနှင့်
ဘဝခရီးလမ်းကို ပုံစံအမျိုးမျိုးဖြင့် ဖြတ်သန်းနေကြသူများ

www.facebook.com/reallivesrealstories

www.burmeseclassic.com

www.burmeseclassic.com




■ ထိုင်းနိုင်ငံရှိ မွေးမြူရေးစခန်းတစ်ခုတွင် မြန်မာလုပ်သားများကို သတ်ဖြတ်ခဲ့သည့် သူဌေး၏ပြစ်မှုများကို ဖော်ထုတ်ခဲ့သည့် ကိုကုလား၏ နှစ်နှစ်ဆယ်ကျော်ကြာ ကျွန်ဘဝအတွေ့အကြုံများ ■ အိမ်တွင်းပုန်းအပျိုပေါက်လေးဘဝမှ မထင်မှတ်ဘဲ အိမ်ထောင်ကျခဲ့ပြီး HIV ကူးစက်ခံခဲ့ရသည့် အမျိုးသမီးငယ်တစ်ဦး၏ ရင်နင့်ဖွယ်ဇာတ်လမ်း ■ မျက်မမြင်မိဘနှစ်ပါးမှ မွေးဖွားလာခဲ့ပြီး ဆင်းရဲချို့တဲ့မှုများကြားထဲမှ မျက်မမြင်မိခင်ကြီးနှင့်အတူ မသန်စွမ်းပရဟိတဂေဟာကို ထူထောင်နိုင်ခဲ့သူ ဆရာဦးငွေလွင် ■ နာမည်ကျော် အင်းဝအပ်ချုပ်ဆိုင်အမှုကိုဖော်ထုတ်ပြီး သနားစဖွယ်အိမ်အကူမိန်းကလေးများအား ကယ်တင်နိုင်ခဲ့သူ သတင်းထောက်ကိုဆွေဝင်း ■ တက္ကသိုလ်ကျောင်းသားဘဝမှ နိုင်ငံရေးအယူအဆကြောင့် တောခိုခဲ့ပြီး တိုင်းရင်းသားအဖွဲ့အစည်းတွင် ခေါင်းဆောင်တစ်ဦးဖြစ်လာခဲ့သူ ကယန်းပြည်သစ်ပါတီမှ ဦးစောလွင် ■ လူချမ်းသာအပျိုကြီးတစ်ဦးတည်းနေသောအိမ်ကို ဝင်ရောက်ဖောက်ထွင်းရာမှ အပျိုကြီးအလောင်းနှင့်သာ တည့်တည့်တိုးခဲ့ရသည့် သူခိုးတစ်ယောက်၏ အဖြစ်ဆိုး ■ နေအိမ်ကြောင့် စီးပွားပျက်ခဲ့ရာမှ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ပြီး မြဝတီမြို့တွင် ရွှေဆိုင်များပိုင်ရှင်ဖြစ်လာသူ ဒေါ်ငွေငွေ

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## Contents


သွက်သွက်လှမ်းဖို့ လိုပါသည် ၁

လှေကားထစ်များရာဇဝင်

တက်သစ်စလှယ်ခေါင်းဆောင်ဆုရှင် ၂
*အောင်ငြိမ်းချမ်း*

လူသားနှင့် ရှင်သန်ခြင်း

ဤ၂၁၀ ဤမျှလောက်သာ ၈
*ရဲမွန်ထော*

အဝစား ကိုဗွေး ၁၈
*ခက်ဇော်*

ကျူးကျော်တဲ့မှ ကြယ်ပွင့်ဖေဖေ ၂၈
*နိုင်လင်း*

လှေထိုးသားကြီး ကိုရွှေတို ၃၆
*ကေဖိုး(K4)*

ပပ်ကြားအက် မိုးဖလံ ၄၂
*ခက်ရိပ်ညို*

အရိပ်တို့ဖြင့် ထွန်းလင်းခဲ့သည် ၅၂
*ခက်ဇော်*

ဒုက္ခသည်စခန်းက စကားပြန် ၆၂
*အောင်ပန်*

တားရှော့ကတ်ပေါ်မှ ကိုယ်တွေ့အဖြစ်မှန်များ-၁၂ ၇၀
*နေခြည်(တားရှော့)*

၇၆ ခြေရာများ-၂
*နှင်းစံပယ်အောင်ကို*

၈၈ ကျွန်တော်နှင့်အမေရိကား-စ
*မောင်ကိုကို(အမရပူရ)*

၉၆ လက်ဆုပ်ဖြေလွှမ်းချင်း
*ဓေယျမင်းသျှင်*

အုတ်တံတိုင်းနောက်ကွယ်က

၁၀၄ မှန်တာပြောရင် ချမ်းသာပါရစီ
*ဓေယျမင်းသျှင်*

လူသားနှင့် ကျန်းမာရေး

၁၂၈ ရွှေတန်းဒေါက်တာ
*ဒေါက်တာရကောက်*

အနုပညာ

၁၃၈ ဝလုံး
*မောင်ကိုကို(အမရပူရ)*

၁၄၄ လမင်းတစ်ရာအငြိမ့်သည် ပန်တျာဗွေးဗွေးမြင့်
*လရောင်လင်း*

၁၅၆ Tun.T.Lin
*မောင်ကိုကို(အမရပူရ)*



THE REALLIVES®
REALSTORIES
ordinary people with extraordinary stories
www.facebook.com/reallivesrealstories

www.burmeseclassic.com

www.burmeseclassic.com

***စီမံခန့်ခွဲမှု***
မိုးမ၊ မုန့်ဂျုတ်
***စီစဉ်တည်းဖြတ်သူများ***
ခက်ဇော်၊ မိုးမ
***editor-in-charge***
ခက်ဇော်
***art direction***
club 18
***မျက်နှာဖုံးဒီဇိုင်း***
club 18
***အတွင်းစာမျက်နှာစုဖွဲ့မှုဒီဇိုင်း***
club 18
***ထုတ်ဝေသူ***
ဒေါ်မိုးချစ်သူ (၀၀၈၆၆)
the bookhouse
ခြံအမှတ် ၂၁-အေ၊ သုခဝတီလမ်း၊
၆-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့။
***ပုံနှိပ်သူ***
ဦးမောင်မောင်မြင့်ထွေး
(၀၁၂၄၆)
ကျိုင်းတုံပုံနှိပ်တိုက်၊
အမှတ် ၁၅-ဘီ၊ မြဝတ်ရည်-၄လမ်း၊
၉-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ်
၂၀၁၇၊ ဇန်နဝါရီလ
***အုပ်ရေ***
၁၀၀၀
***တန်ဖိုး***
၃၀၀၀ ကျပ်
***စီမံခန့်ခွဲမှုနှင့်ဖြန့်ချိရေး***
the bookhouse
၀၁-၅၇၀၆၀၉၊
၀၉-၉၇၉ ၆၀၆၀ ၁၀
၀၉-၉၇၉ ၆၀၆၀ ၂၀

**ကလောင်စုံ**
**အင်ဒိုနီးရှားငါးဖမ်းလှေပေါ်တွင် နှစ် ၂၀ကျော်ကြာ ထွက်မြုံခံခဲ့ရာမှ အမိမြေပြန်နိုင်ရေး ရုန်းကန်ခဲ့ရသူ တစ်ဦးနှင့် ဘဝခရီးလမ်းကို ပုံစံအမျိုးမျိုးဖြင့် ဖြတ်သန်းနေကြသူများ / ကလောင်စုံ။**
**ရန်ကုန်၊**
**၁၆၃ - စာ၊ ၃၈.၁စင်တီ × ၂၅.၄စစင်တီ**

club 18
concept development
& creative



www.burmeseclassic.com

www.burmeseclassic.com

# သွက်သွက်လှမ်းဖို့ လိုပါသည်

လွန်ခဲ့သောနှစ်ပေါင်းနှစ်ရာကျော်ခန့်က အရှေ့တောင်အာရှတွင် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ခမ်းနားကြီးကျယ်သော ဧကရာဇ်နိုင်ငံတော်တစ်ခုကို ကျွန်တော်တို့ ပိုင်ဆိုင်ခဲ့ဖူးသည်။

ကုန်းဘောင်၏ မွန်းတည့်ချိန်ဟုခေါ်သော ဘိုးတော်ဘုရားလက်ထက်တွင် အင်္ဂလိပ်သံတမန်တို့သည် မြန်မာ့ထီးရိပ်နန်းရိပ်အတွင်း အောက်ကျို့ခံကာ ခစားနေရသောအချိန်ဖြစ်၏။

တစ်ချိန်တည်းမှာပင် ဆြာဟင်းနရစ်ဖို့ဒ်ဟူသော အင်္ဂလိပ်ရေတပ်ဗိုလ်တစ်ဦးသည် အရှေ့တောင်အာရှ မာလာယုကျွန်းဆွယ်အနီးရှိ ကျွန်းလေးတစ်ကျွန်းကို တွေ့ရှိခဲ့သည်။

ခြင်သေ့များပေါများခဲ့သဖြင့် သီဟပူရဟုခေါ်ဆိုသော ထိုကျွန်းငယ်လေးမှ ဆင်းရဲလှသော တံငါရွာလေးတစ်ရွာပေါ် အင်္ဂလိပ်တို့ စတင်ခြေချခဲ့၏။

နှစ်ပေါင်းနှစ်ရာကျော်ကြာခဲ့သောအခါ ထိုကျွန်းငယ်လေးသည် စင်္ကာပူဟူသောအမည်ဖြင့် အရှေ့တောင်အာရှ၏ စီးပွားရေးအကောင်းဆုံးနိုင်ငံတစ်ခုဖြစ်ခဲ့ပြီး တစ်ချိန်က အရှေ့တောင်အာရှ၏ ဧကရာဇ်နိုင်ငံမှာ အဆင်းရဲဆုံးနိုင်ငံ ဖြစ်ခဲ့ရပြန်သည်။

ထိုသို့ဖြစ်သွားခဲ့သည့် ကာလကလည်း နှစ်ပေါင်းလေးဆယ်လောက်အတွင်း ကာလလေးပင်ဖြစ်သည်။

ကျွန်တော်တို့နိုင်ငံမှ ကာယလုပ်သား၊ ဉာဏလုပ်သားများစွာသည် လုပ်ခလစာများစွာ ပေးနိုင်သော စင်ကာပူနိုင်ငံတွင် သွားရောက်လုပ်ကိုင်နေကြသည်မှာ ဆယ်စုသုံးလေးစုမကပင် ရှိခဲ့လေပြီ။

ကျွန်တော်တို့ ဘာတွေ နောက်ကျခဲ့လဲ။

နယ်နိမိတ်၊ အကျယ်အဝန်း၊ သယံဇာတ၊ ဘာသာစကား၊ ယဉ်ကျေးမှု အစစအရာရာတွင် သာပါလျက်နှင့် ကျွန်တော်တို့ ဘာကြောင့်နောက်ကျခဲ့လဲ။

ထိုမေးခွန်းအတွက် အဖြေတွေက ဝိဝါဒကွဲပြားစွာ ထွက်လာမည်ဖြစ်သည်။

အာဏာသိမ်းမှုများ၊ ပြည်တွင်းစစ်များ၊ စစ်အုပ်ချုပ်ရေးကာလများ၊ သယံဇာတလုယက်မှုများ၊ လူမျိုးရေးပြဿနာများ၊ အကျင့်ပျက်ချစားမှုများစသဖြင့် စသဖြင့် အကြောင်းပြချက်တွေ များလှ၏။

တစ်လောကလေးက နိုင်ငံတော်အတိုင်ပင်ခံ၏ စင်ကာပူခရီးစဉ်တွင် စင်ကာပူကို နှစ်ပေါင်းနှစ်ဆယ်အတွင်း ကျော်တက်ရမည်ဟူသော ကြုံးဝါးသံကို ကျွန်တော်တို့ ကြားခဲ့ရသည်။

လွန်ခဲ့သောနှစ်ပေါင်း ငါးဆယ်ခန့်ကလည်း စင်ကာပူဝန်ကြီးချုပ် လီကွမ်ယုက နှစ်နှစ်ဆယ်အတွင်း မြန်မာနိုင်ငံကို မှီရမည်ဟု ကြုံးဝါးခဲ့ဖူးသည်ကို အမှတ်ရမိသည်။

စင်ကာပူပြည်သူတို့က သူတို့ ဝန်ကြီးချုပ်၏စကားကို အင်နှင့်အားနှင့် တက်ညီလက်ညီ အကောင်ထည် ဖော်ပေးခဲ့ကြ၏။

ယခု ကျွန်တော်တို့နိုင်ငံရှိ ပြည်သူများကရော၊ စင်ကာပူကိုကျော်နိုင်၊ မကျော်နိုင်အပထား။ နှစ်ပေါင်းများစွာ နောက်ကျကျန်ခဲ့သော ကျွန်တော်တို့ ခြေလှမ်းများကို သွက်သွက်လှမ်းနိုင်မှ တော်ကာကျမည်။

ဒီလိုနှင့်ပဲ မိုးကြီးချုပ်၍ မဖြစ်တော့။

သွက်သွက်လှမ်းဖို့ပဲ လိုပါသည်။

ခက်ဇော်

**REAL LIVES REAL STORIES**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# တက်သစ်စလူငယ်ခေါင်းဆောင်ဆုရှင်

**အောင်ငြိမ်းချမ်း**

"ကျွန်မ နေ့စဉ် စားသောက်နေထိုင်နေတာတွေက ဒီကမ္ဘာကြီးကပဲ စုပ်ယူစားသောက်နေရတာ အဲဒါကြောင့် ကမ္ဘာကြီးကို ပြန်ပြီး အကျိုးပြုချင်တယ်"

အဆိုပါစကားကို ပြောခဲ့သူကတော့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အသက် ၁၆နှစ်ကနေ ၂၄ အကြား လူငယ်တွေကို ပထမဦးဆုံး ပေးအပ်သည့် နိုင်ငံတကာ တက်သစ်စ လူငယ်ခေါင်းဆောင်ဆုရှင် (Global Emerging Young Leaders Award (2016)) သဉ္ဇာရွှန်းလဲ့ရည် ဖြစ်သည်။

အမျိုးသားလူငယ်ကွန်ရက်နှင့် ရန်ကုန်လူငယ်ကွန်ရက်တွင် ညှိနှိုင်းရေးမှူးတစ်ဦးအဖြစ် တာဝန်ယူထားသူ မသဉ္ဇာရွှန်းလဲ့ရည်သည် Action Committee for Democracy Development အဖွဲ့အစည်းတွင်လည်း Advocacy Coordinator တစ်ယောက်အဖြစ် ဆောင်ရွက်နေသူ ဖြစ်သည်။ သူသည် အခြားသော လူမှုအဖွဲ့အစည်းများတွင်လည်း ပါဝင်ဆောင်ရွက်နေသူ တစ်ယောက်ဖြစ်သည်။

သည်လို အဖွဲ့အစည်းတွေမှာ ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦး၏ ငယ်ဘဝ ဖြတ်သန်းမှုကတော့ လှပမှုမရှိခဲ့ပါ။ အသက် ၁၆နှစ်အရွယ်ခန့် အထိကို တစ်သွေး၊တစ်သံ၊တစ်မိန့်သာ အုပ်ချုပ်မှုရှိခဲ့သော စစ်တပ်အသိုက်အဝန်းမှာ ကြီးပြင်းခဲ့ရတာ ဖြစ်သည့်အတွက် သာမန်ပြည်သူတွေနှင့် ထိတွေ့မှုဝေးနေခဲ့ရသည်။

ဖခင်က စစ်ဗိုလ်၊ မိခင်က ကျောင်းဆရာမ တစ်ယောက်ဖြစ်ပြီး သူ့ကို စစ်ကိုင်းတိုင်း၊ မုံရွာမြို့မှာ ၁၉၉၁ခုနှစ်က မွေးဖွားခဲ့သည်။ မွေးချင်းသုံးယောက်ရှိသည့်အနက် သဉ္ဇာရွှန်းလဲ့ရည်က အကြီးဆုံးဖြစ်သည်။ ငယ်စဉ်ကတည်းက ဖခင်တာဝန်ကျရာ မြို့နယ်များတွင် လိုက်ပါနေထိုင်ခဲ့ရသည်။ ကလေးများ၏ ပညာရေးအတွက်ဟုဆိုပြီး နောက်ဆုံးတွင်တော့၊ ဖခင်ဖြစ်သူမှာ ရန်ကုန်မြို့တွင် အခြေချရန် ဆုံးဖြတ်ခဲ့သည်ဟုလည်း သူက ဆက်ပြောသည်။

ဆယ်တန်း အောင်ပြီးသည့်အခါမှာတော့၊ သူ့ရဲ့ အတွေးအခေါ်တွေနှင့် အယူအဆတွေကို ပြောင်းလဲပေးမည့် နေရာတစ်ခုကို သူ၏အဖေက လမ်းညွှန်ပေးသည်။ စစ်အစိုးရအုပ်ချုပ်နေဆဲ၊ အရာရာ တင်းကျပ်နေဆဲကာလ၊ ၂၀၀၇၊ ၂၀၀၈လောက်မှာ စစ်တပ်ကနေ အရပ်ဘက်ဝန်ထမ်းအဖြစ်ကို ပြောင်းလဲတာဝန်ထမ်းဆောင်ခါစ အဖေဖြစ်သူက အမေရိကန်စင်တာကို သွားရောက်ဖို့ အံ့ဩစရာ လမ်းညွှန်ခဲ့သည်။

အမေရိကန်စင်တာမှာ အသင်းဝင်ဖို့အတွက်က တစ်နှစ်လုံးအတွက်မှ ၅၀၀၀ကျပ်သာ ပေးရသည်။ သို့ပေမဲ့ သင်တန်းတွေတက်ဖို့တော့ အနားပင်ကပ်နိုင်မည်မထင်။ အဘယ်ကြောင့်နည်း။ သင်တန်းတစ်ခု၏ သင်တန်းကြေးမှာ အစိုးရဝန်ထမ်းဖြစ်သည့် သူ့အဖေ၏လစာ လေးလစာလောက် ဖြစ်နေသည်။ သူကိုယ်တိုင်လည်း အဲဒီ



www.burmeseclassic.com

လောက်ဝင်ငွေကို ဘယ်ကရှာရမည်မသိ။ သည်တော့ အင်္ဂလိပ်လို လေ့လာလို့ရသည့် Class တွေမှာ Volunteer ဝင်လုပ်သည်။ ပိုက်ဆံတော့မရ၊ သို့သော် အင်္ဂလိပ်လိုတော့ တစ်ပတ်တစ်ခါ ပြောဖြစ်သွားသည်။ သည်လိုနှင့် အင်္ဂလိပ်စာကို လေ့လာရသည်။

ဒီနောက်တော့ သူ လုံးဝကို မမျှော်လင့်သည့် အကြောင်းအရာတွေ၊ အဖြစ်အပျက်တွေလည်း စတင်ဖြစ်လာခဲ့သည်။ အသက် ၁၆နှစ် နောက်ပိုင်း၊ အမေရိကန် စင်တာရောက်ပြီးနောက်ပိုင်းမှာ သူ တွေ့လာရသည့်၊ ပေါင်းသင်းရသည့် သူတွေ၏အမြင်က သူနှင့်လုံးဝကို ဆန့်ကျင်ဘက် ဖြစ်နေသည်။ အယူအဆကွဲလွဲမှုတွေ တွေ့လာရသည်။ အငြင်းအခုံတွေ ဖြစ်လာရသည်။

"ကိုယ်ယုံကြည်နေတဲ့ စစ်တပ်ရဲ့ အခန်းကဏ္ဍနဲ့ လုပ်ဆောင်နေတာတွေကို မယုံကြည်တဲ့သူတွေ အများကြီး တွေ့လာတဲ့အခါမှာ အငြင်းပွားမှုတွေကိုလည်း ကျော်ဖြတ်ခဲ့ရတယ်။ ကိုယ် ယုံကြည်ထားခဲ့တာတွေကို သူတို့က အချက်အလက်နဲ့ သေချာပြောလာတဲ့အခါမှာ အရှုံးကို ရှောခ်ဖြစ်ခဲ့ရတယ်" ဟု သဉ္ဇာရွှန်းလဲ့ရည်က ပြောသည်။

သည်တော့မှသာ သူသိထားတဲ့ အကြောင်းအရာ၊ အတွေးအခေါ်တွေကို ပြန်လည်ပယ်ဖျက်ပြီး အစစအရာရာကို အစကနေ ပြန်လေ့လာ၊ ပြန်သုံးသပ်ရတော့သည်။ နဂို ယုံကြည်မှုကို တစ်ထစ်လျှော့ပြီး သိချင်သမျှကို မေးမြန်း ရသည်။ အသစ်အသစ်သော သူငယ်ချင်းတွေ၊ မိတ်ဆွေတွေထဲကမှ ကူညီလက်ကမ်းသူတွေ ရှိသလို၊ လက်တွဲခေါ်ဖို့ ငြင်းဆန်ခဲ့တာတွေလည်း ခံခဲ့ရသည်။ သို့ပေမဲ့ သူ လက်မလျှော့။ အတွေးသစ်၊ အမြင်သစ်တွေက နောက် မဆုတ်ချင်တော့လောက်အောင် သူမကို ဆွဲဆောင်နိုင်လွန်းခဲ့သည်။ အရာရာကို စူးစမ်းချင်သူ တစ်ဦးအဖြစ်လည်း ရှိနေခဲ့သည်။

"အဓိက ပြဿနာက ကိုယ် ဒီလိုမျိုးလုပ်တဲ့အခါမှာ ကိုယ်က စစ်တပ်မျိုးရိုးဖြစ်နေတာ ယုံကြည်မှု သိပ်မရှိကြဘူး။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အားနည်းတာမျိုးတွေ ရှိတယ်။ ကိုယ့်ကို လမ်းပြခေါ်ဆောင်မယ့် သူတွေ မရှိခဲ့ဘူး။ အခုအထိလည်း ကိုယ့်ဘာသာကိုယ် သုံးသပ်လေ့လာ၊နှစ်ဖက်စလုံးကို နားထောင်ရင်းနဲ့ အစွန်းနှစ်ဖက်ကို မရောက်အောင်လို့ ကြိုးစားနေတဲ့အဆင့်မှာ ဖြစ်နေတယ်" ဟု သူက ဆိုသည်။

ယနေ့အချိန် အလုပ်တွဲလုပ်နေသည့်သူတွေနှင့် မိတ်ဆွေတွေမှန်သမျှကို ယခင်က လူဆိုးတွေ၊ မကောင်းသော သူတွေအဖြစ်သာ သိခဲ့ရပြီး သူတို့ကို ယုံကြည်လေးစားလာဖို့အတွက် သူကိုယ်တိုင် ဖြိုဖျက်ခဲ့ရသည့် အတွေးအမြင်တွေ၊ ယုံကြည်မှုတွေကလည်း အများအပြားပါ။ အဲသည့်အချိန်ကာလက သူ့အတွက် အပြောင်းအလဲတွေ အများဆုံး ဖြစ်ခဲ့သောကာလဆိုရင်လည်း မမှားပါဘူး။

၂၀၁၀ပြည့်နှစ်၊ ရွေးကောက်ပွဲကာလ နီးလာသည့်အချိန်မှာတော့ Voter Education နဲ့ ပတ်သက်တာတွေကို စတင်လေ့လာခဲ့သည်။ ပညာရေးတက္ကသိုလ် တက်နေဆဲကာလဖြစ်သည့်အတွက် သူ သိသမျှတွေကို ကျောင်းက သူငယ်ချင်းတွေအတွက် ပြန်လည်ဝေမျှဖို့ ကြိုးစားတော့သည်။

"ကျောင်းမှာ Presentation လုပ်မယ်ဆိုတော့၊ ဆရာမတွေ သိလိုက်တာက အဲဒါကို Education တစ်မျိုးလို့ပဲ သိလိုက်တာ။ အဲဒီတော့ သူတို့က ပြောခွင့်ပြုလိုက်တယ်။ တစ်ကယ်တမ်း ပြောတဲ့အခါကျတော့ စင်ပေါ်မှာ လူ အယောက်တစ်ရာလောက်ရှေ့မှာ ကျွန်မကို ချက်ချင်းဆင်းခိုင်းတာ ဆက်မပြောခိုင်းတော့ဘူး။ အဲဒါနဲ့ ခေါင်းစဉ်ပြောင်း ပြောမယ်ဆိုပြီးတော့ သူငယ်ချင်းတို့ရေ ဒီမိုကရေစီဆိုတာ ဘာလဲ။ သိလားဆိုတော့ အဲဒီမှာ ချက်ခြင်းကို ဆွဲချတော့တာ" ဟု သူမက ပြောသည်။

ကိုယ့်ရဲ့ပြောင်းလဲလာတဲ့ အသိအမြင်၊ ကိုယ့်ရဲ့ ယုံကြည်မှုကို ပထမဦးဆုံး စတင်ချပြခွင့်ရတဲ့နေ့မှာပဲ အခက်အခဲတွေ၊ ကန့်ကွက်မှုတွေနှင့် ရင်ဆိုင်ခဲ့ရသည်။ ပြောင်းလဲဖို့ အဆင်သင့် မဖြစ်သေးတဲ့သူတွေ ပြောင်းလဲရမှာ ကြောက်နေတဲ့သူတွေကြား ဒီလိုအခက်အခဲတွေ ရင်ဆိုင်ရနိုင်တယ်ဆိုတာ သူ သိထားသည်။ သူကိုယ်တိုင်လည်း ပြောင်းလဲနေသူတစ်ယောက် မဟုတ်လား။ ဒါကြောင့်သာပဲ သူလုပ်သမျှ အလုပ်တွေအတွက် ဖိအားတွေကို ရင်ဆိုင်၍ နောက်မဆုတ်ဘဲ ဆက်လက် လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

သည်လိုနဲ့ ၂၀၁၃ခုနှစ်မှာတော့ ပညာရေး

*ကိုယ်ယုံကြည်နေတဲ့ စစ်တပ်ရဲ့ အခန်းကဏ္ဍနဲ့ လုပ်ဆောင်နေတာတွေကို မယုံကြည်တဲ့သူတွေ အများကြီး တွေ့လာတဲ့အခါမှာ အငြင်းပွားမှုတွေကိုလည်း ကျော်ဖြတ်ခဲ့ရတယ်*



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်ကနေ BED ဘွဲ့ဖြင့် ကျောင်းပြီးခဲ့သည်။ အားလပ်ချိန်တွေလည်း ပိုထွက်လာခဲ့သည်။ သူ ယုံကြည်တာတွေကို မရပ်မနားလုပ်ဖို့ အခွင့်အရေးတွေ ရလာခဲ့သည်။

"၂၀၁၄လောက်မှာ ကျွန်မတို့ ပါဖောမန့်တစ်ခု လုပ်တော့၊ သတင်းစာတွေမှာ မျက်နှာဖုံးသတင်းအနေနဲ့ တက်သွားတော့ ဆွေမျိုးတွေက အဖေ့ကို ဖုန်းလှမ်းဆက်တယ်။ နင့်သမီး ဘာတွေလုပ်နေတာလဲ ရှက်စရာကြီး ပေါ့နော်။ အမေဆိုရင်လည်း နင် ဒါတွေလုပ်နေလို့ နင့်အဖေ ရာထူးမတက်တာ ဆိုတာမျိုးပေါ့။ ဆိုတော့၊ အဲဒါတွေက တကယ့်ကို ဖိအားဖြစ်စေခဲ့တယ်" လို့ သူကဆိုသည်။

ဆန့်ကျင်ဘက် ယုံကြည်မှုတွေကို ပြောင်းလဲ၊ ဖိအားတွေကို ရင်ဆိုင်၊ ကန့်ကွက်မှုတွေကို တွန်းလှန်ရင်း လူငယ်ရေးရာတွေကို ဆက်တိုက် လုပ်ဆောင်ဖြစ်ခဲ့သည်။ ကျောင်းဆရာမတစ်ယောက်၊ အချိန်ပိုင်းနည်းပြ(ဂိုက်) တစ်ယောက်အဖြစ်နှင့် တည်တည်ငြိမ်ငြိမ် ရပ်တည်စေချင်သော မိသားစု၏ဆန္ဒကိုလည်း တွန်းလှန်ရသေးသည်။ မိမိက မောင်နှမတွေထဲမှာ အကြီးဆုံး မဟုတ်လား။ အရွယ်တူ သူငယ်ချင်းတွေက လုပ်ငန်းခွင်အသီးသီးဝင်လို့ မိသားစုကို ထောက်ပံ့နေပြီ။ ကိုယ့်မှာတော့ အိမ်ကိုထောက်ပံ့ဖို့ နေနေသာ ကိုယ့်လမ်းစရိတ်တောင် အနိုင်နိုင်။

သို့ပေမဲ့ နောက်တော့မဆုတ်၊ ရှေ့သို့သာ။ မိသားစုအရေးထက် ပိုအရေးကြီးတာတွေက သူ့ကို ရှေ့ဆက်လျှောက်ဖို့ တွန်းပို့ခဲ့သည်။

သည်လိုနဲ့ အဖွဲ့အစည်းတစ်ခု၏ ကမ်းလှမ်းမှုကြောင့် ကမ္ဘောဒီးယားကို ရောက်ခဲ့သည်။ သူ့အတွက် ပထမဦးဆုံး နိုင်ငံခြားခရီးစဉ်လည်း ဖြစ်လာခဲ့သည်။ "အဲဒီတုန်းကဆိုရင် ကျွန်မကို ကမ္ဘောဒီးယားကို ခေါ်တဲ့အချိန်မှာ ကျွန်မ ကတိပေးခဲ့တယ်။ ကျွန်မတို့တွေ မြန်မာလူငယ်ဖိုရမ်၊ ၂၀၁၄ အာဆီယံလူငယ်ဖိုရမ်ကို ဖြစ်မြောက်အောင် လုပ်မယ်ဆိုပြီးတော့ ကတိပေးခဲ့တယ်။ အဲဒါကြောင့် ကျွန်မ ကျောင်းတက်မယ့်ကိစ္စတွေ၊ စကောလားရှစ် လျှောက်မယ့်ကိစ္စတွေကို အကုန်လုံးဖျက်ပြီးတော့ အဲဒါကိုပဲ ဖြစ်အောင်လုပ်ခဲ့တယ်။ ကတိလည်း တည်ခဲ့တယ်။ ၂၀၁၂ မြန်မာလူငယ်ဖိုရမ်ကိုလည်း ပြီးခဲ့တယ်။ အာဆီယံ လူငယ်ဖိုရမ်ကိုလည်း ဦးဆောင်ကျင်းပနိုင်ခဲ့တယ်။ အာဆီယံလူငယ်ဖိုရမ်တစ်လျှောက်မှာ အကြီးကျယ်ဆုံး၊ အခမ်းအနားဆုံး ဖြစ်ခဲ့တယ်" ဟု သူမက ဆိုသည်။

ယုံကြည်တာတွေကို အဆက်မပြတ်လုပ်ဆောင်နေရင်း ၂၀၁၆ ခုနှစ်မှာတော့ Global Emerging Young Leaders Award ဆုကို ရရှိခဲ့သည်။ အမေရိကန်သမ္မတကတော် မစ်ရှယ်လ်အိုဘားမားက ၂၀၁၆ခုနှစ်၊ ဧပြီလ ၂၂နေ့တွင် ဝါရှင်တန်ဒီစီမှာ ဆုရလူငယ်ဆယ်ဦးအတွက် ဂုဏ်ပြုစာကို လက်မှတ်ရေးထိုးပေးပို့ခဲ့သည်။

ကျောင်းသားလူငယ်အရေး၊ ဘာသာရေးဖိနှိပ်မှုဆန့်ကျင်ရေး၊ ငြိမ်းချမ်းရေးအတွက် ပါဖောမန့်တွေနှင့် ကြေညာချက် ဖတ်ကြားခြင်းစသည့် တစ်တပ်တစ်အား ပါဝင်မှု၊ My Friend Campaign လှုပ်ရှားမှုစတာတွေက သူ့ကို အမေရိကန် နိုင်ငံခြားရေးဌာနကပေးတဲ့ Global Emerging Young Leaders Award (2016) ဆု ရစေခဲ့တယ်လို့လည်း သူက ယူဆထားသည်။ "ဆန်ခါတင် ၁၀နိုင်ငံက လူငယ်တွေကလည်း အဓိကက အစွန်းရောက်ဝါဒကို တိုက်ဖျက်တဲ့အလုပ်တွေ၊ အကြမ်းဖက်ဝါဒကို တိုက်ဖျက်တဲ့အလုပ်တွေ၊ နောက် ငြိမ်းချမ်းရေးကို လုပ်တဲ့လူငယ်တွေချည်းပဲ ဖြစ်နေကြတယ်" ဟု သူက ပြောသည်။

ဟိုအရေး၊ သည်အရေးတွေ လိုက်ပါလုပ်ဆောင်ရင်း သူ့၏လုပ်ဆောင်ချက်တွေက သူ့၏ဝါသနာတွေကို ဝါးမျိုဖျက်ဆီးပစ်လိုက်သည်။ ငယ်စဉ်က တီဗီအစီအစဉ်တင်ဆက်သူတစ်ယောက် အရမ်းဖြစ်ချင်ခဲ့သည့် သဥ္ဇာရှုန်းလှဲ့ရည်၊ ယခုတော့ လူမှုရေး၊ လူငယ်အရေးစသည့် အရေးကိစ္စတွေမှာ တက်ကြွလှုပ်ရှားသူ တစ်ယောက်၊ ပျော်မွေ့နေသူ တစ်ယောက်အဖြစ် ခံယူထားနေပြီလည်း ဖြစ်သည်။

ကိုယ်ကိုယ်တိုင်က လူငယ်အရေး၊ ဘာသာရေးဖိနှိပ်မှုဆန့်ကျင်ရေး၊ တိုင်းရင်းသားလူငယ်အရေး စသည့် လူငယ်များအတွက် လုပ်ဆောင်မှုတွေကြောင့် အမေရိကန်ကပေးသော လူငယ်ခေါင်းဆောင်ဆုကို ရခဲ့ပေမည့်လည်း သူ့ ကိုယ်သူတော့ ခေါင်းဆောင်တစ်ယောက်လို့ ခံယူမထားဟုလည်း သူက ဆိုသည်။

"ကျွန်မက အမှန်တကယ်တော့ ခေါင်းဆောင်

*အမေရိကန် သမ္မတကတော် မစ်ရှယ်လ်အိုဘားမားက ၂၀၁၆ခုနှစ်၊ ဧပြီလ ၂၂နေ့တွင် ဝါရှင်တန်ဒီစီမှာ ဆုရလူငယ်ဆယ်ဦးအတွက် ဂုဏ်ပြုစာကို လက်မှတ်ရေးထိုးပေးပို့ခဲ့သည်*

www.burmeseclassic.com

www.burmeseclassic.com

လို့ မသုံးနှုန်းစေချင်ဘူး။ ခေါင်းဆောင်လို့ပြောတာလည်း မကြိုက်ဘူး။ ကျွန်မကို သူတို့ဆုပေးတယ်။ ဒါ သူတို့က ခေါင်းဆောင်လို့ မြင်တဲ့အတွက်ကြောင့် ပေးတယ်။ ဒါပေမဲ့ ကျွန်မကိုယ်ကျွန်မလည်း ခေါင်းဆောင်လို့ မမြင်ဘူး။ ကိုယ့်ကိုယ်ကိုယ် ရိုကျိုးနှိမ့်ချစွာပဲ နေလိုတယ်'' လို့ သူမက ပြောသည်။

သူ့၏လုပ်ဆောင်မှုတွေဟာ များပြားသလို၊ ကဏ္ဍကလည်း တကယ့်ကိုစုံလင်လှသည်။ သည်လိုစုံလင်လှလို့ သူ ဘာအတွက် ရည်ရွယ်ပြီးလုပ်ဆောင်နေသလဲ ဆိုတာကလည်း မေးချင်စရာ မေးခွန်းတစ်ခုပါ။ ဒါပေမဲ့ သူကတော့ သူ လုပ်နေတာတွေကို ဘောင်ခတ်မထားဘဲ လုပ်နိုင်သမျှ၊ အလုပ်တွေမှန်သမျှကို ထိရောက်မှုကို ဦးစားပေး၍ လုပ်ဆောင်သည်။ သူ့ကိုယ်သူလည်း ကြိုးစားနေတဲ့ လူငယ်တစ်ယောက်၊ တက်ကြွတဲ့လူငယ်တစ်ယောက်၊ လူငယ်ရေးရာတွေကို လိုက်လံအသိပေးနေတဲ့ လူငယ်တစ်ယောက်လို့သာ သုံးနှုန်းသည်။

ဗုဒ္ဓဂေါတမရဲ့ ဘာသာလူမျိုး မခွဲခြားဘဲ လူတွေအပေါ် မေတ္တာထားတတ်တာကိုလည်း လေးစားအားကျ ကြည်ညိုမိသည်။ ကိုယ်သဘောကျတဲ့ ဒဿနတွေကို ကိုယ်ပိုင်ဒဿနဖြစ်အောင် ကျင့်ကြံမွေးမြူရမယ် ဆိုသော ဆောင်ပုဒ်ကိုလည်း မိမိဘာသာ သတ်မှတ်၍ လက်ကိုင်ထားသည်။ ဒါတွေကပဲ သူ့၏အားသာချက်ဖြစ်နေသည်ဟု ဆိုသည်။

မြန်မာနိုင်ငံ၏အရေးကြီးသော အခန်းကဏ္ဍတော်တော်များများကို လူငယ်တွေက ဦးဆောင်ခဲ့သည် ဆိုလျှင် မှားမည်မထင်။ လွတ်လပ်ရေးကြိုးပမ်းမှုကအစ ကိုအောင်ဆန်းတို့လို ကျောင်းသားလူငယ်များ၏ ဦးဆောင်ကြိုးစားမှုတွေက တော်တော်အရေးပါခဲ့သည်။ သည်နေ့ခေတ်မှာ လူငယ်တွေ၏အခန်းကဏ္ဍက ၁၀၀ရာခိုင်နှုန်း အရေးပါလာသည်။ ဒါကြောင့် အနာဂတ်မှာ သူ့အတွက်ရော၊ လူငယ်တွေအတွက်ပါ ဖြစ်စေချင်သည့်ကိစ္စတွေက ရှိနေပြန်ပါသေးသည်။

''လူငယ်ရေးရာမူဝါဒတွေ ပေါ်ပေါက်လာစေချင်တယ်။ လူငယ်ရေးရာဝန်ကြီးဌာနတွေ ပေါ်လာစေချင်တယ်။ လူငယ်တွေအတွက်ကို မူဝါဒတွေချမှတ်ပြီး တိကျသေချာစွာ လုပ်နေတဲ့ အစိုးရတစ်ရပ်ပေါ်လာတာ မြင်ချင်တယ်။ ကျွန်မရဲ့ အနာဂတ်မှာတော့ လူလေးစားတဲ့၊ ကိုယ့်ကိုယ်ကိုယ် လိပ်ပြာလုံတဲ့၊ ပြုံးနေနိုင်တဲ့ အဘွားကြီးတစ်ယောက် ဖြစ်ချင်တယ်။ ကျောင်းပြန်တက်ပြီးတော့ ကိုယ်ပြန်လည်အသုံးချနိုင်တဲ့၊ ပညာရပ်တွေ ဆည်းပူးချင်တယ်'' ဟု သူက ဆိုသည်။

ယခုအချိန်မှာတော့ သူလိုချင်သော အစိုးရတစ်ရပ် ပေါ်ပေါက်လာပြီလို့ ယူဆရပါပြီ။ အဘယ်ကြောင့်ဆိုသော် သူ့ရဲ့ကြိုးစားမှုကြောင့်ပဲဆိုဆို၊ လူငယ်အားလုံး၏ ကြိုးစားမှုကြောင့်ပဲပြောပြော အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်တွင် လူငယ်ရေးရာမူဝါဒတွေလည်း ပါဝင်လာခဲ့သည်။ ဒါသည်ပင် လူငယ်တွေ၏ မျှော်လင့်ချက်ပင် မဟုတ်လော။

ကျန်ခဲ့သည့် ဖွန်လ ၁၁ရက်ကနေ ၁၃ရက်အထိ စစ်ကိုင်းတိုင်း၊ မုံရွာမြို့မှာ ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် မြန်မာလူငယ်ဖိုရမ်ကို ဦးဆောင်ကျင်းပနိုင်ခဲ့သလို၊ အခြားခြားသော လူငယ်အရေးတွေမှာလည်း တက်ကြွစွာ ပါဝင်လှုပ်ရှားနေဆဲ ဖြစ်သည်။

''ကျွန်မတို့နိုင်ငံရဲ့ အပြောင်းအလဲတွေ တော်တော်များများမှာ လူငယ်တွေက အရေးပါခဲ့တယ်'' ဟု ဆိုလာသူ သဥ္ဇာရွှန်းလဲ့ရည်က ဘာပဲ လုပ်ချင်လုပ်ချင် မလျှော့သောစွဲနှင့် ဆက်တိုက်လုပ်ဆောင်ဖို့က အရေးကြီးတယ်ဆိုသည်ကို လူငယ်တွေကို ပြောပြချင်နေသလို၊ သူကိုယ်တိုင်လည်း ထိုနည်းအတိုင်း လုပ်ဆောင်တတ်သူ တစ်ယောက်ဖြစ်သည်ဟု ဆိုသည်။

■

***ယခုအချိန်မှာတော့ သူလိုချင်သော အစိုးရတစ်ရပ် ပေါ်ပေါက်လာပြီလို့ ယူဆရပါပြီ။ အဘယ်ကြောင့်ဆိုသော်***



www.burmeseclassic.com

www.burmeseclassic.com


အောင်ထွန်းမင်း၊ အေးမောင်ကျော်၊ A မွန်၊ ဒေါက်တာအုန်းမောင်




thebookhouse စာအုပ်တိုက်မှ ရရှိနိုင်သော စာအုပ်များ
၀၉၉-၇၉ ၆၀ ၆၀ ၁၀
၀၉၉-၇၉ ၆၀ ၆၀ ၂၀

the bookhouse
www.facebook.com/thebookhouse


www.burmeseclassic.com

www.burmeseclassic.com

## လူသားနှင့်ရှင်သန်ခြင်း

လူဖြစ်လာရတာကိုက ဒုက္ခတစ်ခုတဲ့။ မကြာမကြာ ကျွန်တော်တို့ ကြားနာရတဲ့ တရားတွေမှာ အမြဲပါတယ်။ ခန္ဓာရလာကတည်းက ဒုက္ခဆိုတာ ပါလာပြီးသားပေါ့။ နောက် ကုသိုလ်၊ အကုသိုလ် စသဖြင့်ပေါ့လေ။ ဘုန်းဘုန်းတွေ အမြဲ ဟောပါတယ်။ နောက် ကံ၊ကံ၏အကျိုးလို့လည်း ပြောကြပါသေးတယ်။ ရှေ့ကပြုခဲ့တဲ့ကံ၊ လက်ရှိရနေတဲ့ အကျိုး၊ နောက်ဖြစ်လာမယ့်အရာ ပြောဖြစ်ကြပါတယ်။ ကံသည်အလုပ်၊ အလုပ်ကောင်းလျှင် ကံကောင်းမည်ဆိုတာမျိုးလည်း ပြောကြပါတယ်။ အကျိုးကြောင့် အကြောင်းဖြစ်ရ၊ အကြောင်းကြောင့် အကျိုးဖြစ်ရဆိုတဲ့ သဘောပေါ့။

ဟိုတစ်လောက ထောက်ကြန့်နားက နွယ်ခွေဆိုတဲ့နေရာကို ရောက်တယ်။ ကိုမြင့်နိုင်ဆိုတဲ့ လူတစ်ယောက်နဲ့တွေ့တယ်။ သူ့အသက် က ၄၁နှစ်ရှိပြီ။ ဒါပေမဲ့ သူ့အသက် တစ်ဝက်မကတဲ့နှစ်တွေက မြန်မာနိုင်ငံနဲ့ အလှမ်းဝေးတဲ့နေရာတွေမှာ ပျောက်ဆုံးခဲ့ရတယ်။ အသက်ရှင်ရပ်တည်ဖို့ ခက်ခဲတဲ့အခြေအနေတွေကို သူ ရင်ဆိုင်ခဲ့ပုံက ယုံကြည်ဖို့တောင် တော်တော်ခက်ပါတယ်။ ကျွန်တော်တို့ လက်လှမ်းမမီတဲ့ အဖြစ်အပျက်တွေက တကယ်ရှိနေ၊ တကယ်ဖြစ်နေဆဲပါ။

■

# ဤဘဝ ဤမျှလောက်သာ

ရဲမွန်ထော

"ဟော့…မြင့်နိုင်၊ မင်းအဖေ ချောင်းထဲကျသွားတာ၊ ပြန်ပေါ်မလာဘူး"

နေ့လယ်လောက်မှာ အဖေ့ရဲ့သတင်းကို သူကြားရတယ်။ အချိန်ကလည်း ဝါဆို၊ ဝါခေါင် ရေများတဲ့အချိန်။

ဘယ်လိုဖြစ်ပြီး ကျသွားပါလိမ့်။ ခါတိုင်းလည်း သွားနေကျကိုး။ ဘယ်လိုဖြစ်တာပါလိမ့်။ လောလောဆယ် အမေ့ကိုတော့ ပြောလို့မဖြစ်သေးဘူး။ အမေက ကလေးမွေးထားတာ နှစ်လပဲရှိသေးတယ်။ နောက်မှ ကြည့်ပြောရမယ်။ အခုတော့ အဘွားတို့နဲ့သွားရမှာပဲ။

သူ့မှာ မောင်နှမ ခြောက်ယောက်ရှိတယ်။ သူ့အောက်က ကလေးတွေက တော်တော်ငယ်သေးတယ်။ သူတောင် ၁၅၊၁၆အရွယ်။ သူ့မိသားစုကလည်း တော်တော်လေး ဆင်းရဲတယ်။ ဒါပေမဲ့ ဆင်းရဲတဲ့ မိသားစုတွေရဲ့ ထုံးစံအတိုင်း ကလေးကတော့ အများသား။ ကလေးလည်းများ၊ ဆင်းလည်းဆင်းရဲတော့ စာလည်း ကောင်းကောင်း မသင်ဖြစ်၊ ကလေးထိန်းရတာနဲ့ပဲ ပြီးသွားတယ်။ သူငယ်တန်းတောင် တက်ဖူးတယ်ဆိုရုံလောက်ပဲ။ ဒီလိုနဲ့ နောက်က မွေးမွေးလာတဲ့ မောင်နှမတွေကိုထိန်းရင် ဒီအရွယ်အထိ ရောက်လာခဲ့ရတာ။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

“ဟော့…၊ ချစ်စိန်ပေါ်လာပြီ။ ငါချည်ထားခဲ့တယ်”

ကွန်သွားပစ်သော ဘကြီးမောင်ထွန်းပြောလို့ လှေနဲ့ပြေးပြီး အဖေ့အလောင်းကို ရဲတွေဘာတွေနဲ့ ရင်ခွဲရုံပို့ရတာပါပဲ။ ဒီအခြေအနေရောက်မှတော့ အမေလည်း သိပြီပေါ့။ နောက်ဆုံး အမေ့ငိုသံတွေနဲ့ပဲ အဖေ့အလောင်း မြေကျသွားတယ်။

အဖေ မရှိတော့တဲ့နောက် အဖေ့အလုပ်ကို သူ ဆက်လုပ်တယ်။ အလုပ်ဆိုလို့ ကြီးကြီးမားမား အလုပ်မျိုး မဟုတ်ဘူး။ ဖားရှာ၊ ငါးရှာ၊ လယ်ထဲချောင်းထဲက အရွက်တွေ၊ ဘာတွေ ခူးရောင်းတာလောက်ပဲ။ တခြား ဘာမှလဲ မလုပ်တတ်။ လုပ်ဖို့လည်း မရှိတာနဲ့။ ဒီလိုပဲ လျှောက်လုပ်ရတယ်။ နောက် နွေရောက်လာတယ်။ စပါးရိတ်ပြီးချိန်လောက်မှာ ခနိဖက်ခုတ်၊ ဖက်ခြံထဲမှာပဲ ဖက်ထိုးတဲ့အလုပ် လုပ်ကြတယ်။ အမေလည်း ပါတယ်။ နတ်မှော်၊ ကင်ချောင်းကလည်း ပါတယ်။

“အမေ…ဘယ်လိုလဲ၊ နောက်အိမ်ထောင် ပြုမလို့လား”

“မပြုပါဘူး သားရယ်”

အမေ့စကားကို သူ သိပ်မယုံပါ။ မကြာပါ လူကြီး ခုနစ်ယောက်လောက်နဲ့ လက်ဖက်ရည်တိုက်ပြီး ပွဲသိမ်းသွားတယ်။ သူလည်း စိတ်ဆိုးဆိုးနဲ့ အမေ့ကို စကားမပြောတော့ပါ။ နောက် ဝါကျွတ်ပြီးနောက်ပိုင်း ရှမ်းပြည် (ထိုင်း)မှာ အလုပ်ကောင်းတယ်၊ တစ်လ ၅၀၀၀ ရမယ်။ လုပ်ချင်တဲ့သူတွေ လိုက်လို့ရတယ်ဆိုပြီး လာခေါ်တဲ့သူ ရောက်လာတယ်။

တစ်လ ၅၀၀၀ ဆို မနည်းဘူး။ သုံးလလောက် လုပ်ပြီး ပြန်လာရင် ခြံလေးတစ်ခြံတော့ ဝယ်လို့ရနိုင်တယ်။ မောင်နှမတွေစုပြီး နေကြမယ်။

သူ့စိတ်ကူးနဲ့သူ ဟုတ်နေပါတယ်။ စိတ်ကူးထဲမှာ အလုပ်တွေလုပ်၊ ငွေတွေစု၊ ပျော်ပျော်ရွှင်ရွှင်နဲ့ ပြန်ရောက်လာ။ တကယ့်ကို ပျော်စရာကြီးပေါ့။ ဒါပေမဲ့ လက်တွေ့မှာတော့ စိတ်ကူးနဲ့ တခြားစီ ဖြစ်နေရုံတင်မက ဘဲ စိတ်ကူးကြည့်ဖို့မကောင်းတဲ့ အဖြစ်မျိုးကိုမှ ကြုံရတော့တယ်။

သူနေတဲ့ မုဒုံကနေထွက်လာပြီး ရေးကို ရောက်တယ်။ ရေးရောက်တော့ အယောက် ၅၀ကျော်လောက် ဖြစ်လာတယ်။ ဘယ်ကလဲ၊ ဘယ်ရွာကလဲ၊ အချင်းချင်း မိတ်ဆက်ကြ။ ကြိုးစားမယ်ကွာ။ ရတဲ့ပိုက်ဆံစုမယ်ကွာ။ အားတွေမာန်တွေ တင်းကြ။ ပွဲစားကလည်း ပြောရှာပါတယ်။ ဟော့… မင်းတို့ ဘာမှမပူနဲ့။ လစာ ကောင်းကောင်းရမှာ။ သုံးလေးလလောက်လုပ်ပြီး ပြန်ကြပေါ့။

နောက်နေ့နံနက် ဖနာရီလောက်မှာ ထမင်းထုပ်တစ်ထုပ်စီနဲ့ ပွဲချိတ်ပေါ်တက်၊ ရေလမ်းကနေ ကော့သောင်းအရောက် ခရီးဆက်ရတယ်။ လှေပျက်နေတာနဲ့ ညကြီးမိုးချုပ်မှ ကော့သောင်းရောက်တယ်။ ဒါပေမဲ့ မနားရပါဘူး။ ကော့သောင်းကနေ ရနောင်းကို ဆက်ထွက်ပါတယ်။ ရနောင်းရောက်တော့လည်း ရပ်ထားတဲ့ကားတွေပေါ် တန်းတက်၊ တာလပတ်ကာထားတဲ့ ကားထဲမှာ ဘယ်ကိုမောင်းလို့မောင်းမှန်းမသိဘဲ လိုက်သွားရတယ်။ ရောက်ပြီ၊ ဆင်းလို့ရပြီဆိုမှ ဂိုဒေါင်ကြီးတစ်လုံးဆိုတာ တွေ့ရတယ်။ အလုပ်ကောင်းကောင်းရဖို့ ဒီလောက်လေး အပင်ပန်းခံတော ဘာအရေးလဲ။

ဂိုဒေါင်ထဲ သူတို့အုပ်စုဝင်သွားတော့၊ အထဲမှာ လူ အယောက်တစ်ရာလောက် ရှိတာတွေ့ရတယ်။ များလှချည်လား။ ပျော်စရာကြီးပဲ။ ထုံးစံအတိုင်း မိတ်ဆက်ကြ။ အားတင်းကြ။ တစ်နေ့ တစ်ခါသာကျွေးတဲ့ ထမင်းကို စားကြ။ ပွဲစားကတော့ ထောက်ခံစာတွေ၊ မှတ်ပုံတင်တွေကို နောက်နေ့မှာ လာယူတယ်။ အလုပ် တကယ်ရမှာ၊ ခဏ စောင့်ကြဦးတဲ့။

စောင့်ဆိုတော့လည်း စောင့်ပေါ့။ ဒီမှာလည်း အေးအေးဆေးဆေး နေနေရတာပဲ။ စောင့်ရမှာပေါ့။ အဲဒီလိုနဲ့ တစ်လခွဲလောက်အကြာ တစ်ညမှာ ကားတစ်စီးဆိုက်သံ ကြားရတယ်။ ခဏနေတော့ သူ့နာမည်ရယ်၊ နောက်တစ်ယောက်နာမည်ရယ် ခေါ်သံကြားတယ်။ အလုပ်ရပြီတဲ့။ မင်းတို့နှစ်ယောက် ငါတို့နဲ့လိုက်ခဲ့ရမယ်တဲ့။ မိုးလင်းတော့ ဆိပ်ကမ်းတစ်ခုရောက်နေတာ မြင်ရတယ်။

သေချာပြီ။ ငါးဖမ်းလှေ လိုက်ရတော့မှာ။ မတတ်နိုင်ဘူးလေ။ လှေဆိုလည်း လှေပေါ့။ ငါးဖမ်းဆိုတော့လည်း ဖမ်းပေါ့။ အလုပ်ရဖို့ပဲ အရေးကြီးတာ။

*ဂိုဒေါင်ထဲ သူတို့အုပ်စုဝင်သွားတော့၊ အထဲမှာ လူ အယောက်*
*တစ်ရာလောက် ရှိတာတွေ့ရတယ်။ များလှချည်လား။ ပျော်စရာကြီးပဲ*

www.burmeseclassic.com

www.burmeseclassic.com

သူရောက်ပြီး နောက် နှစ်ရက်မှာ နောက်ထပ်လူတွေ ထပ်ရောက်လာတယ်။ အားလုံးက ထိုင်းနဲ့မွန်တွေ။ ထိုင်းလိုပဲပြောကြတော့၊ သူလည်း ဘာမှနားမလည်ဘူး။ ဒါပေမဲ့ ဒါက သိပ်အရေးမကြီးတဲ့ကိစ္စတော့ မဟုတ်ဘူး။ သူလာတာက အလုပ်လုပ်ဖို့ လာတာ။ အလုပ်လုပ်ရရင် ပြီးပြီ။

ငါးဖမ်းလှေမှာ အားလုံးပေါင်း အယောက် ၃၀ ကျော်လောက်ရှိတယ်။ လှေထွက်တော့မယ်ဆိုတော့ မိန်းမတွေ၊ ကလေးတွေက နှုတ်ဆက်ကြ။ ပစ္စည်းတွေ၊ ဘာတွေ လှေပေါ်တင်ကြ။ သူကျတော့ နှုတ်ဆက်မယ့်သူလည်း မရှိ။ နှုတ်ဆက်စရာ စကားလည်းမရှိ။ ဒီလိုပဲ တခြားသူတွေကို ထိုင်ကြည့်ပေါ့။ သယ်စရာရှိတာ ကူသယ်ပေးပေါ့။

လှေထွက်ပြီး သုံးရက်မြောက်မှာ စင်ကာပူဆိပ်ကမ်းဆိုတာကို ရောက်တယ်။ ကမ်းကပ်ရတာတော့ မဟုတ်ဘူး။ ရေထဲမှာပဲ ကျောက်ချပြီး ရပ်နေရတာ။ နောက် လှေပေါ်တက်ပြီး လာစစ်တယ်။ ပတ်စ်ပို့တွေ၊ ဘာတွေ စစ်တော့ သူ့နာမည် မြင့်နိုင်က ဘယ်ရောက်သွားမှန်းမသိ။ လှေပေါ်မှာလည်း မြန်မာဆိုတာ မရှိ။ အားလုံးက ထိုင်းအမည်နဲ့ ထိုင်းပတ်စ်ပို့နဲ့ ဖြစ်နေကြပြီ။ မြင့်နိုင်ကနေ ဝမ်ချိုင်ဖြစ်နေပြီ။

လှေမထွက်မီ ရိုက်သွားတဲ့ ဓာတ်ပုံကလည်း ပတ်စ်ပို့ထဲမှာ။

ဘယ်လိုပါလိမ့်။ ဓာတ်ပုံလေးရိုက်ရုံနဲ့ ပတ်စ်ပို့ ရတာလား။ မဟုတ်သေးပါဘူး။

အစစ်အဆေးတွေပြီးတော့ နောက်ထပ် ၁၅ရက်လောက်မောင်းပြီး အင်ဒိုနီးရှားက ဆိပ်ကမ်းတစ်ခုကို ရောက်လာတယ်။ အဲဒီမှာလည်း စင်ကာပူလိုပဲ စစ်ဆေးတယ်။ စင်ကာပူလိုမှာပဲ ပတ်စ်ပို့အတုတွေ ပြတယ်။ ပြီးတော့ ဆိပ်ကမ်းကပ်၊ လေးရက်မြောက်ညမှာ ပင်လယ်ကို ထွက်တယ်။ အဲဒီအချိန်ကစလို့ ဒုက္ခဆိုတာ သူနဲ့တစ်အိပ်ရာတည်း အတူအိပ်မယ့် အဖော်တစ်ယောက်လို ဝယ်စရာမလိုဘဲ ရလာခဲ့တယ်။ ပိုက်ဆရာက ရိုက်ရင်ရိုက်၊ မရိုက်ရင် ပွဲနှင်းက ရိုက်ပါတယ်။ စက်ဆရာကလည်း တီးပါတယ်။

ပင်လယ်ထဲ ငါးဖမ်းဖို့ စထွက်လိုက်ကတည်းက သူ့မှာ နားရတဲ့အချိန်ဆိုတာ သိပ်မရှိဘူး။ ပိုက်ဆွဲ၊ ငါးဆွဲ၊ ငါးရွေး၊ ပိုက်ပြန်တွန်းချ၊ သန့်ရှင်းရေးလုပ်တာနဲ့ ထမင်းစားချိန်တောင် ပုံမှန်မရှိ။ ဟိုလူကရိုက်၊ ဒီလူက ထိုးနဲ့ အချိန်နှစ်လ ကုန်သွားတယ်။ နောက် ကမ်းပြန်ဝင်လာတယ်။ လှေပေါ်က ငါးတွေကို ကဲ့လှေထဲချ။ ကဲ့လှေက သင်္ဘောပေါ်ကိုတင်၊ သင်္ဘောနဲ့ ထိုင်းပြန်ပို့တယ်။

ကမ်းပြန်ဝင်လည်း တစ်ပတ်လောက်တော့ ကြာတာပါပဲ။ ဒါပေမဲ့ အလုပ်က မနားရဘူး။ ပိုက်လျှော်၊ ပိုက်သိမ်း၊ သန့်ရှင်းရေးတွေလုပ်။ အောက်ခြေသိမ်း အလုပ်မှန်သမျှအားလုံး လုပ်ရတယ်။ သူနဲ့အတူလာတဲ့ တစ်ယောက်ကိုလည်း ပထမဆုံးအခေါက် ကမ်းပြန်ဝင်ဝင်ချင်းမှာပဲ နောက်လှေတစ်စီးပေါ် ပြောင်းတင်ပေးလိုက်ပြီ။ လာတုန်းကနှစ်ယောက်၊ အခုတော့ တစ်ယောက်တည်းပဲ ရှိတော့တယ်။ တခြားလှေသားတွေ ကမ်းပေါ်တက်ခွင့်ရပေမယ့် သူကမရ။ လစာဆိုတာကလည်း ဘယ်နေမှန်းမသိ။ မေးရမယ့်သူလည်း မရှိ။ အဆိုးဆုံးက လုပ်စရာအလုပ်မရှိတော့ရင် သံကြိုးချည်ပြီး သော့ခတ်ထားတာပဲ။

စစချင်းတော့ သူလည်း ခုခံပါသေးတယ်။ ဒါပေမဲ့ သူခုခံသမျှက ဘယ်လိုမှအရာမဝင်၊ ကြာလာတော့ သူ့ကိုယ်သူတောင် သေလူလို့ ထင်လာမိတယ်။ အဲဒီလိုနဲ့ တစ်နှစ်ကျော်လောက် ကြာသွားတယ်။ ငါ့ဘဝက ဘယ်လိုလဲ။ ဘာလို့ သူများ အနှိပ်စက်ခံဖြစ်နေရတာလဲ။ ပွဲစားက သုံးလလုပ်ပြီး ပြန်လို့ရတယ်ပြောတာ အခုတစ်နှစ်ကျော်ပြီ။ အဆက်အသွယ်လည်းမရနဲ့ သေချာမေးမှုဖြစ်တော့မယ်။

ပြောသာပြောရတယ်။ လှေပေါ်မှာ ဗမာစကားပြောတာဆိုလို့ ဘယ်သူမှမရှိဘူး။ အလုပ်အတူလုပ်ပေမယ့် သူနဲ့ ရင်းရင်းနှီးနှီးနေတာဆိုလို့ ဘယ်သူမှမရှိဘူး။ သူ့ကို နှိပ်စက်ရင်တောင် မသိချင်ယောင်ဆောင်ပြီး နေကြတဲ့သူတွေ။ ဒါပေမဲ့ အခုလိုမှ မမေးရင်လည်း မဖြစ်။ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ဖြစ်မှန်း မသိတာနဲ့စာရင် တော်သေးတာပေါ့။

"အစ်ကို၊ ပွဲနှင်းကို မေးပေးပါဗျာ။ ကျွန်တော့်တစ်ယောက်တည်း ဘာလို့ ဒီလိုဖြစ်နေရတာလဲ။ သိပ်ဒုက္ခရောက်လွန်းလို့ ကူညီပါအစ်ကိုရယ်"

အတူလုပ်ရတဲ့တစ်ယောက်ကို အောက်ကျို့ပြီး ပြောကြည့်တယ်။ ပွဲနှင်း ဒီလှေသားတစ်ယောက်က ဘယ်

*လစာဆိုတာကလည်း ဘယ်နေမှန်း မသိ။ မေးရမယ့်သူလည်း မရှိ။*
*အဆိုးဆုံးက လုပ်စရာ အလုပ်မရှိတော့ရင် သံကြိုးချည်ပြီး သော့ခတ်ထားတာပဲ*

www.burmeseclassic.com

www.burmeseclassic.com

လိုဖြစ်ရတာလဲလို့ ညဘက်တီဗီကြည့်နေတဲ့ ပွဲနှင်းကို မေးပေးတယ်။ ပွဲနှင်းကလည်း အေး··· သိချင်ရင် ပြောမယ်တဲ့။ မင်းတို့အတူလာတဲ့ နှစ်ယောက်ကို သူဌေးဆီမှာ အပြီးရောင်းထားတာ။ လှေပေါ်မှာပဲ နေရမှာ။ ဝယ်ထားတဲ့ငွေပြန်ပေးနိုင်မှ ပြန်လို့ရမှာ။ ထွက်ပြေးဖို့တော့ မကြိုးစားနဲ့။ မင်း ငါ့အကြောင်း သိတယ်မဟုတ်လားတဲ့။

ပွဲနှင်းစကားက သူ့အတွက်တော့ သေဒဏ်အမိန့်ချခံလိုက်ရသလိုပါပဲ။

ယုတ်မာတဲ့ပွဲစား၊ ဘယ်လောက်များ ရောင်းစားထားလဲမသိဘူး။ တွေ့ရင်တော့ အသေပဲမှတ်။ စိတ်ထဲကနေ မချိတင်ကဲနဲ့ သူ ကြုံးဝါးတယ်။ နောက် သူ့ကိုယ်သူလည်း သေမထူး၊ နေမထူးလို့ သတ်မှတ်လိုက်တယ်။ မင်းတို့ကြမ်းရင် ငါလည်းကြမ်းမယ်။ မင်းတို့လုပ်နိုင်တာ အကုန်လုံး ငါလုပ်နိုင်တယ်ကွ။

အဲဒီနောက်ပိုင်း ကြမ်းကြမ်းလာတဲ့သူ့ကို ကမ်းပြန်ဝင်လာရင် သံကြိုးမခတ်ပေမယ့် လစာမပေးတာကတော့ အရင်လိုပါပဲ။ ကော်ဖီ၊ မုန့် ဝယ်ရသလောက်ငွေပဲပေးတယ်။ ဒီလိုနဲ့ ၄နှစ် စလဆိုတဲ့အချိန်တွေက ကုန်မှန်းမသိ ကုန်သွားတယ်။ ဒီတစ်ခေါက် ပြန်ဝင်ရင် ဒီလှေက ခဏနားတော့မယ်။ တခြားလှေတစ်စီးပေါ် သူ့ကို ပြောင်းတင်ပေးတော့မယ်။ ဒါမှမဟုတ် သတ်ချင်လည်း သတ်လိုက်နိုင်တယ်။ လောလောဆယ်တောင် ခြေတွေ၊ လက်တွေက သံကြိုးခတ် ခံထားရတာ။ ဒီအတိုင်း ဆိပ်ကမ်းပြန်ပါသွားရင် ရှေ့ဘာဖြစ်မယ်ဆိုတာ ပြောလို့မရဘူး။ ဒီအတိုင်း သေမယ့်အတူတူ ထွက်ပြေးရင်း သေတာကကောင်းဦးမယ်။ မသေရင်လည်း အမြတ်ပေါ့။

လက်ရှိမှာ လှေက ပင်လယ်ထဲမှာ အလိုက်သင့်မျောနေတယ်။ မုန်တိုင်းရှိနေတာနဲ့ ပိုက်မချဲ့ဘူး။ စက်မမောင်းဘဲ ရေထဲမှာ ဒီလိုပဲ အလိုက်သင့်မျှောထားတာပါ။ သူ့ကိုလည်း လှေဦးပိုင်းကတိုင်မှာ သံကြိုးနဲ့တွဲထားတယ်။ လက်နှစ်ဖက်ကို တစ်တွဲ၊ ခြေထောက်နှစ်ဖက်ကို တိုင်မှာချည်ထားတဲ့ သံကြိုးနဲ့ တွဲချည်ထားတာပါ။ မိုးထဲ၊ ရေထဲမှာ ဒီအတိုင်း ငုတ်တုတ် ထိုင်ခိုင်းထားတာပါ။

ဒီအချိန်ပြေးရင်တော့ အချိန်ကောင်းပဲ။ သူတို့အားလုံးလည်း အထဲမှာ။ လက်ကသံကြိုး ဖြုတ်လို့ရရင်ပြီးပြီ။ ဘေးဘီကို လိုက်ကြည့်ပါသည်။ သံချွန်အတိုတစ်ချောင်း မလှမ်းမကမ်းမှာ တွေ့တယ်။ ဒီအတိုင်း လှမ်းယူလို့လည်း မမီ။ ဘယ်လိုလုပ်မလဲ။ ကိုယ်ကို ဘေးတစောင်းလှဲချ၊ လက်ကို အနာခံပြီး အဝတ်စုတ်နဲ့ပက်၊ ပါးစပ်နဲ့ကိုက်ပြီး တစ်ချက်ချင်းရိုက်တယ်။ ဖြည်းဖြည်းဖြည်းဖြည်းနဲ့ နှစ်နာရီလောက်ကြာမှ ထောက်ခနဲမြည်ပြီး သော့ပြုတ်သွားတယ်။ ရပြီ။ ဟုတ်ပြီ။ ခဏနားပြီး ခြေထောက်မှာ ခတ်ထားတဲ့သော့ကို ထပ်ဖြုတ်တယ်။ ဒီတစ်ခါက လွယ်သွားပြီ။ သံချွန်ဖင်ကို အဝတ်ထူထူခံပြီး လက်ဖနောင့်နဲ့ရိုက်ချ၊ ခဏလေးနဲ့ ရသွားတယ်။ လွတ်ပြီ။ ဒီဘဝက ငါလွတ်ပြီ။ သူ့စိတ်ထဲမှာ အရမ်းပျော်နေတယ်။ ငါးဖမ်းပိုက်မှာသုံးတဲ့ ကော်ဘောလုံးတွေကို ယူ၊ ပိုက်ကြိုးကို ဖျက်ပြီး သီလိုက်တယ်။ ကဲ ရောက်ချင်ရာရောက်ကွာ။ ဘုရားကို အာရုံပြုပြီး မှောင်မှောင်မည်းမည်း၊ မိုးလေကြီးကြီး ပင်လယ်ပြင်ထဲကို ခုန်ချလိုက်တယ်။

နံနက်ရောက်တော့ မိုးက နည်းနည်းစဲသွားပေမယ့် လေကတော့ ကြမ်းတုန်း။ လှိုင်းက ကြီးတုန်း။ အနောက်လေကြောင့် အရှေ့ဘက်ကို မျောသွားတာ တစ်ပတ်လောက်ကြာတယ်။ လူက တဖြည်းဖြည်းနဲ့ မြော့မြော့လေးပဲ ရှိတော့တယ်။ နောက်ဆုံး ကျွန်းလို့ထင်ရတဲ့ နေရာတစ်ခုကို သူမြင်ရတယ်။ အားကမရှိတော့ မြင်ကွင်းတွေက ဝါးနေပြီ။ သူမြင်လိုက်တာ ကျွန်းဟုတ်မဟုတ် သေချာမသိပေမယ့် ကယ်တဲ့သူတွေက တကယ်ရောက်လာတယ်။ လူ သုံးလေးယောက် တောင်ပံပါတဲ့လှေလေးနဲ့။

အမှန်က လာတဲ့သူတွေကလည်း သူ့ကို ကယ်ဖို့လာတာတော့ မဟုတ်ဘူး။ ခါတိုင်းလိုပဲ ပစ္စည်းတစ်ခုခု မျောလာတယ်အထင်နဲ့ ဆယ်ဖို့လာကြတာ။ အနားရောက်မှ လူဖြစ်နေမှန်းသိကြတာ။ ဘယ်လိုပဲဖြစ်ဖြစ်၊ သူ အသက်ဆက်နိုင်ဖို့ သေချာသွားပြီ။

ကယ်တဲ့သူတွေနောက် ယဲယဲ့လေးပါသွားပြီ သုံးရက်လောက်အထိ သူ ကောင်းကောင်းမလှုပ်နိုင်သေးဘူး။ ဖျော့ဖျော့လေးတော့ ထိုင်နေနိုင်ပြီ။ လူက ပိန်ချုံးပြီး နေလောင်ထားတဲ့ဒဏ်ကြောင့် အသားအရေကလည်း မဲသဲနေတယ်။ ဆံပင်အရှည်၊ မုတ်ဆိတ်မွေးအရှည်နဲ့။ မင်းဘာလူမျိုးလဲ။ အင်ဒိုသားတွေက အင်ဒိုလိုမေးပြီ။ အဲဒီ

*အဲဒီနောက်ပိုင်း ကြမ်းကြမ်းလာတဲ့သူ့ကို ကမ်းပြန်ဝင်လာရင် သံကြိုးမခတ်ပေမယ့် လစာမပေးတာကတော့ အရင်လိုပါပဲ*





www.burmeseclassic.com

www.burmeseclassic.com

အချိန်အထိ သူ ဘာမှပြောနိုင်စွမ်း မရှိသေးဘူး။ အစား မစားနိုင်သေးတော့ အားကမရှိ။ ပါးစပ်က ဟလို့မရ။ ငါးရက်လောက်ကြာမှ စကားပြောနိုင်တယ်။ သူ သိသလောက် အင်ဒိုစကားနဲ့ နားလည်အောင် ပြောပြရတယ်။ ငါက မြန်မာနိုင်ငံက၊ အဖြစ်ကတော့ ဒီလို… ဒီလိုပဲ။

သူ့ကို ကယ်လိုက်တဲ့သူတွေက ဒီကျွန်းပေါ်မှာ တောဝက်လာလိုက်တဲ့ အင်ဒိုခရစ်ယာန်ရွာသားတွေ။ သူတို့ရွာက လက်ရှိရောက်နေတဲ့ ကျွန်းကနေ လေးနာရီလောက်မောင်းမှ ရောက်တယ်။ ရွာရောက်တော့ သူကြီးကို အကြောင်းကြား၊ အဖြစ်အပျက်အစုံကို ပြန်ပြောပြရတယ်။ သူကြီးကလည်း ဘာမှအားမငယ်နဲ့။ ဒီရွာမှာပဲနေတဲ့။ ရွာကတော့ အိမ်ခြေ ၁၀၀၀လောက်ရှိတဲ့ ရွာကြီးပါပဲ။ ကွန်ကရစ်လမ်းတွေ၊ ဘာတွေနဲ့ တော်တော်လေးကြီးပါတယ်။ အများစုက တောင်ယာအလုပ် လုပ်ကြတာပါ။ ပိန်းဥ၊ ကန်စွန်းဥ၊ ပီလောပီနံ၊ ကျောက်ဖရုံ၊ ကြက်ဟင်းခါးစသဖြင့်ပေါ့လေ၊ အကုန်စိုက်ကြတယ်။ သူလည်း သူ့ကို ကယ်လာတဲ့ မိသားစုနဲ့ ဝိုင်းလုပ်ဝိုင်းစားလုပ်ရင်း နေလိုက်တာ နှစ်နှစ်ကျော်၊ သုံးနှစ်ထဲရောက်လာတယ်။ ဒါပေမဲ့ ကိုယ့်နိုင်ငံ ပြန်ချင်တဲ့စိတ်ကိုတော့ သူ ဘယ်လိုမှဖျောက်လို့ မရဘူး။

"ဘာလို့ပြန်မှာလဲ။ ဒီလောက်ဝေးတာ။ ဒီမှာပဲ နေပါ။ မိန်းမလိုချင်လည်း ပေးစားမယ်"

ရွာကလူတွေ ပြောမယ်ဆိုလည်း ပြောစရာပါ။ ပြန်မယ်ဆိုရင် လမ်းစရိတ်က အင်ဒိုငွေ သိန်းတစ်ရာလောက်ရှိမှ ရမယ်။ ရွာကနေ ဂျာကာတာသွားဖို့တောင် ခြောက်သိန်းလောက်ကုန်မှာ။ ဒီလောက်ငွေကို သူ ဘယ်လိုရှာမလဲ။ ဘာပဲဖြစ်ဖြစ် သူပြန်ချင်တယ်။ ကိုယ့်နိုင်ငံပဲ ပြန်ချင်တယ်။

တစ်ရက် သူကြီးအိမ်ကို သူသွားတယ်။ သူကြီး ဒီကအလုပ်နဲ့ဆို ဘာမှလုပ်လို့မရဘူး၊ မြို့တက်ပြီး လုပ်ချင်တယ်။ သူကြီး ကူညီပေးပါလို့ သူ ပြောလိုက်တယ်။ ရတယ်လေ။ ဒိုဘိုမြို့မှာ ငါ့ညီမရှိတယ်။ ဒီတစ်ခေါက်သွားရင် အေးကို လိုက်ခဲ့တဲ့။

အေးကို။ အေးကိုဆိုတာက ရွာရောက်မှ ရလာတဲ့နာမည်။ အခုဆိုရင် အင်ဒိုတစ်ယောက်လိုလည်း သူ ပြောတတ်နေပြီ။ အင်ဒိုတစ်ယောက်လိုလည်း နေတတ်နေပြီ။

ဒိုဘိုမြို့ကို သူကြီးသွားတော့ သူလိုက်သွားတယ်။ ဒိုဘိုဆိုတာကလည်း တကယ်တော့ ကျွန်းကြီးတစ်ကျွန်းပါ။ အင်ဒိုနီးရှားကိုယ်တိုင်က အဲသလိုကျွန်းတွေထောင်ချီပြီး ဖွဲ့တည်ထားတဲ့နိုင်ငံ။ ကျွန်းသေး၊ ကျွန်းကြီးတွေ အများကြီးရှိတယ်။ အခု ဒိုဘိုကျွန်းဆိုတာက နိုင်ငံရဲ့အရှေ့ဘက်ကို တော်တော်ရောက်နေပြီ။ ပါပူးဝါးနယူးဂီနီနဲ့တောင် နီးနေပြီ။ သူရောက်နေတဲ့ အနီးဝန်းကျင်မှာ ဒိုဘိုမြို့က အကြီးဆုံးပဲ။ လေယာဉ်ကွင်းတောင် ရှိတယ်။

သူကြီးညီမအိမ်က ဒိုဘိုမြို့စွန်မှာ။ အဲဒီမှာလည်း ရွာမှာလို တောင်ယာပဲ လုပ်ရတာပါ။ တစ်ခုသာတာက ထွက်တဲ့သီးနှံရောင်းရင် တစ်ယောက်တစ်ဝက်။ ဒါပေမဲ့ ပြန်လို့ရလောက်တဲ့ စရိတ်အထိတော့ စုလို့မရဘူး။ ရလာလိုက်၊ ကုန်သွားလိုက်နဲ့ တစ်နှစ်ကျော်လောက်တောင် ရှိလာခဲ့ပြီ။ အဲသလိုနေရင်း တစ်ရက်မှာ လူတစ်ယောက် ရောက်လာတယ်။ ဟေ့…အေးကို၊ မင်း ခြံအလုပ်က အဆင်မပြေဘူးလား။ အလုပ်တစ်ခုရှိတယ်။ တစ်ရက် တစ်သောင်းခွဲရမယ်။ နေစရာလည်း ပေးမယ်။ မင်း လုပ်မလားတဲ့။ တစ်ရက် တစ်သောင်းခွဲဆိုတော့ မဆိုးဘူး။ လုပ်မှာပဲလို့ သူ ဆုံးဖြတ်တယ်။ ဆုံးဖြတ်ပြီး သူ့မွေးစားအစ်မ၊ သူကြီးညီမဆီမှာ ခွင့်တောင်းတယ်။

"အစ်မ၊ တစ်ရက် တစ်သောင်းခွဲရတဲ့အလုပ် ကျွန်တော် ရပြီ"

"အေး…အေး ကောင်းတယ်။ ဘယ်တော့ သွားမှာလဲ"

"ဒီညနေပဲ သွားမယ်အစ်မ။ ငွေစုလို့ရရင် ကျွန်တော်ပြန်မှာ"

ရှိတဲ့ အဝတ်အစားလေးထည့်ကာ အလုပ်အသစ်ကို သူ လိုက်သွားတယ်။ ဒါပေမဲ့ ကားပေါ်ကဆင်း၊ ဆိပ်ကမ်းရောက်တယ်ဆိုရင်ပဲ အလိမ်ခံရပြီဆိုတာ သူ သိလိုက်ပြီ။ ရှေ့နောက်၊ ဘယ်ညာ ရဲငါးယောက်လောက်က ဝိုင်းထားတယ်။ ပြေးပေါက်မရှိဘူး။ လောလောဆယ် သူလုပ်နိုင်တာဆိုလို့ တစ်ခုပဲရှိတယ်။ ခေါ်လာတဲ့လူကို ဘာသာစုံနဲ့ဆဲပြီး ထိုးပစ်တာပဲ။ သို့ပေမယ့် စောင့်နေတဲ့

*ရွာကလူတွေ ပြောမယ်ဆိုလည်း ပြောစရာပါ။ ပြန်မယ်ဆိုရင် လမ်းစရိတ်က အင်ဒိုငွေ သိန်းတစ်ရာလောက်ရှိမှ ရမယ်။ ရွာကနေ ဂျာကာတာသွားဖို့တောင် ခြောက်သိန်းလောက်ကုန်မှာ*

www.burmeseclassic.com

www.burmeseclassic.com

ရဲတွေက ဘယ်အလွတ်ပေးပါ့မလဲ။ ထိုးကြိတ်၊ ဝိုင်းချုပ်ပြီး ရိုးထဲခေါ်သွားတယ်။ လှေပေါ်ရောက်ရင် မင်းအသေပဲ။ ဘယ်မှပြေးလို့မရဘူး မှတ်တဲ့။

အခုတော့ သူ သဘောပေါက်သွားပြီ။ သူ့ကို ပွဲစားနဲ့လိုက်ရှာပြီး ငါးဖမ်းလှေပေါ် ပြန်လုပ်ခိုင်းမှာ။ သူ့ငွေးကတော့ ဒီသူဌေးပဲ။ လှေပဲ မတူတာ။

ဒီလှေကလည်း အရင်လှေလိုပဲ မထူးပါဘူး။ ရိုက်တာနှက်တာတွေ လုပ်တာပါပဲ။ သူလည်း တတ်နိုင်သလောက်တော့ ပြန်ချတာပါပဲ။ ဒါပေမဲ့ အင်အားကမမျှဘူးလေ။ နောက်ဆုံး သူပဲ ခံရတာပေါ့။ ခေါင်းမှာ၊ ကျောမှာ၊ ပခုံးသားမှာ သေရာပါပဲ။ ကမ်းတစ်ခါဝင်လိုက်၊ ပင်လယ်ထဲ ပိုက်သွားဆွဲလိုက်၊ ပြန်လာလိုက်နဲ့ လှေပေါ်မှာ လေးနှစ်ကျော်လောက် ကြာသွားပြန်တယ်။

ကမ်းပေါ်ကိုလည်း ပေးမတက်။ ကော်ဖီ၊ သကြား ဝယ်လို့ရအောင်လောက်ပဲ ပေးတဲ့ငွေနဲ့ သူ ဘယ်လိုလုပ်မလဲ။ တစ်ယောက်မဟုတ်တစ်ယောက်ကလည်း အမြဲတမ်း စောင့်ကြည့်နေသေးတယ်။ မထူးဘူး။ အခွင့်အရေးရတာနဲ့ ဒီတစ်ခါ မလွတ်လွတ်အောင် ပြေးမယ်ကွာ။ သူ့ကိုယ်သူ မာန်တက်ပြီးနေတယ်။ အခုတော့ အခွင့်အရေးက သူ့ဆီရောက်လာပြီ။

ဒီည ပိုက်ဆွဲတာတွေ၊ ဘာတွေမရှိတာနဲ့ လှေပေါ်မှာ လှုပ်လှုပ်ရှားရှား ရှိမနေဘူး။ ခါတိုင်း အလုပ်ရှိရင် အရက်သောက်တဲ့သူကသောက်၊ ဖဲရိုက်တဲ့သူကရိုက်နဲ့ ဒီအချိန်အထိ လူကမပြတ်။ လောလောဆယ် ဘယ်သူမှမရှိတုန်း ပြေးမှ။ ဘောင်းဘီ၊ အင်္ကျီနှစ်ထည်လောက်စီကို ရေလုံတဲ့ အိတ်တစ်လုံးထဲထည့်ပြီး သေချာချည်၊ ကျွန်းတစ်ကျွန်းအနားက ဖြတ်တုန်း သူ ခုန်ချလိုက်တယ်။ အုန်းပင်ရှိတဲ့ကျွန်း လူရှိတတ်တယ်ဆိုတာလည်း သူသိနေတယ်။

ကူးလိုက်၊ မောလာရင် အထုပ်လေးဖက်ပြီး နေလိုက်နဲ့ မိုးလင်းတော့ ကမ်းခြေကို ရောက်လာတယ်။ ကျွန်းက ဒီအချိန်အထိတော့ တိတ်ဆိတ်နေတုန်းပဲ။ လူရိပ်လူယောင် မတွေ့ရဘူး။ ခဏလောက် အမောဖြေပြီး စားစရာတစ်ခုခု ရလိုရငြား သူလိုက်ရှာတယ်။ လှေပေါ်က ခုန်ချတဲ့ နံနက် ၁နာရီလောက်ကတည်းက နားလိုက်ကူးလိုက် လုပ်လာတာ အခုတော့ တော်တော်လေးကို သူ ဆာနေပြီ။ နောက်တော့ တဲငယ်လေးတစ်လုံး တွေ့တယ်။ အနားမှာ အုန်းခြောက် အပိုင်းအစလေးကွေလည်း တွေ့တယ်။ တွေ့တဲ့အုန်းခြောက် ကုန်းကောက်၊ လက်နဲ့ပွတ်ပြီး ဖြည်းဖြည်းချင်းဝါး၊ ဗိုက်မပြည့်ပေမယ့် နည်းနည်းတော်သေးတယ်လို့ သူ ခံစားရတယ်။ ဒါပေမဲ့ ခဏပါပဲ။ ဗိုက်ဆာတာက ဆာတာပါပဲ။

ဗိုက်ဆာဆာနဲ့ ကမ်းခြေဘက်မှာ ထိုင်နေလိုက်တာ နေ့လယ် ၁၁နာရီလောက်ကျတော့ ဒုတ်ဒုတ်ဒုတ်ဒုတ်နဲ့ စက်သံကြားရတယ်။ ခဏနေတော့ ပဲ့ထောင်တစ်ဦးနဲ့ မိသားစုတစ်စု ပေါ်လာတယ်။ ဟော့…ဟော့ ငါ့ကို ကူညီပါဦး။ သူ လှမ်းအော်တယ်။

ဒီမိသားစုက ဒီကျွန်းပေါ်မှာ တောင်ယာလာလုပ်တာပါ။ သူတို့တောင်ယာက ကျွန်းအနောက်ဘက်မှာ ရှိတယ်။ တော်တော်လေးပတ်လျှောက်ပြီး တောင်ယာထဲရောက်မှ ကန်စွန်းဥပြုတ် ခပ်ကြီးကြီးနှစ်လုံးရယ်၊ ကြက်သွန်၊ ငရုတ်သီးစိမ်း၊ သံပရာညှစ်ရယ်၊ ချပေးတာ အကုန်လုံး စားပစ်လိုက်တယ်။ ပြီးမှ ကော်ဖီသောက်ရင်း သူ့အကြောင်းကို သေချာပြောရတယ်။

"ကျွန်တော့်မှာ သိပ်ဒုက္ခရောက်တယ်ဗျာ။ ပွဲနင်းတွေက တော်တော်ရက်စက်တယ်ဗျာ။ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ်။ ဒီတစ်ခါတော့ လွတ်အောင်ပြေးတော့မယ်ဗျာ"

"မင်းက ဘယ်ကလာတုံး၊ ဘာလူမျိုးလဲ"

"ဗုဒ္ဓဘာသာ၊ မြန်မာနိုင်ငံသား"

"အေး…မင်းတို့ ဗုဒ္ဓဘာသာ၊ မြန်မာတွေက ကောင်းတယ်။ ထိုင်းတွေက မကောင်းဘူး။ ဒီကောင်တွေ ယုတ်မာတယ်"

ညနေစောင်းမှာ အဲဒီမိသားစု ရွာကိုပြန်တော့ သူလည်းလိုက်သွားတယ်။ ဒီရွာက ပထမတစ်ခါ ရောက်ခဲ့တဲ့ရွာလောက် မကြီးဘူး။ ခရစ်ယာန်ရွာတော့ ခရစ်ယာန်ရွာပဲ။ အရင်ရွာထက် အလုပ်လုပ်ရတာ ပိုကောင်းတယ်။

ဒီရွာမှာ တော်တော်ကြာကြာလေး သူနေဖြစ်ပါတယ်။ ခြောက်နှစ်လောက်ကြာအောင်ကို နေဖြစ်သွားတယ်။ တောင်ယာအလုပ်၊ ငါးဖမ်းအလုပ် ကြိုးစားပြီး

*ကျွန်းတစ်ကျွန်းအနားက ဖြတ်တုန်း သူ ခုန်ချလိုက်တယ်။*
*အုန်းပင်ရှိတဲ့ကျွန်း လူရှိတတ်တယ်ဆိုတာလည်း သူသိနေတယ်*



www.burmeseclassic.com

www.burmeseclassic.com

သူလုပ်တယ်။ ပြန်မနေပါနဲ့ကွာ။ တို့ရွာမှာပဲ မိန်းမယူပြီး နေလိုက်ပါတော့။ ရွာခံတွေ ဘယ်လိုပြောပြော သူ ငြင်းတယ်။ ကိုယ့်နေရာကို ပြန်ဖို့စိတ်ပဲရှိတယ်။ အဲဒီစိတ်နဲ့ပဲ အလုပ်လုပ်၊ အဲဒီစိတ်နဲ့ပဲ ရသလောက်စု။ သို့ပေမယ့် ထင်သလောက် ငွေကို မစုမိဘူး။ မြို့တက်မယ်ကွာ။ အနီးဆုံးက ဒိုဘိုမြို့ပဲရှိတော့၊ ဒိုဘိုမြို့ကိုပဲ ပြန်သွားရတယ်။

ဒီတစ်ခါကျတော့ ဘယ်သူ့အကူအညီမှ မလို တော့ဘူး။ သူ့ဘာသာသူ ထွက်လာတယ်။ မြို့ရောက် ရောက်ချင်း ဆံပင်ညှပ်ဆိုင်သွား၊ စိတ်သစ်လူသစ်ဖြစ် အောင် လုပ်ပစ်တယ်။

"ဟော့…တစ်ခါညှပ် ဘယ်လောက်လဲ"

"၅၀၀၀"

"ညှပ်ကွာ၊ အတိုသာညှပ်ကွာ။ ပဲ့နင်းနဲ့တူ အောင် ညှပ်ကွာ"

ငါ့ကို ဘယ်ကောင်ဖမ်းမလဲ။ ဖမ်းချင်တဲ့ကောင် လာဖမ်း။ ဓားနဲ့ခုတ်ပစ်မယ်။ ငါ့အိတ်ထဲမှာ ဓားပါတယ် ကွ။ ဘယ်ကောင်မှမကြောက်လို့ ငါတစ်ယောက်တည်း လာတာ။ စမ်းချင်တဲ့ကောင် လာခဲ့။ သေပြီသာမှတ်။

အင်ဒိုသားတစ်ယောက်လို ဖြစ်လာခြင်းက စိုးရိမ်စိတ်၊ သိမ်ငယ်စိတ်အားလုံးကို ဖယ်ရှားပေးလိုက်တာ ပါ။ ပထမတစ်ခေါက်တုန်းကလိုလည်း သူ အဖြစ်မခံနိုင် ပါ။ ကြောက်လည်းမကြောက်တော့ပါ။ လောလောဆယ် တော့ မွေးစားအစ်မဆီကိုပဲ ပြန်သွားရမှာပါ။

"အေးကို…၊ နင် အခု ဘာလုပ်မလဲ"

"အစ်မတို့ တောင်ယာပဲ ပြန်လုပ်မယ်"

တောင်ယာအလုပ်က သူ့အတွက်တော့ မထူး ဆန်းတော့ပါဘူး။ ဘယ်မှာပဲလုပ်လုပ် ဒါပါပဲ။ သို့ပေမယ့် ဒိုဘိုမှာဆိုတော့ ရွာမှာထက်စာရင် အမြင်နည်းနည်း ပို ကျယ်တာပေါ့။ အပေါင်းအသင်းအသစ်တွေလည်း ရလာ ပါတယ်။ အဲဒီအထဲမှာ သစ်ကုမ္ပဏီအတွက် သစ်ခုတ်နေ တဲ့ လှိုင်မင်းဆိုသော မြန်မာတစ်ယောက်လည်း ပါပါ တယ်။ လှိုင်မင်းတို့ တောဝင်ရင် တစ်ခါတလေ သူ တောင် ယာဘက်က ဝင်တတ်တယ်။ တစ်ရက်ကျတော့ လှိုင်မင်း တို့ တောဝင်ခါနီး မြို့ထဲမှာ သူနဲ့တွေ့တယ်။ သူ့တောင်ယာ ထွက်သီးနှံတွေဝယ်ဖို့ လှိုင်မင်းကိုပြောကြည့်တယ်။ နောက် နေ့ တောဝင်မှာ လာပို့ပါတဲ့။ အသီးအနှံ သုံးအိတ်လောက် သူ ရောင်းရတယ်။

လှိုင်မင်းတို့က ပုံမှန်ဆိုရင် တောတစ်ခါဝင်တိုင်း အနည်းဆုံးတစ်လလောက်တော့ ကြာတတ်တယ်။ ဒါပေမဲ့ ဒီတစ်ခါ သုံးလေးရက်လောက်နဲ့ ပြန်ထွက်လာတော့ သူ တောင် အံ့ဩသွားတယ်။ ကိုအေးကို ကျွန်တော်တို့ပြန်မလို့၊ မပြန်ချင်ဘူးလားတဲ့။ ပထမတော့ လှိုင်မင်းက နောက် ပြောင်နေတာလို့ သူထင်တာပေါ့။ လေယာဉ်နဲ့ပြန်မှာ ကယ်ဆယ်ရေးအဖွဲ့တွေ ရောက်နေပြီ။ ကိုအေးကို ပြန်လိုက် မှာဆိုရင် မနက်ဖြန် နံနက် ဖနာရီလောက် မြို့ထဲလာခဲ့။ ရှိုးသွားကြမယ်တဲ့။

ဒိုဘိုကို သူ ပြန်ရောက်နေတာက အခုဆိုရင် လေးနှစ်ကျော်လို့ ငါးနှစ်ထဲတောင် ရောက်နေပါပြီ။ သူ့ အသက်လည်း ၄၀ပြည့်ခဲ့ပါပြီ။ မြန်မာနိုင်ငံကနေ သူ ထွက်လာတုန်းက ၁၇နှစ်သားလောက်အရွယ်။ အခု အသက် ၄၀ ပြည့်ခဲ့ပြီဆိုတော့ အနှစ် ၂၀ကျော် ကာလ တစ်ခုလုံး သူ မျှော်လင့်နေတဲ့ အိမ်အရောက်ပြန်ရေးဆန္ဒက အမှန်တကယ် ဖြစ်လာခဲ့ပြီပေါ့။ ဒါပေမဲ့ မသေချာသေးတဲ့ အခြေအနေမှာ အပြည့်အဝတော့ မပျော်နိုင်သေးဘူး။

နောက်နေ့ လှိုင်မင်းချိန်းတဲ့အချိန် ရောက်အောင် သွားပြီး ကယ်ဆယ်ရေးအဖွဲ့ ရောက်နေတယ်ဆိုတဲ့နေရာကို သွားပါတယ်။ သို့ပေမယ့် ကယ်ဆယ်ရေးအဖွဲ့က ပြန်ချင် တဲ့သူတွေကို လိုက်ရှာနေလို့ မတွေ့ခဲ့ရဘူး။ ဒါနဲ့ သူ့နေ ရာသူပြန်ပြီး တောင်ယာမှာ လုပ်စရာရှိတာတွေလုပ်ရင်း စောင့်ရတာပေါ့။

ခေါ်မယ်ဆိုလည်း ခုချက်ချင်းသာ ခေါ်လိုက် ပါတော့လား။ ဘာလို့များ နောက်ရက်အထိ စောင့်နေရ တာလဲ။ ပြန်ချင်ရင် သူ့ဘာသာသူ လာကြမှာပေါ့။ လိုက်ရှာ ရင်လည်း မြန်မြန်လေးရှာကြပါဗျာ။ ကျွန်တော်ပြန်ဖို့ စောင့် နေတာ ၂၂နှစ်ကျော်တောင် ရှိပြီဗျ။

အလုပ်သာ လုပ်နေရတယ်။ စိတ်က သိပ်မပါ လှဘူး။ လှိုင်မင်းကတော့ ပြောပါတယ်။ အကြောင်းထူး တာနဲ့ သူလာခေါ်မယ်တဲ့။ တကယ်လည်း လှိုင်မင်းရောက် လာပါတယ်။ ရဲနှစ်ယောက်နဲ့အတူ တောင်ယာထဲအထိ ရောက်လာတာပါ။ အခု ဒါဟာ အိပ်မက်မဟုတ်ဘူးဆိုတာ

*ငါ့ကို ဘယ်ကောင်ဖမ်းမလဲ။ ဖမ်းချင်တဲ့ကောင် လာဖမ်း။*
*ဓားနဲ့ခုတ်ပစ်မယ်။ ငါ့အိတ်ထဲမှာ ဓားပါတယ်ကွ*

www.burmeseclassic.com

www.burmeseclassic.com

သေချာသွားပြီ။ သိမ်းစရာရှိတာသိမ်းပြီး မွေးစားအစ်မကို နှုတ်ဆက်တုန်း ရွာခံအသိတွေက ငိုကြပါတယ်။ ဒီလိုဆို တော့လည်း သူ တကယ်စိတ်မကောင်း ဖြစ်ရပြန်တယ်။

လူစုတဲ့နေရာ ရောက်တော့ နည်းတဲ့လူတွေ မဟုတ်။ အားလုံး တစ်ရာကျော်တယ်။ တိတိကျကျ ပြောရရင် ၁၂၅ယောက်တောင် ရှိတယ်။ ဓာတ်ပုံရိုက်၊ မှတ်တမ်းလုပ်၊ ညနေ ၄နာရီခွဲမှ လာခေါ်တဲ့ စစ်သဘော် ပေါ်ကိုတက်၊ နှစ်ညအိပ်စီးပြီးမှ တူးဝါးကျွန်းကို ရောက်ကြ တယ်။ အဲဒီရောက်တော့မှ လူက ပိုများနေသေး။ အ ယောက် ၅၀၀လောက်တောင် ရှိမလားပဲ။

နောက်နှစ်ရက်နေတော့ သူ့အစုနဲ့သူခွဲပြီး မှတ် တမ်းထပ်လုပ်ပါတယ်။ အမည်၊ နေရပ်၊ ဒီကိုရောက်တာ ဘယ်လောက်ကြာပြီ စသဖြင့် ဖြေရတယ်။ ဒါပေမဲ့ သူ စရောက်ကတည်းက အကြောင်းတွေ လျှောက်ပြောနေရင် ပြီးမှာမဟုတ်ဘူး။ ဒီတော့ ၅နှစ် ၈လလို့ပဲ အတိုချုပ် ပြောဖြစ်လိုက်တယ်။ အဲဒါတွေ အားလုံးပြီးမှ တူးဝါးကနေ အမ်ပုံမြို့ကို လေယာဉ်နဲ့ပို့ပေးတယ်။ တစ်ခါ အမ်ပုံကနေ ရန်ကုန်ကို တိုက်ရိုက် ပို့ပေးတာပါ။

၂၀၁၅ခုနှစ်၊ ၅လပိုင်း ၁၂ရက်။

ဒီရက်စွဲက မြန်မာနိုင်ငံကို သူပြန်ရောက်လာတဲ့ ရက်စွဲပါ။ ဒီရက်စွဲကိုရောက်ဖို့ ၂၂နှစ်ကျော်တောင် ကြာ ခဲ့တယ်။ သူ့လူငယ်ဘဝတစ်လျှောက်လုံး ဒုက္ခသုက္ခတွေနဲ့ နေထိုင်ရင်း ကုန်ဆုံးသွားခဲ့ပြီ။ ဒါပေမဲ့ တကယ်ပြန်လာ ရတော့လည်း နေထိုင်ရပ်တည်ဖို့က မလွယ်လှပါဘူး။ ညီ ညီမတွေ အရွယ်ရောက်လို့ အိမ်ထောင်တွေကျ၊ သူတို့ဘဝနဲ့ သူတို့လည်း ရုန်းကန်နေရတာဆိုတော့ အားပေးစကား လောက်ပဲ ပြောနိုင်ကြတယ်။ ဒီတော့ ရှေ့ဆက်ရပ်တည်ဖို့ သူ့ဘာသာသူပဲ လုပ်ရပြီ။ သို့ပေမယ့် ထင်သလောက် မလွယ်ဘူးလေ။ ငါးဖမ်းလှေပေါ်မှာရခဲ့တဲ့ ခေါင်းက ဒဏ်ရာက ကိုယ်တစ်ခြမ်းကို ဒုက္ခပေးနေပြီ။

ကိုမြင့်နိုင်။ ဒီဘဝ ဒီမျှလောက်နဲ့ ကျေပါစေလို့ ဆုတောင်းရုံအပြင် ကျွန်တော်ကရော ဘာများတတ်နိုင်ပါဦး မလဲ။

■

*ငါးဖမ်းလှေပေါ်မှာရခဲ့တဲ့ ခေါင်းကဒဏ်ရာက ကိုယ်တစ်ခြမ်းကို ဒုက္ခပေးနေပြီ*



the real lives, real stor

www.burmeseclassic.com

www.burmeseclassic.com

ဟိန်းလတ်၊ ထီးလှိုင်၊ ထက်မြက်၊ ထက်ဆွေ၊ ထွန့်ဝင်းထွန့်




thebookhouse စာအုပ်တိုက်မှ ရရှိနိုင်သော စာအုပ်များ
၀၉-၇၉ ၆၀ ၆၀ ၁၀
၀၉-၇၉ ၆၀ ၆၀ ၂၀

the bookhouse
we bring your future
www.facebook.com/thebookhouse.tbh

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



လူသားနှင့်ရှင်သန်ခြင်း

- ၁ -

တောင်ပေါ် တန်းလှေကားလေးအတိုင်း ကျွန်တော်တို့ တက်သွားကြသည်။

ကျောင်းအရိပ်က ငြိမ်ဆိတ်လှ၏။

ကျေးငှက်သံတချို့က ဟိုမှာ…သည်မှာ။

ကျွန်တော်တို့ရောက်နေသော ထိုနေရာသည် ဧရာဝတီတိုင်းအတွင်းရှိ ဟင်္သာတနှင့်မြန်အောင်မြို့အကြားရှိ ထူးကြီးဆိုသည့် မြို့ငယ်လေးမှ တောရဘုန်းကြီးကျောင်းလေး တစ်ကျောင်း ဖြစ်သည်။

ကျောင်းဝင်းထဲ ဝင်ဝင်ချင်း ကုန်းဘောင်ခေတ်က ရိုက်ခဲ့သည့် ရှေးဟောင်းဓာတ်ပုံများထဲက ဘုန်းတော်ကြီး ကျောင်းဇရပ်များကို သတိရမိသွား၏။

သစ်သားဖြင့် ဆောက်လုပ်ထားသော ဇရပ်ကြီးတစ်ဆောင်။

ဇရပ်ပေါ်တွင် ယောဂီ အဘိုးအဘွား သုံးလေးဦးခန့် တရားထိုင်နေကြသည်။

ထိုဇရပ်ကို ကျွန်တော်တို့ကျော်ပြီး အနိမ့်ပိုင်းမှ ကျောင်းဆောင်လေးရှိရာသို့ လှေကားထစ်ကလေးများအတိုင်း ပြန်ဆင်းရပြန်သည်။

"ဧည့်သည် လက်မခံပါ"

တိုက်ခံကျောင်းဆောင်လေး၏ ရေနံ့ဝနေသော တံခါးဝမှ စာတန်းက ကျွန်တော်တို့ကို ဆီးကြို၏ ။

ကိစ္စမရှိ။

# အဝစား ကိုဌေး

ခက်ဇော်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သည် ရိုးရိုးဧည့်သည်မဟုတ်။ အလွန်စပ်စုတတ်သော ဧည့်သည်များ။

ကျွန်တော်တို့ စပ်စုမည့်အကြောင်းကိုလည်း ကျောင်းဆောင်လေး၏ပိုင်ရှင် ဦးပဥ္စင်းဓမ္မိကကို အကြောင်းကြားထားပြီးသား။ ဦးပဥ္စင်းကလည်း သဘောတူပြီးသား။ ဦးပဥ္စင်းနှင့်ကပ္ပိယကြီးက ကျွန်တော်တို့ကို ဆီးကြိုသည်။

ဦးပဥ္စင်း ဓမ္မိက။

တစ်နေ့လျှင် ဆွမ်းဟင်းတစ်နပ်သာ ဘုဉ်းပေးပြီး ပရိယေတ္တိစာပေ ကျင့်ကြံခြင်းအလုပ်ကိုသာ အပတ်တကုတ် လုပ်နေသော ဦးပဥ္စင်း ဓမ္မိက။

မြို့ပြအင်ဂျင်နီယာဘွဲ့ ရရှိထားသော တောထွက် ရဟန်းကြီး။

ကျွန်တော်တို့ စကားတွေ ပြောဖြစ်ကြသည်။

မွန်သံဝဲဝဲဖြင့် ဦးပဥ္စင်း၏ အတိတ်အကြောင်းတွေထဲ ကျွန်တော်တို့ ရစ်ဝဲမိကြသည်။ ရယ်မောမိကြသည်။ ဆွံ့အမိကြသည်။ တုန်လှုပ်မိကြသည်။

ကျွန်တော့်တို့ရှေ့မှ ဦးပြည်းပြောင်ပြောင်ဖြင့် ဘုန်းတော်ကြီးကို ကျွန်တော့်မျက်စိထဲတွင် ကျောအလယ် အထိရှိသော ဆံပင်ရှည် ကောက်ကွေးကွေးကြီးတွေအဖြစ် မြင်နေမိသည်။

သင်္ကန်းနီညိုရောင်ဖြင့် ဘုန်းတော်ကြီးကို ဖင်ကျပ် ဂျင်းဘောင်းဘီအပြာနှင့် တီရှပ်ကြီး ဖိုးရိုးဖားရားအဖြစ် မြင်နေမိသည်။

သမာဓိတို့ဖြင့် ကြည်လင်နေသော ဘုန်းတော်ကြီး၏ မျက်လုံးများသည် မူးယစ်ဆေးအငွေ့တို့ဖြင့် ရီဝေဝေအခြေအနေကို မြင်နေမိသည်။

ဓမ္မိကဆိုသော တည်ကြည်မြင့်မြတ်သည့် ရဟန်းနေရာ၌ ညစ်ညမ်းလှသော လူဘောင်ကိစ္စများတွင် တစ်ဖက်ကမ်းခပ်ခဲ့သူ လူရှုပ်လူပွေ ကိုဗွေးကို ကျွန်တော် အလန့်တကြား မြင်လိုက်ရသည်။

- ၂ -

"ဘာပဲစားစား ဝအောင်စား။ ပြီးရင် ထပ်မပူဆာနဲ့."

ကိုဗွေးတို့ မောင်နှမခြောက်ယောက်ကို အမေက ထိုသို့ အမြဲပြောတတ်သည်။

ကျွန်သည့် မောင်နှမတွေတော့ မသိ။

ကိုဗွေးကတော့ အမေ ပြောသည့်အတိုင်း ဘာမဆို ဝအောင်စားသည်။ ပြီးလျှင် ထပ်မပူဆာတော့။

ကိုဗွေး နာမည်အရင်းက ဗွေးဝင်း၊ ဇနေသား။ ကိုဗွေးတို့ဖခင် ဦးထွန်းသန့်က ဗမာ့တပ်မတော်(လေ)မှ အရာရှိ။ မင်္ဂလာဒုံဗိုလ်သင်တန်း ဒုတိယအပတ်စဉ်ဆင်း ဗမာတပ်မတော်၏ စီနီယာအရာရှိ။

နာမည်ကျော် မွန်သူဌေးကြီး ဦးနာအောက်မှ ဆင်းသက်လာသည်မို့ မော်လမြိုင်မြို့တွင် မရှိမရှား နေနိုင်ထိုင်နိုင်သည့် မိသားစု။

မျိုးရိုးဂုဏ်အပေါ် အခြေတည်ပြီး ကိုဗွေးတို့ မောင်နှမတွေသည် မြောက်ကြွမြောက်ကြွ။

မိဘဆွေမျိုးတွေက ဒါကို ရိပ်မိသည်ထင်။

နွေရာသီတွင် မုန့်ဖိုးရဖို့အရေး သူတို့ အိမ်အလုပ် လုပ်ရသည်။

အိမ်မှ ကြမ်းပြင်ကိုတိုက်လျှင် မုန့်ဖိုး ပြားနှစ်ဆယ်ရမည်။

ဒါမှမဟုတ် ရွှေးစရာ နောက်တစ်ခုက တရားထိုင်လျှင် ငါးမိနစ် ငါးပြားရမည်။

ကိုဗွေးက အကောင်သေးသေး၊ ပိန်ကပ်ကပ်။ ပင်ပန်းသည့်အလုပ်ဆို မလုပ်ချင်။ သို့သော် ငွေတော့ လိုချင်သည်။

တရားထိုင်ရတာက ငြိမ်ငြိမ်လေး ထိုင်နေရုံနှင့် ငွေရနိုင်သည်။ လွယ်သည်။

သည်လိုနှင့် တရားထိုင်ခြင်းကို ကိုဗွေး ရွေးသည်။

အဲသည်မှာပဲ ကိုဗွေး ကျွမ်းပစ်တော့၏ ။

ဖောင်းပိန်တို့၊ ဝင်ထွက်တို့ မှတ်သည်။

ခြင်က လာပြီ။ မကိုက်ဘဲ တဝီဝီ လုပ်သည်။ လှုပ်မရ။ ငြိမ်ရသည်။

လှုပ်လျှင် စောင့်ကြည့်နေသည့် အဒေါ်က ပိုက်ဆံ ပြန်ဖြတ်၏ ။

"မုန့်ဖိုး များများလိုချင်ရင် ခန္ဓာကိုယ်ကို

***သင်္ကန်းနီညိုရောင်ဖြင့် ဘုန်းတော်ကြီးကို ဖင်ကျပ် ဂျင်းဘောင်းဘီ အပြာနှင့် တီရှပ်ကြီး ဖိုးရိုးဖားရားအဖြစ် မြင်နေမိသည်***





www.burmeseclassic.com

www.burmeseclassic.com

စွန့်လွှတ်ရတယ်။ မကိုက်ဘူး''

ဆယ်နှစ်သား ကိုဌေးသည် ထိုသို့တွေးပြီး ဆုံးဖြတ်ချက်ချသည်။

နောက်...ဘယ်တော့မှ တရားမထိုင်တော့။

ကိုဌေး ကိုးတန်းရောက်တော့ ကိုဌေးထက်အကြီးဖြစ်သော အစ်ကိုနှစ်ယောက်က ဂစ်တာဆိုတာကြီး ယူလာသည်။

သစ်သားပြားလေးကို ကြိုးတပ်ထားသော တူရိယာအသံကို ကြိုက်သည်။

ယူတီးကြည့်သည်။ အစ်ကိုတွေလောက် သူ မတီးတတ်။ မုဒ်မဝင်။ အစ်ကိုတွေ ဂစ်တာကို ဈာန်ဝင်အောင် ဘယ်လိုတီးသနည်း။ ကိုဌေး လေ့လာသည်။ ဟော...တွေ့ပြီ။

ဂစ်တာမတီးမီ ဆေးပေါ့လိပ်လေးတစ်လိပ်ကို သူတို့ ယူလာကြသည်။

ဆေးပေါ့လိပ် ဖင်စီခံကို ထုတ်သည်။ အိတ်ကပ်ထဲ ဖှက်ယူလာသော အထုပ်ထဲမှာ သစ်ရွက်အခြောက်အမှုန့်လေးတွေကို လက်ကြားထဲ ထည့်သည်။

ပြီးတော့ ဆေးပေါ့လိပ်ထဲမှ ထုတ်ထားသော ဆေးစပ်နှင့်ရောပြီး ဆေးပေါ့လိပ်ထဲ ပြန်ရိုက်ထည့်၏။ ပြီးလျှင် ဖင်လေးကို ဆောင့်။ တစ်တိုင်ရပြီကွ ဆိုပြီး အစ်ကိုကြီးက မီးလေးညှိ။ တစ်ယောက် တစ်ရှိုက်ဖွာ။ ဆိုလိုလေး တစ်ပုဒ်တီး။

''ညတုန်းက တွေ့ရတဲ့ ကောင်မလေးတစ်ယောက်၊ ပျောက်သွားလို့ လိုက်ရှာနေတယ်''

အိုကေ...မုဒ်တွေက အပြည့်။

ကိုဌေး သဘောကျသည်။

အဲဒါ ဂန်ဂျာချပြီး တီးကြတာတဲ့။ တစ်နည်းအားဖြင့် ဆေးခြောက်ရှူပြီး တီးကြသည်ပေါ့။

ကြာလာသည်နှင့်အမျှ အိမ်ထဲက ဂစ်တာသံတွေ နားထောင်ရတာနှင့် ကိုဌေး မတင်းတိမ်။

လမ်းထိပ် ထွက်သည်။ လမ်းထိပ်အုတ်ခုံမှ အစ်ကိုကြီးတွေ တီးတာ သွားနားထောင်သည်။

ရပ်ကွက်ထဲကတော့ ထိုအစ်ကိုကြီးများကို လမ်းသရဲများဟု ခေါ်ကြသည်။

သူတို့က ပိုဆရာကျ၏ ။

ဂစ်တာ အတီးတင်မဟုတ်။ ဂန်ဂျာအတီးကလည်း ဆရာကျချက်။

အိမ်က အစ်ကိုတွေလို ဆေးပေါ့လိပ်အတိုင်နှင့်မဟုတ်။

ပေါ့ခေါ် ပြောင်းနှင့်ချကြသည်။ ဆေးခြောက်ရှူသည့်ပြောင်းထဲ ဆေးခြောက်ထည့်ကာ အုန်းဆံကြိုးလေး မီးမြိုက်ထည့်ကာ ရှူကြသည်။

ဂစ်တာတွေ တီးကြသည်။ ဆိုကြသည်။ ဂီတနှင့် တစ်သားတည်း သူတို့ ယစ်မူး စီးမျောကြသည်။

ဆံပင်ရှည်ကြီးတွေ ရမ်းကာရမ်းကာနှင့်။

ဝိုး...အရမ်းဂေါ်တဲ့ ဘဲကြီးတွေ။ ကိုဌေး သဘောကျသည်။

ထိုအချိန်မှစကာ ကိုဌေးသည် နောင်တစ်ချိန်တွင် သူ၏ ဖူးစာဖက်များထဲမှ တစ်ယောက်ဖြစ်လာမည့် ဂန်ဂျာဆိုသော အရမ်းမွှေးသလောက် ကြောက်စရာကောင်းသည့် သစ်ရွက်ခြောက်လေးတွေနှင့် မျက်လုံးချင်း စဆုံခဲ့ရသည်ပေါ့။

ဆယ်တန်းအောင်ပြီး ဒေသကောလိပ်ရောက်သောအခါ ကိုဌေးသည် ရင်ခုန်ခဲ့ရသော အချစ်ဦး၏ အယုအယအတွေ့အထိကို ကိုယ်တိုင်ခံစားဖြစ်လိုက်သည်။ ရှင်းအောင်ပြောရလျှင် ဆေးခြောက် စရှူခဲ့သည်။ ကိုဌေး ဂန်ဂျာကို ကြိုက်တတ်ခဲ့ပြီ။

- ၃ -

ဒေသကောလိပ် ဒုတိယနှစ် ကျောင်းပိတ်ချိန်တွင်တော့ ကိုဌေးအတွက် နောက်ထပ် ချစ်ရမယ့်အရာတစ်ခုနှင့် ထပ်တွေ့သည်။

သူကား ကွန်မီသာဇင်ဟု ခေါ်သည်။

ချောင်းဆိုးပျောက်ဆေးရည် တစ်မျိုးဖြစ်သော်လည်း မူးယစ်ဆေးအာနိသင်ပါသော ဆေးရည်။

လမ်းထိပ်အုတ်ခုံက ဆရာတွေက ဆေးခြောက်အပြင် ကွန်မီသာဇင် ချနေကြပြီ။

စီနီယာတွေက ပုလင်းလိုက်သောက်နေချိန်တွင် ကိုဌေးတို့ ဂျူနီယာတွေအား အဖုံးလေးဖြင့် တစ်ဖုံးနှစ်ဖုံး

*လမ်းထိပ်အုတ်ခုံမှ အစ်ကိုကြီးတွေ တီးတာ သွားနားထောင်သည်။*
*ရပ်ကွက်ထဲကတော့ ထိုအစ်ကိုကြီးများကို လမ်းသရဲများဟု ခေါ်ကြသည်*

www.burmeseclassic.com

www.burmeseclassic.com

ပေးသောက်ကြ၏။

ပြီးလျှင် ဆေးခြောက်လေး ရှူကြသည်။

ဒါကို အပင်လိမ်သည်ဟု ကိုဋ္ဌေးတို့အချင်းချင်း ဘန်းစကားဖြင့် ခေါ်သည်။

နောက်တော့ ဖန်စီဒိုင်း ပေါ်လာပြန်သည်။

အိုကေ…ဒီတော့လည်း ကိုဋ္ဌေးတို့ ဖန်စီဒိုင်း နောက် တကောက်ကောက် လိုက်ကြပြန်သည်။

ချိုချိုပျစ်ပျစ် ထိုအရည်ထဲ မူးယစ်စေလိုမှု တစ်ခုတည်းဖြင့် ဒိုင်ဗင်ပစ်ကြသည်။

ဖန်စီဒိုင်းတွေက ဈေးတက်ကုန်သည်။ တစ်လုံး နှစ်ရာဖြစ်သွားသည်။

အိမ်က လက်ဖြန့်တောင်းနေရသည့် တက္ကသိုလ် ကျောင်းသားတွေမို့ ကိုဋ္ဌေးတို့ မတတ်နိုင်တော့။

အဲသည်လိုအချိန်တွင်မှ အဆင့်သင့် နောက်ထပ် ဆေးတစ်မျိုးပေါ်လာသည်။ ဒဗလျူဟုခေါ်သည့် ဆေးပြားလေးများ။ ချပြီးလျှင် လမ်းမလျှောက်နိုင်အောင်ကို ယိမ်းထိုးပြီး ရီဝေနေသည်။ ရီဝေခြင်းကို ကိုဋ္ဌေး ကြိုက်သည်။ သည်တော့ ဒဗလျူနှင့် ကိုဋ္ဌေး ဖူးစာထပ်ဆုံပြန်သည်။ ဒဗလျူက တဖြည်းဖြည်း ရှာရခက်လာပြန်သည်။

သည်တော့ သူတို့နယ်မှာ အဖုံဆိုသည့် မူးယစ်ဆေးတစ်မျိုး ပေါ်လာသည်။ ဖော်မြူလာဟုလည်း ခေါ်သည်။ တရားဝင်ဆေးဝါးများကို တွဲစပ်ပြီး မူးယစ်အာနိသင်ရအောင် သောက်သုံးခြင်း။

ကိုဋ္ဌေးက အဲသည့်ဖော်မြူလာကိုလည်း တွယ်လိုက် ပြန်သည်ပဲ။ ငယ်ငယ်ကအတိုင်းပဲ၊ ဘာပဲလုပ်လုပ် အဝ လုပ်သည်။ မူးယစ်ဆေးဆိုလည်း ကိုဋ္ဌေးက မဝမလင် မရှူ။ ဝအောင်ရှူဖြစ်သည်။ မူးလိုက်၊ ရီလိုက်၊ ဝေလိုက်ဖြင့်ပင် ကိုဋ္ဌေး ဒေသကောလိပ်အောင်သည်။

အမှတ်က အာအိုင်တီခေါ် ရန်ကုန်စက်မှုတက္ကသိုလ် ဝင်ခွင့်မီ၏။ မော်လမြိုင်ကို ကိုဋ္ဌေး နှုတ်ဆက်သည်။ ရန်ကုန်ကို ကိုဋ္ဌေး ခြေချပြီ။ ရန်ကုန်မှာ ကိုဋ္ဌေးအတွက် အဝစားစရာ ဘာတွေရှိနေသလဲ။

အရင်က လူကြီးများ ထိန်းကျောင်းမှုအောက်တွင် ခိုးကြောင်ခိုးဝှက်သာ မူးယစ်ခဲ့ရသော ကိုဋ္ဌေး။ အခုတော့ ကိုယ့်ဘာသာ ထိန်းကျောင်းရမည့် အခြေအနေသို့ ရောက်လာခဲ့ပြီ။

တစ်နေ့တွင် အင်ဂျင်နီယာတစ်ယောက် ဖြစ်ရမည်ဆိုသည့် ရည်မှန်းချက်ကတော့ ကိုဋ္ဌေးထံတွင် ပျောက်ရှမသွား။ ဖြစ်ချင်တော့ အထက်တန်းကျောင်းသား ဘဝက ကိုဋ္ဌေး ကျိတ်ကြွေခဲ့ရသော ကောင်မလေးက ရန်ကုန်







www.burmeseclassic.com

www.burmeseclassic.com

စီးပွားရေးတက္ကသိုလ်တွင် စာသင်နေသည်။ ကိုဋ္ဌေး၏ နှလုံးသားတွေ ရှန်းကြွနေပြီ။

ချစ်ရက်ရှည်ရှည် အင်းယားမြေဇာတ်ကို ကိုဋ္ဌေး ကတော့မည်။ ခက်တာက ချစ်သူက အီကို၊ ကိုယ်က အာအိုင်တီ။ တစ်နေရာစီက ခြားနေ၏။ ဘာလုပ်မလဲ ကိုဋ္ဌေး။ အချစ်က ပထမလေ။ ကိုဋ္ဌေးလေ။ အချစ်ကို ဦးစားပေးခဲ့သူလေ။ သည်တော့ အီကိုတွင် ခြေချင်းလိမ် တော့သည်။

အီကို ကင်တင်းနှင့် စာသင်ခန်းများတွင် ကိုဋ္ဌေး တစ်ယောက် လျှောက်ပြန်သံပေး လုပ်၏။ စာသင်ခန်း အဝက ငေးမောသည်။

အချစ်နှင့် မျက်နှာချင်းဆိုင်ရလျှင် ဖွင့်ပြောဖို့ ကြိုးစား၏။ အဆင်မပြေ။ မျက်နှာချင်းဆိုင်ရလျှင်ပင် ခြေဖျားလက်ဖျားတွေ အေးစက်ပြီး လူက တုန်လာသည်။ ကိုဋ္ဌေးသည် နှလုံးသား၏ တိုက်စစ်ကို ခံနိုင်ရည်မရှိ။ စစ်ကူလိုသည်။

မော်လမြိုင်တုန်းက အချစ်ဟောင်း ကွန်မီ သာဇင်ကို သတိရသွားသည်။ ကွန်ချူပြီး ချစ်ရေးဆိုရမည်။ ဘီပီအိုင်မှောင်ခိုဈေးမှ ကွန်မီသာဇင် ရှာဝယ်သည်။ တစ်လုံးလုံး ကုန်အောင် ကစ်ပစ်လိုက်၏။ ရဲဆေးအရှိန်က ချက်ချင်းမတက်။ နောက်ထပ် ထပ်ချထပ်ချ။

ပြီးနောက် ချစ်သောသူမရှိရာ စာသင်ခန်းရှေ့သို့ ရဲဘော်ကိုဋ္ဌေး ချီတက်သွားသည်။

ကွန်မီသာဇင် တန်ခိုးကပြပြီ။

စာသင်ခန်းရှေ့တွင်ထိုင်ရင်း မျက်လုံးကြီးက ပြူးထွက်လာသည်။ လူကြီးက ငြိမ်ပြီး တောင့်နေသည်။ သူမရှိရာသို့ မျက်တောင်မခတ်တမ်းပြူးပြီး ကြည့်နေသော ကိုဋ္ဌေးကို ကောင်မလေးက သတိထားမိသွားသည်။ အရှိန်က တက်လာလေ၊ လှုပ်၍မရလေ။ မျက်လုံးကြီး ပြူးလာလေ။

ကိုဋ္ဌေးကိုကြည့်ပြီး ကောင်မလေးက ကြောက် လာလေ။

ထိုအခြေအနေတွင် အာအိုင်တီမှ သူငယ်ချင်းတစ်ယောက် က ကိုဋ္ဌေးကို တွေ့သွားသည်။

"ဟော့ကောင်… မင်း ဘာဖြစ်နေတာလဲ… ဟာ မျက်လုံးကြီးက ပြူးလို့…မင်း ကွန်တွေ စွတ် ပစ်ထားပြီး ဂစ်နေပြီထင်တယ်…ကြာရင် မကောင်း ဘူး… သူများ ကျောင်းထဲမှာ လာလာလိုက်ခဲ့… ငါ တွဲခေါ်သွားမယ်"

ထိုအချိန်မှစပြီး ကောင်မလေးက သူ့တွေ့လျှင်





www.burmeseclassic.com

www.burmeseclassic.com

ပြေးတော့သည်။ ဆေးသမားဆိုပြီး အထင်လည်း မကြီးတော့။ အသည်းကွဲသည်။ ထုံးစံအတိုင်း အချစ်ဟောင်း ဂန့်ဂျာ၊ ကွန်တို့ဆီသာ သူ တဝဲလည်လည် ယစ်မူးနေရသည်။ ရာဇူးက အိမ်သာထဲဝင်ပြီး ကစ်သည်။ ပိုက်ဆံမရှိလျှင် ပဲလှော်ခေါ် ဆေးပြားတွေ ဝါးစားသည်။ ဆံပင်အရှည်ကြီး ထားသည်။ ဂစ်တာတီးသည်။ အသည်းကွဲသီချင်းတွေ အော်သည်။ မူးယစ်ဆေးကို အဝစားသည်။

တစ်ခါတစ်ရံ လိုင်းပူးတာများသွားလျှင် နှစ်ရက်လုံးလုံး အိပ်ပျော်သွားတတ်သည်။

သူတို့စကားနှင့်ဆိုလျှင်တော့ ဒိတ်ပျောက်သွားသည်ပေါ့။ သည်လိုဆိုတော့ စာမေးပွဲတွေ တဖိုင်းဖိုင်း ကျသည်။ အပြင်ဖြေ ဖြစ်သွားသည်။ ကောင်မလေး ကျောင်းပြီးသွား၏။ ကိုဌေး ကျန်ရစ်ခဲ့သည်။ နှလုံးသားကို ဆွနေသည့် အပ်တော့ မျက်စိရှေ့က ပျောက်သွားပြီ။

"ငါ့ ပညာရေးကို ဒီအချစ်အတွက်နဲ့ အဆုံးရှုံးခံမလား။ ငါအင်ဂျင်နီယာ မဖြစ်တော့ဘူးလား"

ကိုဌေး စဉ်းစားသည်။

ငါ ဘာဖြစ်ချင်တာလဲ။

အားလုံးကို ယတိပြတ်ဖြတ်ချလိုက်သည်။ စာသင်ခန်းထဲ ပြန်ဝင်သည်။ စာမေးပွဲဖြေသည်။

၈၈ အရေးအခင်းပြီးသည့်နောက် ကျောင်းတွေ ပြန်ဖွင့်သည့်အခါ ကိုဌေး ဘွဲ့ရခဲ့သည်။

ကိုဌေး အင်ဂျင်နီယာဖြစ်ပြီ။

- ၄ -

အင်ဂျင်နီယာပေါက်စ ကိုဌေး မီးရထားဌာနတွင် အလုပ်ရသည်။ လက်ထောက်အင်ဂျင်နီယာရာထူးနှင့် ထားဝယ်တွင် တာဝန်ကျသည်။ မီးရထားဌာနမှ အရာရှိအများစုက အရက်နှင့် မကင်း။ ကိုဌေးက အရက်တော့ လုံးဝမကြိုက်။ သူ ကြိုက်သည်က ဖြည်းဖြည်းလေးနှင့် ငြိမ့်ငြိမ့်လေး ဖီလင်။ ကိုဌေးကို အရက် အတင်းလာတိုက်သူတွေကို ကိုဌေး ပြောနေကျ စကားရှိသည်။

"မင်းတို့ကြိုက်တာ မင်းတို့ သောက်တယ်။ ငါမကြိုက်တာ မင်းတို့ လာတိုက်တယ်။ ငါကြိုက်တာ တိုက်ကွာ။ ငါကြိုက်တာ ဖန်စီဒိုင်း"

ထိုအချိန်က ဖန်စီဒိုင်းတစ်လုံး သောင်းဂဏန်း ဖြစ်နေပြီဆိုတော့ အရက်လာတိုက်သူတွေ လန့်ပြေးကြသည် ချည်းပင်။

ဝန်ထမ်းဘဝတွင် ကိုဌေး ရည်မှန်းသည်က ပညာရလျှင်ရ၊ မရလျှင် ငွေကြေးရ။ သုံးနှစ်သာ ကြာသွားသည် ကိုဌေး ဘာမျှမရ။ သည်တော့ ကိုဌေး အလုပ်ထွက်လိုက်သည်။ ရန်ကုန်သို့ပြန်လာပြီး အဆောင်နေသည်။ မီးရထားတွင်လည်း စုမိဆောင်းမိ ဘာမှမရှိတော့၊ ရရာ အလုပ် ဝင်လုပ်သည်။ တစ်လသုံးထောင်ဖြင့် အဆောက်အအုံ ဒီဇိုင်းတွေ ဝင်ရေးသည်။ နောက်တော့ ကျောင်းနေဖက် သူငယ်ချင်းများက ရန်ကင်းစင်တာကြီး ဆောက်ခွင့်ရ၏။ တစ်လနှစ်သောင်းဖြင့် အလုပ်ဝင်လုပ်သည်။

ကိုဌေးအတွက် အဲသည်နှစ်သောင်းက မလောက်။ မလောက်ဆို ကိုဌေးအတွက် နောက်ထပ် အဝစားစရာတစ်ခု ထပ်တွေ့ထားသည်ကိုး။

ကိုဌေး ထပ်တွေ့ထားသည့် ကြိုက်စရာက မိန်းမ။ ငွေကြေးပေးလျှင် အတွေ့အထိ ဝန်ဆောင်မှုကို ပြန်ပေးတတ်သော ကြေးစားမိန်းမ။

ကိုဌေးကြိုက်သည့် မူးယစ်ဆေးဝါးများက ဈေးခေါင်ခိုက်နေသည်။ သည်တော့ အဝစားစရာ လိုင်းပြောင်းသည်။

လစာက တစ်လ နှစ်သောင်းဆိုတော့ ကိုဌေးအတွက် ဈေးပေါပေါတွေပဲ ရသည်။ ဈေးပေါသည့် နယ်ဘက်တွေအထိ ညအိပ်ညနေ သွားပျော်ပါးသည်။

အချိန်ပိုင်း လိင်အလုပ်သမတွေနှင့် အဝစား ကိုဌေး လုံးလိုက်ထွေးလိုက်။

ထိုအချိန်တွင် စင်ကာပူတွင် အလုပ်လုပ်ရန် ဖြစ်လာသည်။ ၁၉၉၈ တွင် ကိုဌေး စင်ကာပူထွက်ပြီ။ စင်ကာပူ ကွန်စထရက်ရှင်တစ်ခုတွင် အင်ဂျင်နီယာ လုပ်သည်။

စင်ကာပူတွင်တော့ ကိုဌေး၏ မူလလက်ဟောင်း မူးယစ်ဆေးဝါးတွေက လုံးဝမရ။ မူးယစ်ဆေးဝါး မဆိုထားနှင့်၊ ကွမ်းယာထဲထည့်စားသည့် ဆေးပင်မရ။ မူးယစ်ဆေးမရဆိုတော့ ကိုဌေးကြိုက်တာ ဘာရှိသလဲ။

*ကိုဌေး ထပ်တွေ့ထားသည့် ကြိုက်စရာက မိန်းမ။ ငွေကြေးပေးလျှင်*
*အတွေ့အထိ ဝန်ဆောင်မှုကို ပြန်ပေးတတ်သော ကြေးစားမိန်းမ*



www.burmeseclassic.com

www.burmeseclassic.com

မိန်းမတွေ ရှိသည်။ အပျော်မယ်တွေ ရှိသည်။ စင်ကာပူမှာက အရမ်းချောသည့် ကြေးစား မဒီလေးတွေက စင်ကာပူဒေါ်လာရှစ်ဆယ်ကနေ တစ်ရာ့လေးဆယ်အထိ ပေးရသည်။ ဈေးက ခေါင်ခိုက်နေ၏ ။ ဒါလေးတွေကိုပဲ ကိုဗွေးကလည်း သွားရည်ကျသည်။ ထိုဈေးက ကိုဗွေး တစ်ရက်လုပ်ခလောက် ရှိနေသည်။ အဲသည်လောက်တော့ ကိုဗွေး မတတ်နိုင်။

အဝစား ကိုဗွေးပဲ။ စိတ်မလျှော့။

ညနေ အလုပ်သိမ်းပြီးလျှင် ကမန်းကတန်း ရေချိုးပြီး ထိုနတ်သမီးလေးများရှိရာ ဆိုင်ရှေ့မှ အုတ်ခုံတွင် သွားထိုင်သည်။ နောက်ကျ၍မဖြစ်။ ကိုယ့်လို လာငမ်းသော ဘင်္ဂလားများထက် နေရာဦးထားမှ ဖြစ်မည်။

အုတ်ခုံတွင်ထိုင်ရင်း ကိုယ်ကြိုက်သည့် မဒီလေး၏မျက်နှာကို အလွတ်ရအောင် ကြည့်သည်။

ပြီးလျှင် ဒေါ်လာလေးဆယ်တန် ယိုးဒယားမလေးများရှိရာကို သွားကာ ဟိုမျက်နှာလေးမြင်ယောင်ပြီး စိတ်ဖြေသီချင်းလုပ်ရ၏။

ကိုဗွေးသည် ဘာဖြစ်ဖြစ် အဝစားသည်။

မူးယစ်ဆေးတုန်းကလည်း မူးယစ်ဆေးမို့။ ဒါကျတော့လည်း ဒါမို့လို့။

ထိုလေးဆယ်တန်ကလည်း ကြာလာတော့ တွက်ခြေ မကိုက်တော့။

သည်တော့ ဈေးသက်သာရာ ရှာသည်။

ဟိုးဘက် အင်ဒိုနီးရှားနယ်စပ်မှာ ဈေးပေါပေါလေးတွေ ရနိုင်သည်။ အင်ဒိုနီးရှားပိုင်၊ ဘာတန်ကျွန်းသို့ သွားကာ ပြည့်တန်ဆာရပ်ကွက်သို့ ဝင်သည်။ တစ်အိမ်တက်၊ တစ်အိမ်ဆင်း လိုက်ကြည့်၏။

ကိုယ်ကြိုက်တာ စမ်းသပ်ကြည့်၍ ရသည်။ ကြိုက်ပြီဆိုလျှင် တစ်ညလုံးမှ စင်ကာပူဒေါ်လာ နှစ်ဆယ့်ငါးဒေါ်လာလောက်သာ ကျ၏။ ကိုဗွေး အကြိုက်တွေ့ပြီ။ တစ်ညလုံး လူးသည်။ မွေ့သည်။ ကိုဗွေးတစ်ယောက် စင်ကာပူတွင် ငွေရှာသည်။ ပျော်သည်။ ပါးသည်။ သည်လိုနှင့်ပဲ အဝစား ကိုဗွေးသည် ကြိုက်တာကို အဝစားခဲ့သည်။

စင်ကာပူတွင် အလုပ် လုပ်ရသည်ကတော့ အတွေ့အကြုံအသစ်တွေ ရ၏။ စင်ကာပူ၏ ဆောက်လုပ်ရေး လုပ်ငန်းခွင်သဘောက စစ်သည်။ ထပ်စစ်ဆေးသည်။ ထပ်မံစစ်ဆေးသည်။ မွမ်းမံစစ်ဆေးသည်။ သည်တော့ တိကျသည်။ အဆောက်အအုံတွေ၏ အရည်အသွေးက စိတ်ချရသည်။

စင်ကာပူတွင် သုံးနှစ်ကြာ အလုပ်လုပ်ပြီးနောက် ကိုဗွေး မြန်မာပြည်သို့ ငွေထုပ်ပိုက်ပြီး ပြန်လာခဲ့သည်။ ကိုယ့်နိုင်ငံရောက်လျှင် ကိုဗွေး ဘာလုပ်မည်နည်း။

- ၅ -

ရန်ကုန် ပြန်ရောက်ပြီ။ အဝစားကိုဗွေး ပြန်ရောက်ပြီ။

ကိုဗွေး ဘာလုပ်မည်နည်း။ မော်လမြိုင်ကို မပြန်။ ရန်ကုန်တွင်ပဲ တိုက်ခန်းတစ်ခန်း ငှားသည်။ သူကြိုက်တာတွေ အဝလုပ်တော့မည်။

ပြက္ခဒိန်နောက်ကျောတွင် ဖုန်းနံပါတ်မျိုးစုံ မှတ်ထားသည်။ သွေးသားအရောင်းသမားတွေ အားလုံး၏ လင့်ခ်တွေ ကိုဗွေးမှာ ရှိသည်။ ရသမျှ အဝစားသည်။ တဖြည်းဖြည်း ကိုဗွေး ငွေထုပ်ကြီးက ပါးလာသည်။ သည်တော့ ဘာလုပ်မလဲ။ အဲသည်ခေတ်အခါက ရန်ကုန်တွင် တစ်လုံး၊ နှစ်လုံး၊ သုံးလုံးခေတ်။ လောင်းကစားကို ကော်မရှင်စား လုပ်သည်။ နောက်ဆုံး ကိုယ်တိုင် ဒိုင်ကိုင်သည်။ ဝင်ငွေက ဝင်ပြီးရင်းဝင် ဒလဟော။ ကိုဗွေး အဆင်ပြေ လာပြီ။ ကိုယ်ကြိုက်တာလေး အဝစားတော့မည်။

ထိုအချိန်တွင် ဒဗလျူပိုင်ခေါ် ရာဘစိတ်ကြွဆေးများက ကိုဗွေး၏ သူငယ်ချင်းများအကြား ခေတ်စားလာသည်။

သူငယ်ချင်းတွေက ကိုဗွေးကို မူးယစ်ဆေးဘက် ပြန်ဆွယ်ကြ၏။ ကိုဗွေး ငြင်းသည်။ အကြိမ်ဖန်များလာတော့ မငြင်းနိုင်တော့။ ရာဘနှင့်ကိုဗွေး မိတ်ဆက်မိပြီ။ ရာဘကို ကိုဗွေး အဝစားသည်။ ရေသန့်ဘူး၊ ခဲပြား၊ ခေါင်းဖြတ်ထားသော မီးခြစ် စသည်တို့က ကိုဗွေး အခန်းထဲတွင် အပြည့်။

*ပြီးလျှင် ဒေါ်လာလေးဆယ်တန် ယိုးဒယားမလေးများရှိရာကို*
*သွားကာ ဟိုမျက်နှာလေးမြင်ယောင်ပြီး စိတ်ဖြေသီချင်းလုပ်ရ၏*



www.burmeseclassic.com

www.burmeseclassic.com

ရာဘာ၏ အာနိသင်ကျတော့ ရိုဝေဝေမဟုတ်။ အမြဲ တက်ကြွလန်းဆန်းနေသည့် အခြေအနေမျိုးကြီး။ ရာဘာဆေးများ သုံးစွဲလွန်းသောအခါ ကိုဌေးထံတွင် ဘေးထွက်ဆိုးကျိုးတွေ ဖြစ်လာ၏။ ငယ်ပါ တိုဝင်သွားသည်။ ဆီးသွား၍မရ။

သည်တော့ ပြည့်တန်ဆာခန်းများဆီတွင် အဆင်မပြေ။ အားတိုးဆေးတွေ၊ သဘာဝမဟုတ်သော ဆေးတွေ ထိုးသည်။

မူးယစ်ဆေးဝါးနှင့် ကာမဂုဏ်ကြားတွင် ကိုဌေး ချာချာလည်နေ၏။ မူးယစ်ဆေးတွေ တစ်ပြားပြီးတစ်ပြား၊ နတ်မိမယ်လေးတွေ တစ်ယောက်ပြီး တစ်ယောက်နှင့် တစ်နေ့လုံး၊ တစ်ညလုံး။

အဝစားကိုဌေး နာမည်နှင့် လိုက်အောင် နေသည်။ ကြိုက်တာကို ဝအောင် စားသည်။ သို့သော် ကြာရှည်တော့ မစားနိုင်တော့။ ကိုဌေး၏ သုံးဆယ့်နှစ်ကောဋ္ဌာသသော ခန္ဓာကိုယ်ကြီးက အရည်ဓာတ်တွေ ခန်းခြောက်ကုန်သည်။ အကြောတွေတင်းမာပြီး ထမရ၊ ထိုင်မရ အခြေအနေ ဖြစ်လာသည်။ အားတွေ နည်းလာသည်။ ထိုအချိန်မျိုးတွင် မယ်စကြဝဠာ ရောက်လာလျှင်ပင် ကိုဌေး မတတ်နိုင်တော့။ ကိုဌေး တွေးမိသည်။ ခေါင်းတွေ ထူပူသည့်အထိ၊ ထုံသည်အထိ စဉ်းစားသည်။

"ငါကြိုက်လို့ အဝစားခဲ့တဲ့အရာကြီးက ငါ့ခန္ဓာကိုယ်ကို ဒုက္ခတွေ ပေးနေပါပေါ့လား။ ခန္ဓာဟာ ကိုယ်ကြိုက်တာ လုပ်ရင်တောင် ဒုက္ခဖြစ်စေပါလား။ ကိုယ်ကြိုက်တဲ့ အာရုံတစ်ခုကို ကြိမ်ဖန်များစွာ မှီဝဲလာတဲ့အခါ ပြဿနာရှိနေပါလား"

နောက်ရက်တွေ ကိုဌေး ရှောင်ချင်လည်းမရ။

ကိုဌေး၏ တိုက်ခန်းကို ရေမီးအစုံကိုဌေးဟု နာမည်ပေးပြီး သည်လောကသားတွေက ဝင်ထွက်နေကြသည်။ မူးယစ်ဆေး၊ မိန်းမ ကိုဌေးဆီတွင် လိုအပ်သည့် လင့်ခ် အားလုံးရှိသည်ကိုး။

ကိုဌေး လုပ်နေသော လောင်းကစားအလုပ်တွင် သူငယ်ချင်းများ၊ ဆွေမျိုးအရင်းအချာတချို့က လူလည်ကျလာကြသည်။

ငွေရေးကြေးရေးနှင့် ပတ်သက်ပြီး ချုနင်းလာကြ၏။ ကိုဌေး အလူးအလဲခံရသည်။

သည်လောကကရုန်းရန် ဒီနေရာကို စွန့်ခွာမှ ဖြစ်မည်။ ကိုဌေး သည်အာရုံတွေကို ငြီးငွေ့လာသည်။ သူငယ်ချင်း အချို့ကို တိုင်ပင်ကြည့်၏ ။ ငါ ဘာလုပ်ရမလဲ။ တချို့က ဖြေသည်။ ဘုန်းကြီးဝတ်တဲ့။ ဘုန်းကြီးဝတ်ဟု ပြောသည့် သူတွေမှန်သမျှ ကိုဌေး အဆက်အသွယ်မလုပ်တော့။

ဘယ့်နှယ့် ငယ်ငယ်တုန်းက တရားခဏထိုင်တာတောင် ခြင် သည်လောက်ကိုက်တာ ဘုန်းကြီးဝတ်လျှင်တော့ မပြန်လမ်းဘဲ။

ကိုဌေး တိုက်ခန်းကို တံခါးပိတ်ကာ ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်ထံ သွားနေသည်။ သွားနေသည့် သူငယ်ချင်းကလည်း ကျောင်းတုန်းက အေးဆေးသော်လည်း ယခုတော့ ကိုဌေးနှင့် အကြိုက်တူတာတွေ လုပ်သောသူ။

သူက ကိုဌေးလို မနိုင်စပ်သဖြင့် မူးယစ်ဆေးဝယ်ရန် ခက်ခဲသည်။ သည်တော့ ကိုဌေးကို အကူအညီတောင်းသည်။

သည်လိုနှင့် တွင်းထဲကတိုးထွက်ဖို့ ကြိုးစားသောကိုဌေး··· တွင်းထဲ ပြန်ကျပြန်တော့၏။

သူငယ်ချင်းအင်ဂျင်နီယာတွေကလည်း ခေတ်ကောင်းဆိုတော့ သူငယ်ချင်းနှစ်ယောက်ပေါင်း လောင်းကျော်ကြသည်ပေါ့။

တစ်ညလုံး ကေတီဗီတွေမှာ ဆေးချသည်။ သီချင်းဆိုသည်။ ပြီးလျှင် ထုံးစံအတိုင်း ပခြုပ်ဆိုင်တွေဆီ ဦးလှည့်ကြမည်။

သည်တစ်ခါတော့ အရင်လို ရာဘာမလုပ်တော့။

ဘိန်းမည်းနှင့် ချောင်းဆိုးပျောက်ဆေး ဖော်မြူလာစပ်ပြီး သုံးသည်။ သုံးပြီးလျှင် ကားတစ်စီးနှင့် မြို့လျှောက်ပတ်သည်။

ဘိန်းမည်းသုံးသည့်အချိန် ကြာလာတော့၊ ဝမ်းတွေ ချုပ်လာသည်။

အိမ်သာ ဘယ်လိုတက်တက် မထွက်။ ထမရ၊ ထိုင်မရဖြင့် ဝေဒနာက ပြင်းထန်လာသည်။

ဝါးလုံးဖြင့် တံကျင်လျှိုထားသလိုမျိုး ခံစားနေ

***ငါကြိုက်လို့ အဝစားခဲ့တဲ့အရာကြီးက ငါ့ခန္ဓာကိုယ်ကို ဒုက္ခတွေ ပေးနေပါပေါ့လား။ ခန္ဓာဟာ ကိုယ်ကြိုက်တာ လုပ်ရင်တောင် ဒုက္ခဖြစ်စေပါလား***





www.burmeseclassic.com

www.burmeseclassic.com

ရ၏။ အားကုန်သုံး ညှစ်သည်။ ချွေးတွေပြန်လာသည်။ နောက်ဆုံး လက်နှင့် နှိုက်ထုတ်ရသည့်အခြင့် ဖြစ်သွားသည်။ ဝေဒနာက ဆိုးလွန်းလှသည်။ ဝေဒနာတွေကြားမှ ကိုဒွေး စဉ်းစားသည်။

"ငါကြိုက်တာ ငါလုပ်ပေမယ့် ခန္ဓာဆိုတာ ငါမပိုင်ဘူး။ ခန္ဓာဟာ ဝေဒနာကိုပဲပေးတယ်။ ဒီဝေဒနာကို ငါမကြိုက်ဘူး။ ငါဘာလုပ်ရမလဲ။ ငါ ဒီအတိုင်းဆို သက်ဆိုးရှည်မှာ မဟုတ်ဘူး။ ငါ့အသက် လေးဆယ့်နှစ်နှစ် ရှိပြီ။ ဘဝတစ်ခုလုံး ငါကောင်းတာ ဘာလုပ်ခဲ့သလဲ။ ငါ့ဘေးမှာရော အခု ဘယ်သူရှိသလဲ။ ငါ့မှာ အားကိုးရာက ဘာလဲ"

ကိုဒွေး ငိုသည်။

"ငါ့စီးပွားရေးမှာလည်း သူငယ်ချင်းတွေ၊ ညီအစ်ကိုမောင်နှမတွေကအစ ငွေနဲ့ပတ်သက်ရင် ငါ့အပေါ် ရက်စက်ကြတယ်။ ဒီအသိုက်အဝန်းမှာနေရင် သမာအာဇီဝ ကျပြီး တစ်ယောက်နဲ့တစ်ယောက် ငွေအတွက် ရက်စက်ကြတယ်။ ဒီငွေဆိုတဲ့ သက်မဲ့ပစ္စည်းတစ်ခုအတွက် ရန်တွေ ဖြစ်ကြတယ်။ ဒီလိုနေရာမှာ နေရင် ငါ ဒီလိုပဲ ဆက်ဖြစ်နေမယ်။ ငါအဖြစ်ခံနိုင်လား။ အဖြစ်မခံနိုင်ဘူးဆို ဒီနေရာကနေ လွတ်တဲ့နေရာတစ်ခု မင်းရှာ။

အဲသည့်နေရာမှာ လူ တစ်ယောက်နဲ့တစ်ယောက် လေးစားမှုရှိရမယ်။ သမာအာဇီဝရှိရမယ်။ ကိုယ့်အလုပ် ကိုယ်လုပ်လို့ရတဲ့ နေရာရှိရမယ်။ အဲဒါဘယ်နေရာလဲ စဉ်းစား… ကိုဒွေး… စဉ်းစား။ ဒီအသိုက်အဝန်းဟာ လူ့ဘောင်မှာမရှိနိုင်ဘူး။ ဒါဟာ ရဟန်းလောကမှာပဲ ရှိမယ်။ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ပဲ ပိုင်မယ်။ ဒီလောကထဲကနေ ငါ ဒီနေရာကနေ လွတ်အောင်ရုန်းရမယ်"

သူနေသော ဘုရင့်နောင်ပွဲရုံ၏ အပေါ်ထပ်ရှိ ဘုရားစင်ရှေ့တွင် ဒူးထောက်ပြီး ငိုသည်။

ရင်ဘတ်ထဲက လှိုက်တက်လာသော ခံစားချက်တွေ ဖြစ်လာသည်။ တညလုံး မျက်ရည်တွေနှင့် ရှိုက်ကြီးတငင်ငင် ငိုသည်။

ထိုအချိန်တွင် ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်က ကိုဒွေးကို ဖုန်းဆက်လာသည်။

သူ့ကို အားကိုးတကြီး ကိုဒွေး တိုင်ပင်သည်။

"ငါ အခု တရားစခန်း ဝင်နေတယ်။ မင်း လာ ဝင်မလား…"

သူငယ်ချင်းက မေးသည်။

ကိုဒွေး ပြန်ဖြေသည်က တခြား။

"ငါ ဘုန်းကြီးဝတ်ရင် မင်း ရဟန်းဒကာခံ မလား"

- ၆ -

ညနေကား တအိအိ စောင်းပြီ။

ဝါတော် ၁၁ဝါရှိပြီဖြစ်သော အဝစားကိုဒွေး တစ်ဖြစ်လဲ ဦးဓမ္မိကကို ကျွန်တော်တို့ နှုတ်ဆက်ခဲ့ကြပါသည်။

မှိုင်းညို့ညို့ ကျောင်းသခ်မ်းလေးကို ကျောခိုင်းလျက် ကျွန်တော်တို့ ဆင်းလာကြသည်။

ထူးကြီးမြို့လေးကား တိတ်ဆိတ်လျက်။ ခပ်ဝေးဝေး လယ်ကွင်းပြင်မှ တဲကလေးဘေးတွင် ချည်တိုင်မှ နွားတစ်ကောင်။

ပေတရာလမ်းပေါ်ရှိ အမှိုက်ပုံငယ်တစ်ခုထဲမှ ပုတ်သင်ညိုလေးတစ်ကောင်သည် အလုအယက် တိုးထွက်လျက်။

ကျွန်တော်တို့သည် အမှောင်သာရှိသော ရှေ့ဟိုင်းဝေးလမ်းကြီးကို ဖြတ်သန်းလျက် မြို့ပြဆီသို့ ပြန်ရဦးမည်။

တကူးတက လာရောက်ခဲ့သည့် ခရီးပေမင့် အိမ်ပြန်ချိန်ဆိုတာတော့ ရှိကြစမြဲ။

အဝစား ကိုဒွေးကား မြတ်သောအကျင့်ကို ကျင့်ပြီး တရားဓမ္မကို အဝစားနေချေပြီ။

ကျွန်တော်တို့မှာတော့…အနီးဆုံးမြို့လေးမှ အဝစားထမင်းဆိုင်ဆီသို့သာ မော်တော်ကားကို ဦးတည်လျက်။

■

သူနေသော ဘုရင့်နောင်ပွဲရုံ၏ အပေါ်ထပ်ရှိ
ဘုရားစင်ရှေ့တွင် ဒူးထောက်ပြီး ငိုသည်



www.burmeseclassic.com

www.burmeseclassic.com



လူသားနှင့်ရှင်သန်ခြင်း

ယနေ့ခေတ်ကာလ၏ သတင်းအချက်အလက် စီးဆင်းမှု မြန်ဆန်လွန်းပုံကို ဦးဝင်းနိုင်တစ်ယောက် တွေးတောနေမိ၏။ ဖေ့စ်ဘွတ်ခ်ဆိုလား၊ ဦးဝင်းနိုင် ကောင်းကောင်းမသိ။ သူများတွေ ပြောသံတော့ ကြားသည်။ မိမိကိုယ်တိုင်ကတော့ ထိုဖေ့စ်ဘွတ်ခ်ကို မသိ။ ကိုယ်တိုင် သုံးနိုင်ဖို့ဝေးစွ၊ လူတကာ ဖုန်းပွတ်၍ ဖေ့စ်ဘွတ်ခ်နေကြသော သည်ခေတ်ထဲ ဦးဝင်းနိုင် ကိုင်နိုင်သည်က ခလုတ်ကလေးများ နှိပ်ရသည့် ကီးပတ်ဖုန်းလေးမျှသာ ဖြစ်သည်။

ကိုယ်ကသာ မသိတာ။ ဖေ့စ်ဘွတ်ခ် သုံးတတ်ကြည့်တတ်သော အိမ်ခွဲနေကြသည့် သားနှင့်သမီးတို့ကတော့ ဖုန်းဆက်၍ ဆူဆူပူပူ ညည်းတွားပြောဆိုကြ၏။ အဖေတို့ကလည်း ဘာဖြစ်လို့ ဖေ့စ်ဘွတ်ခ်ပေါ် လျှောက်တင်ရတာလဲ၊ အခုတော့ လူတွေ အကုန်သိကုန်ကြပြီ။ ခက်ပဲ့။ မသုံးတတ်ပါဘူးဆိုမှ ဖေ့စ်ဘွတ်ခ်ပေါ် ဓာတ်ပုံတင်မတဲ့လား ဦးဝင်းနိုင် တုံ့ပြန်မိ၏။

ဟုတ်တော့လည်းဟုတ်သည်။ ပန်းလှိုင်တံတားကြီးက ရှေ့တည့်တည့်မှာ အုပ်မိုးထားပြီး လယ်ကွင်းပြင်ထဲ အထီးကျန်စွာ တည်ရှိနေသည့် သူတို့မိသားစု၏ ခနော်နီခနော်နဲ့ တဲသာသာ အိမ်ကလေးက အခုရက်ပိုင်းအတွင်း ဖေ့စ်ဘွတ်ခ်မှာ နာမည်ကြီးနေသတဲ့…။ အိမ်ချည်းပဲဆို အကြောင်းမဟုတ်…။ အခုက သူများတွေ လာလာပြသည့် ဖေ့စ်ဘွတ်ခ်ပေါ်က ဓာတ်ပုံတွေထဲ ဦးဝင်းနိုင်နှင့် ဒေါ်ဝိုင်းကြည်တို့ လင်မယားလည်း ပါနေသည်။ ပြီးတော့ ဟိုကလေး ကောင်းပြည့်လည်း ပါသည်။

မောင်ကောင်းပြည့်က ဦးဝင်းနိုင်တို့လင်မယား၏ သားသမီး ခုနစ်ဦးအနက် ပဉ္စမမြောက်သား။ သူတို့မိသားစု ဖေ့စ်ဘွတ်ခ်ပေါ် နာမည်ကျော်ရခြင်းက သည်သားကြောင့် ဖြစ်သည်။ သာမန် ဖေ့စ်ဘွတ်ခ် သုံးစွဲသူတွေသာ မဟုတ်၊ သည်ကလေးကိုအကြောင်းပြု၍

# ကျူးကျော်တဲမှ ကြယ်ပွင့်ဖေဖေ

နိုင်လင်း

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အိမ်ကို သတင်းမီဒီယာသမားတွေ လာကြသည်။ သူတို့ ကင်မရာကြီးတွေနှင့် ဓာတ်ပုံတွေ၊ ဗီဒီယိုတွေ ရိုက်ယူ မှတ်တမ်းတင်ကြသည်။ တချို့က အိမ်ခန်းကျဉ်းကျဉ်းထဲ အထိ ဝင်၍ ရိုက်ကူးမှတ်တမ်းတင်ကာ ပြန်လည်ထုတ်လွှင့် လိုက်တော့၊ ကျူးကျော်တဲမှာနေသော သူတို့မိသားစု ပို၍နာမည်ကျော်သွားသည်။

ထို့ကြောင့် သားသမီးတွေက ဦးဝင်းနိုင်တို့ကို ဖုန်းလှမ်းဆက်၍ အပြစ်တင်ကြခြင်းဖြစ်၏။ ဖြစ်ချင်တော့ သူတို့မိသားစုနှင့်ပတ်သက်၍ ဖေ့စ်ဘွတ်ခ်ပေါ်တွင် စတင် ပျံ့နှံ့ခဲ့သည့် 'ကျူးကျော်တဲမှာ နေထိုင်တဲ့ ငါးဘာသာဂုဏ် ထူးရှင် မောင်ကောင်းပြည့်' ဟုဆိုသော ဓာတ်ပုံနှင့်စာက ဦးဝင်းနိုင်တို့ မိသားစုဝင်တွေထဲက တစ်ယောက်ယောက် တင်ခဲ့ခြင်းမဟုတ်။ သူများကိုလည်း မတင်ခိုင်းခဲ့။ယုတ်စွ အဆုံး၊ စီးပွားဖြစ်မှိုစိုက်၍ မှိုရာဇာ၊ ဦးမှိုကြီးဟု သူတို့ ခေါ်ကြသော မိတ်ဆွေက ထိုဓာတ်ပုံကို ဖေ့စ်ဘွတ်ခ်ပေါ် တင်ရန် ရိုက်သွားခြင်း ဖြစ်သည်ကိုပင် မသိခဲ့ကြရ။

ဦးမှိုကြီးကလည်း သူတို့ မိသားစုအအခြေ အနေနှင့် ကောင်းပြည့်၏ ပညာကြိုးစားမှုကို သိနေသော အတွင်းပဒ် ကျောင်းထိုင်ဆရာတော်၏ မိန့်ကြားချက်အရ ထိုသို့ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ ဖေ့စ်ဘွတ်ခ်ပေါ်တင်ရန်ဟု ကြိုတင် မသိခဲ့သော်လည်း ဦးမှိုကြီး ဓာတ်ပုံရိုက်ယူ သွားသောနေ့ကိုတော့ ဦးဝင်းနိုင်ရော၊ ဒေါ်ဝိုင်းကြည်ပါ ကောင်းကောင်းမှတ်မိကြသည်။ ထိုပုံတွင် ဦးဝင်းနိုင်မပါ၊ သူတို့ သားအမိနှစ်ယောက်ပဲ ပါသည်။

ဦးဝင်းနိုင်ကတော့ အပြင်က ပြန်လာချိန်မို့ ဓာတ်ပုံရိုက်နေသည်ကိုသာ ကြည့်နေမိ၏။ အမှတ်တရ ရိုက်ယူခြင်းဟုသာ မှတ်ထင်မိခဲ့ကြ၏။ အခုတော့ ထို ဓာတ်ပုံကို အကြောင်းပြု၍ လာလိုက်ကြသည့် သတင်း သမားတွေ…။ ကလေးကိုလည်း မေးကြမြန်းကြသည်။ ဦးဝင်းနိုင်တို့လင်မယားလည်း အငြိမ်မနေရ…။ ကျူးကျော် တဲမှာနေရသော သူတို့ဘဝ လူတကာ သိကုန်ပြီဆိုကာ သားကြီးသမီးကြီးတွေက ရှက်ကြ၏။ မဟာဘွဲ့ယူရန် ကြိုးစားနေသော အတူနေသမီးကလည်း ရှက်လို့ဟုဆိုကာ ကျောင်းတစ်ရက် မသွား။

တစ်နေ့လုံး အခန်းထဲဝင်ကာ စောင်ခေါင်းမြီး ခြုံအိပ်နေ၏။ ဦးဝင်းနိုင်တစ်ယောက် သားသမီးတွေကို ဖျောင်းဖျပြောဆိုရပြီ။ ငါးဘာသာဂုဏ်ထူးဖြင့် ဒသယ်တန်း အောင်ခဲ့သော မောင်ကောင်းပြည့်အတွက် ပညာရေး ရှေ့ခရီး ချောမွေ့စေရန် ကူညီခဲ့ကြခြင်းသာ ဖြစ်သည်ကို သားသမီးတွေ လက်ခံနားလည်အောင် ရှင်းပြရ၏။ ထိုသို့ ရှင်းပြရသော်လည်း အမှန်အတိုင်းဝန်ခံရလျှင် ဦးဝင်းနိုင် တို့လည်း ရှက်ရွံ့မိပါသည်။ ရိုးရိုးအေးအေးနေတတ်သည့် မိန်းမသားဖြစ်သော ဒေါ်ဝိုင်းကြည်က ပိုရှက်ရှာလိမ့်မည်။

သည်ကြားထဲ လာလိုက်သည့် ဖုန်းတွေ…။ မြန်မာနိုင်ငံအနှံ့က လာသည်။ ပြည်ပနိုင်ငံတွေကလည်း လာသည်။ အမေရိကန်၊ ဩစတြေးလျ၊ စင်ကာပူ၊ ကိုရီးယား၊ ဂျပန်၊ မလေးရှားစုံလို့…။ ကလေးအတွက် ဂုဏ်ပြုရင်း အကူအညီပေးလိုကြသည့် စေတနာရှင် တွေ…။ ရှက်ရွံ့မှု၊ အံ့ဩဝမ်းသာမှု၊ စိုးရိမ်မှုစသည်ဖြင့် အမျိုးမျိုး ရောပြွမ်းနေသော စိတ်ခံစားမှုတို့ဖြင့် ဖြတ်သန်းခဲ့ ရသော နေ့ရွှဲများ…။ သတင်းသမားတွေကလည်း မေးကြ ပြီ။

ဘယ်က လာကြသလဲ။ ဘာလို့ ကျူးကျော်တဲ မှာ နေသလဲ။ ဘာအလုပ်လုပ်သလဲ။ သားသမီးဘယ်နှ ယောက်ရှိသလဲ။ မေးခွန်းတွေ များလှသည်၊ မောင် ကောင်းပြည့်ကို အဓိက မေးကြမြန်းကြသည်။ ဦးဝင်းနိုင် ကိုလည် မေးသည်။ ဒေါ်ဝိုင်းကြည်ကိုလည်း မေးကြ သည်။ မေးရင်းမြန်းရင်း ဆယ်တန်းစာမေးပွဲ မဖြေမီ နောက်ဆုံး ကျူရှင်နှစ်လခ တစ်သိန်းလေးသောင်းကျော် အကြွေးကျန်နေတာပါ ကလေးက ထည့်ဖြေချလိုက်သည်။ ပိုရှက်ရပြန်၏။

တကယ်ဆိုလျှင်တော့၊ ပြီးခဲ့သော အတိတ် တွေကို ဦးဝင်းနိုင် ပြန်မတွေးချင်တော့…။ သို့သော် ပြန်လည် တူးဆွလိုသူများ ရှိလာသောအခါ ဖြစ်ခဲ့ပြီးသော ပုံရိပ်တွေ ပြန်ပေါ်လာရ၏။

ဦးဝင်းနိုင်က မန္တလေးတိုင်း၊ နွားထိုးကြီး မြို့နယ်၊ ညောင်ခြေပေါ် ရွာသားဖြစ်သည်။ ငယ်စဉ်က ကျောင်းနေခဲ့ရသော်လည်း သုံးတန်းအောင်ချိန်အထိသာ ဖြစ်သည်။ သုံးတန်းအောင် ကျောင်းသားမောင်ဝင်းနိုင် တစ်ယောက် ပညာ ဆက်လက် သင်ယူလိုသော်လည်း

*ကျူးကျော်တဲမှာနေရသော သူတို့ဘဝ လူတကာ သိကုန်ပြီဆိုကာ သားကြီးသမီးကြီးတွေက ရှက်ကြ၏*





www.burmeseclassic.com

www.burmeseclassic.com

သင်ယူခွင့်မရခဲ့။ မိသားစုက ဇာတိမြေမိတ္ထီလာမှ ရှစ်မိုင်လောက်ဝေးသော တောင်သာမြို့နယ်အတွင်းရှိ ညောင်ဒိုရွာကို ရွှေပြောင်းအခြေချပြီးနောက် မောင်ဝင်းနိုင် ကျောင်းတက် ခွင့်မရတော့။

ပညာ ဆက်လက် သင်ယူလိုစိတ်ရှိသော်လည်း ဆယ်နှစ်သား မောင်ဝင်းနိုင်တစ်ယောက် မိဘကို နားပူနားဆာလုပ် တောင်းဆိုတာမျိုးတော့ မရှိခဲ့။ ဒါကလည်း သူတစ်ယောက်တည်းမှမဟုတ်။ ကျေးလက်သဘာဝအရ မိဘလက်ငုတ် အလုပ်တွေထဲ ကူညီလုပ်ကိုင်ကြရင်း ကျောင်းပညာ တစ်ခန်းရပ်ခဲ့ရသည်က မောင်ဝင်းနိုင်တို့လို ကျေးလက်နေ လက်လုပ်လက်စားများအဖို့ အထူးအဆန်းမဟုတ်။ ရွှေပြောင်းလာသည့် ညောင်ဒိုရွာသို့ စတင်ရောက်ရှိချိန်တွင် ဘုန်းတော်ကြီးကျောင်းမှာ စာသင်ကြားခွင့်ရသေး၏။ သည်လိုနှင့် ပညာရေးနှင့် တစ်စထက်တစ်စ ပိုပိုဝေးလာသော မောင်ဝင်းနိုင်တစ်ယောက် ၁၃ နှစ်သားအရွယ်တွင် ထန်းတက်သမားဘဝကို အစပြုခဲ့ရ၏။

ထို့နောက် အသက် ၂၀ အရွယ်ခန့်တွင်တော့ ညောင်ဒိုရွာသူပင်ဖြစ်သည့် မဝိုင်းကြည်နှင့် မေတ္တာမျှကာ အိမ်ထောင်ရှင် ကိုဝင်းနိုင် ဖြစ်လာခဲ့သည်။ ထန်းတက်ရာသီတွင် ထန်းတက်၊ မိုးရာသီတွင် ကျေးလက်သဘာဝကြုံရာအလုပ်ကလေးများလုပ်ရင်း ဘဝကို ရုန်းကန်လှုပ်ရှားခဲ့သည်။ ဇနီးသည် မဝိုင်းကြည်ကတော့ ထန်းသမားမယားပီပီ ထန်းလျက်ချက်၊ ထင်းရှာပေါ့။ သည်လိုနှင့် မိခင်ဖခင်တွေ ဖြစ်လာတော့မည်ဟု ဇနီးသည်ထံမှ သိရချိန်မှစ၍ ဦးဝင်းနိုင်တစ်ယောက် ဆုံးဖြတ်ချက်တစ်ခုကို ကြိုတင်ချမှတ်ဖြစ်ခဲ့သည်။

'ငါ့သားသမီးတွေတော့ ငါ့လိုမျိုး ပညာလိုချင်ပါလျက် မသင်ရတာမျိုး မဖြစ်စေရဘူး'

ခုနှစ်သက္ကရာဇ်တွေက တရွေ့ရွေ့ကုန်ဆုံးခဲ့၏။ ဦးဝင်းနိုင်နှင့် ဒေါ်ဝိုင်းကြည်တို့အတွက် ထန်းတက်၊ ထန်းလျက်ချက် ဘဝက တိုးတက် မလာသော်လည်း သံယောဇဉ်ကြိုးတွေကတော့ ပိုမိုများပြားလာခဲ့ပြီ။ မိသားစုကို ဦးဆောင်နေရသော ဦးဝင်းနိုင်တစ်ယောက်လည်း ကျေးလက်နေ လူမှုဘဝ၏ ခက်ခဲချို့တဲ့မှုများကို ကျော်ခိုင်းရန် စဉ်းစားလာခဲ့ပြီ။ ပုံမှန်အလုပ်ဖြစ်သည့် ထန်းသမားဘဝကို ကျင်လည်ရင်း ထန်းတက်ချိန်ရောက်လျှင် ထန်းလှီးလိုက်၊ ကြက်သွန်လေးစိုက်လိုက်နှင့် လုံးလည်ချာလည်လိုက်နေသော ဘဝနှင့် ရေရှည်အတွက် မလွယ်ကူမှန်း စဉ်းစားနေမိပြီ။

ထန်းတက်ပညာသာ တတ်သူမို့ ထန်းတက်၊ ထန်းလျက်ချက် လုပ်နေရသော်လည်း လုပ်ငန်းက သိပ်အဆင်မပြေချင်တော့။ အရင်ကလို ထင်းကလည်း ရှာရဖွေရ မလွယ်ကူ။ ထန်းလျက်ချက်ရန် လိုသလောက် ထင်းမရ၍ ဝယ်သုံးရသည့်အခါ ထင်းဈေးကလည်းကြီး....။ ဒါဆို ဘာလုပ်မလဲ၊ တွေးကြည့်တော့လည်း အဆင်ပြေမည့် လမ်းကိုမတွေ့။ အဆင်ပြေတန်ကောင်းရဲ့လို့ ကြက်သွန်လေးစိုက်ပြန်တော့လည်း ရင်းနှီးရသည့် ဓာတ်မြေသြဇာဈေးတွေက ကြီးလာသည့်အပြင် ကြက်သွန်ကလည်း ထင်သလောက် ဈေးကောင်းမရ...။

သည်အတိုင်းနေရင်း ထန်းတက်ရာသီ ကုန်ဆုံးပြန်တော့ လုပ်စရာအလုပ်ကမရှိ။ ကိုယ်တွေ တောရွာဆိုသည်ကလည်း မြို့ကြီးတွေမှာလို အလုပ်မရှိ လိုက်ရှာလို့ရတာမျိုးမဟုတ်တော့ အခက်သား...။ မိုးလေးမှန်မှန်ရွာလို့ တောင်သူတွေဆီမှာ ပဲစိုက်၊ နှမ်းစိုက်၊ ပဲရိတ်၊နှမ်းရိတ်ဖို့အတွက် အလုပ်ကလေးရှိလျှင်တော့ အဆင်ပြေနိုင်သေးသည်။ သည်လိုမှမဟုတ်၊ မိုးက မမှန်ပြန်လျှင် ကိုယ့်ကို အလုပ်ပေးဖို့ နေနေသာသာ အဲသည်တောင်သူတွေကိုယ်တိုင်ပင် လုပ်စရာမရှိလို့ ငုတ်တုတ်ထိုင်နေရတာမျိုး...။ ဦးဝင်းနိုင်တစ်ယောက် တွေးပူနေမိသည်။ အထူးသဖြင့် ပညာရေး၊ ကလေးတွေပညာရေးအတွက် သူ စိတ်ပူသည်။ ကလေးတွေကလည်း တဖြည်းဖြည်း အရွယ်ရောက်လာတော့ အကြီးဆုံးကောင်ပင် အလယ်တန်း တက်နေပြီ။ ထန်းတက်သားသမီးတွေဖြစ်လို့ ထန်းအိုးသယ်၊ ထင်းကောက်ရင်း ထန်းတက်သမားတွေပဲ ဖြစ်လာမှာကို မလိုလား။ ထို့ကြောင့် ဘယ်သားသမီးကိုမှ ထန်းတက်ပညာကို သင်မပေး။ သူ ပေးလိုသည်မှာလည်း ထန်းတက်ပညာမဟုတ်။ အတန်းပညာ၊ ခေတ်ပညာအမွေဖြစ်သာ ဖြစ်သည်။ သူတို့ကလေးတွေ လူလားမြောက်လာသည့်အချိန် ကိုယ့်လိုပဲ ပင်ပင်ပန်းပန်း လုပ်ကိုင်ရှာဖွေစားသောက်



www.burmeseclassic.com

www.burmeseclassic.com

ရမှာကို ဦးဝင်းနိုင် မလိုလားပါ။

သူ့လိုပဲ ဘယ်မိဘကမှလည်း လိုလားမည် မဟုတ်။ ထို့ကြောင့် သားသမီး သုံးယောက်ရချိန်တွင် ဦးဝင်းနိုင်တစ်ယောက် စဉ်းစားလာပြီ။ သည်ညောင်ဒိုရွာလေးမှာနေရင်း သည်သားသမီးတွေအားလုံး ပညာတတ်ဖို့၊ အနည်းဆုံး ဆယ်တန်းလောက်ဖြစ်ဖြစ် အောင်သည်အထိ ပညာသင်ပေးနိုင်ဖို့ စွမ်းဆောင်နိုင်ပါ့မလား ဆိုတာ ဦးဝင်းနိုင် ကိုယ့်ကိုယ်ကိုယ်မသေချာ။ မြို့တက်၍ စီးပွားရှာချင်သည့် အာသီသက ပိုမိုပြင်းပြလာခဲ့၏။ မြို့မှာဆိုလျှင် ကလေးတွေ ပညာရေး အခွင့်အလမ်းကလည်း တောမှာထက်တော့ ပိုကောင်းမည်။

ထို့ကြောင့် အကြီးဆုံးကောင် ဆယ်တန်း မရောက်မီကတည်းက ရန်ကုန်သို့တက်၍ အခြေချနိုင်ရန် ဦးဝင်းနိုင် ကြိုတင်လေ့လာစူးစမ်းသည်။ သူတို့သားအမိတွေကို ရွာမှာထားခဲ့ပြီး ဦးဝင်းနိုင်တစ်ဦးတည်း မြို့ကို တက်ခဲ့သည်။ မိသားစုအားလုံး အခြေချနိုင်မည့် အခြေအနေ ရှိမရှိလေ့လာသည်။ မြို့ရောက်သော်လည်း တခြားလုပ်ငန်းတစ်ခုခုလုပ်ဖို့ ဦးဝင်းနိုင်မှာ အရင်းအနှီးမရှိပါ။ ကြုံရာကျပန်း ဝင်ရောက်လုပ်ကိုင်၍လည်း မိသားစုစားဝတ်နေရေးလုံလောက်မှု ရှိမည်မဟုတ်တာကို သိနေသည်။

သူ့အတွက် တစ်ခုတည်းသော ရည်ရွယ်ချက်ထားစရာက မြို့မှာ ထန်းတက်ဖို့ပဲဖြစ်သည်။ တောမှာလို ထန်းလျက် ချက်ဖို့တော့မဟုတ်။ မြို့ကြီးသားတွေလည်း ထန်းရည်တော့ ကြိုက်ကြသည်မို့လား။ ဦးဝင်းနိုင်တတ်ထားသည့် ပညာကလည်း သည်တစ်ခုပဲ ရှိတာဆိုတော့၊ ဒါကလွဲ၍ အခြားစဉ်းစားရန်မရှိ။ ရန်ကုန်မြို့စွန်၊ လှိုင်သာယာဘက်၌ သူ့အတွက် ထန်းတက် အလုပ်လုပ်၍ရမည့် နေရာ ရှိသည်ဆို၍ မြို့တက်၍ စူးစမ်းခြင်းဖြစ်သည်။

သိပ်တော့မဆိုး၊ သူတို့မိသားစု အခြေချလို့ရနိုင်လောက်သည်ဟု ယူဆလိုက်သည်။ ထို့ကြောင့် ရွာတစ်ခေါက်ပြန်သည်။ မွေးရပ်စစ်စစ် မဟုတ်သော်လည်း ၁၃ နှစ်သားကတည်းက သူ အခြေချခဲ့သည့် တောင်သာမြို့နယ်၊ ညောင်ဒိုရွာကို စွန့်ခွာရန် ဦးဝင်းနိုင် ဆုံးဖြတ်လိုက်သည်။ ကလေးတွေ၏အမေ မဝိုင်းကြည်ကလည်း မတားတော့။ ကလေးတွေရှေ့ရေးအတွက် ဒီလိုလုပ်မှ ဖြစ်တော့မည်ဟု သူပြောထားသည်။ ကျောင်းတက်နေသော ကလေးသုံးယောက်ကိုပါ မြို့မှာ ကျောင်းဆက်ထားနိုင်ဖို့ စီစဉ်ရသည်။

မိဘဆွေမျိုးတွေကတော့ တစ်ရပ်တစ်ကျေးသို့ စွန့်စားသွားရောက်ကြမည်ကို မလိုလား။ တားကြသေးသည်။ အထူးသဖြင့် အမေက စိုးရိမ်သည်။ 'ဝင်းနိုင်ရယ်၊ နင်တို့စိတ်တွေက ကြွပ်ဆတ်ဆတ်နဲ့။ ဟိုမှာ ကိုယ့်အမျိုးအဆွေရယ်လို့လည်း ရှိတာမဟုတ်ဘူး။ ငါတော့ မသွားစေချင်ဘူး' အမေကပြောသည်။ သို့သော် ဦးဝင်းနိုင်က ဆုံးဖြတ်ပြီးပြီ။ ထို့ကြောင့် အမေ တားနေသည့်ကြားက ရွာမှာ လုပ်ကိုင်နေသော ထန်းပင်တွေ၊ ထန်းတက်ပစ္စည်းတွေ အကုန်ယတိပြတ် ရောင်းချပစ်ခဲ့၏။ နောက်ပြန်မလှည့်ဘူးဆိုသည့် သဘော။

'ဒီလိုမှမလုပ်ရင် ကလေးတွေ ပညာရေးနဲ့ ဘယ်လိုမှ မဖြစ်တော့ဘူး အမေ။ ဒီမှာနေလည်း ကျုပ်တို့ အဆင်မပြေတာ မြင်နေရရင် အမေတို့လည်း စိတ်ဆင်းရဲရမယ်' စိတ်ထဲ ခံစားမိသည့်အတိုင်း အမေကို ပြန်ပြောပြခဲ့၏။ သည်လိုနှင့် လှိုင်သာယာမြို့နယ်ထဲက အပြင်ပဒုံရပ်ကွက်အတွင်းရှိ ကျုပ်ငါးသောင်းတန် မြေကွက်ကလေးက ဦးဝင်းနိုင်တို့ မိသားစုအတွက် မြို့ကြီးမှာ အခြေချစရာနေရာလေးဖြစ်ခဲ့သည်။ ရန်ကုန်မြို့ကို စရောက်လာတော့ ၂၀၀၁ ခုနှစ်။

ရွာက ထန်းလုပ်ငန်းတွေ ရောင်းချလာခဲ့သော ငွေကြေးအနည်းငယ်နှင့် အိမ်ဆောက်သည်။ ထို့နောက် ကျန်ငွေတချို့ဖြင့် ကြိုတင်စီစဉ်ထားသည့်အတိုင်း ဦးဝင်းနိုင်တစ်ယောက် မြို့ကြီးရောက် ထန်းတက်သမား ဖြစ်လာ၏။ မြို့က ထန်းတောပိုင်ရှင်များထံမှ သီးစားယူကာ ထန်းရည်ရောင်းသည့်ဆိုင်ကို ပြန်သွင်းသည်။ လှိုင်သာယာမှာနေသော်လည်း ထန်းတောရှိရာ သွားရတာမို့ နယ်နိမိတ်ထိစပ်နေသည့် တွံတေးနယ်ထဲလည်း ရောက်သည်။ ရွာမှာ ထန်းလျက်ချက်၊ ထန်းအိုးကောက်ခဲ့ရသည့် ဇနီးသည် ဒေါ်ဝိုင်းကြည်လည်း တတ်နိုင်သမျှ ဝိုင်းဝန်းလုပ်ကိုင်ရင်း ကလေးတွေ ဝေယျာဝစ္စလည်း လုပ်ပေးရသေးသည်။

မြို့ရောက်ပြီး မကြာမီမှာပင် အကြီးဆုံးသားကြီးက ဆယ်တန်းကျောင်းသား ဖြစ်လာသည်။ မျှော်လင့်

*ဒီလိုမှမလုပ်ရင် ကလေးတွေပညာရေးနဲ့ ဘယ်လိုမှ မဖြစ်တော့ဘူးအမေ။ ဒီမှာနေလည်း ကျုပ်တို့ အဆင်မပြေတာ မြင်နေရရင် အမေတို့လည်း စိတ်ဆင်းရဲရမယ်*



www.burmeseclassic.com

www.burmeseclassic.com

ထားသည့်အတိုင်း နှစ်ချင်းပေါက် အောင်ခဲ့သည်။ ဦးဝင်းနိုင်ရော၊ ဒေါ်ဝိုင်းကြည်ပါ ကျေနပ်သည်။ မြို့တက်လာသည့် ဆုံးဖြတ်ချက်မှန်သည်ဟု ကိုယ့်ကိုယ်ကိုယ် တွေး၍ ကျေနပ်မိခဲ့ကြသည်။ သားကြီးက စီးပွားရေးဘာသာရပ်ဖြင့် အဝေးသင် ကျောင်းဆက်တက်သည်။

သိပ်မကြာ နောက်နှစ် အနည်းငယ်အတွင်း ဒုတိယသမီးလည်း ဆယ်တန်းဖြေရသည်။ အောင်သည်။ တတိယသမီးအလှည့်ကျမှ တစ်နှစ်ကျသည်။ ဦးဝင်းနိုင်တို့ လင်မယားနှစ်ယောက် စိတ်မကောင်းဖြစ်ကြရသည်။ သို့သော် သမီးကို ဆူပူကြိမ်းမောင်းတာတွေတော့ မလုပ်။ ဆယ်တန်းနှစ်မှ ကျူရှင်ထားရသဖြင့် ကလေးက စာမကျေခဲ့ဟု ယူဆကာ ခွင့်လွှတ်ခဲ့ကြသည်။

'နောက်နှစ်တော့ ပိုကြိုးစားပေါ့ သမီးရယ်' ဟုဆိုကာ အားပေးခဲ့ကြ၏။ အင်္ဂလိပ်ဘာသာဖြင့် စာမေးပွဲကျခဲ့သောသမီး၊ နောက်တစ်နှစ်ပြန်ဖြေကာ အောင်တော့ အင်္ဂလိပ်ဘာသာဖြင့် တက္ကသိုလ်တက်ခွင့်ရသည်။ ပညာမတတ်လျှင် လူ့အောက်ကျရမည်ဟု အခါအခွင့်သင့်တိုင်း သားသမီးတွေကို ပြောပြ၏။ ၁၃ နှစ်သားကတည်းက ကျောင်းစာသင်ခန်းနှင့်ဝေးခဲ့သော ဦးဝင်းနိုင်တစ်ယောက် အခုဆို ကိစ္စတစ်ခုခုရှိလို့ လက်မှတ်ကလေးထိုးရဖို့တောင် လက်က တုန်တတ်နေသည်။ ပညာမရဲရင့်ခဲ့၍ ဦးဝင်းနိုင်တစ်ယောက် ပွဲလယ်မတင့်နိုင်တော့။

'မင်းတို့အမေ မဝိုင်းကြည်လည်း ဘာထူးလဲ။ လေးတန်းအထိပဲ တက်ခဲ့ရတာ။ အခု အဖေတို့က အခက်အခဲတွေကြားထဲက မင်းတို့ကို ပညာသင်ပေးနေရတာ။ ပညာကြိုးစားမှ လူရာဝင်မယ်ဆိုတာ အဖေနဲ့အမေက သက်သေပဲ' ကလေးတွေကို သည်အတိုင်းသင်ပေးခဲ့၏။

သားသမီး ခုနစ်ဦးအထိ ရရှိလာချိန်တွင်တော့ အရင်လို ထန်းရည်ဖောက်သည် လိုက်ချပေးရုံနှင့် မိသားစု စားဝတ်နေရေး၊ ပညာရေးအတွက် ဝင်ငွေမလုံလောက်တော့။ ကိုယ်တိုင် ထန်းရည်ဆိုင်လေးဖွင့်နိုင်ဖို့ ကြိုးစားရတော့သည်။ ရန်ကုန်ရောက်ပြီး ခြောက်နှစ်အကြာတွင် အိမ်မှာပင် ဆိုင်လေးစဖွင့်ခဲ့၏။ ထန်းရည်ဆိုတာကလည်း ယစ်မျိုးဥပဒေနှင့် မလွတ်ကင်းတာမို့ လွယ်ကူသည်တော့ မဟုတ်....။ သို့သော် ထန်းတက်ခြင်းကိုသာ လုပ်တတ်သော ဦးဝင်းနိုင်အဖို့ မိသားစု စားဝတ်နေရေးအတွက် အခက်အခဲတွေကြားကပဲ ပြေလည်အောင် ရင်ဆိုင်ရင်းဆက်လက် လုပ်ကိုင်ဖြစ်ခဲ့သည်။

ထန်းတက်သမားဆိုတာကလည်း ၁၂ ရာသီ အဆင်ပြေနေသော လုပ်ငန်းမျိုးတော့ မဟုတ်ပေ။ ထန်းတက်ရာသီ ကုန်ဆုံးချိန် မိုးကာလဆိုလျှင် မိသားစု ရပ်တည်ရေးက ပိုမိုကျပ်တည်းသည်။ ပုံမှန်အလုပ်အကိုင်မရှိတော့ ပုံမှန်ဝင်ငွေလည်းမရှိ။ သည်တော့ တခြားအလုပ်တစ်ခုလုပ်ဖို့ စဉ်းစားရပြန်သည်။ ထန်းတက်ရာသီမှာ စုဆောင်းထားသော ငွေကြေး အနည်းအကျဉ်းကလေးတွေ ကျောင်းစရိတ်အတွက် သုံးရဦးမည်။

မိုးရာသီရောက်တိုင်း အလုပ်လက်မဲ့ဖြစ်သွားမှုကို ဖြေရှင်းရန် ဦးဝင်းနိုင် ကုန်သွားထမ်းကြည့်သည်။ တစ်ပတ်ခန့်သာလုပ်ပြီး လက်လျှော့လိုက်ရသည်။ မလုပ်နိုင်။ သည်လိုနှင့် ဆိုက်ကားသမားဦးဝင်းနိုင် ဖြစ်ခဲ့ရပြန်သည်။ မိုးမကျမီ ထန်းတက်၊ မိုးရာသီတွင် ဆိုက်ကားနင်းရင်းဖြင့် မိသားစုအတွက် ရုန်းကန်လှုပ်ရှားရပြန်သည်။ ထိုသို့ ရုန်းကန်လှုပ်ရှားခဲ့ရင်း ၂၀၁၃ ခုနှစ်ရောက်တော့၊ ဦးဝင်းနိုင်တို့ မိသားစုဘဝအခြေအနေ အလှည့်အပြောင်းတစ်ခု ကြုံရဖို့ ဖြစ်လာရပြန်သည်။ စီးပွားရေးက အဆင်မပြေ။ လိုအပ်ချက်ကြောင့် ချေးငှားထားသည့် ငွေကြေးတွေကလည်း ရှိနေသည်။ ကလေးတွေအားလုံးက ကျောင်းသားတွေဖြစ်လာတော့၊ ငွေကြေးကုန်ကျမှုကလည်း ပိုများလာသည်။ မည်မျှ ကျပ်တည်းနေပါစေ၊ သားသမီးတစ်ယောက်ကိုမျှ ကျောင်းထုတ်ပစ်ရန် မစဉ်းစား။

ပညာကိုသာ ဆက်သင်ပေးခဲ့သည်။ မည်သို့ပင် စိတ်ပျက်အားနည်းစရာ အခြေအနေ ကြုံနေရပါစေ၊ ပညာသင်ယူဖို့ကိုသာ အဓိကထား စဉ်းစားရန် သားသမီးတွေကိုလည်း မှာထား၏။ သားသမီးတွေ ပညာရေးကို ဦးစားပေးလွန်း၍ မိန်းမသားဖြစ်သည့် ဒေါ်ဝိုင်းကြည်နှင့် တစ်ခါတလေ နားလည်မှု လွဲတာလေးတွေ ရှိခဲ့၏။ သို့သော် ပြန်လည်ရှင်းပြ ဖျောင်းဖျလိုက်လျှင် ပြေလည်သွားတတ်စမြဲ။

ဦးဝင်းနိုင်တစ်ယောက် ဇနီးဒေါ်ဝိုင်းကြည်နှင့်

*၁၃ နှစ်သားကတည်းက ကျောင်းစာသင်ခန်းနှင့်ဝေးခဲ့သော ဦးဝင်းနိုင်တစ်ယောက် အခုဆို ကိစ္စတစ်ခုခုရှိလို့ လက်မှတ်ကလေးထိုးရဖို့တောင် လက်က တုန်တတ်နေသည်*



www.burmeseclassic.com

www.burmeseclassic.com

တိုင်ပင်ကာ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသားဆုံးဖြတ်လိုက်ရပြန်သည်။ လက်ရှိနေထိုင်နေသော၊ သူတို့မိသားစု၏ တစ်ခုတည်းသော တန်ဖိုးရှိပိုင်ဆိုင်မှုဖြစ်သည့် အိမ်ကလေးကို ရောင်းဖို့ပဲဖြစ်သည်။ ကျူးကျော်တဲမှာနေထိုင်ရသော ဘဝကို မလိုချင်သော်လည်း မဖြစ်မနေ ရွေးချယ်လိုက်ရတော့၏။ သည်လို ကျူးကျော်နေနိုင်တာတောင် မိတ်ဆွေတစ်ယောက်က အသိမ်းခံထားရပြီး လျော်ကြေးမရသေးသော သူ့လယ်ကွက်ထဲ တဲထိုးနေထိုင်ရန် ကူညီပေးခဲ့၍ဖြစ်သည်။

အဲသည့် ကျူးကျော်တဲကလေးရောက်မှ အမိုးတက်မိုးရင်း ခြေချော်ကျ၍ ဦးဝင်းနိုင် လက်ကျိုးသည်။ မိုးရာသီမှာ ဆိုက်ကား မနင်းနိုင်တော့။ နောက်တစ်မျိုး စဉ်းစားရပြန်သည်။ ဆိုင်ကယ်ကယ်ရီ ဆွဲသည်။ ကယ်ရီသမား ဦးဝင်းနိုင် ဖြစ်ခဲ့ပြန်၏။ အခုတော့ သူတို့မိသားစုအတွက် ကျောတစ်ခင်းစာ ကျူးကျော်တဲကလေးက မရည်ရွယ်ဘဲ၊ ထင်မှတ်မထားဘဲ နိုင်ငံကျော်ခဲ့ရပြီ။ ကောင်းထက်ဟု အိမ်သားတွေကခေါ်ကြသည့် မောင်ကောင်းပြည့်ကလေးက ဆယ်တန်းစာမေးပွဲကို ဂုဏ်ထူးငါးဘာသာနှင့် အောင်မြင်ခဲ့သည်။ ကျူးကျော်တဲမှာ နေထိုင်ပြီး ဆယ်တန်းကို ဂုဏ်ထူးငါးဘာသာဖြင့် အောင်မြင်သော မောင်ကောင်းပြည့်။

ထန်းတက်သမား၏ သား။ ကျူးကျော်တဲမှာနေထိုင်သော ကလေး။ ဆယ်တန်းကို ငါးဘာသာဂုဏ်ထူးဖြင့် အောင်သည်။ စိုးထိတ်မှု ဖုံးလွှမ်းနေသော ကျေနပ်မှုမျိုးဖြင့် ဦးဝင်းနိုင်တို့ လင်မယားနှစ်ယောက်စလုံး ကျေနပ်ပျော်ရွှင်ကြရသည်။ အခက်အခဲတွေကြားထဲက ဘဝကိုရင်းပြီး သည်ကလေးတွေ အနာဂတ်အတွက် ဦးဝင်းနိုင် ထမ်းပိုး မြှင့်တင်ပေးခဲ့သည်။ ပညာတတ်မှ လူရာဝင်မည်။ ပညာတတ်မှ ပင်ပင်ပန်းပန်း ငွေရှာရမည်မဟုတ်ဟု ပြောဆိုဆုံးမခဲ့သည်။

အခု ပညာ ကြိုးစားသင်ယူသော ကလေးက ငါးဘာသာဂုဏ်ထူးနှင့် အောင်မြင်ပြန်တော့၊ ရှေ့ဆက်ရမည့် ပညာရေးခရီးအတွက် ရင်မောရပြန်သည်။ သူရခဲ့သည့်အမှတ်နှင့် ကိုက်ညီသော၊ ကလေးကိုယ်တိုင်တက်ရန် ရည်ရွယ်ထားသော တက္ကသိုလ်ကောင်းကောင်းတစ်ခုကို သူတို့မထားပေးနိုင်တော့။ စိတ်မကောင်းဖြစ်မိသော်လည်း ဖြစ်သင့်သည့် အခြေအနေကို၊ လက်လှမ်းမီနိုင်မည့် တက္ကသိုလ်တစ်ခုကို ဦးဝင်းနိုင်ကိုယ်တိုင် ဆုံးဖြတ်ပေးလိုက်သည်။

'ပညာရေးတက္ကသိုလ်သာ လျှောက်ကွာ။ ကျောင်းဆရာလုပ်' ကိုယ့်သားသမီးတွေထဲက တစ်ယောက်ယောက် ကျောင်းဆရာ၊ ဆရာမ ဖြစ်စေချင်သော ဆန္ဒကလည်း သူ့မှာရှိသည်။ ထိုဆန္ဒနှင့် လက်ရှိအခြေအနေ နှစ်ခုပေါင်း၍ မောင်ကောင်းပြည့်အတွက် အသင့်တော်ဆုံးဖြစ်မည့် ပညာရေးတက္ကသိုလ်ကို ဦးဝင်းနိုင် စဉ်းစား ရွေးချယ်ပေးထားခြင်း ဖြစ်သည်။

သို့သော် ဖေ့စ်ဘွတ်ခ်ပေါ်က ဓာတ်ပုံတစ်ပုံက မောင်ကောင်းပြည့်၏ အနာဂတ်ကို ပြောင်းလဲပေးခဲ့သည်။ သူ၏ပညာရေးအတွက် ဆက်လက် ကူညီထောက်ပံ့ဖို့ ကမ်းလှမ်းမှုတွေ အများအပြားရှိသည့်ကြားမှ နောက်ဆုံးတော့ မပန်ဟု သူကိုယ်သူ ရည်ညွှန်းစကားဆိုတတ်သည့် သရုပ်ဆောင် ဆုပန်ထွာမိသားစုက မောင်ကောင်းပြည့် ဘွဲ့ရသည်အထိ ပညာသင်စရိတ်ထောက်ပံ့ရန် အတည်ဖြစ်သွားခဲ့သည်။

ပညာရေးတက္ကသိုလ်တက်ရန် ရည်ရွယ်ခဲ့ရသော မောင်ကောင်းပြည့် အမှတ်မီလျှင် ဆေးကျောင်းတက်ရမည်။ ဆေးကျောင်းအမှတ်မမီလျှင် ရေကြောင်းသိပ္ပံ။ ဘယ်တက္ကသိုလ်ပဲဖြစ်ဖြစ် ဆုပန်ထွာတို့မိသားစုက ထောက်ပံ့ပေးမည်။ 'သူတို့နေတဲ့ ကျူးကျော်တဲအထဲကို ဝင်လိုက်တဲ့အချိန်မှာ မောင်ကောင်းပြည့်မှာ မောင်နှမ ခုနစ်ယောက်ရှိတယ်။ အဲဒီကလေးတွေအားလုံးက စာတော်ကြတယ်ဆိုတဲ့ သက်သေက ကလေးတွေ ရထားတဲ့ ဆုတံဆိပ်တွေက ဖော်ပြပေးနေတယ်' ဟု ဆုပန်ထွာက မီဒီယာတစ်ခုသို့ ဖြေသည်ကို သူများလာပြ၍ ဦးဝင်းနိုင် ဖတ်လိုက်ရသည်။

သူကိုယ်တိုင်ကတော့ သူ့သားသမီးများ၏ ပညာရေးနှင့်ပတ်သက်၍ အားမရမှုတွေ ရှိနေသေးသည်။ သားသမီး ခုနစ်ယောက်။ အကြီးဆုံးသားနှင့် တတိယမြောက် သမီးက ဆယ်တန်းအောင်ပြီးမှ ကျောင်းဆက်ထားပါလျက်နှင့် အကြောင်းအမျိုးမျိုးဖြင့် ပညာရေးရပ်တန့်ကာ

*ဖေ့စ်ဘွတ်ခ်ပေါ်က ဓာတ်ပုံတစ်ပုံက မောင်ကောင်းပြည့်၏ အနာဂတ်ကို ပြောင်းလဲပေးခဲ့သည်။ သူ၏ပညာရေးအတွက် ဆက်လက် ကူညီထောက်ပံ့ဖို့ ကမ်းလှမ်းမှုတွေ အများအပြား*



www.burmeseclassic.com

www.burmeseclassic.com

အခုတော့ အိမ်ထောင်ပင်ပြုကုန်ကြပြီ။ ဒုတိယမြောက်သမီးက သနီ်္ချာဘွဲ့ရထားပြီး မဟာဘွဲ့ယူရန် ဆက်ကြိုးစားနေသည်။ စတုတ္ထမြောက်သားက လှိုင်သာယာနည်းပညာတက္ကသိုလ်မှာ Electrical Power ဘာသာဖြင့် ဒုတိယနှစ်ရောက်နေပြီ။

ပဥ္စမမြောက်သားက ငါးဘာသာဂုဏ်ထူးရှင်။ အငယ်နှစ်ယောက်ကတော့ ခြောက်တန်းနှင့်ခုနစ်တန်းမို့ထားတော့။ ဤအခြေအနေကို ဦးဝင်းနိုင်အနေဖြင့် ကျေနပ်မှုမရှိသေးဟုဆိုသည်က တခြားလူတစ်ဦးအတွက် မေးခွန်းထုတ်စရာ ဖြစ်နေနိုင်သည်။ 'ပညာတန်ဖိုးကို မသိတဲ့အပိုင်းတွေလည်း ရှိသေးတယ်။ တန်ဖိုး အသိနည်းတာပေါ့။ ပညာမတတ်လို့ တတ်အောင်သင်ပေးတယ်။ တတ်ထားတဲ့ပညာကို တန်ဖိုးထားတတ်မှု နည်းတာပေါ့။ ကိုယ်တွေအမြင်ကျတော့ ပညာကို တန်ဖိုးထားသိတတ်မှု နည်းတယ်'ဟု သူ့အကျင့်အတိုင်း 'ကိုယ်တွေ'ဟု နာမ်စားသုံးရင်း သားသမီးတွေအပေါ် အားမရမှုကို ဦးဝင်းနိုင် ထုတ်ပြောသည်။

အခုတော့ သူ အမြဲသုံးစွဲခဲ့သော 'ပညာရဲရင့် ပွဲလယ်တင့်'ဆိုသည့် ရှေးဆိုရိုးစကားကလေးကို ဦးဝင်းနိုင် တစ်ယောက် ပြန်လည် ဆင်ခြင်နေမိသည်။ 'ကျူးကျော်တဲမှာနေသောမိသားစု'ဟူ၍ သူတို့ကို တစ်နိုင်ငံလုံးက သိသွားကြသော်လည်း သည်ကျူးကျော်တဲထဲက အနာဂတ်၏ ရတနာတွေကသာ လူတွေကို ဖမ်းစားနိုင်ခဲ့သည် မဟုတ်လား…။

'မထင်မှတ်တာတွေ တွေ့ရတော့ ပျော်တာပေါ့။ ဆေးတက္ကသိုလ်ဆိုတာ၊ ရေကြောင်းဆိုတာ ကျွန်တော်တို့ အနေအထားနဲ့ ဘယ်လိုမှမထားနိုင်ဘူး' ဆုပန်ထွာမိသားစု၏ ကူညီဖေးမမှုအတွက် ဦးဝင်းနိုင်၏ရင်တွင်းစကားက 'ပညာတတ်ကို ရွေးချယ်နေတဲ့ခေတ်မှာ ပညာမတတ်တဲ့ လူကတော့ ဘာပဲဖြစ်ဖြစ်ကျန်ခဲ့မှာပဲ။ လုပ်ငန်းရှင်ကလည်း ယှဉ်လာရင်တော့ ပညာတတ်တဲ့လူကိုပဲ ရွေးမှာပဲ' ဦးဝင်းနိုင်၏ ပညာကို လိုလားရခြင်း အကြောင်းပြချက်။ သည်အတွေးနှင့်ပဲ သူ့သားသမီးတွေ၏ ပညာရေးကို သူအတတ်နိုင်ဆုံး ထမ်းပိုးမြှင့်တင်ပေးခဲ့ခြင်း ဖြစ်သည်။

ခုအချိန်မှာတော့ တောင်သာက ညောင်ဒိုရွာလေးမှာ ထန်းတက်ရင်း သူတွေးခဲ့သည့် အတွေးကို ရဲရဲတင်းတင်း ထုတ်ပြောရဲပြီ။

'တောမှာဆက်နေရင်တော့ ဒီကလေးတွေ ပညာရေးက ဘယ်လိုမှ ဒီလောက်အထိ မျှော်မှန်းလို့မရဘူး'

ဒေါ်ဝိုင်းကြည်ကတော့ ဦးဝင်းနိုင်ပြောသမျှကို ဘေးကနားထောင်းရင်း တစ်ချက်တစ်ချက် လိုတာလေးတွေ ဝင်ထောက်ပြောလိုက်၊ ပြုံးပြုံးလေး နားထောင်နေလိုက်ဖြင့် နေရင်းက ကိတ်မုန့်ခြောက်ထုပ်ကလေး ဖောက်ကာ မဖိတ်ခေါ်ဘဲရောက်လာသည့် ဧည့်သည်ကို ဧည့်ဝတ်ကျေရန် ပြင်ဆင်နေသည်။

ဘဝတစ်လျှောက်လုံး ရုန်းကန်လာခဲ့သော သူတို့ဇနီးမောင်နှံ နှစ်ယောက်အတွက်ရော၊ မိသားစုတစ်စုလုံးအတွက်ရော အနာဂတ်သည် မရေရာ…။ ကျောတစ်ခင်းစာလေး ရနေသော သုခဘုံကလေးက ဘယ်အချိန် ဖယ်ရှားခံရမည်မသိ။ သို့သော် အသက် ၄၈ နှစ်နှင့် ၄၇ နှစ် အသီးသီးရှိကြပြီဖြစ်သော သူတို့နှစ်ယောက်မှာ အနာဂတ်ကို ထုဆစ်ဖို့ အားအင်တွေက မကုန်ခန်းနိုင်သေးပါ။

သူတို့ ဖန်တီးထုဆစ်ခဲ့သည့် ကြယ်ကလေး တစ်ပွင့်၊ မောင်ကောင်းပြည့်ကတော့ သူ၏ အနာဂတ်ရည်မှန်းချက်ကို ဤသို့ဆိုသည်။ 'ကိုယ့်ကို ထောက်ပံ့တဲ့လူတွေလို ကိုယ့်လို မရှိတဲ့လူတွေကို ပြန်ထောက်ပံ့နိုင်အောင် ကြိုးစားမယ်'

■

*ပညာတတ်ကို ရွေးချယ်နေတဲ့ခေတ်မှာ ပညာမတတ်တဲ့လူကတော့ ဘာပဲဖြစ်ဖြစ် ကျန်ခဲ့မှာပဲ။ လုပ်ငန်းရှင်ကလည်း ယှဉ်လာရင်တော့ ပညာတတ်တဲ့လူကိုပဲ ရွေးမှာပဲ*

www.burmeseclassic.com

www.burmeseclassic.com





မနုဿတ္တဘာဝေါ ဒုလ္လဘောတဲ့၊ လူ့ဘဝ ရခဲဆိုပဲ။ မှန်တာပေါ့။ ရရှိလာတဲ့ဘဝ၊ ရခဲလှတဲ့ ဘဝတစ်ခုကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်နိုင်ဖို့၊ ဆုပ်ကိုင်မိဖို့ လိုပါတယ်။ ဆင်းရဲသားကလည်း ဆင်းရဲလို့၊ ရုပ်ဆိုးတဲ့သူကလည်း ရုပ်ဆိုးလို့ ဘာမှ အားငယ်ကြောင့်ကြ စိုးရိမ်ပူပန်နေဖို့ မလိုပါဘူး။ လူတိုင်းမှာ အလှကိုယ်စီ ရှိကြတာပဲလေ။ ဒါနသီလဘာဝနာတို့ကို စိတ်အားဖြင့်သော်လည်းကောင်း၊ ကိုယ်အားဖြင့်သော်လည်းကောင်း ညွတ်နိုင်ပြုနိုင်ရင် ဒါဟာ လှပတဲ့ဘဝတစ်ခုပဲပေါ့။ ရှေးဘဝအဆက်ဆက်က ပြုမူခဲ့တဲ့ ကံအကျိုးပေးတွေအရ အခုလက်ရှိဘဝမှာ ရလာတဲ့ ဒီခန္ဓာကြီးကို ကျေနပ်လက်ခံရင်း ဘဝကို လှပစွာ ပုံဖော်နိုင်ဖို့ပဲ လိုပါတယ်။ ဒီအတွက် ကျွန်တော် ကိုရွှေတိုကို သွားရောက် တွေ့ဆုံရင်း ရင်းနှီးစွာ စကားတွေ ပြောဖြစ်ခဲ့ပါတယ်။

'အခု ကျွန်တော့်အသက် ၄၉ နှစ်ရှိပြီ။ ကျွန်တော့်မှာ မွေးချင်း လေးယောက်ရှိတယ်။ အကြီးဆုံးအစ်ကိုကြီးကတော့ ဆုံးသွားပြီ။ အစ်မကတော့ အခု လောလောဆယ် ဆေးရုံတက်နေတယ်။ ကျွန်တော်က နံပါတ်-၃၊ ကျွန်တော့်အောက်က ညီမလေး။ ကျွန်တော်ကလွဲလို့ ကျွန်တော့် ညီအစ်ကို မောင်နှမတွေ အားလုံးကတော့ မွေးကတည်းက ပုံမှန်ဖွံ့ဖြိုးကြပါတယ်၊ ကျွန်တော်တစ်ယောက်ပဲ အမေ့ဝမ်းက ကျွတ်ကတည်းက မသန်စွမ်း ဖြစ်လာခဲ့တာ'

လက်နှစ်ဖက်စလုံး (တံတောင်ဆစ်ကစလို့) တုံးတိ။ အဲ့ဒီလိုလက်ကလေးတိုနေတာကို အကြောင်းပြုလို့ အမေပေးခဲ့တဲ့ နာမည်ရင်းပျောက်ပြီး အားလုံးက ရွှေတိုလို့ပဲ ခေါ်ခဲ့ကြသလို၊ သူကိုယ်တိုင်ကလည်း အဲ့ဒီလို ခေါ်ကြတာကို ကျေကျေနပ်နပ်ကြီး လက်ခံပေးခဲ့တယ်။ သူ့အရပ်က သုံးပေသာသာ။ လူက ဝဝတောင့်တောင့်၊ ဂင်တိုတို။ ဒီကြားထဲ ညာဘက်ခြေတောက်ကပါ တိုနေလို့ လမ်းလျှောက်ရင်

# လေ့ထိုးသားကြီး ကိုရွှေတို

**ကေဖိုး(K4)**



the real lives, real sto
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းကန်းစောင်းကန်း။ ကြည့်လိုက်တိုင်း အင်္ကျီဗလာ၊ အဲ…ဒါပေမဲ့ ဆောင်းတွင်းကာလတို့၊ ခရီးသွားဖြစ်တဲ့ အချိန်တို့ဆိုရင်တော့ သူ့ကိုယ်ပေါ်မှာ အင်္ကျီလက်စက ကကပ်လို့။ အဲ့ဒါ မသန်စွမ်း ကိုရွှေတိုရဲ့ ထင်ရှားတဲ့ ဘဝမှတ်တမ်းတချို့ပေါ့။

'ကျွန်တော် သုံးနှစ်အရွယ်မှာ အဖေဆုံးတယ်။ အဲ့ဒီအချိန်က အမေ့မှာ ကိုယ်ဝန်ကြီးနဲ့။ ညီမလေးကိုလွယ်ထားရတဲ့ အချိန်ပေါ့။ အမေက ကျွန်တော်နဲ့ ပတ်သက်လာရင် ဘယ်တော့မှ ငြိုငြင်ခဲ့တာ မရှိဘူး။ ကျွန်တော့်ကို ထိလိုက်ကတော့ လုံးဝမခံဘူး။ ဘာပြုလို့ချစ်တုံးဆိုတော့ သူများတွေနဲ့ မတူလို့ မစွမ်းမသန်လေးမို့လို့ ချစ်တာ။ တကယ်တော့ အမေ့ကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ အများကြီးရှိပါတယ်'

ရီဝေတဲ့ မျက်လုံးတွေနဲ့ ပြောနေတဲ့ ကိုရွှေတိုကို ကြည့်ရင်း ကျွန်တော့်ရင်ထဲ ဆို့နင့်နင့်ကြီး။ တကယ်တော့ ကိုရွှေတိုတို့နေတဲ့ နောကန်ရပ်ကွက်လေးဟာ ပြည်မြို့နယ်၊ ဝက်ထီးကန်အရှေ့၊ ဈေးဘက်အခြမ်းထဲကပါ။ ဝက်ထီးကန်မြို့လေးရဲ့ အထင်ကရ ဝက်ထီးကန် ကန်ကြီးရဲ့ တစ်ဖက်ခြမ်းကို အရှေ့ဈေးလို့ ခေါ်ပါတယ်။ ကြို့ကုန်း၊ ထန်းကုန်း၊ အာဇာနည်ကုန်း၊ ကပ်မြောင်၊ နောကန် အဲဒီလို အရှေ့ဈေးရဲ့ ရပ်ကွက်တွေထဲက တစ်ခုပေါ့။ သူ့ရဲ့ငယ်ဘဝတစ်လျှောက်လုံးမှာ သူ့မိသားစုအပါအဝင် သူ့ချက်မြုပ် အဲ့ဒီ နောကန်ရပ်ကွက်ထဲက ဆွေမျိုးသားချင်း မိတ်ဆွေအားလုံးက သူ့ကို ဖေးမကူညီခဲ့ကြတယ်။ ဒါသည်ပင် သူ့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ရောမ ဆုလာဘ်ကြီး တစ်ခု မဟုတ်ပါလား။

'ကျောင်းနေအရွယ် ရောက်တော့၊ အမေက ကျောင်းထားပေးတယ်။ ကျောင်းဖွင့်ရာသီက မိုးတွင်းဆိုတော့ အစပိုင်း အမေက လိုက်ပို့ပေးတယ်။ နောက်တော့ ကျွန်တော် မပို့ခိုင်းတော့ဘူး။ ညီမလေးနဲ့ အတူတူသွား၊ အတူတူပြန် အဲဒီလိုပဲ ကျောင်းတက်ခဲ့တယ်။ ကျောင်းမှာ ဆရာတွေကလည်း ကျွန်တော့်ကို တိတိကျကျ သင်ပေးပါတယ်။ ဦးနောက်ကတော့ ပြေးတယ်ပြောရမှာပေါ့။ ကိုယ့်ငါးချဉ်မို့လို့ ကိုယ်ချဉ်တာတော့ မဟုတ်ဘူး။ ဘာနဲ့ ရေးပြရမလဲ။ ခြေထောက်နဲ့လား၊ လက်နဲ့လား ရေးတတ်တယ်'(ရယ်လျက်)

သူနဲ့ စကားပြောနေရင်း သူ့ကို ကျွန်တော် အကဲခတ်မိလိုက်တာက သူဟာ သူ့ဘဝကို ပေါ့ပေါ့ပါးပါး၊ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းတတ်တဲ့သူပါလားလို့။ ရေသာခိုတတ်တဲ့ စိတ်ဓာတ်သာ ရှိခဲ့မယ်ဆိုရင် သူ့လိုမျိုး တော်ရုံတန်ရုံ လူတစ်ယောက် လိုက်လံတောင်းရမ်းစားရင်တောင် ဖြစ်နေတဲ့ဘဝမျိုး။ အိမ်ထဲက အိမ်ပြင်တောင် မထွက်ရဲမထွက်နိုင်ဖြစ်စေတဲ့ဘဝမျိုး။ သို့သော် သူက မသန်စွမ်းကြီး။

'လေးတန်းအောင်တော့ ကျောင်းနားပစ်လိုက်ရတယ်။ ရှေ့ဆက်တက်ဖို့ကလည်း အဲ့ဒီအချိန်က အခုခေတ်လို ကျောင်းလခတွေက Free မဖြစ်သေးဘူး။ နောက်တော့ ညီမလေးကလည်း ကျောင်းမနေချင်တော့ဘူး။ နောက်ခံအားကမှ မကောင်းတာ။ သူလည်း ကန်စွန်းရွက် ထွက်ခူးမယ်၊ ရောင်းမယ်၊ အမေ့အိမ်ကို ငိုင်းကူကြမယ်ပေါ့။ ကျွန်တော်ကတော့ အိမ်စောင့်ကြပ်ပေါ့။ အဲ့ဒါ ကျွန်တော့်ရဲ့ ငယ်ဘဝအစပဲ'

သူ့ကို သူ့အိမ်ရဲ့ အောက်ထပ်မှာ ကျွန်တော် ဇျူးခဲ့တာပါ။ အိမ်ရှေ့ကလမ်းကလေး၊ အိမ်ခြံဝင်း၊ အိမ်အောက် အားလုံး သန့်ရှင်းသပ်ရပ်နေတာလေး သဘောကျမိလို့ မေးကြည့်တော့၊ သူကိုယ်တိုင် တံမြက်စည်းလှည်းထားတာဆိုပဲ။ ဒီတော့မှ သူဟာသူ့ တစ်ကိုယ်စာအပြင် တော်တော်များများ အိမ်အလုပ်တွေကို သူ လုပ်ပေးနိုင်ကြောင်း ကျွန်တော် သိခဲ့ရပါတယ်။

ကျွန်တော် ငယ်ငယ်က ကလေးဘဝ လေးငါးနှစ်လောက်က အမေ ကျွန်တော့်ကို ထမင်းခွံ့ခွံ့ကျွေးတယ်။ တစ်ရက်တော့ ကျွန်တော်တွေးတယ်။ အမေမရှိတော့တဲ့ နောက်ပိုင်း မျက်စိမှိတ်သွားလို့ရှိရင် ငါ ဘယ်လိုလုပ်မလဲ ဒါကြီးကို။ ဆယ့်နှစ်ရာသီ ခွံ့ကျွေးခိုင်းနေလို့ မဖြစ်ဘူး။ ဒါနဲ့ ထမင်းစားတာကို ကိုယ့်ဟာကိုယ် ကျင့်စားကြည့်မယ်ဆိုပြီး ဒီလက်နှစ်ဖက်နဲ့ ကျင့်တာ၊ နောက်တော့ ပုဆိုး၊ အမေက ဘောင်းဘီတွေ ချုပ်ပေးတယ်။ မရသေးဘူး။ ငါ ကြီးလာတဲ့အထိ ဘောင်းဘီကြီးနဲ့ဆို မလွယ်ဘူး။ ဒါနဲ့ အမေ့ကို ပုဆိုးချုပ်ပေးခိုင်းပြီး တစ်ခါ ပုဆိုးဝတ်တာကို ထပ်ကျင့်၊ ရေချိုးရတော့လည်း သူများအားမှ ချိုးရမယ့်

*ငယ်ငယ်က ကလေးဘဝ လေးငါးနှစ်လောက်က အမေ ကျွန်တော့်ကို ထမင်းခွံ့ခွံ့ကျွေးတယ်။*
*တစ်ရက်တော့ ကျွန်တော်တွေးတယ်။ အမေမရှိတော့တဲ့ နောက်ပိုင်း ငါ ဘယ်လိုလုပ်မလဲ*





www.burmeseclassic.com

www.burmeseclassic.com

ကိန်း။ သူများမအားရင် ပူပူအိုက်အိုက်နဲ့ပဲ နေရမှာဆိုပြီး ရေတွင်းကနေ ရေရအောင်ငင်ဖို့ ကြိုးစားရပြန်ရော။ ရေပုံး က ကြိုးကို လက်မှာ ဒန်သေချည်ပြီးတော့ ကိုယ့်ဟာကိုယ် ရေရအောင် ငင်ပြီးချိုးခဲ့တယ်။

လက်တွေလား၊ ဘယ်နှာလိမ့်မတုံး။ ကျင့်ထားတာကိုး။ ဘရုစ္စလီလိုပေါ့ (ပြောပြီးရယ်လျက်)'

သူကသာ ပြောပြီးရယ်နေတာ ကျွန်တော့်မှာဖြင့် အံ့သြဘနန်း၊ ကိုယ့်အားကိုယ်ကိုးချင်တဲ့ စိတ်ဓာတ်ကို မထင်မှတ်ဘဲ လှမ်းမြင်လိုက်ရတော့ ကိုရွှေတိုရဲ့ ဖွဲလုံးလကို စိတ်ထဲ ကျိတ်ချီးကျူးမိပါတယ်။ ပြုံးပြုံးရယ်ရယ်ပြောနေတဲ့ ကိုရွှေတို။ သူ့ကြည့်ရတာ ဘာမှမဟုတ်သလို ထမင်းစားရေသောက်။

'တကယ်တော့ စိတ်ပါပဲ။ လူတစ်ယောက်ဟာ ရရှိလာတဲ့ ဘဝလေးကို တန်ဖိုးရှိအောင်နေတတ်မှ မွေးထားတဲ့ အမေ တမလွန်မှာလည်း စိတ်ချမ်းသာတော့မပေါ့။ ကျွန်တော် ဝါတွင်းတိုင်းမှာ သူ့အိမ်ရှေ့၊ ကိုယ့်အိမ်ရှေ့ မခွဲဘူး။ မြက်တွေ အကုန်ပေါက်ပေး၊ တံမြက်စည်းလှည်းပေး အဲဒီလိုမျိုး ကုသိုလ်လေးတွေ ယူဖြစ်တယ်'

ခြေတွေ၊ လက်တွေ အကောင်းစားကြီး ရှိနေတဲ့ သူတွေတောင် လုပ်ချင်မှလုပ်ဖြစ်တာကို ကိုရွှေတိုတစ်ယောက် လုပ်ပြနေလိုက်တာ။ ဒါ စိတ်ဓာတ်မြင့်မြတ်မှုကိုပြတာ။ ဒါသည်ပင် သူ့ပရဟိတစိတ်ဓာတ်။

'ရွာရဲ့ သာရေးနာရေး၊ ကျွန်တော် လုပ်နိုင်တဲ့ ဘက်က ဝင်လုပ်ပေးတယ်ဗျာ။ ဘာမှ လုပ်မပေးနိုင်ရင် တောင် သွားပေးတယ်။ နေပေးတယ်။ အဲတော့လေ ဆိုတော့ မင်္ဂလာဆောင်တွေမှာ ညဘက် သီချင်းတွေ၊ ဘာတွေ ဆိုကြရင်လည်း ဘာပြောကောင်းမလဲ ဝင်ဟဲပစ်လိုက်တာပဲ'

တကယ့် ကိုရွှေတိုဗျ။ ဘဝကို အလိုက်သင့်လေးပဲ စီးမျောရင်း သူ ဖြတ်သန်းတတ်တယ်။ သူပြောပြမှ သိရတယ်။ သူ ဘာဂျာလည်း အမှတ်ကောင်းဆိုပဲ။ သန်းထွန်းလေးရဲ့ မွေးဌာနီဆို လာခဲ့တဲ့။ ဒါသည်ပင် သူ့ဘဝ၊ သူ့ဂီတ၊ သူ့အလှ။

'ဆရာရယ်လို့တော့လည်း မရှိခဲ့ပါဘူး။ ဝါသနာအရ စမ်းရင်းစမ်းရင်းနဲ့ မှတ်တတ်သွားတာ။ ဘာဂျာက မှတ်ရတာခဲယဉ်းတယ်။ အစုပ်အမှတ်ဆိုတော့ လေယူလေသိမ်းတွေလိုတယ်။ အမောလုံဖို့၊ သက်လုံကောင်းဖို့လိုတယ်။ ဟိုးအရင်ကဆို ဝက်ထီးကန်မြို့ရဲ့ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ လွှတ်လပ်ရေးပွဲတော်တွေမှာ ဆိုကရေးတီးပြိုင်ပွဲတွေရှိရင် အဆိုတွေဘာတွေ ဝင်ပြိုင်ခဲ့ဖူးတယ်' (ခင်ဗျားက အသံလည်း အတော်ကောင်းဆိုပဲဗျလို့ ကျွန်တော်ကဝင်ပြောတော့၊ ရယ်တယ်။ တဟားဟားနဲ့။)

အဲဒီလို ကိုရွှေတိုဟာ သူ့ဘဝမှာ အကျွမ်းကျင်ဆုံး အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုကို ထဲထဲဝင်ဝင် လုပ်ဖြစ်ခဲ့ပြန်ပါတယ်။ အဲ့ဒါကတော့ လှေထိုးသားအလုပ်ပါပဲ။ တက်မရှိ လက်နဲ့လှော်မယ်တဲ့။ သူကတော့ လက်မရှိဘဲ တက်ကိုကိုင် လှော်ပြနိုင်ခဲ့ပါတယ်။

'ကျွန်တော်ငယ်ငယ်က အမေက အကြော်ကြော်ရောင်း၊ ဟင်းသီးဟင်းရွက်ကလေး ရောင်းပြီး ကျွန်တော်တို့ မောင်နှမတွေကို ရှာကျွေးခဲ့တာပါ။ ကျွန်တော် အရွယ်လေးရလာတော့ ကဲ··· အမေနားတော့ ကျွန်တော် လှေလှော်ပြီး အမေ့ကို တစ်လှည့် လုပ်ကျွေးပါရစေ။ ကျွန်တော့်ကို လှေဝယ်ပေးပါဆိုတော့ တားမရတဲ့အဆုံး ကျွန်တော့်ကို လှေလေးတစ်စင်း ဝယ်ပေးခဲ့တယ်။

အဲ့ဒီ လှေလှော်လို့ရတဲ့ အခကြေးငွေတွေနဲ့ အမေ့ကို ပြန်ကျွေးမွေးဆပ်နိုင်ခဲ့တယ်။ အားဆေးတို့၊ ဘုရားကျောင်းကန်သွားတော့ ဝတ်ရအောင်လို့ အပေါ်ဝတ်အင်္ကျီလေးတွေတို့ ချုပ်ပေးတယ်။ သူ့ရာသီအလိုက် ဆောင်းတွင်းမှာဆို ခြေစွပ်လိုဟာမျိုးလေးတွေက အစပေါ့'

ကျွန်တော်တို့ ကိုရွှေတိုကို အတုယူသင့်လှပါတယ်။ လက်တွေ၊ ခြေတွေ ကောင်းနေခဲ့တာတောင် မိဘအပေါ်၊ အမေ့အပေါ် သူ့လိုမှ စွမ်းစွမ်းတမံ ကျွေးမွေးတုံ့ပြန်နိုင်ခဲ့ကြပါရဲ့လား။ မိသားစုအရေး၊ ဟိုအရေးဒီအရေးတွေ အကြောင်းပြလို့ အမေအိုကို မျက်နှာလေးတောင် သွားပြနိုင်ခဲ့ကြပါရဲ့လား။ ကိုရွှေတို သူကတော့ တာဝန်ကျေခဲ့တာ အမှန်ပါပဲ။

အခု လက်တွေ မရှိတဲ့၊ လက်တွေ တိုနေတဲ့ ကိုရွှေတို၊ လှေကို သူ ဘယ်လိုတွေ လှော်ခပ်ခဲ့ပါသလဲ။ ဘယ်လောက်အထိ လှေအကြောင်းကို သိပါသလဲ။ ကြည့်ကြည့်ရအောင်ပါ။

*တကယ့် ကိုရွှေတိုဗျ။ ဘဝကို အလိုက်သင့်လေးပဲ စီးမျောရင်း သူ ဖြတ်သန်းတတ်တယ်။ သူပြောပြမှ သိရတယ်။ သူ ဘာဂျာလည်း အမှတ်ကောင်းဆိုပဲ*

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော်တို့ အရှေ့ဈေးဘက်မှာက လှေဆိပ်နှစ်ခုရှိတယ်။ စိန်ပန်းပင်ဂိတ်(နောက်ပေါက်)နဲ့ ရေကျော်ဂိတ်(ထန်းကုန်းပေါက်)၊ ဝက်ထီးကန်ဘက်ခြမ်းမတော့ ဈေးနားက ဘုရားလေးဂိတ်ပေါ့။ ကျွန်တော်ဆွဲခဲ့တာက စိန်ပန်းပင်ဂိတ်၊ ဝက်ထီးကန် ကန်ကြီးကလည်း တော်တော်လည်းကျယ်၊ တော်တော်လည်းနက်တယ်။ ဟိုးတုန်းက မိုးတွင်းဆို လှေတွေမှောက်၊ လူတွေ သေခဲ့ကြဖူးတယ်။ ဒီကန်ကြီးထဲမှာ။

နှမ်းပေါ်ချိန်တွေဆို နှမ်းထုပ်ကြီးတွေနဲ့ တဲကြီးကုန်း၊ ကြောင်လျှာကုန်းဘက်တွေက ခရီးသည်တွေ လာကြတယ်။ အုပ်စုလိုက် ၈ယောက်၊ ၉ယောက်၊ ၁၀ယောက်။ လှေကောင်းရင် ကောင်းသလို။ ၁၀ယောက်အထိ တင်တယ်။ လှော်တာပဲ။ လှေလှော်တာ စိတ်ငြိမ်တယ်။ ဘာအကုသိုလ်မှ မရှိဘူး'

လှေငှါကာကို သူနဲ့ကျမှ ကျွန်တော် ဂဃနဏ ကြားဖူးတော့တယ်။ ကြာတောကိုဖြတ်ရင် ဘယ်လို၊ ဗေဒါတောကိုဖြတ်ရင် ဘယ်လိုဆိုတာ ကိုရွှေတို အထာကျပြီးသား။

'အဲ့ဒီတုန်းက ကျွန်တော်တို့ကန်ကြီးက အခုလို ဗေဒါတွေ မရှိသေးဘူး။ ကြာတောလေးတွေတော့ ရှိတယ်။ လှေသမားက ကြာတောကိုတော့ မကြောက်ဘူး။ ကြာက လှော်ရင်း တက်နဲ့ ဖြတ်ခုတ်သွားလို့ ရတယ်။ ဗေဒါက ဖြကြည့်၊ နောက်လှည့်ကြည့် ပြန်ပိတ်သွားတာမျိုး။ အငြိမ်မှ မနေတာကြီးကိုး။ တိုးရခက်တယ်။

ဗေဒါတောမှာ လှော်ရတာနဲ့ ကြာတောမှာ လှော်ရတာ ဗေဒါက ပိုခက်တယ်။ ဗေဒါတွေ လှေဗိုက်အောက်ထဲ ဝင်သွားတာနဲ့ လှေက မပြေးတော့ဘူး။ ဆွဲထားသလိုပဲ။ အထာသိမှ။ အဲ့ဒီလို အခြေအနေမျိုးမှာ လှေကို ဟောဒီလို လူးပစ်လိုက်ရတယ်။ အဲ့ဒီမှာ လှိုင်းပုတ်တော့ ဗေဒါတွေက ဘေးကိုထွက်သွားရော။ အဲ့ဒီတော့မှ လှော်တော့ ရပြီ။ ပြေးပြီသာ မှတ်တော့'

လှေထိုးသားအစစ်ကြီး ကိုရွှေတို၊ တကယ်လှော်ခဲ့မှန်း သိသာလှပါတယ်။ လက်ဟန်ခြေဟန်တွေနဲ့ ပြောနေလိုက်တာများ၊ ပါးစပ်က အမြှုပ်ထွက်ခမန်း၊ အားရပါးရကြီး။

'လေတွေ တိုက်နေတယ်။ ကိုယ့်အတွက်အန္တရာယ်ရှိတယ်။ မိုးတွေ ညို့လာတယ်ပေါ့။ လေဆင်လာပြီဆိုလို့ရှိရင် ကိုယ်က လက်မရှိဘူးလေ။ တက်ကလေးနဲ့ ရေလေးကို အပေါ်မြှောက်ကြည့်ပြီးတော့လေ ဘယ်ကို တိုက်နေတုန်း၊ တိုက်တဲ့ဘက် ထောင်လှော်တော့။ အဲ့ဒါ ဘာအန္တရာယ်မှ မရှိဘူး။ အဲလေတိုက်တဲ့ဘက် ဆန်လှော်လိုက်မယ်ဆိုရင်တော့ ကပ်သွားမယ်သာ မှတ်ထား။ ဟိုးချောင်ထဲကို။ လှေလှော်စားရတာ အဲဒီလိုအထာလေးတွေလည်း ကျရတယ်။

အခုတော့ လမ်းပန်းဆက်သွယ်ရေးတွေကလည်း အရမ်းကောင်းနေပြီ၊ ဆိုင်ကယ်ကယ်ရီတွေ၊ သုံးဘီးတွေကလည်း ရွာတိုင်းနေ့ ထွက်နေကြပြီဆိုတော့ လှေခေတ် မရှိတော့ဘူး။ တကယ်လို့ လှေခေတ်သာ ဆက်ရှိနေဦးမယ်ဆိုရင် ကျွန်တော် ဆက်လှော်ဖြစ်နေဦးမှာပါပဲ'

သာမန်ကာလျှံကာ လုပ်ခဲ့တာမဟုတ်၊ ဆယ်စုနှစ်နှစ်ခုစာလောက် အမှန်အကန် ထဲထဲဝင်ဝင် စီးမျောခဲ့ဘူးတဲ့ လှေထိုးသားကြီး ကိုရွှေတိုပါ။ သူ့အသက် ငါးနှစ်သားလောက်မှာ အဖေ ဆုံးပါးခဲ့ပြီး သူ အသက် ၂၀ ဝန်းကျင်လောက်မှာ အမေကပါ သူ့ကို ကျောခိုင်းသွားခဲ့ပြန်ပါတယ်။ မွေးရာပါ လက်နှစ်ဖက်မပါခဲ့တဲ့ ကိုရွှေတို ဘယ်သူ့ကိုမှ အားမကိုးခဲ့။ ကိုယ့်အားပဲကိုယ်ကိုးခဲ့တယ်။ စာကို ခြေတောက်နဲ့ ရေးရမလား၊ လက်နဲ့ရေးရမလား ထမင်းစားရေသောက်၊ ပုဆိုးစည်း၊ တံမြက်စည်းလှည်း ထွန်ခြစ်ဆွဲ၊ လှေလှော်၊ ဘာဂျာမှုတ်၊ သီချင်းဆို၊ ရေငင် ဘက်စုံဖြစ်တဲ့ ကိုရွှေတို။ ဘဝကို အရှုံးမပေးမယ့်အပြင် အနိုင်ပါယူပြနေတဲ့ ကိုရွှေတို။ သူ့ကို ကျွန်တော် အရမ်းလေးစားခင်မင်မိနေပါတော့တယ်။ မှတ်မှတ်ရရ ပြောစရာလေးတွေများရှိရင် နောက်ဆုံး ဘာတွေများ ပြောချင်ပါသေးသလဲဆိုတော့။

'ဒီကန်ကြီးနဲ့ အတူပါပဲ။ ကျွန်တော့်ဘဝဟာ ရှင်သန်နေပါတယ်။ ဆယ့်နှစ်ရာသီ ဒီကန်ကြီးကိုမြင်ရတဲ့ အခါတိုင်း ကိုယ်လုပ်ကိုင် စားသောက်ခဲ့ရတာလေးတွေကို ပြန်မြင်ယောင်နေမိပါတယ်။ စာဆိုလေးတွေ ရှိခဲ့တယ်။ တချို့က ပြောကြတယ်။ အမေကမွေး၊ ထောင်ကကျွေးတဲ့။ ကျွန်တော်တို့ ဝက်ထီးကန် အရှေ့ဈေးသားလေးတွေ အတွက်ကတော့ အမေကမွေး ကန်ကကျွေးပါပဲဗျာနော့'

■



www.burmeseclassic.com

www.burmeseclassic.com


ကျော်ထက်ထွန်း၊ ခေးလု၊ ကြည်မင်း၊ ခိုင်ထွန်း၊ ကျော်ဇေယျာလေး(ကသာ)၊ လှမင်းသစ်၊ မောင်ချောနွယ်၊ မောင်ကိုကို(အမရပူရ)




thebookhouse စာအုပ်တိုက်မှ ရရှိနိုင်သော စာအုပ်များ
၀၉-၇၉ ၆၀ ၆၀ ၁၀
၀၉-၇၉ ၆၀ ၆၀ ၂၀

the bookhouse
we bring your future
www.facebook.com/thebookhouse


www.burmeseclassic.com

www.burmeseclassic.com





- ၁ -

မိုးလေးကတဖွဲဖွဲ…ရုံးပိတ်ရက်မို့ နောက်ကျမှ အိပ်ရာထမယ်လုပ်ထားပေမယ့် ဒီနေ့ ကျွန်မတို့ သူငယ်ချင်းတွေနဲ့ ဒေါ်ဖြူဖြူသင်းတည်ထောင်ထားတဲ့ HIV/ AIDS ဖြစ်တဲ့ လူနာတွေထားတဲ့နေရာကို သွားဖို့ ချိန်းထားကြတယ်။ လှျူလည်းလှျူ၊ သူတို့ရဲ့ ဘဝစာမျက်နှာ တချို့ကိုလည်း ဖတ်ကြည့်ရင်းပေါ့။ နံနက် ကိုးနာရီထိုးလောက်ကျတော့ သူငယ်ချင်းတွေစုံတယ်။ ကျွန်မတို့ ကားငှားပြီး တောင်ဒဂုံ ၁၈ရပ်ကွက်ကို သွားကြတယ်။ နေ့လယ် ဆယ့်တစ်နာရီလောက်ကျတော့ ကျွန်မတို့ရောက်တယ်။ အဲဒီကိုရောက်တော့ သူတို့အတွက် သီးသန့်အဆောင်လေး ထားပေးထားတာ တွေ့ရတယ်။ အဲဒီအဆောင်မှာ ပုံစံအမျိုးမျိုးနဲ့ ရောဂါရလာတဲ့၊ ရောဂါရှိတဲ့သူ ယောကျ်ား၊ မိန်းမ၊ ကလေး၊ မိန်းမလျာလူမျိုးစုံကို ကျွန်မ တွေ့ခဲ့ရတယ်။ လူတွေအကြောင်းကို အစကတည်းကမှ စိတ်ဝင်စားသူ စပ်စုတတ်သူ ကျွန်မ သူတို့ အကြောင်းကိုလည်း သိချင်ပြန်တယ်လေ။ ကျွန်မစပ်စုရသလောက်တော့ အများစုက အသိဉာဏ်၊ ဗဟုသုတနည်းလို့ ဒီရောဂါကို ရလာကြတဲ့သူတွေ များတယ်။ ဒီလူတွေထဲကမှ ကျွန်မ အခု ပြောပြမယ့် လူတစ်ယောက်အကြောင်းကို ပရိသတ်ကြီးလည်း စိတ်ဝင်စားမယ်လို့ ထင်တယ်။

သူ့ကိုလို့ ပြောရမလား၊ သူမကိုလို့ ပြောရမလား မသိပေမယ့် သူကတော့ ကျွန်တော်၊ ကျွန်တော်လို့ သူ့ကိုယ်သူ ပြောတတ်လေ့ရှိတယ်။ “ကျွန်တော်က မန္တလေးကဆိုတော့ မန္တလေးသူတွေလို

# ပပ်ကြားအက် ပိုးဖလံ

ခက်ရိပ်ညို

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လို့ပြောတာ အကျင့်ပါနေပြီ" လို့ ပြောပြတယ်။ သူ့ကို နာမ်စားသုံးဖို့ အခက်အခဲဖြစ်နေတဲ့ ကျွန်မကို သူကပဲ "ကျွန်တော့်ကို ဝိုင်းစုလို့ပဲ ခေါ်ပါအစ်မ" တဲ့။ ကိုယ့်ကို အစ်မလို့ခေါ်တော့ သူ့အသက်ကို စိတ်ဝင်စားလို့ မေးကြည့်တော့ "ကျွန်တော့်အသက်က နှစ်ဆယ့်တစ်နှစ်ပါ" ကိုယ့်ထက် အသက်ငယ်တာ သိသွားတော့မှ ကျွန်မလည်း ပြုံးနိုင်တယ်။ ဟုတ်တယ်လေ၊ ကိုယ့်ထက် အများကြီးရင့်သယောင်ထင်ရတော့ ကိုယ့်ထက်ကြီးတယ် ထင်တာပေါ့။ စိတ်ထဲမှာလည်း ရှိရင်းအသက်ထက် ပိုရင့်နေလို့ စိတ်မကောင်းလည်း ဖြစ်မိတယ်။ ဝိုင်းစုပြောပြတဲ့ သူ့ဘဝဇာတ်ကြောင်းလေးကို ကျွန်မ ပုံဖော်ကြည့်မိတဲ့အခါ…

- ၂ -

ကျွန်တော်က မန္တလေးမြို့ ဆေးတက္ကသိုလ်အနောက်ဘက်မှာ ကြီးပြင်းတယ်။ ကျွန်တော့်အဖေက ကျွန်တော် တစ်နှစ်ခွဲလောက်မှာ ဆုံးသွားတယ်။ အမေကတော့ ရေနွေးသွင်း ပေးစားရင်းနဲ့ ကျွန်တော်တို့ကို ရှာကျွေးတာပေါ့။ ကျွန်တော့်မှာ အစ်ကိုနှစ်ယောက်ရှိတယ်။ ကျွန်တော်က အငယ်ဆုံးပေါ့။ ကျွန်တော်က ငယ်ငယ်လေးကတည်းက မိန်းမစိတ် ပေါက်နေတာ။ အမေကလည်း သားတွေချည်းပဲ မွေးထားတာဆိုတော့ ကျွန်တော့်ကို မိန်းကလေးလို ဆင်တတ်တယ်။ ကျောင်းသွားရင်လည်း ဘယ်ယောကျ်ားလေးမှ သနပ်ခါး မလူးဘူး။ ကျွန်တော့်ကိုတော့ အမေက လူးပေးတယ်။ ကျွန်တော်ကလည်း သနပ်ခါးကြိုက်တယ်။ သူငယ်ချင်းထားတာတောင် မိန်းကလေး သူငယ်ချင်းပဲ ရှိတယ်။ ယောကျ်ားလေးသူငယ်ချင်း မရှိဘူး။ ကစားရင်တောင် အိုးပုတ်တွေနဲ့ပဲ ဟင်းချက်တန်း ကစားတာ။ ကျွန်တော့်အစ်ကိုတွေက မကြိုက်ဘူး။ တစ်ခါတလေ သူငယ်ချင်းမိန်းကလေးအင်္ကျီ ငှားဝတ်ပြီး အမေ့ကို အိမ်ရှေ့မှာ မော်ဒယ်လျှောက်ပြနေတုန်း အစ်ကိုတွေနဲ့တိုးလို့ ကျွန်တော့်မှာ ထွက်ပြေးရသေးတယ်။ နောက်တော့ ကျွန်တော် ဆယ့်လေးနှစ်လောက်မှာ အမေက ကိုရင် အတင်းဝတ်ခိုင်းလို့ ဝတ်လိုက်ရတယ်။ အဲ့ဒီမှာ ကျောင်းထိုင်ဘုန်းကြီးက ကိုရင်ဝတ်ရင်းနဲ့ ကျောင်းတက်လို့ မရဘူးဆိုလို့ ဘုန်းကြီးစာသင်ရတယ်။ အစိုးရကျောင်းကို ခြောက်တန်းနဲ့ ကျွန်တော် ထွက်လိုက်ရတယ်။ ကိုရင်ဝတ်နဲ့ ဘုန်းကြီးစာသင်ရင်း နှစ်နှစ်လောက်ကြာသွားတယ်။ နှစ်နှစ်လောက်ကြာတော့ ကျွန်တော် မပျော်တော့ဘူး။ လူထွက်လိုက်တယ်။ စိတ်ကတော့ မိန်းမစိတ်ပဲ။ လူထွက်လာတော့ စာလည်း မသင်ချင်တော့ဘူး။ အဲဒါနဲ့ ကျွန်တော်တို့အိမ်နားမှာ ကျွန်တော်နဲ့ ရွယ်တူ အခြောက်လေးတွေရှိတယ်။ သူတို့နဲ့ ပွဲဈေးတွေ လျှောက်သွားတယ်။ ညလုံးပေါက်သွားတာ။ အိမ်ကိုလည်း ပြန်ချင်မှပြန်တယ်။ သူငယ်ချင်းတွေအိမ်မှာပဲ အိပ်ချင်အိပ်လိုက်တယ်။ အဲဒီအချိန်မှာ ကျွန်တော့်အသက်က ဆယ့်ခြောက်နှစ်လောက်တော့ ရှိပြီ။ အပျိုဖျန်းလေးပေါ့လေ။ အဝတ်အစားကတော့ ယောကျ်ားလေးလို ဝတ်တုန်းပေါ့။

တစ်ရက် ကျွန်တော့်သူငယ်ချင်းက ကျွန်တော့်ကို "ဟဲ့…ဝိုင်းစု၊ နင်ကလည်း ငါတို့လို မိန်းမဆန်ဆန်လေးတွေ ဝတ်ပါဟယ်။ ဒီပုံစံကြီးနဲ့ နင့်ကို ဘယ်ကောင်လေးမှ ကြိုက်မှာမဟုတ်ဘူး" ဆိုတော့ ကျွန်တော် သူ့အင်္ကျီကိုယူဝတ်ပြီး အိမ်ပြန်တာ အစ်ကိုနဲ့တန်းတိုးတော့တာပဲ။ အစ်ကိုက ခဲနဲ့လိုက်ပေါက်တာ မနည်းထွက်ပြေးလာရတယ်။ အဲ့ဒီနေ့က အိမ်မပြန်ဘူး။ သူငယ်ချင်းအိမ်မှာပဲ အိပ်လိုက်တယ်။ ကိုယ့်ဝါသနာမှ မဖျောက်နိုင်တာကို။ အဲ့ဒီလိုနဲ့ အိမ်လည်း မပြန်ဖြစ်တော့ဘူး။ သူငယ်ချင်းအိမ်မှာပဲ နေတယ်။ သူတို့ကလည်း ကျွန်တော့်လိုပဲလေ။ သူတို့က အလုပ်ရှိတော့ ကျွန်တော့်ကို တင်ကျွေးထားနိုင်တယ်။ သူတို့က နံနက်ဆို ဈေးချိုက ငါးခြောက်ပွဲရုံတွေမှာ လုပ်တယ်။ ညဆို သူငယ်ထောင်တယ်။ သူငယ်ထောင်တယ်ဆိုတာက ကိုယ်နဲ့ဆက်ဆံမယ့် ကောင်လေးတွေကို မြူဆွယ်ရတာပေါ့။ နောက်တော့ သူတို့ သူငယ်ထောင်တဲ့ နေရာတွေကို ကျွန်တော့်ကို ခေါ်သွားတယ်။ အစက ကျွန်တော် ယောကျ်ားတွေနဲ့ မဆက်ဆံတတ်ဘူး။ သူတို့လုပ်သလိုလည်း မလုပ်ရဲသေးဘူး။ ကြောက်တယ်။

သူငယ်ချင်းတွေက မနက် အလုပ်ပြီးပြီဆိုရင် ညဘက်ကျရင် ဆိုင်ကယ်တွေနဲ့ ပတ်ပြီ။ ဆီဒိုးနားအနောက်ဘက်ကိုသွားပြီး သူငယ်ရှာတာ။ အဲ့ဒီအချိန်တုန်းက ပိုက်ဆံတွေ၊ ဘာတွေ ရတယ်ဆိုတာလဲ မသိသေးဘူး။ လုံးဝကို အရိုင်းမလေးပေါ့။ သူတို့က သူငယ်ရလာပြီဆို

*သူငယ်ချင်းမိန်းကလေးအင်္ကျီငှားဝတ်ပြီး အမေ့ကို အိမ်ရှေ့မှာ မော်ဒယ်လျှောက်ပြနေတုန်း အစ်ကိုတွေနဲ့တိုးလို့ ကျွန်တော့်မှာ*



www.burmeseclassic.com

www.burmeseclassic.com

အိမ်ကို ခေါ်သွားတယ်။ အိမ်ကလည်း အခြောက်တွေချည်းပဲနေတာဆိုတော့ လွတ်လပ်တာပေါ့။ ကျွန်တော့်ကို သူတို့က သူငယ်နဲ့နေတာတွေ ပြတယ်။ ကျွန်တော် ကြောက်တယ်။ မလုပ်ရဲဘူး။ သူငယ်ချင်းတွေကလည်း "ဟဲ့… ဘာမှကြောက်မနေနဲ့ အခြောက်ဆိုတာဒီလိုပဲ" ဆိုတော့ သူတို့နဲ့ပါလာတဲ့ ကောင်လေးတစ်ယောက်နဲ့ ဆက်ဆံလိုက်တယ်။ ဘာအကာအကွယ်မှ မပါဘဲနဲ့ပေါ့။ ကျွန်တော်က အသက် ဆယ့်ခြောက်နှစ်ဆို သူက ဆယ့်ရှစ်နှစ်လောက်တော့ ရှိမယ်ထင်တယ်။ ဖလန်းဖလန်းထတဲ့ အရွယ်တွေလေ။ အဲဒီညက ကျွန်တော် အပျိုရေပျက်တဲ့ ညပေါ့။

\- ၃ -

အိမ်ပြန်ချင်စိတ်မရှိတဲ့ ကျွန်တော် အိမ်လည်း မပြန်ဖြစ်ဘူး။ သူငယ်ချင်းတွေအခဆောင်မှာပဲ သောင်တင်နေတယ်။ နံနက်ဆို သူတို့က ပွဲရုံမှာ အချိန်ပိုင်းအလုပ်လုပ်၊ ညနေပြန်လာ၊ ခဏတစ်ဖြုတ်နားပြီး ညကျ သူငယ်ထောင် ဒီလိုနဲ့ပဲနေလာတာ။ တစ်ရက် သူငယ်ချင်းတစ်ယောက်က နယ်မှာ ဘုရားပွဲရှိတယ်။ အဲဒီဘုရားပွဲမှာ အခြောက်တွေကတဲ့ မိုးကြိုးငှက်ငယ်အဖွဲ့ ရှိတယ်။ ကမယ်ဆို ပိုက်ဆံရတယ်တဲ့ ပြောလာတယ်။ ပိုက်ဆံရမယ်ဆိုတော့ ကျွန်တော် သွားချင်တယ်။ ဒါပေမဲ့ ကျွန်တော်က အိမ်သာ မပြန်တာ အမေနဲ့ခွဲပြီး ရပ်ဝေးခရီးကို တစ်ခါမှမထွက်ဖူးဘူး။ စိတ်ထဲမခွဲချင်ပေမယ့် ကျွန်တော် သူတို့နဲ့လိုက်လာတယ်။ နယ်ဆိုပေမယ့် ရွာဘက်ပေါ့။ မန္တလေးနဲ့ကလည်း သိပ်မဝေးဘူး။ အဲဒီလိုနဲ့ မန္တလေးတစ်ဝိုက်က ရွာဘုရားပွဲတွေဆို လိုက်ကတယ်။ ညစာ ထမင်းစားရတဲ့အပြင် ညကြေး သုံးထောင့်ငါးရာရတယ်။ အိမ်ကိုလည်း မပြန်တော့ဘူး။ ဒီလိုနဲ့ နေလာလိုက်တာ တစ်ရက်မှာ သူငယ်ချင်းတစ်ယောက် ရန်ကုန်တက်မယ်တဲ့ ပြောတယ်။ ဘာတွေလိုလဲ မေးလိုက်တော့ မှတ်ပုံတင်လိုတယ်တဲ့။ ကျွန်တော့်မှာက မှတ်ပုံတင်မရှိဘူးဆိုတော့ ရဲစခန်းထောက်ခံစာနဲ့ ရတယ်တဲ့။ ကျွန်တော်လည်း ရဲစခန်းထောက်ခံစာ ယူထားလိုက်တယ်။ တီဗီထဲမှာပဲ မြင်ဖူးတဲ့ ရန်ကုန်မြို့ဆိုတာကြီးကို ကျွန်တော်က ရန်ကုန်ကို တစ်ခါမှ မရောက်ဖူးဘူး။ အရမ်းသွားချင်တာ။ ပိုက်ဆံကလည်း မရှိဘူး။ အဲဒီတော့ ကျွန်တော် အိမ်ပြန်လာတယ်။ သူငယ်ချင်းတွေက နောက်တစ်နေ့ နံနက် ၄နာရီ ရထားနဲ့ သွားကြမှာ။ ကျွန်တော့်အတွက်လည်း လက်မှတ်ဖြတ်ပေးထားတယ်။ အိမ်မှာသာနေရတာ ကျွန်တော့်စိတ်က ရန်ကုန်ဆိုတဲ့ မြို့ကြီးအကြောင်းကို တွေးရင်းရင်ခုန်လို့။ အဲ့ဒီညက ကျွန်တော် တော်ရုံအိပ်မရဘူး။ အမေနဲ့ ကျွန်တော်က အတူတူအိပ်တာကိုး။ အမေ မအိပ်သေးရင် ကျွန်တော်လည်း ဘယ်အိပ်ပျော်မလဲ။ ညတော်တော်မိုးချုပ်မှ အမေ အိပ်ပျော်သွားတယ်။ အမေအိပ်ပျော်မှ အမေ့ခေါင်းအုံးအောက်က ဗီရိုသော့ယူ။ ဗီရိုထဲက အမေ့ပိုက်ဆံအိတ်ထဲမှာ ပိုက်ဆံငါးသောင်း တွေ့တယ်။ ငါးသောင်းလုံးကို အမေမသိအောင် ယူ။ နေ့လယ်ကတည်းက အခန်းရှင်းတယ်ဆိုပြီး ထည့်ထားတဲ့ အဝတ်အိတ်ထဲထည့်။ ပြီးတော့ အမေ့ဘေးမှာ အိပ်နေလိုက်တယ်။ အိပ်မပျော်ပါဘူး။ နံနက်သွားဖို့ကို စိတ်တွေ လှုပ်ရှားနေတာကိုး။ နံနက်နှစ်နာရီခွဲလောက်ကျတော့ အမေ့ကို စမ်းကြည့်တယ်။ မနိုးတာ သေချာတော့မှ အဝတ်အိတ်ကိုယူပြီး ထွက်လာတယ်။ ဘူတာရောက်တော့ ရထားထွက်ဖို့ နည်းနည်းပဲလိုတော့တယ်။ သူငယ်ချင်းတွေက နောက်ကျနေလို့ စိတ်ပူတာပေါ့။ ရထားပေါ်ရောက်တော့၊ ပြတင်းပေါက်ကနေ အပြင်ငေးရင်း မျက်ရည်ကျမိတယ်။ ကျွန်တော်အမေ့ကို ထားပြီး ထွက်လာမိပြီလေ။ တစ်ဆက်တည်း ငယ်ငယ်ကတည်းက အရမ်းသွားချင်နေတဲ့ ရန်ကုန်ကို ရောက်တော့မှာကို တွေးရင်း ပျော်လည်းပျော်၊ ရင်လည်းခုန်ပေါ့။

\- ၄ -

ရန်ကုန်မြို့မှာ စရောက်ခါစကတော့ ယောင်တောင်တောင်ပေါ့။ ငါးထပ်ကြီးဘုရားနားက အဆောင်ခန်းလေးထဲ တစ်ယောက်တည်း ငိုင်တိုင်တိုင်။ အစပိုင်းတော့ လူရည်မလည်သေးတာလည်း ပါတာပေါ့လေ။ အလုပ်မရှိသေးတဲ့သူ့ကို ကျန်တဲ့လူတွေက ကျွေးထားရတယ်။ ရန်ကုန်မှာအနေကြာတဲ့ အခြောက်မတွေက ညဘက်ဆို Offer လိုက်တယ်။ နေ့လယ်ဘက်ဆို အလုပ်မရှိရင် ဖဲရိုက်ကြတယ်။

*ရထားပေါ်ရောက်တော့၊ ပြတင်းပေါက်ကနေ အပြင်ငေးရင်း မျက်ရည်ကျမိတယ်။ ကျွန်တော်အမေ့ကို ထားပြီး ထွက်လာမိပြီလေ*



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မှာ Offer လိုက်ဖို့အတွက် ရန်ကုန်ကနေရာတွေနဲ့ အကျွမ်းတဝင်မရှိသေးတဲ့ ကျွန်တော်နဲ့ မန္တလေးကလာတဲ့ ကျုန်တဲ့အခြောက်မတွေကို ရန်ကုန်က အခြောက်တွေက တွဲခေါ်တယ်။ နှစ်ယောက်တစ်ဖွဲ့စီ ထွက်ကြတယ်။ ပထမဦးဆုံး Offer လိုက်တဲ့နေရာက ကန်တော်ကြီးမှာ။ ရန်ကုန်မှာက မန်းလေးလို မဟုတ်ဘူး။ မန္တလေးမှာတုန်းက ဒီလို Offer လိုက်တာမျိုး မဟုတ်။ ပိုက်ဆံရတယ်ဆိုတာလည်း မသိ။ အခုရန်ကုန်မှာက ပိုက်ဆံပါရတယ်ဆိုတော့ ရင်လည်းခုန်၊ ကြောက်လည်းကြောက်ပေါ့။ ပထမတော့ မလိုက်ရဲပါဘူး။ ဒါပေမဲ့ ဒီတိုင်း သူငယ်ထောင်မယ့်အစား ပိုက်ဆံရတယ်ဆိုတော့လည်း လိုက်ရတာပေါ့။

အဲဒီအချိန်တုန်းက အခြောက်တွေကို လိုက်ဖမ်းတာလည်း မရှိသေးတော့၊ လွတ်လွတ်လပ်လပ် ရှာလို့၊ ဖွေလို့ ကောင်းသေးတယ်။ ကန်တော်ကြီးစောင်းရဲ့ ပထမဦးဆုံး အတွေ့အကြုံကို ခုအထိမှတ်မိသေးတယ်။

ကျွန်တော်တို့ထိုင်နေတဲ့ နေရာကို အသက်လေးဆယ်ကျော်ငါးဆယ်လောက်ရှိတဲ့ ဦးလေးကြီးတစ်ယောက် ကားနဲ့ရောက်ချလာတယ်။ အဲဒါနဲ့ ကျွန်တော်ကလည်း

"အစ်ကိုကြီး သွားမှာလား"

"ဟင်…မင်းက မိန်းကလေး မဟုတ်ဘူးလား"

"မဟုတ်ဘူးလေ…အစ်ကိုကြီးက ဘယ်လိုထင်လို့တုံး"

"မိန်းကလေး ထင်လို့လေ…"

"အမယ်လေး…အစ်ကိုကြီးရယ်… ဒီပုံက မိန်းမနဲ့တူလို့လား… သိသိကြီးနဲ့ လာမနောက်နဲ့နော်"

သူ့ကြည့်ရတာ အခြောက်နဲ့ မဆက်ဆံဖူးဘူးထင်ပါတယ်။

"ဟင်…အဲ့ဒါဆို မင်းတို့က ဘာလုပ်တာလဲ"

"ဟင်…မသိဘူးလား…ဒီနေရာမှာ ဒီလိုအချိန် ဒီလို နေနေတာတဲ့ဟာ… ဖာခံတာပေါ့ အစ်ကိုကြီးရယ်…"

"မင်းတို့ကို ပိုက်ဆံပေးရသလား"

"အမယ်လေး အစ်ကိုကြီးရယ်၊ ဘယ်လိုများမေးလိုက်တာတုံး။ အခြောက်ဆိုပြီး အလကားရမလား ပိုက်ဆံပေးရတာပေါ့"

"မင်းတို့က ဘယ်လောက်ယူတာလဲ"

"ဘာလဲ အစ်ကိုကြီးက သွားမလို့ မေးတာလား"

"အေး…နေဦးဟ…ငါက မိန်းကလေးတွေနဲ့ပဲ ဆက်ဆံဖူးတာ အခြောက်တွေနဲ့ တစ်ခါမှ မဆက်ဆံဖူးဘူး"

"အစ်ကိုကြီးသွားမှာလား ပြော၊ သွားမယ်ဆို ကျွန်တော်က လိုက်မှာနော်။ ဈေးဦးလည်း မလှန်ချင်ဘူး"

"သွားတော့သွားမှာကွ…မင်းတို့က ဈေးကြီးလား"

"ဈေးမကြီးပါဘူး။ တစ်ဆက်ရှင်မှ ခုနစ်ထောင်ပဲ"

"နေရာရော…ရှိလား"

"နေရာကတော့မရှိဘူး။ အစ်ကိုကြီး သွားချင်တဲ့နေရာကိုသွားလေ။ တည်းခိုခန်းသွားမလား"

"တည်းခိုခန်းတော့ မသွားချင်ဘူး။ ငါ့ညီ တိုက်ခန်းမှာတော့ ဘယ်သူမှမရှိဘူး အဲဒီကိုသွားကြမယ်"

"ဟုတ်"

ဈေးဦးပေါက်ကောင်းတယ် ပြောရမလားဘဲ… ပျော်တော့ပျော်သွားတယ်။ ပြီးတော့ မထင်မှတ်ထားတာတွေလည်း ဖြစ်ပျက်သေးတယ်။ ငိုအားထက်ရယ်အားသန်ပဲ ပြောရမလား။ ကျွန်တော် ပြောပြဦးမယ်။

"မင်းနာမည်က ဘယ်လိုခေါ်တုံး"

"ဝိုင်းစုပါ"

"ကဲ…ဝိုင်းစု ဘာစားမလဲ… ခေါက်ဆွဲကြော်လား… ကြာဆံကြော်လား။ ဘာမှ ကြောက်စရာမရှိဘူးနော်… အေးဆေးနေ" လို့ပြောပြီး ရေခဲသေတ္တာထဲက အသီးတွေအစုံပဲ သွားယူလာတယ်။

"မင်းကို ခင်လို့ခေါ်လာတာ။ အစ်ကိုကြီးက အဲဒီ့စိတ်တွေမရှိဘူး"

ကျွန်တော်လေ ရယ်ချင်လိုက်တာဆိုတာ… စိတ်မရှိလို့ဘဲ အခြောက်မကို ပြုစုနေတာလေ။ အဲ့ဒါနဲ့ ကျွန်တော်ကလည်း-

*အဲဒီအချိန်တုန်းက အခြောက်တွေကို လိုက်ဖမ်းတာလည်း မရှိသေးတော့၊ လွတ်လွတ်လပ်လပ် ရှာလို့၊ ဖွေလို့ ကောင်းသေးတယ်*





www.burmeseclassic.com

www.burmeseclassic.com

"အဲ့ဒါဆို အစ်ကိုကြီးက ဘာလုပ်မှာလဲ… အလုပ်စမှာလား"

"စတာတော့ စမှာပေါ့ စောသေးလို့"

"အဲဒီလိုတော့ မရဘူးလေ။ အစ်ကိုကြီး ကျွန်တော်က အလုပ်ရှိသေးတယ်။ အစ်ကိုကြီးတစ်ယောက်တည်းနဲ့ အချိန်ကုန်သွားမှာပေါ့။ အစ်ကိုကြီးက ဆက်ရှင်ခေါ်ပြီးတော့ အစ်ကိုကြီးပြီးရင် ကျွန်တော်က ပိုက်ဆံထပ်ရှာရဦးမှာ"

"သြော်…မင်းကလည်းကွာ။ အေးဆေးပေါ့ တစ်ညလုံးနေလိုက်ပါကွာ။ ငါပိုက်ဆံပေးပါ့မယ်"

အဲ့ဒီလိုနဲ့ ကျွန်တော်ရဲ့ ဈေးဦးပေါက်က နိုက်ဖြစ်သွားတယ်။ ဒီလိုနဲ့ အဲ့ဒီဦးလေးကြီးက စိတ်မပါလို့သာ ပြောတာ ညဦးပိုင်းမှာ နှစ်ခါထပ်ဖြစ်ကြတယ်။ ပြီးတော့ နှစ်ယောက်စလုံး အိပ်ပျော်သွားတယ်။ မနက်ငါးနာရီလောက်ကျတော့ ကျွန်တော်နိုးလာတယ်။ ဘေးနားကို ကြည့်လိုက်တော့ ဟိုဦးလေးကြီးက မရှိတော့ဘူး။ ကျွန်တော် လန့်သွားတာပေါ့။ ဘာလို့လဲဆို တချို့အကောင်တွေက ဆက်ဆံပြီးရင် ပိုက်ဆံမပေးဘဲ ထွက်ပြေးတတ်တယ်ဆိုတာ ကြားထားဖူးတာကိုး။ အမယ်လေး ဘယ်ဟုတ်မလဲ… ဘိုးတော်က အိမ်သာသွားပြီး ပြန်လာတာ ကိုယ်လုံးတီးကြီးနဲ့။ ပြီးတော့ နောက်တစ်ခါ ထပ်ဖြစ်ကြတယ်။ ကျွန်တော့် စိတ်ထဲမှာတော့ အဲ့ဒီအဘိုးကြီး မလုပ်တတ်လို့ဘဲ တဇွတ်ရှုးကြီးဆိုပြီး ပြောနေတာ။

မိုးလင်းတော့ ကျွန်တော့်ကို ဘယ်လောက်ပေးမှာလဲလို့ မေးလိုက်တော့ သူ့ဆီမှာပိုက်ဆံက တစ်သိန်းလောက်ပဲ ပါတယ်တဲ့။ မင်းကို လေးသောင်းပေးမယ် ကားခနဲ့ လေးသောင်းခွဲပေးမယ် ဖြစ်လားဆိုတော့။ ဖြစ်တာပေါ့ဗျာ…နော့်။ နိုက်ကြေးက နှစ်သောင်းခွဲလောက်ပဲရတာကိုး။ ကျွန်တော့်ကို ပြန်လိုက်ပို့ပေးမယ် ပြောတာ။ ကျွန်တော်က ရတယ်။ လိုက်မပို့နဲ့လို့ ပြောလိုက်တယ်။ ပြန်ခါနီး အဘိုးကြီးက ဖုန်းနံပါတ်ပေးခဲ့ပါလား။ ဒါမှမဟုတ် သူ့ဖုန်းနံပါတ်ယူသွားဆိုပြီး ပေးတယ်။ ကျွန်တော်က အဲ့ဒီလိုမျိုး မကြိုက်ဘူး။ ကျွန်တော့်ကို တွေ့ချင်ရင် ညက တွေ့တဲ့နေရာကိုသာ လာခဲ့လို့ပြောပြီး ကျွန်တော်က ကိုယ့်ဘာကိုယ်ပဲ ပြန်လိုက်တယ်။ ကျွန်တော့်ရဲ့ ရန်ကုန်မှာ Offer ဆင်းတဲ့ ပထမဦးညပေါ့။

- ၅ -

ကျွန်တော့်ရဲ့ အချစ်ရေးကို ကျွန်တော်ပြောပြရင်ရင်နာတယ်။ ဒါပေမဲ့ ပြောပြမယ်။ ကျွန်တော် တောင်ဒဂုံမှာနေတဲ့အချိန်ပေါ့။ ကျွန်တော်က နောက်ပိုင်း ငါးထပ်ကြီးမှာ မနေတော့ဘူး။ တောင်ဒဂုံမှာ ကျွန်တော့်သူငယ်ချင်း အခြောက်မတစ်ယောက်နဲ့ နေတယ်။ ညဘက်ဆို Offer လိုက်တယ်။ နေ့လယ်ဘက်ဆို ရတဲ့ပိုက်ဆံတွေနဲ့ ဖဲရိုက်ကြတယ်။ ပွဲရှိရင်လည်း လိုက်ကတယ်။ ပွဲလိုက်သွားရင်းနဲ့ ကျွန်တော့်သူငယ်ချင်းရဲ့ ကောင်လေးနဲ့အတူ သူငယ်တစ်ယောက် ပါလာတယ်။ အဲ့ဒီကောင်လေးက ကျွန်တော့်ကို စိတ်ဝင်စားတယ်ပေါ့နော်။ ကျွန်တော်ကလည်း အဲ့ဒီအချိန်က ပိုက်ဆံပဲရှာချင်နေတာ ရည်းစား မထားချင်သေးဘူးဆိုတော့၊ ကျွန်တော် စိတ်မဝင်စားဘူးလို့ ပြောလိုက်တယ်။ ချေတာပေါ့နော်။

တကယ်တမ်း ချစ်မိသွားတော့လည်း ကျွန်တော်က ပေးဆပ်သူ ဖြစ်သွားရတာပါပဲ။ ကျွန်တော့်ရဲ့ ရည်းစားဦးက မင်္ဂလာဒုံမှာနေတာ။ သူနဲ့ကလည်း ပွဲဈေးမှာတွေ့ပြီးတော့ စကားတွေ၊ ဘာတွေပြောရင်းနဲ့ ကြိုက်သွားတာပါပဲ။ သူက ဘာအလုပ်မှ မလုပ်ဘူး။ သူက အိမ်မှာ အငယ်ဆုံးလေ။ သူ့ကိုလည်း သူ့အိမ်က ဘယ်သူကမှ အလုပ်လုပ်ဆိုပြီး မခိုင်းကြဘူး။ အဲ့ဒီလို လူကိုမှ ချစ်မိသွားတာ။ ကျွန်တော်နဲ့သူ ကြိုက်တာနည်းနည်း ကြာလာတော့ ကျွန်တော် သူ့အိမ်မှာ လိုက်နေတယ်။ ပြောရမယ်ဆိုရင် သူနဲ့ကျွန်တော် ယူလိုက်တာပေါ့။ သူ့အိမ်က လူတွေက သူတို့သားခေါ်လာတာက အခြောက်မဆိုတော့ အစကတော့ ကျွန်တော့်ကို စကားမပြောကြဘူး။ ကျွန်တော်ကတော့ ကျွန်တော် လုပ်စရာရှိတာကို လုပ်တယ်။ ညဆို Offer လိုက်တယ်။ နေ့လယ်ဆို သူနဲ့အတူနေတယ်။ ဒီလိုနဲ့ သူ့ကို ကျွန်တော် ရှာကျွေးလာတာ။ သူ့ကိုတင် မကပါဘူး။ တစ်မိသားစုလုံးကိုပေါ့။ ကြာလာတော့လည်း သူ့အမေရော၊ သူ့အစ်ကိုတွေရောက ကြည်ဖြူလာတယ်။ စကားတွေ၊ ဘာတွေ ပြောလာတယ်။ အဲ့ဒီလိုဆိုတော့ ကျွန်တော်လည်း နေပျော်တာပေါ့။ မဟုတ်ရင်ဗျာ။ ကျွန်တော်တို့ Offer လိုက်ရင် ပိုက်ဆံရတဲ့ ညရှိသလို၊ မရတဲ့ညဆိုတာလည်း

*ဘေးနားကို ကြည့်လိုက်တော့ ဟိုဦးလေးကြီးက မရှိတော့ဘူး။ ကျွန်တော် လန့်သွားတာပေါ့။ ဘာလို့လဲဆို တချို့အကောင်တွေက ဆက်ဆံပြီးရင် ပိုက်ဆံမပေးဘဲ*



www.burmeseclassic.com

www.burmeseclassic.com

နည်းမှမနည်းဘဲ။ ပြီးရင် အကောင်ပေါင်းစုံနဲ့ ကြုံရတာ။ လူမဆန်တဲ့ကောင်တွေနဲ့လည်း ကြုံဖူးတယ်။ ဘယ်လိုလူမဆန်တာလဲဆိုရင် သူတို့က သွားမယ်ဆိုပြီး ခေါ်တယ်။ ပွဲဈေးတွေမှာဆိုရင် ဆိုင်ကယ်တွေနဲ့ပေါ့။ ကျွန်တော်တို့က သူတို့ဆိုင်ကယ်နောက်က လိုက်ရတယ်။ ပြီးရင် ဆက်ဆံရတဲ့နေရာကလည်း ချုံပုတ်ထဲဗျာ။ အဲ့ဒီချုံပုတ်ထဲမှာပဲ သူတို့ဆက်ဆံပြီးလို့ ဝသွားရင် ကျွန်တော်တို့ကို ဒီတိုင်းထားပြီး ထွက်ပြေးတာ။ ပိုက်ဆံပေးဖို့နေနေသာသာ လှည့်တောင် မကြည့်ဘူး။ ကျွန်တော်တို့က ဘာမှမတတ်နိုင်ဘူး။ ပွဲဈေးမှာက လူတွေများတော့ ပြန်ရှာဖို့လည်း မလွယ်ဘူးလေ။ ရတဲ့ပိုက်ဆံကလည်း တစ်ဆက်ရှင်ဆို ခုနစ်ထောင်၊ နိုက်ဆို နှစ်သောင်းခွဲ အများဆုံးရတာပေါ့။ အဲ့ဒီလိုလူတွေနဲ့တွေ့လိုက်ရင် အားလည်းကုန်သေး၊ ပိုက်ဆံလည်းမရ၊ စိတ်ညစ်ရတာပေါ့။ အိမ်ပြန်ရောက်လို့ စိတ်ညစ်စရာမရှိရင် တော်သေးတာပေါ့။ ကျွန်တော်တို့ Offer လိုက်ရတာ မလွယ်ပါဘူးဗျာ။ သူတို့ကတော့ ဘယ်သိမလဲ။ အဲဒီလိုနဲ့ သူနဲ့ပေါင်းပြီး တစ်နှစ်နီးပါးလောက်လည်းကျရော ယောကျ်ားတွေရဲ့ဇာတိက ပြလာတာပဲ။ သူငယ်ချင်းတွေဆီ သွားမယ်ဆိုပြီး သူ အပြင်တွေ မကြာခဏ ထွက်တယ်။ စုံစမ်းတော့မှ သူက ရည်းစားထားနေတာ။ ရည်းစားထားတာပဲဆိုပြီး အစကတော့ ကျွန်တော် ခွင့်လွှတ်နိုင်သေးတယ်။ နောက်ပိုင်းလည်းကျရော သူ အိမ်ကိုပြန်မလာဘူး။ တစ်ရက်လည်း မလာ၊ နှစ်ရက်လည်း မလာဆိုတော့ စိတ်ပူတယ်။ သူ့အမေတွေ မေးကြည့်တော့လည်း သူငယ်ချင်းတွေဆီ သွားတယ်ပဲ ပြောတယ်။ ကျွန်တော်ကတော့ သူ့အိမ်ကနေပဲ ထိုင်စောင့်နေရတာပေါ့။ တစ်ရက်တော့ သူရောက်လာပါရော။ အမယ်လေး တစ်ယောက်တည်း မထင်နဲ့နော်။ မိန်းမခိုးပြီးတော့ သူ့မိန်းမပါ ခေါ်လာတာ။ ကျွန်တော် အရှမ်းခံစားရတာပေါ့။ အစပိုင်းတော့ တငိုငို၊ တရယ်ရယ်နဲ့ ထမင်းတောင် မစားနိုင်ဖြစ်သေးတယ်။ သူက ကျွန်တော်တို့ကို တစ်ခုတင်တည်းမှာ သိပ်တာဗျ။ သူက အလယ်ကအိပ်၊ သူ့မိန်းမနဲ့ ကျွန်တော်က ဘေးတစ်ဖက်တစ်ချက်ဆီက အိပ်ပေါ့ဗျာ။ နောက်တော့ ကျွန်တော်စဉ်းစားတယ်။ သူလည်း နှစ်ယောက်ပေါင်းနေရင် မကောင်းဘူး။ သူတို့ မျက်နှာမပူပေမယ့် ကျွန်တော်ရှက်တယ်။ အဲ့ဒါကြောင့် အဲ့ဒီအိမ်ကနေ ထွက်လာဖို့ ဆုံးဖြတ်လိုက်တယ်။ အဲ့ဒီလိုနဲ့ သူနဲ့ကျွန်တော် ကွဲသွားတယ်။ ဒါက ကျွန်တော့်ရဲ့ ပထမအိမ်ထောင်ပေါ့။ ဟုတ်တယ်။ ပထမအိမ်ထောင်။ နောက်ထပ် အိမ်ထောင်ရှိသေးတယ်။ ပြောပြမယ်။

ပထမ အိမ်ထောင်နဲ့ကွဲတော့ ကျွန်တော့်မှာ နေစရာမရှိဖြစ်ပြန်ရော။ ကျွန်တော့်သူငယ်ချင်းအိမ်ကို ပြန်ရောက်သွားတယ်။ သူက တစ်ယောက်တည်းဆိုတော့ အေးအေးဆေးဆေးပဲ။ သူကလည်း နင်တစ်ယောက်တည်းလောက်ကတော့ ကျွေးထားနိုင်ပါတယ်တဲ့။ သူက ကိုယ်ချင်းစာပါတယ်။ ကျွန်တော့်ကို ခေါ်ထားတယ်။ နောက်တော့ ကျွန်တော်လုပ်နေကျအလုပ် Offer ပြန်လိုက်တယ်။ လိုက်လို့ရတဲ့ ပိုက်ဆံက များတယ်ဆိုရင် ကျွန်တော်တို့နှစ်ယောက် ကလပ်သွားကြတယ်။ နောက်တစ်ယောက်နဲ့က ကလပ်မှာ စတွေ့တာပေါ့။ ဘယ်လိုတွေ့တာလဲဆိုရင် ကျွန်တော့်သူငယ်ချင်းက အဲဒီကလပ်က တစ်ကောင်နဲ့ ကြိုက်တယ်။ ပြီးတော့ အဲ့ဒီကောင်လေးနဲ့ပါလာတဲ့ ကောင်လေးနဲ့ကျွန်တော်နဲ့ ရည်းစားဖြစ်တယ်။ ဖြစ်ချင်တော့ သူက ကျွန်တော်တို့နေတဲ့ အိမ်နားမှာပဲနေတာ။ အဲ့ဒီတော့ ညဘက်တွေဆို အလုပ်မလုပ်ခင် သူနဲ့ချိန်းတွေ့။ ပြီးမှ အလုပ်ဆင်း။ ညတိုင်းနီးပါး တွေ့ဖြစ်တယ်။ ကြာတော့ ကျွန်တော် စိတ်ဆုံးဖြတ်လိုက်တယ်။ ဒီ Offer အလုပ်ကို လုံးဝမလုပ်တော့ဘူးလို့။ ဘာလို့လဲဆိုတော့ ကျွန်တော့်ရည်းစားက နင် ဒီအလုပ်ကို မလုပ်တော့နဲ့။ ငါရှာကျွေးမယ်တဲ့။ အဲ့ဒီလိုပြောလို့။ နောက်တော့ သူ့အိမ်မှာ လိုက်နေတယ်။ သူနဲ့ယူလိုက်တာပေါ့။ ကျွန်တော် ကံကောင်းတယ်ပဲ ပြောရမလား။ ပထမတစ်ယောက်တုန်းက ကျွန်တော်က ရှာကျွေးရတာ။ အခု ဒုတိယတစ်ယောက်က ကျွန်တော့်ကို ရှာကျွေးတာ။ ပြီးတော့ ကျွန်တော့်ကိုလည်း ချစ်တယ်။ ဒါပေမဲ့ သူ့အဖေက တော်တော်ဆိုးတာ။ သူတို့သားအဖက လက်သမားလုပ်တယ်။ သူ့အဖေက အရက်သောက်တတ်တယ်။ အရက်သောက်လို့မူးလာပြီဆို သူ့သားနဲ့၊ ကျွန်တော်နဲ့ကို သဘောမတူတော့ သူ ကြည့်မရတဲ့ ကျွန်တော့်ကို "ဓားနဲ့လိုက်တာ ခဏခဏ ခံရတယ်။ သူတို့အိမ်က ငှားနေတာဆိုတော့ အပေါ်ထပ်မှာက တခြားလူတွေနေတယ်။

*သူက ကျွန်တော်တို့ကို တစ်ခုတင်တည်းမှာ သိပ်တာဗျ။ သူက အလယ်ကအိပ်၊*
*သူ့မိန်းမနဲ့ ကျွန်တော်က ဘေးတစ်ဖက်တစ်ချက်ဆီက အိပ်ပေါ့ဗျာ*

www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ သူတို့တစ်ရပ်ကွက်လုံးက ကျွန်တော်နဲ့သူ ယူထားတာလည်း သိတယ်။ သူ့အဖေ မူးပြီးသောင်းကျန်းပြီဆို ကျွန်တော်က အမြဲခံရတာ။ ဒီတော့ ရပ်ကွက်က ကျွန်တော့်ကို သနားကြတယ်။ တစ်ရက် သူ့အဖေက ကျွန်တော့်ကို ရိုက်နေတုန်း အပေါ်ထပ်က အန်တီက သူ့အဖေကို လှမ်းပြောတာပေါ့နော်။ ဒီကလေးက နင့်သားနဲ့ပတ်သက်လို့ ဒီအိမ်ကို ရောက်လာတာ။ သူနဲ့ဘာဆိုင်လို့ ရန်လုပ်နေတာလဲ ကိုယ့်သားကိုယ် ဆုံးမပါလားဆိုတော့မှ အဘိုးကြီးက ငြိမ်သွားတာ။ ကျွန်တော် သူ့ကိုချစ်လို့ ဒီလိုဒုက္ခတွေခံပြီး သူ့အိမ်မှာနေတာပေါ့။ နှစ်နှစ်ကျော်၊ သုံးနှစ်လောက် ဘာအလုပ်မှမလုပ်ရဘဲ သူ ရှာကျွေးတာကို စားခဲ့ရတယ်။ ဒါပေမဲ့ ကျွန်တော့်ကို ကံကြမ္မာက မျက်နှာသာ မပေးပါဘူးဗျာ။

- ၆ -

ကျွန်တော်လုပ်ခဲ့တဲ့ အလုပ်က နောက်ဆုံး ကျွန်တော့်ကို ဒုက္ခပေးလိုက်တာဗျာ။ ကျွန်တော် ဒီ Offer အလုပ်ကို စလုပ်ကတည်းက အကာအကွယ် မသုံးဘူး။ ကျန်းမာရေး အသိမရှိလို့လည်း မဟုတ်ပါဘူး။ သိတယ်မို့လား။ အလွှာပါးရင် ကမ္ဘာခြားတယ်ဆိုသလိုပေါ့။ အကာအကွယ်နဲ့ဆို နှစ်ယောက်စလုံး မကောင်းမှာစိုးလို့ တစ်ခါမှ အကာအကွယ် မသုံးခဲ့ဘူး။ အဲ့ဒီအတွက် ကျွန်တော် ပျော်ရွှင်ရမယ့်အချိန်ကျတော့ ဒုက္ခရောက်တော့တာပဲ။ ကျွန်တော် ဒုတိယအိမ်ထောင်နဲ့ သုံးနှစ်လောက်နေပြီးတော့ ကျွန်တော့်မှာ အနာပဆုပ်တွေ ထွက်လာတယ်။ အဲ့ဒီအနာတွေက တဖြည်းဖြည်း မာလာတယ်။ မှည့်လည်း မမှည့်ဘူး။ ဂျုံတွေလည်း အုံ၊ ဖယောင်းချက်ချတာလည်း မရ။ နောက်တော့ ဆေးခန်းမှာ သွားခွဲတယ်။ သွားခွဲပြီး နှစ်ရက်လောက်က ထမင်းလည်း စားလို့မရ၊ ဟင်းနံ့ရရင်ကို အန်ချင်တာ အိပ်ရာထဲမှာ နေရတယ်။ နောက်ရက်ကျ ကောင်းသွားပြန်ရော။ သိပ်မကြာဘူး။ နောက်ရက်ကျ ပြန်ဖြစ်ပြန်ရော။ ဆေးခန်း သွားလိုက်၊ နေမကောင်းဖြစ်လိုက်၊ အစာမစားလိုက်နဲ့ ကိုယ်ခံအားတွေက တဖြည်းဖြည်း ကျလာတယ်။ ဖျားပြီးတဲ့နောက် ဝမ်းတွေ သွားလာတယ်။ ကျွန်တော်က ရိုးရိုးဝမ်းသွားတာပဲဆိုပြီး ဝမ်းပိတ်ဆေးတွေသောက်၊ ဗာဒံရွက်တွေလည်း စားပေါ့။ ဝမ်းက မပိတ်ပါဘူး။ ကျွန်တော် တော်တော်ခံရတာ။ အိပ်ရာတောင် မထနိုင်ဘူး။ နောက်တော့ အပေါ်ထပ်က အန်တီကြီးက နင် ဆေးရုံသွားပြမှရမှာ။ ဒီလိုနေလို့မရဘူးဆိုပြီး ကျွန်တော့်ကို အန်တီဖြူဖြူသင်းတို့ဆီကို ပို့ပေးတယ်။ ဒါပေမဲ့ အဲ့ဒီမှာက သွေးတွေ၊ဘာတွေ စစ်ပေးတဲ့နေရာ မဟုတ်ဘူး။ ၁၈ရပ်ကွက်ကို ဝမ်းသွားနေရင်းနဲ့ ဆိုက်ကားနဲ့ သွား။ အဲ့ဒီရောက်တော့ အစ်ကိုကြီးတွေ၊ အစ်မကြီးတွေက အရင်ဆုံး သွေးစစ်ခိုင်းတယ်။ သွေးစစ်ချက် အဖြေထွက်လာတော့ HIV ရှိတယ်တဲ့။ ကျွန်တော့်စိတ်ထဲ ဘာဖြစ်သွားမှန်းကို မသိဘူး။ ကျွန်တော့်ကို အဲ့ဒီမှာ နှစ်ရက်လောက်ထားတယ်။ အဲ့ဒီနှစ်ရက်မှာ ကျွန်တော့်ယောကျ်ားက ကျွန်တော့်ကို သူအလုပ်ပြီးရင် လာကြည့်တယ်။ ကျွန်တော့်ကို ပစ်မသွားသေးဘူး။ နောက်တော့ ကျွန်တော့်ကို ဆေးရုံတင်ရမယ်တဲ့။ အဲ့ဒီအချိန်မှာ ကျွန်တော် လမ်းမလျှောက်နိုင်တော့ဘူး။ သူက ကျွန်တော့်ကိုပွေ့ပြီး မင်္ဂလာဒုံဆေးရုံ လိုက်ပို့တယ်။ အဝတ်အစားတွေ၊ ဘာတွေကအစ လိုလေသေးမရှိဘူး လုပ်ပေးတာ။ အဲ့ဒီအချိန်မှာ ကျွန်တော်က အခြောက်လိုအင်္ကျီတွေ မဝတ်တော့ဘူး။ ယောကျ်ားဝတ်နဲ့ ဖြစ်နေပြီ။ မင်္ဂလာဒုံရောက်ပြီး နှစ်ရက်လောက်နေတော့ စီဒီဖိုးက ၃၅ကောင်ပဲရှိတော့တဲ့အပြင် တီဘီကလည်း ဖြစ်နေတယ်။ ကာလသားပိုးကလည်း ရှိနေတယ်။ ရောဂါတွေ စုံသွားတာပေါ့။ သေတော့မယ်တောင် ထင်တာ။ အရင်ဆုံး ကျွန်တော့်ကို တီဘီဆေး အရင်တိုက်တယ်။ တီဘီဆေးသောက်တော့၊ အစကတည်းကမှ အစားမဝင်တော့ ဆေးပြင်းတာနဲ့တွေ့ပြီး အိပ်ရာထဲက မထနိုင်ဘူး။ လမ်းတောင်မလျှောက်နိုင်ဘူး။ အစားစားရင်လည်း ဘာအရသာ မှမရှိ။ မရှိဆို ဆရာဝန်က လျှာထုတ်ခိုင်းလိုက်တော့မှ လျှာမှာ မှိုစွဲနေမှန်းသိတာ။ သိတော့မှ အဲ့ဒီမှိုရောဂါပျောက်အောင် လုပ်ရသေးတယ်။ ချဉ်ချဉ်စပ်စပ်တွေကလည်း မစားနိုင်။ စားပြီးသမျှလည်း ဝမ်းတွေသွား။ ကျွန်တော်သေပြီတောင် ထင်တာ။ ဆေးရုံမှာ ရှစ်လလောက် ကြာသွားတယ်။ အကုန်လုံးက ကျွန်တော့်ကို သေမယ်လို့ပဲ ထင်တာ။ ဒါပေမဲ့ အဲ့ဒီက ဆေးရုံအုပ်ကြီးက

*သွေးစစ်ချက် အဖြေထွက်လာတော့ HIV ရှိတယ်တဲ့။ ကျွန်တော့်စိတ်ထဲ ဘာဖြစ်သွားမှန်းကို မသိဘူး။ ကျွန်တော့်ကို အဲ့ဒီမှာ နှစ်ရက်လောက်ထားတယ်*

www.burmeseclassic.com

www.burmeseclassic.com

အစွမ်းကုန် ကုသပေးတယ်။ စိတ်လည်း ရှည်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်အမေကို တမ်းတလို့လည်း သူတို့က ကျွန်တော် အဲဒီနေရာ ရောက်နေမှန်းလည်း မသိတော့ မဖြစ်နိုင်ဘူးလေ။ ကျွန်တော့်ယောက်ျားကို ကျွန်တော် အရမ်းသတိရတာပေါ့။ ယောက်ျားကလည်း ဆေးရုံတက်တဲ့ ပထမရက်တစ်ရက်ပဲလာပြီး နောက်ရက်ကျတော့ ပိုက်ဆံရှာမယ်ဆိုပြီး ပေါ်ကို မလာတော့တာ။ ကျွန်တော် သူ့ကိုပဲ မျှော်လင့်မိတာ။ ဒါပေမဲ့ သူက ခုချိန်ထိ ကျွန်တော့်နားကို ပေါ်မလာတော့ပါဘူး။ ကျွန်တော် ဆေးရုံကဆင်းတော့ အန်တီဖြူဖြူသင်းတို့ရဲ့ ဂေဟာကို ရောက်လာတယ်။ ရောက်တော့ ကျွန်တော့်ကို ဘာလုပ်တတ်သလဲတဲ့။ အဲဒီလိုမေးတာက ကျွန်တော့်ကို အလုပ်ပေးမလို့ပါ။ ကျွန်တော်က အရင်က ဘော်ကျယ်တွေ၊ ဘာတွေ ထိုးတတ်တယ်ဆိုတော့ ဒီမှာတော့ ဘော်ကျယ်ထိုးတာမရှိဘူး။ ပုစဉ်းခေါင်း လုပ်တတ်လားတဲ့။ ကျွန်တော်က သင်ပေးရင် ရပါတယ်လို့ ပြောလိုက်တယ်။ အဲဒီနောက်ပိုင်း ပုစဉ်းခေါင်း ကြယ်သီးတံကနေ ပုံစံအမျိုးမျိုး လုပ်တတ်သွားတယ်။ အခုဆို လစာတောင်ရနေပြီ။

အဲဒီလိုနဲ့ ဆေးကိုပုံမှန်သောက်ပြီးတော့ ကျွန်တော် ပြန်ကျန်းမာလာတယ်။ တစ်ရက် ကျွန်တော်နဲ့အတူနေခဲ့တဲ့ သူငယ်ချင်းနဲ့တွေတော့ ကျွန်တော့်ယောက်ျားအကြောင်း ပြောပြတယ်။ ကျွန်တော့်ယောက်ျားက မိန်းမယူလိုက်တယ်တဲ့။ ကျွန်တော်လေ သူ့မိန်းမကို အရမ်းသနားတယ်။ အဲဒီအကောင်က သူ့ဆီမှာ အေအိုင်ဒီအက်စ်ရှိတာ သိတာပဲ။ ဒါပေမဲ့ သူ သွေးမစစ်ဘူး။ ကျွန်တော်နဲ့ဆက်ဆံခဲ့တာ၊ သူ့မှာ သေချာပေါက်ရှိမယ်ဆိုတာ ကျွန်တော် သိနေတယ်။

တီဘီဆေးသောက်လို့ ဆံပင်တွေ အရမ်းကျွတ်တော့ ကျွန်တော့်ဆံပင်ရှည်တွေကို ကတုံးတုံးလိုက်ရတယ်။ အခု ဆံပင်ရှည်ပြန်ထားပြီး မိန်းမလိုဝတ်ဦးမှာ။ အမှန်ပြောရရင် ဒီစိတ်တွေ မကုန်သေးဘူးလားဆိုတော့ သေမှပဲ ကုန်မယ်ထင်ပါတယ်။ ကျွန်တော်က အရင်ကတည်းက ခင်စန်းဝင်းတို့လို၊ မိတ်ကပ်ပြင်ချင်တဲ့ အခြောက်လုပ်ချင်တာမှ မဟုတ်တာ။ လင်ယူပြီး ပျော်ပျော်နေရတဲ့ဘဝလေးမှာ နေချင်တာ။

ဆက်ပြီးတော့ ယောက်ျားတော့ ယူမှာမဟုတ်ပါဘူး။ အခု လက်ရှိတော့ ရည်းစားတွေထားတယ်။ သူတို့နဲ့ တစ်ခါတလေ ဆက်ဆံတယ်။ အခုတော့ အကာအကွယ် သုံးပါပြီ။ ကျွန်တော့်ကြောင့် သူတို့ကို ရောဂါမကူးစေချင်ဘူး။ ကိုယ်ချင်းစာစိတ် ထားတယ်။ တချို့ကျတော့ အကာအကွယ် မသုံးချင်ဘူး။ အဲဒီအခါကျ ကျွန်တော့်မှာ ရောဂါရှိတယ်ဆိုတာကို ပြောပြတယ်။ ဘယ်လို ခံရတယ်ဆိုတာကို ပြောပြတယ်။ ပြောလို့ရတဲ့သူက ရတယ်။ မရတဲ့သူကျတော့လည်း မရဘူး။ ရောဂါရှိလည်း မကြောက်ဘူးဆိုပြီး ဆက်ဆံကြတယ်။ ကျွန်တော်လည်း သေမှပဲ ဒီစိတ်တွေ ကုန်မယ်ထင်တာပဲ။

- ၇ -

မီးတောက်မီးလျှံဟူသည် ပူပြင်းလောင်မြိုက်တတ်သည့် အမျိုး။ ကိလေသာတဏှာတည်းဟူသော အရာသည်လည်း ထိုနည်းလည်းကောင်း။ ပိုးဖလံငယ်လေးတွေဟာ မီးတောက်ရဲ့ တောက်ပတဲ့အလှထဲကို အားသာငမ်းငမ်း တိုးဝင်တတ်ကြတယ်။

ကျွန်မတို့ လူ့ဘုံခန်းဝါက လူသားတွေကရော။

ဝိုင်းစုကရော...။

တကယ်လို့ ဝိုင်းစုသာ ပိုးဖလံလေးတစ်ကောင် ဖြစ်ခဲ့ရင်... သူဟာ ပပ်ကြားအက်နေတဲ့ ပိုးဖလံလေးတစ်ကောင်သာ ဖြစ်လိမ့်မယ်လို့ ကျွန်မကတော့ ထင်တယ်။

■

*ကျွန်တော့်ယောက်ျားက မိန်းမယူလိုက်တယ်တဲ့။ ကျွန်တော်လေ သူ့မိန်းမကို အရမ်းသနားတယ်။ အဲဒီအကောင်က သူ့ဆီမှာ အေအိုင်ဒီအက်စ်ရှိတာ သိတာပဲ*



www.burmeseclassic.com

www.burmeseclassic.com


မောင်ကိုကို(အမရပူရ)၊ မောင်မြင့်ကြွယ်၊ မောင်မြတ်မိုး၊ မောင်မောင်မြင့်သိန်း




thebookhouse စာအုပ်တိုက်မှ ရရှိနိုင်သော စာအုပ်များ
၀၉၉-၇၉ ၆၀ ၆၀ ၁၀
၀၉၉-၇၉ ၆၀ ၆၀ ၂၀

the bookhouse
www.facebook.com/thebookhouse

www.burmeseclassic.com



လူသားနှင့်ရှင်သန်ခြင်း

- ၁ -

"ဒုတ်" ခနဲ…။

အသံ…။

သူ ကြားရသည်။

မျက်လုံးကိုဖွင့်ပြီး သေချာကြည့်သည်။

ထုံးစံအတိုင်း ဝိုးတဝါးအရိပ်တွေပဲ မြင်ရ၏။

အရိပ်တစ်ခု…သူ့သဘာဝ အသိသညာအရ…ဒါ သူ့အစ်ကို ဝမ်းကွဲ၏ အရိပ်။

ထိုအရိပ်၏ လက်ထဲတွင် ဓားကဲ့သို့ အရာတစ်ခု။

သူ့ညာဘက်အခြမ်းတွင် အိပ်နေသော အမေ့ထံမှ အားယူပြီး လေရှူသံသဲ့သဲ့ကို ကြားနေရပြန်သည်။

"အမေ…ဘာဖြစ်နေတာလဲ"

သူ့၏ မေးခွန်းက အသံမထွက်မီပင် ဟိုးတစ်ဖက် ခြင်ထောင်ဆီမှ ထွက်လာသော သူ့အစ်ကို အရင်းခေါက်ခေါက်၏ အရိပ်ကို လှမ်းမြင်ရသည်။

အစ်ကိုဝမ်းကွဲအရိပ်၏ လက်က မြောက်တတ်သွားပြီး သူ့အစ်ကိုအရင်း ခွေခနဲလဲသွားတာ မြင်လိုက်ရပြန်သည်။

သည်တစ်ခါလည်း အသံက ဒုတ်ခနဲ။

သူ့ဘေးနားသို့ အမေ့ထံမှ ချွဲပစ်ပစ်အရည်တွေ စီးလာနေသည်ကို ခံစားရသည်။ သေချာပြီ။ အစ်ကိုဝမ်းကွဲသည် အမေ့ကို ဓားဖြင့် ခုတ်သတ်လိုက်ပြီ။

# အရိပ်တို့ဖြင့် ထွန်းလင်းခဲ့သည်

ခက်ဇော်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အမေတင်မက ဟိုတစ်ဖက် ခြင်ထောင်မှ ထွက်လာသော သူ့အစ်ကိုအရင်းကိုလည်း ခုတ်သတ်လိုက်ပြီ။ သူ အိပ်ချင်ယောင်ဆောင်လျက် ဘယ်ဘက်အခြမ်းတွင် အိပ်မောကျနေသော သူနှင့်ဘဝတူ မျက်မမြင်အစ်မကို တိုးတိုးလေး ကပ်ပြောလိုက်သည်။

"အစ်မ…ဟိုအစ်ကိုကြီးက အမေ့ကို သတ်နေပြီ"

သူ့အစ်မက မနိုး။ ဟောက်တောင်ဟောက်နေသေးသည်။

"ဝါး…ဝါး…ဝါး"

အမေရင်ခွင်ထဲတွင် အိပ်နေသော လေးနှစ်အရွယ် ညီမလေးက ထငိုသည်။

"ဒုတ်" ခနဲ အသံကြားရပြီး ညီမလေး ငိုသံ တိတ်သွားသည်။

သွားပြီ…ညီမလေးပါ သွားပြီ။

ခုနစ်နှစ်သားအရွယ် ဆိုသော်လည်း သူ သေရမှာ ကြောက်ပါသည်။

သူ ဇောချွေးတွေ ပြန်လာသည်။ ကြောက်စိတ်ဖြင့် ခြေဖျားလက်ဖျားတို့ အေးစက်လာပြီး အသံမထွက်အောင် တိတ်နေလိုက်၏။

တစ်ဖက်ခြမ်းဆီမှ စီးကျလာသော သွေးများက သူ့ကျောပြင်အောက်တွင် စိုထိုင်းနေသည်။

အမေ၊အစ်ကိုနှင့် ညီမလေးတို့ကတော့ လူသတ်သမား၏ ဓားချက်အောက် အသက်ပျောက်ခဲ့ပြီ။

"အစ်မနဲ့ ငါ့ကိုရော… သတ်မှာလား"

မျက်လုံးကို အသာဖွင့်ကြည့်တော့၊ မီးအိမ်အလင်းရောင်ကို မြင်ရ၏။ မီးအိမ်၏ အလင်းရောင်တွင် ဆေးလိပ်ထိုင်ဖွာနေသော ဟိုအစ်ကိုကြီး၏ ကျောပြင်အရိပ်ကို သူ ဝိုးတဝါးမြင်ရသည်။

ထိုညသည် သူ၏ ငရဲခန်း။ ညက ကြောက်ကြောက်နှင့် ဘယ်လို အိပ်ပျော်သွားမှန်းမသိ။

"ခင်ထွေးရေ…ခင်ထွေး…ဟဲ့…နေမြင့်နေပြီ… မထကြသေးဘူးလား"

ဟော့…မိုးလင်းပြီ။

ဒါ ဘေးအိမ်မှာနေသော အဒေါ်ကြီးအသံ။

ခြေတုန်လက်တုန်ဖြင့် သူခြင်ထောင်ကို ဆွဲလှန်ကာ အိမ်တံခါးဝဆီသို့ မှန်းပြီးသွားလိုက်သည်။

တံခါးချပ်ကို အသာစမ်းပြီး ဖွင့်လိုက်၏။

အဒေါ်ကြီး၏ အသံလာရာဘက်ဆီသို့ လှည့်လိုက်ပြီး

"အဒေါ်ရေ…ညက အမေတို့ အသဘာ်ခံလိုက်ရပြီ"

- ၂ -

ကိုထွန်းလင်းသည် မွေးကတည်းက အမြင်အာရုံ ချို့ယွင်းခဲ့သူတစ်ဦး ဖြစ်သည်။ စစ်မှူထမ်းဖခင်နှင့် မိခင်တို့မှ မွေးဖွားခဲ့ပြီး မွေးချင်းလေးယောက်တွင် နို့ညှာဖြစ်သည်။ ကိုထွန်းလင်းတို့ မောင်နှမလေးဦးတွင် အစ်မကြီးဆုံးဖြစ်သူသည် မွေးရာပါ မျက်မမြင်တစ်ဦး။ ကိုထွန်းလင်းကတော့ မျက်မမြင်ဆိုပေမယ့် လုံးဝ မမြင်ရခြင်းမဟုတ်။ ဝိုးတဝါး အရိပ်လောက်သာ မြင်နိုင်သူ။ ကိုထွန်းလင်း၏ ဖခင်သည် တပ်မှပင်စင်ယူပြီးနောက် မော်လမြိုင်ဘက်တွင် မှောင်ခိုကူးသည့်အလုပ်ကို လုပ်သည်။

အမေကတော့ သူ့မိခင်ရှိရာ လက်ပံတန်းမြို့တွင် သူတို့ သားသမီးလေးယောက်နှင့်အတူ ကျန်ခဲ့သည်။ လွန်ခဲ့သည့်တစ်လက အမေ့အစ်မကြီး၏ သားဖြစ်သူ၊ အမေ့တူ တစ်ယောက် သူတို့နှင့် လာနေသည်။ သားအမိတွေချည်း ကျန်ခဲ့သည့်အိမ်တွင် ယောကျာ်းသားတစ်ယောက် အဖော်လာနေသဖြင့် အမေကလည်း လက်ခံထားလိုက်၏။

အမေတို့တွင် အမွေကိစ္စ ပြဿနာတွေရှိနေသည်ကို ကိုထွန်းလင်းတို့ ကလေးတစ်သိုက်မသိ။ သူတို့သိသည်က ထိုအစ်ကိုကြီးသည် သောက်တတ်စားတတ်သူ။ ဒေးဒရဲတွင် မိန်းမရပြီးမှ စီးပွားရေး အဆင်မပြေသူ။

တစ်ည။

ထိုနေ့က အမေနှင့် အစ်ကိုဝမ်းကွဲတို့ စကားများသံကြားရသည်။ ထုံးစံအတိုင်း အမွေကိစ္စ။ ညကျတော့ အစ်ကိုဝမ်းကွဲက တော်တော်နှင့် အိမ်ပြန်မလာ။ သူတို့ ကလေးတွေကတော့ စောစောအိပ်ရာဝင်ကြသည်။ အမေ၊ အစ်မ၊ ညီမလေးနှင့် ကိုထွန်းလင်းတို့က တစ်ခြင်ထောင်

*ကိုထွန်းလင်းကတော့ မျက်မမြင်ဆိုပေမယ့် လုံးဝ မမြင်ရခြင်း မဟုတ်။ ဝိုးတဝါး အရိပ်လောက်သာ မြင်နိုင်သူ*

www.burmeseclassic.com

အိပ်ပြီး အစ်ကိုဝမ်းကွဲနှင့် အစ်ကိုတို့က တစ်ခြင်ထောင် အိပ်သည်။ နံနက်လင်းအားကြီး ၃နာရီအချိန်တွင် အစ်ကို ဝမ်းကွဲက အိပ်ရာမှထလာပြီး အမေ့လည်ပင်းကို ဓားဖြင့် ခုတ်သတ်သည်။

ထိုအချိန်တွင် အိပ်ရာမှနိုးလာသော အစ်ကို ကိုလည်း ဓားဖြင့် ထပ်ခုတ်သတ်သည်။ အမေ့ဘေးနားတွင် အိပ်ပြီး ထင်သော လေးနှစ်သမီးအရွယ် သူ့ညီမလေးကို လည်း ထိုအစ်ကိုဝမ်းကွဲက ဓားဖြင့်ခုတ်သတ်ပြန်သည်။ သူ့အမေ၏ လက်ဝတ်လက်စားတချို့နှင့် အိမ်က ရေဒီယို ကို ယူပြီး ထွက်ပြေးသွားခဲ့သည်။ မျက်မမြင်နှစ်ဦးဖြစ် သော သူနှင့်သူ့အစ်မကိုတော့ သတ်မသွား။

ကံကြမ္မာက သွေဖည်သည်လား။ မျက်မမြင်တွေမို့ အန္တရာယ်မရှိဟု ယူဆသည်လား။ ဘာပဲဖြစ်ဖြစ် ကိုထွန်းလင်း တို့ မျက်မမြင် မောင်နှမနှစ်ယောက်အတွက်တော့ အသက် ရှင်ခွင့်ရခဲ့သည်။

သို့သော်…။

ခရီး မကြာခဏထွက်ရသော ဖခင်နှင့် မျက်မမြင် မောင်နှမနှစ်ယောက်။ နောက်ဆုံးတော့ ကိုထွန်းလင်းတို့ မောင်နှမနှစ်ယောက်ကို ရန်ကုန်ရှိ ကြည့်မြင်တိုင်မျက်မမြင် ကျောင်းသို့ ပို့လိုက်သည်။

၁၉၇၅ ခုနှစ် မျက်မမြင်ကျောင်းသို့ ရောက်စက မျက်မမြင် မောင်နှမနှစ်ယောက်တည်း လူစိမ်းတွေကြား တွင် အရာရာကို ကြောက်ရွံ့နေကြသည်။

နောက်တော့ သူငယ်ချင်းတွေ ရလာသည်။

မျက်မမြင်ကျောင်းတွင်က လေးတန်းအထိ မျက် မမြင်စာ သင်ကြားကြရသည်။ ထိုခေတ်က မျက်မမြင် ကျောင်းတွင် အစိုးရက မျက်မမြင်တစ်ဦးလျှင် တစ်ရက် ငွေသုံးကျပ် ထောက်ပံ့၏။ ထို့ပြင် နိုင်ငံခြားအဖွဲ့အစည်း များကလည်း ထောပတ်၊ ကွေကာအုတ်၊ နို့မှုန့်တို့ ထောက်ပံ့ သဖြင့် စားရေးသောက်ရေးက ပူပင်စရာမလို။ ကိုထွန်းလင်း က စာသင်ကြားရုံတင်မက အားကစားကိုလည်း ဝါသနာ ပါသည်။

မျက်မမြင်ကျောင်းတွင် စာသင်ရင်း မျက်မမြင် ပြေးခုန်ပစ်အားကစားကို လေ့ကျင့်သည်။ ၁၉၈၀တွင် ကိုထွန်းလင်း လေးတန်းအောင်သည်။ မျက်မမြင်များအနေ ဖြင့် လေးတန်းအောင်ပြီးနောက် အသက်မွေးဝမ်းကျောင်း ပညာတစ်ခုခုကို မဖြစ်မနေ သင်ကြရ၏။ ကိုထွန်းလင်းက ကြိမ်ဖြင့်ပြုလုပ်ရသည့် လက်မှုပညာကို သင်ကြားသည်။ ကိုထွန်းလင်း၏အစ်မက ရက်ကန်းပညာ သင်သည်။

ထို့နောက် ကျောင်းတွင် မပျော်သဖြင့် အသွားများ ရှိသည့် လက်ပံတန်းသို့သာ ပြန်သွားလေသည်။ ထိုခေတ် က မျက်မမြင်ကျောင်း၏ စည်းကမ်းအရ မျက်မမြင်များ အနေဖြင့် အသက်၁၈နှစ်ပြည့်သည်နှင့် ကျောင်းတွင် နေခွင့်မရှိတော့။ သက်ဆိုင်ရာအိမ်မှ လာပြန်ခေါ်လျှင်ခေါ် မခေါ်လျှင် ကိုယ့်ဘာသာ အပြင်တွင် အဆင်ပြေသလို ရပ်တည်ကြရသည်။

ထိုသို့ဖြင့် မျက်မမြင် အများစုမှာ ကျောင်းမှ ပို့ချ ပေးသော ပညာများဖြင့် အပြင်တွင် ရပ်တည်နိုင်သူ မရှိ သလောက် နည်းပါးပြီး အများစုမှာ တောင်းရမ်းစား သောက်သူများဘဝ ရောက်ရှိရသည်။

ကိုထွန်းလင်း၏ သူငယ်ချင်းတချို့ကတော့ အနှ ပညာတွင် အားသန်သဖြင့် ဘလိုင်းထီးဆိုင်ဟူသော မျက် မြင် တီးဝိုင်းလေးတစ်ခုဖြင့် အောင်မြင်လာသည်။

ကိုထွန်းလင်းကတော့ သူ ဝါသနာပါရာ အား ကစားကိုသာ ဖိလုပ်၏။ ၁၉၈၂ ခုနှစ်တွင် ဟောင်ကောင် တွင် ကျင်းပသော အရှေ့ဖျားနှင့် တောင်ပစ္စဖိတ်ဆိုင်ရာ မသန်စွမ်း အားကစားပြိုင်ပွဲသို့ ယှဉ်ပြိုင်ရန် အရွေးခံရ သည်။ မီတာ-၁၀၀၊ အလျားခုန်၊ အမြင့်ခုန်၊ သံလုံးပစ် အားကစား ပြိုင်ပွဲများတွင် ကိုထွန်းလင်း ဝင်ပြိုင်ရ၏။

ထို့နောက် ကျိုက်ဝိုင်း မသန်စွမ်းသင်တန်းကျောင်း မှ ဖွင့်လှစ်သော မသန်စွမ်း ပြန်လည်ထူထောင်ရေး(သက် ကြီး) သင်တန်းကျောင်းတွင် သင်တန်းသွားတက်ရသည်။ ထို သင်တန်းတွင် ကိုထွန်းလင်း သင်ချင်သည်က ဓာတ်ပုံ ပညာနှင့် စာအုပ်ချုပ်ပညာ။

သို့ပေမယ့် မျက်မမြင်များအတွက် အနှိပ်သင်တန်း တစ်ခုသာ ရှိသည်။ ထို့ကြောင့် အနှိပ်သင်တန်းကိုသာ ယူခဲ့ရသည်။ ကိုထွန်းလင်း အပါအဝင် မျက်မမြင် သူငယ်ချင်းလေးယောက်သည် ကြည့်မြင်တိုင် မျက်မမြင် ကျောင်းမှ ကျိုက်ဝိုင်းသို့ နေ့တိုင်း သင်တန်းသွားတက် ကြ၏။

*အမေ့ဘေးနားတွင် အိပ်ပြီး ထင်သော လေးနှစ်သမီးအရွယ်*
*သူ့ညီမလေးကိုလည်း ထိုအစ်ကိုဝမ်းကွဲက ဓားဖြင့် ခုတ်သတ်ပြန်သည်*



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းမှ ကိုထွန်းလင်းတို့ကို လေးဘီးကားငှားသွားရန် ကားခထုတ်ပေးသည်။ သို့သော် ကိုထွန်းလင်းက လေးဘီး ကားဖြင့် သွားမည့်အကြံကို သဘောမတူ။

"ငါတို့ဘဝက အခုမှ အပြင်လောကကို စထွက်ကြပြီ။ ငါတို့က မျက်မမြင်တွေ။ ငါတို့ဘဝတစ်လျှောက်လုံးက ဘယ်လိုလာမယ် မသိဘူး။ တက္ကစီချည်းပဲ တစ်ဘဝလုံး အားကိုးလို့မရဘူး။ ကြည့်မြင်တိုင်ကနေ ကျိုက်ဝိုင်းအထိကို ငါဦးဆောင်ပြီး လိုင်းကားနဲ့သွားမယ်။ ဒီတဲ့ပိုက်ဆံကို ငါတို့ စားဖို့သောက်ဖို့ စုလို့ရတယ်… ဘယ်လိုလဲ"

အားလုံးက သဘောတူကြသည်။

ထိုသို့ဖြင့် ကိုထွန်းလင်းတို့ မျက်မြင်တစ်သိုက် ကြည့်မြင်တိုင်မှ ကျိုက်ဝိုင်းအထိ လိုင်းကားဖြင့် နေ့စဉ်သွားကာ သင်တန်းတက်ကြသည်။ စစချင်းတွင် အခက်အခဲများရှိသော်လည်း နောက်ပိုင်းတွင် တုတ်ကောက်ဖြင့် လမ်းမှ အမှတ်အသားများကို အလွတ်ကျက်မိလာပြီး လွယ်ကူလာသည်။

တစ်နေ့တွင် သူတို့လေးယောက်သား သင်တန်းသို့အလာ လမ်းတွင် ကားလမ်းတွေ ပိတ်ဆို့ထားသည်။ လမ်းတွင် မီးလောင်နေသဖြင့် သွားနေကျလမ်းက မသွားဘဲ… တခြားတစ်လမ်းက ပတ်သွားမည်တဲ့။ ကားပေါ်မှ ဆင်းသောအခါ ကိုထွန်းလင်းတို့တစ်သိုက် ရှာလည်တော့၏။ ကားက ရပ်နေကျနေရာတွင် ချပေးခြင်း မဟုတ်သဖြင့် အမှတ်အသားတွေအားလုံး ရှာမရတော့။ ဓာတ်တိုင်ကို ဝင်တိုက်သူက ဝင်တိုက်၊ မြောင်းထဲ ပြုတ်ကျသူက ပြုတ်ကျကုန်သည်။ သို့သော်…သင်တန်းကျောင်းသို့တော့ သူတို့ ရောက်အောင်သွားခဲ့ကြပါသည်။

- ၃ -

၁၉၈၅ တွင် ကိုထွန်းလင်း အသက်၁၈နှစ်ပြည့်ပြီ ဖြစ်သဖြင့် ကျောင်းမှ အပြီးထွက်ခွာရတော့မည် ဖြစ်သည်။ သို့သော် ကိုထွန်းလင်းအား လာခေါ်မည့် မိသားစုဝင်မရှိ။ ဖခင်ဖြစ်သူကလည်း နောက်အိမ်ထောင်ပြုသွားပြီ ဖြစ်ကြောင်း သတင်းကြားရသည်။

မတ်လ ၁၃ရက်နေ့ ကျော်လျှင်တော့ ကိုယ့်ဘာသာ အပြင်လောကသို့ထွက်ပြီး ဖြစ်သလို လုပ်စားတော့မည်ဟု ကိုထွန်းလင်း ဆုံးဖြတ်လိုက်၏။

"ထွန်းလင်းရေ…မင်း အလုပ်ရပြီဟေ့… ဒေါ်လာနဲ့ကွ…ဒေါ်လာနဲ့"

"ဟေ့လူ…မနောက်ပါနဲ့ဗျာ…ကျွန်တော့်ကို ဘယ်သူက အလုပ်ပေးပါ့မလဲ။ ဒေါ်လာဆိုတာ ဘယ်သူလဲ…လာမနောက်နဲ့ဗျာ…စိတ်ညစ်နေရတဲ့အထဲ"

ကိုထွန်းလင်းသည် သူ့လို မျက်မမြင်တစ်ယောက်ကို အလုပ်ပေးသည်ဆိုသည်ကို မယုံကြည်။ ပြီးတော့ ဒေါ်လာဆိုတာ ဘယ်သူလဲ၊ ဘာလဲ သူမသိ။

တကယ်တော့ ထိုသတင်းသည် အမှန်ဖြစ်သည်။

သမိုင်းတွင်ဖွင့်ထားသော အခြား မျက်မမြင် အနှိပ်သင်တန်းတစ်ခုတွင် နည်းပြအဖြစ် လုပ်ရမည်ဖြစ်သည်။ ကျိုက်ဝိုင်းတွင် သင်တန်းတက်စဉ်က သွက်သွက်လက်လက်ဖြင့် ဦးဆောင်နိုင်သော ကိုထွန်းလင်းကို သင်တန်းနည်းပြက အဆိုပါ အလုပ်အတွက် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

နောက်တစ်ချက်က ကိုထွန်းလင်းသည် အခြား မျက်မမြင်များကဲ့သို့ လုံးဝမမြင်ရခြင်း မဟုတ်ဘဲ… အရိပ်များကို ခပ်ရေးရေး မြင်ရသောကြောင့်ပင်။ သင်တန်းကျောင်းတွင် မျက်မမြင်မဟုတ်သော အခြား ကိုယ်လက်မသန်စွမ်းသူများကို ကိုထွန်းလင်းက ပေါင်းသင်းကူညီပေးသည့် စိတ်ဓာတ်ကြောင့်လည်း နည်းပြများက သူ့ကို မျက်စိကျခြင်းဖြစ်သည်။

ကိုထွန်းလင်းသည် မျက်မမြင်ကျောင်းမှ ထွက်လာခဲ့ပြီ။ အလုပ်သစ်၊ အကိုင်သစ်တွင် ကိုထွန်းလင်း အဆင်ပြေခဲ့သည်။ အားလပ်သည့်အချိန်တွင် အားကစားလေ့ကျင့်ဖြစ်၏။ တစ်ရက်တွင် ပြည်လမ်း၊ ခြောက်မိုင်ခွဲတွင် ကိုထွန်းလင်း အပြေးလေ့ကျင့်နေစဉ် အနောက်မှ ကားတစ်စီးသည် ကိုထွန်းလင်းအား ဝင်တိုက်လိုက်၏။ ကတ္တရာလမ်းပေါ်သို့ နောက်စေ့ဖြင့် ကျသော်လည်း ကံကောင်းသဖြင့် အသက်မသေခဲ့။ လဲကျသွားသော ကိုထွန်းလင်းကို ကားမောင်းသူက ကားပေါ်သို့ ချက်ချင်းတွဲခေါ်ပြီး တင်သည်။

*ဓာတ်တိုင်ကို ဝင်တိုက်သူက ဝင်တိုက်၊ မြောင်းထဲ ပြုတ်ကျသူက ပြုတ်ကျကုန်သည်။ သို့သော်…သင်တန်းကျောင်းသို့တော့ သူတို့ ရောက်အောင်သွားခဲ့ကြပါသည်*


www.burmeseclassic.com

www.burmeseclassic.com

ကိုထွန်းလင်းအား မျက်မမြင်တစ်ယောက်မှန်း သိသွားသောအခါ သူ့အိမ်သို့ တင်ခေါ်သွားပြီး အပြင်ဆေးခန်းတွင် ခေါင်းကွဲဒဏ်ရာကို ချုပ်ပေး၏။ ထို့နောက် ကိုထွန်းလင်းအား ပြန်ပို့ကာ နောက်နေ့များတွင် အဆက်အသွယ် မလုပ်တော့။ သို့သော် ကိုထွန်းလင်းကား ယခုကဲ့သို့ မျက်မမြင်တစ်ယောက်၏ အားနည်းချက်ကို အခွင့်အရေးယူကာ အနိုင်ကျင့်ခြင်းကို ငံ့မခံ။

မျက်စိမြင်ရသော မိတ်ဆွေများကို အကူအညီတောင်းကာ ထိုနေ့က ပြည်လမ်းတစ်လျှောက် သူတို့အဖြစ်အပျက်ကို မြင်ခဲ့ရသည့် သူများထံမှ ကားနံပတ် စုံစမ်းနိုင်း၏။

နောက်ဆုံးတွင် ဌာနဆိုင်ရာ အရာရှိကြီးတစ်ဦး၏ ကားဖြစ်ကြောင်း သိရှိရပြီး တရားရင်ဆိုင်ကြကာ ကိုထွန်းလင်းအတွက် လျော်ကြေး တစ်ထောင့်လေးရာကျပ် ပေးလိုက်ရသည်။ မျက်စိနှစ်ကွင်း အလင်းမရသူအပေါ် လူလည်ကျခဲ့သော အရာရှိသည် ဥပဒေကိုမူ လူလည်ကျရန် မဖြစ်နိုင်ကြောင်း ကောင်းကောင်းသိသွားလေ၏။

ကိုထွန်းလင်းအား အလုပ်ခန့်ခဲ့သူမှာ လူမှုဝန်ထမ်းအား ကူညီပေးနေသော နိုင်ငံခြားအဖွဲ့တစ်ခုမှ နိုင်ငံခြားသား ဖြစ်သည်။

မကြာမီပင် လူမှုဝန်ထမ်းဦးစီးဌာနက နိုင်ငံခြားသားအနေဖြင့် ကိုယ့်သဘောနှင့်ကိုယ် အလုပ်ခန့်ခွင့်မရှိကြောင်း ပိတ်ပင်သဖြင့် ကိုထွန်းလင်း အလုပ်ပြုတ်ခဲ့ရပြန်သည်။ အလုပ်ပြုတ်ခဲ့ပြီဆိုတော့ ကိုထွန်းလင်းတွင် နေစရာမရှိ။ သင်တန်းကျောင်းသို့လည်း ပြန်သွားလို့ မဖြစ်။ မျက်မမြင်တစ်ယောက်အတွက် နားခိုစရာကား အခြားမရှိ။ နောက်ဆုံး အလုပ်ကပေးသော အဆောင်တွင်သာ ကိုထွန်းလင်း ပေကပ်ပြီးနေခဲ့၏။

ကိုထွန်းလင်းအား အလုပ်ခန့်ခဲ့သော နိုင်ငံခြားသားသည် မကြာမီပြန်ရောက်လာပြီး ကိုထွန်းလင်းအတွက် စာအုပ်ချုပ်ပညာကို သင်ပေးပြီး စာအုပ်များချုပ်ခိုင်းသည်။ စာအုပ်များချုပ်ရသည့်အတွက် မုန့်ဖိုးရသည်။ ထိုမုန့်ဖိုးလေးနှင့်ပင် အဆောင်တွင် ကပ်ရပ်ကာနေခဲ့သည်။ မကြာမီ လူမှုဝန်ထမ်းဦးစီးဌာနက ကိုထွန်းလင်းကို နေ့စားဝန်ထမ်းအဖြစ် ပြန်ခန့်ပြန်သည်။ နေ့စားအလုပ်အပြင် ပြင်ပမှ အရာရှိကြီးများကို လိုက်လံနှိပ်ပေးသည့် အလုပ်ကို ကိုထွန်းလင်း ချိတ်ဆက်မိသည်။ မျက်မမြင်ကျောင်းမှ ချိတ်ဆက်ပေးသော ကြိမ်ထည် ပစ္စည်းများကိုလည်း အော်ဒါယူထိုးသည်။

ထိုသို့ဖြင့် ကိုထွန်းလင်း ဝင်ငွေနည်းနည်း ကောင်းလာသည်။ ထို့ကြောင့် အဆောင်မှထွက်ပြီး ခုနစ်မိုင်ရှိ ကုန်းမြင့်ရိပ်သာအနီး အိမ်သေးသေးလေးကို တစ်လလျှင် သုံးဆယ့်ငါးကျပ်ဖြင့် ငှားနေလိုက်သည်။

မျက်မမြင်တစ်ယောက်သည် မနက်တိုင်း အားကစား လုပ်သည်။ ကိုယ်တိုင် ထမင်းချက်စားသည်။ ထိုမြင်ကွင်းကို နေ့စဉ် မြင်နေကြသောအိမ်နီးချင်းများက ကိုထွန်းလင်းကို ကူညီပေးကြသည်။ အားကစားကို ပုံမှန်လုပ်ရင်းဖြင့် အားကစားပြိုင်ပွဲတစ်ခုတွင် ကိုထွန်းလင်းတို့နှင့် ဆွေမျိုးနီးစပ်တော်သည့် လက်ပံတန်းမှ အမျိုးသမီးငယ်တစ်ယောက်နှင့် ခင်မင်ခဲ့သည်။

အမျိုးသမီးကား အားကစားပြိုင်ပွဲတွင် လာရောက်အားပေးရင်း ကိုထွန်းလင်းကို မိတ်ဆက်ရာမှ သိခဲ့ရခြင်းပင်။ ရည်းစားထားခြင်း၊ အိမ်ထောင်ပြုခြင်းတို့ကို ထိုအချိန်က ကိုထွန်းလင်း နားမလည်နိုင်သေး။ စိတ်ထဲတွင်လည်း ကိုယ့်ဘဝ ရပ်တည်ရေးအတွက်သာ ရှန်းကန်နေရချိန်။ အမျိုးသမီးက ဗိုလ်တထောင်တွင် အဆောင်နေပြီး သမိုင်းတွင် စက်ချုပ်သင်တန်းတက်နေသည်။

ရန်ကုန်မြို့ကို မကျွမ်းကျင်သော သူ့ကို ကိုထွန်းလင်းက အပို့အကြိုသွားလုပ်သည်။ မျက်မမြင် ယောကျ်ားတစ်ယောက်က မျက်စိမြင်သော အမျိုးသမီးတစ်ယောက်ကို အကြိုအပို့ လုပ်ပေးရသည်ဆိုသည်ကား ကြားရသူအဖို့ ထူးဆန်းနေမည်။ တကယ်လည်း ထိုသို့ အကြိုအပို့လုပ်စဉ်ကာလအတွင်း ကိုထွန်းလင်းမှာ အခက်အခဲများစွာနှင့် ကြုံခဲ့ရသည်။ ကာလကလည်း ၁၉၈၈ အရေးအခင်းဖြစ်နေသည့် ကာလကြီး။ ကားတွေ ခဏခဏ မှားစီးသည်။ လမ်းတွေ ခဏခဏ မှားသည်။

တစ်ခါက သူမကို လိုက်ပို့ပြီးအပြန်တွင် ကားက ဆီထည့်မည်ဟုဆိုကာ ကိုထွန်းလင်းကို မော်တင်ကမ်းနားတွင် ချထားခဲ့သည်။ ကိုထွန်းလင်း ဘယ်သွားရမှန်း၊ ဘယ်ရောက်နေမှန်းမသိ။

*မျက်မမြင်ယောကျ်ားတစ်ယောက်က မျက်စိမြင်သော အမျိုးသမီးတစ်ယောက်ကို*
*အကြိုအပို့လုပ်ပေးရသည်ဆိုသည်ကား ကြားရသူအဖို့ ထူးဆန်းနေမည်*

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် အနီးအနားတွင် လူရိပ်တစ်ခုမြင်သဖြင့် လှမ်းမေးမိသည်။ ထိုသူက မင်း ငါ့ကို ဘာလို့ဆဲတာလဲဟု ဆိုတာ ဖက်ပိုးကို အုပ်သည်။ ထို့နောက် ကိုထွန်းလင်းကို ဆွဲခေါ်ပြီး မင်းအိတ်ကပ်ထဲ ဘာပါလဲပြစမ်းဟု ဆိုကာ အိတ်ကပ်ကို နှိုက်၏။ မျက်မမြင်တစ်ယောက်ဖြစ်မှန်း သိသဖြင့် လုယက်ရန် ကြံစည်ခြင်းပင်။ ကိုထွန်းလင်းတွင် သွားလေရာ စကေဘာ ပါသည်။ မြနေအောင် သွေးထား သည့် စကေဘာကို ထုတ်ပြီး ခြိမ်းခြောက်မှ အဝေးသို့ ရှောင်ထွက်သွားကြသည်။

တစ်ခါကလည်း ဘတ်စ်ကားစပါယ်ရာက ငွေ ပြန်မအမ်း။ မှတ်တိုင်ရောက်ပြီး ဆင်းသည့်အချိန်ကျမှ ပိုက်ဆံကို ပစ်ချပေးသည်။ မြေကြီးပေါ်ကျသွားသော ပိုက်ဆံကို ကိုထွန်းလင်း စမ်းတဝါးဝါးနှင့် တော်တော် ရှာလိုက်ရသည်။ ထို့နှယ့် အခက်အခဲတွေက အများသား။ ဘာပဲဖြစ်ဖြစ် သူတို့နှစ်ဦး ပျော်ခဲ့ကြရသည်။ အချိန်ရင့်သန် လာသည်နှင့်အမျှ သံယောဇဉ်တွေ အတောင်ပေါက်လာကြ ၏။ ထိုသို့နှင့် ကိုထွန်းလင်း အိမ်ထောင်ပြုဖြစ်ခဲ့သည်။

ကိုထွန်းလင်း နှိပ်ပေးနေကျ ဗဟိုတရားရုံး တရား သူကြီးကိုယ်တိုင် ဦးဆောင်ပြီး လက်ထပ်ပေးခဲ့သည်။ ငယ်စဉ်ကတည်းက အရိပ်များသာ ဝိုးတဝါးမြင်ခဲ့ရသော မျက်မမြင်တစ်ယောက်သည် ခိုင်မာကြည်လင်သော အိမ် ထောင်တစ်ခုကို အမှန်တကယ် ထူထောင်ဖြစ်ခဲ့လေပြီ။ သူ့အိမ်ထောင်ရေးသည် အရိပ်တစ်ခုမဟုတ်။ အကောင် နှင့်၊ အထည်နှင့် ဖြစ်သည်။

၁၉၈၉ခုနှစ်တွင် ဂျပန်နိုင်ငံရှိ အားကစားပြိုင်ပွဲသို့ ထပ်မံ သွားရောက်ခွင့် ကံပြန်သည်။ ဂျပန်နိုင်ငံတွင် ပြေးခုန် ပစ်ပြိုင်ပွဲ ငွေတံဆိပ်ဆုရရှိခဲ့သည်။ ဂျပန်မှ ပြန်လာပြီးနောက် ကိုထွန်းလင်းတို့ လင်မယားနှစ်ယောက်အတွက် လူမှု ဝန်ထမ်းဦးစီးဌာနတွင် ဝန်ထမ်းအိမ်ရာရသည်။

ကိုထွန်းလင်းက လူမှုဝန်ထမ်းစာကြည့်တိုက်မှ စာအုပ်များကို ငှားရမ်းပြီး ဇနီးအား ဖတ်ခိုင်းသည်။ ကိုထွန်းလင်းမှာ အနှိပ်နည်းပြရာထူးဖြင့် လခစားဝန်ထမ်း ဖြစ်နေပြီ ဖြစ်သော်လည်း လစာမှာ မလောက်ငေ။

သည်တော့ ကိုထွန်းလင်း၏ဇနီးက ဝန်ထမ်း အိမ်ရာရှေ့ လမ်းမတန်းတွင် ကလေးများစားတတ်သည့် မုန့်များကို တရုတ်တန်းမှ ယူရောင်းသည်။ ထိုမှတစ်ဆင့် ကွမ်းယာဆိုင် လေး ဖွင့်သည်။ ရောင်းကောင်းလာသည်။

စာအုပ်များထံမှရရှိသော ဗဟုသုတများ၊ စီးပွား ရေးဆိုင်ရာ သုတများကို လက်တွေ့အသုံးချသည်။ ပြင်ပ တွင် လိုက်နှိပ်ပေးရာမှ စီးပွားရေးသမားကြီးများ ပြောပြ သော နည်းနာများကို အသုံးချသည်။ စီးပွားရေးက တရိပ်ရိပ် တက်လာသည်။ ဘေးနားမှ အအေးဆိုင်ကိုပင် ဝယ်လိုက်ပြီး အအေးဆိုင် တွဲဖွင့်သည်။ အအေးဆိုင်က ရောင်းကောင်းလာတော့၊ နယ်မှ ဇနီးသည်၏ညီမများကို ခေါ်ယူကာ မုန့်တီလက်သုပ်စုံဆိုင် တိုးချဲ့ထပ်ဖွင့်သည်။ တဖြည်းဖြည်းနှင့် လမ်းမတန်းမှ ဆိုင်အများစုမှာ ကိုထွန်းလင်း ၏ အပိုင်ချည်းဖြစ်လာသည်။

ကိုထွန်းလင်း စီးပွားရေး အောင်မြင်လာသည်နှင့် အမျှ လိုင်းခန်းတွင်နေသော ဌာနတူအရာရှိကြီးများကပင် မနာလိုဖြစ်လာကြ၏။

ကိုထွန်းလင်းသည် သင်တန်းမရှိသည့် အချိန်များ တွင် သူ့ဆိုင်လေးများတွင် သွားသွားထိုင်သည်။ ကိုထွန်းလင်း သည် ကျောင်းသားဘဝမှ ရုတ်တရက် ဝန်ထမ်းဖြစ်သွား သဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ နားမလည်။ သူသိသည်က ကျောင်းအတွင်း သင်တန်းချိန်ရှိလျှင် သင် ပေးမည်။ မရှိလျှင် အပြင်က သူဖွင့်ထားသော ဆိုင်များတွင် သွားထိုင်မည်။ သို့သော် မျက်မမြင်တစ်ယောက်၏ စီးပွား ရေး အောင်မြင်မှုအပေါ် မျက်စိမြင်သူများ၏ ဝန်ထမ်း အချင်းချင်းထားသော ဝန်တိုစိတ်က ကြီးမားလှသည်။

ရုံးချိန်အတွင်း ကိုယ်ပိုင်စီးပွားရေးတွင် ရှိနေသည် ဟုဆိုကာ တပ်မတော်မှ ပြောင်းလာသော အရာရှိကြီး တစ်ဦးက အထက်သို့ တိုင်သည်။

မကြာမီ ကိုထွန်းလင်းကို ကြည့်မြင်တိုင်မျက်မမြင် ကျောင်းသို့ ပြောင်းရွှေ့ရန် အမိန့်ထွက်လာတော့၏။ စီးပွား ဖြစ်နေသော ဝန်ထမ်းအိမ်ရာလေးမှ ကိုထွန်းလင်းတို့ ပြောင်းရွှေ့လာခဲ့ရသည်။

- ၄ -

ကြည့်မြင်တိုင် မျက်မမြင်ကျောင်းရောက်တော့

*ကိုထွန်းလင်း စီးပွားရေးအောင်မြင်လာသည်နှင့်အမျှ လိုင်းခန်းတွင်*
*နေသော ဌာနတူအရာရှိကြီးများကပင် မနာလိုဖြစ်လာကြ၏*





www.burmeseclassic.com

www.burmeseclassic.com

ဝန်ထမ်းအိမ်ရာမရ။ သည်တော့ လင်မယားနှစ်ယောက် သင်တန်းခန်းမတွင်သာ နေရသည်။ သမီးဦးလေး မွေးဖွားသည့် အချိန်ကျမှ ကျောင်းမှ ဝန်ထမ်းအိမ်ရာတစ်ခု ပေးတော့သည်။ ကြည့်မြင်တိုင်တွင် အခြားမျက်မမြင်သင်တန်းသားများကို ကိုထွန်းလင်း စာသင်ပေးရသည်။

တစ်ရက်တွင် ကိုထွန်းလင်း သတင်းတစ်ခု ကြားရသည်။ ဂျပန်မှလာသော အနှိပ်ဆရာတစ်ဦးသည် မျက်မမြင်များကို အနှိပ်ပညာသင်ပေးရန် ရောက်နေကြောင်း၊ ထိုဆရာသည် ပညာ အရမ်းတော်ကြောင်း ကိုထွန်းလင်း သိခဲ့ရသည်။ ထိုဆရာက ပုဂ္ဂလိကကျောင်းတစ်ခုဖြစ်သော ခဝဲခြံမျက်မမြင်ကျောင်းတွင် သင်ကြားပေးနေခြင်း ဖြစ်သည်။

ကံကောင်းချင်တော့၊ ထိုဂျပန်ဆရာ ကိုမာမိုတိုသည် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းသို့ အလှူငွေလာထည့်ရင်း ကိုထွန်းလင်းတို့နှင့် ဆုံမိသွား၏။

ထိုဆရာက ကြည့်မြင်တိုင်ကျောင်းမှ အနှိပ်နည်းပြများအား ခဝဲခြံရှိ သူ့သင်တန်းတွင် လာတက်ရန် ကမ်းလှမ်းသည်။

သည်လိုနှင့် ကိုထွန်းလင်းသည် ဂျပန်နည်းပြဆရာနှင့် အဆင့်မြင့်အနှိပ်ပညာကို သင်ဖို့ဖြစ်လာသည်။ သင်တန်းသို့ စသွားမည့်နေ့က ကိုထွန်းလင်းသည် အပျော်လွန်ခဲ့သည်။ သွားခါနီး စိတ်လှုပ်ရှားက အိမ်သာတက်သည်။ သင်တန်းသွားချင်စိတ် များနေသဖြင့် အိမ်သာမှ ပြေးအထွက်တွင် မြင်မစမ်းနှင့် အိမ်သာတွင်းပေါင်းတစ်ခုထဲ ပြုတ်ကျသည်အထိ။

ဂျပန်ဆရာ၏ သင်တန်းကို သူ စိတ်ဝင်တစား သင်ယူသည်။ နောက်ပိုင်း ဂျပန်ဆရာက သင်တန်းကို ခဝဲခြံမှ ကြည့်မြင်တိုက်ကျောင်းသို့ ပြောင်းဖွင့်၏။ ထိုအခါ သင်တန်းခန်းမမှာ ကိုထွန်းလင်းသင်နေသော သင်တန်းခန်းမ။ သည်နေရာက ကိုထွန်းလင်းအပိုင်။

နောက်ပိုင်းတွင် ဂျပန်ဆရာနှင့် ကိုထွန်းလင်းတို့ အနီးကပ်နေထိုင်ရမှု များလာသည်။ ဂျပန်ဆရာက သူ့တွင်ရှိသမျှ ပညာကုန် ကိုထွန်းလင်းကို ပေးသည်။ သူ့ပညာအမွေကို ဆက်ခံမည့် တပည့်အဖြစ် သတ်မှတ်သည်။ ကိုထွန်းလင်းတွင် အနှိပ်ပညာရပ်က တဖြည်းဖြည်း မြင့်တက်လာသည်။ လေ့ကျင့်ရေးအဖြစ် အားလပ်ချိန်တွင် တစ်ကျောင်းလုံးမှ လူများကို လိုက်ပတ်နှိပ်ပေးသည်။ မကြာမီ ကိုထွန်းလင်းသည် ထိုဂျပန်ဆရာကြီး၏ လက်ထောက်နည်းပြ ဖြစ်လာသည်။

ဆရာကြီး၏ အချိတ်အဆက်ဖြင့် ဂျပန်နိုင်ငံက ကိုထွန်းလင်းကို သင်တန်းတက်ရန် ခေါ်သော်လည်း ဝန်ထမ်းဖြစ်နေသည့်အတွက် ကိုထွန်းလင်း ဂျပန်သို့ သွားခွင့်မရခဲ့။

သို့သော်လည်း ထိုအချိန်အတောအတွင်း ကိုထွန်းလင်းသည် ဧည့်လမ်းညွှန်များမှတစ်ဆင့် နိုင်ငံခြားသားများနှင့် အချိတ်အဆက်ရကာ ဟိုတယ်များတွင် အချိန်ပိုင်း လိုက်နှိပ်ပေးသည့်အလုပ်ကို လုပ်နိုင်ခဲ့သည်။

ထိုအချိန်မှစတင်ကာ ကိုထွန်းလင်း၏ စိတ်ထဲတွင် အနှိပ်လုပ်ငန်းကို ကိုယ်ပိုင်လုပ်ငန်းတစ်ခုအဖြစ် ထူထောင်လိုသည့် ရည်မှန်းချက် စတင်ခဲ့သည်။

ဝန်ထမ်းလစာဖြင့် မလောက်ငသဖြင့် ကိုထွန်းလင်းတို့ လင်မယားနှစ်ယောက်သည် အားလပ်ချိန်များတွင် အချိန်ပိုင်း အနှိပ်သမားအဖြစ် အလုပ်ရရန်၊ ရန်ကုန်မြို့ရှိ ဟိုတယ်များသို့ တစ်ခုပြီးတစ်ခု အလုပ်လိုက်ရှာကြ၏။

၁၉၉၆ ခုနှစ်တွင် မြရိပ်ညိုဟိုတယ်က သူတို့ဟိုတယ်အတွင်း ကိုထွန်းလင်းအတွက် အနှိပ်ခန်းလေးတစ်ခု ဖွင့်ပေးခဲ့သည်။ ကိုထွန်းလင်းက ကျောင်းမှ အားလပ်ချိန်များတွင် အချိန်ပိုင်း သွားနှိပ်ပေးခဲ့၏။

ဟိုတယ်ကို ကော်မရှင်ပေးစရာမလိုဘဲ ကိုယ့်ရတာကိုယ်ယူရန် ဟိုတယ်ပိုင်ရှင်များက ကိုထွန်းလင်းကို ကူညီပေးခဲ့၏။ သို့သော် ဟိုတယ်တွင် တချို့ နိုင်ငံခြားသားများက ယောကျ်ားအနှိပ်သည် မလိုချင်ကြ။ တချို့ အခန်းတွင်းရောက်ပြီးမှ ကိုထွန်းလင်းကို အမျိုးသားဖြစ်နေသဖြင့် မောင်းထုတ်ကြသည်များလည်း ကြုံခဲ့ရသည်။

ကိုထွန်းလင်းက သူကိုယ်တိုင် ငွေရှာသကဲ့သို့ သူ့တပည့်ဖြစ်သူ မျက်မမြင်သင်တန်းသားများကိုလည်း ဝင်ငွေရစေချင်၏။

ထို့ကြောင့် မျက်မမြင်ကျောင်းရှေ့တွင် အနှိပ်ခန်းလေးတစ်ခုဖွင့်ရန် ကျောင်းအုပ်ထံ တောင်းဆိုသည်။ ကျောင်းအုပ်ကား ခွင့်မပြု။

*ဟိုတယ်တွင် တချို့နိုင်ငံခြားသားများက ယောကျ်ားအနှိပ်သည် မလိုချင်ကြ။*
*တချို့အခန်းတွင်းရောက်ပြီးမှ ကိုထွန်းလင်းကို အမျိုးသားဖြစ်နေသဖြင့်*

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး ကိုထွန်းလင်း နှိပ်ပေးနေကျ စစ်ဘက်မှ ပြောင်းလာသော လူမှုဝန်ထမ်းအရာရှိကြီးကို အကျိုးအကြောင်းရှင်းပြသည့်အခါမှ မျက်မမြင်ကျောင်းအတွက် အနှိပ်ခန်းလေးတစ်ခု ဖြစ်လာတော့သည်။

အနှိပ်ခန်းလေးဖြစ်လာပြီး ကိုယ်ပိုင်ဝင်ငွေရတော့ မည်ဆိုသဖြင့် သင်တန်းသားမျက်မမြင်လူငယ်များလည်း ပိုမိုတက်ကြွလာကြ၏။ အနှိပ်ခန်းလေး ဖွင့်ခွင့်ရသည်နှင့် ကိုထွန်းလင်းက ထိုအနှိပ်ခန်းလေးကို ကိုယ်ပိုင်စုဆောင်းငွေထဲမှ စိုက်ထုတ်ကာ အဆင့်မြှင့်ခဲ့သည်။

အဲယားကွန်း၊ ရေခဲသေတ္တာ၊ ဆက်တီထိုင်ခုံ၊ စီဒီဖွင့်စက် စသည်တို့ကို ကိုယ်ပိုင်ငွေထဲမှာ စိုက်ထုတ်ကာ ပြင်ဆင်ခဲ့သည်။ ထိုသို့ ပြုလုပ်သည်ကို ဌာနတွင်းလူကြီးတချို့က သဘောမကျ။ ကျော်လုပ်သည်ဟု ထင်ကြသည်။ ဝန်ထမ်းငယ်များကတော့ ဒီအနှိပ်ခန်း ဘယ်သူကလာနှိပ်မှာလဲကွာဟုပင် ကဲ့ရဲ့ကြသည်။

ကိုထွန်းလင်းကတော့ ဒါတွေကို ဂရုမစိုက်။ သူ့စိတ်ကူးအတိုင်း သူ လုပ်နိုင်ခဲ့ရသည်ကိုပင် ကျေနပ်နေရသည်။ ထိုအနှိပ်ခန်းလေးသည် မြန်မာနိုင်ငံတွင် မျက်မမြင်များနှိပ်သော ပထမဆုံး အနှိပ်ခန်းလေး ဖြစ်ခဲ့သည်။

အနှိပ်ခန်းလေး နေ့ချင်းညချင်း အောင်မြင်လာသောအခါ လူကြီးများက သဘောပေါက်သွားကြပြီး ကိုထွန်းလင်း စိုက်ထုတ်သမျှကို ရုံးဘတ်ဂျက်ထဲမှ တစ်ရစ်ချင်း ပြန်ပေးကြတော့သည်။ မကြာမီ အစိုးရမှ စစ်ကိုင်းမျက်မမြင်ကျောင်းကို တိုးချဲ့ဖွင့်လှစ်သည်။ ကိုထွန်းလင်းကို စစ်ကိုင်းသို့ ပြောင်းရွှေ့စေခဲ့၏။

- ၅ -

“ကျွန်တော့်ဘဝ တစ်လျှောက်လုံးမှာ ပညာရဖို့နဲ့ ပိုက်ဆံရဖို့အတွက် အလုပ်ကို ကြိုးစားတယ်။ မျက်မမြင်တစ်ယောက်အနေနဲ့ ကိုယ့်ဘာသာရပ်တည်နိုင်အောင် တည်ဆောက်ခဲ့တယ်။ မျက်မမြင်တွေအတွက် အကောင်းဆုံးနဲ့ အသုံးချလို့အရဆုံး ပညာရပ်က ဒီအနှိပ်ပညာပဲ ရှိတယ်။ အနှိပ်ပညာမှာက ဗမာအနှိပ်၊ ဂျပန်အနှိပ်၊ ထိုင်ဝမ်အနှိပ်၊ ထိုင်းအနှိပ်ဆိုပြီး မြန်မာပြည်မှာ အမျိုးမျိုးရှိတယ်။ တကယ်တော့ နည်းအားလုံးက အဆုပ်အနယ်နဲ့ အထုအထောင်းကနေ မလွတ်ပါဘူး။ အားကစားသမားတွေအတွက် သီးသန့်နှိပ်တဲ့ပညာလည်း ရှိတယ်။ ဆီလိမ်း မာဆတ်လို့ခေါ်တဲ့ ယူရိုပီယံမာဆတ်ကျတော့ ဆီတွေလိမ်းပြီးမှ ဆွဲတော့ လူသက်သာတယ်။ ကျွန်တော်သုံးတဲ့ ဂျပန်အနှိပ်ကျတော့ တစ်ကိုယ်လုံး နေရာလပ်မကျန်အောင် နှိပ်နေရတဲ့နည်းပေါ့။ ဗမာအနှိပ်က ခြေဖဝါးက စနှိပ်တယ်။ အနှိပ်ခံရသူက ပက်လက်အိပ်ရတယ်။

ဂျပန်အနှိပ်ကျတော့ ခေါင်းက စနှိပ်ရတယ်။ အနှိပ်ခံရသူက မှောက်လျက်အိပ်ရတယ်။ အနှိပ်ပညာဆိုတာ တကယ်တော့ နေသားတကျဖြစ်မနေတဲ့ အကျောတွေကို နေသားကျအောင် ပြင်ပေးတာ၊ ပိတ်နေတဲ့သွေးကြောတွေကို ဖွင့်ပေးတာပေါ့”

ဆရာကိုထွန်းလင်းသည် သူတတ်မြောက်သော ပညာရပ်အကြောင်းကို တက်ကြွစွာ ပြောပြနေသည်။ တစ်ချိန်တစ်ခါက မိသားစုတစ်စုလုံးနီးပါး အသတ်ခံခဲ့ရသည့် မျက်မမြင်ကောင်လေးတစ်ယောက်၏ မရေရာခဲ့သော ဝိုးတစ်ဝါး အတိတ်အရိပ်တို့ကို သူ ပြည်ဖုံးကားချခဲ့ပြီဖြစ်သည်။

ယခုလက်ရှိ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း၊ ကိုယ်ပိုင်မိသားစုလေးဖြင့် အကောက်အထည်ရှိရှိ ရပ်တည်နေသည့်ဘဝတွင် သူသည် ဝင်ငွေကောင်းသော အနှိပ်ပညာရှင်တစ်ဦး ဖြစ်နေပေပြီ။ အစိုးရလုပ်ငန်းမှ ထွက်ခဲ့ပြီးနောက် ကိုထွန်းလင်းသည် သူ၏အိပ်မက်ဖြစ်သော အနှိပ်ခန်းတစ်ခုကို ကြည့်မြင်တိုင်မြို့နယ်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

မွှေးရနံ့သင်းသင်းများ ပျံ့လွင့်နေပြီး အအေးဓာတ်စိမ့်စိမ့်ဖြင့် သပ်ရပ်လှပနေသော အခန်းကျယ်ကြီးတစ်ခုသည် ကိုထွန်းလင်း၏ ကိုယ်ပိုင်အနှိပ်ခန်းတစ်ခု ဖြစ်သည်။

သူ၏ ပညာရပ်ကျွမ်းကျင်မှု၊ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်မှုတို့ကြောင့် ဝင်ငွေတောင့်တင်းသော လုပ်ငန်းတစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့ပြီ ဖြစ်သည်။ ဝိုးတဝါး အရိပ်များကြားတွင် ရှင်သန်ရပ်တည်ခဲ့သော မျက်မမြင်တစ်ယောက်သည် အကောင်အထည်ရှိသော ဘဝတစ်ခုကို တည်ဆောက်နိုင်ခဲ့ပြီ။

ထိုအရာသည် စိတ်ကူးယဉ်ဓာတ်လမ်းမဟုတ်။ အရိပ်ထဲတွင် ထွန်းလင်းခဲ့သူတစ်ဦး၏ အမှန်တရားပင် ဖြစ်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

ာင်မိုးစည်၊ မြတ်ငြိမ်း၊ မောင်ပေါ်ထွန်း၊ မောင်တင်ဆင့်၊ နိုင်ရဲကျော်၊ ပန်ဆင်၊ ရွှေကူမေနှင်း




hebookhouse စာအုပ်တိုက်မှ ရရှိနိုင်သော စာအုပ်များ
၉၉-၇၉ ၆၀ ၆၀ ၁၀
၉၉-၇၉ ၆၀ ၆၀ ၂၀

the bookhouse
we bring your future
www.facebook.com/thebookhouse.tbh

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



လူသားနှင့်ရှင်သန်ခြင်း

၂၀၀၇၊ ရွှေဝါရောင် အရေးအခင်းကာလအတွင်းမှာ ရန်ကုန်မြို့တွင်း အခြေအနေကို သတင်းမှတ်တမ်းလိုက်လံရိုက်ကူးခဲ့တဲ့ နိုင်ငံခြားမီဒီယာကို စကားပြန်အဖြစ်လိုက် လုပ်ပေးခဲ့တဲ့အတွက် ကျွန်တော့်ကို စစ်အစိုးရထောက်လှမ်းရေးက လိုက်လံဖမ်းဆီးခဲ့ပါတယ်။

ထောက်လှမ်းရေးတွေရဲ့ ရန်ကနေလွတ်ဖို့ရာ ထိုင်း-မြန်မာနယ်စပ်မြို့ဖြစ်တဲ့ မဲဆောက်ကို ကျွန်တော် တိမ်းရှောင်ခဲ့ပါတယ်။ အခုတစ်ခေါက်ကတော့ ကျွန်တော့်အတွက် ကိုယ့်နိုင်ငံကနေ ထွက်ပြေးတိမ်းရှောင်တာ ဒုတိယအကြိမ်မြောက်ပါ။

၁၉၈၈ အရေးအခင်းတုန်းကလည်း အိန္ဒိယနယ်စပ်ကို ကျွန်တော်တိမ်းရှောင်ပြီး တော်လှန်ရေးနယ်မြေမှာ နှစ်အတန်ကြာ နေခဲ့ရပါတယ်။ ၁၉၉၆ နှစ်ကုန်ပိုင်းမှာ ကျွန်တော် အလင်းပြန်ဝင်ခဲ့ပြီး ကုန်သည်အလုပ်နဲ့ အသက်မွေးပြီး နောက်ဆုံး ဧည့်လမ်းညွှန် ဖြစ်လာခဲ့တာပါ။ အခုတစ်ခါလည်း တိုင်းပြည်ကနေ ကျွန်တော် ထွက်ပြေးရပြန်ပါပြီ။

ကျွန်တော် မဲဆောက်ကိုရောက်တော့၊ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP) ရုံးမှာ နေထိုင်ခဲ့ပါတယ်။ အဲဒီအတွင်း စေတနာ့ဝန်ထမ်းလာရောက်လုပ်ဆောင်နေကြတဲ့ နိုင်ငံခြားသားတွေနဲ့ စကားပြောဖြစ်ခဲ့ပါတယ်။

# ဒုက္ခသည်စခန်းက စကားပြန်

**အောင်ပန်**

www.burmeseclassic.com

www.burmeseclassic.com

တချို့ ညနေမှာ ကျောင်းသားတပ်မတော် ABSDF ရဲဘော်ဟောင်း ကိုမြတ်သူ ဖွင့်ထားတဲ့ အရက်ဘားမှာ သွားထိုင်ရင်း အနောက်နိုင်ငံသား အတော်များများနှင့် စကားပြောဆိုရင်း ကျွန်တော့်ရဲ့ အင်္ဂလိပ်စကားပြော အရည်အသွေးကို အမြဲတမ်း ဆန်းစစ်ဖြစ်ပါတယ်။

မဲဆောက်ကို ရောက်ကတည်းက ရည်ရွယ်ခဲ့တာက UNHCR ရဲ့ ဒုက္ခသည် အသိအမှတ်ပြုလက်မှတ်ရပြီး တတိယနိုင်ငံတစ်ခုခုကို ထွက်ခွာဖို့ပါပဲ။ ဒါ့ကြောင့် ကျွန်တော် မည်သည့် နိုင်ငံရေးအဖွဲ့အစည်းကိုမျှ မဝင်ရောက်ဘဲ သီးခြားတစ်ယောက်တည်း ရပ်တည်နေထိုင်ခဲ့ပါတယ်။

ဒီလိုနဲ့ မဲဆောက်က UNHCR ရုံးမှာ ဒုက္ခသည်အဖြစ် သွားလျှောက်တော့ ရုံးတာဝန်ခံက ကျွန်တော့်ကို အင်တာဗျူးပါတယ်။

သူတို့က ကျွန်တော့်ကို စကားပြန်ယူမလားလို့ မေးတဲ့အခါ ကျွန်တော်က မလိုကြောင်း၊ ကျွန်တော့်ဘာသာ အင်တာဗျူးဖြေဆိုမယ်ဆိုတဲ့အကြောင်း ပြောလိုက်ပါတယ်။

အင်တာဗျူးတဲ့အရာရှိက ကျွန်တော့်ကို ၁၉၈၈ ကနေစပြီး အခု ဒီမဲဆောက်ကို ရောက်လာတဲ့အချိန်အထိ စိစိစပ်ပေါက်ပေါက် လိုက်မေးတာပါ။ နံနက် ၁၀နာရီကနေ ညနေပိုင်းအထိပါပဲ။ ညနေ ၄နာရီ မတိုင်မီမှာတော့ UNHCR အသိအမှတ်ပြု ဒုက္ခသည်လက်မှတ်လေး ရရှိခဲ့ပါတယ်။ အဲဒီလက်မှတ်ရမှပဲ ထိုင်းနိုင်ငံမှာ ရဲအဖမ်းခံရတဲ့ဒုက္ခ၊ ငွေပေးပြီး လာဘ်ထိုးနေရတဲ့ဘဝကနေ ကင်းလွတ်ပြီး လွတ်လွတ်လပ်လပ် နေထိုင်ခွင့်ရခဲ့တာပါ။

မဲဆောက်မှာနေစဉ် ကာလအတွင်း ကျွန်တော့်ရဲ့ အသက်မွေးဝမ်းကျောင်းကတော့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေရဲ့ လူမှုဘဝအကြောင်း၊ အလုပ်သမား၊ လယ်သမားအကြောင်း ဆောင်းပါးရေးချင်တဲ့ နိုင်ငံခြားသားတွေ၊ မှတ်တမ်းရုပ်ရှင်ရိုက်ချင်တဲ့ နိုင်ငံခြားသားတွေကို စကားပြန်အဖြစ် လုပ်ပေးခဲ့ရတာပါပဲ။

တစ်ရက်ကို ဘတ် ၇၅၀ကနေ ၁၅၀၀အထိ အခကြေးငွေ ရပါတယ်။ တစ်လမှာ လေးကြိမ်၊ ငါးကြိမ်လောက် အလုပ်ဖြစ်ပါတယ်။ ဒီကြားထဲ စင်ကာပူရောက်နေတဲ့ ကျွန်တော့်ညီမနဲ့ အမေရိကန်ပြည်ထောင်စုက ညီမတို့က လစဉ် ငွေထောက်ပံ့ကြတော့ ဝမ်းရေးအတွက် မပူပင်ဘဲ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ခဲ့ပါတယ်။

ပထမဆုံး ဟောင်ကောင် မီဒီယာတစ်ခုက သတင်းထောက်နှစ်ယောက်နဲ့အတူ ထိုင်း-မြန်မာနယ်စပ်မှာ အကြီးဆုံးစခန်းဖြစ်တဲ့ မယ်လစခန်းကို ကျွန်တော်ရောက်ခဲ့ပါတယ်။

ကားဆရာက အခု နော်ဝေရောက်နေတဲ့ ကိုကျော်စိုးပါ။ စခန်းထဲက ABSDF ခေါင်းဆောင်တစ်ယောက်ကို ကြိုတင် အကြောင်းကြားပြီး ကျွန်တော်တို့ကားကို ဖြည်းဖြည်းပဲ မောင်းလာခဲ့ပါတယ်။

ကားကို ဖြည်းဖြည်းမောင်းလာရာက ဒုက္ခသည်စခန်း တစ်နေရာအရောက်မှာ စခန်းရဲ့ သံဆူးကြိုးကို လူနှစ်ယောက်က မပေးပြီး ကျန်တဲ့တစ်ယောက်က ငုံ့ထွက်လာတာ တွေ့ရပါတယ်။ ကျွန်တော့်သတင်းသမားနှစ်ယောက်လည်း ရဲဘော်ထော်ကြီး ထွက်ခဲ့တဲ့ သံဆူးကြိုးကိုပဲ အသာမပြီး စခန်းထဲဝင်ခဲ့ကြပါတယ်။

ပထမဆုံးရောက်သွားတဲ့ နေရာကတော့ ကလေးတွေရဲ့ စာအံသံတွေညံနေတဲ့ ယမုံနာဆိုတဲ့ကျောင်းလေးပါ။

၈၈ အရေးအခင်းကာလမှာ လက်နက်ကိုင်တော်လှန်ရေးအတွက် တောခိုခဲ့ကြတဲ့ ကျောင်းသားတပ်မတော်က ရဲဘော်တွေရဲ့ မျိုးဆက်သစ်လေးတွေ ပညာသင်ရာကျောင်းဖြစ်ကြောင်း သတင်းထောက်တွေကို ကျွန်တော် ရှင်းပြခဲ့ပါတယ်။

ရဲဘော်ထော်ကြီးအပါအဝင် ကျောင်းက ဆရာ၊ ဆရာမတချို့နဲ့ အင်တာဗျူးလုပ်ခဲ့ပါတယ်။ ဒီကျောင်းမှာ ပညာသင်ကြားနေတဲ့ ကလေးအများစုက ကျောင်းသားတပ်မတော်က ရဲဘော်တွေရဲ့ သားသမီးတွေပါသလို၊ ကမ္ဘာကျော် မဲဆောက်အမှိုက်ပုံဘေးက မြန်မာမိသားစုတွေရဲ့ ကလေးတွေလည်း အများကြီးပါတဲ့အကြောင်း ရှင်းပြဖြစ်ခဲ့ပါတယ်။

နောက်ကျောင်းသားဆေးခန်းလို့ နာမည်ကြီးတဲ့ ဒေါက်တာစင်သီယာမောင်ရဲ့ ဆေးခန်းကိုလည်း လိုက်ပြခဲ့ပါတယ်။ အဲဒီလိုနဲ့ ပြင်ပသတင်းဌာနတွေကို စကားပြန်အဖြစ် ကျွန်တော် အလုပ်လုပ်ပေးနေရင်း တစ်ရက်မှာ

***ဒီကျောင်းမှာ ပညာသင်ကြားနေတဲ့ ကလေးအများစုက ကျောင်းသားတပ်မတော်က ရဲဘော်တွေရဲ့ သားသမီးတွေပါသလို၊ ကမ္ဘာကျော် မဲဆောက်အမှိုက်ပုံဘေးက***



www.burmeseclassic.com

www.burmeseclassic.com

**UNHCR** က အကြောင်းကြားလာပါတယ်။

တတိယနိုင်ငံကို ဆက်လက်ထွက်ခွာမယ်ဆိုရင် မယ်လာ၊ အုန်းပုံ့နဲ့ နို့ဖိုးဒုက္ခသည်စခန်းတစ်ခုခုကို ရွေးချယ်ပြီး ဒုက္ခသည်စခန်းမှာ အမည်စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ တတိယနိုင်ငံကို မထွက်မီအထိ နေရမည်ဖြစ်ကြောင်း အကြောင်းကြားလာပါတယ်။

UNHCR ကလည်း ဆန်၊ ဆီ၊ ဆား၊ မီးသွေးစတဲ့ အခြေခံစားကုန်တွေကို လစဉ် ရာရှင်အဖြစ် ထောက်ပံ့မယ့်အကြောင်းလည်း ပါပါတယ်။ ကျွန်တော်လည်း နီးစပ်ရာ အတွေးတူသူ မိတ်ဆွေတွေနဲ့ တိုင်ပင်ပြီး နောက်ဆုံး အုန်းဖျံဒုက္ခသည်စခန်းကိုပဲ ရွေးချယ်ခဲ့ပါတယ်။

ဒီလိုနဲ့ မဲဆောက်ကနေ ဒုက္ခသည်စခန်းဝင်မယ့် မိသားစုနဲ့အတူ လိုင်းကားတစ်စီးငှားပြီး အုန်းဖျံဒုက္ခသည်စခန်းကို ကျွန်တော် ထွက်လာခဲ့လိုက်ပါတယ်။ လမ်းမှာ စစ်ဆေးရေးဂိတ်သုံးခုလောက်ကို UN လက်မှတ်ပြပြီး ဖြေရှင်းလိုက်နိုင်ပေမယ့် အစစ်အဆေးကြမ်းလွန်းတဲ့ ဂိတ်တစ်ခုအရောက်မှာတော့ ဆက်သွားခွင့်မရတဲ့အပြင် ဖမ်းမယ်၊ စီးမယ်အထိ အခြေအတင် ဖြစ်လာပါတယ်။

UNHCR ကို အကူအညီတောင်းတဲ့အခါ အုပ်စုလိုက်မသွားဘဲ နောက်မှ လိုင်းကားတွေနဲ့ ခွဲသွားကြဖို့ အကြံပေးတာနဲ့ ကျွန်တော်တို့ မဲဆောက်ကို ပြန်လှည့်ခဲ့ကြပါတယ်။ နောက်တစ်ခေါက်မှာတော့ အဆင်ပြေပြေ၊ ချောချောမွေ့မွေ့ပဲ အုန်းဖျံကို ရောက်သွားခဲ့ပါတယ်။ ကျွန်တော်ရောက်တဲ့နေ့က UNHCR ရဲ့ ရာရှင်ဝေတဲ့နေ့ပါ။

ကျွန်တော်လည်း ကျွန်တော်နေရမယ့် ရပ်ကွက်ကို မသွားသေးဘဲ ဇုန်အေရဲ့ ရိက္ခာဂိုဒေါင်ရှေ့က လူတန်းကြီးဆီ သွားပြီး ရာရှင်တန်းစီပါတယ်။ တဖြည်းဖြည်းနဲ့ ရှေ့ကိုတိုးရင်းကနေ ရှေ့နားကိုလည်းရောက်ရော မီးစက်ကပျက်သွားတဲ့အတွက် ရိက္ခာရာရှင်စာရင်းသွင်းတာ ဆက်မလုပ်နိုင်တော့တဲ့ အခြေအနေနဲ့ ကြုံရပါတယ်။

နိုင်ငံခြားသားတွေ၊ ထိုင်းနဲ့ကရင်ဝန်ထမ်းတွေ ဗျာယာခတ်ကုန်ပါပြီ။ နောက်ကစောင့်နေတဲ့ လူအုပ်ကြီးကလည်း အော်ဟာစ်နေပါတယ်။ အဲဒီအချိန်မှာ UNHCR အရာရှိနဲ့ ကျွန်တော် မျက်နှာချင်းဆိုင်မိပါတယ်။ ကျွန်တော့်ကို အင်တာဗျူးတဲ့ အရာရှိပါပဲ။ ကျွန်တော် သူ့ကို နှုတ်ဆက်လိုက်တော့ သူ ကျွန်တော့်ကို ချက်ချင်းပဲ မှတ်မိသွားပါတယ်။

အဲဒီအချိန်မှာ UNHCR ဝန်ထမ်းတွေက စားပွဲတစ်လုံးကို ရှေ့ကိုထုတ်လာပြီး ဗမာစကားတတ်တဲ့ တိုင်းရင်းသားတစ်ယောက်ကို လူအုပ်ကြီးထံ အခြေအနေကို ရှင်းပြခိုင်းပါတယ်။ "မီးစက်ပျက်သွားလို့ မနက်ဖြန်မှာ စာရင်းသွင်းတာကို ဆက်လုပ်မယ့်အကြောင်း" ပါ။

ခက်တာက ပြောတဲ့သူက ထိုင်းနယ်စပ်မှာ မွေးတဲ့ တိုင်းရင်းသားဖြစ်နေတော့ ဗမာစကားကို ရည်ရည်လည်လည် မပြောတတ်ပါဘူး။ အောက်ကလူအုပ်ကြီးကလည်း ဆူညံနေတော့၊ သူလည်း ဗမာစကားကို မနည်းကြိုးစားပြီး ပြောနေရပါတယ်။ အဲဒီအချိန်မှာ UNHCR အရာရှိက ကျွန်တော့်ကိုခေါ်ပြီး မင်း ငါတို့ကို ကူညီပြီး ဘာသာပြန်ပေးပါလို့ အကူအညီတောင်းလာပါတယ်။

ကျွန်တော့်အဖြစ်က ဒုက္ခသည်စခန်းရောက်တာ နာရီပိုင်းသာ ရှိသေးပေမယ့် အခုစခန်းက လူအုပ်ကြီးရှေ့က စားပွဲပေါ်တက်ပြီး စကားပြန်လုပ်နေရပါပြီ။

ဒုက္ခသည်စခန်းရောက်ပြီး ငါးရက်အကြာမှာ ကျွန်တော် စခန်းဗဟိုရုံးနားက ဥက္ကဋ္ဌဦးမောင်ဝါးရဲ့ အင်တာနက်ဆိုင်ကို သွားခဲ့ပါတယ်။ အဲဒီမှာ လူတွေ၊ မိသားစုလိုက် စခန်းအောက်ဘက်ကို ဆင်းသွားတာမြင်တော့ ကျွန်တော်လည်း စပ်စုရင်း လိုက်သွားကြည့်မိပါတယ်။ နောက်ဆုံး USAID တံဆိပ်ရယ်၊ MOI တံဆိပ်ရယ် တပ်ထားတဲ့ ရုံးဝင်းကြီးထဲကို သူများတွေလို အစစ်အဆေးမခံရဘဲ ကျွန်တော် ရောက်သွားပါတယ်။

ဒီနေရာက စခန်းထဲက လူတွေကို တတိယနိုင်ငံတွေက ခေါ်ဖို့ အင်တာဗျူးတဲ့ နေရာပါ။ လူတိုင်း ဝင်လို့ မလွယ်ပါဘူး။

အဲဒီတုန်းက ကျွန်တော်ပုံစံက မဲဆောက်က ရောက်တာ မကြာသေးတာမို့ မဲဆောက်က လူပေါ်ကြော့ပုံစံ အဝတ်အစား သန့်သန့်ပြန့်ပြန့်၊ လက်ပ်တော့ကိုလည်း လွယ်ထားတော့၊ ကျွန်တော့်ကို ဒုက္ခသည်စခန်းကလူလို့ မထင်မှတ်ထားဘဲ အပြင်အဖွဲ့အစည်းတစ်ခုကလို ထင်မှတ်ကြပုံပါပဲ။

ရုံးခန်းထဲ လျှောက်ကြည့်ရင်း တစ်နေရာအ

*နိုင်ငံခြားသားတွေ၊ ထိုင်းနဲ့ကရင်ဝန်ထမ်းတွေ ဗျာယာခပ်ကုန်ပါပြီ။*
*နောက်ကစောင့်နေတဲ့ လူအုပ်ကြီးကလည်း အော်ဟာစ်နေပါတယ်*



www.burmeseclassic.com

www.burmeseclassic.com

ရောက်မှာ နိုင်ငံခြားသားအဖြူတစ်ယောက်က ကျွန်တော့်ကို လှမ်းခေါ်ပြီး အင်္ဂလိပ်လို မေးပါတယ်။ "မင်း ငါနဲ့အတူ တွဲလုပ်ဖို့ ဗန်ကောက်က လွှတ်လိုက်တဲ့လူလား" သူ မေးမှ ကျွန်တော်လည်း အကြံရသွားပြီး အင်္ဂလိပ်လို ပြန်ဖြေလိုက်ပါတယ်။

"မဟုတ်ဘူး။ ငါက အခုမှ အလုပ်လာရှာတာ။ မင်းတို့ဆီမှာ အလုပ်လျှောက်လိုက်မယ်။ မင်း အဆင်ပြေမယ်ဆို ငါ့ကိုခန့်ပါ။ ငါ အင်္ဂလိပ်စကား ကောင်းကောင်း ပြောတတ်ပါတယ်"

"မင်း… အရင်က မြန်မာပြည်မှာ ဘာအလုပ်လုပ်ခဲ့သလဲ"

"ငါ မြန်မာပြည်မှာ ၂၀၀၁ကနေ ၂၀၀၇အထိ တိုးရစ်ဂိုက်လုပ်ခဲ့တယ်"

အဲဒီလို အမှတ်တမဲ့ မတ်တတ်ရပ် အင်တာဗျူး အပြီးမှာတော့ အံ့အားသင့်စွာနဲ့ပဲ ကျွန်တော် ချက်ချင်း အလုပ်ရခဲ့ပါတော့တယ်။ ကျွန်တော့်ကို ဒုက္ခသည်တွေကို အင်တာဗျူးတဲ့နေရာမှာ စကားပြန်ရာထူးအဖြစ် ချက်ချင်း ခန့်လိုက်တာပါပဲ။ အင်တာဗျူးခံဖို့ စောင့်နေတဲ့ မိသားစုတွေက ရာနဲ့ချီရှိနေပါတယ်။ အင်တာဗျူးအောင်တာနဲ့ အမေရိကန်ပြည်ထောင်စု၊ နော်ဝေ၊ ကနေဒါ၊ သြစတြေးလျ၊ နယူးဇီလန်စတဲ့ နိုင်ငံတွေထဲက တစ်ခုခုကို ထွက်ခွာခွင့်ရကြမှာပါ။

လောလောဆယ် ကျွန်တော်ကတော့ ဒုက္ခသည်စခန်းရောက်လို့ တစ်ပတ်မပြည့်ခင်မှာပဲ တစ်ရက် ဘတ် ၃၅၀ ရတဲ့ စကားပြန်အလုပ်ကို ရခဲ့ပါပြီ။

ထိုင်းနယ်စပ်ရောက် ဒုက္ခသည်တွေရဲ့ နောက်ဆုံးရွေးအိပ်မက်က တတိယနိုင်ငံထွက်ဖို့ပါ။ အဲဒီ့အတွက် အင်တာဗျူးဟာ အရေးကြီးပါတယ်။ အရေးအကြီးဆုံးက ဘာသာစကား အခက်အခဲပါပဲ။ ဒါကြောင့် အင်တာဗျူး မေးခွန်းတွေ ဖြေတဲ့အခါ ဘာသာပြန်ပေးတဲ့သူက အရမ်း အရေးပါပါတယ်။

ဒီလိုနဲ့ ကျွန်တော်ဟာ ဘာသာသာပြန် တစ်ယောက်အဖြစ်နဲ့ ဒုက္ခသည်စခန်းမှာ ကျေးချင်၊ မွေးချင်သူ ပေါ်ပြီး မျက်နှာပွင့်ခဲ့တယ် ဆိုပါတော့။

စခန်းမှာနေတာ ကြာလာတော့၊ ကျွန်တော့်ရဲ့ ခရီးသွားညှော်လမ်းညွှန်လုပ်ချင်တဲ့ ပိုးလေးက ခေါင်းကြွလာပါတယ်။ ဒီလိုနဲ့ အင်တာနက်ကနေတစ်ဆင့် မြန်မာ ဒုက္ခသည်စခန်းတွေကို လေ့လာမယ့်ခရီးစဉ်ကို ဗန်ကောက်နဲ့မဲဆောက်က သူငယ်ချင်းတွေ အကူအညီနဲ့ စီက်ဝင်စားတဲ့ သတင်းသမားတွေထံ ကျွန်တော် စရောင်းဖြစ်ခဲ့ပါတယ်။

ခရီးစဉ်တစ်ခုကို ယူတဲ့ဈေးနှုန်းကတော့ လုံးဝ အမိုက်စားပါပဲ။ ဟွန်တောင်လို့ခေါ်တဲ့ ထိုင်းရမ် သုံးလုံးနဲ့ ထိုင်းဘတ် ၁၅၀၀၊ အင်တာဗျူးခံရသူတွေကို တစ်ယောက် မုန့်ဖိုး ဘတ် ၃၀၀ပေးရမယ်ဆိုပြီး သတ်မှတ်လိုက်ပါတယ်။

ရမ်အရက်ယူရတာကတော့ ဒုက္ခသည်စခန်း အဝင်မှာရှိတဲ့ ထိုင်းလုံခြုံရေးအတွက် တစ်ပုလင်း၊ ဒုက္ခသည်စခန်း ဗဟိုလုံခြုံရေးအတွက် တစ်လုံး၊ နောက်တစ်လုံးကတော့ ကျွန်တော့်အတွက်ပါ။

ဧည့်သည်လာမယ်ဆိုရင် ကျွန်တော်က တောင်အောက်ကို စောစောဆင်းပြီး လုံခြုံရေးနဲ့ ညှိရပါတယ်။ ဧည့်သည်လာရင် ခိုးဝင်ပေါက်ကနေ သံဆူးကြိုးမပြီး သတင်းသမားတွေရဲ့ ကင်မရာတွေကို အထမ်းသမားတွေက ပလိုင်းကြီးကြီးတွေနဲ့ ဖွက်ပြီး သယ်ရပါတယ်။

စခန်းတာဝန်ခံတွေက သတင်းထောက်တွေလာတာကို သိပ်မကြိုက်ကြလို့ပါ။ သတင်းထောက်နိုင်ငံခြားသားတွေကတော့ သူတို့ ကင်မရာကို အရမ်းချစ်ကြတဲ့ သူတွေဆိုတော့ ကင်မရာကို တခြားသူသယ်တာ မကြိုက်ကြပုံပါဘဲ။

ဒါပေမဲ့ လုံခြုံရေးတင်းကျပ်လှတဲ့ ဒီလိုစခန်းထဲ ခိုးဝင်ကာ အင်တာဗျူးပြီး မှတ်တမ်းတင်ခွင့်ရတာ သူတို့အတွက် မနည်းမနော အခွင့်အရေးမို့ ဘာမှမပြောကြပါဘူး။ ဒုက္ခသည်စခန်းမှာ ကရင်လူမျိုးတွေဟာ စစ်ဘေးဒဏ်ကနေ ထွက်ပြေးကြရင်း ရောက်လာခဲ့ကြတာပါ။

ကရင် အဘိုးအဘွားတွေဟာ စခန်းကိုရောက်တာ ဆယ်စုနှစ်နှစ်စုလောက် နေခဲ့ပြီးပေမယ့် ဘယ်တတိယနိုင်ငံကိုမှ မသွားလိုကြပါဘူး။ လျှောက်လည်း မလျှောက်ကြပါဘူး။ နောက်ပိုင်း ၈၈ အရေးအခင်းဖြစ်တဲ့နောက်တော့ ဗမာနဲ့ တခြား တိုင်းရင်းသားတွေလည်း အင်အားတိုးလာခဲ့ပါတယ်။

***ထိုင်းနယ်စပ်ရောက် ဒုက္ခသည်တွေရဲ့ နောက်ဆုံးရွေးအိပ်မက်က တတိယနိုင်ငံထွက်ဖို့ပါ။ အဲဒီ့အတွက် အင်တာဗျူးဟာ အရေးကြီးပါတယ်***





www.burmeseclassic.com

www.burmeseclassic.com

ဗမာအများစုနေတဲ့ ဧရပ်ကွက်က လူတွေကတော့ ဘယ်တတိယနိုင်ငံ ရောက်ရောက် သွားဖို့ထွက်လာတဲ့ လူတွေချည်းပါပဲ။ ဒီထဲမှာ တကယ်နိုင်ငံရေးလုပ်လို့ ထွက်ပြေးတိမ်းရှောင်ခဲ့သူတွေရှိသလို၊ ဘာနိုင်ငံရေးမှ မလုပ်ခဲ့ပေမယ့် တတိယနိုင်ငံသွားနိုင်ဖို့အရေး အယောင်ဆောင်ဝင်ရောက်လာသူတွေလည်း ဒုနဲ့ဒေးပါ။

သူတို့မှာ သူတို့ကိုယ်တိုင် ဖန်တီးထားတဲ့ ကိုယ်ပိုင်လံကြုတ်ဇာတ်လမ်းကိုယ်စီနဲ့ပါ။ ဘယ်လိုနိုင်ငံရေးလုပ်လို့ အစိုးရက ဘယ်နေရာမှာ လိုက်ဖမ်းတာ၊ မိသားစုတွေ ထောင်ကျခံရမှာကြောက်လို့ ပြေးလာခဲ့ရတာ၊ ပြန်ပို့ခံရရင် တစ်မိသားစုလုံး အဖမ်းခံရမှာစတဲ့ အလိမ်အညာဇာတ်လမ်းတွေနဲ့ လာခဲ့တဲ့လူတွေပါ။

အင်တာဗျူးတဲ့ နိုင်ငံခြားသားတွေကလည်း အဖြစ်အပျက်၊ အချိန်၊ နေရာကအစ အသေးစိတ်မြေပုံတွေ အချက်အလက်တွေနဲ့ကို တိုက်ဆိုင်ပြီး မေးတာပါ။

တချို့လည်း ကံကောင်းစွာနဲ့ ကျော်ဖြတ်နိုင်ခဲ့သလို၊ တချို့လည်း အလိမ်ပေါ်ပြီး အင်တာဗျူးကျခဲ့သူတွေ အများအပြားပါ။ ဒုက္ခသည်စခန်းမှာ နေရတဲ့ကာလတစ်လျှောက် ကျွန်တော့်အတွက် လွမ်းစရာတွေ တစ်ပုံတစ်ပင်ပါ။

မှတ်မှတ်ရရကတော့ ၂၀၁၀ ရွေးကောက်ပွဲရက်မှာ DKBA တပ်တွေနဲ့ အစိုးရတပ်တွေ မြဝတီမှာ တိုက်ပွဲဖြစ်ကြတဲ့အချိန် ကျွန်တော်ဟာ ဩစတြေးလျသတင်းဌာနနဲ့ အတူ နယ်စပ်စည်းပေါ် လိုက်ခဲ့ရတာပါပဲ။

ရင်တထိတ်ထိတ် ကာလတွေပေါ့။

ဒုတိယအမှတ်တရကတော့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်ကလွတ်ပြီး ကမ္ဘာ့စီးပွားရေးဖိုရမ်ကို လာတက်တဲ့အချိန်ပါ။ ကျွန်တော်က ကိုယ့်စကားပြန်အလုပ်နဲ့ ကိုယ်ရှုပ်နေတော့ အဲဒီသတင်းကို သတိမထားမိပါဘူး။

တစ်ရက်မှာ ကျွန်တော် ဝယ်စားနေကျ မြန်မာထမင်းဆိုင်က အဒေါ်ကြီးက မနက်ဖြန် မဲဆောက်ကို အမေလာမှာမို့လို့ တစ်ဆိုင်လုံးပိတ်မယ် အောင်ပန်ရေလို့ ပြောလာပါတယ်။

ပထမတော့ အဒေါ်ကြီးရဲ့ အမေလာမှာလို့ ကျွန်တော်ထင်ပြီး ဘာမှမမေးမိပါဘူး။ စက်ရုံက ကောင်မလေးတွေလည်း တစ်စက်ရုံလုံး အလုပ်မဆင်းဘဲ အမေ့ကိုကြိုဖို့ ပန်းသွားဝယ်နေကြပြီလို့ ပြောတော့မှ ကျွန်တော်လည်း ဘယ်က အမေလဲလို့ မေးလိုက်မိပါတယ်။

အဲဒီအခါ အဒေါ်ကြီးရဲ့မျက်နှာက ပြောင်းသွားပြီး ဒေါ်အောင်ဆန်းစုကြည် လာမှာလေလို့ ပြောတော့မှ ကျွန်တော့်မှာ တော်တော့်ကို ရှက်သွားတာပါ။ ဒေါ်အောင်ဆန်းစုကြည်လာမှာကို ကျွန်တော်က မသိဘူးလေ။

နောက်တစ်နေ့ နံနက်စောစော ၅နာရီလောက်ထပြီး နိုင်ငံရေးအကျဉ်းသား ကိုစိုးထိုက်တို့မိသားစုနဲ့အတူ စက်ဘီးကိုယ်စီနဲ့ မဲဆောက်မြို့ အရှေ့ဘက်ထိပ်ကနေ မဲဆောက်ရဲ့ အနောက်ဘက်ထိပ် လေဆိပ်အထိ ချီတက်ခဲ့ကြပါတော့တယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ဗန်ကောက်ကနေ မဲဆောက်လေဆိပ်ကိုလာပြီး အကြီးဆုံးဒုက္ခသည်စခန်းဖြစ်တဲ့ မယ်လကို သွားမယ်။ အဲဒီကမှ မယ်တော်ဆေးခန်းကို လာမယ်လို့ ကျွန်တော်တို့ အကြမ်းဖျင်းသိထားပါတယ်။

မဲဆောက်လေဆိပ်သွားရာ လမ်းနှစ်ဖက်ဝဲယာတစ်လျှောက်မှာ ပန်းတွေ၊ ဒီချုပ်အလံတွေကိုကိုင်ပြီး စောင့်ဆိုင်းနေကြတဲ့ မြန်မာရွှေ့ပြောင်းလုပ်သား လူအုပ်ကြီးကို ကျွန်တော်ကြည့်ပြီး တော်တော်ကြက်သီးထမိပါတယ်။

အမေစု ကျန်းမာပါစေလို့ သူတို့ တစ်ခါအော်လိုက်ရင် ကျွန်တော့်မှာ ဘာမှန်းမသိတဲ့ ခံစားချက်ကြီးနဲ့ မျက်ရည်လည်ရတဲ့အထိပါ။

မဲဆောက်လေဆိပ် အဝင်ပေါက်ရောက်တော့ ကင်မရာ သုံးလုံးလွယ်ထားတဲ့ နိုင်ငံခြားသူတစ်ယောက်ကို ယောင်လည်လည်နဲ့ တွေ့ပါတယ်။ သူက ကျွန်တော့်ကို တွေ့တော့ မင်း သတင်းဌာနကလား။ ငါ နယူးယောက်တိုင်းမ်သတင်းစာကပါ။ ငါ အခုပဲ ဗန်ကောက်ကနေလာတာ အခု ဒီမှာဝင်ခွင့်မရဘူး။ ကူညီပါဦးလို့ ပြောပါတယ်။ ဒါမျိုးဆို ကျွန်တော်က ကူညီချင်တာမှ တစ်ပိုင်းသေပါ။

နိုင်ငံခြားသူသတင်းထောက် လေဆိပ်ထဲဝင်ဖို့အတွက် လေဆိပ်ရှေ့ စားသောက်ဆိုင်ရဲ့ အိမ်သာကနေ တစ်ဆင့် အုတ်နံရံကိုခွကျော်ပြီး မဲဆောက်လေဆိပ်ထဲဝင်တဲ့နည်းကို အသုံးပြုဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါတယ်။

*အမေစု ကျန်းမာပါစေလို့ သူတို့ တစ်ခါအော်လိုက်ရင် ကျွန်တော့်မှာ ဘာမှန်းမသိတဲ့ ခံစားချက်ကြီးနဲ့ မျက်ရည်လည်ရတဲ့အထိပါ*



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ စစ်ဆင်ရေးက မအောင်မြင်ပါဘူး။ မအောင်မြင်တဲ့အကြောင်းက လေဆိပ်ရှေ့က စားသောက်ဆိုင်က ပိတ်ထားလို့ပါ။ ကျွန်တော်လည်း သူမရဲ့ သတင်းထောက်ကတ်ကို ယူပြီး လေဆိပ်ဝင်ပေါက်က လုံခြုံရေးနဲ့ သွားပြောပါတယ်။ နောက်ထပ် အင်ဒိုနီးရှင်းရုပ်သံအဖွဲ့နဲ့ ဖိလစ်ပိုင်သတင်းထောက်တချို့လည်း ကျွန်တော့်နောက်က ရောက်လာပါတယ်။ နောက်ဆုံး ကိုဌေးအောင်(ဗကသ ကွယ်လွန်) နဲ့ ကိုပါကြီး(တပ်မတော်မှ ပစ်သတ်ခြင်းခံရ) တို့နှစ်ယောက်ပါ ကျွန်တော့်ဘေးနား ရောက်လာပါတယ်။

နောက်ဆုံးတော့ အင်အားတောင့်တဲ့အတွက် ကျွန်တော်တို့ ဝင်ခွင့်ရခဲ့ပါတော့တယ်။ တကယ်တော့ ကျွန်တော်တို့ သုံးယောက်စလုံးမှာ သတင်းထောက်ကတ် မပါဘဲ ဝင်ခွင့်ရခဲ့တာပါ။ သတင်းထောက်တွေကြားမှာ ကတ်မပါဘဲ ဝင်လာခဲ့တဲ့ ကျွန်တော်တို့ သုံးယောက်ကို ထိုင်းထောက်လှမ်းရေးက တောက်လျှောက် စောင့်ကြည့်ပြီး လိုက်လာခဲ့ပါတယ်။

နံနက် ၁၀နာရီကျော်ကျော်မှာ လေယာဉ်ဆိုက်ပါတယ်။ လေယာဉ်ပေါ်က ဆင်းဆင်းချင်း ပထမဆုံး ဆင်းလာတဲ့ အမတ်ဒေါ်စန္ဒာမင်းက ကိုဌေးအောင်ကို နှုတ်ဆက်တဲ့အချိန်မှ ထောက်လှမ်းရေးတွေနဲ့ သတင်းသမားတွေအခြေအနေကို နားလည်သဘောပေါက်သွားပါတယ်။

ဒေါ်အောင်ဆန်းစုကြည် လေဆိပ်ခန်းမပေါ်က နေ ကားပေါ်တက်ချိန်မှာ အပြင်လမ်းမကြီးမှ ရွှေ့ပြောင်းအလုပ်သမားထုကြီးရဲ့ အမေစုကျန်းမာပါစေဆိုတဲ့ အသံကလည်း ညံနေပါပြီ။ ဒေါ်အောင်ဆန်းစုကြည်ဟာ ကားပေါ်တက်ခါနီး ကိုပါကြီးကို တွေ့သွားပြီး "သား… ပါကြီး နေကောင်းတယ်နော်" လို့ မေးသွားတဲ့အခါ သတင်းသမားတွေရဲ့အာရုံက ကျွန်တော်တို့ သုံးယောက်ဆီ ရောက်သွားပါတော့တယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ မယ်တော်ဆေးခန်း ခရီးစဉ်ကို ထိုင်းအစိုးရက ပိတ်ပင်တဲ့အခါမှာတော့၊ ဒေါ်အောင်ဆန်းစုကြည်ဟာ မဲဆောက်လေဆိပ်မှာပဲ သတင်းစာ ရှင်းလင်းပွဲ လုပ်ရပါတော့တယ်။ အဲဒီသတင်းစာရှင်းလင်းပွဲအပြီးမှာတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အရေးတယူ နှုတ်ဆက်ခြင်းခံရတဲ့ ကျွန်တော်တို့သုံးယောက်ကို နိုင်ငံခြားသတင်းထောက်တွေက ဘယ်သူတွေလဲဆိုတဲ့ မေးခွန်းတွေ အလုအယက် မေးလာကြပါတော့တယ်။

ကျွန်တော်တို့ရဲ့ အဖြေကတော့ ကျွန်တော်တို့ဟာ လူထုခေါင်းဆောင်ကို နှုတ်ဆက်ဖို့လာကြတဲ့ မြန်မာပြည်သား ပြည်ပြေးတွေပါပဲလို့။

ခုအချိန်မှာ ကိုပါကြီးသာရှိနေရင် သူ့ကို ဂရုတစိုက်ရှိခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အစိုးရအတွက် တတ်နိုင်တဲ့ဘက်က အကူအညီတွေပေးနေမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

အခုတော့ ကိုပါကြီးဟာ တရားမဲ့ခြင်းရဲ့ အခြားတစ်ဖက် အမှောင်ကမ္ဘာမှာ ထာဝရ အိပ်စက်နေခဲ့ပါပြီ။

ကိုဌေးအောင်လည်း မရှိရှာတော့ပါဘူး။

ကျွန်တော်တစ်ယောက်သာ ဒုက္ခသည်စခန်းထဲက ပြည်ပြေးစကားပြန်ဘဝကနေ ပြည်တော်ကို ပြန်နိုင်ပြီး ဧည့်လမ်းညွှန်အလုပ်နဲ့ အကြောင်းပါနေဆဲပါပဲဆိုတာ သူတို့နှစ်ယောက်ကို သိစေချင်စမ်းပါရဲ့။

■

*ဒေါ်အောင်ဆန်းစုကြည်ဟာ ကားပေါ်တက်ခါနီး ကိုပါကြီးကို တွေ့သွားပြီး "သား… ပါကြီး နေကောင်းတယ်နော်" လို့ မေးသွားတဲ့အခါ သတင်းသမားတွေရဲ့အာရုံက*



www.burmeseclassic.com

www.burmeseclassic.com


ရှုမေနှင်း၊ ဆလိုင်းအောင်မင်းလှိုင်၊ စိုးသိဏ်း၊ စိန်ဝင်းစိန်၊ သီဟန်သွင်၊ တော်ကောင်းမင်း




hebookhouse စာအုပ်တိုက်မှ ရရှိနိုင်သော စာအုပ်များ
၉၉-၇၉ ၆၀ ၆၀ ၁၀
၉၉-၇၉ ၆၀ ၆၀ ၂၀

the bookhouse
www.facebook.com/thebookhouse


www.burmeseclassic.com

www.burmeseclassic.com

လူသားနှင့်ရှင်သန်ခြင်း

တားရှော့ကို အလုပ်တစ်ခုအနေနဲ့ လုပ်ဖြစ်ခဲ့တာ အခုဆို ခုနစ်နှစ်ရှိခဲ့ပါပြီ။ သင်ဆရာရယ်လို့ စနစ်တကျ သင်ယူခဲ့တာမျိုး မရှိခဲ့ပေမယ့် မြင်ဆရာတွေကတော့ အများသားပါ။ ဝါသနာပါတဲ့ အလုပ်တစ်ခုကို ယုံကြည်ချက် ခိုင်ခိုင်မာမာထားပြီး ဖွဲကောင်းကောင်း နဲ့ လုပ်ခဲ့ပါတယ်။ အလုပ်ဆိုတာထက် ကိုယ်တတ်တဲ့ ပညာလေးနဲ့ သူများကို ကူညီပေးချင်တဲ့စိတ်က ပိုပါတယ်။ စေတနာမေတ္တာစိတ်ရဲ့ ဆွဲအားတွေကြောင့် ဒီလောကမှာ ခြေချစရာ နေရာလေးတစ်ခု ရလာ ခဲ့ပါတယ်။ ခုနစ်နှစ်တာကာလအတွင်း တွေ့ခဲ့ရ၊ ဆုံခဲ့ရတဲ့ မိတ်ဆွေ များထဲမှ ဒီလအတွက် အမှတ်တရအနေနဲ့ ခုအချိန်မှာ နာမည်ကြီး နေတဲ့ လူငယ်စာရေးဆရာမလေး မယ်မင်းဘုံ၊ အကာယ်ဒမီမင်းသမီး စိုးမြတ်နန္ဒာတို့အကြောင်းလေးကို ဖော်ပြပေးလိုက်ပါတယ်။

***ကျွန်မနှင့် မင်းသမီးစိုးမြတ်နန္ဒာ (ဒါဒါ)***

ကြာခဲ့ပါပြီ… လွန်ခဲ့တဲ့ ငါးနှစ်၊ခြောက်နှစ်လောက်က အကာယ်ဒမီမင်းသမီးလေး စိုးမြတ်နန္ဒာနဲ့ တွေ့ဆုံခဲ့ရတဲ့ နေ့လေးကို သတိရမိပါတယ်။ ကျွန်မလေ အဲ့ဒီနေ့က… အရမ်းကို ပျော်နေခဲ့တာ ပေါ့။ ပျော်လွန်းလို့ ရင်တွေလည်း ခုန်နေတယ်။ ခြေဖျားလက်ဖျား တွေလည်း အေးစက်နေခဲ့တယ်၊ အကြောင်းကတော့ မင်းသမီး စိုးမြတ် နန္ဒာက ကျွန်မဆီမှာ တားရှော့ကြည့်ချင်လို့ပါတဲ့။ ဦးငှက်အခေါ် လွှတ်လိုက်တဲ့ ရှုတင်ကားနဲ့ ဒါဒါ (စိုးမြတ်နန္ဒာ) နေတဲ့ ကိုးမိုင်က ကွန်ဒိုတိုက်ခန်းအိမ်ကို ကျွန်မတစ်ယောက်တည်း လိုက်လာခဲ့ပါတယ်။ အခုလိုမျိုး ကျွန်မကို သီးသီးသန့်သန့် အိမ်ခေါ်မေးတာမျိုး မရှိဘူးတော့၊ ရင်တုန်တာရော၊ နာမည်ကြီး မင်းသမီးတစ်ယောက်ကို တားရှော့ ကြည့်ပေးရတော့မယ်ဆိုတဲ့ အသိစိတ်ကြောင့်ရော အပျော်လွန်နေတာ

# တားရှော့ကတ်ပေါ်မှ ကိုယ်တွေ့အဖြစ်မှန်များ-၁၂

နေခြည်(တားရော့)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပါ။ ရင်တုန်နေတာကိုပျောက်အောင် ကားပေါ်မှာပဲ မျက်စိမှိတ်ပြီး တရားမှတ်နေမိပါတယ်။

ဒါဒါ့ အိမ်ရောက်တော့၊ ရှုတင်ကနေ အခုမှပြန်ရောက်လာပုံရတဲ့ ဒါဒါက အပြုံးလေးနဲ့ နှုတ်ဆက်ပါတယ်။ ခဏနော်လို့ပြောပြီး အဝတ်အစားသွားလဲနေတာနဲ့ ဘုရားခန်းလေးထဲမှာ ထိုင်စောင့်နေရင်း ဟိုကြည့်၊ ဒီကြည့် လုပ်နေမိပါတယ်။

ဘုရားခန်းက ကျဉ်းပေမယ့် သပ်သပ်ရပ်ရပ်နဲ့ ကြည်ညိုဖွယ်ကောင်းတယ်။

ခဏကြာတော့၊ ဒါဒါ ပြန်ရောက်လာတာနဲ့ ဘုရားကန်တော့ပြီး တားရော့ကြည့်တဲ့ လုပ်ငန်းစပါတယ်။ အဲ့ဒီတုန်းက ဒါဒါမှာ အခက်အခဲလေးတစ်ခု ရှိနေတယ်။

တားရော့မှာ မြန်မာဗေဒင်တွေလို ယတြာမရှိပါဘူး။ ကံကိုသာ အဓိကထားပြီး ကြည့်ရတာမို့လို့ ကံမကောင်းဘူး၊ ကံညံ့နေတယ်ဆိုရင် ကံကောင်းလာအောင် ဘာကိုလုပ်ရင်ရမလဲ။ အလှူအတန်း လုပ်ရမှာလား၊ ဒါမှမဟုတ် မိမိရဲ့ခန္ဓာကိုယ်မှာ ရှိနေတဲ့ ကံပါဝါကိုပဲ အရောင်ထွက်လာအောင် လုပ်ရမှာလား ဒီနှစ်မျိုးပဲ ရှိပါတယ်။

ကျွန်မတို့ မြန်မာလူမျိုးတွေအားလုံး များသောအားဖြင့် ဗုဒ္ဓဘာသာကိုးကွယ်ကြသူမို့ ကံဆိုတာကို သက်ဝင်ယုံကြည်ကြပါတယ်။

လူတစ်ယောက်မှာ ယခုဘဝမရောက်ခင် အတိတ်ဘဝပေါင်းများစွာ ရှိခဲ့သလို၊ ပြုလုပ်ခဲ့တဲ့ အတိတ်ကံအကောင်း၊ အဆိုးတွေရော ရှိခဲ့ပါတယ်။

ကောင်းတဲ့ကံတွေ အကျိုးပေးတဲ့အချိန် ကောင်းကျိုးတွေရလို့ ပြုံးပျော်ရသလို၊ မကောင်းတဲ့ကံတွေ အကျိုးပေးတဲ့အခါမှာလည်း စိတ်ညစ်ရပါတယ်။ ကံဆိုတာ ပြုပြင်ပြောင်းလဲ ယူလို့ရပါတယ်။

ကံအဆိုးကို ကံအကောင်းနဲ့ ထီးမိုးထားလို့ရသလို၊ ကျည်ကာအင်္ကျီအဖြစ်လည်း ဝတ်ဆင်ထားလို့ရပါတယ်။

မည်သို့ပင်ဆိုစေကာမူ ကျွန်မတို့တွေကတော့ ကျည်ကာအင်္ကျီဝတ်ဖို့ နေနေသာသာ၊ ဒဏ်ရာအနာတရ ဖြစ်ခဲ့ရင်တောင် ပျောက်အောင်ကုသဖို့ထက် ညည်းတွားနေသူများသာ ဖြစ်နေတတ်ပါတယ်။ ကောင်းတဲ့ကံတွေ အရောင်မှိန်လာတဲ့အခါ ကံအရောင်တွေ တောက်ပြောင်လာအောင် ကုသိုလ်တရားနဲ့ ပေါလစ်တင်,ပွတ်တိုက်ပေးရပါမယ်။ ကံအရောင်တွေ တောက်ပလာဖို့အတွက်ကတော့ မိမိရဲ့ ကြိုးစားအားထုတ်မှုနဲ့ ဝီရိယလေးလိုပါတယ်။

ဒါဒါကို ပိတ်နေတဲ့ကံလေးပွင့်ဖို့ ပဋ္ဌာန်းရွတ်ကြည့်ပါလို့ အကြံပေးမိတယ်။ ပဋ္ဌာန်းတရားက လျှပ်စစ်ခွမ်းအင်လိုပဲ အပူဓာတ်ကို ထွက်စေတယ်။

သံလိုက်ဓာတ်လိုပဲ ဆွဲအားကောင်းတယ်။ မိမိကိုယ်မှာရှိနေတဲ့ ကောင်းတဲ့ကံတွေကို ပိုပြီးတောက်ပလာအောင် အကျိုးပြုပေးတယ်။

ဒါဒါက အတိတ်ကုသိုလ်ကံရှိပြီးသားမို့ ယုံယုံကြည်ကြည်နဲ့ ပဋ္ဌာန်းတရားကို ပူဇော်မယ်ဆိုရင် ကြုံတွေ့နေရတဲ့ အခက်အခဲပြဿနာတွေ ပြေလည်သွားပါလိမ့်မယ်။

ဒါဒါကလည်း ယုံကြည်စွာနဲ့ ပဋ္ဌာန်းတရားတော်ကို ရွတ်ဖတ်ပူဇော်မယ်လို့ ပြောပါတယ်။ တစ်နာရီကျော်ကျော်ကြာအောင် ဒါဒါနဲ့ အေးအေးဆေးဆေး တားရော့ ကြည့်ဖြစ်ပါတယ်။ ပြန်မယ်လုပ်တော့၊ ဒါဒါက ကျွန်မကို စာအိတ်ဖြူလေးတစ်အိတ် ထုတ်ပေးတယ်။

ဒါဒါပေးတဲ့ စာအိတ်လေးကိုယူပြီး အလာတုန်းက ရှုတင်ကားနဲ့ပဲ ပြန်လာခဲ့ပါတယ်။ အိမ်ရောက်တော့ ဒါဒါပေးလိုက်တဲ့ စာအိတ်လေးကို ဖွင့်ကြည့်ရင်း မယုံနိုင်အောင်ဘဲ အံ့ဩဝမ်းသာမိတယ်။ စာအိတ်လေးထဲမှာ ငါးထောင်တန်တွေပဲ ဆယ်ရွက်…။

တစ်နှစ်အကြာမှာ…။

ဒါဒါ့အိမ်ကို ဒုတိယအကြိမ် ရောက်လာခဲ့ပြန်ပါတယ်။ ဒီတစ်ခါတော့ ဒါဒါ့မျက်နှာလေးက ပိုပြီး ကြည်လင်နေခဲ့ပါတယ်။

အိမ်ခန်းပြင်နေတဲ့အချိန်မို့ ဒါဒါအိပ်ကဲ့ အခန်းလေးထဲမှာပဲ တားရော့ ကြည့်ပေးဖြစ်တယ်။ စိတ်ရှုပ်စရာပြဿနာတွေလည်း ပြေလည်သွားပြီမို့ ဒီတစ်ခါတော့ ဒါဒါက ဂျပန်ခရီးစဉ် အလည်သွားဖို့ တားရော့ကြည့်တာပါ။

ဂျပန် ဗီဇာတင်ထားတာမို့ အဆင်ပြေ၊ မပြေ သိချင်လို့ပါတဲ့။ ဂျပန်ဗီဇာရဖို့ဆိုတာ အတော်ခက်ပါတယ်။ ပိုက်ဆံ ဘယ်လောက်ရှိရှိ တစ်ခုခု လွဲချော်သွားတာနဲ့ကို

*ကောင်းတဲ့ကံတွေ အကျိုးပေးတဲ့အချိန် ကောင်းကျိုးတွေရလို့ ပြုံးပျော်ရသလို၊*
*မကောင်းတဲ့ကံတွေ အကျိုးပေးတဲ့အခါမှာလည်း စိတ်ညစ်ရပါတယ်*

www.burmeseclassic.com

www.burmeseclassic.com

ဗီဇာက မရတတ်ပါဘူး။

ဒါဒါက ဂျပန်နိုင်ငံသွားဖို့ အကုန်စီစဉ်ပြီး သားပါ။ လက်မှတ်လည်း ဝယ်ထားပြီးသား။ သွားရဖို့ ရက်ကလည်း အတော်နီးနေပြီ။

ဒါပေမဲ့ ဗီဇာက မကျသေးဘူး။

ဗီဇာအတွက် အင်တာဗျူးဖြေရမယ့်နေ့မှာ ဒါဒါ က စိတ်ပူစွာနဲ့ ကျွန်မဆီကို ဖုန်းဆက်လာပါတယ်။

"ဘာဖြစ်လို့လဲ ဒါဒါ... ဗီဇာမရသေးဘူး လား"

"မရသေးဘူး သားသားရေ။ ခဏနေကျရင် ဗီဇာရုံးသွားရမယ်။ အဲ့ဒါအဆင်ပြေအောင် ဘာလုပ်ရမလဲ ကြည့်ပေးပါဦး"

"ဂျပန်နိုင်ငံစောင့် နတ်တွေကိုရော မေတ္တာ ပို့ထားရဲ့လား"

"ပို့ထားတယ်။ သားသား လုပ်ခိုင်းတာတွေ လည်း အကုန်လုပ်ထားပါတယ်"

"အင်း... အဲဒါဆို ခဏနေဦး။ ပြန်ကြည့်ပေး မယ်"

"ဟုတ်...ဟုတ် ကြည့်ပြီးရင် ဖုန်းဆက်နော်"

"စိတ်ချ...ဆက်မယ်"

အဲ့ဒီနေ့က ဒါဒါ ဖုန်းဆက်တော့ ကျွန်မက တိုက်အောက်မှာပါ။

မီးသုံးရက်ပျက်လို့ ရေမရှိတာနဲ့ အဝတ်တွေကို ရေမော်တာခန်းထဲမှာ သွားထိုင်လျှော်နေတဲ့ အချိန်ပေါ့။ တစ်ခါတလေ အလုပ်ကိစ္စတစ်ခု လုပ်မယ်ဆို နိမိတ်ကို အရင်ကြည့်ရပါတယ်။

ဒါဒါ ဖုန်းဆက်တဲ့အချိန်၊ ရေပျက်နေတာမို့ သေချာတယ်။ ဒါဒါ့မှာ လိုနေတာ ရေအလှူ၊ သို့မဟုတ် မေတ္တာပို့တာပဲ ဖြစ်လိမ့်မယ်လို့ ထင်မိတယ်။ အိမ်ပေါ် ပြန်တက်ပြီး ဘုရားခန်းထဲဝင်၊ ဒါဒါ့ကိုယ်စား တားရော့ ကြည့်ပေးတော့ ပိုသေချာသွားတယ်။

ဒါဒါလုပ်ရမှာ မေတ္တာပို့၊ အမျှဝေလေးပါပဲ။

ဒါဒါ့ဆီ ချက်ချင်း ဖုန်းပြန်ဆက်ရတယ်။

"ဒါဒါ... အခု မြတ်စွာဘုရားကို အအေး ကပ်၊ ပြီးရင် သီလယူ၊ ဗီဇာရုံးက ရုံးစောင့်နတ်နဲ့ ရုံးရဲ့ အတွင်းအပြင်မှာရှိနေတဲ့ ပြိတ္တာတွေကို မေတ္တာပို့၊ အမျှဝေ ပေးလိုက်ပါ။ အဲ့ဒါဆိုရပြီ"

"ဟယ်... ဒုက္ခပဲ။ ဒါဒါက အခုကားပေါ်မှာ အအေး ဘယ်လိုကပ်ရမလဲ"

"အဲ့ဒါဆိုရင်... ဒီလိုလုပ်၊ ဒါဒါ့အိမ်က ကောင်မလေးတစ်ယောက်ကို အအေးကပ်ခိုင်းလိုက်၊ ဒါဒါ က စိတ်နဲ့ သေချာလေး အာရုံပြုပြီးတော့ အအေးကို ထပ်ကပ်ပေါ့"

"ရပါ့မလား... သားသားရယ်"

"ရတယ်...စိတ်က အရေးကြီးအဆုံးပဲ။ အရင် ပြုထားတဲ့ ကုသိုလ်ကောင်းမှုတွေ ရှိပြီးသားပဲကိုး။ ရပါ တယ်။ လုပ်သာလုပ်လိုက်ပါ"

"ဟုတ်... လုပ်လိုက်မယ်နော်။ အဆင်ပြေရင် ဖုန်းဆက်မယ် သားရေ"

"သတင်းကောင်းလေး မျှော်နေမယ် ဒါဒါ ရေ"

ကျွန်မအဝတ်တွေသာ ဆက်လျှော်နေတာ စိတ် ကတော့ ပူမိသား။ ဒါဒါ အဆင်ပြေအောင်လည်း မေတ္တာပို့ ပေးနေမိတယ်။ နေ့လယ်လောက်ကျတော့ ဒါဒါ ဖုန်းဆက် လာပါတယ်။ ဝမ်းသာတဲ့ အသံကြီးနဲ့-

"သားသားရေ၊ အိုကေသွားပြီ၊ ညနေလေယာဉ် နဲ့သွားတော့မယ်။ အဲ့ဒါ လှမ်းနှုတ်ဆက်တာ။ အပြန်ကျရင် လက်ဆောင်ဝယ်လာခဲ့မယ်နော်"

ဒါဒါပျော်သလို၊ ကျွန်မလည်း ပျော်မိပါတယ်။ ယုံကြည်မှုဆိုတာ မှော်ဓားတစ်လက်လိုပဲ အတားအဆီး မှန်သမျှကို ပိုင်းဖြတ်နိုင်တယ်။

အဲ့ဒီနောက်ပိုင်း ဒါဒါနဲ့ သိပ်မတွေ့ဖြစ်ပေမယ့် KARAT SILK ပိုးထည်ဆိုင်ဖွင့်တော့ ၊ မကြာခဏဆိုသလို ပြန်တွေ့ဖြစ်ပါတယ်။

ပိုးထည်ဆိုင်က ရှယ်ယာပါတဲ့ ဒါဒါ့သူငယ်ချင်း နှစ်ယောက်နဲ့လည်း ခင်မင်လာခဲ့ပါတယ်။ ဆိုင်နဲ့ပတ်သက် တဲ့ ကိစ္စလေးတွေ၊ နှစ်ပတ်လည်ပရိတ်ရွတ်ပွဲတွေ လုပ်ခါနီး တိုင်း ကျွန်မကိုပဲ တားရော့ ကြည့်ခိုင်းတတ်ပါတယ်။ အခုဆို ဒါဒါရဲ့ KARAT SILK ပိုးထည်ဆိုင်လေးရဲ့ အောင်မြင်မှုက လေးနှစ်တင်းတင်း ပြည့်ခဲ့ပါပြီ။

*ယုံကြည်မှုဆိုတာ မှော်ဓားတစ်လက်လိုပဲ*
*အတားအဆီး မှန်သမျှကို ပိုင်းဖြတ်နိုင်တယ်*

www.burmeseclassic.com

www.burmeseclassic.com

အမှတ်တရအနေနဲ့ ကျွန်မအမြဲရွှတ်ဖတ်ပူဇော်တဲ့ ပဋ္ဌာန်းကျမ်း (၅ အုပ်တွဲ)စာအုပ်တွေကို ဒါဒါကို ပူဇော်စေချင်လို့ အသစ်ဝယ်ပြီး မေတ္တာလက်ဆောင် ပေးခဲ့ပါတယ်။

ဒါဒါကိုယ်၌ကလည်း ပဋ္ဌာန်းရွတ်သူမို့၊ ပဋ္ဌာန်းတရားရဲ့ ထူးခြားဆန်းကြယ်တဲ့ အစွမ်းသတ္တိတွေကို ရှင်းပြနေစရာမလိုအောင် သက်ဝင်ယုံကြည်သူပါ။ စကားပုံလေးတစ်ခု သတိရမိပါတယ်။

"ဟင်းကောင်းစားရရင် မိတ်ဆွေတွေကို သတိရတယ်" ဆိုတာလေးပါ။ ဒါဒါက သူ့ကိုချစ်တဲ့ Fan အဖွဲ့ဝင်တွေကို ရွှေတိဂုံဘုရားမှာ စနေနေ့တိုင်း ပဋ္ဌာန်းရွတ်ကြမယ်၊ ကျွန်မကိုလည်း အဆင်ပြေမယ်ဆို လာခဲ့ဖို့ ဖိတ်ပါတယ်။

ဒါဒါကို ချစ်ခင်တဲ့စိတ်နဲ့ရော၊ ဘုရားမှာ လူအများကြီးနဲ့ တစ်ခါမှ ပဋ္ဌာန်းမရွတ်ဖူးလို့ ရွတ်ကြည့်ချင်တဲ့စိတ်နဲ့ သွားမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ စနေနေ့မတိုင်ခင် အရင်ရက်တွေထဲက စကြဝဠာတိုက်တစ်သောင်းမှာ ရှိတဲ့ နတ်တွေကို ဒါဒါ့ကိုယ်စား ပင့်ဖိတ်ထားခဲ့ပါတယ်။

ကျွန်မကလည်း စနေသမီးမို့ ပဋ္ဌာန်းရွတ်မယ့်နေ့မှာ ရှစ်ပါးသီလ ယူထားလိုက်ပါတယ်။

ည ခုနစ်နာရီ…။ ရွှေတိဂုံဘုရားရဲ့စနေထောင့်မှာ ဒါဒါဦးဆောင်ပြီး ကျွန်မတို့တွေ ပဋ္ဌာန်းရွတ်ကြပါတယ်။ မြတ်စွာဘုရားကို ထီးဖြူ၊ ပန်း၊ ရေချမ်း၊ ဆီမီးများနဲ့ ကပ်လှူပူဇော်ပါတယ်။

အရင်ဆုံး ဘုရားကန်တော့ပြီး နတ်တွေကို တရားနာပင့်တဲ့အချိန်၊ ထူးထူးဆန်းဆန်း လေပြင်းတွေ တိုက်လာတယ်။ တိုက်တာမှ လေပွေလိုမျိုး တိုက်တာပါ။ ကိုင်ထားတဲ့ ပဋ္ဌာန်းစာအုပ်လေးတွေပါ လွင့်ကုန်တယ်။

အရေးထဲ "မင်းသမီးစိုးမြတ်နန္ဒာဟေ့" ဆိုပြီး အနားလာရပ်ကြည့်နေတဲ့ သူတွေ၊ ဆယ်လ်ဖီရိုက်နေတဲ့သူတွေပါ ရှိသေးတယ်။ လူတွေများလို့ စိတ်အာရုံတွေကို မနည်းငြိမ်အောင် ကြိုးစားရပါတယ်။

မင်္ဂလာသုတ်ကို စရွတ်တဲ့အချိန် ကျွန်မအသံက ယောက်ျားတစ်ယောက်ရဲ့အသံလို သြသြကြီးဖြစ်နေတယ်။ ပထမအသံက တိုးတိုးပါပဲ။ နောက်ရွတ်နေရင်း ရွတ်နေရင်း အသံက ပိုကျယ်လာတယ်။ ကိုယ့်အသံကိုယ် ပြန်ကြားနေရတာတောင် မယုံနိုင်ဘူး။ အသံက ဘိုးသွားလိုက်၊ ကျယ်လာလိုက်နဲ့ မေတ္တာပို့၊ အမျှဝေတဲ့အထိကို ဖြစ်နေတာပါ။

အဲ့ဒီအသံကို ကျွန်မတစ်ယောက်တည်း ကြားရတာ မဟုတ်ပါဘူး။ ဒါဒါတို့အဖွဲ့တွေ အားလုံးလည်း ကြားပါတယ်။

ပထမဆုံး ပဋ္ဌာန်းရွတ်တဲ့နေ့ကတော့ မေ့မရနိုင်အောင် ထူးခြားလွန်းပါတယ်။

ဒါဒါ့ကျေးဇူးကြောင့် စနေနေ့တိုင်း ရွှေတိဂုံဘုရားမှာ ကျွန်မနဲ့ ဒါဒါတို့ Fan အဖွဲ့တွေ ပဋ္ဌာန်းပူဇော်ဖြစ်ခဲ့ကြပါတယ်။

ဒါဒါကလည်း တားရှောကို ယုံကြည်သလို၊ ကျွန်မကိုလည်း ယုံကြည်ပေးလို့ ခုအချိန်ထိ ဒါဒါနဲ့ကျွန်မ တွေ့ဖြစ်၊ ဆုံဖြစ်ပါတယ်။ ဒါဒါနဲ့ပတ်သက်ပြီး ဒါဒါရဲ့ သူငယ်ချင်းတွေ၊ ဒါဒါရဲ့ Fan တွေနဲ့ပါ ခင်မင်ခွင့်ရခဲ့လို့ ဒါဒါက ကျွန်မအတွက်တော့ ညီမလိုချစ်ခင်ရတဲ့ မင်းသမီး သူငယ်ချင်းတစ်ယောက်ပါပဲ…။

## *ကျွန်မနှင့် စာရေးဆရာမလေး မယ်မင်းဘုံ*

စာရေးဆရာမလေး မယ်မင်းဘုံမဖြစ်ခင် အိဖြိုး ဆိုတဲ့ ချာတိတ်မလေးတစ်ယောက် ကျွန်မတို့အိမ်ကို သူ့အဒေါ်ဖြစ်သူနဲ့ ပါလာတတ်ပါတယ်။ ချာတိတ်မလေးက အသားဖြူဖြူ၊ ဝဝကစ်ကစ်လေးနဲ့ဆိုတော့ အရမ်းချစ်ဖို့ ကောင်းပါတယ်။

အိဖြိုးရဲ့ အဒေါ်ဖြစ်သူမမိုးနဲ့ ဦးငှက်ရဲ့ညီမ ဖြစ်သူ မချို၊ သူတို့နှစ်ယောက်က အရမ်းခင်ကြတဲ့ သူငယ်ချင်းတွေပါ။

မချိုနဲ့ ပတ်သက်ပြီးတော့ မမိုးကို သိခဲ့၊ ခင်မင်ခဲ့ရတာပါ။ မမိုး အိမ်ထောင်ကျတော့ လူချင်း သိပ်မတွေ့ဖြစ်တော့ဘူး။ အကြောင်းကိစ္စရှိရင်တော့ ဖုန်းနဲ့ပဲ အဆက်အသွယ် လုပ်ဖြစ်ပါတယ်။ တစ်ရက်တော့ မမိုးတစ်ယောက် ဝတ္ထုစာအုပ်ကိုင်ပြီး အိမ်ရောက်လာပါတယ်။

အိဖြိုးရေးတဲ့ လုံးချင်းဝတ္ထုစာအုပ်ဆိုပြီး လက်

*ချာတိတ်မလေးက အသားဖြူဖြူ*
*ဝဝကစ်ကစ်လေးနဲ့ဆိုတော့ အရမ်းချစ်ဖို့ ကောင်းပါတယ်*





www.burmeseclassic.com

www.burmeseclassic.com

ဆောင် လာပေးတာပါ။ အံ့သြမိတယ်။ အိမ်ကိုလာလာနေတဲ့ ချာတိတ်မလေးက အခုလို မြန်မြန်ဆန်ဆန်ကြီး စာရေးဆရာမ ဖြစ်သွားလိမ့်မယ် မထင်မိတာပါ။

မတွေ့ဖြစ်တဲ့အချိန်က ခဏလေးလို့ ထင်ရပေမယ့် တကယ်တော့ နှစ်တွေ ကြာသွားခဲ့ပါပြီ။

အိဖြိုးက ခေတ်လူငယ်မို့ စကားလုံးဆန်းဆန်းလေးတွေနဲ့ ရေးထားတဲ့ ဝတ္ထုစာအုပ်လေးကို ဖတ်ရတာ အသစ်ဖြစ်ပါတယ်။

ကျွန်မကလည်း အဲ့ဒီလို အသစ်အဆန်းလေးတွေ ဖတ်ရတာ ကြိုက်တယ်။ စကားပြောနေရင်း မမိုးက ကျွန်မ တားရော့ဟောနေတာကို သိသွားပါတယ်။ သူ့တူမ အိဖြိုးအတွက် တားရော့ကြည့်ပေးဖို့ ပြောလာတယ်။

ကျွန်မလည်း ခင်မင်ပြီးသား လူရင်းတွေမို့ မမိုးကို "အိဖြိုး အားတဲ့နေ့သာ ခေါ်လာခဲ့ပါ မမိုးရယ် ကြည့်ပေးပါ့မယ်လို့" ပြောလိုက်ပါတယ်။

တားရော့ကြည့်ဖို့ အိဖြိုးရယ်၊ သူ့မေမေရယ်၊ မမိုးရယ် ညဘက်ကြီး အိမ်ကို ရောက်လာပါတယ်။

အိဖြိုးက ကျောင်း မပြီးသေးပါဘူး။ စက်မှုတက္ကသိုလ် ဒုတိယနှစ်ပဲ ရှိသေးတယ်။ နေ့ဘက် ကျောင်းတက်နေရတာမို့ မအားတာနဲ့ ညမှပဲ ကျွန်မဆီကို လာဖြစ်ပါတယ်။

အိဖြိုးရဲ့ ကလောင်နာမည်လေး ကောင်း၊ မကောင်းရယ်၊ ရှေ့လျှောက် စာရေးဆရာမဘဝနဲ့ အောင်မြင်မလားဆိုတာလေးပါ သိချင်ပါတယ်တဲ့။

အိဖြိုးရဲ့ မယ်မင်းဘုံဆိုတဲ့ နာမည်လေးက သူ့အဘွားရဲ့ နာမည်ပါ။ အမေဘက်ကတော်တဲ့ အဘွားပါ။ အဘွားကတော့ ဆုံးသွားတာ ကြာပါပြီ။ စာအုပ်ထုတ်ဖို့ နာမည်ရွေးတော့ တခြားနာမည်တွေထက် မယ်မင်းဘုံဆိုတဲ့ နာမည်လေးကိုပဲ သဘောကျလို့ ပေးဖြစ်တယ်လို့ ပြောပါတယ်။

မယ်မင်းဘုံဆိုတဲ့ နာမည်နဲ့ စာအုပ်ထွက်တာ နှစ်အုပ်ရှိပါပြီ။ ဒါပေမဲ့ နာမည်က ထင်သလောက် လူမသိဘူး ဖြစ်နေတယ်။ ဘာများ လိုနေသလဲပေါ့။

အိဖြိုးအတွက် တားရော့ကြည့်တော့မှ ထူးခြားတဲ့အကြောင်းလေး သိလာရတယ်။ မယ်မင်းဘုံဆိုတဲ့ နာမည်ကို အသုံးပြုချင်ရင် အဘွားဆီက ခွင့်တောင်းဖို့ လိုတယ်လို့ ပြောပါတယ်။

အဘွားက လူ့ဘဝမှာ မရှိတော့ပေမယ့် ကောင်းမွန်တဲ့ နေရာလေးမှာ ရှိနေပါတယ်။ မယ်မင်းဘုံဆိုတဲ့ နာမည်လေးကို အဘွားဆီမှာ ခွင့်တောင်းပြီး အဘွားအတွက် အလှူဒါနပြုလုပ်ရင် ရပါပြီ။

အိဖြိုးရဲ့ ကံကြမ္မာကလည်း ရာနှုန်းပြည့် ကောင်းမွန်တဲ့ သူတစ်ယောက်မို့ တစ်နေ့မှာ အောင်မြင်တဲ့ စာရေးဆရာမတစ်ယောက်ဖြစ်လာမှာ သေချာပါတယ်။ အိဖြိုးကို တစ်နေ့တစ်ကြိမ်လောက်တော့ ပဋ္ဌာန်းရွတ်ပါလို့ မှာရတယ်။

အသက်ကလည်း ငယ်သေးတော့၊ ဘာသာရေးမှာ အားနည်းတယ်။ အိဖြိုးနားလည်အောင် သေချာလေး ပြောပြပေးရတာပေါ့။ အိဖြိုးမေမေကလည်း ကျွန်မကို အပ်ပါတယ်။ လိုတာလေးတွေ၊ လုပ်ရမှာလေးတွေ ရှိရင် သေချာလေး ပြောပေးပါတဲ့။

အိဖြိုးကို ပဋ္ဌာန်းရွတ်ရင် ထူးခြားတဲ့ အကြောင်းအကျိုးလေးတွေ ရှိလာနိုင်တယ်ဆိုတာလေး ပြောပြပေးတယ်။

အိဖြိုးမှာ ကံအကျိုးပေးကလည်း အထောက်အပံ့ ရှိပြီးသား၊ လူကလည်း တော်တယ်။ ဇွဲကြီးတယ်။ ယုံကြည်ချက်ခိုင်မာတယ်။ ဝီရိယရှိတယ်။ ဒါကြောင့် အိဖြိုးဆိုတဲ့ ကောင်မလေး...

"တစ်နေ့... အောင်မြင်တဲ့ စာရေးဆရာမ တစ်ယောက် ဖြစ်လာမှာပါ"

ကျွန်မရဲ့စကားအဆုံးမှာ အိမ်မြှောင်တစ်ကောင် စုတ်ထိုးလိုက်တဲ့အသံကို အိဖြိုးအပါအဝင် အားလုံးကြားလိုက်ရပါတယ်။

မယ်မင်းဘုံဆိုတဲ့နာမည်နဲ့ ထွက်ရှိခဲ့တဲ့ စာအုပ်ပေါင်း ၄၃ အုပ် ရှိနေပါပြီ။ မယ်မင်းဘုံရဲ့ ဝတ္ထုတွေကို ဗီဒီယိုဇာတ်ကားအဖြစ် ရိုက်ကူးနေသလို၊ မယ်မင်းဘုံကိုယ်တိုင်လည်း ဝတ္ထု ၊ ဇာတ်ညွှန်း ဒါရိုက်တာအဖြစ် ရိုက်ကူးနေပါပြီဆိုတဲ့ အကြောင်းလေး ပြောပြရင်း ဒီလအတွက် ကျွန်မရဲ့စာမူလေးကို နှုတ်ဆက်ခွင့်ပြုပါ။

■

*အဘွားက လူ့ဘဝမှာ မရှိတော့ပေမယ့် ကောင်းမွန်တဲ့နေရာလေးမှာ ရှိနေပါတယ်။ မယ်မင်းဘုံဆိုတဲ့ နာမည်လေးကို အဘွားဆီမှာ*

www.burmeseclassic.com

www.burmeseclassic.com

လူသားနှင့်ရှင်သန်ခြင်း

# ခြေရာများ - ၂

နှင်းစံပယ်အောင်ကို

## ခြေရာ-၈

"ယုံကြည်မှုဝင်ရိုး"

လူမှုဗေဒပညာရှင်တွေက လူ့အဖွဲ့အစည်းတစ်ခု အခွန့်ရှည်တည်တံ့ခိုင်မာဖို့ "ယုံကြည်မှုဝင်ရိုး" က အရေးအကြီးဆုံးလို့ ဆိုစမှတ်ပြုကြတယ်။ ယုံကြည်မှုဝင်ရိုး တည်ဆောက်ရေးအတွက် မရှိမဖြစ် လိုအပ်ချက်ကတော့ "နားလည်မှု" ပါပဲတဲ့။

ကျွန်မတို့ အိမ်ထောင်သည် အတော်များများ သုံးလေ့သုံးထ၊ သုံးနေကျ လက်ကိုင်စကားလေးတစ်ခွန်းပါပဲ။ ငါတို့က ကိုယ့်ချင်း၊ ကိုယ်ချင်းနားလည်မှုနဲ့ တည်ဆောက်ထားကြတာ။ ငါတို့က အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် နားလည်မှုယူထားကြတာ… စသဖြင့်ပေါ့။ အမှန်တကယ်က နားလည်မှုယူထားကြတာ။ အပြန်ပြန်၊အလှန်လှန် နားလည်မှုနဲ့ တည်ဆောက်ထားတာလို့ ပြောတဲ့ အိမ်ထောင်ရှင် အတော်များများ နားလည်မှုဆိုတဲ့စကားကို နားမလည်ကြသေးဘူးဆိုတာပါပဲ။

တကယ်က နားလည်မှုကိုအရယူဖို့ ဆိုရင်တော့ နားကိုစွင့်ထားဖို့ လိုသလို ရင်ကိုဖွင့်ထားကြဖို့လည်း လိုအပ်ပါတယ်။ ဒါပေမဲ့ ပြဿနာက နားကိုစွင့်ထားပြီး နှလုံးသားကို ဖွင့်လိုက်ချိန်မှာ တည်ငြိမ်နေတဲ့ မိသားစုလေးတစ်စု သာသာယာယာ ငြိမ်းငြိမ်းချမ်းချမ်း အနေအထားကနေ သစ်ပင်ခြေရင်းကနေ အားနဲ့လှုပ်ခါလိုက်သလို ကစင့်ကလျား စတင်ဖြစ်ပေါ်လာခဲ့တာပါပဲ။

သောကြာနေ့ရဲ့ နံနက်ခင်းတစ်ခုမှာ…

"ညီမလေး…နှင် ဒီနေ့ အမေတို့အိမ် ခဏပြန်အိပ်ပါလား။ ကိုကြီး ဒီည အလုပ်ကိစ္စလေးတချို့ရှိနေလို့ တပ်ကိုအပြန် ညည့်နက်မယ်။ နောက် စနေနေ့ ညနေပိုင်းမှ ပြန်လာခေါ်မယ်လေ"တဲ့။ ဒီလိုနဲ့ အစီအစဉ်မရှိတဲ့ ကျွန်မသားကြီးအတွက် အဝတ်





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အစားလေးကောက်ထည့်ပြီး ညနေခင်းမှာ အမေ့အိမ်ကို ပြန်လာခဲ့ပါတယ်။ ယုံကြည်မှုလေးရှိနေဆဲပါ။ ပတ်ဝန်းကျင်က ရိုက်ခတ်မှုရှိခဲ့ပေမယ့် ကျွန်မတို့ မိန်းမသားအတော်များများရဲ့ အားနည်းချက်က အရာရာကို လက်တွေ့ကျကျ မစဉ်းစားဘဲ မျက်စိစုံမှိတ် ယုံကြည်တတ်တာပါပဲ။ ည ဖြနာရီကျော်ကျော်အချိန်မှာ တပ်မှူးဆီက ဖုန်းလာပါတယ်။ "သမီးစပယ်ရေ ညည်းယောကျ်ားနဲ့ စကားပြောချင်လို့ မနက်ဖြန် တပ်က ရန်ကုန်တိုင်း လုံခြုံရေးထွက်ဖို့ရှိလို့ နံနက်စောစော အစည်းအဝေးလုပ်မှာ ပြောချင်လို့" တပ်မှူးရဲ့ ဖုန်းထဲက စကားသံကြားကြားချင်း ကျွန်မတစ်ချက်တွေဝေသွားခဲ့ရတယ်။ တပ်မှူးကိုပြန်ပြောခဲ့တဲ့ စကားလေးတွေဟာ အဆီအငေါ်တည့်ပေမယ့် ကျွန်မအသံလေးတွေတော့ လေလှိုင်းထဲမှာ တုန်ခါသွားခဲ့ရမှန်း ကိုယ့်ကိုယ်ကိုယ်ကောင်းကောင်းသတိထားမိလိုက်တယ်။

"ဟုတ်ကဲ့…အဘ သမီးကို မေမေ့အိမ်မှာ ထားခဲ့ပြီး သူအပြင်ထွက်သွားတာပဲ… အဆက်အသွယ်ရခဲ့ရင် သမီးသတိပေးလိုက်ပါ့မယ်။"

ကြားလိုက်ရတဲ့ တပ်မှူးရဲ့စကားလေးက ရိုးရှင်းပေမယ့် ကျွန်မအတွက်တော့ ပြင်းအားများပါတယ်။ လူအတော်များများအတွက်ကတော့ ဒီစကားလေးတစ်ခု မေးခွန်းလေးတစ်ခွန်းဟာ ဘာများပြင်းအားများနေပါလိမ့်ရယ်လို့ သတ်မှတ်ကြလိမ့်မယ်။ ဒါပေမဲ့ ကျွန်မအတွက်ကတော့ ထိထိမိမိ၊ စူးစူးရှရှဖြစ်အောင် မော်ဒန်စကားနဲ့ ပြောရမည်ဆိုလျှင် "တဲခနီ" ကိုတော့ လိုက်လျောညီထွေ သုံးရမည်ပေါ့ ဒါမှလည်း ကျွန်မခံစားလိုက်ရတဲ့ စိုးရိမ်စိတ်ကလေး အခါးလျော့စေမယ်လေ။

အစကတည်းက မသိကျိုးကျွန်ပြုထားခဲ့ရတဲ့ အရာရာအားလုံးဟာ ယောကျ်ားတစ်ယောက်ရဲ့ တဒင်္ဂသာယာမှုလေးသာ ဖြစ်ပါစေတော့ရယ်လို့ ကိုယ့်ကိုယ်ကိုယ် ဖြေလျှော့တွေးထားခဲ့ရတဲ့ "သံသယ" မီးစလေးအစပျိုးခဲ့ပါပြီ။ ကျွန်မ မှတ်စုစာအုပ် ခပ်နွမ်းနွမ်းလေးမှတဆင့် ကူးယူထားခဲ့သော ဖုန်းနံပါတ်လေးတစ်ခု ဘယ်နေရာမှာ မှတ်ထားမိပါလိမ့်ဆိုတဲ့ အတွေးစလေးကိုတောင် ပြန်အမှတ်ရစေဖို့ မနည်းအားယူခဲ့ရတယ်။ ကျွန်မဗိုက်ထဲက ၇လသားအရွယ်ရှိနေပြီဖြစ်တဲ့ ကလေးလေးကတော့ ကျွန်မစိတ်တွေ တစ်ခါလှုပ်ရှားတိုင်း သူကလည်း ဟန်ချက်ညီညီ ရုန်းကန်နေလေရဲ့… "ကလေးရယ် ခဏလေး သည်းခံပေးပါနော် မေမေကလေ"

ဟော… တွေ့ပါပြီ ဗိုက်ဆံခေါက်အိတ်အတွင်း ဇစ်လေးထဲက စာရွက်အပိုင်းလေးပေါ်က နံပါတ်လေးတစ်ခု၊ နာရီကို ကမန်းကတန်း လှမ်းကြည့်လိုက်တော့ ည ၇နာရီ ၁၅မိနစ်တိတိ။

ဒီညကတော့ သံသယမီးနဲ့နှင့်အတူ ကျွန်မစိတ်လွင်ပြင်ထဲက သားကောင်ကလေးများ ယောက်ယက်ခတ်ပြေးလွှားနေကြပါပြီ။ ယုန်ကလေးများ၊ တောဆိတ်များ၊ သမင်၊ ဒရယ်လေးများ တဖျစ်ဖျစ်၊ တဖြောက်ဖြောက် မြည်သံများနှင့်အတူ မီးစသေးသေးလေးကနေ မီးညွန့်မီးဖွားများအဖြစ် လွင့်စင်လာခဲ့သည်။ ကျွန်မစိတ်လွင်ပြင်တစ်ခုလုံး နှလုံးသားမီးလောင်ခဲ့လေပြီ။ မီးစသည့် တစ်နေရာမှ တစ်နေရာ၊ ဝုန်းခနဲ ဝုန်းခနဲ ကူးလာ၏။ စိတ်လွင်ပြင်မှ အစပြုသည့် မီးစ၊ နှလုံးသားလွင်ပြင်တစ်ခုလုံး တဖြည်းဖြည်း ဝါးမြိုခံလိုက်ရသည့်အခါ ကျွန်မ အာခေါင်တွေ ခြောက်ကပ်လာသည်။ အသက်ရှူသံတွေက မူမမှန်တော့ ဗိုက်ထဲမှ ကလေးငယ်က တိုးသလို၊ ခါးအဆက်ပိုင်းဆီမှ လေးလံသည့် အရာဝတ္ထုတစ်ခုခုဖြင့် ဖိချလိုက်သလို စူးအောင့်လာပြီး ကျွန်မ ဖုန်းနံပါတ်မှတ်ထားသည့် စာရွက်အပိုင်းအစလေးကိုပင် မသယ်ချင်လောက်အောင် စိတ်နှလုံးပင်ပန်းနွမ်းနယ်နေခဲ့သည်။

စိတ်ထဲ ဖုန်းဆက်ကြည့်ရကောင်းနိုး၊ မကောင်းနိုး အတွေးများဖြင့် သံသယမီးခိုးများအကြား မွန်းကျပ်လာလေသည်။ ဖုန်းနံပါတ်ခလုတ်လေးများအား နှိပ်ဖို့အားယူလိုက်၊ လက်ကလေး ပြန်ရုပ်သိမ်းလိုက်၊ ချီတုံချတုံဖြစ်လိုက်၊ နောက်ဆုံး ကျွန်မ၏ သံသယမီးကို ငြိမ်းစေနိုင်မည့် အကောင်းဆုံးသော နည်းလမ်းမှာ ဖုန်းဆက်ခြင်းပင်ဖြစ်ပေလိမ့်မည်။ သူနှင့်သူမ သာမန်မိတ်ဆွေ သူငယ်ချင်းများအဆင့်ဆိုခဲ့လျှင် ကျွန်မ တမြေ့မြေ့ကျွမ်းလောင်နေသည့် ထိုမီးပွားတစ်ခါထဲ မီးသတ်ဆေးဘူးဖြန်းလိုက်သကဲ့သို့ အပူမီးကင်းစင်သွားပေလိမ့်မည်။ ကျွန်မ ဖုန်းဆက်မိ၍ ဖြစ်လာမည့်အကျိုးဆက်က ဘာတွေဖြစ်လာနိုင်မလဲ။ သာမန် မိတ်ဆွေအဆင့်ဆိုလျှင် ကျွန်မဘက်က

*အစကတည်းက မသိကျိုးကျွန်ပြုထားခဲ့ရတဲ့ အရာရာအားလုံးဟာ ယောကျ်ားတစ်ယောက်ရဲ့ တဒင်္ဂသာယာမှုလေးသာ ဖြစ်ပါစေတော့ရယ်လို့ ကိုယ့်ကိုယ်ကိုယ် ဖြေလျှော့တွေးထားခဲ့ရတဲ့*



www.burmeseclassic.com

www.burmeseclassic.com

တောင်းပန်ဖို့ ဝန်မလေးခဲ့ပါ။ လေလှိုင်းကြားက ကြားနေရသည့် ဖုန်းသံလေးပင်လျှင် ကျွန်မ၏နားထဲ ကိုယ့်နှလုံးခုန်သံကို ကိုယ်ပြန်ကြားနေရသည့် အနေအထား၊ ဘာမှမဟုတ်ပါစေနဲ့ဆိုတဲ့ ဆန္ဒလေးတစ်စုံကသာ ရေနစ်သူ ဝါးကူထိုးပေးမယ့် ကျွန်မရဲ့မျှော်လင့်ချက် "ကောက်ရိုးမျှင်လေး တစ်စ"

"ဟလို…ဘယ်သူပါလဲ ခင်ဗျာ"

အသက် ၇နှစ်ကျော် ၈နှစ်အရွယ်လောက်ရှိသည့် ကလေးလေးတစ်ယောက်ရဲ့ အသံလေး။ သူ့ရဲ့အသံလေးက သာယာလိုက်တာ၊ အပြစ်ကင်းလိုက်တာ။ ဟိုလေ… အန်တီကလေ မသန္တာဆိုတာနဲ့ စကားလေးပြောချင်လို့ပါ။ "သြော်…မေမေနဲ့ စကားပြောချင်တာလား …အန်တီက မေမေ့သူငယ်ချင်းလား" တဲ့။ ကျွန်မ ဖြေလိုက်မိပါတယ်။ မရည်ရွယ်ပါဘဲ…"ဟုတ်တယ်"။

အန်တီမိုလားဟင်တဲ့။ ကျွန်မရဲ့ ပထမဆုံးသောမုသာဝါဒ စကားလေးတစ်ခွန်း ဖြစ်ခဲ့ရပါတယ်။ အသံလှိုင်းလေးတစ်ချက်က လေပြွန်ကနေ အထစ်ထစ်၊ အငေါ့ငေါ့ ကာရံမညီစွာ ထွက်ကျခဲ့လေရဲ့။ ဟုတ်ပါတယ်ကလေးရယ်။ သားပါ အန်တီရ…ကလေးမဟုတ်ပါဘူး။ သြော်…သားလေးလား…အသက်ဘယ်လောက်ရှိပြီလဲဟင်။ ၈နှစ် အန်တီတဲ့။ သြော်…ကျွန်မ ကလေးအသက်ကို မမြင်ရဘဲ ခန့်မှန်းတာ မှန်နေခဲ့တာပါပဲ။ ခု…သားမေမေ ရှိလားဟင်။ မရှိဘူးလေ အန်တီရဲ့ ဦးထိုက်နဲ့အပြင်သွားတယ်လေ။ အန်တီမိုလည်း ပါမသွားဘူးလား။ ကျွန်မ ရုတ်တရက် နှုတ်ဆိတ်ငြိမ်သက်သွားခဲ့ရတယ်။ မေမေနဲ့ ဦးထိုက်တို့က အမြဲလိုလို အလုပ်ကိစ္စနဲ့ အပြင်သွားနေကျလေ အန်တီတို့လည်းပါတာပဲ မဟုတ်လား။

"သြော်…အေးအေး"

"ဘယ်အချိန်ပြန်ရောက်ကြမှာလဲ သားလေး"

"နောက်ကျမယ် အန်တီ"

"သြော်…ဒါနဲ့ အန်တီ့ကိုလေ သားတို့အိမ်လိပ်စာလေးတစ်ချက်လောက် ပြန်ပေးပါလား"

"၁၆၂လမ်း"

"ကျေးဇူးပဲ သားရယ်"

တယ်လီဖုန်းကိုင်ထားတဲ့ ကျွန်မလက်တွေ တဆတ်ဆတ်တုန်ရင်လာခဲ့ရတယ်။ မဖြစ်နိုင်ပါဘူးဆိုတဲ့ အသိစိတ်လေး လေလှိုင်းထဲ ရုတ်တရက် အငွေ့ပျံပျောက်ကွယ်သွားခဲ့ရတယ်။ ခြေတွေ၊လက်တွေ အခြေမခိုင်ယိုင်နဲ့ ပြိုလဲသွားရသလို ခံစားချက်မျိုး။ ဘာလုပ်ရမလဲ၊ ဘာလုပ်သင့်သလဲ၊ ဘာတွေဆက်ဖြစ်လာမလဲဆိုတဲ့ ဘာတွေကြားကျွန်မဦးနှောက်တွေ၊ အသိတွေ၊ အတွေးတွေ ချာချာလည်ခဲ့ရတယ်။ ရုတ်တရက် မောင်လေးအခန်းထဲ ဝင်သွားပြီး "မောင်လေး…မကြီးကို တစ်နေရာကို ကားမောင်းလိုက်ပို့ပေးပါလားဟင်။

မျက်စိပျက်၊ မျက်နှာပျက် အသံတွေတုန် ခြေမခိုင်ယိုင်နဲ့ နေရှာတဲ့ ကျွန်မမျက်နှာကို တစ်ချက်အကဲဖတ်သလို မော့ကြည့်ရင်း…

"မကြီး…ဘာလဲ တစ်ခုခုဖြစ်ပြီလား။ ဘာလဲ ငါထင်တာမလွဲရင် နင့်ယောကျ်ားပြဿနာလား…"တဲ့။ ဘာတစ်ခွန်းမှ ပြန်မပြောခဲ့ပေမယ့်…သိလိုက်ရတဲ့အချိန်မှာ ကျွန်မလက်ကို မောင်လေးက လှမ်းဆွဲဖေးမပြီး ကားပေါ်ရောက်နေခဲ့ပါပြီ။

ထိုသောကြာနေ့ညက ရန်ကုန်မြို့ရဲ့ လမ်းပေါ်က လမ်းမီးတိုင်တွေကတော့ လင်းလက်တောက်ပနေပေမယ့် ကျွန်မရဲ့ ရင်ထဲက သောကအပူမီးတောက်လောင်တော့ မလင်းလက်ခဲ့တာ သေချာပါတယ်။

ပေတရာလမ်းမပေါ် ကားဘီးပွတ်တိုက်သံများလေတိုးသံများကတော့ ကျွန်မအတွက် သံသယမီးတောက်ကြီးတစ်ခုရဲ့ အပူရှိန်အမြင့်ဆုံးအချိန် ရောက်လို့လာပါပြီ။ သံသယ မီးစလေးက အစပျိုးခဲ့တဲ့ ထိုမီးတောက်တစ်ခုတစ်စတစ်စ မီးကျီးဖြင့်ရဲကာ မီးညွန့်ထတောက်လေပြီ။ တဖျစ်ဖျစ်၊ တဖြောက်ဖြောက် မြည်သံများက ကျွန်မနှလုံးသား ဗဟိုလွှင်ပြင်ကို ကျွမ်းလောင်ခဲ့လေပြီပဲ။ ရင်ဘတ်ထဲက တဒုတ်ဒုတ်ခုန်နေတဲ့ နှလုံးခုန်သံများ၊ စိတ်ထဲ အချိန်တိုင်းလိုလို၊ စိုးတရွံ့ရွံ့ဖြစ်နေခဲ့ရတဲ့ သံသယလှိုင်းများကားပေါ်ကနေ ဆီးမိုးထားတဲ့ လခြမ်းကွေးလေးက ရိပ်ရိပ်ဖြတ်သန်းနေလေရဲ့။ အတိတ်လမ်းက ခြေရာလေးတွေပြန်လှည့်ကြည့်တိုင်း ဒီခြေရာစကတော့ ကျွန်မအတွက်ပြန်ပြီးမလျှောက်လှမ်းချင်တဲ့ ခြေရာလေးပါပဲ။

မှန်းကျပ်တယ်။ ပူလောင်တယ်။ ကြမ်းတမ်းတဲ့

*"မကြီး…ဘာလဲ တစ်ခုခုဖြစ်ပြီလား။ ဘာလဲ ငါထင်တာမလွဲရင် နင့်ယောကျ်ားပြဿနာလား…"တဲ့။ ဘာတစ်ခွန်းမှ ပြန်မပြောခဲ့ပေမယ့်…*

www.burmeseclassic.com

www.burmeseclassic.com

တောလမ်းခရီးကြမ်းတစ်ခုကို အဖော်မပါ တစ်ကိုယ်တည်း ခက်ခက်ခဲခဲ ရင်ဆိုင်ဖြတ်သန်းလာခဲ့ရတဲ့ ခြေရာလေးတစ်ခုမို့ ခြေရာတွေက သေသပ်လှပစွာ မညီညာခဲ့ဘူး။

လူတွေမှာ ဘာ့ကြောင့်များ မျက်စိ၊ ပါးစပ်၊ နှလုံးသားတွေ ပါလာခဲ့ကြပါလိမ့်။ မျက်စိက မြင်မိတဲ့အခါ ပါးစပ်က ပြောမိတယ်။ နှလုံးသားကနေ တိုက်ရိုက်ခံစားကြတယ်။

ခြေထောက်လေးတွေပဲ ပါလာခဲ့ရင် အကောင်းသား။ ဘာပဲဖြစ်ဖြစ် ကိုယ်လျှောက်လှမ်းခဲ့ရသမျှ ခြေရာလေးတွေကို နှလုံးသားနဲ့မခံစားရတဲ့အခါ မနာကျင်ရဘူးပေါ့။

## ခြေရာ-၉

၁၉၉၆ခုနှစ်ရဲ့ ဩဂုတ်လဆန်းပိုင်းကာလတစ်ခုဖြစ်ခဲ့တဲ့အတွက် မိုးနှောင်းရှက်ကျန် အချိန်သမယတစ်ခုတော့ မဟုတ်ခဲ့။ ထူးဆန်းလှစွာ မိုးသားတိမ်ရိပ်ကင်းစင်နေတဲ့ ညတစ်ညရဲ့ မှုန်ဝါးဝါးရပ်ကွက်လေးတစ်ခု အိမ်လေးတစ်အိမ်ပေါ်က မီးအလင်းရောင်လေး ပေါ်ထွက်လာမဲ့အချိန် လူအရိပ်ကလေး တချို့မြင်တွေ့ခွင့်ရမဲ့အချိန်လေးတစ်ခုကို ကျွန်မနဲ့မောင်လေး ကားလေးပေါ်ကနေ အသင့်စောင့်ဆိုင်းနေခဲ့တယ်။

ကျွန်မရဲ့ဘဝမှာ ကိုယ်တိုင်လည်း မကျင့်ကြံသလို လုံးဝမနှစ်သက်တဲ့ လုပ်ရပ်လေးတချို့ရှိပါတယ်။ စောင့်ဆိုင်းခြင်းနဲ့ အမှန်ကို ဝန်မခံခြင်းပါပဲ။ လူတစ်ယောက်ကို မည်သည့်ကိစ္စနဲ့မဆို တွေ့ဖို့ဆုံဖို့ ကတိစကားပေးတော့မယ်ဆိုရင် အရင်ဦးစွာ စဉ်းစားပါတယ်။ ဖြစ်နိုင်၊ မဖြစ်နိုင် ပေးသင့်၊ မပေးသင့် ကိုယ့်ဖက်က ခပ်လွယ်လွယ်ပြောလိုက်တဲ့ စကားလေးတစ်ခွန်းကြောင့် သူတစ်ပါးအတွက် အနှောက်အယှက်ဖြစ်မလား။ တန်ဖိုးရှိလှတဲ့အချိန်တွေ ကုန်ဆုံးသွားမလားရယ်ပေါ့။ နောက်ပြီး ကိုယ့်ဘဝအတွက် အရေးကြီးလှတဲ့ ချစ်စကားဆိုရာမှာလည်း တကယ် ချစ်နိုင်၊ မချစ်နိုင် သေသေချာချာ စဉ်းစားပြီးမှ ပြောပါတယ်။ ချစ်ရင် ချစ်တယ်။ မချစ်ရင် မချစ်ဘူးပေါ့။ တကယ်တော့ ဒီပြဿနာတွေဟာ ဘာမှ ခက်ခဲနက်နဲတဲ့ အကြောင်းအရာမဟုတ်ပါဘူး။

တစ်ယောက်နဲ့တစ်ယောက် စတင်ဆုံတွေ့ချိန်ကတည်းက နှလုံးသားက စကားပြောပြီးသားပါ။ နောက်ဆက်တွဲ စဉ်းစားရမှာက ဖြစ်နိုင်၊ မဖြစ်နိုင်။ ချစ်သင့်မချစ်သင့်ပါဘဲ။

နာရီ၊ စက္ကန့်ရွေ့လျားသံလေးတွေက တချက်ချက်နဲ့ ည ၈နာရီကနေ ၉နာရီ၊ ၉နာရီကနေ ၁၀နာရီ ထိုးခါနီးမှာ မောင်လေးက စကားလေးတစ်ခွန်းဆိုလာပါတယ်။ "မမကြီး နင် ဒီလိုထိုင်စောင့်နေမယ့် အတူတူ သူ့မိဘတွေကိုလည်း အသိလေးပေးသင့်တယ် မထင်ဘူးလားတဲ့"

"ဩော်…ဟုတ်ပါရဲ့"

ကျွန်မတို့ မိန်းမသားအတော်များများဟာ ကိုယ့်ခင်ပွန်းသည်ရဲ့ မထင်မှတ်တဲ့ အပြုအမူ လုပ်ဆောင်ချက်တွေကို ရုတ်တရက် သိလိုက်ရချိန်မှာ ဦးတည်ရာမဲ့ စိတ်တွေက အမှားအမှန် မစဉ်းစားကြဘဲ ပရမ်းပတာ၊ လက်လွှတ်စပယ်၊ လုပ်မိလုပ်ရာ၊ တွေးမိတွေးရာကို လုပ်မိတတ်ကြတယ်ဆိုတာပါပဲ။

ဒါနဲ့ ၁၆၂လမ်းကနေ ယောက်ခမတွေနေတဲ့ မြေနီကုန်းဖက် ပြန်လှည့်ပြီးမောင်းလာခဲ့ကြတယ်။ ညကြီးအချိန်မတော် ရောက်ချလာတဲ့ ကိုယ်ဝန် ၇လနဲ့ကျွန်မကို ယောက်ခမကြီးတွေက တအံ့တဩပေါ့။

"ငါ့သမီး ဘာဖြစ်လာတာလဲ"

ညနေခင်းကတည်းက တပ်မှူးဖုန်းဆက်တဲ့အကြောင်း ကျွန်မလည်း စိတ်ထဲက ဇဝေဇဝါဖြစ်နေလို့ လိုရမယ်ရကောက်မှတ်ထားခဲ့တဲ့ ဖုန်းနံပါတ်လေးတစ်ခုအကြောင်းကနေ အစပြုလိုက်တာ ဖြစ်နိုင်ပါ့မလား သမီးရယ်တဲ့။ ဒါနဲ့ ကျွန်မမောင်လေးကို အိမ်ပြန်လွှတ်လိုက်ပြီး ယောက်ခမတွေနဲ့ ၁၆၂လမ်းကို ထွက်လာခဲ့ကြတယ်။ ခုအချိန် ကျွန်မပြန်တွေးမိချိန်တိုင်း ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ခဲ့မိတယ်။ တချို့သော အကြောင်းအရာတွေဆိုတာ ဘာမှမသိလိုက်ရတာ အင်မတန်ကောင်းတယ်ဆိုတဲ့ အချက်ပါပဲ။ မသိလိုက်ရတဲ့အခါ မနာကျင်ရဘူးလေ။

လမ်းမီးတိုင် မှိန်မှိန်လေးအောက်မှာ ယောက်ခမတွေနဲ့အတူ ကားပေါ်ထိုင်စောင့်နေခဲ့ရတဲ့ အချိန်အားလုံး

*ကျွန်မတို့ မိန်းမသားအတော်များများဟာ ကိုယ့်ခင်ပွန်းသည်ရဲ့ မထင်မှတ်တဲ့ အပြုအမူ လုပ်ဆောင်ချက်တွေကို ရုတ်တရက် သိလိုက်ရချိန်မှာ*





www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းဟာ သက်ပြင်းကိုယ်စီနဲ့ရယ်ပေါ့။

ည တစ်နာရီချက်ထိုးသွားတဲ့အချိန်ထိ လူရိပ်လူရောင်ကော အိမ်ခန်းလေးရဲ့ မီးအလင်းရောင်ကော မမြင်ခဲ့ရပါဘူး။ ကျွန်မတွေးမိခဲ့တယ်။ မကောင်းတာ၊ မမှန်တာ ဗုဒ္ဓတရားတော်နဲ့ လွဲချော်သွေဖီမှုကို ပြုလုပ်တတ်ကြတဲ့ လူတိုင်းဟာ အမှောင်ကို ကြိုက်နှစ်သက်တယ်ဆိုတာပါပဲ။ အမှန်တကယ်က ကိုယ့်မိသားစုလေးနဲ့ ငြိမ်းငြိမ်းချမ်းချမ်း ညအိပ်မီးလေးနဲ့ နွေးထွေးတဲ့ မေတ္တာရိပ်အောက်မှာ အိပ်စက်ရမဲ့အချိန်လေ။ အခုတော့ ညဉ့်နက်နက်မှ ကြယ်လေးတစ်ပွင့်လို လရဲ့အလင်းရောင်ကို မှီခိုပြီး အေးစက်မာကျောနေတဲ့ သူစိမ်းတို့နယ်ပယ်မှာ မှောင်ရိပ်ခိုနေကြတာကို နှစ်သက်နေကြသူတွေပါလား။

နာရီပြန်နှစ်ချက်ထိုးမှာ ယောက်ခမကြီးတွေကို အားနာလို့ ကျွန်မတို့ အိမ်ပြန်လာခဲ့ကြပါတယ်။ တစ်ခါ၊ တစ်ခါ ကိုယ့်အတွက် အဆင်ပြေပေမယ့် တစ်ဖက်အတွက် အဆင်မပြေခဲ့ရင် ခံစားနားလည်ပေးရတဲ့ လူ့သဘော သဘာဝတရားလေးတွေပေါ့။

ငါ့သမီး ညည်းထပ်မသွားပါနဲ့တော့ အဖေလည်း ဒီကောင်ဆီဖုန်းခေါ်နေတာ အကြိမ်ကြိမ်ပါ အချိန်တန်ရင် အိမ်ပြန်လာပါလိမ့်မယ်။ ယောက်ခမဖြစ်သူက စေတနာစကားလေး ပြောရှာပါတယ်။ ရတယ် အဖေ။ အချိန်တန်ရင် အိမ်ပြန်လာမည်ဆိုတဲ့ အယူအဆကို သမီးက လက်မခံနိုင်သူတစ်ယောက်မို့ပါ။ သမီးစိတ်ထဲ ဖြစ်ပေါ်နေတဲ့ သံသယလှိုင်း ဒီထက်ပိုပြီး မပေါက်ကွဲစေဖို့ မျက်မြင်သက်သေလိုအပ်ပါတယ်။ ဘေးပတ်ဝန်းကျင်ပြောစကားတစ်ခုနဲ့ လူတစ်ယောက်အပေါ် တစ်သက်လုံး မပေါက်ကွဲတတ်တဲ့ ဂျပန်ခေတ်က မိုင်းဗုံးတစ်ခုလို မြေလွှာအောက်ထဲ တည်ရှိနေဖို့ သမီးမဖြစ်နိုင်ပါဘူး။ သမီးက စိတ်ကူးထက် လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရတာကို သဘောကျသူပါ။

အချိန်က စနေနေ့ နံနက် ၅နာရီနီးပါး။ မတ်ဖြစ်သူနဲ့ ၁၆၂လမ်းကို ထပ်ပြီး ထွက်လာခဲ့ကြတယ်။ ကြည့်စမ်း… ကိုယ်ဝန် ၇လကျော်နေတဲ့ အသက် ၂၃နှစ်အရွယ် မိန်းမပျိုလေးတစ်ယောက်ဟာ သောကအပူမီးတွေနဲ့ ပေတစ်ရာလမ်းမပေါ် ကူးချည်ပြန်ချည် မငြိမ်းချမ်းနိုင်ခဲ့ပါလား။ အိမ်လေးကို မမှိတ်မသုန်ငေးကြည့်နေရင်း နံနက်ခင်း အာရုဏ်ဦး အလင်းရောင်လေး ထွက်ပေါ်စပြုလာပါပြီ။

အပေါ်ထပ်ဘေး လှေကားကနေ ဆင်းလာတဲ့ အသက် ၈နှစ်အရွယ် ကလေးငယ်တစ်ယောက်၊ တိုက်ဘေးအခန်းတံခါးလေးတစ်ချပ်ကို ခေါက်တယ်။ အိမ်ရှေ့တံခါးမကြီး ပွင့်လာတယ်။ ကျွန်မ ကားပေါ်က အသာအယာ ဆင်းလိုက်တယ်။ ခြေလှမ်းတွေအားလုံး ထုံကျင်ကိုက်ခဲနေတာပါလား။ လမ်းကျဉ်းလေး တစ်ဖက်ကနေ တစ်ဖက်ဆီကို စက္ကန့်ပိုင်းအတွင်း ရွေ့လျားနိုင်ပါလျှက် ကျွန်မ အချိန်အတော်ကြာ အားယူပြီး လျှောက်လှမ်းလာခဲ့ရတာ ကျွန်မခင်ပွန်း သိမှ သိပါလေစ။

"မင်း လိုက်လာမယ်ဆိုတာ ငါသိသားပဲ"

အခန်းထောင့်လေးက ထိုင်ခုံပေါ် စီးကရက်လေး မီးညှိလက်စတန်းလန်းလေး ကိုင်ထားရင် ပြောထွက်ခဲ့တဲ့ အေးစက်တဲ့ စကားလေးတစ်ခွန်း။ ကျွန်မ တစ်ညလုံး စိတ်ကူးထဲစီထားခဲ့တဲ့ အပြစ်တင်သလို ဖြစ်စေမယ့် စကားလေးတွေ နှုတ်ခမ်းဖျားက တစ်လုံးမှ ထွက်ကျမလာခဲ့ပါဘူး။

တံခါးလေးကို လက်တစ်ဖက်နဲ့ ဖက်တွယ်ထားရင်း သူ့မျက်နှာကို ကြည့်လိုက်မိတဲ့အချိန်လေးမှာ ကျွန်မရဲ့ကမ္ဘာပြိုလဲသွားခဲ့ရပြီပဲ။ ကျွန်မ သူနဲ့မျက်လုံးချင်းဆုံအောင် လိုက်ကြည့်တယ်။ သူကတော့ ကျွန်မမျက်ဝန်းတွေနဲ့ မဆုံနိုင်အောင် တမင်ရှောင်ဖယ်နေခဲ့သလား။

"မင်းပြန်တော့ ငါ အိမ်လာခဲ့မယ်"

ကိုကြီး နောက်ဆုံးခေါ်မိခဲ့တဲ့ ကျွန်မရဲ့ခေါ်သံလေးတစ်ခုပါပဲ။ စိတ်မကောင်းပါဘူး အခုလိုမျိုး တည့်ဆုံမိခဲ့မယ်ဆိုတာ။ ကျွန်မနဲ့ ကျွန်မခင်ပွန်းရဲ့ ကြားခံမျဉ်းပြတ် သံယောဇဉ်ကြိုးလေးတစ်ချောင်းဟာ အဲဒီလောက်ထိ ပါးလွှာနေမှန်း။ မဟုတ်သေးပါဘူး…။ ပါးလွှာပြီး မှျင်မှျင်လေးသာ ကျန်ရှိနေတဲ့ ဒီသံယောဇဉ်ကြိုးလေးကို ထူထူထဲထဲ ဖြစ်သွားအောင်လုပ်ဖို့ ကျွန်မ ဘာကို မစွမ်းဆောင်နိုင်ခဲ့ရတာကိုပါ မနှောင်းသေးပါဘူး။ ချစ်စကားလက်ကျန်လေးတစ်စလောက်တော့ မရှိခိုးနိုး အမြင်မျိုးနဲ့ မတောင်းခံဘူးဆိုတာ အားလုံးသော နှစ်ဖက်မိဘတွေနဲ့

*ကြည့်စမ်း ကိုယ်ဝန် ၇လကျော်နေတဲ့ အသက် ၂၃နှစ်အရွယ် မိန်းမပျိုလေးတစ်ယောက်ဟာ သောကအပူမီးတွေနဲ့ ပေတစ်ရာလမ်းမပေါ် ကူးချည်ပြန်ချည် မငြိမ်းချမ်းနိုင်ခဲ့ပါလား*

www.burmeseclassic.com

www.burmeseclassic.com

တွေ့ဆုံပွဲလေးဟာ တိတ်တဆိတ်ခြောက်ကပ်လို့ ကျွန်မ အဖေက စကားလေးတစ်ခွန်း ပြောပါတယ်။

ငါ့သား မင်းကိုယ်တိုင်က ချစ်မြတ်နိုးလို့ ငါ့သမီးကို ကားတင်ခိုးပြေးခဲ့တာနော် အဖေတို့မိသားစုမှာ ချမှတ်ထားပြီး မိသားစုဝင်တိုင်း လိုက်နာဆောင်ရွက်တဲ့ စည်းကမ်းလေးတစ်ခုရှိတယ်။

အကြီးဖြစ်သူက အငယ်ဖြစ်သူကို ဆုံးမချင်ရင် ကိုယ်တိုင်လည်း ကောင်းအောင်၊ မှန်အောင်နေရမယ်။ မင်းတည်ထောင်ထားတဲ့ မိသားစုကမ္ဘာလေးကို စပြီးဖျက်စီးသူဟာ မင်းမဖြစ်ရင် အကောင်းဆုံးပေါ့။

သူကတော့ "ဟုတ်ကဲ့အဖေ ကျွန်တော် ပြင်ပါ့မယ်" ဆိုပဲ။ ကျွန်မဆိုတဲ့ မိန်းမသားဟာ ငယ်စဉ်ကလေးဘဝကတည်းက အမြဲလှုပ်ရှားနေတတ်သူတစ်ဦးပါ တစ်နေရာရာမှာ တစ်ခါမှ အငြိမ်ထိုင်နေရိုးထုံးစံဆိုတာ အမှန်တကယ် မရှိခဲ့။ ဩော်…အခုတော့ အရာရာအားလုံး ငြိမ်သက်ခြင်းဘက် ပြောင်းလဲခဲ့ရတယ်။ ပြောင်းလဲချိန်တန်ပြီလေ။

ကျွန်မဖက်က အဲဒီ့အချိန်ထိ လမ်းခွဲဖို့ အပြီးတိုင်လှည့်မကြည့်ကြေး လမ်းခွဲကြဖို့ အဆင်သင့်မဖြစ်ခဲ့သေးတာ အမှန်တရားလေးတစ်ခုပါ။ သူ တစ်ညနေ ကျွန်မလက်ဖဝါးလေးကို ဆုပ်ကိုင်ပြီး၊ ညီမလေး ကိုကြီးမှားခဲ့တာတွေလည်း ရှိပါတယ်။ အားလုံးကို ပြင်ပါ့မယ်နော်တဲ့။ အမှန်က လူယုံသတ်ခဲ့တာပါပဲ။

အသွားအလာတွေ၊ အပြောအဆိုတွေ အပြုအမူတွေ ပြောင်းလဲသွားသလားမေးခဲ့ရင် ပြောင်းလဲခဲ့ပါတယ်။ အချိန်ကာလတစ်ခုအထိ ဘယ်လောက်ကြာကြာ ပြောင်းလဲခဲ့သလဲဆိုတာ သိပ်ကို ရယ်စရာကောင်းတဲ့ မေးခွန်းလေးတစ်ခုပါပဲလေ။ ဒီလိုနဲ့ တပ်မှာပြန်လိုက်နေရင်း ၁၉၉၆ခုနှစ်၊ အောက်တိုဘာလ ၂၃ရက်၊ ဗုဒ္ဓဟူးနေ့မှာ ကျွန်မသားငယ်လေးကို ဗဟိုစည်ဆေးရုံမှာ မွေးခဲ့ပါတယ်။

တပ်မှူးကတော့ အင်မတန်ကောင်းရှာပါတယ်။ ညနေရုံးဆင်းချိန်တိုင်း ဆေးရုံသွားစောင့်ခွင့်ပေးခဲ့ပေမယ့် သူကတော့ ဆေးရုံလာပြီး သူ့ကလေးကြည့်ချိန် တစ်နာရီမပြည့်ခင်ကတည်းက ဖင်တကြွကြွ။ ကျွန်မအတွက် သူဟာ ဘယ်လိုမှ အဖြေထုတ်လို့မရ၊ ညီမျှခြင်းချလို့မရတဲ့ ပုစ္ဆာတစ်ပုဒ်ပါ။ ညီမျှခြင်း ပိုင်းခြေညီအောင် အစစအရာရာ လိုက်ညှိနိုင်ရက်သားနဲ့ သူကိုယ်တိုင်ကိုက ပိုင်းခြေမညီချင်တဲ့အခါ သူနဲ့ကျွန်မရဲ့ အိမ်ထောင်ရေး ပုစ္ဆာတစ်ပုဒ်ဟာ ခုအချိန်ထိ ရလာဒ်ထွက်မလာခဲ့ပါဘူး။

စနေနေ့ရုံးပိတ်ရက်လိုမျိုး ဆေးရုံက မဆင်းရသေးတဲ့ ကျွန်မအနေနဲ့ ကိုယ့်ခင်ပွန်းသည်ကို မနက်ခင်းကတည်းက မျှော်တတ်ပါတယ်။ ဘာပဲပြောပြော ကျွန်မသူ့အပေါ် သံယောဇဉ်အမျှင်တန်း မပြတ်သားနိုင်သေးသူကိုး။

မနက်ခင်းကတည်းက မျှော်နေခဲ့တာ။ တပ်ကိုဖုန်းဆက်တော့လည်း ဆေးရုံကို မနက်ကတည်းက ထွက်သွားပါပြီတဲ့။ နေ့လည် ၁၂နာရီထိုးလောက်မှာ ကျွန်မမနေနိုင်လို့ သူနဲ့ငြိနေတဲ့ အမဆီဖုန်းဆက်လိုက်မိပါတယ်။

ကျွန်မလို အမျိုးသမီးတစ်ယောက်အနေနဲ့ ကိုယ့်ယောကျ်ားတစ်ယောက်ကိုတောင် နိုင်နင်းအောင်မထိန်းသိမ်းနိုင်ဘဲ တစ်ပါးသော အမျိုးသမီးဆီ ဆက်သွယ်တာဟာ မှားနေတယ်လို့ ခုအချိန်ထိ တစ်ခါမှ နောင်တမရခဲ့တာ အမှန်ပါ။ အဲဒီအချိန်ကတည်းက ကျွန်မရဲ့ဆန္ဒက ရှင်းရှင်းလေးရယ်။ ကျွန်မတို့မိသားစုလေးထက် ပိုချစ်နိုင်ပြီလား။ ပိုပြီး မရှိမဖြစ် အရေးကြီးသူလား။ ဒါဆို ကျွန်မကို ပွင့်ပွင့်လင်းလင်း၊ ပြတ်ပြတ်သားသား ပြောလိုက်ပါ။ စကားလုံးတွေ အများကြီး မလိုအပ်ပါဘူး။ တစ်ခွန်းတည်းနဲ့ ကျွန်မအတွက် လုံလောက်ပြည့်စုံသူပါ။

ညီမလေး ကိုကြီးတော့ သူ့ကို တကယ်ချစ်မိလို့ သူနဲ့ပေါင်းသင်းပါရစေ။ ကိုကြီးကို ကွာရှင်းပေးပါဆိုတဲ့ စကားလေးပါပဲ။ ဖုန်းလည်းဆက်မိရော ဩော်…စပယ်လား။ အမတောင် ခုပဲ ဆေးရုံလာကြည့်မလို့ ဆိုပါကောလား။ ဘယ်လောက်ဆိုးရွားသလဲဆိုရင် သူမဆေးရုံမှာ ကျွန်မသားလေးကိုလာကြည့်ချိန် ကားမောင်းပြီးလိုက်ပို့သူက ကိုကြီးဆိုပဲ။ သူမ ကျွန်မသားလေးအတွက် လက်ဆောင်အဖြစ်ပေးသွားတဲ့ ကလေးပစ္စည်းအထုပ်လေးကို သူမပြန်တာနဲ့ အခန်းထောင့်က အမှိုက်ပုံးထဲ ခြေထောက်နဲ့ နင်းချေပြီး မျက်ရည်ပေါက်ပေါက် ကျလာခဲ့ရတယ်။

ယောကျ်ားတစ်ယောက်ရဲ့ အချစ်စစ်စစ်တွေဆိုတာ ဘယ်လိုများပါလိမ့်။ နှစ်ဖက်လူကြီး မိဘတွေ

*သူမ ကျွန်မသားလေးအတွက် လက်ဆောင်အဖြစ်ပေးသွားတဲ့ ကလေးပစ္စည်း အထုပ်လေးကို သူမပြန်တာနဲ့ အခန်းထောင့်က အမှိုက်ပုံးထဲ ခြေထောက်နဲ့ နင်းချေပြီး*



www.burmeseclassic.com

www.burmeseclassic.com

ရှေ့ အထပ်ထပ်အခါခါပေးခဲ့ ကျွန်မအပေါ် တောင်းပန်ခဲ့တယ်ဆိုတဲ့ ကတိစကားတွေဆိုတာ လေဟာနယ်ထဲက မီးခိုးငွေ့တွေအလား။ ဒီ့ထက်နာကြည်းစရာကောင်းတာက အဲဒီ့ညက ယောင်းမဖြစ်သူအနားကပ်ရှိနေပါလျှက်နဲ့ မတားမြစ်ရကောင်းလားဆိုတဲ့ ပုဒ်မ။ သူပြောခဲ့သမျှ စကားလုံးတိုင်း ယနေ့တိုင် ကျွန်မစိတ်နယ်ပယ်လေးတစ်ခုမှာ ထင်ကျန်နေဆဲပါ။ သူများသားသမီးကို အရှက်ခွဲတယ်ဆိုပါလား။

သူမရပ်ကွက်ထဲ ကျွန်မ ကိုယ်ဝန်ကြီးနဲ့ လိုက်လာကတည်းက သူမအမေသိက္ခာကျဆင်းခဲ့ရတယ်ဆိုပဲ။ ရင်နင့်စရာ စကားလုံးတွေများလာတဲ့အခါ ကျွန်မတွက် စကားလုံးတိုင်းဟာ မှုန်မှုန်လေး ကျန်ရှိနေသေးတဲ့ သံယောဇဉ်ကြိုးတန်းလေးကို တဖြည်းဖြည်း အပြီးသတ် "တိ"ကနဲ ပြတ်သွားစေလောက်မဲ့အရာတွေပါပဲ။

ခြေရာ-၉အတွက် ကျွန်မရဲ့ စာမျက်နှာလေးတွေကို ပြန်လည်ငဲ့စောင်းကြည့်တိုင်း ခံစားမှုအမျိုးမစုံလှပါဘူး။ လူတစ်ယောက်၊ ယောကျ်ားတစ်ယောက်ရဲ့ ပင်ကိုဗီဇစိတ် လွယ်လွယ်ကူကူ ပြောလို့ရတဲ့ စကားတွေအတွက် လွယ်လွယ်ကူကူ ပြီးစလွယ်ပေးခဲ့တဲ့ ကတိစကားတွေအကြောင်း မိမိကိုယ်တိုင်က ဆုံးဖြတ်ရခက်ခဲနေတဲ့ သံယောဇဉ် အမျှင်အတန်းတွေရဲ့ သဘောသဘာဝ လူသားတစ်ယောက်ရဲ့ ဘဝမှာ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေချတော့မယ်ဆိုရင် ဘာတွေလိုအပ်သလဲ။ ဘယ်လိုအကြောင်းတရားတွေက ပံ့ပိုးကူညီပေးနိုင်မလဲ။ ကျွန်မပြန်လည်ပြီး အမှတ်မရချင်တဲ့ ခြေရာလေးတွေမှာ ခြေရာအပိုင်း-၉လည်း ပါခဲ့ပါတယ်။

ကျွန်မဟာ ကိုယ်နေထိုင်ကြီးပြင်းခဲ့ရာ ဘဝနဲ့ လုံးဝမအပ်စက်တဲ့ နယ်ပယ်သစ်တစ်ခုမှာ ခြေရာချမိခဲ့သူကိုး။ ဘယ်လောက် ရုန်းထွက်ရခက်ခဲနေသလဲဆိုရင် နွံအိုင်ထဲ ကိုယ်သိပ်နှစ်သက်တဲ့ ဖိနပ်ကလေးတစ်ဖက် နစ်မြုပ်နေတာကို မရမက ပြန်ဆယ်ဖို့ ကြိုးစားနေခဲ့တဲ့ စိတ်ခံစားချက်မျိုးပါပဲ။

**ခြေရာ-၁၀**

ဆန္ဒတွေ သိပ်မများပါနဲ့။
ဘုရားရှိခိုးတာ
တစ်နေ့ ဘယ်နှစ်ကြိမ်ဆိုတာထက်
ချစ်ရတဲ့သူနဲ့ ငြိမ်းချမ်းရေးယူဖို့
တစ်နေ့တစ်ကြိမ်လောက်သာ ကြိုးစားကြည့်ပါ။

ခုဆို…ငြိမ်းချမ်းရေးယူဖို့ ကြိုးစားခဲ့တာ နှစ်ပတ်လည် နှစ်ကြိမ်တိုင်ပြီပေါ့။

အမှန်တရား တစ်ခုတည်းကို အကြိမ်ကြိမ် ယောပြောဖို့ကိစ္စဟာ နည်းနည်းစောနေသလိုနဲ့
သိပ်နောက်ကျသွားခဲ့ရပြီ။

နံနက်အိပ်ယာနိုးတယ်။ သူ့အတွက် နံနက်စာပြင်ဆင်ပေးတယ်။ ရုံးထွက်သွားတာနဲ့ ဘုရားပန်း ရေလဲ၊ ဆီမီး၊ သောက်တော်ရေချမ်း၊ ဆွမ်း၊ အမွှေးနံ့သာတိုင် ပူဇော်ပြီး ဘုရားရှိခိုးတယ်။ နံနက်ခင်းတိုင်းမှာ ဂုဏ်တော်တွေနဲ့ ငါးပါးသီလလေးနဲ့ စိတ်ချမ်းသာနေခဲ့ရတာပါပဲ။

နေ့လည်ခင်းတပ်က အိမ်ထောင်သည် စစ်သည် ရဲမေတွေနဲ့ တာဝန်လေးတွေကို ကိုယ်စီကိုယ်ငှ ထမ်းဆောင်ကြတယ်။

သူ ညနေရုံးပြန်လာချိန်တိုင်းဟာ ကျွန်မတို့သားအမိတွေရဲ့ သိပ်လှတဲ့ ညနေခင်းလေးတွေပါပဲ။ ကျွန်မအတွက် ဆန္ဒတွေ များများစားစား မလိုအပ်ပါဘူး။ သားနှစ်ယောက်နဲ့ ကျွန်မတို့ မိသားစု ညနေခင်းတိုင်းဟာ မိုးရိပ်မိုးသား ကင်းစင်နေတဲ့ ကောင်းကင်ပြာကြီးအောက် အတူတကွ နွေးနွေးထွေးထွေး နေထိုင်ခွင့်လေး ရရှိဖို့သာပါပဲ။

စကားလုံးလေးတွေကနေ အချစ်သီချင်းလေး မဟုတ်တဲ့ အက်ခိုးလှိုက်သံတွေ ကြားရတယ်။ လိမ်ညာခြင်းဖြင့် ဘဝကို ဖက်တွယ်ထားမိသူများအား သူရဲကောင်းဟု ခေါ်ဆိုထိုက်ပါဘိ။ ကျွန်မ သားငယ်လေးကိုဗိုက်တပ်ပြန်လာချိန်ကစ သူ့အပေါ် ဘာစကားတစ်ခွန်းမှ မဆိုခဲ့မိပါ။ ကျွန်မသားနှစ်ယောက်ရဲ့ မျက်နှာလေးတွေကြည့်ရင်း ဘာလုပ်သင့်သလဲ။ ဘာကို ဆုံးဖြတ်ချက်ချရမလဲဆိုတဲ့ မေးခွန်းတွေကိုသာ အပြန်ပြန်အလှန်လှန် မေးခွန်းထုတ်ပြီး စဉ်းစားနေခဲ့တယ်။

*သားနှစ်ယောက်နဲ့ ကျွန်မတို့ မိသားစု ညနေခင်းတိုင်းဟာ မိုးရိပ်မိုးသား ကင်းစင်နေတဲ့ ကောင်းကင်ပြာကြီးအောက် အတူတကွ နွေးနွေးထွေးထွေး နေထိုင်ခွင့်လေး ရရှိဖို့သာပါပဲ*

www.burmeseclassic.com

www.burmeseclassic.com

သူ့လိုလူစားက ကျွန်မကို ကွာရှင်းပေးပါပြောလည်း လွယ်လွယ်နဲ့ကွာရှင်းပေးမယ့် လူစားတစ်ယောက် မဟုတ်ခဲ့တာတော့ အမှန်ပါ။ ဘာကြောင့်လဲ သူပြောခဲ့ဖူးပါတယ်။ ယောကျ်ားဆိုတာ အပျော်အပါးရှိမှာပဲ။ မင်းက တစ်အိမ်ကို တစ်ဆိတ်လုပ်ပြီး ဇာချဲ့နေသမျှ မင်းပဲ စိတ်သောကရောက်မှာတဲ့။ ဆိုလိုတာက သူ့အပြင်မှာ လုပ်ချင်တာ လုပ်မယ်။ ပျော်ချင်ပါးချင်စိတ်တွေလဲ ရှိမယ်။ ကျွန်မကိုတော့ အတည်ပြုပြဋ္ဌာန်းထားတဲ့ မိန်းမရယ်ပေါ့။

ပထမဆုံး ကျွန်မစုံစမ်းမိတဲ့အရာက စစ်သားအရာရှိတစ်ယောက်နဲ့ တရားဝင်ကွာရှင်းခွင့် လိုချင်ရင် ဘယ်လိုအချက်အလက်တွေ လိုအပ်သလဲဆိုတာပါ။ ကျွန်မမိဘတွေက ဆုံးမစကားအမြဲပြောပါတယ်။ ဘယ်သူ့တရားပျက်ပျက် ကိုယ်မပျက်စေပါနဲ့တဲ့ သူ့အပင်နဲ့သူ့အသီးပဲကောင်းပါတယ်တဲ့။ ကျွန်မ ရယ်မောမိတယ်။ သူ့အပင်နဲ့သူ့အသီးပဲကောင်းတာ မှန်ပါရဲ့။ ခက်တာက အပင်ကြီးကိုယ်တိုင်က သူ့အသီးလေးတွေကို သီးကင်းအရွယ်လေးအရွယ်ကတည်းက အပင်ကြီးပေါ်က အချိန်မတန်ဘဲ ကြွေကျအောင် လှုပ်ခါခြွေချ ချင်နေသူကိုး။ ဘဝအတွက် အရေးပါတဲ့ ဆုံးဖြတ်ချက်တွေချတော့မယ့်အချိန်တိုင်း ကိုယ်တိုင်စိတ်တည်ငြိမ်ရင့်ကျက်ဖို့ လိုအပ်ပါသတဲ့။

ကျွန်မမိဘတွေ ငယ်စဉ်ကလေးဘဝကတည်းက ဆုံးမနေကျစကားလေးတစ်ခွန်းပါ။ ကျွန်မတို့ မောင်နှမသုံးယောက်စလုံးဟာ ကလေးဘဝကတည်းက ဗုဒ္ဓဟောကြားခဲ့ဖူးသော တရားတော်နဲ့အညီ နေထိုင် လိုက်နာ ကျင့်ကြံတတ်အောင် မိဘတွေက သွန်သင်ဆုံးမပေးခဲ့တဲ့ ကျေးဇူးဟာ ခုအချိန် ကျွန်မကျဉ်းထဲကျပ်ထဲရောက်ချိန်တိုင်း အမှန်တကယ် အသုံးဝင်ပါတယ်။ အသက် ၂၃နှစ်ကျော်ကျော် မိန်းမသားငယ်တစ်ယောက်အတွက် စိတ်တည်ငြိမ်ရင့်ကျက်စေမဲ့အရာဟာ ဗုဒ္ဓရဲ့တရားတော်တွေပါပဲ။ ပထမဆုံး ကျွန်မစပြီးလုပ်ခဲ့တဲ့အလုပ်က မနက်ခင်း သူရုံးသွားတာနဲ့ ဘုရားဝတ်ပြု ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး ငါးပါးသီလယူတာပါပဲ။ ဒီလိုကနေ တဖြည်းဖြည်း တစ်ဆင့်ပြီးတစ်ဆင့် တက်လာခဲ့ရတယ်။ ပုံမှန် ငါးပါးသီလယူ ဘုရားရှိခိုးခြင်း နှစ်လပြည့်တဲ့အချိန်မှာ သရဏဂုံ ပုတီးစိတ်နည်းလေး မေမေ့ဆီက လှမ်းတောင်းပြီး ယူခဲ့ပါတယ်။ အရေပုံ ပုတီးတစ်လုံးချ ဘယ်နှစ်ပတ်၊ ဘယ်နှစ်ရက်ပေါ့။

ကျွန်မဘဝတစ်လျှောက်လုံး ကံ ကံ၏အကျိုးကို လုံးဝသက်ဝင် ရာနှုန်းပြည့် ယုံကြည်ခဲ့သူတစ်ဦးမဟုတ်ခဲ့တာ အမှန်အတိုင်းဝန်ခံပါတယ်။

ကျွန်မ အိမ်ထောင်ကျခဲ့ချိန်ဆိုတာ ကျွန်မအနေနဲ့ ကြိုတင်မရည်ရွယ်ဘဲ မစီစဉ်ဘဲ ဖြစ်သွားရခဲ့တဲ့အတွက် အစကောင်းမှ အနှောင်းသေချာမယ် ဆိုရိုးစကားလို အစကတည်းက လွဲချော်နေခဲ့ရတဲ့အတွက် အလယ်မှာလည်း အိုးနင်းခွက်နင်းပါပဲ။ ကျွန်မ မိဘတွေရဲ့အိမ်ထောင်ရေးကျတော့ ဖေဖေကလည်း သူ့စစ်သားအလုပ် သူလုပ်တယ်။ မေမေကလည်း ကျောင်းဆရာမ၊ အိမ်ထောင်ရှင်မဘဝကို သားနဲ့၊ သမီးနဲ့၊ မိသားစုနဲ့အတူ ရင်ဆိုင်ဖြတ်သန်းတယ်။

ကျွန်မ အခုအသက်အရွယ်အထိ ဖေဖေကြောင့် မေမေစိတ်ထိခိုက်ခံစားရတာမျိုး၊ ဖေဖေက နောက်အမျိုးသမီးတစ်ယောက်ယောက်နဲ့ ညိစွန်းခဲ့တဲ့ ပြဿနာရပ်တွေ တစ်ခါမှ မရှိခဲ့တဲ့အတွက် မေမေဟာ ကျွန်မကို့အပေါ် ယောကျ်ားတစ်ယောက်ရဲ့ ဖောက်လွဲဖောက်ပြန်ပြုခြင်းအပေါ် ကာကွယ်နည်းပညာ မသင်ကြား၊ မပို့ချခဲ့တာ အမှန်တရားပါ။

ဒီလိုနဲ့ ဘုရားလေးရှိခိုးလိုက်၊ ငါးပါးသီလလေး ပုံမှန်ယူလိုက်၊ ဂုဏ်တော် ကိုးပါးပုတီးလေးစိတ် အဓိဋ္ဌာန်လေးဝင်လာခဲ့တာ မှတ်မှတ်ရရ ၃လတင်းတင်းပြည့်တဲ့ တမနက်ခင်းလေးမှာပေါ့ တပ်က ကျွန်မတို့ အိမ်လေးမှာ သူ့ရဲ့ ဘတ်စမန်း စစ်သားလေးတစ်ယောက်အတူ နေပါတယ်။ အမည်က ရဲညွှန့်တဲ့။ သူ့ရဲ့အပြင်ဝတ်၊ အိမ်နေဝတ်တွေကို ကျွန်မကိုယ်တိုင်စီမံ လျှော်ဖွတ်ပေးပေမယ့် စစ်အင်္ကျီယူနီဖောင်း၊ ဖိနပ်ကအစ ရဲညွှန့်လေးကပဲ ပုံမှန်လုပ်ပေးနေကြပါ။ တမနက်ခင်း အဝတ်အစားတွေ သိမ်းဆည်းနေရင်း သူ့ရဲ့ စစ်ယူနီဖောင်းလေးတွေ ရဲညွှန့်အခန်းလေးထဲ ဝင်ပြီး ကျွန်မသိမ်းယူချိန် အပေါ်ဝတ်အင်္ကျီလေး ဘက်ပုံ့နေတာနဲ့ အောက်ဝတ်စစ်ယူနီဖောင်းဘက် လိုနေတာနဲ့ ကျွန်မ ရဲညွှန့် မီးပူထိုးပြီးသား အင်္ကျီလေးတွေတင်တဲ့ စစ်သံသေတ္တာစိမ်းလေးကို ဘာရယ်မဟုတ် ဖွင့်ကြည့်မိပါတယ်။ ဘက်ပုံ့နေတဲ့ အင်္ကျီလေးက ဟိုတစ်နေရာ၊

*တမနက်ခင်း အဝတ်အစားတွေ သိမ်းဆည်းနေရင်း သူ့ရဲ့ စစ်ယူနီဖောင်းလေးတွေ ရဲညွှန့်အခန်းလေးထဲဝင်ပြီး ကျွန်မသိမ်းယူချိန် အပေါ်ဝတ်အင်္ကျီလေး ဘက်ပုံ့နေတာနဲ့*



www.burmeseclassic.com

www.burmeseclassic.com

ဘောင်းဘီလေးက တစ်နေရာလှမ်းယူရင်း သံသေတ္တာလေးအောက်ဖက်နားမှာ မှတ်စုစာအုပ်အရွယ်လိုလို အယ်လဘမ်စာအုပ်အသေးဆိုက်လိုလို ဖောင်းနေတာလေးစမ်းမိတဲ့အတွက် ဘာရယ်မဟုတ် ကျွန်မအဝတ်အစားအောက်ခံ သတင်းစာလေးကို လှန်ကြည့်လိုက်မိတယ်။

တကယ်ကို မမျှော်လင့်ခဲ့မိတဲ့ အရာလေးပါ။ အယ်လဘမ်စာအုပ်ခပ်ပါးပါးတစ်အုပ် အဲဒီအယ်လဘမ်လေး ရုတ်တရက်မြင်လိုက်ရချိန် ရုတ်တရက်ခံစားရတဲ့ခံစားချက်က နှလုံးခုန်နှုန်းတွေ မြန်လာတယ်။ စိတ်ကူးထဲရှိနေတဲ့ မဝံ့မရဲမျှော်လင့်စောင့်စားနေခဲ့ရတဲ့ တစ်စုံတစ်ခုများဖြစ်လာလေမလားရယ်ဆိုတာ ဒီအယ်လဘမ်လေးလှန်လိုက်ချိန်မှာ အဖြေတစ်ခုပါပဲ။ ကျွန်မ သံမံတလင်းကြမ်းခင်းလေးပေါ် အယ်လဘမ်လေးကိုင်ထားလျှက်သားဖင်ချပြီး ထိုင်ချလိုက်တယ်။ ခေါင်းကိုတစ်ချက်မော့ပြီးအသက်ကို ခပ်ပြင်းပြင်းလေးတစ်ရှိုက် ရှူသွင်းလိုက်မိတယ်။ ပြီးတော့ အသာလေး လှန်ကြည့်လိုက်မိတယ်။ ကိုယ့်ကိုယ်ကိုယ် သတိထားမိလိုက်တဲ့ အရာလေးက မျက်ဝန်းတွေ ကြယ်ပွင့်လေးပမာ တလက်လက် တောက်ပလာတယ်။ မျက်နှာလေး ပြုံးလာသယောင်ယောင် မဲ့ပြုံးလေလား အားရကျေနပ်ပြုံးလေအလား ကျွန်မမသဲကွဲခဲ့။

ဓာတ်ပုံအယ်လဘမ်လေးထဲက နှစ်ယောက်သားရီမောပြုံးရွှင်နေတဲ့ပုံကလေးများ၊ ကန်တော်ကြီးကရဝိတ်နောက်ခံရှုခင်းများစွာနှင့် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်နူးစ ဖနီးမောင်နံ့ ပျားရည်ဆမ်းသော ချစ်ခရီးလမ်းသဖွယ် ကြင်ကြင်နာနာ၊ ယုယုယယ ဖက်တွယ်နေဟန်သူ၏ပါးပြင်ကလေးကို သူမက တရှိုက်မက်မက်နမ်းနေဟန် ကျွန်မ ကျေနပ်ပါသည်။ ကျွန်မဘဝအတွက် အရေးကြီးသော အပြောင်းအလဲ၊ အဆုံးအဖြတ်တစ်ခုအတွက် အမိကာသက်သေအဖြစ် လိုအပ်သောအရာများ မျက်မြင်ကိုယ်တွေ့လက်ဝယ်ပိုင်ဆိုင်ခွင့် ရရှိခဲ့ရလို့ပါ။ အသာအယာအယ်လဘမ်စာအုပ်လေးယူ သေတ္တာထဲ အင်္ကျီလေးတွေနေသားတကျ ပြန်ထည့်ပြီး…

ဒီလို ခပ်ညံ့ညံ့အပြုံးတွေ ပြုံးတတ်လာဖို့…

လောကကြီးက မသင်ကြားပေးခဲ့တာ အမှန်တရားတစ်ခုပါ။ ခပ်ညံ့ညံ့မေးခွန်းတွေ မေးနေခဲ့ရင်း၊ ခပ်ညံ့ညံ့ ကျိုးကြောင်းဆီလျော်မှု ရှိမနေတဲ့အဖြေတွေကို နားထောင်နေခဲ့မိတာ သားနှစ်ယောက်တောင် ရလာခဲ့ပြီပဲ။ ကြည့်စမ်း…မိဘမျက်နှာငဲ့ကြည့်လိုက် ယောက်ခမမျက်နှာစောင်းကြည့်လိုက် သားလေးတွေရဲ့ အပူအပင်ကင်းတဲ့မျက်နှာတွေကို စာနာထောက်ထားခဲ့ရင်း ကျွန်မ ကိုယ့်အတွက်ဆိုတဲ့ စကားလုံးအချို့တောင် မေ့လျော့နေခဲ့လေရဲ့၊

ညနေရုံးဆင်းလာတော့ သူ့မျက်နှာကို တစ်ချက်အကဲဖတ်လိုက်ပြီး ကျွန်မလုပ်ပေးစရာရှိနေတဲ့ တာဝန်ဝတ္တရားတွေ ပြင်ဆင်ပေးပြီးသကာလ ဘုရားဆီမီးပူဇော်နေချိန် တပ်ရင်းက ချိတ်ဆက်ပေးထားတဲ့ တယ်လီဖုန်းအနက်ရောင်လေးက "ကလင်…ကလင်" မြည်သံပေးလို့လာပါတယ်။ အစကတော့ ကျွန်မကိုင်ဖို့ အစီအစဉ်ရှိမနေခဲ့ပါဘူး။ အိမ်ကိုလာသမျှ ဖုန်းအတော်များများက သူ့တပ်ရဲ့ အလုပ်ကိစ္စအတော်များများဖြစ်နေတယ်ဆိုတာ သိခဲ့လေတော့။

ဘောင်းဘီ ဝဲယာ လှည့်ကြည့်လိုက်တော့ အနားမှာ မည်သူတစ်ဦးတစ်ယောက်မှ ရှိမနေခဲ့။ သူ့ဆီက အသံလေး တစ်ခုခုကြားရနိုး နားထောင်လိုက်မိတော့ ရေချိုးခန်းထဲ ရေသံများသာ ကြားနေရလေသည်။ ဪ…သူ ရေချိုးနေတာနေရှာမယ်ဆိုတဲ့ စိတ်ကလေးနဲ့ ကျွန်မ အဆက်မပြတ်မြည်နေတဲ့ ဖုန်းကလေးကို အသာအယာကောက်ကိုင်လိုက်ရင်း…

"ဟလို"

ကိုထိုက်နဲ့ပြောချင်လို့ပါ။ ကျွန်မ သိပ်ရင်းနှင်းတဲ့အသံ။ ဟုတ်ပါတယ်။ ကျွန်မအသက် ၂၃နှစ်ကျော်၊ ၂၄နှစ်ထဲရောက်နေတဲ့ အမျိုးသမီးငယ်တစ်ယောက်အတွက် မေ့လောက်စရာ၊ သတိမထားမိစရာ ရှိမနေခဲ့တဲ့ ခပ်ညြညြ၊ ခပ်ရှုရှုအသံ။

"အမ…သူ ရေချိုးနေတယ်…ဘာကိစ္စရှိနေလို့ပါလဲ"

"ဪ…စပယ်လား"တဲ့

ညနေ ရုံးဆင်းချိန် ဖနာရီကျော်ကျော်မှာ သူမ ဖုန်းခေါ်လို့ အမျိုးသမီးအသံကြားလိုက်မယ်ဆိုရင် ကျွန်မပဲဆိုတာ သူမမေးစရာမလိုအောင် သိသင့်ပါတယ်။ သိလည်း သိမှာပါ။ ခက်တာက သူတစ်ပါးယောကျ်ားနဲ့

သူ့ဆီက အသံလေး တစ်ခုခုကြားရနိုး နားထောင်လိုက်မိတော့
ရေချိုးခန်းထဲ ရေသံများသာ ကြားနေရလေသည်



www.burmeseclassic.com

www.burmeseclassic.com

မရိုးမသား ပတ်သက်ဆက်နွှယ်နေသမျှ မိန်းမအတော်များများရဲ့ ပုံစံတူလုပ်ရပ်တွေက "မျက်နှာပြောင်တိုက်ခြင်း" ပါပဲ။

အမ ကိုထိုက်နဲ့ စကားပြောချင်လို့ပါ။ ဒီညသူ အမသားလေးနေမကောင်းလို့ ဆေးခန်းလိုက်ပို့မယ့် ပြောထားလို့လေ။

ကျွန်မ တယ်လီဖုန်းထဲက သူမအသံတေါက ဝေးသွားလိုက်၊ နီးလာလိုက်၊ သူမ ဘာတွေဆက်ပြောခဲ့သလဲ။ ဘယ်လိုဖုန်းချသွားတာလဲ ကျွန်မ သတိမရမိပါ။ ကျွန်မသိလိုက်တဲ့အချိန်မှာ ဖုန်းခွက်ကိုင်ထားတဲ့ ကျွန်မလက်တွေ ထုံကျဉ်နေခဲ့တယ်ဆိုတာပါပဲ။ ရေမိုးချိုးပြီး သူထွက်လာတယ်။ ကျွန်မ ပြင်ဆင်ထားပေးတဲ့ ထမင်းစားနေပုံကို ထိုင်ကြည့်ရင် စိတ်ထဲတနုတ်နုတ် သူကတော့ဟိုအမျိုးသမီး ကလေးနေမကောင်းဖြစ်လို့ ဆေးခန်းလိုက်ပို့ပေးပါ့မယ်လို့ ပြောထားခဲ့တယ်ဆိုတာ ကျွန်မ မယုံကြည်။ သူသာ တကယ်သိနေခဲ့ရင် ညစာထမင်းကို တီဗီလေးကြည့်ရင်း ခုလို အေးအေးဆေးဆေး ဘယ်စားနိုင်ပါ့မလဲ။

ကျွန်မ သူ့ကို ဖုန်းလာတဲ့အကြောင်း တစ်ခွန်းမှ မဟာခဲ့ပါဘူး။ သူသိပ်ကြိုက်တဲ့ ဒန့်ဒလွန့်သီး ငါးရံ့ခေါင်းချဉ်ရေဟင်းလေးရယ်၊ ခရမ်းသီးမီးဖုတ် ကြက်သွန်စိမ်းသုပ်လေးနဲ့ ညစာထမင်းလေးကို စိတ်၏ချမ်းသာခြင်းအပြည့်၊ ကိုယ်၏ကျန်းမာခြင်း အပြည့်ဖြင့်သာ သုံးဆောင်နိုင်ပါစေ။

ကျွန်မအတွက် အချစ်ဆိုတာ အရောင်အသွေးစုံဝေဆာပွင့်ဖူးနေတဲ့ ဂန္ဓမာပျိုးခင်းလေးနဲ့အလားသဏ္ဍာန်တူပါတယ်။ ဂန္ဓမာပင်လေးတွေရဲ့သဘာဝ ပျိုးပင်ပေါက်ကလေးတွေကနေတစ်ဆင့် ပင်ပျိုလေး၊ ပင်ပျိုလေးကနေတစ်ဆင့် ဖူးပွင့်ချိန်တန်ပြီဆိုရင် ကိုင်းတက်တစ်တက်မှာ ခေါင်ဖူးနဲ့ အရန်တစ်ဖူးကို ချန်ထားပြီး အခြားအဖူးတွေကို ချွေပစ်ရတယ်လေ။ အမှန်တကယ်တော့ ခေါင်ဖူးတစ်ဖူးထဲကိုသာ ချန်ရတာပါ။ ဒါပေမဲ့ တစ်ဖူးထဲချန်ခဲ့မိရင်လည်း မတော်တဆ အဲဒီအဖူးလေးပျက်စီးသွားခဲ့ရင် ဂန္ဓာမာပင်ပျိုလေးအနေနဲ့ အပွင့်မကျန်တော့ဘူးပေါ့။

ကိုင်းတက်တစ်ခုမှာ အဖူးတွေက အများကြီးထွက်တယ်။ အရွက်လေးတစ်ရွက်နဲ့ ကိုင်းတက်လေးတစ်ခုကြားကနေ အဖူးတစ်ဖူးထွက်တာမို့ ဂန္ဓမာပင်လေးတစ်ပင်ရဲ့ ကိုင်းတက်တစ်ခုမှာ အဖူးတွေကအများကြီးပဲလေ။ ဒါပေမဲ့ အဲဒီအဖူးတွေအားလုံးကို မချွေဘဲထားလိုက်ရင် ခေါင်ဖူးတစ်ခုတည်း အပွင့်မကြီးတော့ဘဲ အဖူးတွေအားလုံးချပြီး ပွင့်ကြမှာမို့ အပွင့်သေးသေးလေးတွေပဲ ရတော့မယ်။ ဒါကြောင့် ပန်းပျိုးသူတွေဟာ ခေါင်ပွင့်တစ်ပွင့်လည်း လှလှပပ ရောင်းတန်းဝင်အောင် ကျန်တဲ့အဖူးတွေအားလုံးကို ချွေပစ်ရတာပေါ့။

အဓိပ္ပာယ်လေးကတော့ ကိုယ်တည်ဆောက်ထားတဲ့ မိသားစုအသိုက်အမြုံလေးတစ်ခု လူ့လောကအလယ်မှာ အောင်အောင်မြင်မြင်၊ ပျော်ပျော်ရွှင်ရွှင် ခိုင်မြဲစေချင်တယ်ဆိုရင် ဘဝအတွက် ဘာမှအရေးမပါတဲ့ အရံဖူးတွေ ကိုင်းတက် အခက်အလက်ကြားက လူတွေကို ချန်ထားရစ်ခဲ့ရမယ်ဆိုတာပါပဲ။

တစ်ဦးတစ်ယောက်ကောင်းစားဖို့ အများကအနစ်နာခံရသလို ပန်းလေးတစ်ပွင့် လှလှပပဝေဆာတင့်တယ်နိုင်ဖို့ ကျန်တဲ့ပန်းဖူးလေးတွေတောင် အချွေခံရတယ်မဟုတ်ပါလား။

လူသားမဟုတ်တဲ့ ပန်းပင်လေးတွေတောင်မှ အဓိကနဲ့သာမညဆိုတာ ရွေးချယ်ခွင့်ရှိနေသေးရင် ကျွန်မတို့လို မိသားစုဘဝတည်ဆောက်ထားခဲ့ကြသူတွေ ဘာ့ကြောင့်များ မခွဲခြား၊ မဆုံးဖြတ်၊ မသုံးသပ်နိုင်ကြပါလိမ့်။

အခုလို ဂန္ဓမာပန်းပင်လေးနဲ့ လူသားတစ်ယောက်ရဲ့ မိသားစုဘဝလေးကို နှိုင်းယှဉ်ပြောရင် သူတစ်ပါးမိသားစု အသိုက်အမြုံဖွဲ့ချွေဖို့ ကြံစည်အားထုတ်ကြိုးစားနေသူတွေ လက်ခံနိုင်ကြမှာလား။ လောကကြီးမှာမြင်တတ်၊ ကြည့်တတ် ကိုယ်ချင်းစာနာ ခံစားတတ်ရင် တရားရစရာတွေချည်းပဲ မဟုတ်ပါလားလေ။

ကျွန်မရဲ့ ခြေရာ-၁၀ကတော့ သူပေးထားဖူးခဲ့တဲ့ ကတိစကားတွေ တာဝန်ယူစောင့်ရှောက်ရမယ့် ဝတ္တရားတွေ၊ ကျွန်မဖက်က ပြန်လည်တုန့်ပြန်ရမဲ့ ကျေးဇူးတရားတွေ၊ အချင်းချင်း ရိုင်းပင်းရမယ့်ကိစ္စတွေ သူ့အပေါ်ကျွန်မဖက်က ပြန်လည်ကာကွယ်မှုတွေ များစွာပေါ့။

ကျွန်မဖက်က တည်ဆောက်ထားခဲ့တဲ့ အသိုက်အမြုံလေး ထပ်ပြီးမယိုင်နဲ့ မပြိုလဲသွားစေဖို့ သားလေး

***တစ်ဦးတစ်ယောက်ကောင်းစားဖို့ အများက အနစ်နာခံရသလို ပန်းလေးတစ်ပွင့် လှလှပပဝေဆာ တင့်တယ်နိုင်ဖို့ ကျန်တဲ့ပန်းဖူးလေးတွေတောင် အချွေခံရတယ်မဟုတ်ပါလား***





www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်အားနဲ့ပေါင်းပြီး ကျားကန်နေရမှာ အုတ်တံတိုင်းကြီးသဖွယ် ကာကွယ်ထားရဖို့ အချိန်ကာလ ဘယ်ရွေ့ဘယ်မျှ တောင့်ခံနိုင်မှာပါလိမ့်။

နောက်ထပ် တစ်လလား။ တစ်နှစ်လား။ ကျွန်မရဲ့ ခြေရာလေးတွေကတော့ ဂန္ဓမာပန်းခင်း ဥယျာဉ်နန်းမှာ ရေတစိုစို၊ မြေကခပ်ပျော့ပျော့နဲ့ ခြေရာလေးတွေက ဗွက်တွေထဲ မပီပိုးတဝါး ထင်ကျန်နေရစ်ဆဲပါ။

ကျွန်မရဲ့ သောကတချို့အတွက် နှင်းယှဉ်ဖြေသိမ့်လောက်စရာ လောကသဘာဝကြီးက ပန်းလေးတွေ ဖူးပွင့်စေခဲ့ပေးတဲ့အတွက် ချစ်ခြင်းမေတ္တာများစွာဖြင့် ကျေးဇူးတင်နေဆဲ။

■




thebookhouse စာအုပ်တိုက်မှ ရရှိနိုင်သော စာအုပ်များ
၀၉၉-၇၉ ၆၀ ၆၀ ၁၀
၀၉၉-၇၉ ၆၀ ၆၀ ၂၀
www.facebook.com/thebookhouse.tbh
www.facebook.com/reallivesrealstories
the bookhouse

www.burmeseclassic.com

လူသားနှင့်ရှင်သန်ခြင်း

*ဖရန့်ရီကာန် ဒေါ်လာသန်း ၂၅၀*

Open the door...!

ဒုံး… ဒုံး… ဒုံး

အချိန်က နံနက် ၅ နာရီ။ အတိအကျဆိုရင် ၂၀၁၂ ခုနှစ်၊ မေလ ၂၃ ရက်နေ့…။

ကျွန်တော် တံခါးကို ဖွင့်ပေးလိုက်တော့ အမေရိကန် ထောက်လှမ်းရေး နှစ်ယောက်နဲ့အတူ ကနေဒါရဲ RCMP တွေ ဝင်လာတယ်။ ကျွန်တော့်ကို လက်ထိပ်ခတ်တယ်။ ကားနားသွားတယ်။ သေနတ်၊ ဆေးခြောက်၊ မက်တာဖက်တာမင်းအပြင် ဒေါ်လာအတု ၉၄၉၀၀၀ တွေ့သွားတယ်။

ရဲတွေရဲ့မျက်နှာမှာ အပြုံးပန်းတွေဝေလို့…။ သူတို့တွေ့တဲ့ ငွေက အစွန်းထွက်ပဲရှိတာ မသိကြရှာဘူး။ အမှန်က ဒီစီမံကိန်းကြီးကို မစခင်ကတည်းက 'ကယ်ပေါက်-Escape' ကို ကျွန်တော်ရှာထားပြီးသား….။ အမှန်က ဒီလိုငွေမျိုး နောက်ထပ် သန်း ၂၀၀ ရှိသေးတယ်။

ကျွန်တော့်မှာ သူငယ်ချင်းတစ်ယောက် ရှိတယ်။ သူက အခု ဒီကိစ္စနဲ့ လုံးဝမသက်ဆိုင်ဘူး။ ကျွန်တော် ဘာလုပ်နေသလဲဆိုတာတောင် သူ မသိဘူး။ ပြီးတော့ ကျွန်တော့်နဲ့တွဲနေတဲ့ ရည်းစား။ သူက ကျောင်းဆရာမ။ သူလည်း လွတ်တယ်။ ဘာဆို ဘာမှမသိဘူး။ ဒါပေမဲ့ ဆိပ်ကမ်းကို မှာထားတဲ့စက္ကူထုပ်တွေ ရောက်လာကတည်းက ဒီကိစ္စ အောင်မြင်မယ်ဆိုတာ ကျွန်တော် တပ်အပ်ပြောနိုင်ပြီ။ ဒါအပိုင်ပဲ။ ဒီတစ်ခါ အပီအပြင်ရမှာ သေချာတယ်။ ဒီအချိန်ကို ကျွန်တော်စောင့်စားခဲ့ရတာ နှစ်နှစ်ရှိပြီ။ အခုမှ လမ်းစပေါ်တာ။

# ကျွန်တော်နှင့်အမေရိကား-၈

မောင်ကိုကို(အမရပူရ)







www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဂျာမနီက ရောက်လာတဲ့စာရွက်မှာ ပိုလန်က လုပ်တဲ့ ရေစာ (Watermark) ရိုက်တဲ့စက်နဲ့ ဖိလိုက်တဲ့အခါ သမ္မတအင်ဒရူးဂျက်ဆန်ရဲ့ ပုံပါတဲ့ပုံကြမ်းကို ရပြီလေ။ အဲဒီလို အောက်ခံအလုပ်တွေ ပြီးသွားတဲ့အခါ ဈေးအရမ်းကြီးတဲ့ Heidelberg Offset ပုံနှိပ်စက်ပေါ်တင်လိုက်တော့ ဒီတစ်သက် လုပ်စားစရာ မလိုတော့တဲ့ ပိုက်ဆံတွေ ကျွန်တော်ရလာတော့မှာ…။

အထက်ပါအတိုင်း ပြောသွားသူကတော့ ကနေဒီယမ်တစ်ဦးဖြစ်သူ ဖရင့်ဘိုရစ်ဆာ (Frank Bourassa) ဖြစ်ပါတယ်။ သူဟာ ငယ်စဉ်ဘဝက ကောင်းမွန်တဲ့ ကျောင်းသားဘဝကို မဖြတ်သန်းခဲ့ရဘူး။ အလယ်တန်းကျောင်းမှာ သူခိုးလက်ခံ ပစ္စည်းတွေကို အရောင်းအဝယ်လုပ်တတ်လာတယ်။ ကလေးတွေက သူတို့ပတ်ဝန်းကျင်နဲ့ စတိုးဆိုင်တွေက အလစ်သုတ်လာတဲ့ ပစ္စည်းတွေနဲ့ ဖရင့် အလုပ်ဖြစ်လာတယ်။

အဲဒီပတ်ဝန်းကျင်ရဲ့ စောင်မမှုကြောင့် အသက် ၁၅ နှစ်မှာ ကျောင်းထုတ်ခံရတယ်။ ဒါလည်း သူ မမှုဘူး။ ကားသူခိုးတွေနဲ့ အလုပ် ဆက်လုပ်တယ်။ ကားစက်ပြင် ဝပ်ရှော့ဆရာတစ်ယောက်အနေနဲ့ ကောင်းရောင်းကောင်းဝယ်လုပ်ဖို့ ကြိုးစားသေးတယ်။ အဆင်မပြေဘူး။ စိတ်ပျက်လာတယ်။

ကိုယ်ပိုင် အလုပ်ရုံလေးထောင်ပြီး ဘီရိတ်ရှူးထုတ်ရောင်းသေးတယ်။ နောက်ပိုင်း ကျန်းမာရေးအရ ဆရာဝန်ပြကြည့်တဲ့အခါ သူ သိပ်ပင်ပန်းပြီး လက်တုန်တဲ့ ရောဂါရလာတယ်။ ဒါနဲ့ရှိတာလေး အကုန်ရောင်းစားပြီး ဥရောပတစ်ခွင်ကို ခရီးထွက်တယ်။ အဲဒီမှာ ကလေးရှိတဲ့ သူ့ရည်းစားနဲ့ ဆုံခဲ့တယ်။

ခရီးကပြန်လာပြီး သူ မကောင်းတာ လုပ်ပြန်တယ်။ သူ့စိတ်ထဲမှာ ကောင်းရောင်းကောင်းဝယ်လုပ်ရင် မတိုးတက်ဘူးဆိုတာ မကောင်းတဲ့ကျောင်းက သူငယ်ချင်းတွေက ငယ်ငယ်လေးကတည်းက ဦးနှောက်ထဲရိုက်သွင်းပေးလိုက်ကြတယ်။ ဒါနဲ့ မူးယစ်ဆေးဝါး ဖောက်ကားမှုနဲ့ ထောင်သုံးလကျပြန်တယ်။ ဒီတစ်ခါတော့ အချိုးကြီးချဖို့ ဖရင့် ဆုံးဖြတ်လိုက်တယ်။

သူ လေ့လာခဲ့သမျှ ဥရောပနိုင်ငံတွေမှာ အမေရိကန်ဒေါ်လာ သုံးစွဲမှုများတာကို သိလာတယ်။ ခက်တာက အရွက်ကြီးတွေဆို လူတွေက မီးရောင်ထဲထောင်ကြည့်ရတာနဲ့၊ အကဲဖြတ်ဘောပင်နဲ့ စမ်းကြည့်ရတာနဲ့၊ လေဆာရောင်ခြည်စက်နဲ့ စမ်းကြည့်ရတာနဲ့ ရှုပ်နေတာပဲ။ အဲဒီစက်တွေအားလုံးကို လွတ်တာ ၂၀ တန်ဒေါ်လာ…။

ဒါနဲ့ တယ်လီဖုန်းအကြိမ် ၁၀၀ ကျော်ဆက်ပြီး စက္ကူရှာခန်းဖွင့်တယ်။ ဥရောပတစ်ခွင် ပြုပြုစင်ရှာတဲ့အခါ သူပြောသလို ချည်သား ၇၅% နဲ့ လီနင် ၂၅% ပါဝင်တဲ့ 'အရောစပ်စက္ကူ' လို့ မေးလိုက်ရင် စက်ရုံတွေက ဖုန်းချချသွားတယ်။

ဒီစက္ကူက ကျွန်တော်တို့ မြန်မာနိုင်ငံမှာဆို ဝါဇီစက်ရုံမှာသုံးတဲ့ စက္ကူမျိုးကိုး…။ သူ့ရဲ့အမည်ခံ ထောင်ထားတဲ့ ကုမ္ပဏီအတုနာမည်နဲ့ စာချုပ်စာတမ်းထုတ်လုပ်တဲ့ စက်ရုံအတွက်ဆိုပြီး ဂျာမနီက စက္ကူစက်ရုံက သူမှာတဲ့ စက္ကူတွေရမယ်လို့ အကြောင်းပြန်တယ်။

■

'ငွေစက္ကူတစ်ခုရဲ့ အသက်က စက္ကူပဲဗျ။ အဓိက သူ့ရဲ့ကြွပ်ဆတ်မှု (Crispiness) ပဲ။ လိုချင်တဲ့ စက္ကူရရင် ဖာတ်လမ်းကပြီးပြီ။ အမေရိကန်အစိုးရစာမျက်နှာမှာ ဒေါ်လာ ၂၀ တန်မှာ ပါရှိတဲ့ လျှို့ဝှက်ချက်ကို သုံးခုပဲပြထားတယ်။ ဒါပေမဲ့ ခုနစ်ချက်ပြည့်မှ အစစ်နဲ့တူမယ်လေ' အင်တာဗျူးတစ်ခုမှာ ဖရင့်ပြောသွားတာ ဖြစ်ပါတယ်။

၁။ ကိုင်လိုက်ရင် ငွေစက္ကူအစစ်မှန်း သိလာတယ်။ (ဖောင်းကြွစာလုံးတွေ ပါတယ်။ လှိုင်းတွန့်စာတန်းတွေလည်း ပါမယ်။ ဒါနဲ့တူဖို့ ဖရင့်ဟာ စက္ကူပေါ်မှာ ဖန်တီးနိုင်ခဲ့တယ်။)

၂။ ငွေစက္ကူနံပါတ်က ယုတ္တိရှိရမယ်။ (ဖရင့်ဟာ ကွန်ပျူတာနဲ့ ဈေးကြီးကြီးပေးရတဲ့ ဆော့ဖ်ဝဲလ်အကူအညီနဲ့ မင်အစိမ်းရင့်နဲ့ အရောင်တင်လိုက်တယ်။)

၃။ လုံခြုံရေးကြိုး မှန်ရမယ်။ (စက်ရုံကမထွက်ခင် အမေရိကန်အလံငယ်ပုံနဲ့ USA TWENTY

***သူ့ရဲ့အမည်ခံထောင်ထားတဲ့ ကုမ္ပဏီအတုနာမည်နဲ့ စာချုပ်စာတမ်းထုတ်လုပ်တဲ့ စက်ရုံအတွက်ဆိုပြီး ဂျာမနီက စက္ကူစက်ရုံက သူမှာတဲ့ စက္ကူတွေရမယ်လို့***

www.burmeseclassic.com

www.burmeseclassic.com

စာတန်းသေးသေးလေး ရိုက်ထားတဲ့ လုံခြုံရေးကြိုးကို ဖရင့်က အသားတံဆိပ်လိုမျိုး တစ်ခါတည်း ရိုက်နိုင်းပါတယ်။)

၄။ စာလုံးသေးသေးလေးတွေ မှန်ရမယ်။ (အင်မတန် သေးငယ်တဲ့ ပုံနှိပ်စက်နဲ့ UNITED STATES OF AMERICA 20 USAဆိုပြီး ပါရမယ်။)

၅။ ရေစာပါရမယ်။ (သမ္မတပုံရေစာကို တံဆိပ်တုံးနဲ့ထုပါတယ်။ ကံကောင်းချင်တော့ ပုံနှိပ်တိုက်က သမ္မတဂျက်ဆင်ပုံကို အမေရိကန်ဒေါ်လာ ၂၀ တန်က သမ္မတမှန်း မသိရှာဘူး။)

၆။ မင်အကောင်းစား သုံးရမယ်။ (ငွေစက္ကူတစ်နေရာမှာ အရောင်လွင့်နေတဲ့စာလုံးမှာ မင်စာလုံးစိမ်းဟာ ကြေးနီရောင်ကို ပြောင်းသွားစေပါတယ်။)

၇။ မှန်ကန်တဲ့စက္ကူ။ (ချည်သားနဲ့ လီနင်ရောထားတဲ့ စက္ကူကို စက်ရုံတွေက ငွေစက္ကူအတုလုပ်တဲ့ စက္ကူမှန်းသိကြတယ်။ အဲဒီလို အရောစပ်စက္ကူကို လိုချင်တယ်လို့ မေးတာနဲ့ အိမ်ရှေ့မှာ ရဲက တံခါးလာခေါက်ပြီပဲ။)

ဖရင့်ဟာ ပထမဦးဆုံး ဒေါ်လာ ၂၀ တန် အထုပ်လိုက်ကြီးကို ဈေးဦးပေါက်ဖို့ ဒုစရိုက်သားတွေနဲ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ရာဇာတွေကို ဆက်သွယ်တယ်။ ဒါပေမဲ့ သူတို့က မဝယ်ရဲဘူး။ နောက်ပိုင်း နမူနာပြရင်း ဖရင့်ရဲ့ ၂၀ တန်ဟာ အမေရိကန်ဒေါ်လာ ၂၀ နဲ့ လုံးဝ ချွတ်စွပ်တူတာကို သိလာတော့ ငွေစက္ကူတန်ဖိုးရဲ့ ၃၀% ဈေးနဲ့ အရောင်းအဝယ်ဖြစ်လာတယ်။

ပထမတော့ တစ်သိန်း၊ နောက်တော့ နှစ်သိန်းခွဲ၊ နောက်ပိုင်း ငါးသိန်းနဲ့ နောက်ဆုံးမှာ တစ်ခါယူရင် ဒေါ်လာ တစ်သန်းအထိ ဖြစ်လာတယ်။ ဒါနဲ့ သူရင်းထားတဲ့ ဒေါ်လာ သုံးသိန်း အရင်းကျေတဲ့အခါ သိပ်မကြာဘူး။ လည်လွန်းတဲ့ဘီး ချေးနင်းဆိုသလို၊ ဝယ်သူယောင်ဆောင်ထားတဲ့ ရဲနဲ့တွေ့ပြီး နံနက်အစောကြီး ဖရင့်ကို ဝင်ဖမ်းတာပါပဲ။

အမှန်က ဖရင့်က လူပါး…။ ဘယ်လောက်အထိ အတွက်အချက် ကောင်းသလဲဆိုရင်…

ငွေစက္ကူအတုအစစ် စစ်တဲ့စက်တွေလွှင့်ဖို့ ၂၀ တန်ဒေါ်လာကို ရွေးခဲ့တယ်။

တကယ်ဖြစ်လာရင် ပြစ်မှုမကြီးအောင် ဒီကိစ္စကို အမေရိကန်နိုင်ငံအတွင်းမှာ မလုပ်ဘူး။

သူလုပ်ထားတဲ့၊ အစစ်နဲ့ခွဲမရတဲ့ ဒေါ်လာ ၂၀ တန်တွေကို အမေရိကန်နိုင်ငံပြင်ပမှာသာ ရောင်းတယ်။

ရောင်းတဲ့ဈေးက သူခိုးဈေးထက် ပေါတယ်။ (အစစ် ၃၀ ကို ဖရန့်ရီကန် ၁၀၀ ရမယ်။)

ထုတ်ပြီးသား ငွေစက္ကူတွေကို နေရာခွဲထားတယ်။

အမှုရင်ဆိုင်ရပြီလည်း ဆိုရော၊ ဖရင့်ကို သူ့ရှေ့နေက ဒီအတိုင်းသာ အမှုစွဲတင်ခံရရင် အနှစ် ၆၀ လောက် ထောင်ကျမယ်လို့ တွက်ပြတယ်။ တစ်ဖက်မှာလည်း ရှာဖွေပုံစံနဲ့ သိမ်းထားတဲ့ ငွေစက္ကူအတုတွေကို ကနေဒါရဲတွေနဲ့ အမေရိကန်ထောက်လှမ်းရေးတွေက ဘယ်စက်အကူအညီနဲ့မှ အစစ်နဲ့အတု မခွဲခြားနိုင်ဘူးဖြစ်နေတယ်။ ကျွမ်းလှပါတယ်ဆိုတဲ့ ကနေဒါငွေစက္ကူအတု ကာကွယ်ရေးအရာရှိတွေကိုယ်တိုင် မျက်စိလည်သွားလောက်အောင် ဖရင့်ရဲ့ ဒေါ်လာ ၂၀ တန်က သိပ်ကောင်းလွန်းနေတယ်။

ပြီးတော့ ဖရင့်က ကနေဒါရဲ့ဥပဒေဟာ အမေရိကန်ထက် ပျော့ပျောင်းတယ်ဆိုတာ သိထားတယ်။ တကယ်ကျမယ့်ကျရင် အမေရိကန်ထက် ကနေဒါမှာကျတာက ၁၀ ပုံမှာ ၉ ပုံလောက် သက်သာတာကို သူ အသေအချာ တွက်ချက်ထားတယ်။

နောက်ဆုံးမှာ သူ့ရှေ့နေကိုယ်တိုင် အံ့ဩရလောက်အောင် အစိုးရရှေ့နေကို စကားတစ်ခွန်းပြောခိုင်းလိုက်တယ် 'ငွေစက္ကူတွေက ဒီလောက်မကဘူး။ ရိုက်ပြီးသား နောက်ထပ် သန်း ၂၀၀ ရှိသေးတယ်လို့ ပြောလိုက်' ဆိုပဲ…။

နောက်ပိုင်း အကြိမ်ကြိမ် ညှိနှိုင်းမှုတွေအပြီးမှာ လက်ဝယ် မူးယစ်ဆေးဝါးပိုင်ဆိုင်မှုအတွက် ကနေဒီယမ်ဒေါ်လာ ၁၃၅၀ ဆောင်ရတယ်။ တခြား ဘာပြစ်မှုမှ အစွဲမခံရတော့ဘူး။ ကွင်းလုံးကျွတ် လွတ်သွားတယ်။

*တစ်ဖက်မှာလည်း ရှာဖွေပုံစံနဲ့ သိမ်းထားတဲ့ ငွေစက္ကူအတုတွေကို ကနေဒါရဲတွေနဲ့ အမေရိကန်ထောက်လှမ်းရေးတွေက ဘယ်စက်အကူအညီနဲ့မှ အစစ်နဲ့အတု မခွဲခြားနိုင်ဘူး*



www.burmeseclassic.com

www.burmeseclassic.com

စုစုပေါင်း ဖရင့် အချုပ်ကျခဲ့တာ သီတင်းခြောက်ပတ်…။

ဒီလိုဖြစ်ဖို့ ဖရင့်ဘက်က ပြန်လုပ်ပေးရမှာက သူ ဖွက်ထားတဲ့ အသင့်သုံးဖို့ ရိုက်ပြီးသား ငွေစက္ကူအတု အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကို အပ်ပေးဖို့ပါတယ်။ (စုစုပေါင်း သန်း ၂၅၀ ရိုက်ခဲ့တာပါ။) ဒါ့အပြင် အဆင့်မြင့် ပုံနှိပ်စက်နဲ့ ဆက်စပ်ပစ္စည်းတွေ သာမက ငွေစက္ကူအတု ထုတ်ရာမှာသုံးတဲ့ ပလိပ်ပြားတွေ၊ မင်တွေနဲ့ ကုန်ကြမ်း ပစ္စည်းတွေ အကုန်အပ်ရမယ်။ အစိုးရနဲ့တောင် အပေးအယူ လုပ်ရဲတဲ့ ဖရင့်…။ သိပ်ကြောက်ဖို့ကောင်းတဲ့ ဖရင့်…။ မကောင်းမှုကျူးလွန်ရာမှာ အရမ်းတော်တဲ့ ဖရင့်…။ ဆင်ကြံကြံတဲ့ ဖရင့်…။

နောက်ဆုံးမှာ ဒီလိုငွေစက္ကူအတု ထပ်မလုပ်ဖို့ ကနေဒါအစိုးရကို ဖရင့် လက်မှတ်ထိုးပေးရသလို၊ ဒီလို ကိစ္စတွေကနေ ဝေးဝေးနေဖို့ သူ ကတိပြုရတယ်။ လွတ် လပ်သွားတဲ့ဖရင့် သွားလေရာ ပေ ၁၀၀ အတွင်း နောက် ယောင်ခံရဲတစ်ယောက် အမြဲရှိနေတယ်။ သူလုပ်သမျှကို ထောက်လှမ်းရေးဌာနကို အမြဲသတင်းပို့တာကို ခံနေရ တယ်။

နောက်ပိုင်းမှာ Google က ဟက်ကာတစ် ယောက်ကို အလုပ်ခန့်တဲ့ နမူနာကိုယူပြီး ဖရင့်ဟာ ငွေစက္ကူ အတု ကာကွယ်ရေးအကြံပေးကုမ္ပဏီကို ထူထောင်ပါ တယ်။ ဒီလုပ်ငန်းကနေ ဖရင့်ဟာ အခု လူလိုသူလို နေနိုင် ပြီး သန်းကြွယ်သူဌေး ဖြစ်နေပါပြီ။ လူတကာ နှာခေါင်း ရှုံ့ခံရတဲ့ဘဝ၊ အမှားတစ်ခုခု ကျူးလွန်ဖို့ စောင့်နေတဲ့ မျက်စိ ဒေါက်ထောက် အကြည့်ခံရတဲ့ဘဝကနေ ဖရင့် လွတ်ပါပြီ။

အခုဆိုရင် ထုတ်ဝေသူတစ်ဦးကနေ ဖရင့်ကို ဆက်သွယ်ပြီး စာအုပ်ထုတ်ဖို့ လုပ်နေသလို၊ ၂၀၁၆ နှစ်ကုန်ပိုင်းမှာ ထုတ်ဝေနိုင်ဖို့ စီစဉ်ထားတယ်လို့လည်း သိရတယ်။ ဖရင့်ကို အင်တာဗျူးချင်သူများသလို၊ ဟောလီ ဝုဒ်က ရုပ်ရှင်အဖြစ် အသက်သွင်းဖို့ ကြံစည်နေသူတွေ လည်း ရှိနေပါပြီ။ အဲဒီစာအုပ်ကိုဖတ်၊ နောက်ရိုက်မယ့် ရုပ်ရှင်ကိုကြည့်ပြီးမှသာ ပိုပီပြင်တဲ့ ဖရင့်ရဲ့ ဇာတ်ကြောင်း ကို သိရမှာ ဖြစ်ပါတယ်။

အင်တာဗျူးတစ်ခုမှာ 'ခင်ဗျား ရိုက်ခဲ့တာ ဒေါ်လာ သန်း ၂၅၀။ အပ်တာက ဒေါ်လာ တစ်သန်း မပြည့်တပြည့်။ ကျန်တဲ့ သန်း ၄၀ ကျော် ဘယ်ရောက် သွားသလဲ'ဆိုတဲ့ မေးခွန်းကို ဖရင့်ဖြေပုံက ကြည့်ဦး လေ…။

ဘယ်လောက် လိုနေသလဲဆိုတာ ခင်ဗျားတို့ ဘာသာ တွက်ကြည့်ကြပေါ့။ အဲဒီ ၂၀ တန်တွေကို ကျွန်တော် ရောင်းစားချင်လည်း ရောင်းစားခဲ့မယ်။ ရောင်း ချင်မှလည်း ရောင်းခဲ့မိလိမ့်မယ်။ မသေချာဘူး' တဲ့ လေ…။

ကမ္ဘာပေါ်မှာ အများဆုံး ဖရန့်ရီကန် ဒေါ်လာ သန်း ၂၅၀ အမှု ဖတ်ကြည့်ပြီး ကျွန်တော်ရဲ့ချစ်မိတ်ဆွေ စာဖတ်ပရိသတ်တွေ ဘာသင်ခန်းစာရယူနိုင်ပါသလဲ။

ငွေစက္ကူစစ်ဖို့ မျက်လုံးနဲ့ ကြည့်ရုံနဲ့မရသလို၊ စက်တွေလည်း မတိုးနိုင်တော့ပါဘူး။ ဒါ့အပြင် ကမ္ဘာ့ အပြင်ထွက်မယ့် မြန်မာတွေကိုင်တဲ့ ဒေါ်လာ ၂၀ တန် တွေကြားမှာ အစစ်နဲ့ချွတ်စွပ်တူတဲ့ ဖရန့်ရီကန် ၂၀ တန် တွေ တွေ့နိုင်တယ်ဆိုတဲ့ အချက်ပါ ထည့်စဉ်းစားရပါ တော့မယ်။

ဖရင့်ပြောပြတဲ့ ဇာတ်လမ်းထဲမှာ သူ့မိဘအ ကြောင်း မပါပေမယ့် မှန်းဆကြည့်နိုင်ပါတယ်။

တကယ်ဆို ဖရင့်ဟာ ငယ်ငယ်တုန်းက ကောင်း မွန်စွာ ကြီးပြင်းခဲ့တဲ့ ကျောင်းသားလူငယ်တစ်ဦး ဖြစ်ခဲ့ဖို့ ကောင်းတယ်။ ဆယ်နှစ်ကျော်တက်ခဲ့တဲ့ ကျောင်းဟာ လူငယ်တစ်ယောက်ရဲ့ အနာဂတ် ကောင်းမကောင်းဆိုတာ အတပ်မပြောနိုင်ပေမယ့် လမ်းမှန်ပေါ်ရောက်အောင် 'ကျောင်း' ပေးနိုင်ပါတယ်။

ဒါကြောင့် ကျွန်တော့်စာကို ဖတ်ရှုကြတဲ့ ချစ် မိတ်ဆွေ၊ စာဖတ်ပရိသတ်တွေကိုလည်း အလုပ်များတယ် … မအားဘူး… အချိန်မရှိဘူးလို့ လူ အထင်ကြီး ယုံကြည် လောက်အောင် ဆင်ခြေတွေမပေးကြဘဲ မိမိသားသမီးတွေ နဲ့ ရင်ဘတ်ချင်း နီးစေချင်ပါတယ်။

ငယ်ရွယ်တုန်း ငွေကို တလွဲရှာတတ်ရင်၊ ကြီး လာရင် မိမိသားသမီးဟာ လမ်းမှန်ပေါ်ရောက်ဖို့ မကျိန်း သေတော့ပါဘူး။ လွယ်လွယ်ရလေ၊ ရှာကောင်းလေမို့ စည်းကမ်းနဲ့လမ်းမှန်ကို မိမိကလေးတွေ 'မြင်ဖို့'၊ 'သိဖို့'၊ 'ကြားဖို့' လူကြီးမိဘတွေကိုယ်တိုင်က သင်ကြားပေးဖို့

*နောက်ပိုင်းမှာ Google က ဟက်ကာတစ်ယောက်ကို အလုပ်ခန့်တဲ့ နမူနာကိုယူပြီး ဖရင့်ဟာ ငွေစက္ကူအတု ကာကွယ်ရေးအကြံပေးကုမ္ပဏီကို ထူထောင်ပါတယ်*



www.burmeseclassic.com

www.burmeseclassic.com

လိုပါတယ်။

အကြောင်းရင်းကတော့ 'သားသမီးတွေ၊ ဘာဖြစ်ဖြစ် မိဘတွေက အရင်သိတာ ဖြစ်ဖို့ပါပဲ'

■

'ဂျီ'

'မိန်းမရေ… ဒီမှာလာကြည့်ဦး။ မင်း သားတော့ ထောင်ကျတော့မယ်'

'ရှင်တို့သားအဖ ဘာဖြစ်နေတာလဲ။ အလန့်တကြားနဲ့'

'ဒီမှာလေ… ဒေါ်လာ တစ်သိန်း။ သူ့ဘဏ်စာအုပ်ထဲ ရောက်တယ်လေ။ သူ့လို ၁၆ နှစ်သားကျောင်းသားတစ်ယောက်က ငွေတစ်သိန်း ဘယ်ကရမှာတုံး'

'သား… ရှင်းပြမယ် ပါပါ'

'လွန်ခဲ့တဲ့ ခြောက်လလောက်ကတည်းက သားအခန်းထဲမှာ အလုပ်တွေရှုပ်နေတာ မြင်တယ်မဟုတ်လား' လို့ ကျွန်တော်ကပြောတော့-

'ဟုတ်တယ်လေ… ကျောင်းစာကို မထိခိုက်မချင်း ကြိုက်တာလုပ်လို့ ပြောခဲ့သားပဲ။ ဒါနဲ့ ဒီငွေက ဘာဆိုင်လို့လဲ'

ပါပါက ရင်ဘတ်ကို လက်နဲ့ရိုက်ပြီး စိတ်မရှည်စွာ ဆက်မေးပါတယ်။ ကျွန်တော်က-

'ဒေါ့ကွန်းစီးပွားရေး dot-com Market ကို သား လုပ်နေတာကြာပြီ ပါပါရဲ့။ အသက်ငယ်တဲ့ သူဌေးလေးတွေကိုကြည့်ပြီး သား သိပ်အားကျတာပဲ။ သူတို့ ဘယ်လို သူဌေးဖြစ်လာတယ်ဆိုတာ လအတော်ကြာ သား လေ့လာခဲ့တယ်'

'အဲဒီမှာ နှစ်ချက်နှိပ်ရတဲ့ မောက်စ်ခလုပ် (Double Click) ကို သား သွားတွေ့တယ်။ သားရဲ့အာရုံကို သိပ်ဖမ်းစားတယ်။ ဒါနဲ့ ဒါကိုလုပ်မယ်ဆိုပြီး အိပ်ခန်းထဲမှာ ခြောက်လ ကြာအောင် တည်ဆောက်ခဲ့တယ်'

'ပါပါတို့ကို နားလည်အောင် ပြောရရင် အင်တာနက် (World Wide Web) မှာ ကြော်ငြာချင်ရင် ပိုက်ဆံပေးရတယ်။ အခု အင်တာနက်က ပေါ်ခါစ၊ လူတွေက အသစ်အဆန်းဖြစ်လို့ ပိုသုံးလာကြတယ်။ ထပ်ပြီးလည်း တွင်ကျယ်လာလိမ့်ဦးမယ်။

ဒါကြောင့် ကြော်ငြာတွေလက်ခံတဲ့ အင်တာနက်ကုမ္ပဏီကို အင်္ဂလန်က ပရိုဂရမ်မာတစ်ယောက်နဲ့ ပေါင်းရေးပြီး သား ထောင်လိုက်တာ။ အခု ဒီငွေတွေက ကြော်ငြာခကနေရတဲ့ ငွေတွေပါ' လို့ ကျွန်တော်ရှင်းပြတာ နားထောင်ပြီး ပါပါက-

'ငါ့မှာတော့ သားသမီးတွေကို ဆရာဝန်ဖြစ်မလား၊ အင်ဂျင်နီယာဖြစ်မလားလို့ အရိပ်တကြည့်ကြည့်နဲ့' လို့ သက်ပြင်းချပြီးပြောတော့ ကျွန်တော်က-

'ဒါက ပိုကောင်းတယ် ပါပါ။ သား ကတိပေးပါတယ်။ ဒါ ပိုသေချာတယ် '

'ဒါပေမဲ့ သားမှာ အဖေဆီက တောင်းဆိုစရာတစ်ခုရှိတယ်' လို့ ကျွန်တော်ကပြောတော့ အံ့သြသွားတဲ့အဖေက 'ဘာလိုချင်တာလဲ သား' လို့ အသက်ပြင်းပြင်းရှူထုတ်ရင်း မေးတယ်။ ကျွန်တော်ပြောလိုက်တာက……

'သားကို ကျောင်းထုတ်ပေးပါ… ပါပါ'

'ဘယ်လို'

'ဟုတ်တယ်… ပါပါ။ သား Double Click အတွက် အချိန်ပြည့် အလုပ်လုပ်ရမယ်။ သားကျောင်းတက်နေရင်း လုပ်လို့မရတော့ဘူး။ ဒါကြောင့် ကျောင်းအုပ်ကြီးဆီမှာ ပါပါ လိုက်ပြောပေးရင်း သားကို ကျောင်းထုတ်ပေးပါနော်… ပါပါနော်'

အဲဒီကိစ္စ ပေါ်ပေါက်သွားပြီး နောက် နှစ်ရက်မှာ ကျောင်းအုပ်ကြီးရှေ့မှာ ကျွန်တော့်လက်ကိုဆွဲပြီး ကျောင်းအုပ်ကြီးကို ကျွန်တော့်သား ကျောင်းစာကိုဝါသနာမပါလို့ ကျောင်းနားခွင့်ပြုပါလို့ ကျောင်းလိုက်နုတ်ပေးပါတယ်။ အဲဒီကအပြန် အဖေ့နားက သိပ်တန်ဖိုးရှိတဲ့ စကားတစ်ခွန်း ကြားခဲ့ရတယ်…။

'ပါပါ သားကိုယုံတယ်။ ဘာဖြစ်လို့လဲဆိုတော့ သားရဲ့မျက်လုံးထဲမှာ ကိုယ့်ဟာကိုယ် အင်မတန် ယုံကြည်နေတဲ့ အလင်းရောင်တွေကို မြင်နေရလို့ပဲ'

နွေရာသီအလယ်ကို ရောက်လာတဲ့အခါ ကျွန်တော်ပေးခဲ့တဲ့ ကတိအတိုင်း ခြောက်လ နောက်ပိုင်းမှာ ကျွန်တော့်ဝင်ငွေဟာ တစ်လကို ဒေါ်လာ ၃၀၀၀၀၀ ရှိလာခဲ့တယ်။

*သား Double Click အတွက် အချိန်ပြည့် အလုပ်လုပ်ရမယ်။*
*သားကျောင်းတက်နေရင်း လုပ်လို့မရတော့ဘူး*

www.burmeseclassic.com

www.burmeseclassic.com

နှစ်နှစ်လောက်ကြာတဲ့အခါ တီတီကျကျပြောရရင် ကျွန်တော့်ရဲ့ အသက် ၁၈ နှစ်ပြည့် မွေးနေ့ကျော်တာနဲ့ ကျွန်တော့်ဘဝမှာ အထင်ကရဖြစ်စေတဲ့ ကိစ္စကြီး တစ်ခုကို လုပ်နိုင်ခဲ့တယ်။

အဲဒါကတော့ ၁၆ နှစ်သား၊ ကျောင်းသား ကျွန်တော် ထောင်ထားတဲ့ကုမ္ပဏီကို ဒေါ်လာသန်း ၄၀ နဲ့ ရောင်းပြနိုင်ခဲ့တယ်လေ…။ သူ့နာမည်က 'ကဘား ရှဟား - Gurbaksh Chahal'လို့ ခေါ်ပါတယ်။ အိန္ဒိယ နိုင်ငံ၊ ပန်ဂျပ်ပြည်နယ်မှာမွေးပြီး မွေးချင်း လေးယောက်မှာ အငယ်ဆုံးပါ။ သမီး နှစ်ယောက် ထိပ်ကပိတ်မွေးခဲ့လို့ အမျိုးတွေကြားမှာ မျက်နှာမလှခဲ့တဲ့ သူ့မိဘတွေဟာ သူ့အစ်ကို တပ်ချ် (Taj) ကိုမွေးမှ လူရာဝင်ခဲ့တယ်။

ဒါကြောင့် အငယ်ဆုံးသား 'ကဘား'ကိုမွေးတော့ နောက်ဆုံးပိတ် အိတ်နဲ့လွယ်ဆိုသလို၊ ပန်ချာပီဘာသာစကားနဲ့ ဘုရားပေးတဲ့ဆုလို့ အဓိပ္ပာယ်ရတဲ့ Gurbaksh လို့ အမည်ပေးခဲ့တယ်။ သူ့ကို အိမ်မှာ G လို့ခေါ်ရာကနေ နောက်ပိုင်း သူဌေးဖြစ်လာတော့လည်း သူက ဒီနာမည်ဆက်ယူခဲ့တယ်။

G ကိုမွေးပြီး နှစ်နှစ်ကြာတော့ အမေရိကားမှာ သူနာပြု အလွန်အမင်း လိုအပ်နေချိန် ဖြစ်နေတယ်။ အဲဒီအချိန်မှာ G ရဲ့အဖေက အမေရိကန်သွားဖို့ လုပ်ပေးတဲ့ ကံစမ်းမဲ အစီအစဉ်တစ်ခုကနေ ဗီဇာလျှောက်လိုက်တာ ကံကောင်းထောက်မစွာ ရသွားတယ်။ ဒါနဲ့ သူတို့မိသားစု အမေရိကန်ရောက်ခဲ့တယ်။ အစပိုင်း လူကြီးနှစ်ယောက် အရင်သွားပြီး ဆန်ဖရန်စစ္စကိုနားမှာ နေထိုင်တယ်။

နောက်တော့ သူငယ်ချင်းအိမ်က ပြောင်းလို့ ဆီလီကွန်တောင်ကြားရဲ့ မြို့တော်ဆန်ဟိုဆေး (San Jose) မြို့မှာ အခြေချတယ်။ ပြီးတော့ သူနာပြုအလုပ်ဝင်နေတဲ့ G ရဲ့ အမေက အိန္ဒိယပြည်ကိုပြန်ပြီး ကလေးတွေကိုပြန် သွားခေါ်တယ်။ ကျောင်းထားတယ်။ အထက်တန်းမပြီးခင် G က အိပ်ခန်းထဲကနေ ကျိတ်ကြံပြီး ဒေါ်လာ သိန်းချီ ရှာနိုင်တယ်။ ဇာတ်လမ်းအတိုချုံးက ဒီလောက်ပါပဲ…။

လူ့ဘဝမှာ ဝန်ထမ်းဘဝနဲ့ သူများအလုပ်လုပ်တာကလွဲရင် တက်လမ်းဆိုတာရှိတယ်။ အကျလမ်းဆိုတာ ရှိပြန်တယ်။ ဒါကြောင့် အသက်ငယ်ငယ် ၁၆ နှစ်အရွယ်နဲ့ လမ်ဘိုဂီးနီပြိုင်ကားဝယ်စီးခဲ့ပြီး သူ့အဖေ အိမ်ကြွေးဆပ်ပေးခဲ့တဲ့ G ဟာလည်း ဘယ်ပြေးလွတ်မါမလဲ…။

နောက်ပိုင်း တစ်ရှိန်ထိုးအောင်မြင်လာတဲ့ G ဟာ သုံးနှစ်အတွင်း BlueLithium အမည်ရတဲ့ အင်တာနက်ကုမ္ပဏီထောင်ပြီး ကနဦး အင်တာနက်ကုမ္ပဏီကြီး Yahoo ကို ဒေါ်လာသန်း ၃၀၀ နဲ့ ၂၀၀၇ ခုနှစ်မှာ ရောင်းချနိုင်ခဲ့တယ်။

နောက်ပိုင်း အောင်မြင်တဲ့ သက်တမ်းတစ်လျှောက် GWallet, RadiumOne, MingleNow နဲ့ Gravity4 စတဲ့ ကုမ္ပဏီတွေ တစ်ခုပြီးတစ်ခုထောင်ပြီး အောင်လံတလူလူ လွှင့်နိုင်ရုံမက လူအများကိုကူညီဖို့ 'ရှဟားဖောင်ဒေးရှင်း (Chahal Foundation)' ကို ထောင်ထားပြီး ငွေကိုရေလို သုံးနိုင်သော်လည်းပဲ လူ့စည်းကမ်းဘောင် နည်းနည်းကျော်တာနဲ့ ( -G ) ဇာတ်လမ်း စတော့တာပါပဲ…။

အခုဆိုရင် G ဟာ ချစ်သူမိန်းကလေးကို တစ်နာရီအတွင်း ၁၁၇ ချက် ကန်ကျောက်မှုနဲ့ တရားစွဲဆိုခံရတာကနေ ပြီးခဲ့တဲ့အပတ်က ပြစ်ဒဏ် တစ်နှစ်ထောင် အကျဉ်းကျခံဖို့ တရားရုံးက အမိန့်ချပါတယ်။

G ရဲ့ နိုင်ငံကူးလက်မှတ်ကို ဆိုင်းငံ့ထားလိုက်ပြီး နောက်ဆုံးထောင်တဲ့ Gravity4 ကုမ္ပဏီရဲ့ CEO ရာထူးကိုလည်း သူ့အစ်မကို လွှဲပေးရတော့မှာပါ။

တခြားကိစ္စတွေထဲမှာ အရင်က ဝန်ထမ်းတစ်ယောက်ကို လစာမပေးဘဲ မှားယွင်းစွာ အလုပ်ထုတ်မိလို့ တရားပြန်အစွဲခံရတဲ့အမှုကို ရင်ဆိုင်ဖို့ စောင့်နေရတဲ့ အဖြစ်မျိုးကလည်း G မှာ ရှိပါသေးတယ်။

သူ့အစ်ကိုထောင်ခဲ့တဲ့ Planet Bollywood စားသောက်ဆိုင်ကြီးဟာလည်း G ကြောင့် မီးလောင်ပြာကျသွားခဲ့ရတယ်။

အခုဆို ဆန်ဖရန်စစ္စကို ရှေ့နေများရုံးက G ရဲ့ လက်ရမ်းကြမ်းတမ်းမှုနဲ့ ကိုယ်ထိလက်ရောက်မှုတွေကြောင့် အမှုပေါင်း ၄၅ ခု ဖွင့်ထားတယ်လို့ ဆိုပါတယ်။ ဒီလောက်အောင်မြင်ပြီး ၂၀၁၃ ခုနှစ်မှာ 'တစ်နှစ်တာအတွက် အတော်ဆုံး စွန့်ဦးလုပ်ငန်းရှင်ဆု Entrepreneur of the Year ဆု' ရခဲ့တဲ့ အမေရိကန်ပြောင်းရွှေ့

*အခုဆိုရင် G ဟာ ချစ်သူမိန်းကလေးကို တစ်နာရီအတွင်း ၁၁၇ ချက် ကန်ကျောက်မှုနဲ့ တရားစွဲ ဆိုခံရတာကနေ ပြီးခဲ့တဲ့အပတ်က ပြစ်ဒဏ် တစ်နှစ်ထောင် အကျဉ်းကျခံဖို့*



www.burmeseclassic.com

www.burmeseclassic.com

အရှုရှုငယ်တစ်ဦးဟာ ဘာကြောင့် ထောင်နန်းစံဖို့ ဖြစ်လာရပါသလဲ။

ရှင်းပါတယ်…။ ဆင်းရဲမှုဒဏ်ရဲ့ ချိုမြိန်မှုနဲ့ အောင်မြင်မှုသုခရဲ့ ခါးသီးမှုကို မျှခြေမဆွဲနိုင်တာကြောင့်လို့ မြင်မိပါတယ်။

အခုဆိုရင် ဆီလီကွန်တောင်ကြားမှာ ဒီကိစ္စဟာ ဟောလီဝုဒ်စတားတွေထက် ပြောသမားများနေပါပြီ။

ချစ်မိတ်ဆွေများအနေနဲ့ ငွေကြောင့် လူ့ဘဝ ဘယ်လိုအောင်မြင်တယ်… ဒီငွေကြောင့်ပဲ သူတို့ရဲ့ဘဝ ဘယ်လို ထိခိုက်သွားနိုင်တယ်ဆိုတာ G အကြောင်းကို ဖတ်ရင်း လူ့စည်းကမ်းကို ကြာကြာထိန်းတတ်ဖို့ မိမိကိုယ်တိုင် သင်ကြားရမှာဖြစ်ကြောင်း သင်ခန်းစာယူနိုင်ကြောင်းပါဗျား…။

■




thebookhouse စာအုပ်တိုက်မှ ရရှိနိုင်သော စာအုပ်များ
၀၉၉-၇၉ ၆၀ ၆၀ ၁၀
၀၉၉-၇၉ ၆၀ ၆၀ ၂၀
www.facebook.com/thebookhouse.tbh
www.facebook.com/reallivesrealstories
the bookhouse

www.burmeseclassic.com





**ရိုးမှဆန်းတယ်**

အဓိပ္ပာယ်တစ်စုံတစ်ရာ၊ ခြေခြေမြစ်မြစ်ရှိတဲ့ အကြောင်းကိစ္စထဲမှာ ထဲထဲဝင်ဝင် ပျော်ဝင်ကျွံနှစ်ဖူးပါသလား။ အထူးသဖြင့် "ဒါဟာမြန်မာ၊ ဒါဟာဗမာ"လို့ တန်းခနဲ လက်ညှိုးထိုး၍ ပြနိုင်လောက်သည့် ဓလေ့ရိုးရာ၊ ယဉ်ကျေးမှု၊ အနုပညာ စသည်စသည် တန်ဖိုးကြီးသည့် တစ်စုံတစ်ရာထဲမှာ။

ခေတ်အလျှင်ကြီးက တစ်ဟုန်ထိုး ရှေ့သို့ချီ။

ကမ္ဘာပြုခြင်းလှိုင်းများက တဝုန်းဝုန်း ရိုက်ခတ်။ ခေတ်မီခြင်း၊ ခေတ်ဆန်ခြင်း၊ ခေတ်ပြိုင် လူမှုဓလေ့အသစ်အသစ် များစွာက နိုင်ငံ၊ လူမျိုးတို့၏ ပင်မရေစီးယဉ်ကျေးမှုများစွာကို ခန်းခြောက်နွမ်းရော်စေလျက် ရှေ့သို့သာချီ။

ခေတ်လူတို့က မြန်မာပီပီ၊ မြန်မာဆန်ဆန် မြန်မာ့ဓလေ့ထုံးတမ်းများနှင့် ယဉ်ပါးပွန်းတီးရမည်ကိုပင် ရှက်ရွံ့သိမ်ငယ်နေတတ်ကြသောခေတ်။ ရှေးမြန်မာမှုများကိုဆိုလျှင် အန်းဒိတ်ကြီးတွေပါကွာ၊ ခေတ်ခွေး၊ ခေတ်ဟောင်းနေပါပြီဟု ပြက်ရယ်ပြု ရယ်သွမ်းသွေးတတ်ကြသောကာလ။ မြန်မာပီရမည်ကိုပင် မျက်နှာအောက်ချ ရှက်စနိုးကြသောအချိန်။

အရိုးကိုသာမက ပင်စည်ပင်မကိုပါ အရွက်တို့က ဖုံးလွှမ်းဝါးမျိုပစ်နေသော အကာလခေတ်ဆိုးကြီး။

သည်အချိန်မျိုးမှာ…။

# လက်ဆုပ်ဖြေလွှမ်းချင်း

ဇေယျမင်းသျှင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ရိုးရာ နက္ခတ်ဗေဒင်ပညာအကြောင်းတွေထဲ ဝင်စားပျော်ဝင်နေမိရသဖြင့် မြန်မာဘာလဲ၊ မြန်မာဘယ်လဲကို ဖျတ်ခနဲ တွေ့လိုက်မိရ။

အလို…လုလင်တို့၊ လုံမတို့၊ မြန်မာပျိုတို့။

ရိုးမှ ဆန်းသတဲ့ဗျို့။

ဟောင်းတတ်ရင် သစ်သတဲ့ဗျို့။

ပင်အိုဟောင်းက ပုရစ်ဖူးသစ်တွေ ဝေနိုင်၊ လှပစည်ပင်နိုင်သတဲ့ဗျို့။

မြန်မာစစ်၊ မြန်မာပီမှ မြန်မာသစ်တို့ ထွန်းပေ၊ သစ်ပေလိမ့်။

"ဒီကနေ့ခေတ်၊ ဒီကနေ့အခါမှာ ကြီးကြီးငယ်ငယ် ဆန်းမှု၊သစ်မှု သည်းသည်းလှုပ်ဖြစ်တတ်ကြပေမဲ့လည်း တကယ့်တကယ် တန်ဖိုးကြီးတဲ့ ပညာရပ်ကြီးတွေက ရိုးတဲ့ ဟောင်းတဲ့ ရေခံမြေခံထဲကနေ လက်တစ်ဆုံး နှိုက်ယူကြရပါတယ်။ မြန်မာ့နက္ခတ်ဗေဒင်ပညာက ရိုးစင်းလှတဲ့ သဘာဝတရားထဲကနေ အံ့သြရင်သပ်ဖွယ် ဟောကိန်းတွေ ကျလာအောင် ဆင်ခြင်သုံးသပ်ယူရတဲ့ ပညာရပ်ကြီးပါ။ ရိုးရိုးကလေးတည်နေတဲ့ သဘာဝရဲ့ တည်ဟန်ကြီးထဲမှာ မြုပ်နေတဲ့ ထူးဆန်းတဲ့ ဆက်နွယ်မှုတွေကို စနစ်တကျ ချဉ်းကပ် ဖော်ထုတ်ယူရတာပါ။ သီလ၊ သမာဓိ၊ ပညာ သုံးပါးလုံးစုံမှ "ထွန်း" တတ်တဲ့ ပညာပါ။ ရိုးရှင်းခြင်း၊ ဖြောင့်မတ်ခြင်း၊ ရိုးသားခြင်းမရှိဘဲ လမ်းဆုံးမရောက်တဲ့ ပညာပါ။

ဒီကနေတော့ ကျွန်တော့်ရဲ့ ပညာရှာ အတွေ့အကြုံတွေနဲ့ ကျွန်တော့်ကျေးဇူးရှင် ဆရာသခင်တွေရဲ့ အကြောင်း ပြောပြချင်တယ်။

မြန်မာ့နက္ခတ္တဗေဒပညာရှင် ဆရာဦးအေးကျော်က ခင်မင်ညွတ်နူးဖွယ် သူ့အပြုံးကလေးနှင့် စကားစသည်။

ကျွန်တော်ကဖြင့် ဝမ်းသာအယ်လဲ။

ချစ်သောမိတ်ဆွေများသို့ နှုတ်ကောင်းခွန်းမြိန် စကားတစ်ခွန်းပါးနိုင်တော့မည်။

ကျွန်တော့်ဘာသာ တိတ်တိတ်ကလေး ရေရွတ်မိ။ "လက်ဆုပ်ဖြေ ရှင်းတမ်း"။ ဟုတ်သည်လေ။ ဆရာ့ ပညာရှာဘဝ အတွေ့အကြုံများအား မကွယ်မဝှက် ဖြန့်ဖြူးဝေငပညာလက်ဆုပ်ကို ဖြေပြတော့မည်မဟုတ်လား။

"ကျွန်တော်တို့ မြန်မာ့ အနာဂတ္တိအဟောပညာ ရပ်ကြီးကို အကန့်နှစ်ကန့် ခွဲလို့ရတယ်ဗျ။ လက်ရိုးနဲ့ လက်ဆန်း။ လက်ရိုးဗေဒင်ပညာ၊ လက်ဆန်းဗေဒင်ပညာ ဒီလိုကိုး။ လက်ရိုးဆိုတာက ဇာတာစနစ်ကို အခြေခံတဲ့ နက္ခတ်ဗေဒင်ပညာပေါ့။ လက်ဆန်းပညာကျတော့ မဟာဘုတ်တို့၊ သုံးတန်ပေါ်နိစ်တို့၊ လက္ခဏာတို့၊ အင်္ဂဝိဇ္ဇာတို့၊ အယူတော်မင်္ဂလာတို့ ဒါတွေပေါ့ဗျာ။ သူ့နယ်နဲ့သူ့နယ် အဆက်အစပ်ရှိပြီး နွယ်နေယှက်နေပေမယ်လို့ မူလအခြေခံကျောရိုးချင်းကျ မတူဘူးဗျ။ တခြားစီ။ သူ့သဘာဝနဲ့ သူ့အထိုင်နဲ့၊ သူ့သဘောသမ္ဘာနဲ့သူ။ ဟောကြတဲ့အခါကျတော့သာ အမျိုးမျိုးစရှုနယ်ပြီး၊ ရောထွေးလွှမ်းခြုံပြီး ဟောနေကြပေမယ့် အကောက်အယူ၊ အဆုံးအဖြတ်မှာကျတော့ သူ့ပညာနဲ့သူ။

"ကျွန်တော်က ဆရာ ကံကောင်းခဲ့တယ်ဗျ။ နက္ခတ်ဗေဒင်ပညာကို ကျွန်တော့်ဆရာသခင် ပုဏ္ဏားဗေဒင် ဆရာကြီး ဆရာကလာစန်ဆီက အရင်းအမြစ်ကျကျ ရတယ်။ ဗေဒင်ပညာကိုတော့ ဆရာဦးစစ်နိုင်တို့၊ ဆရာ ဦးအောင်သန်းဦးတို့၊ ဗေဒပဏ္ဍိ အောင်သိဒ္ဓိဆရာကျော်တို့။ ဒါ ကျွန်တော့် ဆရာရင်းတွေ။ ယတြာပညာကိုကျတော့ အဘဘိုးမင်းခေါင်ရဲ့ တပည့်ရင်း ဘိုးတော်ဘိုးထွန်းအောင် (ဆရာကြီးဦးဘအေး)ဆီက ရခဲ့ပါတယ်။ ပညာအရင်း အမြစ်ကတော့ အဘအောင်မင်းခေါင်ပဲပေါ့ဗျာ။

"ယောဂနဲ့ဒသသနိကဗေဒ၊ အတွေးအမြင် ဆင်ခြင် သုံးသပ်မှုတွေကိုတော့ ဘဘဦးဖေအောင်ဆီ ဆည်းကပ် သင်ယူခဲ့ပါတယ်။ ကျန်တဲ့ သင်ဆရာ၊မြင်ဆရာတွေက တော့ အများကြီးပါပဲ။ ဒီကနေ့အထိလည်း သင်ယူနေရ တာပါပဲ။ ပညာဆိုတာက အမြဲမပြတ် ဖြည့်ပေးနေရတဲ့ မပြည့်အိုးကြီးကိုး။ ပြည့်စုံကုံလုံသွားတယ်ရယ်လို့ မရှိပါ ဘူး။"

ရိုးသားနှိမ့်ချသော ပညာရှာ ခရီးသည်တစ်ဦး၏ ဟင်းလင်းဖွင့်ထားသော စိတ်ကိုမြင်သည်။ ပညာတည် သောရင်သည် အရာရာကိုခံယူနိုင်ဖို့ အသင့်ဖြစ်နေပါမှ။

"ကျွန်တော်၊ ကျွန်တော့်ဆရာ ဆရာကလာစန်ဆီ

*တန်ဖိုးကြီးတဲ့ ပညာရပ်ကြီးတွေက ရိုးတဲ့၊ဟောင်းတဲ့ ရေခံမြေခံထဲကနေ လက်တစ်ဆုံး နှိုက်ယူကြရပါတယ်။ မြန်မာ့နက္ခတ်ဗေဒင်ပညာက ရိုးစင်းလှတဲ့ သဘာဝတရားထဲကနေ*





www.burmeseclassic.com

www.burmeseclassic.com

မရောက်ခင် လက္ခဏာပညာနဲ့ ဗေဒင်ပညာအခြေခံတွေကို အစ်ကိုဆရာဦးစစ်နိုင်ဆီက အခြေခံကျကျ သင်ခဲ့ပါတယ်။ ဦးစစ်နိုင်က အနေအထိုင်ရော၊ ပညာအရာမှာရော အလွန်မတန် သိပ်သည်းတဲ့လူ။ ပညာကို သင်ပေးတဲ့နေရာမှာလည်း သိပ်တိကျရှင်းလင်းတယ်။ ဆရာကလာစန်ဆီကို နက္ခတ်ဗေဒင်ပညာသင်ဖို့ လမ်းညွှန်ပေးခဲ့တာလည်း ဆရာဦးစစ်နိုင်ပဲ။

လက္ခဏာစာအုပ်ကြီး ဖတ်လိုက်၊ ဟောလိုက်၊ စာအုပ်ထဲလှန်လိုက်၊ ဟောလိုက် စာအုပ်နဲ့ မျက်နှာမခွာနိုင်သရွေ့ ဘယ်တော့မှ လက္ခဏာပညာ မတတ်ဘူးလို့ အပြတ်ပြောခဲ့တဲ့ပုဂ္ဂိုလ်။ ပညာရဲ့ အခြေခံအရင်းအမြစ်ကို ဆုပ်ဆုပ်ကိုင်ကိုင်မိအောင် သင်။ ခြေခြေမြစ်မြစ် လေ့လာ။ လက်ဝါးပေါ်က လက္ခဏာတွေ၊ အမှတ်အသားတွေ မြင်တာနဲ့ ဘာဆိုတာသိနေမှ ဆင်ခြင်သုံးသပ်ပြီး ဟောရတာ။ တကယ်က လွယ်လွယ်လေးတဲ့။ ကလေးများ ကစားတဲ့ မြွေကစားနည်းလိုပဲတဲ့။ အန်စာတုံးပစ်လိုက်၊ ပွင့်တဲ့အပွင့်အရေအတွက်အတိုင်းရွှေ့၊ တက်တဲ့အိမ်(လှေကားအိမ်) ရောက်ရင်တက်၊ ကျတဲ့အိမ်(မြွေမျိုအိမ်)ရောက်တော့ကျ။ တက်လိုက်၊ကျ လိုက်ကွ…လူ့ဘဝကတဲ့။

လက်ဝါးပြင်ပေါ်မှာ အသက်လမ်းကြောင်းကြီး ထောင်လိုက်၊ တက်တဲ့ကျတဲ့ လက္ခဏာတွေ ဘယ်အိမ်မှာ တည်နေသလဲ။ ဘယ်အသက်ပိုင်းမှာ တည်နေသလဲကြည့်။ လက်ဖဝါးကို ဘဝရုပ်ပုံလှာကားချပ်ကြီးလို ခြုံငုံမြင်နိုင်ကြည့်နိုင်ပြီး ဆက်စပ်ဟောနိုင်ရင် ပြီးပြီ။

စာအုပ်လွတ်အောင် လေ့လာသင်ယူပြီးမှ ဟော။ စာအုပ်ဖတ်ရင်းနဲ့ လက္ခဏာမဟောနဲ့တဲ့ဗျ။ ဆရာဦးစစ်နိုင်က ပြောတာ။ ပြောတဲ့အတိုင်းလည်း တိတိကျကျ သင်ပေးခဲ့ပါတယ်။ ကျွန်တော် ပညာရှာဘဝမှာ အလွန်ကျေးဇူးများတဲ့ ပုဂ္ဂိုလ်ပါ။

သူကိုယ်တိုင်လည်း ကွက်တိမှန်အောင် ဟောနိုင်တဲ့ ပုဂ္ဂိုလ်ဗျ။ များများလည်း မဟောဘူး။ သုံးလေးချက်ပဲ။ ဟောသမျှကတော့ သွေးထွက်အောင် မှန်တယ်ဆိုတဲ့ ပုဂ္ဂိုလ်။

ဒီလိုဆရာမျိုးတွေက ဘာကြောင့် လက္ခဏာပညာကို တိတိကျကျ မှန်အောင်ဟောနိုင်ရတာလဲ။ မေးချင်စရာနော်။ ပညာရပ်ကြီးတွေကိုက တကယ့်တကယ် ခြေခြေမြစ်မြစ် ရှိနေလို့။ ပြီးတော့ အဲဒီပညာရပ်ကြီးတွေရဲ့ ဟိုးအခြေအထိ ထောက်စမ်းမိလောက်အောင် အဟုတ်ဘာကယ်တတ်ကြလို့ဗျ။ တော်ရမ်းမယ်ဖွဲ့လောက်နဲ့တော့ ဟုတ်ဟုတ်ငြားငြား ဖြစ်လာမှာမဟုတ်ဘူး။

မြန်မာ့ရိုးရာပညာရပ်များက ခြေခြေမြစ်မြစ် နက်နက်နဲနဲ ရှိလှသည်။ သိပ်သည်း ကျစ်လျစ်လွန်းသည်။ ဉာဏ်မခိုင်သူတို့ ကျက်စားဖို့မလွယ်။

ကျွန်တော်ငယ်ငယ်က အဖေ့ထံတွင် သေနတ်ပြီးသော အင်းတစ်ဆူကို ဖူးခဲ့ရဖူးသည်။

“ဒီအင်းက ဓား၊ လှံ၊ လေးမြား လက်နက်ပြီးတယ်။ သေနတ်တောင်ပြီးတယ်။ မင်းတို့အဘိုး ဆောင်ခဲ့တဲ့အင်း။ မကောင်းတဲ့နေရာတော့ သုံးလို့မရဘူး။ ခိုက်တယ်။

အဖေက အင်းတစ်ချပ်ကို ပြ၏။ ကျွန်တော်တို့က ဘာဆိုဘာမျှ နားမလည်။ ဘာစွမ်းပြီး ဘယ်နေရာမှာ သုံးရမှန်းလည်း မသိ။

“မြန်မာအက္ခရာ ဗျည်းသုံးဆယ့်သုံးလုံးကို မျဉ်းသွားချထားပြီး လေးခါ ပြန်လှည့်တာ၊ ‘အ’ အလယ်သေတဲ့ အင်းဖြစ်တယ် လူကလေးရဲ့။ ဒီမှာ သေချာကြည့်။ အင်းကို လေးထောင့် ဘောင်ခတ်ထားပြီး ၁၄၄ကွက် ရှိတယ်။ ‘ကကြီး’ ကနေ လက်ယာရစ်လှည့်တာ ‘အ’ အလယ်သေတယ်။ အထွက်အဝင် ကွက်တိအံကိုက်ကျတဲ့အင်း။ သိပ်စွမ်းတယ်။ မင်းတို့အဘိုး ဗိုလ်ဖိုးသစ်ကိုယ်တိုင် ဆရာစံကြီးရဲ့ လက်ရုံးဗိုလ်အဖြစ်နဲ့ တောင်သူလယ်သမားအရေးတော်ပုံကြီးမှာ အင်္ဂလိပ်မျက်နှာဖြူတွေကို တိုက်ခဲ့တုန်းက ဆရာစံကြီးက စီရင်ပြီး စွန့်စားခဲ့တဲ့အင်း။ သီလငါးပါးစလုံး လုံလို့ကတော့ လူကလေးရေ၊ လက်နက်ဆိုရင် ဘာလာလာ လာခဲ့စမ်းပဲ။ မှုစရာမလိုဘူး။ အေး… သူ့စည်းသူ့ကမ်းနဲ့တော့ လုပ်ရတယ်။” မဟုတ်ရင် အင်းကန်းတယ်။

အဖေရှိတုန်းကလည်း လက်တွေ့မစမ်းဖြစ်ခဲ့။ အဖေက စာသမား။ နှလုံးရည်သမား။ ရန်သူမရှိ၊ မိတ်ဆွေသာရှိ ဆိုသော ဆရာကြီး ဒဂုန်တာရာတို့လို လူမျိုး။ သည်အင်းကို ကျွန်တော်တို့ ညီအစ်ကိုများအား လက်ပြောင်းပေးကမ်းခြင်း မလုပ်ခဲ့။ ပုဂံလျှင်ကြီးလှူပ်စဉ်က

*လက္ခဏာစာအုပ်ကြီး ဖတ်လိုက်၊ ဟောလိုက်၊ စာအုပ်ထဲလှန်လိုက်၊ ဟောလိုက် စာအုပ်နဲ့ မျက်နှာမခွာနိုင်သရွေ့ ဘယ်တော့မှ လက္ခဏာပညာ မတတ်ဘူးလို့ အပြတ်ပြောခဲ့တဲ့ပုဂ္ဂိုလ်*



www.burmeseclassic.com

www.burmeseclassic.com

ပြိုကျမြေခတော်မူခဲ့သော ရှာဦးရှာထိပ်ရှိ ရွှေဘုံသာစေတီတော်မြတ်ကြီးကို ပြန်လည်ပြုပြင်တည်ထားစဉ် ဘုရားဌာပနာတော်အဖြစ် ဓွန့်လှူသွားခဲ့ပါသည်။ မယုံကြည်နိုင်စရာကောင်းသည်မှာ ရွှေဘုံသာစေတီတော်မြတ်ကြီးက ရောင်ခြည်တော်များ မကြာခဏလွှတ်ပြီး တန်ခိုးကြီးကာ ဝေးနီးချုပ်စပ် အဖူးအမြော်များလာခဲ့ခြင်း ဖြစ်သည်။ ဆုတောင်းပြည့်သတဲ့။ ကျန်းမာရေး ပြန်ကောင်းလာဖို့ အဓိဋ္ဌာန်တွေလည်း အောင်သတဲ့။ အထူးသဖြင့် လက်နက်အဆိပ်သင့်တဲ့ ဒဏ်ရာအနာတရများကို ရွှေဘုံသာဘုရားကြီးမှ မျက်နှာသစ်တော်ရေဖြင့် ပျောက်ကင်းစေသတဲ့။

ကဲ…ယုံချင်လည်း ယုံ။ မယုံချင်လည်း နေ။ သည်သို့ ကြုံခဲ့ဖူးလေသဖြင့် မြန်မာ့ရိုးရာပညာရပ်ကြီးများကို လွယ်လွယ် လက်မကာမိဝံ့တော့သည်ကဖြင့် အမှန်ပင်။

ဒီလိုဗျ…ကျွန်တော်က ဆရာ ကံကောင်းခဲ့တယ်။ ဆရာကြီး ဦးဖေအောင်ဆီမှာလည်း ဒဿနိကနဲ့ ယောဂပညာရှင်တွေ ဆည်းပူးဖို့ ဝင်ထွက်သွားလာ ဆည်းကပ်သင်ယူခဲ့ဖူးတယ်။ ဆရာကြီးက ကျွန်တော့်ကို ဘာပြောသလဲဆိုတော့ရင် မင်း လက္ခဏာဟောတာ မှန်ချင်သလား…တဲ့။ စာရွက်အဖြူတစ်ရွက်အပေါ်မှာ မင်းလက်ဖဝါးလေး ချလိုက်တဲ့။ ပြီးတော့ ခဲတံနီပြာတံနဲ့ အဲဒီလက်ဖဝါးပုံလေးပေါ်အောင် ဝိုင်းလိုက်တဲ့။ အဲဒါကို ဘောင်ခတ်ပြီး သေသေချာချာ ကသိုဏ်းလုပ်ကြည့်တဲ့။ ကျကျနနလုပ်။ သမာဓိဆိုက်အောင်လုပ်တဲ့။ ဟောတာမှန်လွန်းလို့မှ ဟိုးဘက်တောင် လွန်ဦးမယ်တဲ့ဗျ။ အဓိကက ကိုယ့်စိတ်အခံက သမာဓိတည်ပြီး ရှင်းသန့်ကြည်စင်နေမှ ပညာကထွန်းတက်တာကိုး။ အဲဒီတုန်းက ဆရာကြီးဦးဖေအောင်ကကမ္ဘာအေးဗုဒ္ဓတက္ကသိုလ်မှာ ညွှန်ချုပ်ဗျ။

ဒီကနေ့ ဒီအဟောပညာရပ်တွေကို လက်တွေ့များများ အလုပ် လုပ်ဖြစ်လာတဲ့အခါ ဆရာကြီးပြောတာရဲ့ တကယ့်အနှစ်သာရက ဘာလဲဆိုတာ သိမြင်လာတယ်။ ဆရာကြီးသိစေချင်တာက ပညာရှာသူဟာ ပညာကို လေးနက်ဖို့၊ စူးစိုက်ဖို့နဲ့ ခြေခြေမြစ်မြစ်ရှိဖို့ဗျ။ ဒါ… အဓိကသိစေချင်တာ။ ကျွန်တော့်ပညာရှာခရီးမှာ ဆရာသခင်တိုင်းက ဒီအတိုင်းပဲ ညွှန်ပြခဲ့ကြတာ။ ဒီအတိုင်းပဲ သင်ယူခဲ့ရတာ။

အဲတော့…ဘာဖြစ်သလဲ။ ဒီကနေ့ ကျွန်တော်လက်ဝါးဟောတဲ့အခါ ဒက်ထိမှန်အောင် ဟောနိုင်တာပေါ့ဗျ။ လူတစ်ယောက်ရဲ့ လက်ဖဝါးကိုကြည့်ပြီး သူ့အိမ်မှာ သရဲခြောက်တာ၊ အပူးအတိုက်၊ အစီအရင်ရှိတာအထိ ဟောနိုင်တယ်။ မှန်လည်း မှန်တယ်။ ဘာလို့ ဒီလိုဟောနိုင်တာလဲ။ လက်ဖဝါးပေါ်က လက္ခဏာအရေးအကြောင်းတွေရဲ့သဘာဝကို ဆရာတို့ စာရေးဆရာများ အက္ခရာတွေကို ချုပ်ကိုင်စိုးမိုးနိုင်သလို၊ ပန်းချီဆရာများက စုတ်တံနဲ့ဆေးကို လိုသလို စေစားနိုင်သလိုမျိုး ပိုင်နိုင်ကျွမ်းကျင်အောင် လေ့လာခဲ့လို့ပဲဗျ။ အဲဒါပဲ။ ပညာရဲ့ရင့် ပွဲလယ်တင့်ဆိုတာကိုး။ ပညာမဲ့က သဘင်ပြွမ်ပြွမ် ခံတွင်းမဲ့လို့ ဆိုကြတာကိုး”

ဆရာက သူ့ဆရာသခင်များကိုရည်၍ လက်အုပ်ကလေး ချီပါသည်။ မျက်ဝန်းပိတ်လျက် အာရုံပြုနေ၏။ ပညာဆိုသည် သည်သို့သဘောရှိပါတကား။

## သည်စခန်း၊ သည်လမ်းကပဲ လာရသည်

“ကျွန်တော့်ကို နက္ခတ်ပညာသင်ပေးတဲ့ ပုဏ္ဏားဆရာကြီး ဆရာကလာစန်က ဒီကနေ့အထိ ပညာရှင်အများလက်စွဲပြုပြီး သုံးနေကြရတဲ့ သံဒိဋ္ဌပြက္ခဒိန်ကို ပြုစုထုတ်ဝေထားတဲ့ ပုဂ္ဂိုလ်။ အင်မတန်ပညာကြီးပါတယ်။ ဉာဏ်ကြီးပါတယ်။ ဒါ ကျွန်တော့်ဆရာသခင်ရဲ့ ဓာတ်ပုံတွေပါ။ ကြည့်ပါ။ ပညာရဲ့တန်ခိုး အရှိန်အဝါတွေ အလိုလိုဝှန်တက်နေတဲ့ ပုဂ္ဂိုလ်မျိုးပါ။

၁၉၇၄ခုနှစ်၊ ဧပြီလ ရက်တစ်ရက်မှာ ဆရာ့ဆီ ကျွန်တော် ဗေဒင်နဲ့နက္ခတ်ပညာ စသင်ပါတယ်။ ဗေဒပဏ္ဍိတ် အောင်သိဒ္ဓိဆရာကျော်ရဲ့ ညွှန်ကြားမှုနဲ့ပါ။ သင်တန်းအဆင့် ၃ဆင့်ရှိတယ်။ တစ်ဆင့်ကို ခြောက်လကြာတယ်။ စုစုပေါင်း တစ်နှစ်ခွဲကြာပါတယ်။ ဆရာက အခုလှပ်သားဆေးရုံနဲ့ မျက်နှာချင်းဆိုင် ပုဏ္ဏားကုန်းမှာ နေတယ်ဗျ။ ကျောက်မြောင်းမှာပဲ။ ဆရာက ဗေဒင်နဲ့နက္ခတ်ပညာကို စာပေးစာယူစနစ်နဲ့ အဓိကသင်တာ။ အဝေးသင်ပေါ့ဗျာ။ စာတိုက်ကနေ မြန်မာပြည်အရပ်ရပ်က တပည့်တွေကို စာစဉ်တွေ ပို့ပေးပြီးသင်တာ။

***မင်း လက္ခဏာဟောတာ မှန်ချင်သလားတဲ့။ စာရွက်အဖြူတစ်ရွက်အပေါ်မှာ မင်းလက်ဖဝါးလေး ချလိုက်တဲ့။ ပြီးတော့ ခဲတံနီပြာတံနဲ့ အဲဒီလက်ဖဝါးပုံလေးပေါ်အောင် ဝိုင်းလိုက်တဲ့***


www.burmeseclassic.com

www.burmeseclassic.com

အဲဒီတော့ ကျွန်တော်က ဆရာ့ဆီကို နေ့တိုင်းသွားတာ။ ညနေတိုင်း။ ကျွန်တော်က ကျောက်မြောင်း၊ ဩဘာလမ်းမှာ နေတာကိုး။ အဲဒီလိုနဲ့ သူများတစ်နှစ်ခွဲသင်ရမယ့် သင်ရိုးကို ကျွန်တော်က သုံးလနဲ့ အပြီးသင်ခဲ့တယ်။ ဝါသနာကလည်း ပြင်းပြင်းပြပြဆိုတော့ နေ့ရောညရော ရှုးသွပ်ပြီးကို သင်ခဲ့တာဗျ။ ဆရာကလာစန်ဆီက စာပေးစာယူနည်းနဲ့ ပညာသင်ခဲ့သူတွေကို ကျွန်တော် မှတ်မိသမျှ ပြောရရင် ဦးစိန်လွင်၊ ဆရာမြိုင်၊ မင်းသိခ်၊ လက္ခဏာပညာရှင် ဆရာနေလင်း၊ ဆရာစံတင်အောင် (ရွှေဘို) ဒီပုဂ္ဂိုလ်တွေ သင်ခဲ့ကြပါတယ်။ ဒါပေမဲ့ ဘယ်သူမှ နက္ခတ်ပညာနဲ့ လုပ်မစားခဲ့ကြဘူး။ ကျွန်တော်တစ်ယောက်ပဲ ရှားရှားပါးပါး နက္ခတ်ပညာကို စွဲစွဲမြဲမြဲသင်ယူ အသက်မွေးဖြစ်နေတာ။

ဆရာက ကျွန်တော့်ကို ပညာသင်ပုံ၊ ပညာဖြန့်ဝေပုံကိုလည်း ပြောဦးမယ်ဗျ။ ထူးခြားလို့ပါ။ အများက ထင်ကြလိမ့်မယ်။ နက္ခတ်ပညာ၊ ဗေဒင်ပညာကို သင်တာဆိုတော့ ကျောက်သင်ပုန်းကြီးတွေနဲ့၊ မြေဖြူနဲ့ တွက်ကြ၊ ချက်ကြ တခမ်းတနားကြီး။ ဒီလိုကိုးဗျ။ မဟုတ်ပါဘူး။ ဆရာနဲ့တပည့် နှစ်ယောက်သား အတူတူ လမ်းလျှောက်သွားရင်း၊ စကားပြောရင်းသင်တာဗျ။ သိလား”

လှိုက်ခနဲ ရင်ခုန်သည်။

ကြားရခဲသောစကား။ ပညာကို လမ်းလျှောက်ရင်း၊ စကားပြောရင်း သင်သတဲ့။ လွတ်လပ်ခမ်းနားလှချည့်။

“အဲဒီလို ဆရာနဲ့အလွတ်ပြောနိုင်၊ ဆွေးနွေးနိုင်ဖို့၊ ဆရာမေးတာကို ဖြေနိုင်ဖို့အတွက် ကျွန်တော်က တစ်နေ့ခင်းလုံး ဂြိုဟ်တွေ၊ နက္ခတ်တွေကို By heart ထည့်ရတော့တာ။ အဲဒါက ဒီဘက်နောက်ပိုင်း နက္ခတ်ဗေဒင်ပညာနဲ့ အသက်မွေးတဲ့အခါမှာ အကြီးမားဆုံး အမြတ်ကြီးဖြစ်ခဲ့တာပေါ့။ ဆရာ့ကျေးဇူးတွေပါဗျာ။

ဆရာကလာစန်ရဲ့ သိပ်တော်တဲ့အချက်က တွက်ချက်ပြီးသား ဇာတာခွင်တွေကို ထန်းရွက်၊ ပေရွက်၊ ထန်းဖူးပေါ်မှာ ကညစ်နဲ့ တဂျစ်ဂျစ် ရေးနေရင်းကနေ ပါးစပ်ကလည်း ကျွန်တော့်ကို ပညာရပ်ဆိုင်ရာ စကားတွေ ပြောနေရင်းက တစ်လုံးတစ်ပါဒမှ မမှားဘဲ ရေးနိုင်တာဗျ။ ပြောနေတာကလည်း တကယ်လေးနက်တဲ့ ပညာစကားတွေနော်။ ကျွန်တော့်ကို သင်နေရင်းနဲ့ ပြောနေတာလေ။ ကညစ်အရေးကလည်း ဘာကောင်းသလဲ မမေးနဲ့။ လှလိုက်၊ သပ်ရပ်လိုက်တာမှ။ ဆရာက ဇာတာရေးတဲ့ အလုပ်နဲ့လည်း အသက်မွေးတယ်လေ။ သူ့ပညာရပ်မှာ ခြေခြေမြစ်မြစ်ရှိတာ၊ စူးစိုက်လေးနက်တာတော့ လက်ဖျားခါရော။

ကျွန်တော် ထင်တယ်လေ။ ကျွန်တော်တို့ နောက်မျိုးဆက်တွေက ပညာအပေါ် လေးနက်စူးစိုက်မှုမှာ ရှေးရှေးက ဆရာတွေလောက် အားမထုတ်ကြဘူးလို့။ ဒါကြောင့် သိပ်အဖိုးတန်တဲ့ ပညာရပ်ကြီးတွေ ပျောက်ပျက်ကုန်တာပေါ့…”

သူ့ပညာခရီးကို မျှဝေနေရင်း ဆရာဦးအေးကျော်၏ မျက်ဝန်းက အရောင်အလင်းတွေ တဖျတ်ဖျတ်။ ထိုမျက်ဝန်း၊ ထိုအလင်းပြက်ပြက်များထဲမှာ ပညာကို မြတ်နိုးစရာ၊ ခုံမင်နှစ်သက်ခြင်းတွေ အပြည့်အသိပ်။

ဆရာကလာစန်ဆီက နက္ခတ်ဗေဒင်ပညာသာမက ဟိန္ဒူဒဿနနဲ့ ဓလေ့ထုံးတမ်းတွေပါ ဆည်းပူးခွင့်ရခဲ့ပါတယ်။

ဆရာ ကျွန်တော့်ကို ပြောခဲ့တဲ့ ပညာနဲ့ဆိုင်တဲ့ စကား။ အခုအထိ သတိရနေသေးတယ်။ မှတ်မိနေသေးတယ်။ မင်း သရက်သီး စားဖူးသလားတဲ့။ သရက်ပင်က သရက်သီးသီးလို့ မင်းစားရတာ သိတယ်နော်တဲ့။ ဒါပေမဲ့ မင်း စားနေတာ သရက်ပင်ဖြစ်စေခဲ့တဲ့ သရက်သီးမဟုတ်ဘူးတဲ့။ အဲဒီဗီဇက ဖြစ်လာတဲ့ အကျိုးဖလကို မင်း စားနေတာတဲ့။ အဲဒီ မင်းစားနေတဲ့ သရက်သီးရဲ့ အစေ့ကို စိုက်ရင် သရက်ပင်ပေါက်၊ သရက်သီး သီးဦးမှာပဲတဲ့။ အဲဒါလည်း မင်း စိုက်လိုက်တဲ့ သရက်သီး မဟုတ်ပြန်ဘူးတဲ့။ အဲဒီ သရက်သီးရဲ့ အကျိုးဆက်သက်သက်ပဲတဲ့။ အဲဒီတော့ ပညာကလည်း အဲဒီလိုမျိုးပဲ။ ဗီဇက အကျိုးဖလဖြစ်၊ အကျိုးဖလက ဗီဇဖြစ် သံသရာလည်နေတာတဲ့။ ပညာစက်ဝိုင်းကြီးတဲ့။ ရေ၊ မြေ၊ လေ၊ နေရောင်ခြည်၊ ပြုစုယုယမှုအပေါ် မူတည်ပြီး အရသာကွဲပြားကြပေမယ့် ဗီဇမရှိဘဲ ဖလက ဘယ်တော့မှ ဖြစ်မလာဘူးတဲ့။ ခြေခြေမြစ်မြစ်၊ ခိုင်ခိုင်မာမာ အခြေခံမရှိဘဲ ဘယ်ပညာရပ်မှ

*ကျွန်တော်တို့ နောက်မျိုးဆက်တွေက ပညာအပေါ် လေးနက်စူးစိုက်မှုမှာ ရှေးရှေးက ဆရာတွေလောက် အားမထုတ်ကြဘူးလို့။ ဒါကြောင့် သိပ်အဖိုးတန်တဲ့ ပညာရပ်ကြီးတွေ*

www.burmeseclassic.com

www.burmeseclassic.com

မဖွံ့ဖြိုး၊ မထွန်း ကားဘူးတဲ့ဗျ”

ဆရာပေးခဲ့တဲ့ အဲဒီပညာနဲ့ ပတ်သက်တဲ့ တွန်းအားက ကျွန်တော်တို့ ပညာသင်ယူရာ၊ ပညာရှာရာမှာ လေးနက်စေခဲ့တာပါ။

နောက် ကျွန်တော့်ဆရာအရင်း ဆရာကြီးဦးဘအေး (ဘိုးတော် ဦးထွန်းအောင်)က ပြောခဲ့ဖူးတယ်ဗျ။ ဟေ့… ခြေကျိုးလည်း လမ်းလျှောက်လို့ ဖြစ်သကွတဲ့။ ခရီးဆုံးအောင် လျှောက်ချင်စိတ်ရှိဖို့ လိုရင်း…တဲ့။ မင်း ခြေထောက် မကောင်းရင်တောင် ချေးသုံးကွာ၊ ချိုင်းထောက်သုံးကွာတဲ့။ လျှောက်ရင် လျှောက်ရမှာပေါ့ကွ…တဲ့ဗျ။ ပညာရှာတဲ့နေရာမှာလည်း သမာဓိ၊ အဲ…အလေးအနက် စူးစိုက်အားထုတ်မှုကို အားကိုးကွ။ အဲဒါမှ ပညာလမ်းဆုံးတယ်တဲ့။ ကဲ…မကောင်းဘူးလားဗျာ။ ကျွန်တော်တို့က အဲဒီလိုဆရာများထံမှာ ပညာသင်ယူ လေ့လာခဲ့တာပါ။ ဒီစခန်းကို ဒီလမ်းက ဒီနည်းနဲ့ လျှောက်ခဲ့ကြတာပါ”

ကျွန်တော်တော့ဖြင့် ရှေးက ပညာသင်ယူခဲ့ကြပုံများကို လွမ်းယောင်ယောင်ဖြစ်ချင်လာမိတော့၏။

### အင်းဆရာကြီး ဦးသာပို

“မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်မှာ တကယ့် ထိတ်ထိတ်ကြဲ ဆရာကြီးတစ်ပါးဆီမှာလည်း လေ့လာသင်ယူခွင့် ရခဲ့သေးတယ်ဗျ။ ဦးသာပိုတဲ့။ လူသိနည်းပေမယ့် အလွန်မတန်ထက်တဲ့ အင်းပညာရှင်ကြီးဗျ။ အင်းနဲ့ ပတ်သက်ရင်တော့ တကယ့် ကဝိကြီးတစ်ဆူပါပဲ။ ကြုံကြိုက်တိုက်ဆိုင်တဲ့သူများမှပဲ ပူဇော်ခွင့်ရကြပြီး တစ်ခါဆို ဆိုသလောက် လက်ဖျားခါ သြချစရာတွေနဲ့ ကြုံရတတ် တာမျိုးပါ။

ကျွန်တော် ကြုံခဲ့ရတာက ကျွန်တော့်ယောက္ခမကြီး အိမ်မှာပါ။ ကျွန်တော်က ယောက္ခမအိမ် လိုက်နေနေတဲ့ အချိန်။ ဖြစ်ပုံက အိမ်မှာလည်း ဘာလုပ်လုပ် အဆင်မပြေဘူး။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အကျပ်အတည်း ကြုံချိန်ပေါ့။ အဲဒီတော့ ယောက္ခမကြီးက ဆရာကြီးဦးသာပိုကို ပင့်တယ်။ ဆရာကြီးကလည်း ကြွလာတယ်ဗျ။ နေရာတိုင်း၊ ပင့်တိုင်းကြွတဲ့ ဆရာကြီးမဟုတ်တော့ ကြွလာတယ်ဆိုကိုက အထူးအဆန်းကြီးဗျ။ ဆရာကြီးက သူ့အသင့်စီရင်ပြီး ယူလာတဲ့ အင်းတစ်ချပ်ကို ပြာချတယ်။ ပြီးတော့ အိမ်က ဆန်တစ်ပြည်နဲ့ ရောမွှေပြီး အိမ်တွင်းအိမ်ပြင် အထက်အောက် နှံ့နှံ့စပ်စပ် ပက်ခိုင်းတာဗျ။ တွေ့ပါတယ်။ ဘယ်သူက ဘယ်လိုစီရင်ပြီး ပစ်ထားတဲ့ အတိုက်အခိုက်လည်း မသိပါဘူး။ အဲဒီဟာကို တွေ့တယ်။ ဖယ်ရှားပေးပြီး ပြန်ကြွသွားတာပဲ။ ဘာ အပိုစကားမှ မပြောဘူး။ အံ့သြစရာ ကောင်းလောက်အောင်လည်း ကျွန်တော်တို့ အိမ်အခြေအနေက ပြောင်းလဲသွားပါတယ်။ အကောင်းတွေချည်း ဖြစ်လာကြုံလာရတယ်။ သြော်… ငါတို့ မြန်မာ့ ရိုးရာပညာရပ်ကြီးတွေဟာ အံ့မခန်းတွေပါကလားလို့လည်း သိသိမှတ်မှတ် စွဲမြဲခဲ့ရပါတယ်။ အဲဒီလို ဆရာကြီးထံမှာ အင်းပညာကို ကျွန်တော် သင်ယူခွင့်ရခဲ့တာ ကံကောင်းခြင်းတစ်ခုပါပဲ။

အင်းပညာအကြောင်း ပြောမယ်ဆိုရင်တော့ စာတစ်စောင်ပေတစ်ဖွဲ့ ပြောမှရမှာပါ။ အလွန်မတန် လေးနက်ဆန်းကြယ်တဲ့ ပညာရပ်ကြီးတစ်ခုမို့ပါ။ ဆရာကြီးဦးသာပိုဆီမှာ ကျွန်တော် အင်းပညာ သင်ခဲ့ပါတယ်။ လိုအပ်တဲ့အခါ အသုံးချပါတယ်။ ကျွန်တော့်ဆရာကြီးကတော့ တောင်ဥက္ကလာပမှာနေရင်း ဆုံးပါတယ်။ တကယ့် တစ်ခေတ်တစ်ယောက် အင်းပညာရှင်ကြီး ဆုံးရှုံးတာပါပဲ။

### ရွှေးလေးဗေဒင်

“ကျွန်တော်တို့ မြန်မာ့ဗေဒင်ပညာရပ်မှာ အလွန်မတန် ဆန်းကြယ်တဲ့ အဟောပညာတွေ၊ ပညာရှင်တွေ ရှိတယ်ဗျ။ ဥပမာဗျာ၊ ဥစ္စာပျောက် အဟောပညာ။ ပစ္စည်းပျောက်ကို ရှာဖွေဖို့ တွက်ချက်ပြီး ဟောရတာ။ သာမန် စဉ်းစားကြည့်ရင် ဘယ်လိုမှ မဖြစ်နိုင်ဘူး ထင်ရတာမျိုး။ ပညာရပ်ကိုသာ နက်နက်နဲနဲ မသိရင် ယုံနိုင်စရာမရှိတဲ့ ဟောကိန်းမျိုးတွေဗျ။

အဲဒီပညာကို ဆရာကြီးဦးတင်လှိုင်၊ နောက် ဆရာဦးအောင်သန်းဦး ဒီဆရာတွေဆီကတစ်ဆင့် ကျွန်တော် ရခဲ့ပါတယ်။ ခြေခြေမြစ်မြစ် သင်ယူလေ့လာခဲ့ပါတယ်။ ကြုံကြိုက်တဲ့အခါ ဒီပညာနဲ့ ဟောပါတယ်။ အံ့မခန်းလည်း

*ဆရာကြီးက သူ့အသင့်စီရင်ပြီး ယူလာတဲ့ အင်းတစ်ချပ်ကို ပြာချတယ်။ ပြီးတော့ အိမ်က ဆန်တစ်ပြည်နဲ့ ရောမွှေပြီး အိမ်တွင်းအိမ်ပြင် အထက်အောက် နှံ့နှံ့စပ်စပ် ပက်ခိုင်းတာဗျ*

www.burmeseclassic.com

www.burmeseclassic.com

မှန်ပါတယ်။ ဒါပေမဲ့ ဆရာကြီး ဦးတင်လှိုင်လိုတော့ ဒီပညာတစ်ခုတည်းမှာပဲ ခေါက်ချပြီးတော့ မရပ်ဖြစ်ခဲ့ပါဘူး။

ပြောပြဦးမယ်ဗျ။ တစ်ချိန်တုန်းက ကျောက်မြောင်း အာသောကလမ်းနဲ့ သတိပဋ္ဌာန်လမ်းထောင့်မှာ 'ခွေးလေးဗေဒင်' ဆိုပြီး ဥစ္စာပျောက်ဟောတဲ့ ဆရာသောင်းဆိုတာ ရှိခဲ့ဖူးတယ်။ ကျွန်တော်တို့ မီခဲ့တယ်။ သိပ်မှန်တာပဲ။ ဒါပေမဲ့ သူက နာမည်၊ နေရာ အတိအကျ ဘယ်တော့မှ မဟောဘူး။ ဒီလူပဲ၊ ဒီနေရာပဲလို့ သိသာအောင်တော့ ပြောတယ်။ ဥစ္စာပျောက်အဟောမှာ သိပ်မှန်တာပဲ ဆရာရယ်။

## ခြေလှမ်းများ

ဆရာဦးအေးကျော်နှင့် မြန်မာ့ရိုးရာ ပညာရပ်ကြီးများအကြောင်းကို အတော်များများ ပြောဖြစ်ခဲ့ပါသည်။ ဘယ်လိုပြောပြော ပြော၍မကုန်နိုင်သည့် ခမ်းနားတင့်တယ်သော အကြောင်းများ။ ထိုပညာရပ်ကြီးများကို ဆရာ ဆည်းပူးလေ့လာခဲ့သည့် ပညာရှာ အတွေ့အကြုံများ။

ကျွန်တော်က ပြောသည်ထက် ဆရာက လှိုက်လှဲစွာ ပညာလက်ဆုပ်ဖြေပြနေခြင်းသာ။

ဆရာ့စကား အလုံးစုံမှ အမြုတေအဖြစ် ကြွင်းရစ်ခဲ့သည်မှာ မြန်မာ့ဗေဒင်ပညာ၊ နက္ခတ်ပညာ၊ လက္ခဏာပညာ စသည်စသည်တို့သည် အံ့မခန်းလောက်စရာ ပြေပြေပြစ်ပြစ်ရှိသော တကယ့်ပညာရပ်ကြီးများဖြစ်ပြီး ထိုပညာကြီးများကို လေးလေးနက်နက် ထောက်မီဆုပ်ကိုင်နိုင်ခဲ့သူ ပညာရှင်ကြီးများ တကယ်ရှိခဲ့သည်။ ယခုလည်း ရှိဆဲ။

အဘဘိုးမင်းခေါင်။
ဘိုးတော်ဦးထွန်းအောင်(ဆရာကြီးဦးဘအေး)။
ပုဏ္ဏားဆရာ ကလာစန်။
ဆရာဦးအောင်သန်းဦး။
ဗေဒပဏ္ဍိ အောင်သိဒ္ဓိဆရာကျော်။
ဆရာကြီးဦးဖေအောင်။
အင်းပညာရှင် ဆရာကြီးဦးသာပို။
ခြေလှမ်းများ…။

ဆရာလျှောက်ခဲ့သော ခြေလှမ်းများ။
ဆရာဦးအေးကျော်၏ ပညာခရီး။
အံ့မခန်းလောက်စရာဟု ကျွန်တော် ထင်သည်။ သို့နှင့်တိုင်…၊ ထိုခြေလှမ်းများနောက်သို့ ဖဝါးခြေထပ်ထက်ကြပ်လိုက် ပညာယူမည့်သူ ဘယ်သူရှိသလဲ။ ဘယ်နှယောက်ရှိသလဲ။

သည်လိုပုံနှင့် မိုးကြီးချုပ်လျှင်…။

■

*"ခွေးလေးဗေဒင်" ဆိုပြီး ဥစ္စာပျောက်ဟောတဲ့ ဆရာသောင်းဆိုတာ ရှိခဲ့ဖူးတယ်။ ကျွန်တော်တို့ မီခဲ့တယ်။ သိပ်မှန်တာပဲ။ ဒါပေမဲ့ သူက နာမည်၊ နေရာ အတိအကျ ဘယ်တော့မှ မဟောဘူး*

www.burmeseclassic.com

www.burmeseclassic.com



( ၁ )

ဟုတ်ကဲ့။ အဲသလို ဆုတောင်းရုံကလွဲပြီးလည်း မျှော်ကိုးချင်စရာ ဘာကမှမရှိပေဘူးကိုး။ ကံစွပ်ကံကောင်း ကျုပ် ဆုတောင်းကလေးများ ပြည့်ခဲ့ရင် တစ်ချိတစ်လား တော့ ချမ်းသာရချေသေးရဲ့။ အင်း… အင်း… ဟုတ်ပ… ဟုတ်။ တကယ်အမှန်ပြောရင် ချမ်းသာပါရစေဗျာ။ နော…။

ဒီလိုဗျ။

အခု ကျုပ် ပြောပြမယ့် အကြောင်းက ခပ် ဆန်းဆန်းကြီးရယ်။ ရော်… ကိုယ့်လူကလည်း ခက်ပ။ အဟုတ်ဆန်းတာ… လွှတ်ဆန်းတာပါဆို။ ဒီမှာလေ၊ မြန်မာပြည်အရပ်ရပ်က ထောင်တွေ၊ ထောင်တွေမှာ အထိ မခံ ရှေ့ပန်းကန်၊ Untouchable person ကြီးတွေ လုံးလုံးဖြစ်ပြီး သီးသန့်တိုက်၊ သီးသန့်အိပ်ဆောင်၊ သီးသန့် ဝင်းနဲ့ ထိန်းသိမ်းထားကြရတဲ့အတွက် ၅(ည)၊ ၅(ည) ရယ်လို့ လူသိများလှတဲ့ နိုင်ငံရေးအကျဉ်းသား၊ သီးသန့် အကျဉ်သားတစ်တွေကို ရာချီပြီး သံခြေချင်းတွေခတ်။

အထူးရထားတွဲနဲ့ ပြောင်းရွှေ့၊ ရွှေဘို-မြစ်ကြီး နား ပြည်ထောင်စုလမ်းမကြီး ဖောက်လုပ်ရေး အလုပ်စခန်း များထဲက 'လွယ်မီး' နဲ့ 'သိုက်ဝါးကုန်း' ရဲဘက်စခန်းတွေ ဆီကိုပို့ပြီး အလုပ်ကြမ်းလုပ်ခိုင်းခဲ့တဲ့ တကယ့်ဇာတ်လမ်း။

ကိုင်း… ဘယ့်နှယ့်ရှိစ၊ ကိုယ့်လူ။

မျက်လုံးကြီးတွေပြူး၊ နားရွက်ကြီးတွေကား၊ ပါးစပ်ကြီးတွေပြဲသွားပြီ မဟုတ်လား။ ဟဲ… ဟဲ… ဟဲ…။



# မှန်တာပြောရင် ချမ်းသာပါရစေ

ဇေယျာမင်းသျှင်





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရခေတ်ဦး။ ၁၉၈၉ ခုနှစ်၊ ဇလပိုင်းလောက်က မန္တလေး ဗဟိုအကျဉ်းထောင်ကြီးမှာ တကယ့်ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကြီးဗျ ကိုယ့်လူရဲ့။ ကျုပ်ပြောရင် ယုံလိုက်ပေတော့။ လာလို့ဆို အဲဒီ နသားပါရ ဓာတ်ထုပ်ကြီးက ကျုပ်မျက်စိရှေ့မှာတင် အဟုတ်ဖြစ်သွားခဲ့တာကိုး။

အဲဒါကြောင့် ပြောပကော။ ''မှန်တာပြောရင် ချမ်းသာပါရစီ'' လို့။ နော့… ကိုယ့်လူ။

( ၂ )

မှန်တာပြောရင် ချမ်းသာပါရစီဗျာ။

အဲ… မမှန်တာများလည်း မပြောချင်ပါဘူး။ ပါးစပ်အကျင့်ပါသွားမှာ စိုးရိမ်လွန်းလို့။ ကိုယ့်လူသိတဲ့အတိုင်းပဲလေ။ အဓိကရ ဗုဒ္ဓဘာသာတိုင်းပြည်ကြီးဖြစ်တဲ့ ကျုပ်တို့ရွှေပြည်ကြီးမှာ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲရမြဲရမယ်လို့ ဘယ်လောက်ပဲ သွန်သင်သွန်သင်၊ ဘယ်လိုပဲ ဆုံးမဆုံးမ၊ မုသားမပါလက်ာမချော ခေတ်ကြီး တစ်ခေတ်က မမွေစစ်ရှိခဲ့ဖူး၊ ဖြစ်ထွန်းခဲ့ဖူးတာကိုး။ အဲသလို မုသာဝါဒကပ်ကြီးဆိုက်၊ သရောကြီးခိုင်းခဲ့တဲ့ ကာလကလည်း ကြာမှကြာဗျာ။ လူမျိုးဆက်တစ်ဆက်လောက်နီးနီးကို ကြာခဲ့တာပါရောလား။

၁၉၆၂ ခုနှစ်နှင့် ၂၀၁၁ ကြားက နှစ်တွေတွက်ကြည့်စမ်းဗျာ။ နည်းသလားလို့။ အင်း… ဟုတ်တယ်၊ နှစ်ပေါင်း ၄၉ နှစ်၊ ၅၀ လောက်တော့ ရှိမယ်ထင်ရဲ့။ ခြောက်လုံးပြူး ခါးကြားထိုးထားတဲ့ ဘောင်းဘီဝတ် မောင်မင်းကြီးသားတွေ မင်းမူ တန်ခိုးထွားခဲ့တဲ့ နှစ်တွေပလေဗျာ။ ရေဘူးပေါက်တာ မလိုချင်ဘူး။ ရေပါတာပဲ လိုချင်တယ်ဆိုတဲ့ နည်းလမ်းထက် ရလဒ်က အရေးကြီးခဲ့တဲ့ခေတ်။ 'ခေါ်ရင်လာ၊ ခိုင်းတာလုပ်၊ ခံမပြောနဲ့' ဆိုတဲ့ ကကွက်ကကြိုး ကျေညက်တဲ့လူတွေ၊ လက်ညှိုးထောင် ခေါင်းညိတ် အနားပြာ ကပ်တီးမူးလဲ အဆန်ချောင်တွေ လောက်ပဲ ပန်းပန်နိုင်တဲ့ခေတ်။ လူထုဆိုတဲ့ စကားလုံးကို မြိုင်မြိုင်ဆိုင်ဆိုင် ဖောဖောသီသီကြီး သုံးခဲ့ပြီး လူထုဘဝကို စစ်ဖိနပ်ကြမ်းကြီးတွေနဲ့ တက်နင်းကြိတ်ချေခဲ့တဲ့ခေတ်။ တိုင်းကျိုးပြည်ကျိုး စကားတွေ ဖောင်လောက်အောင် ပြောပြီး တစ်တိုင်းတစ်ပြည်လုံး ချုံးချုံးကျ၊ မွဲခေါင်တိုင်သွားလောက်အောင် အုံနဲ့ကျင်းနဲ့ အုပ်စုဖွဲ့ပြီး စနစ်တကျ ခိုးခဲ့ကြ၊ ဝှက်ခဲ့ကြ၊ သရဲမင်းရဲစီးခဲ့ကြတဲ့ ခေတ်။ 'မမွှ' နဲ့ 'အမှန်တရား' ဆိုတဲ့ စကားမျိုးတွေကို လေသံတောင် အသလပ် မခံရဲကြတဲ့ ခေတ်။ မုသာဝါဒ သီလ ခန်းခြောက် ကွယ်ပျောက်ခဲ့တဲ့ခေတ်။

အဲ… အဲသလို နှစ်ငါးဆယ်လောက်ကြီး မုသာဝါဒပြီးဆေး အထိုးခံထားရသလို၊ မဟုတ်တာ၊ မမှန်တာတွေကိုချည်း ပြောရလုပ်ရဖန်များပြီး သောက်ကျင့်ကြီး ပါနေခဲ့လေတော့၊ ဒီအချိန်ဒီကာလ အိုကြီးအိုမ သချိုင်းမျက်စောင်းထိုးချိန်မှာ မှန်တာကလေးများဖြင့် အရသာရှိရှိ ပြောခဲ့ချင်စမ်းလှသဗျ။ ကျုပ်တို့ အဖေအမေ၊ အဘိုးအဘွားများ တဖွဖွ သင်ကြားပေးခဲ့သလို၊ 'မှန်တာလုပ်၊ ဟုတ်တာပြော' ဆိုတဲ့ ဘုရားကြိုက်တဲ့ဝါဒနဲ့များ မက်မက်စက်စက်ကြီး နေကြည့်၊ပျော်ကြည့်လိုက်ချင်စမ်းပ ကိုယ့်လူရာ။

အဲဒါကြောင့် ပြောပကော။ မှန်တာပြောရင် ချမ်းသာပါရစီလို့။

ဒီလိုဗျ။

( ၃ )

ဒီလိုဗျ။

ကိုယ့်လူသိတဲ့အတိုင်းပဲ။ လူထုခေတ် (အဲ… အဲ…၊ ဟုတ်တယ်… ကောင်းဖို့ရှယ်တဲ့ခေတ်)ကိုရောက်ဖို့ ခေတ်ပြောင်း၊စနစ်ပြောင်း တော်လှန်ရေးကြီးဖြစ်ခဲ့ရတယ်။ ရှစ်လေးလုံး အရေးတော်ပုံလို့လည်း ခေါ်ရဲ့။ ''၈၈ ဒီမိုကရေစီ တော်လှန်ရေး လူထုလှုပ်ရှားမှုကြီး'' လို့လည်း ထည်ထည်ဝါဝါ၊ ချီးချီးပပ သမုတ်ကြတာလည်း ရှိရဲ့။ ဘာပဲပြောပြော ၁၉၆၂ ခုနှစ်နောက်ပိုင်း ဘောင်းဘီဝတ် ဆရာကြီးများရဲ့ ပတ်စာခွာ ဖျာသိမ်းခန်းပလေဗျာ။ ဗိုလ်နေဝင်းနဲ့ သူ့ရဲ့နောက်တော်ပါ နောက်မြီးဆွဲ ဖြောက်သမားတွေ အလူးအလဲ ကျဆုံးခဲ့ပြီး ဆိုဗီယက်လိုလို၊ တရုတ်ယောင်ယောင် မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်

*တစ်တိုင်းတစ်ပြည်လုံး ချုံးချုံးကျ၊ မွဲခေါင်တိုင်သွားလောက်အောင် အုံနဲ့ကျင်းနဲ့*
*အုပ်စုဖွဲ့ပြီး စနစ်တကျ ခိုးခဲ့ကြ၊ ဝှက်ခဲ့ကြ၊ သရဲမင်းရဲစီးခဲ့ကြတဲ့ခေတ်*



www.burmeseclassic.com

www.burmeseclassic.com

ဆိုတဲ့ တစ်ဖွတ်ထိုး၊ တစ်လမ်းသွားဝါဒကြီး ဝုန်းခနဲ ပြိုလဲသွားခဲ့တာပ။ ဘယ်သူတွေက ကြိုတွေးထားမှာတုံး။ ၂၆ နှစ်လုံးလုံး တိုင်းပြည်ကို မျက်စိပိတ်၊ နားပိတ်ထားခဲ့ပြီး ဆင်းရဲခြင်း ချောက်ကမ်းပါးထဲ တွန်းချပစ်ခဲ့တဲ့ တံခါးပိတ်တရားသေစနစ်ဆိုးကြီး နိဂုံးတံ ခန္ဓာစဲခဲ့တဲ့ ဖြစ်ပုံတွေကိုလေ။

အံ့ပဲ… အံ့ရပါသော်ကော ကိုယ့်လူရာ။

ကိုယ့်တိုင်းပြည်ကို ကိုယ့်လူမျိုးထဲမှာ ဒီလောက်လူထုအကျိုးမျှော် ခေါင်းဆောင်ကောင်းတွေ၊ ကိုယ်ကျိုးစွန့်အနစ်နာခံ၊ ဘဝကိုရင်းပြီး တိုင်းပြည်နဲ့လူမျိုးကို ချစ်ပြနိုင်တဲ့ လူထုသူရဲကောင်းတွေ ဒီလောက် အမြစ်မြေလျှောက်ခြေကုပ်မြဲမြဲ ပြန့်ပွားစည်ပင်နေခဲ့မှန်း မသိခဲ့ရိုး အမှန်ပါ။ ဟော… တိုင်းရေးပြည်ရေးမှာ အရေးဟဲ့၊ အကြောင်းဟဲ့လို့ ဖုတ်ပူမီးတိုက် အကြောင်းလည်းပေါ်လာကရော။ အဲဒီ… အဲဒီ လူထုလူတွေက ဘွားခနဲ လူထုကြားမှာ ပေါ်လာခဲ့သလေ။ လူထု အရေးတော်ပုံကြီးကို ရှေ့ဆောင်ခဲ့၊ လမ်းပြခဲ့ကြသလေ။ အသံကောင်းဟစ်ပြီး မျက်နှာပြကောင်းရုံ မဟုတ်ခဲ့ပါဘူး။ သေနတ်သံတဒိုင်း… ဒိုင်း၊ လူထုအလောင်းတွေ အထပ်ထပ်၊ လူထုရဲ့ သွေးချောင်းစီးနေခဲ့တဲ့ အမှောင်ခေတ်၊ တရားလက်လွတ် ခေတ်ကြီးထဲမှာ ဟော တစ်ယောက်… ဟောတစ်ယောက် ပက်ပက်စက်စက် အသတ်ခံ၊ အသေခံပြရင်း လူထုနိုင်ငံရေးကို အလင်းပြခဲ့ကြတာ။ အလင်းဆောင်ခဲ့ကြတာ။ အသက်မသေကျန်ရစ်သူတွေက အချုပ်ထဲ၊ ထောင်တွေထဲမှာ တင်းကျမ်းပြည့်။ နယ်စွန်နယ်ဖျား တောင်ကြိုတောင်ကြားမှာ အပြေးပြေးအလွှားလွှား၊ တောပြည့်တောင်ပြည့်။ အဲဒါ တကယ့်အဖြစ်မှန်ကြီး။ မဟာဂန္ထဝင်ကြီး။ ယုံတမ်းစကားပုံပြင်ဒဏ္ဍာရီ မဟုတ်ဘူး။ ကျုပ်တို့ 'ရှစ် လေးလုံး လူထုအရေးတော်ပုံကြီး'ဟာ ခေတ်အပြောင်းအလဲ တော်လှန်ရေးကြီးတစ်ရပ်ကိုသာ မွေးဖွားပေးခဲ့တာ မဟုတ်ဘူး။ နိုင်ငံရေးသမားလို့ အစိုးရအဆက်ဆက်က မျက်မုန်းကျိုးရန်ငြိုးထိုးတတ်ကြတဲ့ လူထုအကျိုးဆောင်၊ ကိုယ်ကျိုးစွန့်သမားတွေကိုလည်း ထောင်နဲ့သောင်းနဲ့ချီပြီး ဒုနဲ့ဒေးပေါ်ထွန်းလာစေခဲ့ပါတယ်။ ဘယ်တုန်းကမှ နိုင်ငံရေးဆိုတာနဲ့တွဲပြီး မစဉ်းစားလာခဲ့ကြဖူးတဲ့ ကိုသက်ဝင်းအောင်လို အထက်တန်း ကျောင်းသားကလေးကနေ ဒေါ်အောင်ဆန်းစုကြည်လို မြန်မာသိကမ္ဘာသိ၊ မြန်မာပြည် နိုင်ငံရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရင်သွေးအဆုံး ဖြုန်းခနဲ၊ ဒိုင်းခနဲ ရဲရဲတောက် လူထုနိုင်ငံရေးသမားတွေအဖြစ် လိပ်ပြာပြောင်းသွားခဲ့ကြပုံတွေဟာ တကယ့်သမိုင်းရဲ့ အရှိတရားတွေပါ။ ကိုသက်ဝင်းအောင်ဟာ ၁၉၉၇၊ ဇူလိုင်လ ၁၉ ရက် အာဇာနည်နေ့ ချီတက်အလေးပြုရေး လှုပ်ရှားမှုမှာ ရှေ့တန်းကပါဝင်ခဲ့ပြီး စစ်အစိုးရရဲ့ ဖမ်းဆီးထိန်းသိမ်းတာကို ခံခဲ့ရ၊ ထောင်ထဲမှာပဲ ကျဆုံးသွားခဲ့ရ။ အဲဒီလိုပဲ လူမသိသူမသိ ကြွေလွင့်ကျဆုံးခဲ့ရတဲ့ လူထုနိုင်ငံရေးခေါင်းဆောင်တွေ၊ လူထုတော်လှန်ရေး လမ်းပြကြယ်တွေဟာ ၁၉၈၈ ခုနှစ်လွန် ကာလတွေမှာ တိမ်စင်ည မိုးပေါ်ကကြယ်တွေလို မိုးလုံးပြည့် လင်းလက်လာခဲ့တာ ကိုယ့်လူအသိပဲ မဟုတ်လား။ နေမရှိ၊ လမရှိ၊ မှောင်ကြီးအတိ အဲဒီကာလတွေမှာ အဲဒီလူထုကြယ်တွေရဲ့ လင်းအားနဲ့ လူထုတော်လှန်ရေးကြီး ရှေ့ကို ချီတက်နိုင်ခဲ့တယ် မဟုတ်လား။

ဟား… ဟား…။ မှန်တာပြောရင် အဟုတ်ချမ်းသာပါရစီဗျာ။ ဘုရားစူး… ဘုရားစူး။

ကိုယ့်လူ ကြားခဲ့ဖူး၊ ဖတ်ခဲ့ဖူးရဲ့ မဟုတ်လား။ 'တို့ဘက်ကကြည့်တော့ သူရဲကောင်း၊ သူတို့ဘက်ကကြည့်တော့ သစ္စာဖောက်'ဆိုတာကိုလေ။ အဲ… အဲဒီအတိုင်းပဲ ကိုယ့်လူ။ အဲဒါဟာ ဘယ်တော့မှ ရိုးမသွား၊ ယွင်းမသွားတဲ့ လောကရဲ့နိယာမ။ ကျုပ်တို့ ရဲရဲတောက် အနီဆရာကြီးများကကျတော့ 'ရန်/ငါ စည်းပြတ်ရမယ်' ဆိုသကိုး။ အဲသလိုကိုး ကိုယ့်လူရဲ့။

ပြောချင်တာက ခေတ်တိုင်း၊ခေတ်တိုင်းမှာ လူထုကြားက ပေါ်ပေါက်လာတတ်တဲ့ လူထုအကျိုးရည်၊ နိုင်ငံရေးသမား လူထုအလင်းပြတွေကို ကျုပ်တို့လူထုများကလည်း သည်းသည်းလှုပ် ချစ်မြတ်နိုးတတ်ကြသဗျ။ အဲ… သို့ပေတဲ့သို့ ခေတ်ကြီးကို နသားပါရ အပိုင်စီးခွင့်ရထားတဲ့ အစိုးရမင်းများကဖြင့် အူနုကျွဲခတ်ခံရတဲ့ အတိုင်း အသည်းပေါက်မတတ် လွှတ်မုန်း၊ လွှတ်အမြင်ကတ်၊ လွှတ်မေတ္တာပျက်ကိုး။ ကိုင်း… မခက်လား။ လူထုချစ်တာကို မချစ်တတ်။ လူထုအကြိုက်ကို မကြိုက်

*ကိုသက်ဝင်းအောင်ဟာ ၁၉၉၇၊ ဇူလိုင်လ ၁၉ ရက် အာဇာနည်နေ့ ချီတက်အလေးပြုရေး လှုပ်ရှားမှုမှာ ရှေ့တန်းကပါဝင်ခဲ့ပြီး စစ်အစိုးရရဲ့ ဖမ်းဆီးထိန်းသိမ်းတာကို ခံခဲ့ရ၊ ထောင်ထဲမှာပဲ*


www.burmeseclassic.com

www.burmeseclassic.com

တတ်။ လူထုအလိုဆန္ဒနဲ့ ပြဒါးတစ်လမ်း၊ သံတစ်လမ်းဆိုမှဖြင့် အဲဒီအစိုးရမျိုးဟာ လူထုအစိုးရ ဟုတ်ပါဦးမလား။ လူထုအကျိုးရော တကယ်လုပ်ပါဦးမလား။ ဟုတ်စ။

အဲ… အင်း။ သို့ပေတဲ့လို့။ ကျုပ်တို့နိုင်ငံ၊ ကျုပ်တို့လူထုခများ ခေတ်တိုင်းမှာ အကျိုးပေးမကောင်းခဲ့ကြရှာဖူး။ လွတ်ကံဆိုးခဲ့သဗျ။ ၁၉၆၂ ခုနှစ် နောက်ပိုင်း စစ်အစိုးရ အဆက်ဆက်ဟာ လူထုအလိုကို ကျော်ခိုင်းပြီး ‘‘ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်’ တွေချည်း ဇွတ်လုပ်ခဲ့ကြတာပဲ။ လူထုကို အသိပေး၊ လမ်းပြ၊ အလင်းဖွင့်ပေးတဲ့ နိုင်ငံရေးသမားမှန်ရင်လည်း တွေ့ရာသင်္ချိုင်း မားမဆိုင်း မဟားတရား အဆုံးစီရင်ခဲ့ကြတာဟာဖြင့် မြင်မကောင်း၊ ကြားမကောင်း ဝက်ဝက်ကွဲပလဗျာ။

အင်း… ခုမှပဲ ကျုပ်ရဲ့ ထောင်ဇာတ်လမ်းဆီ ပြန်ရောက်ပေတော့တယ်။ ဒီလောက်မှ ပြောမထားပြန်ရင်လည်း ဇာတ်ရည်က လည်မှာမဟုတ်ဘူးကိုး။ ကိုယ့်လူရဲ့။

ကဲ… ကဲ… စလိုက်ကြစို့ရဲ့။

သေနတ်ကြီးတွေ တကားကား၊ စစ်ခမောက်ကြီးတွေ တလွှားလွှားနဲ့ နသားပါရ ပုဏ္ဏကတိုက်ခဲ့ကြတဲ့ ဇာတ်လမ်း။ ဆရာမောင်သာရ အလိုကဖြင့် ပြန်မပြောရင် ပြောချင်တယ်တဲ့။ ကျုပ်ကတော့ အဲသလို မဟုတ်ပေါင်။ သောင်းတိုက်ကကြားစေပဲဗျာ။ ကဲ…။

( ၄ )

အဲ… အဲဒီတုန်းက ကျုပ်ဆိုတဲ့မောင်ဟာ တောကြားတောင်ကြား နယ်စွန်နယ်ဖျားက ရဲဘက်အလုပ်စခန်း ကလေးတွေမှာချည်း ဆယ်နှစ်ဆယ်မိုး တောရိပ်တောင်ရိပ်ခို တာဝန်ထမ်းခဲ့ပြီးလို့မို့ တစ်သက်တစ်ခါ စာထဲမှာပဲ လွမ်းခဲ့ရဖူးတဲ့ မန္တလေး ဗဟိုထောင်ကြီးကို ရောက်လာစ မနူးမနပ်၊ စိမ်းဆတ်ဆတ် ထောင်မှူး အူလည်ကြောင်ကျား ငတိတစ်ယောက် ဖြစ်တာကိုးဗျ။ ဟုတ်တယ် ကိုယ့်လူရဲ့။ ကျုပ်တို့ ထောင်လောကမှာ ထောင်လုပ်သက် ဘယ်လောက်ရှိရှိ၊ အင်းစိန်လို၊ မန္တလေးလို ဗဟိုထောင်ကြီးတွေ မြင်းခြံ၊ သာယာဝတီ၊ ပုသိမ်၊ မော်လမြိုင်၊ မြောင်းမြလို (က)အဆင့်ထောင်ကြီးတွေမှာ အလုပ်မလုပ်ဖူးသေးရင် ထောင်စာမတတ်၊ ထောင်ဝါထောင်သမ္ဘာမကျေဘူးလို့ အဆိုရှိတာကိုးဗျ။ နယ်စွန်နယ်ဖျားက ချောက်ချီးချောက်ချက် ရဲဘက်စခန်းကလေးမှာချည်း ဆယ်နှစ်သာသာ ကျောက်ချဖြစ်ခဲ့တဲ့ ကျုပ်လို ငနဲကို မန္တလေးထောင်က လုပ်သက်နု ဝါဒါငတိကလေးတွေက ထောင်အပေါ်စီးက ငုံ့ကြည့်တာခံနေရတာ ခင်ဗျားရဲ့။ ပါးစပ်က ခေါ်တာကဖြင့် ‘ဆရာ၊ ဆရာ’ ပါပဲ။ နော့… သူတို့အထက်က အရာရှိကိုးဗျ။ အဲ ဒါပေမဲ့လို့ တကယ်လုပ်ကြကိုင်ကြပြီဆိုရင် ‘ဟာ… ဆရာ ဒါကို မသိသေးပါဘူး’ ‘အဲဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ ဆရာရဲ့။ ဒါဟာ ထောင်လေထောင်ခင်ဗျ။ ရောနန္တ ဗဟိုထောင်ကြီးနော်။ ရဲဘက်စခန်းမဟုတ်ဘူး။ ဆရာလို ပျော့စိပျော့ချွဲလုပ်နေရင် ဆရာ့ခေါင်းပေါ်က ဆံပင် တစ်မွေးမှတောင် ကျန်လိုက်မှာမဟုတ်ဘူး။ ထောင်လက်ကောက်တွေက အပျော့ဆွဲနဲ့ နုတ်ပစ်ကြလိမ့်မယ်။ ထောင်မှာက ဟန်ကိုယ်ဖို့ ဆရာရဲ့။ မှတ်ထား၊ ဘာညာကွိကွစသဖြင့် ကြုံရာလူက လက်ဆင်ပေးတာချည်း ခံနေရတာကိုးဗျ။ ဖြစ်ပုံများ ပြောပါတယ်။

အဲ… အဲသလိုပေမယ့် ကျုပ်အဖို့ ဟန်ကျတာတစ်ခုတော့ဖြင့်ရှိရဲ့။ ထောင်တာဝန်ခံအရာရှိ Superintendent of Jail ဖြစ်တဲ့ ထောင်ပိုင်ကြီးက ကျုပ်ဆရာ အရင်းခေါက်ခေါက်။ ပြီးတော့ ကျုပ်အစ်ကိုအကြီးဆုံး ကျောင်းဆရာရဲ့ သူငယ်ချင်း။ အဲဒီတော့ရင်.. ကျုပ်က နေတော့သာ ‘‘နန်းရော’’ ညှို့ရိပ်သာမှာ နေနေပေမယ့် စားတော့ ထောင်ဘူးကြီးပေါ်က ထောင်ပိုင်ကြီးအိမ်မှာ ထမင်းတက်စားနေတဲ့ ငနဲပဲ။ ထောင် သန္ဓေအရာရှိ၊ ဝန်ထမ်းတွေအဖို့ ‘တောထဲကတက်လာတဲ့ ဒီကြောင်စီစီ ထောင်မှူးငနဲဟာဖြင့် ဘယ်လို အကောင်ပါလိမ့်မလဲ။ ခေသူမဟုတ်တဲ့ ဘဲကြီးပဲလို့ ဇဝေဇဝါတွေများ ဖြစ်လို့ကိုးဗျ။ ဟဲ… ဟဲ… ဟဲ…။

ဟုတ်တယ်။ ကျုပ်က အဲသလို ကောင်ရယ်။ အခြောက်တိုက် အထင်ကြီးခံရတတ်တဲ့ ဇာတာက ကျုပ်မှာ အလိုလိုကပ်ပါလာပုံရတယ်။ ကိုင်း… ထားပါတော့။

တစ်နေ့မှာ ထမင်းစားကြရင်းနဲ့ ကျုပ်ဆရာ ထောင်ပိုင်ကြီးက ကျုပ်ကိုမေးတယ်။ အင်း… ဟုတ်ဗျ။ မန္တလေးထောင်ကို အလုပ်ဝင်ဖို့ သတင်းပို့အပြီး လေးငါး

*ဆရာလို ပျော့စိပျော့ချွဲလုပ်နေရင် ဆရာ့ခေါင်းပေါ်က ဆံပင် တစ်မွေးမှတောင် ကျန်လိုက်မှာ*
*မဟုတ်ဘူး။ ထောင်လက်ကောက်တွေက အပျော့ဆွဲနဲ့ နုတ်ပစ်ကြလိမ့်မယ်*





www.burmeseclassic.com

www.burmeseclassic.com

ဆယ်ရက်လောက်မှာပဲပေါ့။

"ဟော့… ကိုဇော်မြင့်"

"ဟုတ်… ဆရာကြီး"

"ကိုရင်လည်း ထောင်ထဲဝင်လိုက်ထွက်လိုက်နဲ့ ဟာ ဘယ့်နှယ့်လဲ ထောင်နဲ့ အသားကျသွားပြီလား"

"အင်း… ရဲဘက်စခန်းနဲ့က အခြေအနေချင်း တခြားစီဆိုတော့ အကြားစိမ်း၊ အမြင်စိမ်းတုန်း။ သိပ်ပြီး အဆင်မချောချင်သေးပါဘူး ဆရာကြီးရယ်"

"ထောင်ကလည်း ရောမထောင်ကြီးကိုးဗျ။ ကျုပ်တို့ နယ်ရဲဘက်စခန်းကလေးတွေနဲ့တော့ ဘယ်တူပမတုံး။ အဲဒီမှာက ထောင်စည်းကမ်းထက် အလုပ်က ပိုအရေးကြီးလေတော့ စည်းစည်းရုံးရုံး၊ နွေးနွေးထွေးထွေး လုပ်ကြကိုင်ကြရတာကိုး။ ဒီမှာဖြင့်ရင် ထောင်လုံခြုံရေးနဲ့ ထောင်စည်းကမ်းက အခရာပဲ။ ထောင်ပုံစံ ပီပီပြင်ပြင် လုပ်ကြရတယ်လေ"

"ဟုတ် ဆရာကြီး။ ရဲဘက်စခန်းမှာချည်း ဆယ်နှစ်ကျော်နေလာခဲ့တော့ ဒီထောင်မှာ နေရတာက ရေထဲက ငါးကို ကုန်းပေါ်ပစ်တင်ခံလိုက်ရတဲ့ အတိုင်းပဲ။ ဟာစိဟာစိနဲ့ ဘယ်လိုမှ အသက်ရှူလို့မဝပါဘူး ဆရာကြီး ရယ်"

"ဟား… ဟား… ဟား…။ ဟုတ်တယ်… ဟုတ်တယ်။ ကျုပ် ဒီထောင်ကို စဝင်တုန်းကလည်း အဲဒီအတိုင်းပဲ ခံစားခဲ့ရသေးတယ်။ နောင်… အသားကျသွားတော့လည်း နေလို့ဖြစ်သွားတာပါပဲ"

"ဟုတ်…"

"ကဲ… ဒီတော့ရင် ကိုရင် ဘယ်ဆက်ရှင် (Section) မှာ လုပ်ချင်သလဲ။ ဦးစီးထောင်မှူးကြီးက ဂျူတီခွဲဖို့ ကျုပ်ကိုမေးနေပြီ"

"အင်း… အဲ၊ ဆရာကြီးသင့်တော်မယ်ထင်တဲ့ နေရာသာ ရွေးပြီးချပေးပါ ခင်ဗျာ။ သိပ်ဟဲဗီး (Heavy) ကြီး မဖြစ်ရင် တော်ပါပြီ။ ကျွန်တော် ကြိုးစားပြီးလုပ်ပါ မယ်"

"အေးဗျ။ ခင်ဗျားကို ကျုပ်နဲ့၊ ညွှန်မှူးကြီးနဲ့ တကယ်တာဝန်ပေးချင်တာက စက်မှုလက်မှု အလုပ်ရုံ (Workyard) ရဲ့ ဌာနမှူးနေရာဗျ။ ဒါပေမဲ့ အဲဒီမှာက အကျဉ်းသား အလုပ်ကျွမ်းကျင် (Skill Labour) ချည်း ထောင်ဂဏန်းပျော့ပျော့လောက် ရှိနေတာ။ အုပ်ချုပ်မှုနဲ့ စီမံခန့်ခွဲမှုဘက်မှာတော့ ခင်ဗျားကို ဘာမှပြောစရာမရှိပါ ဘူး။ ရဲဘက်စခန်းမှာ ငွေစာရင်းနဲ့ စီမံကိန်းတာဝန်ခံလုပ် လာခဲ့တဲ့လူပဲ။ ဖြစ်ပါတယ်။ ဒါပေမဲ့ ထောင်ရဲ့အထာနဲ့ ထောင်က လက်ကောက်တွေရဲ့ ဗီဇတွေ၊ ဇတွေနဲ့ စိမ်းနေ သေးတော့ကာ ထောင်ကို လေ့လာချိန်ရအောင် ပိုပြီး ပေါ့ပါးတဲ့ ဆက်ရှင်ကိုပဲ လောလောဆယ် ချထားပေးလိုက် မယ်လေ။

အဲဒီမှာ ခဏလုပ်ရင်း ထောင်ရဲ့သဘောသဘာ ဝကို သင်ယူပေါ့ဗျာ။ နောက်နှစ်ဝက် ဂျူတီခွဲရင်တော့ အလုပ်ရုံကို ခင်ဗျား မဖြစ်မနေ ဝင်ရလိမ့်မယ်။ ညွှန်မှူး ကြီးရဲ့ သဘောကလည်း အဲဒီအတိုင်းပဲ။ ဘယ့်နှယ့်လဲ"

"ဟုတ်… ဆရာကြီး။ အဲဒီအတိုင်းပဲ ကောင်း ပါတယ်"

"ကောင်းပြီလေ။ ညနေမှာ ရုံးအမိန့်စာ (part I order) ထုတ်ပေးလိုက်မယ်။ မနက်ဖြန်မနက်ကစပြီး ရဲဘက်ဆိုဒ်မှာ အလုပ်စဝင်ပေတော့။ သေသေချာချာတော့ လုပ်ဦးနော်။ အဲဒီဆက်ရှင်ကလည်း ပြဿနာအများသား ရယ်။ ငွေနဲ့ပတ်သက်လို့ ခင်ဗျား လောဘနည်းတာကို အတွင်းသိမို့လို့ အဲဒီကို တမင်ပို့တာ။ ဒီထောင်မှာ ဘယ် တပည့်လက်သားကိုမှ မယုံလေနဲ့။ ကိုယ်ပေါင်းစိတ် ခွာထား။ ကိုယ့်ခေါင်းနဲ့ ကိုယ့်ရင်ဘတ်ပဲ တိုင်ပင်ပြီး အလုပ်လုပ်ဗျ။ ကြားလား"

"ဟုတ်… ဆရာကြီး"

ကိုင်း… ပြီးရော။ အဲသလိုနည်းနဲ့ ကျုပ်က တရားရေး-၂ (ရဲဘက်ဌာန)ရဲ့ တာဝန်ခံ ထောင်မှူးဖြစ် လာခဲ့တာပဲ ကိုယ့်လူရေ။

အမယ်မင်း…၊ တကယ် ဂျူတီခွဲတဲ့ အမိန့် လည်း ထွက်လာရော၊ တစ်ထောင်လုံး မီးခိုးတိတ်ကရော ဗျို့။ အားလုံးပဲ ရှော့ရသွားကြသတဲ့ဗျာ။ ဒီလိုလေဗျာ။ ဒီထောင်ကြီးမဟာမှာ ရဲဘက်ဆိုဒ်ဆိုတာ အလွန်မတန် ငွေဝင်ငွေခွင်တဲ့။ ငွေကြောကြီးဆိုပေတာကိုး။ ဒီနေရာကို သူရနိုး၊ ငါရနိုး တိတ်တိတ်ကျိတ်ပြီး အားခဲထားကြတဲ့ အချိန်၊ ကျုပ်လို အူလည်လည်၊ ယောင်နန ဘူမသိကိုးမသိ

*ထောင်ရဲ့အထာနဲ့ ထောင်က လက်ကောက်တွေရဲ့ ဗီဇတွေ၊ ဇတွေနဲ့ စိမ်းနေသေးတော့ကာ ထောင်ကို လေ့လာချိန်ရအောင် ပိုပြီးပေါ့ပါးတဲ့ ဆက်ရှင်ကိုပဲ လောလောဆယ်*

www.burmeseclassic.com

www.burmeseclassic.com

ငနဲကို ပေးလိုက်သတဲ့ဆိုတော့ကာ ခဲလေသမျှသဲရေကျ၊ ရင်ကွဲပက်လက် ဖြစ်ကြရတယ်ဆိုကိုး ခင်ဗျားရဲ့။

"ငနဲကကြည့်တော့သာ ပြုံးစိစိ ဖီနှာနှာနဲ့ရယ်။ ကိုင်မယ့်ကိုင်တော့ ခေါင်ကိုမှ တက်ကိုင်သကိုးဗျ။ ကျလည်း ကျတဲ့မောင်ပဲ"

ကျုပ်ကိုလည်း အဲသလို မချီတင်ကဲ ဝေဖန်လေကန့်ကြသေးသဗျ။ ဟုတ်တော့လည်း ဟုတ်နေတာကိုး နော့။

ဗျာ…။ ဘယ်လို။ တော်တော်လေးမှ ထောခဲ့ရဲ့လား။ ဟုတ်စ။ ဟား… ဟား… ဟား…။ မှန်တဲ့အတိုင်းပြောရင် ချမ်းသာပါရစီဗျာ။ ဘယ့်နှယ့်မှ မဘာခဲ့ရပါဘူး။ ဘုရားစူးရစေရဲ့။

ဒီလိုဗျ။

ကိုယ်ဇာတ်ထဲ လိုက်တဲ့နေ့မှပဲ နဲ့ကြီးတက်နင်းမိလို့ လျှော်ရတဲ့ကိန်း ဆိုက်ခဲ့ပါရောလား။

ဟုတ်တယ်။ ကျုပ်ပြောတဲ့ နိုင်ငံရေးသမား အကျဉ်းသားတွေကို မပို့စဖူး ရဲဘက်စခန်း ပို့မလို့တဲ့ဗျ။ တိုင်းမှူးကြီးရဲ့ ညွှန်ကြားချက်အရ၊ အထူးစီမံချက်အရ ဆိုပါလား။ ကံနဲ့လူမပူနဲ့ဆိုသလိုပဲ စီမံချက်နဲ့မှ တည့်တည့်တန်းတိုးရသတဲ့လေ။ ကဲ… လထွတ်၊ မွတ်ကရော မှုတ်လား။

အဲသလိုပါဆိုမှပဲဗျာ။ အဲသလို… အဲသလိုဗျ။ ကဲ…။

( ၅ )

"ကိုဇော်မြင့်…ရေ"

"ခင်ဗျာ… ဆရာကြီး"

"ကိုရင် သေသေချာချာ ဂရုစိုက်ပြီး လုပ်ရမယ့် အလုပ်တစ်ခုတော့ ပေါ်လာပြီဟေ့။ ရဲဘက်ဆိုဒ်ကို လွှဲယူနေတာကရော ဘယ်အခြေအနေရှိပလဲ"

"ဟုတ်၊ အပြစ်ပေးဝရမ်း (Warrant) တွေ စစ်တာကတော့ ပြီးသလောက် ရှိနေပါပြီ ဆရာကြီး။ ဒီကနေ့ မနက်ပိုင်းမှာတင်ပဲ ပြီးသွားမှာပါ"

"အေး… အေး။ မြန်မြန်လုပ်လိုက်ကြ။ ဒီရက်ပိုင်းမှာ အထူးစီမံချက်တစ်ခုကို လုပ်ကြရဖို့ရှိတယ်။ တိုင်းမှူးကြီးရဲ့ ညွှန်ကြားချက်တဲ့"

"ဟုတ်… ဆရာကြီး"

နေဦးဗျ။ ကျုပ်ပြောဦးမယ်။ တိုင်းမှူးကြီးလို 'အမောင် တောင်မှန်းမြောက်မှန်း မသိ' ရောကောသောကော အိယောင်ဝါး ရမ်းကြိတ်ပစ်လိုက်လို့ မဖြစ်ဘူး။ ဒီဇာတ်လမ်းမှာ ဒါက အရေးကြီးတယ်။ ဒီဇာတ်ထုပ်၊ ဒီဇာတ်ကွက် ဒီနသားပါရ အဓမ္မမှုကြီးမှာ ဒီလူကြီးက ဒါရိုက်တာကိုး ကိုယ့်လူရဲ့။ ဘယ်သူမှတ်သတုံး။ ဟုတ်တယ်။ ဟုတ်တယ်။ နဝတခေတ်ဦး ၁၉၈၈-၈၉ ကနေ ၁၉၉၄ လောက်အထိ မြန်မာပြည်အထက်ပိုင်းရဲ့ ဘုရင်တစ်ပါးလောက်နီးနီး တန်ခိုးထွားခဲ့ဖူးတဲ့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်လို့ ခင်ဗျားပြောလိုက်တာ မှန်တယ်။ သူပဲ… သူပဲ။ အဲဒီပုဂ္ဂိုလ်ကြီးက အဲဒီခေတ်၊ အဲဒီအခါက နဝတအဖွဲ့ဝင် စစ်ဗိုလ်ချုပ်ကြီးတစ်ဦး ဖြစ်သလို၊ မြန်မာပြည်အထက်ပိုင်းက စစ်တိုင်းမှူးကြီးတွေဖြစ်တဲ့ ဒုဗိုလ်ချုပ်ကြီး မောင်သင့်၊ ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်မင်းစတဲ့ လေးဦးဂိုဏ်းရဲ့ အဓိပတိကြီးပေါ့ဗျ။ နဝတအဖွဲ့ထဲမှာ သဘောထား အတင်းမာဆုံး၊ မာရေကျောရအနိုင်ဆုံး စီနီယာဗိုလ်ချုပ်ကြီး ဖြစ်သလို၊ ရှစ်ဆယ့်ရှစ်လူထုတော်လှန်ရေး အရေးတော်ပုံက မွေးထုတ်ပေးလိုက်တဲ့ လူထုခေါင်းဆောင်၊ နိုင်ငံရေးသမားတွေကို နှိပ်ကွပ်တဲ့နေရာမှာလည်း လက်သံအပြောင်ဆုံး၊ အညှာအတာအကင်းမဲ့ဆုံးလို့ နာမည်ကြီးတဲ့ ငနဲကြီးပလေဗျာ။ ဘယ်လောက်အထိများ ပက်စက်လိုက်ခဲ့သလဲဆိုရင် သူနဲ့ကျောင်းနေဖက် ငယ်သူငယ်ချင်း အရင်းကြီးဖြစ်တဲ့ ဒွိပိဋကဓရ မစိုးရိမ်ဆရာတော်ဘုရားကြီး ဦးရာဇဓမ္မလို လဇ္ဇီပေသလ သိက္ခာကာမ ဖြစ်တော်မူတဲ့ အာဂသံဃာ့ဝန် ဆောင်ပုဂ္ဂိုလ်ကြီးကိုတောင် ရဟန်းဘဝနဲ့ မန္တလေးထောင်ထဲဆွဲထည့်ပြီး စစ်ခုံရုံးဖွဲ့၊ ထောင်ချပစ်ခဲ့သေးတဲ့ ငတိကြီးကလား။ အဲ… သူပဲ။ လပခစစ်တိုင်းမှူး ဒုဗိုလ်ချုပ်ကြီး ထွန်းကြည်ပဲ။

အဲ… အခု ကျုပ်ပြောမယ့်ဇာတ်လမ်းက သူပဲ ဇာတ်ညွှန်းရေး၊ သူပဲ ဒါရိုက်တာလုပ်၊ သူပဲ သရုပ်ပြ အမွှမ်းတင်ခဲ့တဲ့ အဓမ္မဇာတ်ထုပ်ကြီးကိုးဗျ။ အဲတော့…

*မြန်မာပြည်အထက်ပိုင်းရဲ့ ဘုရင်တစ်ပါးလောက်နီးနီး တန်ခိုးထွားခဲ့ဖူးတဲ့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်လို့ ခင်ဗျားပြောလိုက်တာ မှန်တယ်*





www.burmeseclassic.com

www.burmeseclassic.com

အဲသည့် ဒါရိုက်တာကြီးကို တီတီပပသိထားမှ ဓာတ်ရဲ့ ရက်စက်ကြမ်းကြုတ်မှုကို ကွက်ကွက်ကွင်းကွင်း အရသာခံ လို့ကောင်းမှာကိုး။ မျက်စိလည်မသွားမှာကိုး။ သင်းတို့ရဲ့ ဓာတ်နဲ့ အစဉ်အလာက ဒီလိုပေကိုးလို့ နှောင်းလူများ နှလုံးသွင်း မှန်ကြမြဲကြမှာကိုး။

ပြီးတော့ရင်… ဒီလိုလည်း ရှိသေးတယ်ဗျ။

ကျုပ်တို့ထောင်လောကမယ် ရဲဘက်စခန်းလို့ လွယ်လွယ်နှုတ်ကျိုးပြီး ခေါ်နေကြတဲ့ အကျဉ်းထောင် ပြင်ပအလုပ်စခန်းတွေကို ထောင်ကျလာတဲ့ အကျဉ်းသား မှန်သမျှ 'လာဟဲ့… လာဟဲ့'' ဆွဲလွဲပြီး တွန်းထိုးထည့် လိုက်လို့ ရတာမျိုးမဟုတ်ဘူး။ ဥပဒေနဲ့၊ ညွှန်ကြားချက်နဲ့ တိတိကျကျ ကန့်သတ်ထားတာ၊ တားမြစ်ထားတာတွေက ရှိသေးတာကိုးဗျ။ ဆိုပါတော့ဗျာ။ ပြစ်ဒဏ် ၁၅ နှစ် အထက်ဆိုရင် ရဲဘက်မရွေးရတို့၊ အသက် ၅၅ နှစ်အထက် ဆိုရင် ရဲဘက်မထည့်ရတို့၊ အခြေခံကျန်းမာရေးနဲ့ မပြည့်စုံဘဲ ချည့်နဲ့နေတဲ့သူတွေကို ရဲဘက်အဖြစ် မခိုင်းရတို့ စသဖြင့်ပေါ့လေ။ လောကပါလတရားနဲ့ ညီအောင်၊ အဲ… အဲ ကျုပ်တို့၊ ခင်ဗျားတို့ ကြုံရင်ကြုံသလို အလုံးကြီးတွေ လွှတ်နေတတ်ကြတဲ့ လူ့အခွင့်အရေးတို့၊ ဘာတို့ညာတို့နဲ့ အညီ ဖြစ်ရလေအောင်ဟာ တားမြစ်တော့ထားပါရဲ့။ အဲ… အဲဒီ့အထဲမှာ နိုင်ငံရေးပြစ်မှုနဲ့ ထောင်ကျလာတဲ့ သီးသန့် အကျဉ်းသား (Detainee) တွေကို ရဲဘက်မပို့ရဘူးလို့ တော့ တရားဝင် မပါပေဘူးပေါ့။ နို့ပေတဲ့လို့ ဘယ်အစိုးရ လက်ထက်ကမှလည်း နိုင်ငံရေးအကျဉ်းသားတွေကို အကျဉ်းထောင်ပြင်ပ ရဲဘက်စခန်းတွေဆီထုတ်ပြီး သံခြေ ချင်းခတ် အလုပ် လုပ်မခိုင်းခဲ့ဘူးဗျ။ ဒါက အစဉ်အလာ ပဲ။ ၁၉၆၂ ခုနှစ်၊ တော်လှန်ရေးအစိုးရဆိုတဲ့ ဗိုလ်နေဝင်းရဲ့ ဘောင်းဘီဝတ်ဆရာကြီးတွေ ဆိုရှယ်လစ် ယိမ်းကခဲ့ချိန်က စပြီး နိုင်ငံရေးပြစ်မှုနဲ့၊ နိုင်ငံရေးအကျဉ်းသားအခွင့်အရေး များကို ငြင်းပယ်ခဲ့၊ ရုပ်သိမ်းပစ်ခဲ့၊ မြေလှန်ပစ်ခဲ့တာ အားလုံးအသိပါ။ ကမ္ဘာသိ၊ မြန်မာသိပါ။

အဲ‥ ဒါပေမဲ့ ဘယ်နိုင်ငံရေးအကျဉ်းသားကိုမှ ရိုးရိုးရာဇဝတ်အကျဉ်းသား (riminals) တွေနဲ့ ရောနှောပြီး ထောင်ထဲမှာ မထားခဲ့တာ၊ အကျဉ်းထောင် အပြင်ကို ထုတ်ပြီး ပြည်သူလူထုတွေကြားထဲ လူမြင်သူမြင်ခံပြီး မထားခဲ့တာကဖြင့် အမှန်ဗျ။ ဗိုလ်နေဝင်းက ဒီလောက် ဘယ်အ,လိမ့်မလဲ။ ခါးကြားကမြောက်နဲ့ 'သာဒင်ကို ဘာ ထင်သလဲ' အဟောက်အဟာမ်းတွေ၊ ပုဏ္ဏကတိုက်တာ ထက် ဆိုးတဲ့ ရက်စက် ကြမ်းကြုတ်မှုတွေကြောင့်သာ ငြိမ်နေကြရတာ။ လူထုက သူ့ရဲ့ ခေတ်ပြောင်းတော်လှန်ရေး ဆိုတဲ့ ရွှေရည်စိမ် မျှော်တော်ယောင်ကြီးကို အယုံအကြည် မရှိကြဘူးဆိုတာလည်း သိတယ်။ ဒီတော့ရင် သူက လူထုကို မျက်စိဖွင့်ပေးမယ့် လူထုအလင်းပြ နိုင်ငံရေး သမားတွေနဲ့ လူထုကို အဆက်ဖြတ်ထားဖို့ အမြဲ အာရုံ စိုက်ခဲ့တယ်။ တရစပ် ကြံစည်အားထုတ်ခဲ့တယ်။ ရေနဲ့ ငါးကို ခွဲထားလိုက်ခြင်းအားဖြင့် ငါးတွေ မျိုးမပွားနိုင်ဘူး လို့ ဒီလို လူပြိန်းတွက် တွက်တာကိုးဗျ။ ဟုတ်တယ်။ မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်ကို (အဲဒါက လည်း သူတို့ဘာသာ မျက်စိမှိတ်ပြီး ရမ်းကြိတ်ထားတဲ့ စကားလုံးတွေဗျ။ ဘယ်လိုတွေးကြည့်ကြည့် ခပ်ကြောင် ကြောင်ရယ်။) ထုဆစ်ပုံဖော်ခဲ့တဲ့ ဒီလူကြီးက လူလည် လူပါးကြီး ခင်ဗျာ။ လူထုက သူ့ကို ရေးထက်ရွံ့တယ်ဆို တာ ဒီလူကြီးကသိတယ်။ လူပါးကြီးပါဆိုမှပဲ။ အဲတော့… သူ့အာဏာသက် တစ်လျှောက်လုံး နိုင်ငံရေးသမားမှန်ရင် ''ဂိုးတူဆဲလ် Go to Cells တိုက်ခန်းထဲကျောင်း'' ပဲ၊ ထောင် အပြင်ထုတ်ဖို့များဖြင့် ဝေးပါသေး။ အဲဒါနဲ့တောင် မကျေ နပ်နိုင်သေးလို့ လူထုနဲ့ဝေး အေးရောဆိုပြီး လူမနီး၊ သူမနီး ကိုကိုးကျွန်းအထိ၊ တစ်သက်တစ်ကျွန်းဆိုပြီး ပို့ပစ်ခဲ့သေး တာရောဗျ။ ကမ်းကုန်ပါရောလား။

အဲဗျို့၊ ကျုပ်တို့တိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည် ကဖြင့် အဲသည့် နိုင်ငံရေးအကျဉ်းသားကို ရဲဘက်မထုတ်ရ ထုံးစံတွေ၊ အစဉ်အလာတွေကို ပြောင်ပြောင်တင်းတင်းကြီး ရိုက်ချိုးပြီး ကျုပ်တို့ မန္တလေးထောင်ထဲက နိုင်ငံရေး အကျဉ်းသားတွေကို ရဲဘက်စခန်းပို့မတဲ့။ သံခြေချင်းတွေ ခတ်ပြီး အလုပ်လုပ်ခိုင်းမတဲ့။ ကျားသားမိုးကြိုး ကြမ်းလှ ရမ်းလှချေကလားဗျာတို့။

နဝတအစိုးရရဲ့ 'မှ'လား၊ 'သဘောထား'လား။ သူ့ဘာသာသူပဲ နဝတထိပ်ပိုင်း ငနဲကြီးတွေနဲ့ စင်ပြိုင် ထင်တိုင်းကြဲတာလား။ အဲဒါကတော့ အဲဒီလူကြီးကိုယ် တိုင်မှပဲ သိတော့မယ်။ နော့… သူဆိုတဲ့သူကလည်း

*အဲဗျို့ ကျုပ်တို့တိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည်ကဖြင့် အဲသည့် နိုင်ငံရေးအကျဉ်းသားကို ရဲဘက်မထုတ်ရ ထုံးစံတွေ၊ အစဉ်အလာတွေကို ပြောင်ပြောင်တင်းတင်းကြီး ရိုက်ချိုးပြီး*



www.burmeseclassic.com

www.burmeseclassic.com

နဝတာအဖွဲ့ထဲမှာ 'ဘယ်ခွေးမှ လူမထင်ဘူး၊ အချိုးနဲ့ စွာချင်တိုင်းစွာ၊ မာချင်တိုင်းမာနေတဲ့ အာဂလူကြီး၊ လူရမ်းကြီးကိုးဗျ။ ဗိုလ်စောမောင်တို့၊ ဗိုလ်သန်းရွှေတို့၊ ဗိုလ်ခင်ညွန့်တို့ကတောင် အဲဒီလူကြီးမျက်နှာကို ကြည့်နေကြရတဲ့ ခေတ်ပါဆိုမှပဲ။ ဒီလူကြီးက မိုးကောင်းချင်တိုင်းကောင်းခဲ့တဲ့ကာလပဲ။ ကိုယ့်လူလည်း အသိသားနဲ့။

ဟော… ခင်ဗျားကတော့ လုပ်ပြီ။ ပြောရင်းဆိုရင်းကနေ ဗွေဖောက်လာပြီ။ ဘာ… ဘာတဲ့။ ရဲဘက်စခန်း ပို့ရလောက်အောင် ထောင်ထဲမှာကော နိုင်ငံရေးအကျဉ်းသား အဲသလောက် များများစားစား ရှိသလား… ဟုတ်စ။

ခက်တော့နေပါပြီ… ကိုယ့်လူရာ။

အဲဒါကြောင့် မှန်တာပြောရင် ချမ်းသာပါရစီလို့ ကျုပ်ကပြောတာ။ တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်ပဲဥစ္စာ။ ကိုယ့်လူကို ထိမ်ထားချန်ထားခဲ့စရာ ဘာရှိလို့တုံး။

ပြီးတော့…၊ အဲဒါတွေက သမိုင်းတွေဗျ။ ကျုပ်တို့မျက်စိရှေ့က၊ ကျုပ်တို့ ထောင်ကြီးတွေပေါ်က ဖြတ်သွားကျော်သွားတဲ့ တကယ့်ဖြစ်ရပ်မှန် သမိုင်းတွေ။ နောင်းလူတွေ အမှန်အတိုင်း သိကြပါစေဗျာ။ ပြောစရာရှိတာတွေတော့ ပြောခဲ့ကြရမှာပေါ့။ ဒါမှပဲ သမိုင်းအမှန်ကို သိကြမှာ။ သမိုင်းမှန်သိမှ အဲဒီ သမိုင်းရဲ့တန်ဖိုးကို အမှန်အတိုင်း အကဲဖြတ်နိုင်မှာဗျ။ သိလား။

အဲတော့… အဲဒီခေတ် ထောင်တွေထဲမှာ နိုင်ငံရေး အကျဉ်းသားတွေ အများကြီးရှိသလား။ ရှိတယ်။ အများကြီးကို ရှိတယ်။ ထောင်ဂဏန်းသောင်းဂဏန်းမကထောင်တွေထောင်တွေထဲက တိုက်ခန်းတွေ (Cells)တွေ ပြည့်ကျပ်ကုန်လို့ ထားစရာနေရာ မရှိအောင်ကို ပေါပေါများများကြီး ရှိခဲ့တယ်။ အဲသလို ပေါပေါများများ ရှိရလောက်အောင်လည်း နိုင်ငံအနှံ့ စစ်ခုံရုံး (Court Martial)တွေ တည်ထောင်ပြီး မှန်မှန်မှားမှား နိုင်ငံရေးသမားအနှံ့ကလေး သန့်ခနဲ ရလိုက်တာနဲ့ အောက်ထစ်ဆုံး အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ငါးနှစ်က ကြမ်းခင်းဈေးပဲ။ ဘယ်လိုမှ အဲဒီထက် မလျှော့ဘူး။ အတွန့်မတက်နဲ့၊ အကြောမရှည်နဲ့၊ မကျေမနပ် ပူညောင်ပူညောင်လုပ်ရင်း အဲဒီစစ်ခုံရုံးထဲမှာတင် နောက်ထပ် ပြစ်ဒဏ်ထပ်တိုးသွားမယ်။ ထောင်သက် ရှည်သွားမယ်။ , ဘာမှတ်သလဲ။ သာဒင်ကို ဘာထင်သလဲ… ဟွန်း…၊ သေသွားမယ်။

ပြောဦးမယ်။ ပြောဦးမယ်။ သမိုင်းမှာ မှတ်တမ်းတင်ထားရအောင် ပြောလိုက်ဦးမယ်။ ကျုပ်တို့ မန္တလေးထောင်ထဲက စစ်ခုံရုံးတွေမှာ ဥက္ကဋ္ဌအဖြစ်နဲ့ နိုင်ငံရေးသမားတွေကို လာလာနှိပ်ကွပ်ခဲ့တဲ့ ဘောင်းဘီဝတ်ဆရာကြီးတွေထဲက ပြောစမှတ်တွင်ရတဲ့ ပုဂ္ဂိုလ်အကောင်းစားကြီး နှစ်ယောက်အကြောင်းကိုး။ တစ်ယောက်က ဗိုလ်မှူးအေးကိုတဲ့။ မန္တလေးနန်းတွင်းဆေးတပ်က တပ်မှူး။ သူ့ကို နိုင်ငံရေးအကျဉ်းသားတွေက 'ထီးပြန်ဖိနပ်ပြန်ကြီး' လို့ ကင်ပွန်းတပ်ကြတယ်။ သူ ဥက္ကဋ္ဌလုပ်တဲ့ စစ်ခုံရုံးရှေ့ကနေ ဘယ်သူတစ်ယောက်မှ အပြစ်မရှိဘူး ဆုံးဖြတ်ပြီး ပြန်မသွားခဲ့ရဖူးဘူး။ ရုံးရှေ့ ရောက်လာသမျှ ထောင်ချပစ်လိုက်တာချည်းပဲ။ သူတို့နဲ့အတူပါလာတဲ့ ထီးတွေ၊ ဖိနပ်တွေကပဲ လူအစား အိမ်ကိုပြန်ကြရသတဲ့။ ပြီးတော့ သူ့ကို "အာဏာကုန်ကြီး" လို့လည်း ခေါ်ကြသေးတယ်။ ဘယ်အမှုမဆို ဥပဒေက ပြဋ္ဌာန်းထားတဲ့ အမြင့်ဆုံးထောင်ဒဏ်ကို ပယ်ချလေ့ရှိလို့တဲ့။ ကဲ… မခက်လား။ နှိပေတဲ့လို့ ဝဋ်မှာအမြဲလို့ ဆိုတယ်မဟုတ်လား။ သိပ်မကြာခင် ဒီငတိကြီးလည်း လူသူလေးပါးမသိအောင် ခိုးခိုးပြီး စားရင်းနဲ့ ကိုယ်ဝန် ဖုံးမရဖိမရ ပေါ်လာလေတဲ့ ကလေးမလေးကို လူသတ်၊ အလောင်းဖျောက်မှုနဲ့ ထောင်ကျလာခဲ့ပါသကော။ ဝဋ်လေ… ဝဋ်ဗျ၊ ကျုပ်လူရဲ့။

အဲ… အင်း… နောက်တစ်ယောက်က ဗိုလ်မှူးကြီးတင်ခ။ ဟုတ်တယ် နဝတာနဲ့နအဖခေတ် ပြန်/ဆက်မှာ ညွှန်ချုပ်လုပ်သွားပြီး မြန်မာနိုင်ငံ စာပေနဲ့ စာနယ်ဇင်းအဖွဲ့မှာ ဥက္ကဋ္ဌလုပ်သွားခဲ့သေးတဲ့ ပုဂ္ဂိုလ်။ သူက ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်မှာ ဥပဒေပညာဌာနကြီးမှူးဆိုလား အဲ… အဲ သူကျတော့ တစ်မျိုးဗျ။ အပြစ်ရှိပါတယ်လို့ ဖြောင့်ချက်ပေးဝန်ခံရင် ထောင်သုံးနှစ်၊ အပြစ်မရှိဘူးလို့ ငြင်းရင် ထောင်ငါးနှစ် ပုံသေချတတ်တဲ့ပုဂ္ဂိုလ်။ စကားလည်း သိပ်များများမပြောဘူး။ ကျုပ်တို့က 'သုံးငါး ကိုယ်တော်ကြီး' လို့ စကားဝှက်ပေးထားတဲ့ ငနဲကြီး။ သူကလည်း သူ့စစ်ခုံရုံးရှေ့ ရောက်လာတဲ့ ဘယ်တစ်

*နိုင်ငံအနှံ့ စစ်ခုံရုံး (Court Martial) တွေ တည်ထောင်ပြီး မှန်မှန်မှားမှား နိုင်ငံရေးသမား အနှံ့ကလေး သန့်ခနဲ ရလိုက်တာနဲ့ အောက်ထစ်ဆုံး အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ငါးနှစ်က ကြမ်းခင်းဈေးပဲ*





www.burmeseclassic.com

www.burmeseclassic.com

ယောက်ကိုမှ လွှတ်ပေးခဲ့တာမျိုး မတွေ့ဖူးပါဘူး။ သုံးနှစ်မဟုတ်ရင် ငါးနှစ်ပ။ "မင်းတို့ကို ထောင်မချခဲ့ရင် ငါဒုက္ခကြီးတွေ့မှာပေါ့"လို့ သူ့ပါးစပ်ကလည်း ဖွင့်ပြောတတ်သေးတာ။

အဲဒီတော့ရင်··· ပြောချင်တာက မန္တလေးထောင်ကြီးထဲမှာ နိုင်ငံရေးအကျဉ်းသား မရှားဘူး။ တိုက်ခန်းတွေနဲ့ အပြည့်၊ တင်းကျမ်းပြည့်ဗျ။ အဲဒီအထဲကမှ ဘယ်မှုနဲ့ ဘယ်သူတွေကို ရဲဘက်စခန်း ပို့မလဲ။ အဲဒါက လွှတ်စိတ်ဝင်စားစရာကောင်းတဲ့ ကိစ္စ။ မှတ်ဘူးလား ကိုယ့်လူ။

အဲဒါက··· ဒီလိုဗျ။

( ၆ )

မှန်တာပြောရင် ချမ်းသာပါရစေဗျာ။

ထောင်ကျအကျဉ်းသားတစ်ယောက်ကို ရဲဘက်စခန်းထုတ်ဖို့ ရွေးလိုက်ပြီဆိုတာနဲ့ သူနဲ့ဆိုင်တဲ့ မူလအပြစ်ပေး ဝရမ်း၊ ကိုယ်ရေးအတ္တုပ္ပတ္တိ အကျဉ်းချုပ်၊ လျှော့ရက်ကတ်ပြား စသည်စသည် စာရွက်စာတမ်းတွေက ကျုပ်တို့ တရားရေး-၂ (ရဲဘက်ဆိုဒ်)ကို ချက်ချင်းလွှဲပေးကြရတာ။ ဝရမ်းပေါ်မှာလည်း 'ရဲဘက်' ဆိုတဲ့ တံဆိပ်အမှတ်အသားကို ပြူးပြူးကြီး ရိုက်ထားလိုက်ပြီးသား။ အဲသလို ရွေးလိုက်ပြီးပြီဆိုတာနဲ့ ဆိုင်ရာဆိုင်ရာ ထောင်ကျအိပ်ဆောင်တွေမှာ အိမ်ခြေရာခြေ အတည်တကျနဲ့ ဟန်ရပန်ရ ဘယ်လိုပဲ စမတ်ဂွမ်နေနေ၊ ကျုပ်တို့ရဲ့ ရဲဘက်ဆိုဒ်ရဲ့ အုပ်ချုပ်မှုအောက်မှာပဲရှိတဲ့ "ရဲဘက်အိပ်ဆောင်"ဆီ ပြောင်းရွှေ့လဟယ်ပဲ။ ရဲဘက်အိပ်ဆောင်ဆီ ပြောင်းပြီးလို့တတော့ ဒီနေ့လား၊ နက်ဖြန်လား။ အနေးနဲ့အမြန်ပဲ ကွာမယ်။ သင့်ရာသင့်ရာ ရဲဘက်စခန်းဆီ ကျောင်းပေရှော့။ ထောင်မှာနေချင်လို့ နေမရတော့ဘူး။

ဘယ်လို··· ကိုယ်လူ။ ရဲဘက်စခန်း မလိုက်ချင်ဘူး။ ထောင်မှာပဲ နေလို့ရအောင် လုပ်လို့မရဘူးလား ဟုတ်စ။ အဟတ်··· ဟား··· ဟား··· ဟား။ တယ်လည်း ခွကျတဲ့လူ။ ထောင်ပိုင်၊ ထောင်မှူး၊ ထောင်အာဏာပိုင်တွေကရော လူမဟုတ်လို့လား။ သံတွေသံခဲတွေလား။ သူလိုငါလို သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ် ဥမ္မတ္တကောတွေပဲ မဟုတ်လား။ "လူခင်ရင် မူပြင်၊ လူချစ်မှုပစ်၊ လူမုန်းတော့ မူသုံးဆိုတဲ့ မိုးခါးရေနဲ့ ဘယ်လွတ်မှာတုံး။

ပြောခဲ့ပြီကော။ ရဲဘက်ဆိုဒ်ဆိုတာ ရွှေဖြစ်ငွေဖြစ်၊ အဂ္ဂိရတ်မထိုးရဘဲ ငွေပင်ပေါက်တဲ့ နေရာမျိုးပါဆို။ နော့···။

ဒီမယ်ကိုယ့်လူ ။ လူဆိုတာမျိုးဟာ ကိုယ့်ကိုယ်ကိုယ် အချစ်ဆုံး၊ ကိုယ့်ကိုယ်ကိုယ်ပဲ အသက်ညာဆုံးလို့ ကျုပ်တို့ မြတ်စွာဘုရားကတော့ ဟောတော်မူထားတယ် မဟုတ်လား။ ရဲဘက်စခန်းမှာ ပင်ပင်ပန်းပန်း အလုပ်လုပ်ရ၊ စားကောင်းချင်း မစားရ၊ မိဘဆွေမျိုးတွေနဲ့ကင်းဝေး၊ ဖျားလို့နာလို့မှ ထိထိရောက်ရောက် ဆေးဝါးကုသမှုခံနိုင်ဖို့ဆိုတာ မသေချာ။ အသက်နဲ့ကိုယ် မြဲမြဲမြံမြံနဲ့ ပြစ်ဒဏ်စေ့ လွှတ်ပါ့မယ်လို့ ဘယ်သူမှ အာမ မခံနိုင်။ ထောင်ဘူးဝက ထွက်ကတည်းက ကိုယ့်ဘာသာ သရဏဂုံတင်သွားရမယ့် လမ်းမျိုးကိုး။ ဘယ်သူ ရဲဘက်စခန်း ထွက်ချင်ပမလဲ။ ဘယ်သူက ထောင်အပြင်ထွက်ပြီး အလုပ်လုပ်ချင်ပမလဲ။ ဝေးသေး။

ဘာ···။ "ပြစ်မှုကြေး ချွေးဖြင့်ဆပ်"ဟုတ်လား။ သွားစမ်းပါဗျာ။ ခင်ဗျားဟာကြီးကို မြောင်းထဲ လွှင့်ပစ်လိုက်စမ်းပါ။ ကိုယ့်ကိုမထိလို့၊ အဲဒီလို သေကောင်ပေါင်းလဲ အလုပ်လုပ်ရတဲ့အထဲမှာ ကိုယ်မပါလို့ အားမနာ လျှာမကျိုး အာချောင်ထားတဲ့ဆောင်ပုဒ် အစုတ်အပြတ်ကြီးပါ။ ကျူးလွန်မိတဲ့အပြစ်ကြောင့် မိကွဲဖကွဲ၊ သားကွဲမယားကွဲ ထောင်အုတ်တံတိုင်းကြီးထဲပို့ပြီး လူတွေကို လူ့အသိုက်အဝန်းနဲ့ အဆက်ဖြတ်ထားပြီးပြီပဲ။ တော်လောက်ရောပေါ့။ ကျေနပ်ကြပေါ့။ အဲဒါကတင် နည်းတဲ့အပြစ်ကြီးလား။ ကိုယ်ချင်းစာကြည့်နိုင်အောင် ကိုယ့်လူအိမ်က အခန်းတစ်ခုခုထဲမှာ ကိုယ့်လူကို တစ်ရက်လောက် သော့ပိတ်ခိုင်းပြီး နေကြည့်ပါလား။ ထောင်ထဲမှာလို ထောင်ထမင်းထောင်ဟင်း မသေရုံတမည် အစားအစာမျိုး မဟုတ်ဘဲ ဟင်းကောင်းကျွေးကောင်း၊ ဆီဦးထောပတ်စားပြီး ဘယ်သူနဲ့မှ မတွေ့ရ၊ မဆက်ဆံရ၊ စကားမပြောရဘဲ နေကြည့်လိုက်လေ။ လူတွေကို ထောင်ထဲပို့လိုက်တာ၊ ထောင်ချလိုက်တာဟာ ဘယ်လောက် ဆိုးရွားပြင်းထန်တဲ့ အပြစ်

*ကျူးလွန်မိတဲ့အပြစ်ကြောင့် မိကွဲဖကွဲ၊ သားကွဲမယားကွဲ ထောင်အုတ်တံတိုင်းကြီးထဲပို့ပြီး လူတွေကို လူ့အသိုက်အဝန်းနဲ့ အဆက်ဖြတ်ထားပြီးပြီပဲ။ တော်လောက်ရောပေါ့*

www.burmeseclassic.com

www.burmeseclassic.com

လည်းဆိုတာ ကိုယ့်လူ အရိုးထဲအထိစွဲပြီး တစ်သက်စာ သင်ခန်းစာရသွားမယ်။ ကဲ…။ အဲဒီအပြင် ဘာတွေကို ဘယ်လောက်အထိ ပေးဆပ်ရဦးမှာလဲ။ တိုင်းပြည်ကြီး တိုးတက်ဖို့က အကျဉ်းသားတွေရဲ့ တာဝန်လား။ အစိုးရ စီမံကိန်းတွေ အောင်မြင်ဖို့ အကျဉ်းထောင်အပြင်ထွက်ပြီး ရဲဘက်စခန်းတွေမှာ သေတစ်ကံရှင်တစ်ကံ အလုပ်လုပ် ပေးဖို့က အကျဉ်းသားတွေရဲ့ အလုပ်လား။ ဖွီ…။ သွား စမ်းပါ။ တရားနည်းလမ်းမကျတဲ့ တစ်ဖက်စောင်းနင်း အမှုအတွေးကြီး။

အဲ… ဒီတော့ရင်၊ ဘာဖြစ်သတုံး…တဲ့။ ဖြစ်တာပေါ့ဗျ။ ရဲဘက်မထွက်ရအောင် ကြံကြရဖန်ကြရ၊ 'လိုင်းဝင်'ကြရတာပေါ့ဗျ။ တကတဲမှပဲ။ Money makes everything ဆိုတာ ကြားဖူးရဲ့ မဟုတ်လား။ ဒီ့ပြင်နေရာတော့ ကျုပ်မသိဘူး။ ကျုပ်ရဲ့ ထောင်အတွေ့ အကြုံအရတော့ အဲဒီစကားက ကျုပ်တို့ထောင်တွေထဲမှာ ပို လက်တွေ့ကျကျ တွင်ကျယ်နေတာကဖြင့် အမှန်ပဲ။ ချေးယို သေးပေါက်၊ ထိုင်ထ၊ တန်းစီ၊ ရေချိုးစတဲ့ အပြင် လောကမှာ ဘာမှမဟုတ်လောက်တဲ့ ကိစ္စအသေးအဖွဲ ကလေးတွေဟာ ထောင်ထဲမှာဖြင့် ငွေကလေးကြေးကလေး မှ မခွဲ့နိုင်ရင်၊ 'ဩကာသ' မပြုနိုင်ရင် ချောက်ပေါက်ပဲဗျို့။ ချေးပါရင်း သေးပေါက်မိလို့ အရိုက်ခံရတာ၊ သေးပေါက် မယ်ပြောပြီး တစ်လက်စတည်း ချေးပါလိုက်မိလို့ ဆော လဘာန် တောခံရတာတွေဟာ ရယ်စရာပုံပြင် မထင်လိုက်နဲ့ ကိုယ့်လူ။ အဲဒါ မြန်မာနိုင်ငံမှာ ထောင်တွေ စပေါ်ကတည်း ကနေ ဒီကနေ့ အချိန်အထိ အမှန်တကယ် ရှိနေသေးတဲ့ အဖြစ်အပျက်တွေဗျ။ 'ချေးပါရင် သေးမပေါက်ရဘူး။ သေ ပေါက်ရင် ချေးမယိုရဘူး'တဲ့။ ကိုင်း… ဘယ့်နှယ့်လဲ ကိုယ့်လူ။ အင်း… သို့သော်လည်းတဲ့ ကော်ဖီမစ်ထုပ် ကလေးအစ၊ ဆေးပေါ့လိပ်ကလေးအစ၊ သိတတ်လိမ္မာစွာ ဂါရဝပြုလိုက်ရင်၊ လိုင်းကြေးငွေကလေးနဲ့ ရေမန်းမန်းလိုက် ရင်တော့ သဘောရှိသရောဟဲပဲဗျာ။ လုပ်ချင်တာ လုပ်ပေ ရော့။ အဲဒါ ထောင်တဲ့ဗျား။ ဘာမှတ်လို့လဲ။

ဒီတော့ရင် ခင်ဗျားမှ ရဲဘက်မလိုက်ချင်ဘူး လား။ လွယ်ပါတယ်ဗျာ။ လိုင်းဝင်လိုက်ပေါ့ဗျာ။ ခင်ဗျား နှယ် ခက်,ခက်လွန်းလို့။ ဟား… ဟား… ဟား။

ဒီလိုဗျာ။ လိုင်းဝင်တဲ့ပုံစံက နှစ်မျိုးရှိတယ်။ ရဲဘက် မရွေးခင်ကတည်းက ရဲဘက်အဖြစ် အရွေးမခံရ အောင်၊ ထောင်ထဲမှာပဲ ကျန်နေရစ်အောင် လိုင်းဝင်ရတာ။ အဲဒါကို ထောင်ကျလူသစ်တွေ ထောင်ကျမှတ်ပုံတင်ပြီး လို့ ထောင်ပိုင်ကြည့်လို့ခေါ်တဲ့ 'လေဘာချ'တဲ့ အချိန် မှာ လှုပ်ရှားရတာ။ ကြေးကြီးတယ်။ ထောင်ကျက ရှပ် ပေါက်ရင် ရှပ်ပေါက်သလို နင့်ခနဲ့ပဲ။ အဲသလိုမှ မဟုတ် ရင် ထောင်မှာ မကျန်ရစ်နိုင်ဘူး။ အဲဒီမှာလည်း ထောင် တွင်းဆေးရုံလို နေရာမျိုး၊ 'စားဖိုကြီး'လို နေရာမျိုး၊ အချုပ်ရုံး၊ ထောင်ကျရုံးစတဲ့ လူအနေသန့်ရုံမက 'ခွင်ဖန်'လို့ ကောင်းတဲ့နေရာမျိုးရဖို့က အား… အထုပ်လိုက်ကြဲရတာ ကိုယ့်လူရေ။ ငွေကို တံတားခင်းလိုက်ရတာမျိုး။ လေဘာချ တဲ့အဖွဲ့မှာပါတဲ့ ထောင်ပိုင်ကြီး၊ ထောင်ပိုင်လေး၊ ဦးစီး ထောင်မှူးကြီးနဲ့ အလုပ်ရုံထောင်မှူး စသဖြင့်ပေါ့လေ။ မင်းကြီးကို မင်းကြီးအလျောက်၊ မင်းကလေးကို မင်း ကလေးအလျောက် ပူဇော်ပသနိုင်မှ ဖယားငြိမ်းတာက လား ခင်ဗျားရဲ့။

အဲ… နောက်တစ်မျိုးကတော့ ရဲဘက်စခန်း လိုက်ဖို့ အပြီးပယ်စရိတ် မတတ်နိုင်တဲ့ လူလတ်တန်းစား ထောင်ကျသားတွေလုပ်တဲ့နည်း။ ကိုယ့်နေရပ်ဒေသနဲ့ နီးတဲ့ စခန်းမျိုး၊ လုပ်ငန်းကိုင်ငန်း သက်သာချောင်ချိမယ့် စခန်း မျိုး၊ ကိုယ့်အဆက်အသွယ် အကာမ်းအလှမ်းရှိလို့ ကြိုပြီး နေရာတော်ခင်းထားနိုင်တဲ့ စခန်းမျိုးကို ခေါင်းခေါက် ရွေးပြီး ပို့ခိုင်းတာမျိုးလည်းရှိရဲ့။ အဲသလောက်မှ မတတ် နိုင်ပြန်ဘူးဆိုရင် တစ်ခေါက်ပယ်၊ တစ်ခေါက်ရှင်း နှုန်းနဲ့ အလီလီအလာလာ ပိုက်ဆံပေးပြီး ထောင်ကလွတ်တဲ့အထိ နေသွားနိုင်တာမျိုးလည်း လုပ်လို့ရရဲ့။ အင်း… ထုံးစံအ တိုင်းပဲ။ ငွေမပါ ဘယ်မှာမှ မပြီးပလေဗျာ။ ငွေပေါရင်ဖြင့် အဆင်ပြေတတ်ကြပါရဲ့။

ကိုင်း… အဲသလို ဆန့်ခါစိပ်တိုက်ပြီးလို့ ငွေ ဖယား၊ကြေးဖယားတွေ ရှင်းပြီးပြီလားဆိုမှာဖြင့် ဘာဆို ဘာမှ မဘာနိုင်တဲ့ ဖွတ်ကျောပြာစု၊ ခရုဆံကျွတ် ရဲဘက် လောင်းတစ်တွေကို ထောင်ဝင်နံပါတ်စဉ်အတိုင်း ပို့ပါပြီ ဗျာ။ မကောင်းသူထိပ် ကောင်းသူထိပ်ပဲ။ ကိုယ့်အမည် စာရင်းပါတဲ့စခန်း ကိုယ်သွားကြေးကိုး။

*လူအနေသန့်ရုံမက "ခွင်ဖန်"လို့ ကောင်းတဲ့နေရာမျိုးရဖို့က အား…*
*အထုပ်လိုက်ကြဲရတာ ကိုယ့်လူရေ။ ငွေကို တံတားခင်းလိုက်ရတာမျိုး*



www.burmeseclassic.com

www.burmeseclassic.com

အင်း… အဲဒီအဆင့်မှာတောင် မိုးပေါ်ကကျလာတတ်တဲ့ စာရင်းတွေနဲ့ လာလာပြီး ဖယ်ကြလွန်းလို့ လူစားထည့်လား ထည့်ရတာတဲ့။ ဟုတ်လည်း ဟုတ်တဲ့အရပ်ပါဗျာ။ တကယ်ပါပဲ။

ကဲ… အဲသည်တော့ ကျုပ်တို့ နိုင်ငံရေးအကျဉ်းသား လူကြီးမင်းများကိုလည်း အဲဒီအတိုင်းပဲ ရဲဘက်ရွေးတာလားဆိုတော့ရင် မဟုတ်ဘူးဗျ။

အဲဒါက ဒီလို 'စီမံချက်'တဲ့ဗျ။ လပခတိုင်းမှူးကြီးရဲ့ အထူးစီမံချက်တဲ့။

( ၇ )

"ကိုဇော်မြင့်…ရေ"

"ဟုတ်… ဆရာကြီး"

"ခင်ဗျားတော့ ပွဲဦးထွက်မှာ တကယ့်ပွဲကြီးပွဲကောင်းနဲ့တော့ တိုးပြီဗျ။ သိလား"

"ဘာကိစ္စရှိလို့လဲ ဆရာကြီး"

"တိုင်းမှူးကြီးရဲ့ စီမံချက်တဲ့လေဗျာ။ နိုင်ငံရေးအကျဉ်းသား (သီးသန့်အကျဉ်သား)တွေကို ရဲဘက်ထုတ်မလို့တဲ့…"

"ဟာ… ကျားသားမိုးကြိုး။ ဟုတ်မှဟုတ်ရဲ့လား ဆရာကြီးရယ်။ တစ်ခါမှလည်း မကြုံဖူး၊ မကြားဖူးပါဘူး။ ၅(ည)တွေ၊ သီးသန့်အကျဉ်းသားတွေဆိုတာ ထောင်ထဲမှာတောင်မှ တခြား ရာဇဝတ်အကျဉ်းသားတွေနဲ့ တသီးတသန့် ခွဲခြားပြီး ထိန်းသိမ်းထားရတာမို့လား။ ဘယ်လိုစိတ်ကူးမျိုးနဲ့ ထောင်အပြင်ထုတ်ပြီး…"

"ဟော့… ဟော့… အဲဒီအထိ ဆက်မတွေးနဲ့တော့လေ။ တို့အလုပ်က ညွှန်ကြားတဲ့အတိုင်း လိုက်လုပ်ရုံပဲ။ ကိုယ်နဲ့မဆိုင်တာတွေကို ခေါင်းထဲထည့်ထားရင် ဦးနှောက်လေးတယ်။ အဲဒီတော့ရင်… သူတို့က နိုင်ငံရေးသမားတွေကို ရဲဘက်စခန်းပို့လို့ ညွှန်ကြားလာရင် ပို့လိုက်ရုံပဲပေါ့။ ဟုတ်ပလား"

"ဟုတ်တော့ ဟုတ်ပါရဲ့။ အမည်စာရင်းက သူတို့ကပဲ သတ်မှတ်ပေးမှာလား ဆရာကြီး"

"မေးနေစရာ လိုသေးသလား ကိုဇော်မြင့်ရယ်။ သူတို့ခေတ်ပဲ။ သူတို့အလုပ် သူတို့ဘာသာလုပ်ကြပစေပေါ့။ နိုင်ငံရေးသမားတွေနဲ့ ကျုပ်တို့ထောင်နဲ့ကြားမှာ ဘာပြဿနာမှမရှိတဲ့ဟာဘဲ။ အနေသာကြီး။ သူတို့စာရင်းပေးလာတဲ့သူကို သူတို့ညွှန်ကြားတဲ့အတိုင်းသာ ထည့်ပေးလိုက်။ ဓားခုတ်ရာ လက်ဝင်မလျှိုမိစေနဲ့ဗျ။ ကြားလား"

ထောင်ပိုင်ကြီးပြောတာ ဟုတ်တော့လည်း ဟုတ်သဗျ။ အဲဒီခေတ်၊ အဲဒီအခါ နဝတခေတ်ဦးတုန်းက နဝတအဖွဲ့ဝင် စစ်တိုင်းမှူးကြီးဆိုတာ နယ်နယ်အကောင်းကြီး မဟုတ်ဘူး။ ပြီးတော့ ဗိုလ်ထွန်းကြည်ဆိုတာကလည်း တကယ့် ဝါရင့်သမ္မာရင့် စီနီယာဗိုလ်ချုပ်ကြီး။ အထက်မြန်မာပြည် တစ်ပိုင်းလုံး အပိုင်စားရထားတဲ့ လေးဦးဂိုဏ်းရဲ့ အဓိပတိ။ "နိုင်ငံကို စစ်ဥပဒေ၊ စစ်အုပ်ချုပ်ရေးနဲ့ အုပ်ချုပ်နေတာ။ ဟိုတုန်းက ဥပဒေတွေဘာတွေညာတွေ လာမပြောနဲ့။ ဒီကနေ့ ငါတို့ပါးစပ်က ပြောတဲ့ဟာက ဥပဒေပဲ'လို့ နှုတ်ရဲလျှာရဲ၊ ပါးစပ်သရမ်းရဲတဲ့ အာဂပုဂ္ဂိုလ် အမိုက်စားကြီး။

သူပြောတဲ့အတိုင်းလည်း "စစ်ဦးဘီလူး" ထင်သလို ပတ်ကြမ်းတိုက်နေတဲ့ အချိန်အခါ။ "ဒီကနေ့ စီမံချက်ရှိတယ်။ နေရာနဲ့ဆေးရုံဆောင်ကို စီစဉ်ထားပါ။ ဆေးဝန်ထမ်းတွေ တပ်အသင့် (Stand to) ရှိနေပါစေ'လို့ လပခ (အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်)၊ စစ်ဦးစီးမှူးရုံး (ဂျီဝမ်းကြီးရုံး)က တယ်လီဖုန်းဆက်လာရင် ထောင်ရှိလူကုန် ယူနီဖောင်းအပြည့်အစုံနဲ့ ထောင်ထဲဝင်ပြီး ငုတ်တုတ်မိုးလင်းခဲ့ကြရတာ နည်းရှေ့သလား။ အဲ… ညသန်းခေါင်၊ ၁၂ နာရီ၊ ၁ ချက်ထိုးပြီလားဆိုမှဖြင့် ရောက်လာပါပြီဗျာ။ ရဲအချုပ်ကား ကားပြာကြီးတွေ။ ဟောတစ်စင်း၊ ဟောတစ်စင်း။ နိုင်ငံရေးမှုနဲ့ ဆွဲစေ့ပြီး ဖမ်းလာတဲ့ မန္တလေးမြို့ပြင်လေးရပ်က လူ၊ ရှင်ရဟန်း၊ ပုဂ္ဂိုလ်တွေ။ ဘယ်လိုဘယ်လောက် ရိုက်နှက်ပြီး ဖမ်းလာခဲ့၊ စစ်ကြောလာခဲ့သလဲ မသိပါဘူး။ ခများများမှာ ချိုကျိုးနားရွက်ပဲ့ သေလုမြောပါးတွေချည်းပဲ။ အကောင်းပကတိ တစ်ယောက်မှမပါဘူး။ ထောက်လှမ်းရေး-၁နဲ့ ထောက်လှမ်းရေး-၁၆တို့က ဂုဏ်တုဂုဏ်ပြိုင် လက်သံပြောင်ထား ကြတာတွေလေ။ ထောင်ထဲက ဆေးရုံကိုတန်းပို့၊ ညလုံးပေါက် ဆေးထည့်ဆေးကု။ အကွဲအပြဲတွေကို ချုပ်ပြုဖာထေး။ အဲသလိုတွေ

*တိုင်းမှူးကြီးရဲ့ စီမံချက်တဲ့လေဗျာ။ နိုင်ငံရေးအကျဉ်းသား*
*(သီးသန့်အကျဉ်သား)တွေကို ရဲဘက်ထုတ်မလို့တဲ့…*



www.burmeseclassic.com

www.burmeseclassic.com

ချည်းကိုး။

အဲဒီတော့လည်း အဲဒီအာဠာဝကကြီး လက်ညှိုးညွှန်ရာမှာ ရေ ဖြစ်နေတော့တာပေါ့။ မဆန်းပါဘူး။ သြော်… ဒီလူကြီး၊ ဒီလူကြီး ပြောရင်းပြောရင်း မြင်ပြင်းကတ်စရာ မဟုတ်တရုတ်တွေ ဒင်းခနဲ… ဒင်းခနဲ ပေါ်ပေါက်လာပေရဲ့။

"အဲဒါ ဘယ်နေ့လောက်များ ဖြစ်နိုင်သလဲ… ဆရာကြီး"

"မကြာလောက်ဘူးဗျ။ နေ့လားညလားပဲ။ နက်ဖြန်၊ သဘက်ဆိုရင် အသေးစိတ် ညွှန်ကြားချက်နဲ့ ရဲဘက်ပို့ရမယ့် လူစာရင်းတွေ ရောက်လာလိမ့်မယ် ထင်တယ်။ သံခြေချင်းတို့၊ ဘာတို့ ကြိုလုပ်ထားရမယ့် စာရွက်စာတမ်းတွေသာ အဆင်သင့် ပြင်ထားပေတော့"

"ဟုတ်… ဆရာကြီး"

"သြော်… နေဦး။ အခု ပို့မယ့်ရဲဘက်တွေကို အသစ်ဖောက်မယ့် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးရဲ့ အခေါင်ဆုံး၊ ငှက်ဖျားအထူဆုံး၊ လူအသေအပျောက် အများဆုံးဖြစ်တဲ့ 'လွယ်မီး'နဲ့ 'သိုက်ဝါးကုန်း' စခန်းတွေကို ပို့မှာတဲ့ဗျ။ အဲဒါ… မှတ်ထားဦး။

"အဲဒီစခန်းတွေက ဘယ်မြို့နယ်မှာ ရှိသလဲ ဆရာကြီး"

ရဲဘက်များရဲ့ စားစရိတ်နဲ့ ခရီးသွားဝရမ်း (Passage Warrant) ကိစ္စ ကြိုတင်စီစဉ်နိုင်အောင် မေးကြည့်ရသေးသဗျ။ ပြောခဲ့ဖူးတဲ့အတိုင်း။ ကျုပ်က မအူမလည် ငနဲပါဆို။ မန္တလေးကိုတောင် ပတ်ပတ်နှံ့နှံ့ မသိတဲ့ ကျုပ်လိုငနဲက ရွှေဘို-မြစ်ကြီးနား အရပ်မျိုးဆို ဝေးပေါ့။ အဲဒီတော့ရင် ဟိုမေးဒီမေး 'ပါးစပ်ပါရွာရောက်' လုပ်ထားရဦးမှာလေ။ နော့…။

"မိုးကောင်းဗျ… မိုးကောင်း။ အဲဒီမှာ မဝတဥက္ကဋ္ဌက ဗိုလ်မှူးဝမ်တိန့်တဲ့။ သူရှိတယ်။ အဲ… ပြီးတော့ ကျုပ်တို့အကျဉ်းဦးစီးက ထောင်ပိုင် ကိုကျော်ထင်ကြီး ရှိတယ်ဗျာ။ ခင်ဗျား သိတယ်မို့လား။ ဟို… မြန်မာ့လက်ရွေးစင် ဘော်လီဘောသမားဟောင်းကြီးလေ။ အဲ… သူရှိတယ်။ ကျုပ်တို့ပို့ရမှာက အဲဒီမိုးကောင်းအထိပဲ။ ဟိုဘက်က စခန်းတွေအထိရောက်အောင် ဗိုလ်မှူးဝမ်တိန့်တို့၊ ကိုကျော်ထင်တို့က ဆက်လုပ်ကြလိမ့်မယ်။ စားစရိတ်နဲ့ ခရီးသွားဝရမ်းကို မိုးကောင်းအထိပဲတွက်ပြီး စီစဉ်လိုက်"

"ဟုတ်… ဆရာကြီး"

ကိုင်း… ကိုယ့်လူရေ။ အပျက်အပျက်နဲ့ နှာခေါင်းသွေး ထွက်ကိန်းဆိုက်ရော မဟုတ်လား။ ထောင်ထဲက နိုင်ငံရေးအကျဉ်းသားတွေကို ရဲဘက်စခန်းပို့မယ်ဆိုတာ တကယ်ကြီးဗျ။ အိပ်မက်မဟုတ်ဘူး။ ကဲ… ဘယ့်နှယ်လဲ။

( ၈ )

မှန်တာပြောရင် ချမ်းသာပါရစီဗျာ။

၈၈ အရေးတော်ပုံကြီး ပြီးစတုန်းက အခြေအနေတွေဟာ ဒီကနေ့လို ဘယ်ဟုတ်လိမ့်မလဲ။ အထိတ်ထိတ်အလန့်လန့်၊ အကြောက်ကြောက်အရွံ့ရွံ့နဲ့ လူတွေက ဣန္ဒြေကိုမရဘူး။ စစ်အစိုးရလူလား၊ စစ်အစိုးရ ဆန့်ကျင်တဲ့လူလား။ ဒီမိုကရေစီ ဘက်တော်သား။ ဒီမိုကရေစီ ချေမှုန်းရေးသမားလား။ ဘယ်သူက ဘာမှန်းကိုမသိတော့ဘူး။ ညီအစ်ကို မသိတသိ အရောရောအထွေးထွေး။

ကျုပ်တို့ ထောင်တွေထဲမှာလည်း ဘာထူးလို့တုံး။ ဒီအတိုင်းပါပဲ။ ဝန်ထမ်းအချင်းချင်းရော၊ အကျဉ်းသားအချင်းချင်းရော ဘယ်သူက ကျီးမှန်းမသိ၊ ဘယ်သူက ဒေါင်းမှန်းမသိ၊ ဘယ်သူက ဒေါင်းယောင်ဆောင်တဲ့ ကျီးလဲ။ ဘယ်သူက ကျီးယောင်ဆောင်တဲ့ ဒေါင်းလဲ။ သံသယတွေ အထွေးထွေးနဲ့ဗျ။ ကိုယ့်အရိပ်ကိုယ်တောင် မယုံရတဲ့ ကာလကြီး။

အဲ… အဲဒီမှာ စတာပဲဗျာ။

ကျုပ်တို့ရုံးတွေမှာ အစဉ်အလာအရ သုံးနေတဲ့ ရုံးအကူ အကျဉ်းသားတွေ (Convict officer) ကို တစ်ယောက်မှမထားရ၊ မသုံးရတဲ့ဗျ။ ရှိနေရင်လည်း ဖြုတ်ပစ်လိုက်တဲ့။ လိုအပ်ရင် ဝန်ထမ်းတွေကိုပဲသုံးတဲ့။ ဝက်အူစတင်းလိုက်တဲ့အမိန့်ကို ချက်ချင်းလိုက်နာကြရတယ်။

အစဦးတုန်းကတော့ အဲဒီလို ကျပ်လိုက်တာက နိုင်ငံရေးအကျဉ်းသားတွေကို ရဲဘက်ပို့မှာမို့ သတင်းလုံခြုံ

*အခု ပို့မယ့်ရဲဘက်တွေကို အသစ်ဖောက်မယ့် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးရဲ့ အခေါင်ဆုံး၊ ငှက်ဖျားအထူဆုံး၊ လူအသေအပျောက် အများဆုံးဖြစ်တဲ့ "လွယ်မီး"နဲ့*





www.burmeseclassic.com

www.burmeseclassic.com

အောင် ရွှေပြေးရှင်းလိုက်တာရယ်လို့ ဘယ်သိခဲ့ပမတုံး။ ဒီလိုပဲ ရိုးရိုးထင်ခဲ့မိတာပေါ့။ အဲဒါကြောင့်လည်း ရဲဘက်ရုံးမှာ အနေကြာနေပြီလို့ ဆိုကြတဲ့ ရုံးအကူအကျဉ်းသားမင်းမင်း၊ ဘိုဘို၊ ကံလှတို့ကို ထောင်ကျဆောင် ပြန်ပို့၊ သံခြေချင်းဘုတ်ရဲ့ ဘုတ်ကိုင်ကျော်ဆွေနဲ့ ထွန်းမောင်ကို အလုပ်ရုံက သံဖြူဘဲဘုတ်ဆီပြောင်း စသဖြင့်ပေါ့လေ။ လုပ်ဆိုလုပ်လိုက်တာပါပဲ။ ကိုယ်နဲ့ သံယောဇဉ်ဖွဲ့စရာကလည်း ဘာအကြောင်းမှ မရှိဘဲ။ ကိုယ့်တပည့်ကျော် တပ်သားမောင်စန်းအောင် (ယခုလက်ရှိ ထောင်မှူးကြီး) နဲ့ တပ်သားကိုကိုဝင်း (အလုပ်ထွက်)တို့နဲ့ပဲ ရဲဘက်ရုံးကြီးထဲမှာ အလုပ်မရှိ၊ ဘုတ်မရှိ ငေါင်တိငေါင်တောင်ပ။

အဲ… အဲ… ကိုယ့်လူရေ။ အဲ… အဲဒီနေ့ ညနေပိုင်းမှာပဲ စီမံချက်နဲ့ဆိုင်တဲ့ စစ်ဆေးရေးသတင်းက မြန်းစားကြီး ထောင်ဘူးဝကို ရောက်လာခဲ့တယ်ဗျ။

"မန္တလေးမြို့ပေါ်က စက်ဘီးသူခိုး၊ ကားသူခိုး၊ ဆိုင်ကယ်သူခိုးစတဲ့ သူခိုးဂိုဏ်းတွေကို အရေးပေါ်စီမံချက်နဲ့ ပိုက်စိပ်တိုက် ဆွဲနေပြီတဲ့။ သုံးနှစ်အတွင်း ရဲမှတ်တမ်းဝင်ထားတဲ့ ကျော်စောတွေ၊ နာမည်ကြီး စက်ဘီးဝိဇ္ဇာ၊ ကားဝိဇ္ဇာ၊ ဆိုင်ကယ်ဝိဇ္ဇာတွေကို မြေလှန်ပြီး ဆွဲနေနေတာတဲ့။ မြန်းစားကြီးဆိုတော့ ရှောင်ချိန်တိမ်းချိန် မရလိုက်ဘဲ ငတက်ပြားရဲ့ အမျိုးတွေ အကုန်လုံးလောက်နီးပါး ကာလနာတိုက်ပြီး ကွဲကုန်ကြပတဲ့။ မြို့ပေါ်က အချုပ်ခန်းတွေမှာ ပေါင်းလန်လို့တဲ့"

သတင်းတွေ၊ သတင်းတွေ အပြေးအလွှား ပြန်လာသဗျာ။ ဟုတ်လောက်စရာလည်း ရှိတယ်။ မြို့ပေါ်တရားရုံးတွေဆီကို တရားရင်ဆိုင်ဖို့ သွားကြတဲ့ ရုံးပြန်အချုပ်ကားတွေဆီကလည်း ကွဲကွဲကွကွ ကြားရရဲ့။ မြို့ပေါ်ရဲစခန်းက ကိုယ့်အသိလူရင်း ရဲဆရာတွေဆီကလည်း ဟိုနှယ်ဒီနှယ် ကြားရရဲ့။ ဟုတ်တော့နေပြီ။ နိုင်ငံရေးသမားပြီးတော့ ဒုတိယအသုတ်က သူခိုး။ နဝတာရဲ့ပစ်မှတ်က တစ်မျိုးကြီးပဲနော်လို့ ရင်ထဲတော့ သိပ်မရှင်းလှဘူးဗျ။

ဟောဗျာ…၊ ကြောင်ကြာကြာ ရေမငုပ်နိုင်ပါဘူး။ ပုလိပ် ကားအပြာကြီးတွေနဲ့ စီမံချက်တရားခံ စောရတွေ ရောက်လာကြပါပြီ။ နည်းပါဖူးလားဗျ။ အစုစု တစ်ရာကျော်မယ်ထင်ပါရဲ့။ အငယ်လေးတို့၊ ညီညီထွန်းတို့၊ စိုးလင်းတို့ဆိုရင် အဲဒီနေ့နံနက်ပိုင်းကမှ ထောင်ကလွတ်သွားတာ။ နံနက်စာ မန်မန်လေးတောင် မဝါးလိုက်ရသေးဘူးတဲ့။ ထမင်းဖိုးကလေးရဖို့ ကလီကမာ ကြံနေဖန်နေတုန်း အဆွဲခံလိုက်ရတာတဲ့။ ဖြစ်ရပုံများ။

လာသေးသဗျ။ အဲဒီစီမံချက်နဲ့ဆွဲလာတဲ့ စောရအုပ်စုတွေကို နောက်တစ်နေ့မှာ စစ်ခုံရုံးအသီးသီးတွေမှာ ရုံးတင်။ တက်သုတ်ရိုက်ပြီး ထောင်ချပစ်လိုက်ပါလေရော။ ကဲ… မှတ်ကရော့။ အမြန်ဆုံးနှုန်းနဲ့ ပန်းကန်လုံးစီးပြီး တရားစီရင်လိုက်ပုံမှာဖြင့် ကမ္ဘာကတောင် လက်ဖျားခါ သြချရလောက်ပါပေရဲ့။

တရားလိုပြရှေ့နေ၊ တရားခံပြရှေ့နေ မလို။ တရားလိုပြသက်သေ၊ တရားခံပြသက်သေမရှိ။ တရားလိုဖြစ်တဲ့ ရဲက စွပ်စွဲချက်ကိုဖတ်ပြ၊ ဝန်ခံရင် ၅ နှစ်၊ ဝန်မခံရင် ၁၀ နှစ်။ ကြမ်းခင်းဈေးတဲ့ ခင်ဗျား။ ဘာတစ်ခုမှ မဘာလိုက်ရဘဲ ထောင် ၅ နှစ်ကျလာခဲ့တဲ့ စောရမင်းသား၊ ညမင်းသားတွေခမျာ မျက်ရည်ချောင်းစီးပါလေရောလား။ အဲဒါ နဝတခေတ်စစ်ခုံရုံးရဲ့ စည်းကမ်းပြည့်ဝသော တရားစီရင်ပုံဆိုတာကိုး။ ကောင်းချက်နော…။

ကဲဗျာ… အဲဒါနဲ့ပြီးရောလား…တဲ့။

ဘယ်ဟုတ်လိမ့်မတုံး။

လောလောလတ်လတ် ထောင်ကျလာတဲ့ စောရငတိတွေကို ထောင်ကျဆောင်မှာ မထားရတဲ့။ ရဲဘက်အိပ်ဆောင်မှာ ထားရမတဲ့။ နိုင်ငံရေးအကျဉ်းသားတွေနဲ့ ရောပြီး ဟိုး'လွယ်မီးသိုက်ဝါးကုန်း'ဆိုတဲ့ သေမင်းတမန် ရဲဘက်စခန်းတွေဆီ ဗိန်းဖောင်းရိုက်ပြီး ဝေရာမဏိလိုက်ရမှာတဲ့ဗျို့။ ကဲ…။

တည့်တည့်ပြောမှပဲ ရိပ်မိတော့သဗျာ။

တိုင်းမှူးကြီး ဗိုလ်ထွန်းကြည်က နိုင်ငံရေးအကျဉ်းသားတွေကိုလည်း ကျိုးကျိုးကန်းကန်း၊ သေသေကျေကျေ ရဲဘက်စခန်းကိုပို့ပြီး နှိပ်လည်းနှိပ်ကွပ်ချင်ရဲ့။ မရှိတဲ့ သိက္ခာကလေး ကျသွားမှာများလည်းစိုးရဲ့။ အဲဒီလိုကိုးဗျ။ အပျိုကြီး အဇာကြောက်ဆိုလား ဘာလား။ ပြီးတော့ရင် ကောက်ကျစ်စုတ်ပဲ့တဲ့ ဉာဉ်ဆိုးကလည်း ဖျောက်မရလေတော့၊ နိုင်ငံရေးသမားဆိုတာ ဘာကောင်မှ မဟုတ်ပါဘူးလို့လည်း သိက္ခာချလိုက်ချင်သေးတာကိုး။

***အဲဒီစီမံချက်နဲ့ဆွဲလာတဲ့ စောရအုပ်စုတွေကို နောက်တစ်နေ့မှာ စစ်ခုံရုံး အသီးသီးတွေမှာ ရုံးတင်။ တက်သုတ်ရိုက်ပြီး ထောင်ချပစ်လိုက်ပါလေရော***

www.burmeseclassic.com

www.burmeseclassic.com

အဲဒီတော့ မန္တလေးမြို့လုံးပတ်လည်က သူခိုးကြီး၊ သူခိုးကလေး၊ ဓားရဝါလား ငတိတွေကို အမှိုက်လှည်းသလို သိမ်းကျုံးပြီး ရဲဘက် ပို့ပစ်လိုက်ပြီပေါ့လို့ သတင်းလွှင့်ပြီး သကာလ၊ အဲဒီထဲမှာမှ နိုင်ငံရေးသမားတွေကို ထိုးကြိတ် ထည့်ပစ်လိုက်မှာကိုး။ စုတ်ပုံလိုက်တဲ့အကြံ။ အင်းလေ… ဒါမျိုးတွေကြောင့်လည်း အဲဒီနဝတတစ်ခေတ်မှာ အလွန်မတန် နာမည်ကျော်ခဲ့ပေတာကိုး။ ဖွီး…။

နေဦး… နေဦး။ ပြောမယ့်ပြောမှတော့ ဘယ်အငြိုးနဲ့ ကိုရွှေသူခိုးတွေ အပေါ် ရက်စက်တော်မူနိုင်အားပါပေ့ ဆိုတာလေးကိုလည်း ဖြည့်စွက် ပြောလိုက်ဦးမှ နိပ်မယ်ထင်ရဲ့။

ဒီလိုဗျာ။

တိုင်းမှူးကြီးဆိုတဲ့လူက သူ့ရဲ့ ရွှေခေတ်မှာ ရတနာပုံ မန္တလေးမြို့ကြီးကို သူ့အမေလင်ဆီက အမွေရထားတဲ့ သူနဲ့သူ့မိသားစုပိုင် မြေကြီးလို့ တထစ်ချ အပိုင်တွက်ထားခဲ့ပုံရသဗျ။ မြို့ကြီးရဲ့ဧရိယာကို လေးဖက်လေးတန် ချုပ်ပစ်လိုက်တယ်။ ပုဂ္ဂလိကပိုင်မြေတွေကို သိမ်းတယ်။ သူကြိုက်တဲ့ နေရာကောင်းတွေမှာ သူနဲ့သူ့လူတွေက ယူတယ်။ မန္တလေးမှာ ဘယ်တုန်းကမှ မမြင်ဖူးတဲ့ တိုက်ကြီးအိမ်ကြီးတွေ ဆောက်တယ်။ နောက်တော့ ပိုက်ဆံဝါလား၊ တရုတ်တွေလက်ထဲ ထိုးကြိတ်ရောင်း။ အင်း… မန္တလေးမြို့ကြီး တရုတ်မြို့လုံးလုံး ဖြစ်သွားရတာဟာ အဲဒီလူကြီးရဲ့ စနက်က စခဲ့တာပေါ့ဗျ။

အဲဒီတော့ရင် ဒီလူကြီးရဲ့ တိုက်တွေ၊ အိမ်တွေကို ဆောက်ပေးရတဲ့ လက်သမား၊ ပန်းရန်အဖွဲ့က ကိုယ်ပိုင်ရှိသဗျ။ ပန်းရန်ဆရာကြီးက ဦးတင်မောင်တဲ့။ ပန်းရန်ပညာကို သိပ်တော်ပေမယ့် ဘိန်းစားကြီး။ မကြီးမငယ်နဲ့ ဘိန်းဖြူစွဲနေတာ။

တစ်နေ့သား… အဲ 'ဓားရမင်းသားများ လက်စတုံးရေးစီမံချက်' မလုပ်ခင် အရင်ရက်ပေါ့။ ပန်းရန်ခေါင်းဆောင်မောင်ထွေးရဲ့ စက်ဘီးအခိုးခံရတယ်။ ဘီးကအစုတ်ပါ။ မောင်ဗမာစက်ဘီး ချောက်ချီးချောက်ချက်ရယ်။ လမ်းလျှောက်တာထက်စာရင် နည်းနည်းမြန်နေသေးလို့ သုံးနေရတာ။ အဲဒီစက်ဘီး အခိုးခံရတယ်။ ဈေးချိုနာရီစင်နားမှာ ကွမ်းယာဝယ်နေတုန်း ဘယ်သတ္တဝါက ပင့်သွားသလဲ မသိပါဘူး။ အဲတော့ရင် မောင်ထွေး အလုပ်ပျက်ရော ဆိုပါတော့။ မန္တလေးမှာက စက်ဘီးမှမရှိရင် ခြေထောက် ရိုက်ချိုးခံထားရသလိုမျိုးကိုး။

ကျွဲဆည်ကန်က ဆောက်လက်စတိုက်ကြီးက အဲဒီရက်အပြီး လက်စသတ်ရမှာ။ ပန်းရန်ခေါင်းဆောင် မလာတော့ အကုန် ဂျိုးဂချောင်တွေ ဖြစ်ကုန်တာပေါ့။ ထိန်ကုန်းရပ်ကွက်ထဲက မောင်ထွေးတို့ တဲသာသာ အိမ်ရှေ့ကို တိုင်းမှူးကြီးရဲ့ ကားကြီးရောက်လာတယ်။ 'လာ… လိုက်ခဲ့'' ပေါ့။ ဖြစ်ကြောင်းရယ် ကုန်စင်ကိုလည်း သိကရော။ တိုင်းမှူးကတော် အန်တီကြီးဆိုတာလေ ဒေါသဖြစ်လိုက်တာများ မျက်နှာကြီးနီ၊ အသံတွေတောင် တုန်လို့တဲ့။ မောင်ဗမာစက်ဘီးအစုတ်တောင် ချမ်းသာမပေးတဲ့ ဒီသူခိုးတွေ၊ ဒီလောက်သောင်းကျန်းနေရင် ပြည်သူလူထုတွေ ဘယ်လိုနေကြ၊ ဘယ်လိုအလုပ်လုပ်ကြမတုံး တဲ့။

"ကိုင်း… ကိုကိုတိုင်းမှူးကြီး ကြည့်လိုက်ဦး" လို့ ဒေါနဲ့မောနဲ့ ပြောရောတဲ့ဗျာ။ အင်… ရောနန္တ ပြည်သူ့တရားရှင်ကြီးပလေဗျာ။ မန္တလေးတစ်မြို့လုံး ဖြောင်းဆန်အောင် ထင်သလို သူတို့မောင်ပိုင်စီးထားတာကတစ်ပိုင်းပလေ။ လူထုအရေးကို စိတ်ပူပေးတာနဲ့တင်ပဲ အောင်မယ်လေး ပစ်စလက်ခတ် ကြည်ညိုချင်စရာကြီး။

ဟေ ဟော့။ ကိုင်း… မယား စကားလည်း ကြားရော၊ ဟိုလူကြီးက ပျာယီးပျာယာ 'သူခိုးမှန်ရင် မျိုးတောင် မချန်နဲ့။ တွေ့ရာသချိုင်း ဓားမဆိုင်း နှိပ်ကွပ်စေ' ဆိုတဲ့ တစ်ချက်လွှတ် အမိန့်တော်ကြီးကို ချပါလေရော။

'ခိုး၊ ဆိုး၊ လု၊ နှိုက် နှိမ်နင်းရေးစီမံချက်' ဆိုပါလား။ အဲဒါပဲဗျာ… ကျုပ်တို့ လူ တိုင်းမှူးကြီးနဲ့ တောက်ပြားရဲ့အမျိုးတွေ ကဏ္ဍာကောစ ဖြစ်ခဲ့ကြရတဲ့ ဇာတ်လမ်း။

အဲဒီတော့… စက်ဘီးဓားရ၊ ကားဓားရ၊ ဆိုင်ကယ်ဓားရတွေခမျာ ငရုတ်သီးနဲ့ပေါင်းပြီး အထောင်းခံရတဲ့ ကြက်သွန်လိုမျိုး နိုင်ငံရေးအကျဉ်းသားတွေကို ရဲဘက်ပို့မယ့်အရေးမှာ ကန့်လန့်ကန့်လန့်နဲ့ အချောင်ကပ်သင့်ခဲ့ရတာကိုးဗျ။

ဒါလည်း တစ်ဒုက္ခပေါ့ဗျာ။ နော…။

***တိုင်းမှူးကြီးဆိုတဲ့လူက သူ့ရဲ့ရွှေခေတ်မှာ ရတနာပုံ မန္တလေးမြို့ကြီးကို သူ့အမေလင်ဆီက အမွေရထားတဲ့ သူနဲ့သူ့မိသားစုပိုင် မြေကြီးလို့ တထစ်ချ အပိုင်တွက်ထားခဲ့ပုံရသဗျ***



www.burmeseclassic.com

www.burmeseclassic.com

## ( ၉ )

မှန်တာပြောရင် ချမ်းသာပါရစီဗျာ။

'လွယ်မီးနဲ့ သိုက်ဝါးကုန်း' သေမင်းတမန် အလုပ်စခန်းတွေကို ရဲဘက်ပို့ရမယ့်ရက်က ကျုပ်တို့မှန်းထားတာထက် အပုံကြီးစောပြီး ရောက်လာခဲ့တာဗျ။ မြန်ချက်… နော။

စောရတွေကို စစ်ခုံရုံးက အမိန့်ချပြီးတာနဲ့ 'ထောင်မှာမထားရ၊ ရဲဘက်စခန်းကိုပို့ရမယ်။ သံခြေချင်းတစ်ခါတည်း ခတ်ထားပါ'ဖြစ်ကရော။ ဘာပြောကောင်းမတုံး၊ ကျုပ်နဲ့ကျုပ်တပည့်တွေက ထောင်ကျဝရမ်းတွေစစ်၊ ရဲဘက်ပို့ဖို့ လိုအပ်တဲ့ စာရွက်စာတမ်းတွေလုပ်။ သံဖြူဘုတ်က ကျော်ခွေကြီးနဲ့ ထွန်းမောင်တို့ သံခြေချင်းခတ်တဲ့အဖွဲ့ကလည်း ဒိန်ဒိန်ဒေါင်ဒေါင်နဲ့ ညလုံးပေါက် လက်စွမ်းပြကြရသဗျာ။ ခပ်မှိန်မှိန်၊ ခပ်သဲ့သဲ့ လျှပ်စစ်မီးအရောင်နဲ့ မလုံလောက်လို့ အောက်လင်းဓာတ်မီးကြီး သုံးလေးလုံးထွန်းပြီး သူ့အဆိုင်း၊ သူ့အဖွဲ့နဲ့သူ ဌာန်ကုန်အောင် ဆော်ပလော်တီးကြရသဗျ။

ခင်ဗျား… သိတဲ့အတိုင်း။

လူတစ်ယောက်ရဲ့ ခြေချင်းဝတ်နှစ်ဖက်မှာ သုံးမူးလုံးသံချောင်းကို အချင်း လေးလက်မဖြစ်အောင် ကွေးတဲ့ ခြေချင်းကွင်းကလေးနှစ်ကွင်းနဲ့ သံမှိုကိုပစ်တေပြီး အသေခတ်ရတာ။ အဲဒီသံခြေချင်းကွင်းကိုမှ အလေးချိန် နှစ်ပိဿာခွဲ၊ အရှည်နှစ်ပေခွဲရှိတဲ့ ငါးမူးလုံး သံခြေချင်း ဒေါက်တစ်စုံနဲ့ အသေထပ်တွဲ။ လွယ်တာများမှတ်လို့။ ခြေသလုံးရိုးဆိုတာ ထိလိုက်ရင် အသည်းပေါက်မတတ် နာတတ်တဲ့နေရာ။ အဲဒီနေရာကိုမှ သုံးပေါင်တူတစ်လက်နဲ့ အသားကုန်နှက်ပြီး သံခြေချင်းခတ်ရတဲ့အလုပ်။ တွေးကြည့်ပေါ့ဗျာ။ ရဲဘက်တစ်ယောက်ကို ခြေချင်းခတ်ပြီးဖို့ အနည်းဆုံး တစ်နာရီကနေ တစ်နာရီခွဲ၊ နှစ်နာရီကြာတတ်တာမျိုး။ အလွန်မတန် ထိလွယ်ရှလွယ် အသည်းငယ်၊သွေးကြောင်တဲ့ ငနဲမျိုးနဲ့တိုးရင် အမေကယ်ပါ၊ အဘကယ်ပါ မျက်ရည်လည်ရွှဲနဲ့ ပြီးကိုမပြီးနိုင်တော့ဘူး။ ကျုပ်တို့ရုံးလည်း ဝက်သတ်ရုံ၊ နွားသတ်ရုံလို မချိမဆန့်အော်သံ၊ နာနာကျင်ကျင် ညည်းသံတွေနဲ့ ဖုံးလို့။ မွန်းနစ်လို့။

ကိုယ့်လူရေ…။ လူ့သဘာဝများ ပြောပါတယ်။ ပုံစံတူ တစ်ရွယ်တည်း၊ တစ်ဆိုဒ်တည်း လုပ်ထားတဲ့ သံခြေချင်းတွေကိုများ သေးတာကလေး ရွေးခတ်ဖို့ လာဘ်ထိုးကြသေးသတဲ့။ ဒီညတွင်းချင်းပဲ အပြီးအခတ်ခံကြရမှာချည်း အတူတူ နောက်ဆုံးမှခတ်ဖို့အရေး လိုင်းဝင်ကြသေးသတဲ့။ အင်း… လူ… လူ။ တကယ့်အရေးကျရင် မထင်မှတ်လောက်တဲ့ အူကြောင်ကျား အလုပ်တွေ သိပ်လုပ်တတ်ကြတာပဲ။

ကဲဗျာ… ထားတော့။

အရပ်ကလေးမှ အားမနာပါးမနာ တစ်ညလုံး တမြန်းမြန်း၊ တဒိုင်းဒိုင်း သံခြေချင်း ခတ်လိုက်ကြတာ နံနက်လင်းအားကြီးမှာ စောရမင်းသား ၇၀ ကို ရဲဘက်စခန်းပို့ဖို့ အသင့်သံခြေချင်းတွေ တချျင်ချျင်နဲ့ ခတ်လို့ပြီးသဗျ။

ဟူးခနဲမှ သက်ပြင်းသက်မလေး မချလိုက်ရသေးဘူး။ ကျုပ်ရှေ့စားပွဲပေါ်ကို 'ရဲဘက်'လို့ တံဆိပ်တုံးကြီး အပြူးသားထုထားတဲ့ အကျဉ်းသားအပြစ်ပေးဝရမ်းထုပ်ကြီး ဗုန်းဆိုကျလာသဗျို့။ အလန့်တကြား မော့ကြည့်လိုက်တော့၊ ထောင်မှူးဦးအောင်သန်း၊ ကုလားကြီး ဦးအောင်သန်း။ သူက တရားရေး-၂ (ထောင်ကျရုံး) ရဲ့ တာဝန်ခံထောင်မှူးလေ။

"ကိုင်း… ကိုဇော်မြင့်ရေ။ အဲဒါ 'လွယ်မီး သိုက်ဝါးကုန်း'ကို ပို့မယ့် ၅(ည) နိုင်ငံရေးအကျဉ်းသား ၅၀ ရဲ့ ဝရမ်းတွေပဲ။ ထောင်ပိုင်ကြီးရော၊ ထောင်မှူးကြီးရော စစ်ဆေးပြီးလို့ လိုအပ်တဲ့လက်မှတ်တွေလည်း အကုန်ထိုးပြီးပြီ။ အဲဒါ… အဲဒီပုဂ္ဂိုလ်တွေကို ဒီကနေ့ သံခြေချင်း အပြီးခတ်ပါတဲ့။ သီးသန့်ထောင် (Annexe Jail) ကနေ ငါးယောက်တစ်တွဲ ခင်ဗျားရုံးကို ပို့ပေးလိမ့်မယ်။ သံခြေချင်းခတ်ပြီးရင် ထောင်ကျဆောင် အောက်ထပ် ၃ ခန်းမှာ ထားမယ်။ အားလုံးစီစဉ်ပြီးပြီ။ သူခိုး ၇၀ ရယ်၊ သီးသန့်အကျဉ်းသား ၅၀ ရယ်ကို လွယ်မီးစခန်း လူ ၆၀၊ သိုက်ဝါးကုန်းစခန်း လူ ၆၀ စီခွဲပြီး စာရွက်စာတမ်းတွေ ဒီည အပြီးလုပ်ပါတဲ့။ မနက်ဖြန် နံနက် ၄ နာရီမှာ ရဲဘက်ထုတ်မယ်"

*သံဖြူဘုတ်က ကျော်ခွေကြီးနဲ့ ထွန်းမောင်တို့ သံခြေချင်းခတ်တဲ့အဖွဲ့ကလည်း ဒိန်ဒိန်ဒေါင်ဒေါင်နဲ့ ညလုံးပေါက် လက်စွမ်းပြကြရသဗျာ*



www.burmeseclassic.com

www.burmeseclassic.com

သေပဲ့… နန္ဒိယ။

ရင်ထဲအောင့်သွားသဗျ။ ပန်းမောကြီးရယ်။ အဲ… ဒါပေတဲ့လို့ ဘာမှတော့ ပြန်မပြောဖြစ်ဘူးဗျ။ ဒီဆရာက စီနီယာကြီးဖြစ်တဲ့အပြင် ထောင်သမ္ဘာချိုးကပ်နေတဲ့ ပုဂ္ဂိုလ်။ ဘာရာထူးမှမယူဘဲ ဒီဗဟိုထောင်ကြီးမှာပဲ ကျောက်ချနေတဲ့သူ။ ကျုပ်တို့က ထောင်မှူးအချင်းချင်း အလေးပြုရတဲ့လူကိုး။

အင်း… မှန်တာပြောရင် ချမ်းသာပါရစီဗျာ။

ကျုပ် စိတ်ထဲမှာ နိုင်ငံရေးအကျဉ်းသား ၅(ည) ဆိုတဲ့ မောင်တွေကို ဘယ်တော့မှ ရဲဘက်စခန်း ပို့မှာမဟုတ်ဘူးလို့ တွေးထားခဲ့တာပါ။ နို့… အစဉ်အလာ ထုံးစံဆိုတာလည်း ရှိမှမရှိဘဲ။

သို့သော်လည်း… အဲတဲ့။ ဆိုသလိုပေါ့လေ။

အခုဖြင့် အဟုတ်တကယ် ပို့တော့မတဲ့။ ဝရမ်းအထုပ်ကြီးတောင် ကျုပ်စားပွဲပေါ် ရောက်နေပြီ။

ကဲ… ဘယ့်နှယ်လုပ်ကြမတုံး။

( ၁၀ )

နံနက် ၅ နာရီခွဲ၊ ၆ နာရီပျော့ပျော့လောက်မှာ ထောင်လည်းဖွင့်ပြီးရော၊ သီးသန့်ထောင် (Annexe Jail) ဘက်ကနေ ၅(ည) နိုင်ငံရေးအကျဉ်းသား ငါးဦး ပထမအသုတ်အနေနဲ့ ရောက်လာကြသဗျ။ ဟုတ်တယ် သီးသန့်အိပ်ဆောင်ထောင်မှူး ကိုညွန့်ဝေလေးနဲ့ သူ့တပည့်တပ်သား စံရွှေအောင်ရယ်၊ တပ်သားကြည်စိန် (အခုတော့ ထောင်ပိုင်ကြီး ဖြစ်နေပြီတဲ့ဗျ။)တို့ လာပို့ကြတာ။

ကိုယ့်လူသိတဲ့အတိုင်းပဲ။ ၅(ည)ပုဂ္ဂိုလ်တွေက မျက်နှာကြော ခပ်တင်းတင်းတွေရယ်။ ထီမထင် မျက်နှာပေးတွေချည်း။ သူတို့ရဲ့ အိပ်ရာလိပ်တွေ၊ ပစ္စည်းပစ္စယလေးတွေလည်း တစ်ပါတည်း ပါလာကြသဗျ။ ရဲဘက်စခန်း ပို့မယ်ဆိုတာ သူတို့လည်း သိခဲ့ကြပြီးပြီနဲ့ တူပါရဲ့။

ကာရန့်သင့်ချင်တော့၊ ကျုပ်နဲ့ အတန်အသင့်မျက်မှန်းတန်းမိနေတဲ့ ကိုစောမင်းဆိုတာ ပါလာတယ်။ သူက မြစ်ကြီးနား၊ မြေမြင့်ရပ်ကွက်ကဗျ။ ကျောင်းဆရာဆိုလားပဲ။ အရေးအခင်းကာလ ကျောင်းသားလှုပ်ရှားမှုတွေနဲ့ ပတ်သက်ပြီး စစ်ခုံရုံးက ထောင်ချထားတာ။ ပုဒ်မက ၅(ည)ပဲပေါ့။ သူနဲ့အတူ မြစ်ကြီးနား ဂျိုတီအိုင်က ကျောင်းဆရာကိုအောင်နိုင်ဦး ဆိုတာလည်း ပါလာသေးတယ်။ အတူတူပဲ။ သူလည်း ၅(ည)ပဲ။ အရေးအခင်းအမှုပဲ။

စိတ်ထဲ မကောင်းတာရယ်၊ သိချင်လွန်းတာရယ်ကြောင့် မေးကြည့်ဖြစ်တယ်။

"ကိုယ့်ဆရာတွေ၊ ဘယ်လိုဖြစ်ကြတာလဲဗျာ…"

"မြင်တဲ့အတိုင်းပဲ ဆရာထောင်မှူးရေ။ နိုင်ငံရေးအကျဉ်းသားတွေကို လျှော့ရက် (remission)မပေးဘူးဆိုတဲ့ နဝတရဲ့ မူဝါဒရယ်၊ တခြား အကျဉ်းသားတွေနဲ့ ရောနှောပြီး အတူတူ နေခွင့်မပေးဘဲ တိုက်ခန်းတွေ၊ သီးသန့်အဆောင်တွေမှာ ခွဲခြားထိန်းသိမ်းထားတဲ့ အကျဉ်းထောင်စနစ်ရယ်ကို လက်မခံနိုင်လို့ ဆန္ဒပြကြတာဗျ။ အဲဒီအတွက် နဝတတိုင်းမှူးကြီး ရာဇမာန်ရှပြီး ရမ်းတယ်ထင်တာပဲ။

"ဒုက္ခပါပဲဗျာ။ အခုပို့မယ့် စခန်းတွေက သိပ်အခြေအနေကောင်းတာ မဟုတ်ဘူးဗျ။ နည်းနည်းဆိုးတယ်လို့ ကြားတယ်"

"ဂရုမစိုက်ပါဘူးဗျာ။ ထောင်ထဲမှာ မျက်စိပိတ်၊ နားပိတ် နိုင်ငံရေး သေနေရတာနဲ့စာရင် အနည်းဆုံး လူထုတွေနဲ့တော့ တွေ့ရဦးမှာပဲ။ လူထုလှုပ်ရှားမှုတွေကို မြင်ခွင့်ကြားခွင့် ရနေဦးမှာပဲ။ ဒါ အမြတ်ပေါ့ဗျ။ အဲဒီလိုပဲ တွေးလိုက်ပါတယ်။ ပြီးတော့ မိုးကောင်းက မြစ်ကြီးနားနဲ့ အနီးကလေး။ အိမ်ကလာတွေ့ရတာ အဆင်ပြေသွားတာပေါ့"

ကျောင်းဆရာ ကိုစောမင်းက လူကသာ တုတ်တုတ်ခိုင်ခိုင်ကြီးရယ်၊ မျက်နှာက အမြဲပြုံးနေတာ။ မျက်လုံးကလေးတွေများ ရယ်လို့။ ကျုပ်ထင်ထားသလို၊ မကျေမနပ်နဲ့ ခံတန်တန်၊ ကတ်တတ်တတ်များ လုပ်ရခက်ကိုင်ရခက် ဖြစ်ဖို့များဖြင့် မရှိပေါင်။ နဝတအဖွဲ့ဝင်ကြီး ဗိုလ်ထွန်းကြည်ကလည်း သူ့တွက်ကိန်းနဲ့သူ လူထုခေါင်းဆောင် နိုင်ငံရေးသမားတွေကို ဦးချိုးတာပဲ။ 'သာဒင်ကို ဘာထင်သလဲကွ' ရမ်းကားပြလိုက်တာပဲ။ နို့ပေတဲ့လို့ ဒီဘက်က နိုင်ငံရေး အကျဉ်းသားတွေကတော့ ပန်းနဲ့

*ထောင်ထဲမှာ မျက်စိပိတ်၊ နားပိတ် နိုင်ငံရေး*
*သေနေရတာနဲ့စာရင် အနည်းဆုံး လူထုတွေနဲ့တော့ တွေ့ရဦးမှာပဲ*





www.burmeseclassic.com

www.burmeseclassic.com

ပေါက်သလောက်ပဲ။ သောက်ဂရုမစိုက်ဘူး။ အမျိုးမျိုး ပြန်ချိုးပြကြတာ။ အေးဆေးပဲ။ ကျုပ်ဖြင့် ယုံတောင်မယုံနိုင်ဘူး။

"ခြေချင်းခတ်တဲ့အခါတော့ သည်းခံကြဗျာ။ နည်းနည်း ထိတာပြုတာရှိခဲ့ရင်လည်း ဘယ်လိုမှ သဘောမထားကြပါနဲ့"

"လုပ်စရာရှိတာ လုပ်ပါ ကိုယ့်ဆရာ။ ဝက်ဖြစ်မှတော့ ချေးကြောက်နေလို့ ဘယ်ဖြစ်မှာတုံး"

ရယ်ရယ်မောမောပါပဲ။ အေးအေးညောင်းညောင်းပါပဲ။ ပထမအသုတ် လူ ငါးယောက်စလုံး ခြေချင်းခတ်လို့ ပြီးတယ်။ အဲဒီမှာ ကျုပ်တပည့်ကျော် သံဖြူဘုတ်ကိုင် ကျော်ဆွေ လူရည်လည်တာ၊ လူကင်းပါးတာကြောင့်လည်း ဖြစ်တယ်ဗျ။ ဒီလို။

ကျုပ်တို့ရဲဘက်ရုံးမှာ ရဲဘက်လောင်း အကျဉ်းသားတွေကို ခြေချင်းခတ်ဖို့ သံခြေချင်းကွင်းတွေ၊ ခြေချင်းတံတွေမှ ထောင်ချီပြီး သိုလှောင်ထားရတာရှိတယ်။ အဲဒီအထဲမှာ ခြေချင်းခတ်ခံရတဲ့ ရဲဘက်တွေ မျက်စိကျလှေ့ရှိပြီး ငွေကလေး၊ ကြေးကလေးနဲ့ လိုင်းဝင်ပသမှ အိုကေတဲ့ ခြေချင်းမျိုးရှိသဗျ။ 'ပဒေသာခြေချင်း' တဲ့။ ခြေချင်းကွင်းက ခပ်သွက်သွက်ကလေးရယ်။ ပြီးတော့ ခြေချင်းတံနဲ့ ဆက်ထားတာ မဟုတ်ဘူး။ သံကွင်းကလေးတွေကို ချိန်းကြိုးဆက်သလို ဆက်ထားတာ။ အလေးချိန်ကလည်း နှစ်ပိဿာလောက်ပဲ ရှိတယ်။ လှုပ်ရရှားရ၊ သွားရလာရတာ ပိုအဆင်ပြေတယ်။ ရဲဘက်တွေအတွက် မဟုတ်ဘဲ ရုံးထုတ်ရုံးပြန် နောက်မှ အကျဉ်းသားတွေကိုခတ်တဲ့ ခြေချင်း။ ကျုပ်တပည့်ကျော်ဆွေက ၅(ည)ပုဂ္ဂိုလ်များကို ဒီလို ဒီအကြောင်း ရှင်းပြပြီး အဲဒီပဒေသာခြေချင်းတွေနဲ့ ခတ်ပေးတော့ သဘောကျလို့ပေါ့ဗျာ။

ဒီလိုနဲ့ ရဲဘက်ထွက်ရမယ့် နိုင်ငံရေးအကျဉ်းသားတွေကို ငါးယောက်တစ်တွဲ၊ ငါးယောက်တစ်တွဲ သီးသန့်ထောင်ကနေ ထောင်မကြီးဘက်သို့ပို့ပြီး ခြေချင်းခတ်၊ မှတ်တမ်းမှတ်ရာတွေ လုပ်လာလိုက်တာ လူအစိတ်သုံးဆယ်လောက်ကို နံနက်ပိုင်းမှာတင် ပြီးစီးအောင်လုပ်နိုင်ခဲ့သဗျ။ အဆင်ကိုချောလို့…။ အိုကေလို့။ သာသာယာယာပဲ။

အဆင်ချောဆို… ဒီလိုလေဗျာ။

ဒီနံနက်ပိုင်း ရောက်လာတဲ့သူတွေက မြစ်ကြီးနား၊ မိုးညင်း၊ မိုးကောင်း၊ နဘား၊ ကသာ၊ ဗန်းမော်၊ ရွှေဂူ၊ ကောလင်း၊ ဝန်းသိုဘက်ကချည်းကိုး။ ရှစ်လေးလုံး အရေးတော်ပုံကြီးမှာ ဦးစီးခေါင်းဆောင်ခဲ့ကြတဲ့ လူငယ်လူတွေချည်း။ လွယ်မီး၊ သိုက်ဝါးကုန်းဆိုတဲ့ ရဲဘက်စခန်းတွေက ဘယ်လောက် အလုပ်ပင်ပန်းတယ်ပြောပြော၊ ငှက်တောခွေးတော ငှက်ဖျားပေါတယ်ပြောပြော သူတို့ဒေသပဲလေ။ ဒါမှမဟုတ်ရင် သူတို့ဒေသနဲ့ နီးတယ်လေ။ အဲဒီတော့ ထောင်ထဲမှာ၊ တိုက်ခန်းထဲမှာ၊ အထီးကျန်နေရတာထက် လူသူလေးပါးနဲ့ ထိတွေ့ဆက်ဆံရပြီး သူတို့ရေ၊ သူတို့မြေမှာ နေရတာကို ပိုဘဝင်ကျကြတာပေါ့။ ခြေချင်းခတ်ခံရတဲ့ဒုက္ခနဲ့ နိုင်ငံရေးအရ ဦးနှိမ်ဦးချိုးခံလိုက်ရတာကို မကျေနပ်တာကလွဲရင် အထွေအထူး ပြဿနာမရှိဘူး။ နိုင်ငံရေးအရ ရှင်သန်ခွင့် ပိုကျယ်ကျယ်ပြန့်ပြန့်ရတယ်လို့တောင် မြင်ကြသေးတယ်။

အဲဒီတော့… အိုကေပလေဗျာ။

အဲဗျို့…။ ကြာကြာ မအိုကေလိုက်ရဘူး။ နေ့လယ်ပိုင်း ထမင်းစားတန်းဖွင့်ပြီးလို့ အလုပ်လည်း ပြန်စရော။ လောင်မီးကျတော့တာပဲဗျို့။ အင်း… အင်း… ပြောမယ်…၊ ပြောမယ်။ မှန်တာများပြောရင် ချမ်းသာပါရစီဗျာ။

အိုက်စံဆိုတဲ့ ငနဲက စတာပဲ။ အိုက်စံရဲ့ သံယောင်လိုက်ပြီး ဝင်းရွှေနဲ့ကိုလေးတို့က 'ညောင်'ကြတာ။ 'ခြေချင်း အခတ်မခံနိုင်ဘူး။ နိုင်ငံရေးသမားကို ရာဇဝတ်ကောင်လို မဆက်ဆံနဲ့၊ လက်မခံဘူး။ ဘာညာကွိကွတွေ ဖြစ်တာ။

အိုက်စံလိုလူမျိုး ပါးစပ်က အဲဒီလောက် အဖိုးတန်တဲ့စကားတွေ ထွက်လာတော့ ရယ်တော့ရယ်ချင်မိသားဗျ။ ဟုတ်တယ်လေ။ အိုက်စံကို ကျုပ်တို့ထောင်က သိထားကြတာက ဓိမ်ခေါင်း၊ ဖာခေါင်းကိုးဗျ။ ထောင်ရဲ့ ဖောက်သည်ကြီးပေါ့။

အင်း…ဟုတ်တယ်။ အဲဒီလို မထော်မနန်းတွေ ဖြစ်လာရပုံက နဝတ ဝင့်လည်တာဗျ။ ဒီလိုလေ။ နဝတ အဖွဲ့ဝင် စစ်ဗိုလ်ကြီးတွေနဲ့ အတွင်းရေးမှူး-၁ဆိုတဲ့ ဗိုလ

ခြေချင်းခတ်ခံရတဲ့ဒုက္ခနဲ့ နိုင်ငံရေးအရ ဦးနှိမ်ဦးချိုးခံလိုက်ရတာကို
*မကျေနပ်တာကလွဲရင် အထွေအထူး ပြဿနာမရှိဘူး*



www.burmeseclassic.com

www.burmeseclassic.com

ခင်ညွန့်က ကလိမ်ကျတဲ့ဘက်၊ ဖြောင်လိမ်ဖြောင်စား လုပ်တဲ့ဘက်မှာ အာဂလူတွေမဟုတ်လား။

တိုင်းကျိုးပြည်ကျိုးဆောင်တဲ့ လူထုဘက်တော်သား နိုင်ငံရေးသမားတွေကို မည်းမည်းမြင်ရာ ဖမ်းပြီး နှိပ်ကွပ်နှင်းချေပစ်ရတာနဲ့တင် အားမရသေးဘူး။ ကလိမ်စေ့ငြမ်းဆင်ပြီး သိက္ခာကလည်း ချလိုက်ချင်သေးတာကိုး။ အဲဒီတော့ရင် ဖြူတီပါလာက မမတွေကိုလည်း ၅(ည) ပုဒ်မနဲ့ဖမ်းပြီး ထောင်ချ၊ အိုက်စံတို့လို ဖာခေါင်းမျိုးလည်း ၅(ည)ပုဒ်မတပ်ပြီး တရားစွဲလိုစွဲ၊ ထင်တိုင်းကြဲခဲ့ကြတာလေ။ ဟုတ်ပဗျာ။ အဲဒီလိုအဖြစ်မျိုးတွေ အများကြီး ကြုံခဲ့ဖူးတာပ။ ဒုနဲ့ဒေးနဲ့ ကိုယ့်လူရေ။

အိုက်စံက အဲဒီလိုမျိုး ၅(ည)ဗျ။ မန္တလေးမြို့ပေါ်မှာ ဖြူတီပါလာတွေ၊ ကာရာအိုကေတွေ သောင်းကျန်းလွန်းလို့ စီမံချက်နဲ့ အမှိုက်ရှင်းတဲ့အထဲမှာ ဖာခေါင်းအိုက်စံက ၅(ည)တံဆိပ်ကပ်ခံရပြီး ညှပ်ပါလာခဲ့တာ။ အောင်မယ်… မောင်မင်းကြီးသားက ဗိုလ်မှူးကြီးတင်ခရဲ့ စစ်ခုံရုံးက ထောင်ငါးနှစ်ကျခဲ့တာ ခင်ဗျားရဲ့။ ပါချည်ပါချဲ့ မှတ်လို့။

သူ့ကို သံယောင်လိုက်တဲ့ ဝင်းရွှေက အရေးအခင်းပြီးခါစမှာ နဝတာကိုဆန့်ကျင်တဲ့ စာတွေ မန္တလေးမြို့ပေါ်မှာ လိုက်ကပ်လို့ ၅(ည)နဲ့ ထောင်ကျလာတာ။ သူက လက်ဖွေ့ သတင်းစာကျွန်ယ်အရောင်းသမား။ ကိုလေးက ကားဂိတ်နဲ့ ရထားဘူတာရုံ၊ သင်္ဘောဆိပ်တွေမှာ နဝတဆန့်ကျင်ရေး လက်ကမ်းစာစောင်တွေဝေလို့ ထောင်ကျတာ။ သူလည်း နဂိုက နိုင်ငံရေးစော်နံတဲ့ ငတိမဟုတ်ဘူး။ မင်းတဲ-အီကင်းမှာ ကုန်ထမ်းတဲ့ငနဲ။ အဲ… စစ်ခုံရုံးက ၅(ည)ပုဒ်မတပ်ပြီး ထောင်ငါးနှစ်လည်း ချလိုက်ရော၊ ဒေါင်ဒေါင်မြည် အာပေါင်နီနိုင်ငံရေးသမားကြီးတွေ ဖြစ်လာကြရောဗျို့။ ရယ်စရာတော့ အကောင်းသားနော်။

ခက်တော့… ခက်သားကလား။

ဒီနိုင်ငံရေးပိုးဆိုတာကလည်း တွယ်ကပ်မိရင် တကယ့်အစစ်ထက် အိယောင်ဝါးသမား၊ ဝေလေလေတွေက ပိုအသံကျယ်တတ်တာကိုးဗျ။ ဘယ့်နှယ်မှန်းကို မသိဘူး။

အခုပဲကြည့်လေ။ တကယ့် နိုင်ငံရေးသမား စစ်စစ်တွေက တစ်ခွန်းမှမဟကြရသေးဘူး။ ရောင်တော်ပြန် နိုင်ငံရေးသမား မောင်အိုက်စံတို့က လက်သီးလက်မောင်းတန်းပြီ။ အသံကောင်းဟစ်ပြီ။ လက်ခုပ်သံကို မျက်စပစ်ပြီ။ ကဲ… ဘယ့်နှယ့်လုပ်ကြမတုံး။

ခက်… ခက်လွန်းလို့ဗျာ။

လုပ်လက်စ အလုပ်တွေကိုရပ်ပြီး အဆင့်ဆင့် သတင်းပို့လိုက်တာပေါ့ဗျာ။ နို့… ကျုပ်တို့က လုပ်ချင်လွန်းလို့ လိုလိုလားလား လုပ်နေတဲ့အလုပ်လား။ အကျဲသားလားဗျာ။ လူနဲ့လူချင်း သူတစ်ပါးဒုက္ခရောက်အောင် ဘာလို့လုပ်ရမှာတုံး။ မဟုတ်ဘူးလား။ အဲဒီတော့ ပြဿနာကို မီးခွက်ထွန်းရှာတဲ့ မောင်အိုက်စံကိုတောင် ကျေးဇူးတင်ရသေး။ ခြေချင်းဆက်ခတ်ရေး၊ မခတ်ရေး ပြဿနာကြီးကို ကျုပ်က ဘာလို့ဆုံးဖြတ်ရမှာတုံး။ ပဲလှော်ကြား ဆားညပ်မခံနိုင်ပေါင်။ အဲဒီတော့ရင် ကျုပ်က ဘော်လီဘောပုတ်လိုက်တာပေါ့ဗျ။ "ဆက်လက်တင်ပြ အစီရင်ခံပါသည်။ လိုအပ်သလို ညွှန်ကြားမှုပြုပါရန်" ပေါ့ဗျ။ ဟွန့်… ခက်လွန်းလို့။

သိပ်မကြာလိုက်ဘူး။ ကျုပ်ထင်တယ်။ နာရီဝက်၊ တစ်နာရီပဲ။ ဓာတ်ဆရာတိုင်းမှူးကြီးဆီက အမိန့်တဲ့ဗျာ။ ရောက်လာပါလေရော။

"အိုက်စံတို့လို အုကြောင်ကျား ဖုံမဟုတ်၊ ပတ်မဟုတ်တွေကို ဖြစ်တဲ့နည်းနဲ့ ခြေချင်းခတ်။ အဲ… တကယ့်ထိပ်သီးနိုင်ငံရေးသမားတွေ ဆိုရင်တော့ ခြေချင်းမခတ်သေးတဲ့ တိုက်ခန်းထဲမှာ သီးသန့်ခွဲထား။ စာရင်းမှာပါတဲ့ ၅၀ စလုံး ရဲဘက်စခန်းကို ထုတ်ရမယ်။ ထောင် မပိတ်ခင် ခြေချင်းအပြီးခတ်" တဲ့။

အောင်မယ်မင်း၊ တယ်ပြင်းတဲ့ အာဏာသံပါကလား။

အိုက်စံ၊ ဝင်းရွှေနဲ့ ကိုလေးတို့ ရွှေရည်စိမ်နိုင်ငံရေးသမား လက်သစ်သုံးဦးကို ထောင်မှူးဦးမောင်မောင်တင်နဲ့ သူ့တပည့်ကျော် သွားကျိုးကျော်မိုး (၂-တိုက်တန်းစီး)၊ ဘောကြီးကြည်ဝင်း (၂-တိုက်စည်းကမ်းထိန်း)၊ အရှည်ကြီးမြအောင် (၂-တိုက်စည်းကမ်းထိန်း) တွေက လာခေါ်သွားကြလေရဲ့။ သူတို့ကို ခတ်ပေးဖို့ ခပ်တုတ်တုတ်၊ အလေးချိန် ခပ်စီးစီး သံခြေချင်းသုံးစုံ

*ဒီနိုင်ငံရေးပိုးဆိုတာကလည်း တွယ်ကပ်မိရင် တကယ့်အစစ်ထက် အိယောင်ဝါးသမား၊ ဝေလေလေတွေက ပိုအသံကျယ်တတ်တာကိုးဗျ။ ဘယ့်နှယ်မှန်းကို မသိဘူး။*



www.burmeseclassic.com

www.burmeseclassic.com

လည်း ပါသွားလေရဲ့။

ဟုတ်ပဗျာ။ ၂ တိုက်ဘက်မှာ စည်သံဗျောသံ တညံညံနဲ့ ဆွမ်းကြီးလောင်းပွဲကြီး ကျင်းပပြီးသကာလ ရွှေကိုယ်တော် သုံးပါးကို သံခြေချင်းကပ်လှူပွဲကြီး ဖွဲ့ချီး ကျင်းပလိုက်ကြသလေ။ တစ်အောင့်ပါပဲ။ ထမင်းတစ်အိုး ချက်လောက်ပဲ ကြာမယ်။ ခါတော်မီ ၅(ည)သမား မောင်အိုက်စံတို့ အလဲလဲအကွဲကွဲ သံခြေချင်းတွေ တချွမ်း ချွမ်းနဲ့ ရဲဘက်အိပ်ဆောင်ထဲ ဒုတ်ဒုတ်ထိ ရောက်လာတာပဲ ခင်ဗျားရေ။

ဟုတ်တယ်… ဟုတ်တယ်။ ကရာတေးမောင် မောင်တင်ဆိုတာ ကြွပ်ဆတ်ဆတ်၊ မာကျောကျော သိပ် လက်သံပြောင်တဲ့ ထောင်မှူး။ ကရာတေးခါးပတ်နက် တဲ့ဗျ။ ထောင်မှူး လူမိုက်ကြီးပေါ့။ ကျုပ်တို့ဆရာပါပဲ။ အခုများဖြင့် ဆုံးရှာပါပြီ။ အင်း… ထောင်ထဲမှာ ဆော် စရာ၊ တီးစရာ၊ နှိပ်ကွပ်စရာများ ရှိလို့ကတော့ ဒီမောင်က ရှေ့ဆုံးကပါပြီးသားပဲ။

အဲဒီတော့ရင်.. အိုက်စံတို့မွေးတဲ့မီး တစ်မီး ငြိမ်းသွားတာပလေ။ အဲဒီနောက်လည်း…တကယ့်နိုင်ငံ ရေးသမား စစ်စစ်တွေထဲက ခြေချင်း အခတ်မခံနိုင်ဘူး ဆိုတဲ့ သူ ငါးယောက်လောက် ထွက်လာသေးတယ်။ နေဦး… ကျုပ်မှတ်မိသလောက် ကျောက်ဆည်ဘက်က အရေးအခင်းကာလ ခေါင်းဆောင် 'ဟံသာညွန့်' ဆိုလား၊ ဘာလား ရှေ့နေတစ်ယောက်ပါတယ် မှတ်တာပဲ။ သူက လည်း ထောင်ထဲမှာတော့ လူစွာကိုး။ သူတို့ကိုတော့ ဇွတ် အတင်း မခတ်ပါဘူး။ ၂ တိုက်ထဲမှာခွဲပြီး ပို့ထားရတယ်။ ရဲဘက်ထွက်ဖြစ်ပြီဆိုမှ ညွှန်ကြားချက်အတိုင်း ကြည့် လုပ်ကြရုံပေါ့။

ပြီးတယ်… ပြီးတယ်။

ထောင်မပိတ်ခင် ညနေ ၅နာရီသာသာလောက် မှာ စာရင်းအဖွဲ့ ငတက်ဖျားဂိုဏ်းက ၇၀ ဦး၊ ၅(ည)နိုင်ငံရေး အကျဉ်းသား ၅၀ ဦး၊ စုစုပေါင်း ၁၂၀ ဦးကို ရဲဘက်ထုတ်ဖို့ အစစ ပြင်ဆင်လို့ပြီးတယ်။ ရယ်ဒီပဲ။ အဲ… ခြေချင်းခတ် မခံတဲ့ ၂ တိုက်ထဲက ငါးယောက်က လွဲလို့ပေါ့လေ။

ဘယ်လိုဗျာ။ အဲဒီအတွက် မပူပန်ဘူးလား၊ ဟုတ်စ။ အနေသာကြီးဗျာ။ နေသာသပလေညာက။ အဲဒီ ပြဿနာရဲ့ အဖြေကို ထုတ်ရမှာက ကျုပ်တို့ ထောင်က မဟုတ်ဘူး ခင်ဗျားရေ။ ဇာတ်ဆရာကြီး နဝတအဖွဲ့ဝင် ဗိုလ်ထွန်းကြည်ဗျ။ သူ့ဘာသာ ကြည့်ကျက်လုပ်လိမ့်မယ်။ ခေါင်းစားလိမ့်မယ်။ သူဖော်တဲ့ ဆေးပဲဗျ။ ချိုလည်း သူ သောက်၊ ခါးလည်း သူသောက်ပေါ့။ မဟုတ်ဘူးလား။

ကျုပ်တို့က သူ ဘာလုပ်မလဲ၊ အသာကလေး စောင့်ကြည့်နေလိုက်မယ်။ ဒါပဲ။ ဒီမယ်… နိုင်ငံရေး သမားနဲ့၊ ထောင်နဲ့က ရန်သူတွေမဟုတ်ဘူးဗျ။ ဘာမှ အခြောက်တိုက် ပုဏ္ဏကတိုက်နေစရာ မလိုဘူး။ လျှာနဲ့ သွားလိုပဲ။ ထိလိုက်ငြိလိုက်။ ပြီးတော့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေလိုက်။ ဒါပဲလေဗျာ။ ဒါပဲပေါ့။ မှန်တာ ပြောရင် ချမ်းသာပါရစီဗျာ။ ဘယ်နိုင်ငံရေးသမားကိုမှ ရန်သူလို့ မဥပါဒ်ဖူးဘူး အဟုတ်။

( ၁၂ )

အလိုလေးဗျာ။ ကြည့်များလည်း လုပ်ကြပါဦး။ ပါးစပ်ထဲကို ထမင်းလုတ်ကလေးမှ ဖြောင့်ဖြောင့်မသွင်း လိုက်ရသေးဘူး။ လုပ်ပြီ။ လွယ်မီး–သိုက်ဝါးကုန်းစခန်း ကို ရဲဘက်ပို့မယ့်အရာရှိတွေ ရောက်ကြပြီတဲ့။ အကျဉ်းသား အပြစ်ပေး ဝရမ်းတွေ၊ အကျဉ်းသား ကိုယ်ပိုင်အပ်ငွေတွေ၊ ခရီးသွား ဝရမ်းတွေစတဲ့ စာရွက်စာတမ်းဆိုင်ရာတွေကို ဒီညပဲ အပြီးလွှဲကြပြောင်းကြရမတဲ့။ နံနက်လင်းအားကြီး ၄ နာရီမှာ ရဲဘက်ထုတ်မတဲ့။ ကဲ…။

ဟုတ်ပဗျာ။ ဖုတ်ပူမီးတိုက်ကြီး။

အင်း… ဖုတ်ပူမီးတိုက်ကြီး ဖြစ်မယ်ဆိုလည်း ဖြစ်စရာကိုးဗျ။ လူထုအသည်းကျော် နိုင်ငံ့ရှေ့ဆောင်၊ နိုင်ငံ သမားတွေကို ထောင်ထဲ အတင်းဖမ်းထည့်၊ မဟားတရား ထောင်ဒဏ်တွေချ၊ စိတ်ရှိလက်ရှိ နှိပ်စက်ကလူပြုနေရုံ နဲ့တင် မပြီးနိုင်၊ အားမရနိုင်သေးဘူး။ သံခြေချင်းတွေ ခတ်ပြီး ရဲဘက်စခန်းတွေဆီ ပို့၊ အလုပ်ကြမ်းလုပ်ခိုင်းဦး မတဲ့။ ဒီလိုဒီအတိုင်းသာ လူထုတွေဆီ သတင်းပေါက် ကြားပြီး အမှန်အတိုင်း သိကုန်ကြရင် ဒုက္ခအကြီးကြီး မဟုတ်လား။ အရေးအခင်း အရှိန်ကလည်း ကုန်သေးတာ မဟုတ်ဘူး။ ဦးစီးဦးဆောင်မယ့်လူသာရှိ၊ လူထုတွေဟာ

*လူထုအသည်းကျော် နိုင်ငံ့ရှေ့ဆောင်၊ နိုင်ငံသမားတွေကို ထောင်ထဲ အတင်းဖမ်းထည့်၊*
*မဟားတရား ထောင်ဒဏ်တွေချ၊ စိတ်ရှိလက်ရှိ နှိပ်စက်ကလူပြုနေရုံနဲ့တင် မပြီးနိုင်*



www.burmeseclassic.com

www.burmeseclassic.com

တစ်ချိုတစ်မောင်းတော့ ပွဲကြမ်းကြဦးမှာ။ အနည်းဆုံး ဆူဆူပူပူ အော်တာဟစ်တာလောက်ကတော့ ဖြစ်ဦးမှာ။ ဟုတ်တယ်နော်။ အဲဒီတော့ရင် လူသူလေးပါး အိပ်ရာက စုံစုံညီညီ မထကြသေးခင် ရဲဘက်ထုတ်ဖို့ ကံကြတာပေါ့။ ကောင်းဗျာ… ကောင်း။

"ဟေ့… သူငယ်ချင်း… ဝက်(စ်)ပွိုင့်"

"ဟာ… သူငယ်ချင်း… ဝက်ကြီး"

ထောင်မှူးသင်တန်းမှာ ကျုပ်ရဲ့ နာမည်ပြောင်က ဝက်(စ်)ပွိုင့်တဲ့ဗျ။ စစ်ရေးပြ၊ လက်နက်ငယ်သင်ခန်းစာတွေမှာ တတ်ယောင်ကားနဲ့ ဆရာကြီး လုပ်တတ်လွန်းလို့တဲ့။ ဝက်ကြီးတစ်ကောင်လို ဖြူဖြူဝဝကြီး ကိုလှမြင့်ကျတော့ ဝက်ကြီးတဲ့။ ရဲဘက်ထုတ်ဖို့လာတာ သူလား။

"နေဦးဟ… ဘယ်သူတွေ ပါသေးတုံး။ နင်တစ်ယောက်တည်းလား။ စခန်းနှစ်ခုစာ လူ ၁၂၀ တောင်နော် သူငယ်ချင်း။ ညလုံးပေါက် မိုးလင်းသွားဦးမယ်။

"အေး… လွယ်မီးစခန်းအတွက် တို့ကိုကံညွန့်ကြီးပါတယ်။ ဘတ်(စ)ကိုကြီးလေ။ အေး… သူပါတယ်။ သိုက်ဝါးကုန်းစခန်းအတွက် ကိုစိန်ထွန်း (ဗပသ)နဲ့ ကိုစိန်မောင်ဝင်းကြီးတို့က လက်ခံကြလိမ့်မယ်။ မင်းမပူနဲ့။ တို့ ဘာမှမဘာရသေးလို့ ရေကလေး၊ မီးကလေး ပြည့်စုံအောင် ဖန်တီးပြီးရင် ဝင်လာကြလိမ့်မယ်"

"ဟာကွာ… အဲဒါတွေ ငါလုပ်ပေးမှာပေါ့။ ငါက အိမ်ရှင်ပဲဟာ"

"ဟေ့… ဟေ့…၊ မင်းလည်း မင်းအလုပ်နဲ့ မင်း၊ ယားလို့မှ ဖင် မကုတ်နိုင်တာကို ကြားပြီးသား။ ဘယ်သူစီစဉ်စီစဉ်၊ ဒါက ဘာသောက်ရေးကြီးလို့တုံး။ တို့တွေဆုံတုန်း စားကြသောက်ကြမယ်။ အလုပ်လုပ်ကြမယ်။ ဒီည မင်းရုံးမှာပဲ ငါတို့ စတည်းချမယ်။ ဟုတ်ပြီလား"

"အိုကေပါခင်ဗျာ… အိုကေ"

ဒီအရာရှိ (ထောင်မှူး)တွေရဲ့ နာမည်တွေကို ဖော်ပြရတာက အကြောင်းရှိတယ်။ သင်းတို့က မသေကြသေးဘူး။ လူကောင် အရှင်လတ်လတ်ကြီးတွေအတိုင်း ရှိနေကြသေးတယ်။ တချို့က ဌာနထဲမှာ ရာထူးအကြီးကြီးတွေဖြစ်နေပြီ။ တချို့ အငြိမ်းစားယူသွားကြပြီ။ နဝတရဲ့ နသားပါရ ဒီအခမ္ဘကိစ္စကြီးထဲမှာ သူတို့လည်း ဘုမသိဘမသိ ဝင်ပါခဲ့ရတဲ့ ဇာတ်ဆောင်တွေပဲ။ သူတို့ခမျာ သူတို့လက်ခံသွားရမယ့် ရဲဘက်တွေထဲမှာ နိုင်ငံရေးအကျဉ်းသားတွေ ပါနေတယ်ဆိုတာတောင် သိကြတာမဟုတ်ဘူး။ ထင်လည်း ထင်မထားကြဘူး။ ကိုယ့်လူက ပိုသေချာချင်သပဆိုရင်၊ မေးချင်မြန်းချင်သေးရင် အဲဒီပုဂ္ဂိုလ်တွေ သက်ရှိထင်ရှားပါလို့ ပြောချင်တာ။

ဆိုကြပါစို့။

အဲဒီညက ကျုပ်တို့ ရဲဘက်လောင်းတွေ လွှဲပြောင်းပေးဖို့ ရုံးကိစ္စတွေကို ညလုံးပေါက်နီးနီး အလုပ်လုပ်ခဲ့ကြတယ်။ သိတဲ့အတိုင်းပဲ။ စားလိုက်ကြသောက်လိုက်ကြပေါ့ဗျာ။ ပျော်စရာကြီး။

နို့ပေတဲ့၊ ကြာကြာ မပျော်လိုက်ရပါဘူး။

နံနက်လင်းအားကြီး ၃ နာရီလည်းခွဲရော၊ ဘယ်ညာ ဘယ်ညာ မောင်းလာတဲ့ လုံခြုံရေးတပ်ဖွဲ့တွေက ဖောရိန်းစီးပြီး ဝင်လာပါလေရော။ အင်အား ၄၀၀ ကျော်ရှိတဲ့ အကျဉ်းထောင်ဝန်ထမ်းတွေရဲ့ တစ်ဝက်နီးပါး အင်အား ၁၅၀ ကျော် နေ့ဝန်ထမ်း (Day Duty) သမားတွေရယ်၊ ဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်းက သင်တန်းသား ၁၀၀ ရယ် တုတ်၊ ဒိုင်းတွေ အပြည့်အစုံနဲ့ ဝင်လာတာကိုးဗျ။

ထူးထယ်… ထူးတယ်။

ခါတိုင်းခါ ရဲဘက်ထုတ်တာ အကြိမ်ကြိမ်ပါပဲ။ ဒီလိုမျိုး လက်နက်ကယ်စုံအညီနဲ့ ဟန်ရေးထားရေးပြတာမျိုး မရှိခဲ့ဖူးပါဘူး။ ဒီအတိုင်းတိုင်း 'ထွက်ဟေ့… ထွက်ဟ" နဲ့ပဲ ပြီးသွားတာမျိုးပါ။ ဘယ့်နှယ့်ဗျာ… အခုမှပဲ။

ဟုတ်ပြီဗျို့၊ ဒီလိုတဲ့ဗျ။

၅(ည)နိုင်ငံရေးသမားတွေကို သံခြေချင်းတွေခတ်ပြီး ငှက်ဖျားပေါ၊ တောတောင်ကြမ်းတဲ့ ကချင်ပြည်နယ်ထဲက ရဲဘက်စခန်းပို့ပြီး အလုပ်ကြမ်းလုပ်ခိုင်းတာဟာဖြင့် သေလမ်းပို့တာနဲ့ အတူတူပဲ။ ကျုပ်တို့ ဂျပန်ခေတ်တုန်းက သံဖြူဇရပ် မီးရထားလမ်းဖောက်ဖို့ ချွေးတပ်ပို့တာနဲ့ ဘာထူးသေးတုံး။ ပရိယာယ်နဲ့ အသေသတ်တာ။ ဒါကို ဆန့်ကျင်ကန့်ကွက်ဖို့ ရဲဘက်ပါတဲ့ လူတွေရော၊ ရဲဘက်မပါတဲ့ နိုင်ငံရေး အကျဉ်းသားတွေရော၊ အိပ်

*၅(ည)နိုင်ငံရေးသမားတွေကို သံခြေချင်းတွေခတ်ပြီး ငှက်ဖျားပေါ၊ တောတောင်ကြမ်းတဲ့ ကချင်ပြည်နယ်ထဲက ရဲဘက်စခန်းပို့ပြီး အလုပ်ကြမ်းလုပ်ခိုင်းတာဟာဖြင့် သေလမ်းပို့တာနဲ့*



www.burmeseclassic.com

www.burmeseclassic.com

ဆောင်အသီးသီးက ရိုးရိုးတန်း ရာဇဝတ်အကျဉ်းသားတွေကရော ရဲဘက်ထုတ်တဲ့ အချိန်မှာ ဆန္ဒပြကြလိမ့်မတဲ့။ ဘာရှိရဦးမှာတုံး။ ဆူပူအော်ဟစ် ကန့်ကွက်မှာပေါ့။ ဆန့်ကျင်ရှုတ်ချမှာပေါ့။ နဝတအစိုးရရဲ့လက်ရုံး ဗိုလ်ထွန်းကြည်ရဲ့ ညစ်ကွက်ကို လူသိနတ်ကြား ဖော်ထုတ်မှာပေါ့။ နိုင်ငံရေး အသွင်ဆောင်တဲ့ တိုက်ကွက်တစ်ခု ဆင်နွှဲမှာပေါ့။ ဒါက နိုင်ငံရေး အကျဉ်းသားတွေဘက်က အစီအစဉ်။

သိတဲ့အတိုင်းပဲလေ။ ထောင်ဆိုတာ နံရံတွေမှာ နားရှိပြီး တံတိုင်းတွေမှာ မျက်စိရှိစမြဲမို့လား။ ထောင်အလုပ်ဆိုတာ ထိတ်ထိတ်ကြဲ ဖေတစ်ရာမသား ဇော်ဂနီ၊ ဇော်ဂနက်တွေကို မျက်စိဒေါက်ထောက်ပြီး ထိန်းနေရတာ မဟုတ်လား။ NO information, No operation ပဲ။ လျှင်သူစားတမ်း၊ အ သူခံစတမ်းပဲ။ သတင်းလက်ဦးဖို့၊ သတင်းလုံခြုံဖို့၊ ၂၄ နာရီလုံး ထောင်လုံးပြည့် ကွန်ရက်ဖြန့်ထားရတဲ့ နေရာမျိုးဆိုတော့ သတင်းက ပေါက်ကရော။

အဲဒီမှာတင် ကြိုတင်လက်ဦးမှုယူဖို့ လက်နက်အပြည့်အစုံနဲ့ လုံခြုံရေးတွေ ရာချီပြီး ဝင်လာပြီပေါ့။ အင်အားပြပြီပေါ့။

အဲဒီလောက်ပဲလားတဲ့…။

ဘယ်ကလိမ့်မလဲ။ အဲဒီလောက်ဆို ဘာစာဖွဲ့လောက်မှာလဲ။ အဲ… ကျုပ်ပြောခဲ့ပြီနော်။ ကျုပ်တို့ဆရာ လက်မရွံ့မောင်မောင်တင်အကြောင်းကိုး။ ဟော… အခု သူ့အလှည့်၊ သူ့ပွဲ။ သူဦးစီးတဲ့ သူ့တပည့်ကျော် တင်မောင်သန်းတို့၊ ဌေးဌေးတို့၊ တင်မောင်ဝေတို့၊ ဝင်းမြဦးတို့၊ အောင်စိုး၊ အောင်သန်းမြင့်စတဲ့ အုပ်စုက နိုင်ငံရေးသမား မဟုတ်တဲ့ သူခိုး၊ ခါးပိုက်နှိုက်စောရအုပ်စု ရဲဘက် ၇၀ ကို တံခါးမကြီးကို အရင်ထုတ်တယ်။ တံခါးကြီး (ဘူးကြီး) ထဲမှာပဲ လက်ခံမယ့်အဖွဲ့တွေဆီ လွှဲပြောင်းပေးလိုက်တယ်။ ကျန်တဲ့ ၅(ည) နိုင်ငံရေးသမား ၅၀ ကိုတော့ ၁၀ ဦးစီး လုံခြုံရေးတပ်သား တစ်ဖက်တစ်ချက်နဲ့တွဲပြီး ဘူးကြီးထဲ ပို့သဗျ။ သူ အော်နိုး ငါ အော်နိုးနဲ့ အရိပ်အကဲကြည့်ရင်း ဘယ်သူမှ မအော်လိုက်ရဘူး။ ထောင်ဘူးဝကြီးထဲ ရောက်ကုန်ကြရော။ တုတ်၊ ဒိုင်း ကိုယ်စီနဲ့ လုံခြုံရေးတွေ အိပ်ဆောင်ပတ်ပတ်လည်မှာ အဝိုင်းခံထားရတဲ့ ရိုးရိုးတန်း အကျဉ်းသားတွေဘက်ကလည်း တုတ်တုတ်မှမလှုပ်ဘူး၊ ငြိမ်လို့။ သတ်လို့။ အဲ… အဲဒီအချိန်…။

"ဟေ့… မတရားမလုပ်နဲ့ကွ။ နိုင်ငံရေးသမားကို လျှော့ရက်မပေးဘူးဆိုရင် ဘာလို့ အလုပ်ကြမ်းလုပ်ရမှာတုံး။ မင်းတို့ခိုင်းတိုင်း လုပ်ရမှာလား။ မလုပ်ဘူး၊ မလိုက်ဘူးကွ။ ကြောက်မွေးပါရင် ဓာဂနာနဲ့ ဆွဲနုတ်ပစ်လိုက်မယ်။ သတ်ချင်ရင် သတ်လိုက်။ ရဲဘက်စခန်း မလိုက်နိုင်ဘူး"

"ဖုန်း… ဖုန်း… ဖုန်း"

"ဖြောင်း… ဒိုင်း"

"အား… အောင်မယ်လေးဗျာ"

"ဝူး… ဝူး… ဝူး"

"ဝူး… ဝူး"

ရှေ့နေ ကိုဟံသာညွန့်အသံ ထင်တာပဲဗျ။ တိုက်ထဲထည့်ထားတဲ့ ခြေချင်းခတ်တာ မခံနိုင်ဘူးဆိုတဲ့ ရဲရဲတောက် ငါးဦးထဲက တစ်ယောက်ရဲ့အသံ။ စီစဉ်ထားတဲ့ အတိုင်း အိပ်ဆောင်တွေဘက်က ဘာသံမှ မလာလေတော့ သူတို့က သူတို့ဘာသာ စွတ်ကြိတ်ကြတော့တာ။ အာဂ သတ္တိရယ်။

ထုံးစံအတိုင်းပါပဲဗျာ။ လက်မရွံ့မောင်မောင်တင်နဲ့အဖွဲ့ရဲ့ လက်စွမ်းပြခန်း၊ ပုဏ္ဏကတိုက်ခန်းကြီးပေါ့။

အင်း… နောက်ဆက်တွဲကြားရတဲ့ "ဝူး… ဝူး… ဝူး"ဆိုတဲ့ တဝူးဝူးအသံတွေက သူတို့တစ်တွေကို လက်နောက်ပြန်ချုပ်ပြီး လက်ထိပ်ခတ်၊ မအော်နိုင်အောင် ပါးစပ်ထဲကို သံပရာသီးထည့်ပြီး ပုံစံပုဆိုးအဖြူစ အပိုင်းပိုင်းလေးတွေနဲ့ ပိတ်ချည်ရင်း ထွက်လာတဲ့အသံတွေတဲ့။ ကဲ… ရွှေဘုံဖော်တော်စူးရောက်ပါလေ့။ ဟုတ်လည်းဟုတ်တဲ့ လူတွေဗျာ။ ကိုယ်ချင်းရယ်မှ မစာမနာရှိလိုက်လေ။

အဲဒီလို… အဲဒီလိုနဲ့ ရဲဘက်လောင်း ၁၂၀ လုံးကို အောင်အောင်မြင်မြင် လွှဲပေးနိုင်ခဲ့သဗျ။ အင်း… ထင်ထားသလို၊ ကိစ္စကြီးငယ်မရှိဘဲ အဆင်ချောသွားတာကို ပြောတာ။

အဲ… အဲဒါကလည်း အခုအထိပဲ ပြောတာနော်။

နောက်ထပ် မမျှော်မလင့် ပေါ်ပေါက်လာတဲ့

*သူတို့တစ်တွေကို လက်နောက်ပြန်ချုပ်ပြီး လက်ထိပ်ခတ်၊ မအော်နိုင်အောင် ပါးစပ်ထဲကို သံပရာသီးထည့်ပြီး ပုံစံပုဆိုးအဖြူစ အပိုင်းပိုင်းလေးတွေနဲ့ ပိတ်ချည်ရင်း*

www.burmeseclassic.com

www.burmeseclassic.com

အရေးအခင်းက ရှိသေးသဗျ။

ပြောမယ်… ပြောမယ်။

မှန်တာပြောရင် ချမ်းသာပါရစီဗျာ။

( ၁၃ )

ဒီလိုကိုးဗျ။

ကျုပ်တို့ ရွှေညာဏ်တော်ကြီးမားလှတဲ့ တိုင်းမှူးကိုယ်တော်ကြီးက ၅(ည) နိုင်ငံရေးဆရာသမားတွေက ထောင်ကအထွက်၊ မန္တလေးဘူတာကြီးကို သွားတဲ့လမ်းခရီးတစ်လျှောက်လုံး အော်ကြဟစ်ကြ၊ ကြွေးကြော်ကြဆိုရင် ခက်လှချည့်လို့ တွေးသတဲ့ဗျ။ အဲဒီတော့ ဘာလုပ်သတုံး။ ဒီ ၅(ည)နိုင်ငံရေးသမား ရဲဘက် ၅၀ ပါမယ့် မီးတုတ်ကြီးအဖွဲ့တွေကို ဘူတာကြီးဆီ မပို့နဲ့တော့။ သူတို့ကိုတင်မယ့် မီးရထားတွဲတွေကပဲ ထောင်ကြီးနားအထိ အရောက်သွားပြီး တင်စေတဲ့ခင်ဗျ။

ရဲဘက်လောင်း ၁၂၀ ကိုတင်မယ့် မီးရထားတွဲ နှစ်တွဲ၊ လုံခြုံရေးတွဲ တစ်တွဲနဲ့ စက်ခေါင်းတွဲ တစ်တွဲပါတဲ့ မီးရထားတစ်စီးက ကျုပ်တို့ ထောင်နယ်မြေထဲအထိ အရောက်လာပြီး တင်မယ်ဆိုကိုး။ လုပ်လိုက်ဟာ။

အင်း… ဖြစ်နိုင်တယ်ဗျ။ ကျုပ်တို့ ထောင်နယ်နိမိတ်နဲ့ ကျောချင်းကပ်နေတာက ၁၁၁ ထောက်ပို့တပ်၊ ပြီးတော့ အင်ဂျင်နီယာတပ်ရင်းတွေ။ ၁၂၁၊ ၁၃၁ တပ်တွေ။ အဲဒီတော့ ရိက္ခာတင်တဲ့ မီးရထားတွဲတွေ မကြာခဏ အဝင်အထွက်ရှိတတ်တယ်။ အခုလည်း အဲဒီ မီးရထားလမ်းကိုပဲ သုံးမှာပဲ။ ဒီလို ကျုပ်ကတွေးတယ်။

မှန်လိုက်လေဗျာ။ ဒက်ထိပါပဲ။

ကျုပ်တို့ ထောင်ဘူးဝကြီးကနေ ပေ ၁၀၀၀ ကျော်ကျော်လောက် လမ်းလျှောက်လိုက်ရင်ပဲ ရောက်နိုင်တဲ့ ၁၂၁ တပ်ရဲ့ နောက်ကျောမှာ မီးရထားတွဲကြီးရပ်ပြီး တင်မှာတဲ့ဗျ။ အစီအစဉ်က။

တင်ပေါ့ဗျာ။ ဘာဖြစ်သေးတုံး။

ဒီ လူ ၁၂၀ ပါတဲ့ ရဲဘက်တစ်သုတ် မြန်မြန်ထွက်သွားကြမှပဲ။ ကျုပ်တို့မှာ စိတ်လည်းညစ်လှပြီ။ လူလည်း ပန်းလှပြီ။ ဘူးထဲကနေ မြန်မြန်ထွက်သွားကြပြီး ရဲဘက်ရထားတွဲကြီး ဘော်ဘော်ဘူဘူ မောင်းသွားမှပဲ ကျုပ်တို့လည်း ဟင်းချနိုင်တော့မှာ။ အဲတော့… "မြန်မြန်လုပ်ကြပါဟ"ပေါ့။ ပူညံပူညံ၊ ကြွက်စီကြွက်စီနဲ့။ အရင်လိုမှ အနေးဖြစ်။ ခဏနေဦးတဲ့။ လုပ်ကြပြန်ပြီ။

ရဲဘက်ထုတ်တာကို လာပြီးစောင့်ကြည့်နေရတဲ့ ထောက်လှမ်းရေး ၁၆ က ဗိုလ်ကြီးနဲ့ ကျုပ်တို့ ထောင်က လက်မရွံ့ကြီး ဦးမောင်မောင်တင်တို့ ခေါင်းချင်းရိုက်ကြပြန်ပြီ။ ဘာတွေ ဆင်ကြံကြံကြ၊ မဟုတ်တရုတ်တွေ လုပ်ကြဦးမလို့လဲ။ တစ်ခုခုတော့ တစ်ခုခုပဲ။

ဟောဗျာ… ထင်မထားတာတွေကို လုပ်ပြီဗျို့။

ထောင်ဘူးတံခါးဝက အထွက်မှာ ရဲဘက်မီးရထားတွဲကို မိုးကောင်းရောက်တဲ့အထိ လုံခြုံရေးယူကြရမယ့် ပုသိမ်ကြီး ရွှေစာရံဘုရားနားမှာ စခန်းထိုင်တဲ့ လုံထိန်း ၆ က လုံထိန်းရဲတပ်သားတွေက ၅(ည) နိုင်ငံရေးသမားတစ်ဦးချင်းစီကို လက်မောင်းက ဖမ်းချုပ်၊ ပါးစပ်ထဲ သံပရာသီးတစ်လုံး ထည့်၊ ပါးစပ်ကို အဝတ်စည်းပြီး လက်ထိပ်ခတ်လိုက်ကြတာပဲ။ ပြီးမှ မီးရထားတွဲဆီ ခေါ်သွားကြလေရဲ့။ နန်းမြို့ထဲကနေ မန္တလေးဘူတာကြီးကို အသွားမှာ အော်ကြဟစ်ကြ ဆန္ဒပြကြမှာစိုးလို့တဲ့ဗျာ။ လုံထိန်းတပ်ရင်းမှူး ရဲမှူးကြီးက အနီးကပ်ကြီးကြပ်ပေးသတဲ့ဗျာ။ ကဲ…။

မှန်တာပြောရင် ချမ်းသာပါရစီဗျာ။

အဲဒီ မတော်မတရား အဓမ္မဖြစ်စဉ်ကြီးက တကယ် ဖြစ်ခဲ့တာပါ။ တရားမရှိတဲ့ ခေတ်၊ ဓမ္မကွယ်တဲ့ အဲဒီအချိန်အခါမှာ အဲဒီလိုဖြစ်စဉ်ဆိုးတွေဟာ ဒုနဲ့ဒေးပါပဲ။

ဒါပေမဲ့ ရှုးကြောင်မူးကြောင် အာဏာငမ်းဖမ်းနေတဲ့ အဆန်ချောင် ငနဲကြီးတစ်ယောက်ရဲ့ နှုတ်က ထွက်တဲ့အတိုင်း ကျုပ်တို့အပါအဝင် လူတွေ တစ်လှေကြီးက ဒုက္ခသုက္ခခံပြီး တစ်သဝေမတိမ်း ဘာလို့လိုက်လုပ်ခဲ့ကြရတာလဲ။ ကျုပ်က အဲဒါကို တနုံ့နုံ့နဲ့ အစာမကြေတာ။

( ၁၄ )

မှန်တာပြောရင် ချမ်းသာပါရစီဗျာ။

ဘယ်လိုမှ သုံးစားမရတဲ့ ကျုပ်တို့ရဲ့ အညံ့စိတ်

လုံထိန်းရဲတပ်သားတွေက ၅(ည) နိုင်ငံရေးသမားတစ်ဦးချင်းစီကို လက်မောင်းက ဖမ်းချုပ်၊ ပါးစပ်ထဲ
သံပရာသီးတစ်လုံး ထည့်၊ ပါးစပ်ကို အဝတ်စည်းပြီး လက်ထိပ်ခတ်လိုက်ကြတာပဲ





www.burmeseclassic.com

www.burmeseclassic.com

တွေကြောင့် နှစ်ပေါင်း ၅၀၊ ၆၀ လောက်နီးနီး ခေတ်ကြီး တစ်ခေတ် အမှောင်ကျသွားခဲ့ရပေတာပဲ။

ဟုတ်တယ်...၊ ကျုပ်တော့ အဲဒီလိုပဲ ပြောချင်တော့တယ်။

ကျုပ်တို့... ညံ့ခဲ့ကြလို့ဗျ။

အမှန်ပဲ။

ကျုပ်တို့... ညံ့ခဲ့ကြတယ်။

■




thebookhouse စာအုပ်တိုက်မှ ရရှိနိုင်သော
၀၉၉-၇၉ ၆၀ ၆၀ ၁၀
၀၉၉-၇၉ ၆၀ ၆၀ ၂၀
www.facebook.com/thebookhouse.tbh
www.facebook.com/reallivesrealstories
www.burmeseclassic.com

www.burmeseclassic.com





၂၀၀၇ခုနှစ်၊ နိုဝင်ဘာလ၏ ဆောင်းနံနက်စောစော ချမ်းအေးလွန်းတဲ့အချိန်၊ စစ်ယာဉ်တန်းကြီးများ အတန်းလိုက်၊ အတန်းလိုက် နှင်းမှုန်များအကြားမှ တရွေ့ရွေ့ တောင်ငူမြို့မှ ထွက်လာသည်။ စစ်ဆင်ရေးဆိုသည့် ဝေါဟာရက စာအုပ်တွေ၊ သူများပြောသည့် စကားများအတွင်းမှာပဲ ကြားခဲ့ရသည်။ ယခုတော့ ကိုယ်ကိုယ်တိုင် ကြုံရတော့မည်။ ကျောင်း ဝေးလံခေါင်ဖျားဒေသ ချင်းပြည်နယ်၊ မတူပီမြို့တွင် ဆရာဝန်ဘဝ၏ ပထမဦးဆုံး တာဝန်ပြီးဆုံးသွားပြီးနောက် ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့သို့ ခြေလျင်တပ်စုမှူးသင်တန်း တက်ရသည်။ သင်တန်းတက်ပြီး မိခင်တပ်ရင်း မုံရွာမြို့၊ အမှတ်-၇ စစ်မြေပြင်ဆေးတပ်ရင်း၌ ရက်အနည်းငယ်သာ နေခဲ့ရပါသည်။ Medical Cover ဆိုပြီး မလေးရှား နှစ် ၅၀ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကားပြိုင်ပွဲ (တောင်အာဖရိက ကိတ်တောင်းမြို့မှ မလေးရှား ကွာလာလမ်ပူမြို့အထိ) တွင် ကလေးမြို့မှ စစ်ကိုင်းတံတားအထိ လိုက်ခဲ့ရသည်။ မုံရွာတွင် ဖင်ပူအောင်တောင် မနေရ။ စစ်ဆင်ရေး လိုက်ရမည်ဟု တပ်မှူးမှ ခေါ်ပြော၍ ချက်ချင်းပင် ရှေ့တန်းထွက်မည့် ယာဉ်တန်း အမှတ်-၁၀ စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်ဖြင့် မုံရွာမှလိုက်ခဲ့ရသည်။ သွားရောက်ရမည့်ဒေသ(ခွင်)က ကရင်ပြည်နယ်အတွင်းရှိ ဘောဂလိကြီးခွင်။ မုံရွာမြို့မှ ဆေးမှူးနှစ်ဦး၊ ကျွန်တော်နှင့်သူငယ်ချင်း ဘာကြီး(နာမည်ပြောင်)နှင့်အတူ တပ်ကြပ်ကြီးတစ်ယောက်စီ။ ရဲဘော်လေးယောက်စီ။ စုစုပေါင်း ၁၂ယောက် လိုက်ခဲ့ရသည်။

လမ်းတွင် မိတ္ထီလာတပ်နယ် လမ်းဘေးတွင် ယာဉ်တန်းရပ်ပြီး တစ်ညအိပ်ခဲ့ရသည်။ နောက်တစ်နေ့ တောင်ငူရောက်ရှိပြီး နေ့လယ်တွင် အရာရှိများ၊ စစ်သည်များအားလုံး စစ်ဆင်ရေး ကွပ်ကဲရေးမှူးနှင့် စစ်တိုင်းမှူးတို့၏ ဩဝါဒနာခံပြီး တောင်ငူတွင် တစ်ညတာ အိပ်ခဲ့ရသည်။

တောင်ငူတွင် စစ်ဆင်ရေး အတွေ့အကြုံရှိသူများက စားစရာ၊ သောက်စရာ အခြောက်အခြမ်းများ ဝယ်ရန်ပြောတော့၊ ကျွန်တော်နှင့်တပ်ကြပ်ကြီး ဈေးဝယ်

# ရှေ့တန်းဒေါက်တာ

ဒေါက်တာရကောက်



the real lives, real st

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ထွက်ပါသည်။ စိတ်ထဲတွင် ငါတို့အဖွဲ့က ခြောက်ယောက်ဆိုတော့ ခြောက်ယောက်စာ ချက်ပြုတ်ရမည့် အိုးခွက်အလုံအလောက် ပါရမည်ဟုတွေးပြီး ဒန်အိုးတစ်လုံး၊ ဒယ်အိုးတစ်လုံး၊ ပန်းကန်ပြား ခြောက်ချပ်၊ အသားတုံး၊ ငါးခြောက်၊ ဘာလချောင်ကြော်၊ ဆေးလိပ်၊ အရက် စုံလင်စွာ ဝယ်လာခဲ့ပါသည်။ ဘေးက တခြားအဖွဲ့တွေက ဆေးဗိုလ်ကြီး ဘာလို့ဒန်အိုးနဲ့ဒယ်အိုး ဝယ်တာတုံး။ ရှေ့တန်းထွက်တာနော်။ ဘုရားဖူးထွက်တာ မဟုတ်ဘူး။ ရှေ့တန်းရောက်ရင် ဟန်ကောနဲ့ချက်ရတာဆို၊ တစ်ယောက်ပြီးတစ်ယောက် လာပြောကြသည်။ သို့ပေမဲ့ ကျွန်တော်ကတော့ သူများပြောတာစိတ်မဝင်စားဘူး။ ကိုယ်ထင်တာ ကိုယ်လုပ်တာချည်း။ စားသောက်စရာများအပြင် ဆေးထုတ်ထားသည့် ဆေးဝါးများတွင် မပါဝင်သည့် ဆေးဝါးတချို့နှင့် သံဖြတ်လွှနှစ်ချောင်းပါ ဝယ်လာခဲ့သည်။

တောင်ငူတွင် ညအိပ်တော့၊ အတွေ့အကြုံမရှိသည့် ဆရာဝန်ဆေးမှူးကျွန်တော်၊ စစ်ဆင်ရေး တစ်ခါမှမလိုက်ဖူးသည့် တပ်ကြပ်ကြီး၊ ရဲဘော်လေးယောက် အားလုံးပေါင်း ဘယ်လို စခန်းသွားရပါ့မလဲ တွေးရင်း ညဘက်အိပ်မပျော်။

နံနက် ၄နာရီ Line Up စဉ်ပြီး တရွေ့ရွေ့ တောင်ငူမှ ထွက်ခွာလာသည်။ ကျွန်တော့်အနေဖြင့် ဘယ်သို့သွား၍ဘယ်လာနေမှန်းမသိ။ အတွေ့အကြုံလည်းမရှိ။ ဆေးကျောင်းသားဘဝ ဗိုလ်လောင်းသင်တန်းတွင် စစ်လေ့ကျင့်ခန်းများကို စိတ်ပါဝင်စားမှု မရှိခဲ့ပါ။ စာတတ်လျှင်၊ ဆေးကုတတ်လျှင်ပဲ အဆင်ပြေမည်ဟု စိတ်ထဲတွင် စွဲမှတ်ထားသည်။ ဗိုလ်လောင်းသင်တန်းတွင် ခပ်ပုံ့ပုံ့နေ၊ လေ့ကျင့်ရေးအဆင့်က ၄၀၀ကျော်။ စာပေရမှတ်များ ကယ်ခဲ့၍သာ အဆင့် ၃၀၁ ဖြင့် ကျောင်းဆင်းလာခဲ့ရသည်။

ဗိုလ်လောင်းသင်တန်း တစ်လျှောက်လုံး ဆေးရုံတက် ခုနစ်ကြိမ်၊ ဆေးခန်းကလည်း ခဏခဏ လိုက်သည်။ စည်းကမ်း ခဏခဏ ဖောက်၍ အပြစ်ပေးခံရသည့်အပြင် အချုပ်ကလည်း မကြာခဏကျသည်။ ဖဲဝိုင်းမိတော့လည်း ပါသည်။ အရက်ခိုးသောက်မိတော့လည်း ထိပ်ဆုံးက။ ညဘက် တပ်ပြင်ခိုးထွက်တဲ့လူ မိတော့လည်း မပါမပြီး။ အဲဒီတုန်းက အဆင့်ကောင်းဖို့လည်း စိတ်မဝင်စား။ လူငယ်ပီပီ၊ ခပ်တေတေ၊ လွတ်လွတ်လပ်လပ် နေချင်မိတာသာရှိသည်။ စိတ်ဝင်စားတာကတော့ စာမေးပွဲမကျဘဲ တစ်နှစ်တစ်တန်း မှန်မှန်အောင်ဖို့ပင်။ အဲဒီအကြောင်းတွေ တွေးပြီး ငါ စစ်ပညာ မကျေခဲ့ဘူး။ အဆင်ပြေပါ့မလားဆိုပြီး စိတ်တထင့်ထင့်ဖြင့် လိုက်ပါလာခဲ့သည်။

ဘေးက လိုက်ပါလာသည့် သူငယ်ချင်း ဘကြီးကိုကြည့်တော့၊ သူလည်း သူ့အတွေးဖြင့် သူတွေးတောရင်း လိုက်ပါလာသည်။ ဘကြီးနှင့် ကျွန်တော်က ရေစက်တော်တော်ဆုံသည်။ ပဲခူးနေရှင်နယ်ကျောင်းမှာ ကျောင်းတက်တော့ အတူတူ၊ ဆေးကျောင်းတက်တော့လည်း အတူတူပင်။ ကျောင်းဆင်းခါစက တာဝန်စကျတော့လည်း သူကဟားခါး စစ်ဗျူဟာဌာနချုပ်၊ ချင်းပြည်နယ်မြောက်ပိုင်း ဆေးမှူး၊ ကျွန်တော်က ချင်းပြည်နယ်တောင်ပိုင်း မတူပီ စစ်ဗျူဟာဌာနချုပ်ဆေးမှူး၊ အခု ရှေ့တန်းထွက်လာတော့လည်း အမှတ်-၁၀၊ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်အောက်ရှိ စစ်ဗျူဟာ-၂ ဆေးမှူးက ဘကြီး၊ စစ်ဗျူဟာ-၃ ဆေးမှူးက ကျွန်တော်။ တောင်ငူကနေပြီး သံတောင်ရောက်တော့ ကျွန်တော်က ဗျူဟာ-၃ကို ပေါင်းရပြီး ဘကြီးကတော့ ဗျူဟာ-၂ နဲ့ပေါင်းဖို့ အသီးသီးခွဲခဲ့ကြသည်။

ယာဉ်တန်းက သံတောင်မြို့ကို တဖြည်းဖြည်းကျော်လာခဲ့သည်။ နေ့လယ်ရောက်တော့ ယာဉ်တန်းပေါ်က ဆင်းပြီး လမ်းလျှောက်ရသည်။ ကျွန်တော်ကတော့ ဘဖျစ်တောက်တောက်။ “ကားလမ်းကြီး ရှိရဲ့သားနဲ့ ဘာလို့ဆင်းရတာလဲ”ဟု ဘေးက ဆက်သွယ်ရေးရဲဘော်ကို မေးရာ “ဆေးဗိုလ်ကြီးရေ၊ ရှေ့ကယာဉ်တန်းကို ဆွဲမိုင်းခွဲသွားလို့”၊ “ဗုဒ္ဓေါ” ပါးစပ်က ရေရွတ်ပြီး စိတ်မိုင်းပဲကြားဖူးတယ်။ ထောင်ရတာ။ မိုင်းထောင်ထားရင် နင်းမိတာပဲကြားဖူးတယ်။ ဆွဲမိုင်းဆွဲသွားတယ်လို့ မကြားမိပါဘူးဟု တွေးတောရင်း လျှောက်လာခဲ့သည်။ နေ့လယ် ၁ နာရီမှစတင်ပြီး လျှောက်လာလိုက်တာ ည ၇နာရီအထိ။ စိတ်ထဲတွင် ငိုချင်စိတ်ပေါက်လာသည်။ ကျောပိုးအိတ်ကလည်း လေးလိုက်တာ။ ခြေထောက်တွေလည်း နာလှပေါ့။ ည ၈နာရီကျော်တော့ ဘောဂလိကြီးသို့ ရောက်ရှိလာသည်။ လောလောဆယ် ဘောဂလိကြီးမှာထိုင်တဲ့တပ်က အမှတ်-၅ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်။ အဲဒီတပ်နဲ့ ကျွန်တော်တို့

*ကိုယ်ဝန်ဆောင်နေစဉ် ပထမ သုံးလ၊ ဒုတိယ သုံးလအတွင်း ဆေးဝါးတချို့သောက်သုံးမိလျှင်လည်း သန္ဓေသားကို အန္တရာယ်ပေးနိုင်သည်*





www.burmeseclassic.com

www.burmeseclassic.com

တပ် လဲရမှာ။ ရောက်ရောက်ချင်း အဲဒီတပ်ရဲ့ တပ်မဆေးမှူးက ကျွန်တော်တို့ ဆေးအဖွဲ့ကို နေရာချတယ်။

ဘေးဘီကို လှမ်းကြည့်လိုက်တော့၊ ကျွန်တော်နှင့် ကျောင်းတုန်းက နံပါတ်ချင်းကပ်လျက် သူငယ်ချင်းရွာသားကို တွေ့ရတော့ ဝမ်းသာလိုက်တာ။ သူက ကျွန်တော့်ကို ဆောင်ရန်၊ ရှောင်ရန်များကို ပြောပြတော့သည်။ ရွာသားမှ ဇီဝို (ကျွန်တော့်နာမည်ပြောင်) ရေ၊ အခု မင်းတို့ဝင်မယ့် ခွင်က ကြမ်းတယ်ကွ။ သတိထားသွားလာ၊ လှုပ်ရှားရမယ် သူငယ်ချင်း" ဟုပြောရာ ကျွန်တော်က "တောထဲရောက်မှတော့ သတိရှိရမှာပေါ့ သူငယ်ချင်းရ။ ပါးစပ်က မဆဲရဘူး။ သေးပေါက်ရင် ရပ်မပေါက်ရဘူး။ ထိုင်ပေါက်ရတယ်။ အမှားပါရင် ခွင့်လွှတ်ပါလို့ နတ်တွေကို တောင်းပန်ရတယ်။ သီချင်းဆို မသွားရဘူး။" ငါ ဒီလောက်တော့ သိပါတယ်" ဟု ပြောလိုက်ကာ ခေါင်းကို တွင်တွင်ခါရင်း ရွာသားမှ ဆရာကြီးလေသံဖြင့် "မင်းကို တောကြမ်းတာ ပြောတာမဟုတ်ဘူး။ ကရင်ပြည်နယ် စစ်ဆင်ရေးဒေသတွေမှာ ဘောဂလိကြီးက ငပွေးတွေက တော်တော်ဆိုးတယ်။ တိုက်ပွဲ ခဏခဏဖြစ်တာကို ပြောတာ။ ဘောစဲခိုက ပထမ၊ ဘူဇာစီးက ဒုတိယ၊ ဘောဂလိကြီးကလည်း ဆိုးတယ်။ အဲဒါပြောတာ။ ကျွန်တော်က "သူငယ်ချင်းရွာသား၊ ငါမသိလို့ မေးပါရစေ။ ငပွေးဆိုတာ ဘယ်သူ့ကို ပြောတာလဲ" ဟုမေးရာ ရွာသားမှ KNU ကိုပြောတာ သူငယ်ချင်း။ မင်း စစ်ဆင်ရေးသာ လိုက်လာတယ် ဘာမှ မသိပါလား။ မင်း ဆေးတပ်စုမှာ မင်းအကြီးဆုံး။ ဗျူဟာ ဆေးမှူးလုပ်ရမှာ။ ကိုယ့်တပ်အကြောင်းတော့ အခု စစ်ဆင်ရေးဝင်နေတဲ့ ခွင်(ဒေသ) အကြောင်းရော၊ ရန်သူ့အကြောင်းရော လေ့လာထားရတယ် သူငယ်ချင်း" ဟု ဆုံးမပါသည်။

ဤကဲ့သို့ သူငယ်ချင်းနှစ်ယောက် စကားတပြောပြောဖြင့် ထွေရာလေးပါးပြောပြီး အိပ်ပျော်သွားလေသည်။ နံနက်ရောက်တော့ ဗျူဟာရုံးကိုသွားပြီး အခြေအနေစုံစမ်းကြည့်ရာ ကျွန်တော်တို့ ဗျူဟာက လမ်းကင်းယူရမှာဖြစ်သည်။ ရှေ့တန်းစခန်းတွေကို တပ်တွေမလဲခင် ရိက္ခာပုံရမယ့်ကာလအတွင်း ကျွန်တော်တို့ဗျူဟာက ကိုယ်ဝင်ရမယ့်ခွင် (စစ်ဆင်ရေးဒေသ)သို့မရောက်မီ လမ်းကြောင်း လုံခြုံရေး အလျှင်ယူရမှာဖြစ်ကြောင်း၊ ရိက္ခာတွေစုပုံပြီးသည်နှင့် မောင်နွဲကြီးခွင် (ကျွန်တော်တို့ဗျူဟာ-၃ ဝင်ရမည့် စစ်ဆင်ရေးဒေသ) သို့ သွားရမှာဖြစ်ကြောင်း အကြောင်းစုံ သိရသည်။

နံနက် ၅နာရီထိုးသည်နှင့် လိုင်းအပ် *(Line Up)* ထိုးပြီး စထွက်ကြတော့သည်။ ဘောဂလိကြီး (တပ်မဌာနချုပ်) နေရာမှ ရေသိုးလေးအထိ။ ရေသိုးလေးရွာသို့ ရောက်တော့ နေ့လယ် ၁နာရီထိုးပြီ။ ရေသိုးလေးရွာမှာတော့ လူနေအိမ် အနည်းငယ်ရှိသည်။ လမ်းတစ်လျှောက်နှင့် ရွာထဲတွင် ရွာသူရွာသားများကို တွေ့ရသည်။ စိတ်ထဲတွင်တော့ ရှေ့တန်းသာဆိုတယ် လမ်းလေးလျှောက်လိုက်၊ ရွာတွေ့ရင် ရွာထဲဝင်လိုက် အဆင်ပြေလို့။ ရေသိုးလေးက အမိုးတို့ဆီမှာ ဘီယာသောက်နေတုန်း စစ်ဦးစီးတတိယတန်း (ဗျူဟာ ဂျီသရီး) အစ်ကိုကြီး ကိုကြီးဂျားကစ် (အမည်ပြောင်)မှ လာခေါ်၍ လိုက်သွားသည်။ ဗျူဟာမှူးဆီရောက်တော့ ကျွန်တော်တို့ အရာရှိငယ်များအား ဗျူဟာမှူးမှ ဩဝါဒခြွေသည်။ ဘောဂလိကြီးမှ ရှေ့ဘက် စစ်ဆင်ရေးဒေသ ဘူဇာစီးခွင်အထိ လမ်းကြောင်း လုံခြုံရေးယူရမည်ဖြစ်ကြောင်း၊ ယခုလောလောဆယ်တော့ ဗျူဟာက ရေသိုးလေးမှာ အခြေပြုမည် ဖြစ်ကြောင်း၊ ရွာထဲသို့ လက်အောက်ငယ်သားများကို မဝင်ရောက်အောင် ထိန်းကြရမည်ဖြစ်ကြောင်း၊ ကိုယ့်တာဝန်ကိုယ် မလစ်ဟင်းစေရန် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ စထွက်မည်ဟု အမိန့်ပေးတာနှင့် ၁၅မိနစ်အတွင်း စထွက်နိုင်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဗျူဟာရုံးရှိရာနေရာကတော့ ရေသိုးလေးကျေးရွာအပြင်က သချိုင်းကုန်း၊ ညအိပ်မည့်နေရာက အုတ်ဂူပေါ်၊ ကောင်းလိုက်တဲ့နေရာလေး။ ငယ်ငယ်ကတည်းက သရဲကြောက်တတ်သည့် ကျွန်တော့်အဖို့တော့ ပထမ နှစ်ရက်၊ သုံးရက် အိပ်မပျော်။ ဘေးက ချွတ်ချွတ်သံကြားတာနဲ့ ထထိုင်လိုက်၊ လိုက်ကြည့်လိုက်။ ရှေ့တန်း၏ ပထမဦးဆုံး လမ်းကင်းလှည့်ရေး သချိုင်းကုန်းညများမှာတော့ အိပ်မပျော်။ လေးရက်ခန့်နေပြီးတာနှင့် တူနိုင်းစခန်းသို့ ဆက်ထွက်သည်။ ရေသိုးလေးမှ ဝိုင်လမ်းဆုံ၊ ယင်းမှ ရေသိုးကြီး၊ ရေသိုးကြီးရောက်တော့၊ ရေချိုးရမည့်နေရာက တောင် နှစ်တောင်လောက် ဆင်းရ

*ဆရာ၊ ကျွန်မသမီးလေးဘဝကို ဒီအတိုင်းပဲ ရေတိမ်နစ်*
*ကျန်ဆုံးသွားပြီလို့ ထင်ထားတာ အခု ဆရာနဲ့တွေ့လို့ ဝမ်းသာပါတယ်*

www.burmeseclassic.com

www.burmeseclassic.com

သည့် လျှိုမှာ။ ပထမတစ်ရက်တော့ ရေလိုက်ချိုးလိုက်သေးသည်။ အဆင်းကလည်း ကြောက်စရာ၊ အတက်ကလည်း လေးဖက်ထောက် တက်ရသည်။ နောက် သုံးလေးရက်လောက်ရောက်တော့ ရေ လိုက်မချိုးတော့ပေ။ ရေမချိုးဘဲ နေတတ်အောင် လေ့ကျင့်ရသည်။ ရေသိုးကြီးစခန်းကတော့ အရင်လွတ်လပ်ရေးရခါစ ရောင်စုံသူပုန်သောင်းကျန်းသူတွေ ထကြွတဲ့အချိန်က ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်မှူးကြီးမောင်မောင်ကို KNU ဖမ်းသွားသော သမိုင်းဝင် ရွာလေးဖြစ်ပါသည်။

ကျွန်တော် ဦးဆောင်သော ဆေးအဖွဲ့၏ လှုပ်ရှားသွားလာပုံကို ကြည့်ရင်း ပထမဦးဆုံး ကျွန်တော် စထွက်လျှင်တော့ ရှေ့ထိပ်က ပို့ဆိုင် ရဲဘော်သုံးယောက်၊ လေးယောက်ရဲ့နောက်မှာ တက်ကြွလျက်။ လမ်းအလယ်လောက်ရောက်တော့ တစ်ယောက်ပြီးတစ်ယောက် ကျွန်တော့်ကို ကျော်တက်သွားကြတာ နေ့လယ်ထမင်းစား နားတော့ နောက်ဆုံးရောက်ပြီ။ လျှာထွက်နေပြီ။ ပြီးလျှင် ဆေးတပ်ကြပ်ကြီး သူလည်းမထူးပါ။ ကျွန်တော့်ထက် ပျော့သေး။ ရဲဘော်နှစ်ယောက်က ဒန်အိုး၊ ဒန်ခွက်များကို ဆာလာအိတ်ဖြင့်ထည့် ရှေ့တစ်ယောက်၊ နောက်တစ် ယောက် ဝါးလုံးကိုထမ်း၊ ဝါးလုံးအလယ်တွင်တော့ "ဂလုံး၊ ဒုံး၊ ဂလုံး၊ ဂလွမ်း" အသံစုံလင်စွာဖြင့် ဆေးတပ်စု၏ ချီတက်ပုံ။ ဗျူဟာမှူးက ပထမတော့မပြောသေး။

ရေသိုးကြီးမှ မောင်းတံကြီးစခန်းသို့ ချီတက်နေစဉ် KNU မှာ RPJ ဗုံးသီးဖြင့်လှမ်းထုမှ "ငါလိုးမသားဆေးအဖွဲ့၊ ရှေ့တန်းထွက်နေတာ၊ ဘုရားဖူးထွက်နေတာ မဟုတ်ဘူး။ အခု မင်းအမေလင် ငပွေး (KNU)မှ လှမ်းထုနေတာ"ဟု ဆဲလေသည်။ ဆဲလည်းဆဲချင်စရာ။ RPJ ဗုံးသီးမှာ ဂလုံး၊ ဂလွမ်း၊ အသံကြားရာ ကျွန်တော်တို့ဆေးအဖွဲ့နားတစ်ဝိုက်သာ ကျသည်။ ကျွန်တော့်မှာ ဆေးတပ်ရင်းမှ ပေးလိုက်သော ဘိုးတော်ဘုရားလက်ထက်က ရှေးဟောင်းပစ္စည်း ဝစ်ဗလီခြောက်လုံးပြူးကို ရင်ခွင်ပိုက်ပြီး မြေပြင်မှာ ပြားပြားဝပ်လျက်။

မောင်းတံကြီးစခန်းရောက်တော့ ဘူဇာစီးခွင်မှ ပို့လိုက်သော မိုင်းထိလူနာ စကိုင်ရသည်။ ဘဝတွင် ပထမဦးဆုံးသော မိုင်းထိလူနာ စကိုင်ရခြင်း ဖြစ်ပေသည်။ ခြေချင်းဝတ် အထက်ပိုင်းမှစ၍ ပြတ်နေပြီ။ သွေးတွေကတရဲရဲ။ သွေးထွက်သည့်နေရာများကို Artery Sorcep ဖြင့် ထိန်းပြီး အပ်ချည်ကြိုးဖြင့် တတ်သလောက်၊ မှတ်သလောက် လိုက်ချည်ရသည်။ ပထမဦးဆုံး မိုင်းထိလူနာကို စကိုင်ရသည်ဖြစ်သဖြင့် သွေးကြောချည်နေတာသည် မသပ်ရပ်။ အမဲသားတွဲပမာ။ အဲဒီလူနာမရောက်တော့ တပ်မဆေးမှူးက လုပ်ကိုင်ပုံမဟုတ်၍ စကားပြောစက်ဖြင့် လှမ်းဆွသည်။

ရက်အနည်းငယ်ကြာပြီး မောင်းတံကြီးစခန်းမှ ရေသိုးကြီးကိုဖြတ်၊ ဝိုင်းလမ်းဆုံရောက်တော့ အနောက်ဘက်သို့ ဆက်ထွက်သည်။ မှတ်မှတ်ရရ ဝိုင်းလမ်းဆုံမှထွက်ထွက်ချင်း ကျွန်တော် လမ်းမလျှောက်နိုင်တော့၍ ကျွန်တော်တို့စစ်ကြောင်းနှင့် ပါလာသော လမ်းခင်းမည့် ဘူဒိုဇာကားကြီးပေါ် တက်လိုက်လာသည်။ မိနစ် ၃ဝခန့် စကားတပြောပြောဖြင့် လိုက်ပါလာပြီး အိမ်သာတက်ချင်၍ ဘူဒိုဇာပေါ်မှ ဆင်းပြီး လမ်းဘေးချုံအတိုး ဟိုဘက်တောင်ကြောပေါ်မှ RPJ ဖြင့် လှမ်းပစ်ရာ ဘူဒိုဇာကားပေါ် ကျသည်။ "ရှူး ဗွီ၊ အုန်း၊ ဂိုမ်း" ကျယ်လောင်စွာ ပေါက်ကွဲသံကြီး။ ကံကောင်းလိုက်တာ၊ ရင်တွေ တော်တော်တုန်သွားသည်။ မိနစ်ပိုင်း အနည်းငယ်က ကျွန်တော်နှင့် စကားပြောနေသော ဘူဒိုဇာမောင်းသမား ကျသွားသည်။ ရဲဘော် ၂ယောက် ဒဏ်ရာရသွားသည်။ ထိုနေ့မှစ၍ လမ်းကြောင်းတစ်လျှောက် လိုက်ရာတွင် စကားအလွန်များသော ကျွန်တော် တေမိမင်း(စကားမပြောခြင်း) ဖြစ်သွားသည်။

ငှမိုင်စခန်းတွင် စခန်းချနေစဉ် ရက်များအတွင်း ကျွန်တော်၊ ကျွန်တော့်ဆေးတပ်စုမှ ရဲဘော်နှစ်ဦး၊ ခြေလျင်တပ်ရင်းမှ တပ်ကြပ်ကြီးတစ်ဦး၊ ခြေလျင်စစ်သည် နှစ်ဦး၊ စုစုပေါင်း ခြောက်ဦးသည် ဗျူဟာစခန်းဘေးက ကာကင်းကုန်းလေးပေါ် နေရသည်။ လူနာရှိလျှင် ဗျူဟာစခန်းသို့ ဆင်းပြီး လူနာကြည့်ပြီးတာနှင့် ကုန်းပေါ်ပြန်တက်နေရသည်။ ကုန်းပေါ်တွင် ကျွန်တော်အပါအဝင် ခြောက်ဦး၊ တစ်ဦးကို ၂နာရီစီ ကင်းစောင့်ရသည်။ စားလိုက်၊ အိပ်လိုက်၊ ကင်းစောင့်လိုက်ဖြင့် သာသာယာယာ။ ကုန်း၏ အောက်ခြေက ကွင်းပြောင်ပြောင်။

တစ်နေ့ ညနေဖြနာရီ ကျွန်တော် ကင်းစောင့်နေချိန်။

*မျက်ရည်များ တတောက်တောက်ကျရင်း "ဆရာ···သမီးလေ့ပွန်ဘုရားပွဲ တကယ် သွားရတော့မှာနော်"တဲ့*

www.burmeseclassic.com

စခန်းခြံစည်းရိုးနားမှာ မီးဖွားရဲခနဲ၊ ရဲခနဲ။ ရှေ့တန်းအတွေ့အကြုံမရှိလှသော ကျွန်တော့်အဖို့တော့ မသင်္ကာ။ မျက်လုံးပွတ်၍ ဆက်ကြည့်သည်။ လေအဝှေ့ မီးဖွားက ရဲခနဲ၊ ရဲခနဲ။ စိတ်ထဲတွင်တော့ KNU ငပွေးတစ်ကောင်ကောင် ငါတို့စခန်းကို လာကြည့်တာလား။ လာတိုက်တာလား။ မခန့်ပေါက်က ဆေးလိပ်တောင် ဖွာနေသေးတယ်။ ငါ့အကြောင်း သိစေရမယ်ဟု MA-3 မောင်းပြန်သေနတ်ကို မောင်းတင်၊ လုံခြုံရေးခလုတ်ဆွဲပြီး မီးပွားရှိရာတည့်တည့် ချိန်၊ လက်ညှိုးလေးဖြင့် ဗီဒီယိုကားထဲက ကျော်ဟိန်း ပြောသလို လက်ညှိုးလေး ဟောဒီလို၊ ဟောဒီလိုကွေးပြီး ပစ်လိုက်ရာ "ဒိန်း၊ ဒိန်း၊ ဒိန်း" အတွဲလိုက် ထွက်သွားသည်။ အောက်မှအော်သံများ စကြားရပြီ။ "မပစ်နဲ့"။ အချင်းချင်းတွေ။ "ခလရ-၃၆၉ ဟ" တစ်ယောက်တစ်ပေါက်အော်သံများ။ အမှန်မှာက ရိက္ခာသယ်နေသော တပ်ရင်းမှ စခန်းအခြေတွင် နားနေချိန်။ ထမင်းချက်ဖို့ မီးမွေးခြင်းဖြစ်သည်။ လေကတိုက်တော့၊ အဝေးက မီးဖိုက လင်းတလှည့်၊ မှိန်တစ်လှည့် ရဲခနဲ၊ ရဲခနဲ။ ခြံစည်းရိုးအစပ်တွင် ဆေးလိပ်မီးဖွာသကဲ့သို့။ အဲဒါကို ကျွန်တော်ကမသိ ရဲရဲမြင်၍ ပစ်လိုက်ခြင်းသာ။ ကံကောင်းထောက်မ၍ တစ်ယောက်မျှမထိ။ ဗျူဟာမှူးက အမောတကော ချွေးသံတရွှဲရွှဲဖြင့် တက်လာပြီး အကြောင်းစုံသိတော့ "ဆရာဝန်။ မင်း တော်တော်ဒုက္ခပေးပါလား။ ငါ့ခေါင်းကို မိုးကြိုးပစ်ချသလိုပဲ။ ခုအချိန်ကစပြီး ငါ့ဘေးနားမှာပဲ နေတော့"။ အမှန်မှာက တပ်မဌာနချုပ်က ထွက်လာကတည်းက စစ်ပုံစံမမှန်၍ ကျွန်တော့်ကို သိပ်မကြည်။ လမ်းမှာလည်း ထမင်းအိုး၊ ဟင်းအိုးတွေဖြင့် ဂလုံ၊ ဂလုံနဲ့။ လမ်းတစ်လျှောက်လည်း စကားက တစ်အားများ။ ကျွန်တော့်ကို ကြည့်မရလို့ ကင်းကုန်းမှာ သုံးလေးရက်ထားလိုက်တာ၊ အခုတော့ ကျွန်တော့်လက်ချက်ကိုသိ၍ အနားခေါ်ထားလေပြီ။

တစ်လလောက် ရိက္ခာပုံနေစဉ် ကာလအတွင်း ကျွန်တော်တို့ဗျူဟာမှာ တစ်စခန်းမှတစ်စခန်း သွားလိုက်၊ လာလိုက်။ စစ်ဗျူဟာအောက်ရှိ တပ်ရင်း-၃ရင်းကလည်း လမ်းကင်း ယူထားရသည်။ အရှေ့ဘက်ခွင်ပြီးတော့ ကျွန်တော်တို့စခန်းချရာဖြစ်သည့် မောင်နွဲ့ကြီးစခန်းသို့ တောတိုးပြီး ချီတက်လာကြသည်။ ညအချိန်ချီတက်ခြင်းကို အခုမှ နဖူးတွေ့၊ ဒူးတွေ့ တွေ့ရသည်။ ချပ်ဝတ်တန်ဆာတွေ အသံမထွက်အောင် ပြင်ရသည်။ ကျွန်တော်တို့အဖွဲ့မှ အဆိုးဆုံး၊ ဒန်အိုး၊ ထမင်းအိုး၊ ပန်းကန်အသံမထွက်အောင် အဝတ်တွေခံပြီး ပလိုင်းကိုယ်ပေါ်မှာတင်သည်။ အလျှင်လို ဝါးလုံးတန်းဖြင့် သွားမရတော့။ ကျွန်တော့် ပလိုင်းပေါ်တွင်တော့ ကျွန်တော့်အဝတ် သုံးစုံ၊ ယူနီဖောင်း သုံးစုံ၊ ခြင်ထောင်၊ စောင်၊ ခြေအိတ် ပစ္စည်းပစ္စယအစုံ။ ညကတည်းက ထွက်လာတာ တစ်တောဝင်၊ တစ်တောင်ထွက် ညမှောင်မည်းနေ၍ ရှေ့လူနောက်ကို မနည်းကြည့်လျှောက်ရသည်။ အောက်လည်း ခလုတ်တိုက်ပြီး တဘိုင်းဘိုင်း လဲကျသည်။ ည တောင်ပေါ်ဒေသ အေးစက်ပေမဲ့ ကျွန်တော့်ခန္ဓာကိုယ်မှာ ချွေးသံတရွှဲရွှဲ။ မောဟိုက်နေသည်။ နေ့လယ်ဘက် ပိုဆိုးသည်။ နောက်ဆုံး ကျွန်တော် မခံနိုင်တော့ ကျွန်ခဲ့၍လည်းမဖြစ်။ အဲဒီတော့ ကျောပိုးထားသော ပလိုင်းပေါ်က ကျွန်တော့်ကိုယ်ပိုင်ပစ္စည်းများမှ စောင်ကို လွှင့်ပစ်သည်။ ပြီးတော့ ခြင်ထောင်၊ အဝတ်တွေ တစ်ထည်ပြီးတစ်ထည်၊ နောက်ဆုံး ကျွန်တော် ပိုးထားသော ပလိုင်းထဲတွင် ဘာပစ္စည်းမျှ မကျန်။ လာမည့်နေ့ရက်များ ဝတ်စရာမရှိလည်း သူများဟာ ငှားဝတ်မည်ဟု တွေးပြီး အမောဖောက်၍ မသေဖို့ကအဓိက။

ည ဖနောရီထိုးတော့ မောင်နွဲ့ကြီးစခန်းခြေ ရောက်သည်။ မတ်စောက်သော မောင်နွဲ့ကြီးစခန်းပေါ်သို့ အတက် စစ်ကြောင်းမှ ရဲဘော်များ ကြွက်တက်သူတက်၊ သကြားဓာတ်လျော့နည်း၍ လဲသူလဲ။ ကျွန်တော့်မှာ တစ်ယောက်ပြီး တစ်ယောက် လိုက်ကုပေးနေရသည်။

မောင်နွဲ့ကြီးစခန်းမှာ နေရမည် ထင်မှတ်ထားသော်လည်း စကခ-၅ ဗျူဟာရှိနေဆဲ။ ကျွန်တော်တို့ဗျူဟာမှာ မောင်နွဲ့ကြီးရွာအပေါ်ဘက် သောက်ရေခပ်ချောင်းအကျော်က စခန်းတွေကို ရိက္ခာပုံရဦးမည်ဟု သိရတော့၊ သေချင်စော်နံသွားသည်။ နောက်တစ်နေ့ နံနက်စောစော အိပ်ရာထနောက်ကျ၍ ကတိုက်ကရိုက် ပြေးရသည်။ ဗျူဟာမှူးမှ ခါးထောက်၍ "ငပွလေး၊ ဖြစ်ရင် မင်းချည်းပဲ" ဟု



www.burmeseclassic.com

www.burmeseclassic.com

အပြောခံရသေးသည်။ နံနက်စာမစားရသေးဘဲ နောက်တန်းပြန်ဝင်မည့် ဖျူဟာမှ ဆေးမှူးသူငယ်ချင်းဗိုလ်ကြီးမှ ကြက်ဥပြုတ်တစ်လုံးပေးရာ ကျွန်တော်က "သူငယ်ချင်း ကျေးဇူးတင်ပါတယ်ကွာ" ဟု ပြောပြီး ဆက်ထွက်လာကြသည်။

တစ်ခါက ကြိုးတံတားစခန်းမှာ စခန်းချနေစဉ် သောက်ရေခပ်ချောင်းအတွင်း ငါးမိုင်းထောင်သည်။ ငါး ဆယ်ကောင်လောက် သေသည်။ ထိုနေ့ညတွင် မိမိဖျူဟာ လက်အောက်တပ်ရင်းမှ စစ်ကြောင်း တစ်နေ့တည်း မိုင်းထိ လူနာခြောက်ဦး။ အဲဒီညတစ်ညလုံး မအိပ်ရ။ တစ်ယောက် ပြီးတစ်ယောက် Dressing ကိုင်နေရသည်။

ဒုတိယအကြိမ် အသက်အန္တရာယ်ကြုံလာရသည့် အကြောင်းလေးကို ပြောပြချင်နေမိသည်။ စထွက်လာတော့ ရိက္ခာတစ်ပတ်စာ။ သောက်ရေခပ်ချောင်း တစ်ဖက်ကမ်း ခွင်ထဲမှာ နှစ်ပတ်ကျော်ပြီ။ ရိက္ခာ မလောက်တော့။ အထက်က ကြေးနန်းဖြင့် ရိက္ခာ ကွေးစားပါ၊ ဆန့်စားပါဆိုပြီး လေဖြင့် ညွှန်ကြားနေသည်။

ပထမကတော့ ထမင်းတစ်ယောက် တစ်ပန်းကန်၊ နောက်ရက်များတွင် ဓားလှီးထမင်း (နို့ဆီဘူးတစ်လုံးချက်ထမင်းကို ဆေးတပ်စုခြောက်ယောက် အညီအမျှ ဓားဖြင့် လှီး၍ ကိုယ့်ခွဲတမ်းကိုယ်စား)၊ နောက် ဆန်ပြုတ်။ ဟင်းကတော့ တောပင်များ မင်းဘောပင်၊ ဝါးရောင်းချဉ်၊ ဝလားဥ၊ ငှက်ပျောအူ၊ ကောက်ကောက်ညွန့်၊ တောအရွက်များ။ ငှက်ပျောအူကတော့ ချက်၍တစ်မျိုး၊ ကြော်၍တစ်ဖုံ၊ ရေလုံပြုတ် ဟင်းချိုလေးဖြင့်တမယ် ရှိတာလေးနှင့် ဘဝဆက်ရပါသည်။ နှစ်ပတ်ကျော်နေပြီ မောင်နွံကြီးစခန်း မပြန်ရသေး။ လူတွေကလည်း ငတ်နေသည်။ ရဲဘော်တစ်ယောက်က "ဆေးဗိုလ်ကြီး၊ မနေ့က တောင်ဘက်မှာ ရွာပျက်တစ်ရွာ တွေ့တယ်။ ရွှေဖရုံပင်၊ ဘူးပင် တွေ့တယ်။ သွားခူးရအောင်။ ဖျူဟာမှ အရာရှိအစ်ကိုကြီး ဂျားကစ် (G3)နှင့် AQ(ကိုပိန်)တို့နှင့် တိုင်ပင်ရာ ဖျူဟာမှူးမှ လွှတ်မှာ မဟုတ်ကြောင်း ပြောပြီးခိုးဆင်းကြသည်။

ရွာပျက်သို့ ခိုးဆင်းရာ အရာရှိနှစ်ဦး၊ ရဲဘော်ကိုးဦး။ ရွာပျက်မရောက်မီ လမ်းတစ်ဝက်မှာ ကိုဂျားကစ်က အလန့်တကြား ကျွန်တော် ခြေတစ်လှမ်းမလှမ်းမီ-

"ဆေးဗိုလ်ကြီး၊ ဆေးဗိုလ်ကြီး"

ကျွန်တော်က အလန့်တကြား၊ အစ်ကိုကြီး ဘာလဲပြော"

ဂျားကစ် "ညီလေး လမ်းဘေးကြည့်လိုက်စမ်း။ မင်းဘောပင်တွေ"

မင်းဘောပင်ဆိုတာ ရှည်ရှည်မျောမျော အပင်ငယ်လေးဖြစ်သည်။ ဆူးတွေရှိသည်။ အပြင်ခွံကိုခွဲပြီးလျှင် အတွင်းထဲမှာ ဖြူဖွေးသော အသားရှိသည်။ စိမ့်သော အရသာရှိသည့် ထိုအတွင်းထဲက ဖြူဖွေးသော အသားကို စားရသည်။

ကျွန်တော် "အစ်ကိုကြီး၊ ရွာပျက်ထဲသွားတာ၊ မနေ့က ကျော်စံကွေးက ဖရုံသီးနဲ့ဘူးသီး တွေ့တယ် ပြောတယ်။ နောက်မှ လာခူးမယ်" ဟု ပြောနေစဉ် နောက်မှ ရဲဘော်ကရင်လေးက ဗိုလ်ကြီးတို့ ကျွန်တော် ကျော်တက်ပြီးကျော်အတက် ကျွန်တော် ခြေလှမ်းမည့်နေရာကိုအနင်း-

"အုန်း၊ ဂျိမ်း"

ကျွန်တော် မတ်တတ်ရပ်ကြီးဖြင့် လက်တွေ၊ ခြေတွေတုန်ပြီး ကြောင်ရပ်မိနေသည်။ ကျွန်တော်တို့နောက်မှလိုက်သော ရဲဘော်များကတော့ စခန်းသို့ပြေးကြသည်။ အားလုံးက ကျွန်တော်နင်းမိပြီ အထင်ဖြင့်။ ကြေးနန်းချက်ချင်းထိုးပြီး နောက်တန်းသို့ သတင်းလည်း ရောက်သွားသည်။ ကျွန်တော့်သတင်းကြားပြီး အမေက မူးလဲတယ်တဲ့။ နောက်မှ သိရသည်။ အမှန်က ကျွန်တော်နင်းမည့်နေရာဖြစ်သော်လည်း ကျွန်တော်မနင်းမိ။ မိုင်းဆိုတာ ကိုယ်ပိုင်နံပါတ်ဖြင့်လာတာဟု တပ်ကြပ်တစ်ယောက် ပြောဖူးတာ သတိရမိသည်။ ဒုတိယအကြိမ် အသက်ဘေး၊ ခြေထောက်ပြတ်မည့်အရေးမှ သီသီလေး လွတ်လာခဲ့သည်။

ဤဖြစ်စဉ်ဖြစ်ပြီး ကျွန်တော်တို့ ကြိုးတံတားစခန်း ပြန်ရသည်။ ကြိုးတံတားစခန်းမှာ တစ်လနီးပါးကြာသည်။ တံတားဆောက်ဖို့ BE အဖွဲ့ ရောက်လာသည်။ ရိက္ခာကတော့ ကြိုးတံတားစခန်းမှာ လုံလောက်သည်။ လှုပ်ရှားထွက်ရလျှင်သာ ငတ်တာ။ စခန်းအထိုင်ဆိုလျှင်တော့ အဆင်ပြေကြတာ များသည်။ မောင်နွံကြီးက ထွက်လာကတည်းက ဆေးအနည်းငယ်သာ ယူလာခဲ့သည်။ အဓိကမိုင်း



www.burmeseclassic.com

www.burmeseclassic.com

ထိလျှင် သုံးရမည့် ဂွမ်း၊ ပတ်တီး အရေးပေါ်ဆေးဝါးများ၊ Drip ပုလင်းများသာ အဓိကပါသည်။ တခြားဆေးဝါးများအနည်းငယ်ပါရှိသည်။ ဖြစ်ချင်တော့ ကြိုးတံတားစခန်းမှာ စခန်းတစ်ခုလုံး ဝမ်းလျှောဝမ်းပျက် ဖြစ်ကြသည်။ ကျွန်တော့်တွင် ဆေးမရှိ။ မက်ထရိုအလုံး ၃၀ သာပါသည်။ လူက တစ်ရာနီးပါး။ ဘယ်လိုကုရမလဲ ခေါင်း တော်တော်စားနေသည်။ သုံးရက်ခန့် စစ်ကြောင်းဖြင့် မှာလိုက်သော ငါးခြောက်ပြားပတ်ထားသည့် သတင်းစာဖတ်မည်ဟု ဖြန့်လိုက်ရာ ရင်ထဲတွင် ပျော်သွားသည်။ တွေ့လိုက်ရသည့် ခေါင်းစဉ်က ဝမ်းလျှောဝမ်းပျက်ရာတွင် သုံးရမည့် မြန်မာ့ဆေးနည်းများ အဲဒီ့သတင်းစာအတိုင်း ကျွန်တော်ကုသမှု စတင်သည်။ နံနက်စောစောကျွန်းခေါက် (ကျွန်းပင်မှအခေါက်) ကို ရေကျို၍ တစ်ယောက်တစ်ခွက်စီ တစ်နေ့ ၃ကြိမ်၊ လက်ဖက်ခြောက်ကျိုပြီး တစ်နေ့ ၃ကြိမ် တိုက်လေသည်။ ဝမ်းလျှောတာရပ်ရုံတင်မက အီးအီးပါ နှစ်ရက်လောက် မပါနိုင်ကြ။ ထိုနေ့မှစ၍ ဆေးမပါသည့် ရောဂါများကို ဗိန္ဓောကု ကုပါတော့သည်။

ကြိုးတံတားစခန်းမှာ ရက်အနည်းငယ်ကြာပြီး မောင်နွဲကြီးစခန်းသို့ ပြန်နေရသည်။ စခန်းခြေတွင် မောင်နွဲကြီးရွာဖြစ်သည်။ ထိုစခန်းမှာတော့ ပျော်စရာကြီး နံနက်၆နာရီ အိပ်ရာထ၊ ဘုရားစာရွတ်တော့သည်။ ရှေ့တန်းရောက်မှ ပဋ္ဌာန်းလည်း ရွတ်တတ်ပြီ။ ပရိတ်ကြီးများလည်း အလွတ်တောင်ရနေပြီ။ နံနက်ပိုင်း ဆေးကုသည်။ နေ့လယ်ပိုင်း အိပ်သည်။ တစ်ပတ်နှစ်ကြိမ်တော့ ရွာထဲက လူနာများကို လိုက်ကုပေးသည်။ နောက်ပိုင်းတော့ နေ့တိုင်းရွာထဲဆင်းဖြစ်သည်။ ခရစ်ယာန်ဘုရားကျောင်းဆောက်တော့၊ ကျွန်တော့်တို့ စစ်ဗျူဟာတစ်ခုလုံး ရွာထဲဆင်းပြီး လုပ်အားပေးရသည်။

ညနေ ၄နာရီထိုးတာနှင့် ကျွန်တော့်အလုပ်က နေ့လယ် ရွာထဲမှဝယ်လာသည့် ချက်အရက်အဆီများကို ရေဖြင့်ရောပြီး ညသောက်ဖို့ပြင်သည်။ ညဘက် ဖယောင်းတိုင်မီးလေးဖြင့် မောင်နွဲကြီးစခန်းထဲက တဲထဲတွင် ကျွန်တော်ကိုကြီးဂျားကစ်၊ ကိုကြီးကိုပိန် (ရိက္ခာကိုင်အရာရှိ)တို့နှင့် ဗျူဟာ လုံခြုံရေးတပ်ခွဲမှူး ညီလေးတို့ လေးယောက်သား စကားတပြောပြောဖြင့် နေစဉ်ပင်။

တစ်ည၊ အချိန်ကား ၉နာရီခန့် ဗျူဟာမှူးကခေါ်၍ စခန်းခြေသို့ ဆင်းလာခဲ့သည်။ အရက်သောက်ထား၍ အနည်းငယ် မူးနေသည်။ အောက်မှာ စုရုံးစုရုံးဖြစ်နေသည်။ ဗျူဟာမှူးမှ ရွာသားများ လူနာလာပင့်ကြောင်း၊ လူနာမှာ ကလေးဖြစ်ကြောင်း၊ အဖျားတစ်အားတက်ပြီး သတိလစ်နေကြောင်း ခေါ်လာ၍မရကြောင်း၊ ငါကတော့ ခွင့်ပြုကြောင်း၊ မင်း လိုက်ရဲရင် လိုက်သွားနိုင်ကြောင်း ပြောလေသည်။ ကျွန်တော်လိုက်မည်ဟု ပြောပြီး ဆေးအိတ်လွယ်၍ ရွာသားတွေနောက် လိုက်ခဲ့သည်။ ဗျူဟာမှူးက ရဲဘော်တစ်ယောက် ထည့်ပေးလိုက်သေးသည်။ လမ်းရောက်တော့၊ ကျွန်တော်တို့နှစ်ယောက်ကို ဘာမှမလုပ်ကြောင်း တာဝန်အရ မျက်စိပိတ်ပြီး လိုက်ခဲ့စေချင်ကြောင်းပြောရာ ကြက်သီးမွေးညင်းထသွားသည်။ ငါတို့ကို လူနာလာပင့်တာ ငပွေး (KNU)တွေပါလား။ လိုက်လာမှတော့ မထူးတော့ပြီ။ ည ၁၁နာရီကျော်တော့ တဲစုလေးတစ်ခုစီရောက်ရာ လူနာကလေးကို ကုသပေးတော့သည်။ ကလေးမှာ အဆုတ်ရောင်ရောဂါဝင်နေပြီး အဖျားတအားတက်နေသည်။ လိုအပ်သည်များ ကုသပေးပြီးနောက် ၃ရက်ဆက်လက်ကုသရမည့် ဆေးဝါးများကို အနည်းငယ် လုပ်တတ်ကိုင်တတ်သော ကရင်အမျိုးသားတစ်ဦးထံ ပေးထားပြီး ကျွန်တော်တို့ ပြန်လာခဲ့သည်။ နောက်မှ သိရသည်မှာ ထိုကလေးမှာ KNU တပ်မဟာ (၆)၊ တပ်မဟာမှူး၏ အမျိုးကလေးတဲ့။ နောင်ရက်များတွင်တော့ ကလေးက သက်သာသွားပြီ။ ဆေးကုဖို့ လိုက်သွားရသည့်အချိန်တွင် ခံစားရသည်မှာ ဘာနှင့်မှမတူ။ အီးပါချင်သလိုလို၊ သေးပေါက်ချင်သလိုလို၊ အရှင်လတ်လတ် ငရဲသွားရမလိုလိုကြောက်ဒူးတွေ တုန်နေမိသည်။

နိုဝင်ဘာလကတည်းက စစ်ဆင်ရေးလိုက်လာခဲ့တာ ဧပြီလတောင် ရောက်ရှိခဲ့ပြီ။ ပုံမှန်အားဖြင့် ဗျူဟာတစ်ခု ရှေ့တန်းမှာ လေးလကြာလျှင် နောက်တန်း တစ်လပြန်ရသည်။ အခုတော့ ငါးလကျော်လေပြီ။ ဧပြီ ၄ရက်နေ့ နံနက်မိုးလင်းကတည်းက အုံ့အုံ့မှိုင်းမှိုင်း နေလို့ထိုင်လို့ မကောင်း။ စိတ်ထဲတွင် ဘာကို ထင့်နေမှန်းမသိ။ နံနက် ၁၀နာရီလောက် လိပ်ပြာကလေးစခန်းနားရှိရာ



www.burmeseclassic.com

www.burmeseclassic.com

တောင်ကြောမှ "ဒလုန်း၊ ဒုန်း၊ ဂျိုမ်း၊ အုန်း" မိုးကြိုးပစ်သလို၊ ကြောက်မက်ဖွယ် အသံရှည်ကြီး ကြားလိုက်ရသည်။ ခလရ-၃၆၄ တပ်ရင်းမှ စစ်ကြောင်း-၂ ပဒေသာစွဲမိုင်းမိလို့တဲ့။ ကျွန်တော်တို့ ချက်ချင်း လိုက်ရသည်။ တစ်ယောက်မျှ အသက်မမီ။ အဲဒီနေရာရောက်တော့ အနံ့ဆိုးကြီး အခုထက်ထိ မှတ်မိသေးသည်။ ယမ်းနံ့၊ သွေးညှီနံ့ ရောယှက်နေသော ပုပ်အက်အက်အနံ့။ ထိုမြင်ကွင်းမြင်ရိုန်မှစ၍ ယခုအထိ ကျွန်တော် စစ်ပွဲကြီးတွေကို အားမပေးတော့ပါ။ ကိုယ့်ရဲဘော်တွေလည်း ဘာမျှ မဖြစ်စေချင်။ တိုင်းရင်းသား လက်နက်ကိုင်တွေလည်း မသေစေချင်။ နေ့စဉ် မြန်မာပြည် ငြိမ်းချမ်းပါစေဟု ဆုတောင်းနေမိရုံမှတစ်ပါး ဘာမျှမတတ်နိုင်ပေ။

ဧပြီလ၏ ရက်တစ်ရက်၊ ၄ရက်နေ့နောက်ပိုင်းရက်အတိအကျ မမှတ်မိတော့။ ကျွန်တော်တို့ မောင်နွဲ့ကြီးစခန်း ဝင်တိုက်ခံရသည်။ စခန်း မကျပါ။ အဲဒီညက မှတ်မှတ်ရရ အရက်သောက်နေတုန်း သေးပေါက်ချင်၍ ကတုတ်ကျင်းအပေါ်ကို သေးတက်ပေါက်သည်။ ပုရစ်သံကြားရသည်။ ပြန်ဝင်လာသည်။ ဘေးမှာ ဆက်သွယ်ရေးစက်ဖြင့် ရန်သူ့ဆက်သွယ်ရေးကို ကြားဖြတ်ဖမ်းစက်ဖြင့် ရန်သူ့အသံ နားထောင်နေသည်။ ဆက်သွယ်ရေးစက်ထဲက ပုရစ်သံကြားရသည်။ စိတ်ထဲမသင်္ကာ။ တူသလိုလိုခံစားရသည်။ အပြင်ပြန်ထွက်ပြီး ပြန်နားထောင်လိုက်၊ အထဲဝင်ပြီး ပြန်နားထောင်လိုက်ဖြင့် အလုပ်ရှုပ်နေသည်။

စစ်ဦးစီး တတိယတန်း G3 အစ်ကိုကြီး ဂျားကစ်ကိုပြောရာ "မင်းမူးနေပြီ အိပ်တော့"ဟု ပြောမှ အိပ်ပေတော့သည်။ နံနက် ၄နာရီ ၂၀မိနစ်အချိန် "ရှီ... ဝှီ... ဝှီ...ဝှီ...ဂျိမ်း" ဘာသံကြီးလဲ၊ "ဆေးဗိုလ်ကြီးဝပ်ဝပ်" အသံကြားရ၍ အလန့်တကြား မြေတဲထဲမှ ထွက်လာတော့နောက်တစ်လုံး ခေါင်းပေါ်ကကျော်သွားသည်။ RPJ ဗုံးသီးတွေ။ ကိုဂျားကစ်နှင့် ကိုပိန်တို့က ဆက်သွယ်ရေးမြောင်းထဲ ရောက်နှင့်နေပြီ။ ကွပ်ကဲနေပြီ။ ကျွန်တော်က ကတုတ်ကျင်းပေါ်မှာ ရပ်လျက် ကြောင်ကြည့်နေသည်။ တောင်အလယ်လောက်မှာ မြက်ပင်တွေ တလှုပ်လှုပ်။ ဗျူဟာ လုံခြုံရေးတပ်စုမှူး ညီလေးပြည့်ဖြိုးအောင်မှ ကျွန်တော့်ကိုဆွဲခေါ်သည်။ ဒလိမ့်ကောက်ကွေး ဆက်သွယ်ရေးမြောင်းထဲ လဲကျသည်။ အမှန်မှာ မနေ့က ညအထိ ဗျူဟာရုံး၊ ဆေးအဖွဲ့၊ ဆက်သွယ်ရေးအဖွဲ့၊ ဘီအီးအဖွဲ့၊ လုံခြုံရေးအဖွဲ့လောက်သာ ရှိသည်။

ငပွေးက ပိုင်ပြီအထင်နှင့် ဝင်တိုက်သည်၊ ဖြစ်ချင်တော့ ည ၁၂နာရီမှာ နောက်တန်းမှာ တစ်လနားပြီးပြန်ဝင်လာသည့် တပ်ရင်းက ည ၁နာရီကျော် ရောက်လာသည်။ ကျွန်တော် မသိလိုက်။ အဲဒီအချိန် မူးနေပြီ။ အခုတော့ စခန်းမှာ တပ်ရင်းရောက်နေ၍ အင်အားတောင့်နေပြီး MA-7, 81 မမတို့ဖြင့် RPJ ဖြင့် ထုသည့် တောင်ကြောကို တရစပ်ပစ်သည်။ လှုပ်ရှားနေသော နေရာတို့ကိုလည်း လက်နက်ငယ်များဖြင့် အဆက်မပြတ် ပစ်လေသည်။ နံနက် ၆နာရီခန့်တွင်တော့ ငြိမ်သက်စွာ ပြီးဆုံးသွားလေသည်။ ငပွေးတို့လည်း ပြန်ဆုတ်သွားကြသည်။

မူလက သင်္ကြန်ဆို နောက်တန်းပြန်ရောက်ပြီဟု တွေးပြီး စိတ်ထဲမှာ ပျော်နေတုန်း တောင်ပိုင်းတိုင်းမှ ကြေးနန်းဝင်လာသည်။ လာလိမ့်မည့် ဗျူဟာ-၂က မောင်နွဲ့ကြီးမှာထိုင်ပြီး ဗျူဟာ-၃နှင့် လက်အောက်ခံတပ်ရင်း ၃ရင်းက ရှီးခိုကို ဝင်ရှင်းရမည်တဲ့။ သင်္ကြန်အကြိုနေ့မှာတော့ သောက်ရေခပ်ချောင်းအတိုင်းဆန်တက်ပြီး ရှီးခိုနှင့်နီးရာ သရာယူစခန်းသို့ ချီတက်ကြရလေတော့သည်။ စစ်ကြောင်းအတိုင်းခါးလယ်လောက်ရှိသော ချောင်းရေကို ဆန်တက်ပြီးသွားနေတုန်း ကုန်းခုပေါ်၍ ရဲဘော်တစ်ဦးမှတက်လိုက်ရာမိုင်းနင်းမိပြန်သည်။ သောက်ရေခပ်ချောင်းထဲတွင်ပင် Dressing ကိုင်ခဲ့ရသည်။ တစ်ဆင့်ပြီးတစ်ဆင့်သွားပြီးသရာယူစခန်းတွင် ဗျူဟာအခြေပြုလေသည်။ လက်အောက်ခံတပ်ရင်း ၃ရင်းက ရှီးခိုကို ဝင်ရှင်းကြသည်။ မေလဆန်းတော့ ကျွန်တော်တို့ ပြန်လာရသည်။ ယူနီဖောင်းလက်ရှည် လက်တစ်ဖက် ဆုတ်ပြဲသွား၍မရှိတော့။ ယူနီဖောင်းဘောင်းဘီ ရှာသားဖြင့် မှာထားသော အာဆင်နယ်ဘောင်းဘီ ဝတ်လျက်၊ ဖိနပ်၊ ဆံပင်ကရှည်၍ ကျောရောက်နေသည်။ နှုတ်ခမ်းမွေးတွေက ငါးရံ့နှုတ်ခမ်းမွေးပမာ ပလိုင်းလွယ်လျက် MA-3 သေနတ်ကိုင်ပြီး ဒဏ်ရာရလူနာများအား ခုတင်-၁၀၀ စစ်ဆေးရုံသို့ လူနာသွားပို့တော့ဆေးရုံတပ်မှူးမှ ဆေးရဲဘော်လေး လူနာတွေ ထားခဲ့တော့။

"ဂျုံး...ဂျုံး...ဂျက်...ဂျက်" ရထားကြီးပေါ်မှာတော့ အကုန်လုံး၊ အပြုံးမျက်နှာများဖြင့် မူးနေကြလေပြီ။

■





www.burmeseclassic.com

www.burmeseclassic.com




thebookhouse စာအုပ်တိုက်မှ ရရှိနိုင်သော စာအုပ်များ
၉၉-၇၉ ၆၀ ၆၀ ၁၀
၉၉-၇၉ ၆၀ ၆၀ ၂၀

the bookhouse
www.facebook.com/thebookhouse

www.burmeseclassic.com



ဝလုံးဟု ခေါ်သည်။

ကာတွန်းဝလုံးဟု လူအများက သိထားကြသည်။

ဝလုံးကို ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်မှာ မွေးသည်။ ၂၈၊ မေ၊ ၁၉၇၅။

စမ်းချောင်း၊ ဂန္ဓမာလမ်း၏ ဟိုဘက် မကြီးကြီးလမ်းမှာ ကာတွန်းမောင်စိန် နေခဲ့ဖူးသည်။

ဝလုံး၏ဖခင်က ကိုတင်ဝင်း၊ မိခင်က မမာလာ။

ကိုတင်ဝင်းကို ထိုခေတ်က ဦးတင်ဝင်းဟု မခေါ်ကြ။ ကိုတင်ဝင်းဟု ခေါ်ကြသည်။ ကျွန်တော်တို့လည်း ကိုတင်ဝင်းဟုပင် ခေါ်ခဲ့ကြ၏။

ကိုတင်ဝင်းက မြေနီကုန်းညဈေးမှာ စာအုပ်အဟောင်း ရောင်းသည်။ ကျွန်တော့်မိတ်ဆွေကြီး ကဗျာဆရာ ငသိုင်းချောင်းဝံသာသည် မြေနီကုန်းညဈေးက ကုက္ကိုပင်အကြီးကြီးအောက်မှာ ကွပ်ပျစ်ထိုး၍ စာအုပ်အဟောင်း ရောင်းသည်။ ကိုတင်ဝင်းက ကဗျာဆရာ ငသိုင်းချောင်းဝံသာ၏ မျက်နှာချင်းဆိုင်မှာ စာအုပ်ရောင်းသည်။

ဝလုံးသည် ဖခင်ကိုတင်ဝင်း၏ စာအုပ်သေတ္တာကြီးများနှင့် အကျွမ်းတဝင် ရှိလာ၏။

ဖခင်၏ စာအုပ်သေတ္တာထဲမှ လူထုဦးလှ ပုံပြင်စာအုပ်များနှင့်လည်း ရင်းနှီးလာပါ၏။

မျက်နှာဖုံး အမည်း၊ အဖြူကြီးနှင့် ရေးထားသော လူထုဦးလှ၏ ပုံပြင်စာအုပ်တစ်အုပ်။ ထိုစာအုပ်ကို ဝလုံးက အလွန်ကြိုက်၏။

“နောက်မှ ဆရာပေါ်ဦးသက်ဆိုတာ သိတာ”

ဝလုံး လေးတန်းရောက်ပြီ။

ကိုတင်ဝင်းတို့ မိသားစုသည် သမိုင်းသို့ ပြောင်းရွှေ့ကြပြီး အိမ်အကြီးကြီး တစ်လုံးကို ဝယ်နိုင်ခဲ့၏။

# ဝလုံး

မောင်ကိုကို(အမရပူရ)





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဝလုံးသည် ငယ်စဉ်က ဘုန်းကြီးကျောင်းမှာ ကျောင်းတက်ခဲ့ဖူး၏။ အမှတ်-၄ မူလတန်းကျောင်းကို တက်သောအခါ ကျောင်းထဲသို့ ဖိနပ်ချွတ်ပြီးဝင်၏။ အခြား ကျောင်းသားများက ဝလုံးကို ဟားကြ၏။

မည်သို့ပင်ဖြစ်စေ၊ ဖခင်၏ ကျေးဇူးကြောင့် ဝလုံးသည် ငယ်စဉ်ကတည်းက စာဖတ်ဝါသနာ ပါနေ၏။ ပုံပြင်များ၊ ကာတွန်းများကို ဝလုံးက ဖတ်သည်။

ကိုတင်ဝင်းသည် စာအုပ်အဟောင်းများကို အိမ်မှာ 'သ'နေတတ်၏။

အဖုံး ပြုတ်ထွက်နေလျှင် ကိုယ်တိုင်ချုပ်၏။ မိခင်က ကော်ကျိုထား၏။

ကိုတင်ဝင်းသည် ယာခင်းထဲက သရုပ်ဖော်ပုံများကို မြတ်နိုး၏။

ကိုတင်ဝင်းတို့ စာအုပ်သမားများသည် စာအုပ်ဝယ်သော စာပေသမားများနှင့် ခင်၏။

တချို့သည် စာရေးဆရာများ၊ တချို့သည် အယ်ဒီတာများ၊ တချို့သည် စာပေမြတ်နိုးသူများ။

စာအုပ်ရောင်းသူနှင့် စာအုပ်ဝယ်သူများသည် မိသားစုပမာ ဖြစ်နေကြ၏။ စာအုပ်ဝယ်သူများသည် ညစဉ်ပင် စာအုပ်ကောင်း ရောင်းချသူများရှိရာ စာအုပ်ဟောင်းဈေးကွက်သို့ လာကြသည်။

စာအုပ်ရောင်းသူနှင့် စာအုပ်ဝယ်သူသည် လက်ဖက်ရည်ဆိုင် အတူတူ ထိုင်ကြသည်။ ဘယ်စာအုပ်က ဘယ်လိုကောင်းတာ။ ဘယ်စာအုပ်က ဘယ်လိုရှားတာ။ ဘယ်စာအုပ်ကို ထုတ်ဝေခွင့် မရတော့။ ဘယ်စာအုပ်ကို အစိုးရက ပိတ်ထားတာ စသဖြင့် စာအုပ်အကြောင်းများ ပြောကြသည်။

မြိန်ရေရှက်ရေ ပြောကြသည်။

တချို့စာရေးဆရာများ၊ တချို့တက္ကသိုလ်ဆရာများသည် ကိုတင်ဝင်းတို့အိမ်သို့ အလည်လာကြ၏။

တနင်္ဂနွေကဲ့သို့သော နေ့မျိုးမှာ လာတတ်သည်။

မောင်ကြည်သစ်ကိုတော့ ဝလုံးက မှတ်မိနေ၏။

တနင်္ဂနွေဆိုလျှင် ကိုတင်ဝင်း၏အိမ်မှာ သောက်ကြစားကြ၊ စာအုပ်အကြောင်း ပြောကြနှင့်မို့ ဝလုံးက တနင်္ဂနွေဆိုလျှင် ရင်ခုန်မိ၏။

သူတို့ပြောသော စာအုပ်အသုံများကို ဝလုံးက ကြိုက်နေနှင့်ခဲ့ပြီ မဟုတ်လား။

ကိုတင်ဝင်းက ပန်းချီဆရာများကိုလည်း ချစ်ခင်သည်။

မဂ္ဂဇင်းသရုပ်ဖော်ပုံများကို ကိုတင်ဝင်းက ရရလာတတ်၏။

အယ်ဒီတာထံမှ လက်ဆောင်ရလာတာလည်း ဖြစ်ချင်ဖြစ်မည်။

ပန်းချီသရုပ်ဖော် မူရင်းဖြစ်၏။

မောင်မောင်သိုက်

ကျော်သောင်း

ဝသုန်

တို့၏ သရုပ်ဖော်ပန်းချီကားချပ်ကို ကိုတင်ဝင်းက သူ့အိမ်နံရံတွင် ချိတ်ဆွဲထားတတ်၏။

"ကနေ့ မှတ်သုံလာလိမ့်မယ်"

ကိုတင်ဝင်းက ပြောသည်။

ကြို့ကုန်းမှာနေသည့် မှတ်သုံသည် သမိုင်းက ကိုတင်ဝင်း၏အိမ်သို့ လာမည်။

ပန်းချီမှတ်သုံ၏ မဂ္ဂဇင်းသရုပ်ဖော် ပန်းချီလက်ရာများကို ဝလုံးက ကြိုက်သည်။

မှတ်သုံ၏ ပန်းချီများက လွတ်လပ်သည်။

ယခု အဲ့သည် မှတ်သုံက အိမ်သို့လာမည်တဲ့။

ဝလုံးသည် အိမ်ရှေ့က ခုံတန်းလျားလေးမှာ ထွက်ထိုင်ပြီး မှတ်သုံကို ရင်ခုန်စွာ စောင့်မျှော်နေ၏။

မှတ်သုံသည် စာအုပ်အဟောင်းရောင်းသူ ကိုတင်ဝင်း၏ အိမ်သို့ တကယ်ရောက်လာပါပြီ။

မှတ်သုံ။

ဆံပင်ရှည်ရှည်။

ကျောပေါ်ဝဲ။

ဂျင်းအပြာ လက်ရှည်အင်္ကျီ။

မှတ်သုံ။ မိုက်လှပါကလား။

သရုပ်ဖော်ပုံတွေကို ကြည့်ပြီး ကြိုက်ခဲ့ရသော မှတ်သုံ၏ လူအဖြစ်မှာ မိုက်လှပါကလား။

ဝလုံးသည် ပျော်သွား၏။

*တနင်္ဂနွေဆိုလျှင် ကိုတင်ဝင်း၏အိမ်မှာ သောက်ကြစားကြ၊ စာအုပ်အကြောင်း ပြောကြနှင့်မို့ ဝလုံးက တနင်္ဂနွေဆိုလျှင် ရင်ခုန်မိ၏*



www.burmeseclassic.com

www.burmeseclassic.com

မှတ်သုံနှင့် တွေ့ရပြီ။

"စာအုပ်တွေအပေါ်မှာ လူတွေရဲ့ ရှုးသွပ်မှုကို ကျွန်တော် တော်တော်လေး သဘောကျတယ်။ စာအုပ်တွေရဲ့အဖုံးက ပန်းချီဆရာကို၊ စာအုပ်တွေထဲက သရုပ်ဖော်ပုံရေးတဲ့ ပန်းချီဆရာကိုလည်း ကျွန်တော်က တော်တော်လေး သဘောကျမိပြန်တယ်"

Time မဂ္ဂဇင်းအဖုံးမှ ပန်းချီလက်ရာများ။ ကယ်ရီကေးချားများ။ News Week အဖုံးများ။ ဖခင်ကြောင့် ဝလုံးသည် ရင်းနှီးခွင့်ရ၏။

ကုက္ကိုပင် အကြီးကြီးအောက်မှ မြေနီကုန်းညဈေး စာအုပ် အဟောင်းတန်းလေးသည် လွမ်းဖို့ဖန်လာ၏။

၁၉၈၈ နောက်ပိုင်းတွင် မြေနီကုန်း ညဈေးကို ဖျက်၍ ဒဂုန်စင်တာ တည်ဆောက်သည်။

စာအုပ်ဟောင်းသမားများ၏ ဘဝ၊ စာအုပ်ဟောင်းဆိုင်များ၏ ဘဝသည် ကစဉ့်ကလျား ဖြစ်ကုန်ကြတော့၏။

ဈေးကွက်ရှိနေသော နေရာ၊ စာအုပ်ဟောင်းဝယ်သူများ ခုံခုံမင်မင်လာသောနေရာ၊ တရုတ်အစားအစာတွေ၊ မြန်မာထမင်းဟင်းတွေ၊ မြန်မာအချိုမုန့်တွေဖြင့် အဆင်ပြေသောနေရာ၊ သာသာယာယာ နေရာကလေး။ ဘဝ။ ထိုဘဝကလေးသည် ပျက်စီးဆုံးပါးခဲ့ချေပြီ။

မည်သည့်နေရာမှာ အတည်တကျ ထိုင်ရောင်းရမည်နည်း။

စစ်အစိုးရ လက်ထက်။

ဟိုစာအုပ် မရောင်းရ။

သည်စာအုပ် မရောင်းရ။

ခွင့်မပြုသော စာအုပ်။

ပိတ်ပင်ထားသော စာအုပ်။

တားဆီးထားသော စာအုပ်။

ကိုတင်ဝင်းသည်လည်း စစ်ထောက်လှမ်းရေး၏ ခေါ်ယူစစ်ဆေးခြင်းကို ခံရသည်။ အဖမ်းခံရသည်။ ဒေါ်အောင်ဆန်းစုကြည် စာအုပ်ဆိုလျှင်လည်း အိမ်မှာ ဟိုနေရာဝှက်ရ။ သည်နေရာဝှက်ရ။

ဝလုံးသည် ထိုမိုးကောင်းကင်အောက်မှာ၊ ထိုခေတ်အခြေအနေမှာ ဆယ်တန်းအောင်လာ၏။

တက္ကသိုလ်များတော့ ပိတ်ထားဆဲ။

မြန်မာစာဌာနက ဦးခင်အေးသည် ဝလုံးကို မြန်မာမှုဒီဇိုင်းသုတေသီ ဦးအေးမြင့်နှင့် ဆက်သွယ်ပေး၏။

ဝလုံးသည် ဆရာဦးအေးမြင့်ထံမှ [illegible] ကို သင်ယူသည်။ တစ်ချိန်တည်းမှာပင် [illegible] ၏ လုပ်ငန်းခွင်မှာ ဝင်ရောက်ကူညီခွင့်ရ၏။ ပညာယူ၊ အလုပ်သင်။

၁၉၉၄။

ရွှေတိဂုံတောင်ဘက်စောင်းတန်းကို ဦးအေးမြင့်က အသစ်တစ်ဖန် တည်ဆောက်ခွင့်ရသည်။ ဗိုလ်ချုပ်ခင်ညွန့် နာမည်ဂုဏ်သတင်းကြီးချိန်မှာ ဖြစ်ပါသည်။

ဆရာဦးအေးမြင့်က ခဲဖြင့်လိုက်ထားသည်။

ဝလုံးတို့က အရောင်ထည့်ပေးရ၏။

ဦးအေးမြင့်သည် မြန်မာမှု ဒီဇိုင်းပညာဖြင့် နယ်ပယ်ကောင်းတစ်ခုသို့ သွားချင်နေ၏။

လုပ်ရာကိုင်ရာမှာ အလွန်စနစ်ကျ၏။

ဦးအေးမြင့်၏ တပည့်များထဲမှ ကိုမိုးကျော်ရှိသည်။ ကျော်စံလှရှိသည်။ ဦးအေးမြင့်၏တပည့်များသည် ဦးအေးမြင့်၏အလိုက်ကို သိလွန်းလှ၏။ ဦးအေးမြင့် တစ်နေရာရာသို့ သွားလျှင်လည်း လိုအပ်သော ပစ္စည်းများကို အဆင်သင့် ထည့်ပေးကြ၏။

ဆရာကောင်းတစ်ဦးအပေါ်မှာ တပည့်ကောင်းတို့၏ တာဝန်ကျေပွန်မှု၊ ထိုအပြုအမူကောင်းကို ဝလုံးက ပထမ အံ့သြသည်။ နောက် လေးစားသည်။ နောက် အတုယူသည်။

ဆရာအပေါ်မှာ တပည့်က အလိုက်သိရမည်။ ဝလုံး ရင်ထဲစွဲမြဲသွားခဲ့၏။

ဆရာဦးအေးမြင့် ချပေးသော အရောင်နှင့် ဒီဇိုင်းကို အင်ဂျင်နီယာအဖွဲ့သို့ အပ်ရ၏။ လက်သမားအဖွဲ့ကလည်း ဦးအေးမြင့်၏ ဒီဇိုင်းအတိုင်း အတိအကျ ပုံဖော်ရသည်။

ဦးအေးမြင့် အိမ်။

ရွှေတိဂုံ တောင်ဘက်စောင်းတန်း။

*ကိုတင်ဝင်းသည်လည်း စစ်ထောက်လှမ်းရေး၏ ခေါ်ယူစစ်ဆေးခြင်းကို ခံရသည်။ အဖမ်းခံရသည်*

www.burmeseclassic.com

www.burmeseclassic.com

တာမွေအဝိုင်းနားက လက်ဖက်ရည်ဆိုင်။

ဆရာနှင့် လက်ဖက်ရည်ကြိုက်တာချင်းတူ။

ဝလုံးသည် ဦးအေးမြင့်နှင့် သွားအတူ၊ စားအတူ၊ အလုပ်အကူဖြင့် ပညာယူ၏။

၁၉၉၄ မှ ၁၉၉၆ အထိ ဝလုံးသည် ဦးအေးမြင့်နှင့် အတူတူရှိနေ၏။

ထို့နောက် ဝလုံးသည် ယဉ်ကျေးမှုတက္ကသိုလ်သို့ တက်ဖြစ်၏။

ပန်းချီဘာသာရပ်ကို ယူ၏။

မျဉ်းကြောင်းဘက်မှာ သူ အားသန်၏။

ယဉ်ကျေးမှု တက္ကသိုလ်၏ သင်ကြားပုံနှင့် သူနှင့် သိပ်ပြီးမဟပ်သလို၊ သူ့စိတ်က ခံစားရ၏။ သူသည် ကျောင်းမှာ အပျော်ကြီး မပျော်ခဲ့ပါ။ သူသည် သူ့ရင်ထဲက ရှိနေသောအရာကိုသာ ပိုမိုတန်ဖိုးထားတတ်သူ ဖြစ်၏။

မြန်မာမှုဒီဇိုင်း

မျဉ်းကြောင်းများ

မျဉ်းကြောင်းများ

မျဉ်းကြောင်းများ

ပလုတ်တုတ် စာစောင်ထဲက ဘဈေးကြည်၏ ကာတွန်းများ။

သူ သဘောကျသည်။

သူလည်း ပလုတ်တုတ်ဂျာနယ်မှာ ပါဝင်ပတ်သက်ခွင့် ရလာသည်။

သူက မျဉ်းကြောင်းများနှင့် ပျော်ရွှင်နေ၏။

သူ ဒုတိယနှစ် ရောက်လာသည်။

ပီတိဂျာနယ်မှာလည်း သူ ရေးခွင့်ရလာပြီ။

ဝလုံးသည် ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသားဘဝမှာပင် ဂျာနယ်များထံမှ ဥာဏ်ပူဇော်ခတွေ ရလာပြီ။

ဖခင်ကို သနားသည်။

စာအုပ်အဟောင်း ရောင်းနေသော ဖခင်၏ ချွေးနံ့စာကို မမှီခိုချင်။

မိသားစုကို ကိုယ်က မထောက်ပံ့နိုင်သေး။ သို့သော် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ချင်သည်။

ကိုယ်ရှာသော ပိုက်ဆံနှင့် ကိုယ့်ပညာကို ဆက်လက် ဆည်းပူးချင်သည်။

ဝလုံးသည် ကာတွန်းများ ဆက်ရေးသည်။ သရုပ်ဖော်ပုံအပ်လျှင်လည်း ရေးသည်။

ဝလုံးသည် ယဉ်ကျေးမှုတက္ကသိုလ်မှာ တတိယနှစ်သို့ ရောက်သွား၏။

တတိယနှစ်မှာ ဖိုင်းနှင့်ကော်မာရှယ် လိုင်းခွဲပြီ။

ဝလုံးက 'ကော်မာရှယ်အတ်'ကို ယူလိုက်၏။ ကော်မာရှယ်ယူသူက ငါးယောက်သာရှိ၏။ ယဉ်ကျေးမှုတက္ကသိုလ်မှာ ကျောင်းသားတွေကဖိုင်း၊ အားလုံးက ဖိုင်း၊ ဖိုင်း၊ ဖိုင်း၊ ဖိုင်း။

ဖိုင်းချင်သလောက် ဖိုင်းကြပေတော့။

ဖိုင်းချင်သူ ဖိုင်းကြပါစေ။

ဝလုံးက ကော်မာရှယ်။

ကော်မာရှယ်မှာ ရှယ်လုပ်လျှင်လည်း ထူးချွန်နိုင်တာပဲ မဟုတ်လား။

ယဉ်ကျေးမှု တက္ကသိုလ်မှာ ကော်မာရှယ်ကို ဆရာဦးလှမင်းက သင်၏။ ဆရာသင်တာ စနစ်ကျသည်။ ယဉ်ကျေးမှုတက္ကသိုလ်နှင့် ဝလုံးသည် ညီညွတ်မှု ရရှိသွား၏။

ဝလုံးနှင့် ကော်မာရှယ် အတ်၊ ကော်မာရှယ်အတ်နှင့် ဝလုံး။

ဝရုန်းသုန်းကား မဖြစ်ခဲ့ပါ။

အားလုံး ညီညွတ်ခဲ့ကြပါသည်။

ဝလုံးသည် မဂ္ဂဇင်းများထဲမှာ သရုပ်ဖော်ပန်းချီရေးသော မုတ်သုံ၊ ပိုပို၊ သာဈေးကြည်၊ စိုးနိုင်တို့ကို ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသားဘဝကတည်းကပင် စိတ်ဝင်စားခဲ့သည်။

ယဉ်ကျေးမှုတက္ကသိုလ်ကနေ ကျောင်းပြီးခဲ့တော့လည်း ဝလုံးသည် ထိုမဂ္ဂဇင်း သရုပ်ဖော်ပန်းချီဆရာများကို ချစ်သောစိတ်ဖြင့်ပင် စာနယ်ဇင်းလောကထဲသို့ ရဲရဲယုံယုံ ဝင်ရောက်ခဲ့သည်။

သရော်သော ကာတွန်း၊ ရယ်ရသော ကာတွန်းထက် ကဗျာဆန်သော အရုပ်ကို ဝလုံးက ပိုကြိုက်၏။ အတွေးဦးစားပေးသော၊ Concept ဆန်သော ကာတွန်းကို ဝလုံးက ပိုကြိုက်၏။

*ဝလုံးသည် ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းသားဘဝမှာပင် ဂျာနယ်များထံမှ ဥာဏ်ပူဇော်ခတွေ ရလာပြီ*



www.burmeseclassic.com

www.burmeseclassic.com

သူများသွားခဲ့သော လမ်းကြောင်းများ၏ နောက်ကိုပဲ မျှော်လိုက်မလား။

ကိုယ့်ခေတ်မှာ ကိုယ့်လမ်းကြောင်းလေးကို မြင်သာထင်သာ ဖောက်ခဲ့ဖို့လည်း လိုသည်မဟုတ်လား။

ဝလုံးသည် ရန်ကုန် ယဉ်ကျေးမှုတက္ကသိုလ် ဝရိုဝုဏ်ထဲမှ ရန်ကုန်မြို့ထဲသို့ စစ်ကြောင်းပြောင်းရွှေ့ခဲ့ပြီ။ လမ်းကြောင်းပြောင်းခဲ့ပြီ။

ရန်ကုန်ထဲကိုတော့ ရောက်အောင်သွားရမည်။ ရန်ကုန်ထဲ ရောက်ပြီဆိုလျှင် ၃၃လမ်းထဲကိုတော့ ရောက်အောင် သွားရမည်။ ၃၃လမ်းသို့ မရောက်လျှင် ရန်ကုန် မရောက်ဟု ဝလုံးက ခံစားရ၏။

ဝလုံးသည် ရန်ကုန်ထဲသို့ ရောက်အောင် ဖောက်ခဲ့၏။ ၃၃လမ်းအပေါ်ဘက်မှာ အကျအန ထိုင်ခဲ့၏။

လူငယ်များကို လူကြီးများက အထိတ်တလန့် ဖြစ်ကြရ၏။

ကာတွန်းလောကမှာ၊ မဂ္ဂဇင်းသရုပ်ဖော်ပန်းချီ လောကမှာ ဝလုံး၏ သီးခြားကွဲထွက်လာမှုကို လူကြီးများ သတိမပြုဘဲ မနေနိုင်ကြ။

"ရုပ်ရှင်တွေထဲမှာ စာပေသမားတို့၊ ကာတွန်း ဆရာတို့ဆိုရင် လွယ်အိတ်တစ်လုံးလွယ်ပြီး ဘုံဆိုင်တွေမှာ ထိုင်တယ်။ အရက်ဆိုင်တွေမှာ ပုလင်းတွေနဲ့ ယှဉ်ပြတယ်။ ရှော်ဂီတသမားဆိုရင် မူးယစ်ဆေးဝါး ချတယ်။

ဒါဟာ ရုပ်ရှင်ထဲက ပြကွက်တွေပါ။ လွဲမှားတဲ့ ဖော်ပြချက်တွေပါ။ စာနယ်ဇင်းသမားဟာ၊ ကာတွန်း ဆရာဟာ၊ စာရေးဆရာဟာ၊ ပန်းချီဆရာဟာ စမတ်ကျ ရမယ်။ ပိုက်ဆံရလို့ စမတ်ကျတာလားဆိုတော့ ကိုယ် ယုံကြည်မှုအတွက် အနုပညာသမားဟာ စမတ်ကျကျ နေထိုင်လို့ ရပါတယ်။ ရုပ်ရှင်တွေက အလွဲပြကွက်တွေ လည်း ရုပ်တန်းကရုပ်သင့်ကြပါပြီ"

ဝလုံးက ကျွန်တော့်ကို ပြောသည်။

လောကနတ် ပန်းချီပြခန်းထဲတွင် နှစ်ယောက် အတူထိုင်မိကြစဉ်မှာ ဝလုံးက ပြောခြင်းဖြစ်သည်။

ဝလုံးသည် စမတ်ကျသည်။

အတူ ပြေးလွှားရသဖြင့် အန္တရာယ် သတိပေးဆိုင်းဘုတ်များကိုပင် မဖတ်မိဘဲ အန္တရာယ်နှင့် ကြုံကြိုက်ရသည့် မျိုးလည်း ရှိတတ်၏။

အနုပညာသည် လူသားကို ရှင်းလင်းအောင်၊ ကြည်လင်အောင် ကူညီ၏။ လူသား ကြုံတွေ့ရသော လောကဓံတရားကို တည်ငြိမ်စွာ ကျော်ဖြတ်နိုင်အောင် ကူညီ၏။

ဒုက္ခကို ဖြတ်သန်းနေရာက အလှတရားဆီသို့၊ အောင်မြင်မှုပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်အောင်လည်း အနုပညာက ကူညီ၏။

ဝလုံးသည် သူ့အိမ်နှင့်နီးသော 7 DAY NEWS ဂျာနယ်၊ သတင်းစာမှာ အမြဲတမ်း သရုပ်ဖော် ပန်းချီဆရာ ဖြစ်လာ၏။ 7 DAY ဂျာနယ်၏ လူငယ်အယ်ဒီတာများကိုလည်း ဝလုံးက လေးစား၏။ အယ်ဒီတာများသည် စမတ်ကျ၏။

လူငယ်များ စမတ်ကျရန် လို၏။

အနုပညာသည်လည်း စမတ်ကျရန် လို၏။

"မက်ဆေ့ချ်လို တိုက်ရိုက်ဖော်ပြတဲ့ သတင်းခေတ်မှာလည်း ကျွန်တော်တို့ အရုပ်တွေဟာ တိုက်ရိုက်ထိတဲ့ အားတွေပါရမယ်"

ဝလုံးက ပြောသည်။

ဝလုံးသည် သရုပ်ဖော်ပန်းချီများ၊ ကာတွန်းများ ရေးလျက်ကပင် ပန်းချီကားများကိုလည်း ဖန်တီးလာ၏။

"ဂျာနယ်တို့၊ မဂ္ဂဇင်းတို့ကနေ ရတဲ့ငွေနဲ့ ပန်းချီပစ္စည်းတွေ ဝယ်တယ်။ ပန်းချီကား ရေးတယ်။ တစ်ကိုယ်တော်ပြပွဲကို လောကနတ်မှာ တစ်နှစ်တစ်ခါ လုပ်ဖြစ်လာတယ်။ ပထမဆုံးနှစ်မှာ ဘောင်တောင်ပြည့်စုံအောင် မဝယ်နိုင်တာမျိုး ကြုံရတယ်။ အခုတော့လည်း ကျွန်တော့် တစ်ကိုယ်တော်ပန်းချီပြပွဲဟာ အဆင်ပြေသွားပါပြီ"

လူငယ်များ စမတ်ကျရန် လို၏။

အနုပညာများ စမတ်ကျရန် လို၏။

ဝလုံးလည်း စမတ်ကျကျ ချီတက်လျက်ပင်။

ဝလုံးသည် စမတ်ကျကျ ဖန်တီးလျက်ပင်။

■

*ရုပ်ရှင်တွေထဲမှာ စာပေသမားတို့၊ ကာတွန်းဆရာတို့ဆိုရင် လွယ်အိတ်တစ်လုံးလွယ်ပြီး ဘုံဆိုင်တွေမှာ ထိုင်တယ်။ အရက်ဆိုင်တွေမှာ ပုလင်းတွေနဲ့ ယှဉ်ပြတယ်*

www.burmeseclassic.com

www.burmeseclassic.com

အနုပညာ

*"ခါတစ်ရံက လမှုန်မှုန်ညများ"*

[မျှော်တော်စောနဲ့ မောကြပြီထင်… ပြည်သူချစ်တဲ့ သမီးချောလေး ရောက်ပြီရှင်၊ မေတ္တာရေစင်ဖျန်း ရှင်လန်းပါစေချင်…
ကမ္ဘာမြေလောကတွင်၊ အလှအပတွေ ဝေဝေလွင်… လဝန်းရွှန်းမြ 'ည' သဘင်၊ ဆုံတွေ့ရတာ မင်္ဂလာပင်။]

■

ညကလေးက မွေးလိုက်တာ။

လကလေးကလည်း အေးလို့။ နတ်တော်-ပြာသို၊ မြို့ကြီးရွှေမန္တလေးရဲ့ 'ချမ်းလို့ပဆောင်း' ထဲမှာ နှင်းပဝါခြုံပြီး ကွေးကွေးကလေး။ အလင်းဖြူဖြူတွေတောင် အရောင်ဖျော့နေရဲ့။ မှိန်ဝါးဝါး။ လရောင်မှုန်မှုန် ညများလို့ပဲ ကဗျာဆန်ပစ်လိုက်ချင်တော့တယ်။ အဲ… အဲဒီ ညမှုန်မှုန်တွေထဲ စိုရွှဲပျော်ဝင်ခဲ့ကြတဲ့ မန်းည၊ သုခုမည၊ အငြိမ့်ည၊ လွတ်လပ်ည၊ ရင်တငြိမ့်ငြိမ့် စွဲလမ်းညများကို လွမ်းတယ်။ အစ်မရေ…၊ ခဏကလေးလောက် ပြန်ယူပေးလို့ ရနိုင်ဦးမလား။ လွမ်းတယ်…။ အဟုတ်လွမ်းတယ်။

ကျွန်တော်တို့က ငယ်ဦးမယ်။ ၁၉၇၃-၇၄-၇၅။ ကြီးကောင် မဝင့်တဝင်၊ လူပျို မပေါက်တပေါက် လေတိုက်တာတောင် အလိုလိုလွမ်းချင်တတ်တဲ့ သည်းနုရွယ်။ ဟုတ်တယ်… အဲဒီတုန်းက 'သည်းနုရွယ်' ဆိုတဲ့ စကားလုံးလေးက လွတ်ခေတ်စားတာ။ စက်ဘီး

# လမင်းတစ်ရာအငြိမ့်သည်

လရောင်လင်း **ပန်တျာငွေးငွေးမြင့်**





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကလေးတွေ ကိုယ်စီ၊ လွယ်အိတ်ကလေးတွေ ကျောပိုး။ မန္တလေးရဲ့ ပြလမ်းတွေတစ်လျှောက် စိတ်စေရာ ခြေဖွေ ပေါက်ခဲ့ကြ။ ဘာရယ်မှန်းမသိဘဲ ကြောင့်ကြမှဲ့ ရယ်မြူး ကြည်ရွှင်ခဲ့ကြ။ အစ်မရေ… လွမ်းသဗျာ။

အဲဒီအချိန်တုန်းက ကျွန်တော်တို့ရဲ့ လမှုန်မှုန် ညတွေကို အစ်မရဲ့ အငြိမ့်စင်ရှေ့မှာ အေးခဲ ရပ်တန့်စေခဲ့ တာ။ အစ်မရဲ့အက၊ အစ်မရဲ့အဆို၊ အစ်မရဲ့အပြော၊ အစ်မ ရဲ့အနုပညာတွေနဲ့ သုခုမမီးအိမ်ကို ကျွန်တော်တို့ရဲ့ ရင်ဘတ် ဟိုးအတွင်းပိုင်းထဲက ဟဒယနှလုံးပြင်မှာ ချိတ်ဆွဲပြီး ရင်ခုန် နွေးထွေးခဲ့တာ။

စိန်ကျော်ကွေ့က ဇာတ်သဘင်၊ အငြိမ့်၊ ဆိုင်း ကြော်ငြာ၊ ပိုစတာဆိုင်းဘုတ်ကြီးတွေကို လွမ်းတယ်။ ညညအခါ မန္တလေးမြို့ လေးပြင်လေးရပ်၊ ပြတိုင်းပြတိုင်း ကြိတ်ကြိတ်တိုးနေတဲ့ အငြိမ့်ညတွေကို လွမ်းတယ်။ နာရီ စင်ကြီးကိုကျောမှီပြီး ညလုံးပေါက်ဈေးခင်းထားတဲ့ မန်းရဲ့ အထင်ကရ ညဈေးတန်းကြီးကို လွမ်းတယ်။ ဣန္ဒြေကြီး တစ်ခွဲသားနဲ့ အငြိမ့်ပေါင်းစုံက ဆိုင်းသံ၊ သီချင်းသံ၊ လူရွှင် တော် ပြက်လုံးသံ၊ ဝါးလုံးကွဲ ရယ်သံတွေကို မိန့်မိန့်ကြီး နားသောတဆင်နေတတ်တဲ့ မှောင်မှောင်မည်းမည်း ဘူတာ ကြီးကိုလည်း လွမ်းတယ်။ ကထိန်ရာသီရောက်ရင် သူ့ ဈေးရုံ၊ ငါ့ဈေးရုံ ဆိုင်းသံတထီထီနဲ့ ခြိမ့်ခြိမ့်သဲ အပြိုင်အဆိုင် ကခဲ့ကြတဲ့ ဈေးချိုတော်ရဲ့ နေ့အလင်းကျိုးကျဲအောက်က အလှူအငြိမ့်တွေကို လွမ်းတယ်။ အလှူပွဲလည်း အငြိမ့်ပါ မှ၊ မင်္ဂလာပွဲလည်း အငြိမ့်ပါမှ၊ ကျောင်းဖွင့်ပွဲ၊ မွေးနေ့ပွဲ၊ အသင်းအဖွဲ့များရဲ့ အထိမ်းအမှတ်ပွဲ၊ ကထိန်ပွဲ၊ ဝါဆိုပွဲ၊ ဘုန်းကြီးပျံပွဲ၊ မယ်တော်ပျံပွဲ၊ ဘတော်ပျံပွဲ၊ ဘာပွဲညာပွဲ၊ ပွဲမျိုးစုံရယ်စုံစုံမှာ အငြိမ့်ကလေးတော့ ပါလို့လေမှ ဘဝင် ကျ နှလုံးခွေ့တတ်ကြတဲ့ မန်းရဲ့ အငြိမ့်ညတွေကို လွမ်း တယ်။ မြို့တော်ရီရီ၊ မြို့တော်မူမူ၊ မဗေဒါ၊ ညိုညိုခန်း၊ တိုက်ကြီးသူဇာ၊ ရွှေမန်းသူမြင့်မြင့်သန်း၊ ထိပ်သီးသန်းသန်း၊ ကျောင်းသူမချိုတူး၊ မြို့တော်ချိုသဲ၊ ရွှေမန်းဝင်းမာ၊ ရတနာ ပုံမိမိခိုင်၊ ဥမ္မာမြင့်၊ ငြိမ်းချမ်းရေးခင်စောထွေး၊ အိမ်ကြီး ခင်ချို၊ ပန်တျာငွေးငွေးမြင့်စတဲ့ မန်းညတွေရဲ့ အရှင်သခင်၊ အငြိမ့်သည် အနုပညာ ကဝေကြီးတွေကို လွမ်းတယ်။ ဦးတက်တိုး၊ ဦးပေါ်စံ၊ ဦးသိန်းဆု၊ ဦးကျောက်နီ၊ ဦးပေါက်စီ၊ ဦးသြဘာ၊ သောင်းတန်၊ သောင်းဇံ၊ လယ်ဒီ၊ မိတ်ဆက်၊ ပါပါလေး၊ လူမော်၊ ကျော်ကြား၊ သာခု၊ ဒီပါ၊ ချစ်စရာ … အလင်းမှိန်မှိန် အငြိမ့်ခွင်ထဲက သမ္ဘာပြည့်ပြည့်၊ ဝမ်းစာပြည့်ပြည့် ပါးစပ်စေ့မရအောင် ပွဲကျစေခဲ့တဲ့ 'ဟားငနဲ' ပညာသည်ကြီးတွေကို လွမ်းတယ်။

"လာဟေ့…၊ ရှမ်းပွဲမှာ "သစ်လွင်" ဒီည ကမယ်တဲ့။ "ပန်ထွာကေရီ" အော်ပရာ သိပ်ကောင်း တာပဲ။ ပန်တျာငွေးငွေးမြင့်ရဲ့ လေဘာတီဒေါ်မြရင်သီချင်း တွေ အရမ်းကောင်းတယ်။ ဒီည… အဲဒီကိုသွားကြရ အောင်"

နှစ်ခါ အဖော်မညှိလိုက်ရ။ သူငယ်ချင်းနှစ် ဆယ်၊ အစိတ်ပါတဲ့ စက်ဘီးအုပ်ကြီးနဲ့ ရွှေရတနာ၊ သစ်လွင်၊ လမင်းတစ်ရာ အစ်မမငွေးငွေးမြင့် ပွဲကရာ နောက် တကောက်ကောက် လိုက်ကြည့်ခဲ့ကြရတဲ့ အဲဒီ လမှုန်မှုန်ညတွေကို လွမ်းတယ်။

ဝမ်းဟာ ဗိုက်ဆာရင် နီးရာဆိုင်မှာ ဝင်ထိုင်။ လက်ဖက်ရည်ချိုချိုတစ်ခွက်၊ အီကြာကွေး၊ ထပ်တစ်ရာ၊ ပလာတာ ဘာပဲဖြစ်ဖြစ်၊ ဘယ်အချိန်ဖြစ်ဖြစ် အခုမှာ၊ အခုရောက်၊ အခုသောက်နိုင်တဲ့ အလင်းဆိုင် ပုစုခရု ကလေးတွေကို လွမ်းတယ်။

အတိတ်ဆိုတာ ပြန်ထုတ်ကြည့်ချင်စရာ အလွမ်း တွေကိုချည်း သီးသန့် သိမ်းထုပ်ထားတတ်တဲ့ အရာပဲနဲ့ တူပါရဲ့ အစ်မရယ်။

လာဟေ့… အငြိမ့် သွားကြည့်ရအောင်။

လာဟေ့… 'ရွှေရတနာ' သွားကြည့်ရအောင်။

လာဟေ့… 'သစ်လွင်' သွားကြည့်ရအောင်။

လာဟေ့… 'လမင်းတစ်ရာ' သွားကြည့်ရအောင်။

လာဟေ့… 'ပန်တျာငွေးငွေးမြင့်' သွားကြည့်ရအောင်။

■

•

"ကျွန်မတို့မှာ သဘင်မျိုးရိုး မရှိဘူးရှင့်။ အနုပညာကို တစ်အားကို ဝါသနာပါလွန်းလို့ ပန်တျာကျောင်း

*အတိတ်ဆိုတာ ပြန်ထုတ်ကြည့်ချင်စရာ အလွမ်းတွေကိုချည်း သီးသန့် သိမ်းထုပ်ထားတတ်တဲ့အရာပဲနဲ့ တူပါရဲ့ အစ်မရယ်*





www.burmeseclassic.com

www.burmeseclassic.com

တို့ တက်ဖြစ်ခဲ့တာ။ အဲဒီကမှ အငြိမ့်ကဖြစ်တဲ့ အခါကျတော့ ကျွန်မရဲ့ နာမည်ရင်း ဌေးဌေးမြင့်ရဲ့ရှေ့မှာ အရမ်းကို ဂုဏ်ယူစရာကောင်းတဲ့ ကျွန်မတို့ရဲ့ သုခုမကျောင်းတော်ကြီး 'ပန်တျာ'ဆိုတာကို မြတ်မြတ်နိုးနိုး အထွတ်တင် အညွှန်းနာမည်မှည့်လိုက်တာပေါ့။ 'ပန်တျာဌေးဌေးမြင့်'ရယ်လို့ ပန်တျာထွက် မင်းသမီးတစ်လက် ဖြစ်လာတာပေါ့ရှင်။

"ဇာတိက ရွှေဘိုရှင့်။ ကျွန်မကို ရွှေဘိုမှာ မွေးတာ။ ကြီးတာကတော့ ဒီမန္တလေးပေါ့နော်။ သုံးလေးနှစ်အမီးလေးလောက်မှာ မန္တလေးကို ရောက်ခဲ့တာလေ။ အဲဒီကတည်းက မိဘတွေက မန္တလေးကို ပြောင်းခဲ့ကြတာ။ မိဘများက ကုန်သည်မျိုးရိုးတွေရှင့်။

"ပြောကြစို့ဆိုရင် ကျွန်မရဲ့အမေကလေ၊ တော်တော်သီချင်းအဆို ဝါသနာကြီးတာ။ အနုပညာပိုးက နည်းနည်း မဟုတ်ဘူးရယ်။ အဆိုကလည်း အင်မတန်ကောင်းတယ်။ ဘာပဲလုပ်လုပ် အဝတ်ကလေးလျှော်နေရင်းနဲ့တောင်မှပဲ သီချင်းကလေး တအေးအေး ဆိုနေတတ်တာ။ အဲဒီ အနုပညာဇာတ်ခံတွေက ကျွန်မနားထဲကို တစိမ့်စိမ့် စိမ့်ဝင်ပြီး စွဲနေခဲ့တယ်လို့ ကျွန်မတော့ ထင်တာပဲ။

"အရွယ်လေး ရောက်လာတော့ အငြိမ့်တွေကြည့်၊ ဇာတ်တွေကြည့်ရင်းနဲ့ ကျွန်မက က,ချင်၊ ပြချင်ဖြစ်လာပြီ။ သိတဲ့အတိုင်း ကျွန်မတို့မန်းလေးက ကြည့်ချင်ပွဲတွေ တစ်အားပေါတာကိုး။ ကချင်လွန်းလို့၊ မင်းသမီးလုပ်ချင်လွန်းလို့ မိဘကို ပူဆာတယ်။ ခွင့်မပြုကြဘူးရှင့်။ အဲဒီခေတ်၊ အဲဒီအခါတုန်းက ဖွင့်ခါ စပန်တျာကျောင်းကြီးမှာ သဘင်ပညာကို သင်ချင်တာလေ။ ပိုးကအရမ်းကြီးတော့ ပန်တျာကျောင်းကို ဝင်ခွင့်လျှောက်လွှာ ခိုးလျှောက်လိုက်တယ်။ ဟုတ်တယ်ရှင့်။ ကျွန်မက ရှစ်တန်းအောင်ပြီးခါစရယ်။ ကျွန်မအောက်မှာ ညီမလေးတစ်ယောက် ရှိသေးတယ်။ တစ်ယောက်တည်းဆိုရင် ပျင်းမှာစိုးလို့ ညီမနှစ်ယောက် အတူတူတက်ကြမယ်ဆိုလို့ တိုင်ပင်ပြီး လျှောက်ခဲ့ကြတာ။ ဖြစ်ချင်တော့ နှစ်ယောက်စလုံးကျောင်းဝင်ခွင့်ရတယ်။ လူတွေ အင်တာဗျူး ဖြေခါနီးကျတော့မှ ကျွန်မ အဖေနဲ့အမေကို ပြောပြခဲ့ရတာ။ တော်တော်နဲ့ ခွင့်မပြုဘူးရှင့်။ ငိုယိုပြီး မနည်းကြီးပြောယူရတာ။ ပန်တျာကျောင်းကဆင်းရင် ကျောင်းစာ ဆက်သင်ပါ့မယ်လို့ ကတိပေးမှ မတတ်သာလွန်းလို့ ခွင့်ပြုပေးလိုက်ကြတာ။ အစ်မကြီးလုပ်တဲ့သူကလည်း ကျောင်းဆရာမ လုပ်နေတာဆိုတော့ မိဘများက ကျွန်မကို သဘင်သည် မဖြစ်စေချင်ကြဘူးပေါ့ရှင့်။

အင်တာဗျူးဖြေတော့ အောင်တယ်။ ကျွန်မ အလွန်မတန်တက်ချင်တဲ့ ပန်တျာကျောင်းကို တက်ခွင့်၊ သဘင်ပညာ သင်ယူခွင့် ရခဲ့ပါတယ်။ ပန်တျာကျောင်း တက်ရင်းတက်ရင်း၊ ဒီသဘင်ပညာကို သင်ရင်းသင်ရင်းနဲ့ ဘယ်လိုမှ ရပ်လို့မရတော့ဘူး။ တားလို့မရတော့ဘူး။ သဘင်ပိုးက အရမ်းကြီးသွားပြီ။ အဲဒါကြောင့် ပန်တျာ တတိယနှစ်လောက်ကတည်းက အနုပညာနယ်၊ အငြိမ့်နယ်ထဲကို ခြေလှမ်းစပြီး ချခဲ့ဖြစ်တာရှင့်။ အခုအထိပဲ ဆိုပါစို့"

■

*"ပန်းညပိညာဉ် အငြိမ့်သဘင်"*

**"ပန်းပမာ လန်းဖြာ ကျုံးမော ချမ်းသာကြောင်း တောင်းဆုပန်ဆင်၊ ပြည်သူရင်ခွင်တွင်းက 'လမင်းတစ်ရာ' သဘင်"**

**"စက်ရုံတွေ အလုပ်ရုံကြား ကျယ်ပြောစွာ ပင်… လယ်တောယာတစ်ခွင်… မညည်းတမ်း တကယ် ပင် …ခရီးဆန့်မယ်ရှင်… လာပြီ လာချေပြီပေါ့ရှင်…"**

အစ်မက လှလိုက်တာ။ အစ်မကတာ လှလိုက်တာ။

ဟုတ်တယ်။ အစ်မ မဌေးဌေးမြင့်က တကယ် လှတဲ့မင်းသမီး။ နှင်းတွေနဲ့မှုန်နေတဲ့ ဖြူပြာပြာကောင်းကင်အောက်က အငြိမ့်ခွင်။ အဲဒီအငြိမ့်ခွင်မှာ မောလို့မောရမှန်းမသိ၊ ပန်းလို့ပန်းရမှန်းမသိ အလုပ်လုပ်နေတဲ့ တကယ့် အနုပညာသည် ရွှေမင်းသမီးအစ်မ။ ဆရာကိုမြတ်မှိုင်း ရေးပေးတဲ့ 'သမီးချော'ဆိုတဲ့ ကိုယ်ပိုင်အငြိမ့်သီချင်းကို ရှာန်ဝင်စားသီဆိုနေတဲ့ အစ်မရဲ့ဆိုဟန်၊ အစ်မရဲ့အသံ။ 'ငှက်သွင်ပျံကြွမတတ်သော်ဝ်'လို့ စာဖွဲ့ရလောက်တဲ့ အစ်မရဲ့လှုပ်ရှားဟန်၊ ခြေယူလက်ထား ခေါင်း၊ခါး၊ခြေ၊လက်။

•

*ပန်တျာကျောင်း တက်ရင်းတက်ရင်း။ ဒီပညာကို သင်ရင်းသင်ရင်းနဲ့*
*ဘယ်လိုမှ ရပ်လို့မရတော့ဘူး။ တားလို့မရတော့ဘူး*



www.burmeseclassic.com

www.burmeseclassic.com

မီးအစုံကို ပိတ်ပိတ်သား အမှောင်ချလို့ အစ်မရဲ့အကခွင် တစ်ခုတည်းအပေါ်ကိုပဲ စိုစိုရွှဲအောင် ဆမ်းထားတဲ့ လျှပ်ရောင်။ အစ်မနဲ့ အစ်မရဲ့ အကခွင်ကလွဲလို့ အရာရာ ဝင်းဝင်းပြက် အားလုံးငြိမ့်သက်တိတ်ဆိတ်။ ပျော်ဝင်ငေးရီ။ တငြိမ့်ငြိမ့်ငြိမ်း။ လှလိုက်တဲ့ညနဲ့ လမင်းတစ်ရာ အစ်မ ရယ်လေ။

"သရုပ်မှန် 'ဆို၊က၊ပြော၊က'တွေက ပရိသတ် ရဲ့ရင်ကို အေးမြစေခဲ့တယ်။ ဆံထုံး၊ဆံမြိတ်၊ အချိတ်ထဘီ၊ ခါးတောင်အင်္ကျီနဲ့ ရင်ဆီမှာပဝါနှစ်စ၊ လှမှလှယဉ်မှယဉ်။ မြန်မာအမျိုးသမီး အကပညာရှင်များရဲ့ Typical စံအလှ ဆိုတာ ဒါပဲလို့ ပြညွှန်းနိုင်ခဲ့တယ်။

အမျိုးသမီးအကပညာရှင် (Choreographer) တစ်ဦးအနေနဲ့ တစ်ချိန်တည်းမှာ ကိုယ်တိုင်သီချင်းဆိုသူ အဆိုပညာရှင် (Vocalist) ဖြစ်နေတဲ့ Soloist အဖြစ် တစ်ကိုယ်တော်၊ တစ်ပင်တိုင် စွမ်းဆောင်နိုင်တာမျိုးက လည်း ကမ္ဘာ့ရှား ဂုဏ်အင်္ဂါတစ်ရပ်လို့ ဆိုရမှာပါ။

တော်ရုံတန်ရုံသက်လုံ၊ တော်ရုံတန်ရုံ ကျွမ်းကျင် မှုမျိုးနဲ့ အလှမပျက်အောင် စွမ်းဆောင်နိုင်ဖို့ မလွယ်ပါဘူး။

သူတို့ဆီမှာ အဆိုလိုင်းက အဆိုပဲ။ အကလိုင်း က အကပဲ။ နှစ်ခုစလုံး တစ်ပြိုင်တည်း၊ တစ်ဆက်တည်း ဆိုလို့၊ကလို့၊ တောက်လျှောက်ဆက်တိုက် လုပ်လေ့မရှိကြ ပါဘူး။ အိန္ဒိယလို အရှေ့တိုင်းနိုင်ငံလောက်ပဲ အနည်းငယ် ယိုးစွဲလိုက်တယ်လို့ ဆိုရမှာပါ။

သီချင်းဆိုရာမှာလည်း 'မိုက်'နဲ့ပါးစပ်နဲ့ကပ်ပြီး အသံချဲ့စက်အားကိုးနဲ့ ဆိုရတာမျိုး မဟုတ်ပါဘူး။ မလိုအပ် ဘဲ မျက်စိနှစ်လုံးစုံပိတ်၊ မျက်နှာကြီးရှုံ့မဲ့ပြီး ဖျစ်ညှစ်အော် နေရတာမျိုး မဟုတ်ပါဘူး။

အနုပညာဆိုတာ အလှဖန်တီးတာပဲ။ အရိုင်း၊ အကြမ်းစရိုက် ပြနေတာမှ မဟုတ်ဘဲ။ ဒါကြောင့် 'မိုက်' အားမကိုးဘဲ လှည်းထောက်ဆန်မှန်အောင်၊ အော်နိုင်တဲ့ အသံမျိုးရအောင် အလှမပျက်စေဘဲ ဆိုတတ်ရပါတယ်။ "ဌာန်ကရိုဏ်အောင် ဆိုနိုင်ရတယ်ဆိုတဲ့ သမားစဉ်၊ အဆိုအမိန့် လည်း ရှိပါတယ်"တဲ့။ အဲသလို မန္တလေး အငြိမ့်သဘင် တစ်ခေတ်က မင်းသမီးကြီးများရဲ့ ပညာနဲ့သမ္ဘာကို ဆရာ ဦးမြတ်မှိုင်း (လမင်းတစ်ရာ)က ရေးခဲ့ဖူးရဲ့။

ဟုတ်ပါရဲ့ အစ်မရယ်။

ဆရာပြောတဲ့ အငြိမ့်ပညာတွေနဲ့ အကဲမဖြတ် ဘဲနဲ့တောင် အစ်မက တော်တော်လေးလှတဲ့သူ။ ပါရမီ အခံရှိတဲ့ ပင်ကိုချစ်မွေးပါသူ၊ ပင်ကိုလှ၊ နဂိုလှ။ အစ်မရဲ့ ရွှေရောင်ကာလ ၁၉၇၃-၇၄-၇၅က ငယ်ရုပ်သွင်ဓာတ်ပုံ ကလေးတွေ ကျွန်တော့်ဆီမှာ ရှိနေသေးတယ်။ ကြည့်စမ်း ပါဦး။

ပန်တျာငွေးငွေးမြင့်ဆိုတာ 'ဒီတစ်သက် အငြိမ့်ပဲ က,စားပေရော့'လို့ ကံဇာတ်ဆရာက လူလောကထဲ တုံးတုံးချ ပစ်ချပေးလိုက်တဲ့ တကယ့်ပါရမီရှင် ကချေသည် ပါပဲကလား။

"မြန်မာအကဆိုတာ 'ခေါင်း၊ခါး၊ခြေ၊လက် ဤလေးချက်'ရဲ့ လှုပ်ရှားမှုပဲမို့ ဂီတသံနဲ့လိုက်ဖက်အောင် လှုပ်ရှားသွားတာပဲ။ တစ်ယောက်နဲ့တစ်ယောက် ကွာခြားမှု များများရှိနိုင်ပါ့မလားလို့ မြန်မာအကနဲ့ပတ်သက်လို့ ထဲထဲ ဝင်ဝင်မသိရင် ထင်စရာပဲ။ နှိုပေမယ့် ပညာသည်အမျိုးမျိုး ကကြပုံတွေကို မြင်ဖူးကြည့်ဖူး၊ ယှဉ်ပြီးတွေ့ဖူးရင် ကွဲပြား မှု၊ ကွာခြားမှုကလေးတွေ မြင်တတ်၊ တွေ့တတ်လာပါလိမ့် မယ်။ အကြည့်ဝါ မရင့်သေးရင်တော့ မသိတတ်ပေဘူး ပေါ့။ အကြည့်တတ်တဲ့သူအဖို့တော့ က,တတ်တာနဲ့ မက, တတ်တာ ခွဲသိသလို၊ ကတတ်တဲ့လူချင်း အကပိုလှတာနဲ့ ပြည့်စုံရုံရှိတာကိုလည်း ကွင်းကွင်းကွက်ကွက် မြင်တတ် ပါလိမ့်မယ်"လို့ အမေမာ (လူထု) ရေးဖူးတယ်။ 'အငြိမ့် ဒုတိယ'မှာပါ။ အဲဒီတော့ရင် ပန်တျာငွေးငွေးမြင့် ကတာ ဘယ်လိုလဲလို့မေး။ အကြည့်တတ်တဲ့လူရော၊ အကြည့် မတတ်တဲ့သူရော ကိုယ်ကြည့်နေတာကိုတောင် မေ့ပြီး ငေးနေရလောက်ကို လှတာပါ။

အစ်မရေ… လွမ်းတယ်နော့။

လမှုန်မှုန်၊ ညတစ်ခင်းနဲ့ နှင်းဖွေ့ဖွေ့ အငြိမ့် သဘင်။ ကြယ်ရောင်တလက်လက် ကောင်းကင်အောက် မှာ အနုပညာရဲ့ ဖမ်းစားခြင်းကိုခံနေကြရတဲ့ လူတွေလူတွေ ဖွေးဖွေးလှုပ်။ မီးတထိန်ထိန် ပွဲဈေးတန်း။ လွမ်းချင်စရာ မန်းညတွေဟာ ဒီလိုချည်းပါပဲ။ ၁၉၇၀-၁၉၈၀ ပတ်ချာ လည်နှစ်များ။ ရွှေရတနာ၊ သစ်လွင်၊ လမင်းတစ်ရာခေတ်။ ပန်တျာငွေးငွေးမြင့်ခေတ်။

•

*ပန်တျာငွေးငွေးမြင့်ဆိုတာ "ဒီတစ်သက် အငြိမ့်ပဲ က စားပေရော့"လို့ ကံဇာတ်ဆရာက လူလောကထဲ တုံးတုံးချ ပစ်ချပေးလိုက်တဲ့ တကယ့်ပါရမီရှင် ကချေသည်ပါပဲကလား*



www.burmeseclassic.com

www.burmeseclassic.com

ကိုင်း··· လာဟေ့၊ အငြိမ့်ကြည့်ရအောင်။
ကိုင်း··· လာဟေ့၊ ပွဲကြည့်ရအောင်။

■

"ပန်တျာမှာ ကျွန်မကို သဘင်ပညာသင်ပေးခဲ့တဲ့ ဆရာတွေက ဆရာမဒေါ်ခင်စိန်၊ လက်ထောက်ဆရာက ဒေါ်မြသန်း။ အကနည်းပြတွေပေါ့။ အဆိုဆရာမက နိုင်ငံကျော်ဂီတမယ် ဒေါ်လှကလေးစိန်။ အမေဒေါ်သြဘာဆောင်းက လက်ထပ်ပြီးသင်ပေးတဲ့ အနေအထားမျိုး မဟုတ်တော့ဘဲနဲ့ အကအကြံပေး ပုဂ္ဂိုလ်ပညာရှင်အနေနဲ့ပဲ ကြီးကြပ်ပေးခဲ့တာရှင့်။ နောက်··· ကျွန်မတို့တုန်းက ဂီတသင်္ကေတ သင်ရသေးတယ်။ အဲဒီတော့ ဆရာဦးကျော်ဒင်နဲ့ ဆရာဦးဘိုတို့က ဂီတသင်္ကေတကို သင်တယ်။ အဓိကက အဲဒီသုံးဘာသာပဲ။

ကျွန်မတို့ ပန်တျာတက်တဲ့ ခေတ်တုန်းက ရွှေလေးမြို့က အငြိမ့်ထောင်ဆရာများဟာ မင်းသမီးခေါ်ချင်ရင် ပန်တျာကို လာလာပြီးကြည့်ကြ၊ လေ့လာကြတာ။ နည်းနာကြတာ။ ဘယ်ကျောင်းသူကလေးက ရုပ်ရှိတယ်၊ အသံရှိတယ်၊ ဘယ်သူကတော့ ပါရမီပါတယ်၊ ဘယ်သူကဖြင့် အငြိမ့်စင်ပေါ် တန်းတင်လို့ရလောက်ပြီ စသဖြင့်ပေါ့လေ။ ကျွန်မတို့ဆရာများနဲ့လည်း ရင်းရင်းနှီးနှီးမေးမြန်းဆွေးနွေး။ အဲလိုပေါ့···။ အဲဒီလို လာလာကြည့်ကြတဲ့ အငြိမ့်ထောင်ဆရာတွေက ကျွန်မကို မျက်စိကျကြတာများတယ်။ ကျောင်းမှာလည်း ကျွန်မက ထူးချွန်တဲ့အထဲမှာပါတယ်ရှင့်။ လာလာခေါ်တဲ့သူ၊ တီးခေါက်တဲ့သူ များလာတော့ ကျွန်မဘက်က အငြိမ့်ရွေးရတော့တာပေါ့။ ကျွန်မကိုယ်တိုင်ကလည်း ပန်တျာပြီးရင် အငြိမ့်ကတော့မယ်လို့ အတိပြတ် ဆုံးဖြတ်ထားပြီကိုး။ အဲဒီမှာ ကိုကြည်-ကိုကြူးညီ ထောင်သော 'ရွှေရတနာ'အငြိမ့်ကို ရွေးလိုက်တယ်။ ဟုတ်တယ်။ ရှေ့ထွက်မင်းသမီးအနေနဲ့ စကရတယ်။

အဲဒီတုန်းက ကျွန်မနဲ့တွဲကရတဲ့ လူရွှင်တော်တွေက မုံရွာကိုတက်တိုး၊ ကိုမိုးဟိန်း၊ ကိုမျိုးချစ် အဲဒီအတွဲ။ အဲဒီခေတ်ကတော့ လူရွှင်တော်က သုံးယောက်ပဲ။ မင်းသမီးကလည်း အာဏာကုန်မှ ငါးယောက်။ ရှေ့ထွက်ရယ်၊ အလယ်ထွက်ရယ်၊ ခေါင်းဆောင်မင်းသမီးရယ်၊ ထိန်းသမနှစ်ယောက်ရယ်။ ဒါပဲ။ အဲဒီလောက်နဲ့ အလုပ်လုပ်ကြရတာ။

အဲ··· ရှေ့ထွက်မင်းသမီးကတုန်းက နည်းနည်းနာမည်လေးရရုံပဲ။ လူ သိပ်မသိသေးဘူး။ 'သစ်လွင်အငြိမ့်' မှာကျတော့ ခေါင်းဆောင်မင်းသမီး ကရပြီ။ လူရွှင်တော်အတွဲက မုံရွာတက်တိုး၊ ကိုပေါစိန်၊ ကိုမျိုးချစ်အတွဲ။ အဲဒီ 'သစ်လွင်'ကနေပြီး 'ပန်တျာငွေးငွေးမြင့်' ရယ်လို့ နာမည်ရပြီး ပေါက်သွားလိုက်တာ တောက်လျှောက်ပါပဲ။

'သစ်လွင်အငြိမ့်'က ခေါင်းဆောင်မင်းသမီး လာခေါ်တော့ ကျွန်မက မကရဲသေးလို့ ပုန်းနေခဲ့တာမှ အကြာကြီးပဲ။ ပန်တျာကဆင်းတာလည်း မကြာသေးဘူး။ လက်ရှိ ကနေတာကလည်း ရှေ့ထွက်။ ကျွန်မအရည်အချင်းနဲ့ ခေါင်းဆောင်ကဖို့ ပညာရည် မပြည့်သေးဘူး။ ဒီလိုတွေးတာကိုးရှင့်။ အဲဒါကြောင့် ငြင်းလည်းငြင်းခဲ့ပါသေးတယ်။ မရဘူးရှင့်။ အငြိမ့်ထောင်ဆရာကလည်း ဖွဲကောင်းတယ်။ သူတို့ ဖြည့်ပေးပါမယ်။ လိုက်ခဲ့ပါ။ ကသာကပါပေါ့။ ကျွန်တဲ့အဖွဲ့သားတွေကလည်း မနိမ်စေရပါဘူး။ အာမခံပါတယ်ပေါ့။ အဲဒါနဲ့ပဲ သစ်လွင်မှာ ခေါင်းဆောင်မင်းသမီးအဖြစ်နဲ့ စကဖြစ်ခဲ့တာရှင့်။ ဟုတ်တယ်။ အလယ်ထွက် မကခဲ့ဖူးဘူး။ ခေါင်းဆောင်မင်းသမီး တန်းဖြစ်ခဲ့တာ။ ဘဝကုသိုလ်ပေါ့ရှင်။

'သစ်လွင်'မှာ 'ပန်တျာငွေးငွေးမြင့်'ရယ်လို့ ပွဲကြည့်က သိသိမှတ်မှတ် နေရာပေးကြတာက အမေလေဘာတီဒေါ်မြရင်ရဲ့ သီချင်းတွေကို ရှာရှာဖွေဖွေ၊ နှိုက်နှိုက်ချွတ်ချွတ် ဌာန်ကရိုဏ်အောင် သင်ယူလေ့လာပြီး ဆိုပြကပြခဲ့လို့ရှင့်။ အမေ့ကျေးဇူးတွေ အများကြီးပါပါတယ်။ အဲဒါလည်း အကျိုးပေးတော့ အကြောင်းထင်ဆိုသလိုပေါ့။ အမေ့အမှတ်တရ၊ အမေ့ကိုဂုဏ်ပြုရာလည်းရောက်အောင် ဆိုမယ်ပေါ့။ အမေ့သီချင်းကလေးတွေက လှလည်းလှ၊ ကောင်းလည်းကောင်းတာကိုးရှင့်။ အဲဒါ ခြေခြေမြစ်မြစ် သင်ပြတတ်တဲ့ ဆရာများထံမှာ ဟိုကတစ်ပုဒ်၊ ဒီကတစ်ပုဒ် ကောက်သင်းကောက်သလို၊ သေသေချာချာသင်ယူပြီး ဆိုခဲ့ကခဲ့တာပေါ့ရှင်။ ပွဲကြည့်ကလည်း သိပ်ကြိုက်ကြ

*"သစ်လွင်အငြိမ့်"က ခေါင်းဆောင်မင်းသမီး လာခေါ်တော့*
*ကျွန်မက မကရဲသေးလို့ ပုန်းနေခဲ့တာမှ အကြာကြီးပဲ*

www.burmeseclassic.com

www.burmeseclassic.com

တယ်။ ပညာသည်အချင်းချင်းကလည်း ချီးမွမ်းကြတယ်။ ဆရာများကလည်း အားပေးကြတယ်။ လူသာစုခေါ်၊ နတ်သာစုခေါ်ပေါ့လေ။ အဲဒီမှာ 'ပန်တျာရွှေရွှေမြင့်'လို့ ဖြစ်လာခဲ့တာပါ။

'သစ်လွင်'မှာ တစ်နှစ်ကပြီးလို့ နောက်တစ်နှစ်ကျတော့ ဆရာဦးမြတ်မှိုင်းက သစ်လွင်ကို ဇာတ်စီးအနေနဲ့ ရောက်လာပြီ။ အဲဒီခေတ် အငြိမ့်လောကမှာ ပြောစမှတ်ပြုရလောက်တဲ့ 'အော်ပရာကြီးတွေကို သစ်လွင်မှာ စတင်ပြီ။ စကပြီ။ အငြိမ့်သဘင်တစ်ခေတ် လျှမ်းလျှမ်းတောက်ခဲ့တာ။ အဲဒီ 'အော်ပရာကြီး'တွေကို ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်း စင်တင်ကပြခဲ့ကြ၊ အုံနဲ့ကျင်းနဲ့ ညီညွတ်ကြိုးစားခဲ့ကြတာကြောင့်လည်း ပါတယ်ရှင့်။ သစ်လွင်အငြိမ့်မှာ ပထမဆုံးစပြီး စင်တင်ကပြခဲ့တဲ့ 'ပန်ထွာကေရီ' အော်ပရာကြီးက ဝက်ဝက်ကွဲ အောင်မြင်ခဲ့တယ်။ ပရိသတ်ပွဲတောင်းခံရတယ်။ တချို့နယ်တွေမှာ နှစ်ညကရင် နှစ်ည၊ သုံးညကရင် သုံးည 'ပန်ထွာကေရီ'ကိုပဲ ကပြခဲ့ရတာမျိုးတောင် ရှိခဲ့တယ်။ အဲဒီအော်ပရာကြီးတွေကြောင့်လည်း 'ပန်ထွာရွှေရွှေမြင့်'ဆိုတာ အခြား ခေတ်ပြိုင်မင်းသမီးတွေကြားထဲက ဟုန်းခနဲ ဖောက်ထွက်နိုင်ခဲ့တယ်လို့ပဲ ထင်တယ်ရှင့်။ ဆရာဦးမြတ်မှိုင်းရဲ့ ကျေးဇူးကြောင့်ပါ"

■

ဟုတ်တယ် အစ်မရေ။ အစ်မပြောမှပဲ။ ကျွန်တော်တို့တွေ 'ပန်ထွာကေရီ'ကိုမီအောင် ပွဲခင်းထဲအပြေးအလွှားဝင်ခဲ့ကြရ။ နီးနီးကပ်ကပ်ကြည့်လို့ရတဲ့ အငြိမ့်စင်ထောင့်မှာနေရာလုကြ။ 'ပန်ထွာကေရီ'ထဲက ဇာတ်ဝင်စကားတွေကို အလွတ်ရနေလို့ အငြိမ့်စင်အောက်က တစ်လုံးမကျန်လိုက်လိုက်အော်ကြ။ ပွဲခင်းထဲက ပြောင်းဖူးရိုးနဲ့ထုတာလည်း ပန်းနဲ့ပေါက်သလောက်ပဲ မှတ်ပြီး ရယ်ကျဲကျဲနဲ့ မျက်နှာပြောင်ခဲ့ကြတာကို အမှတ်ရမိသေးတော့တယ်။ တချို့ညတွေကျ အငြိမ့်စင်ရှေ့မှာ မသွားတော့ဘဲ ဈေးတန်းက အကြော်ဆိုင်၊ ဒါမှမဟုတ် အသံတွေကို ကောင်းကောင်း ကြားရနိုင်တဲ့ ခပ်လှမ်းလှမ်း လက်ဖက်ရည်ဆိုင်မှာ ဝိုင်းပြုံစုထိုင်ကြရင်း 'ပန်ထွာကေရီ'ကသိဏ်းရှုခဲ့ကြတာ၊ လက်ပံပင်ဇရပ်ကျခဲ့ကြတာကို သတိရ။ တကယ်ပါဗျာ။ လွမ်းပါသေးရဲ့။

"အော်ပရာလို့နှုတ်ကျိုးနေကြတဲ့ ညဥ့်ဦးယံပထာမက ဇာတ်တစ်ခေတ် အငြိမ့်စင်ပေါ်မှာ ခမ်းနားဝင့်ထည်လာခဲ့တာဟာ အငြိမ့်ဒီရေကို မြှင့်တင်လိုက်ခြင်းပါပဲ။

တကယ်တော့ သူတို့ဆီမှာလည်း Grand Opera ခေါ် Serious Opera နဲ့ Humour Opera ခေါ် Comic Opera ရယ်လို့ အကြမ်းဖျင်း နှစ်မျိုးရှိပါတယ်။ Grand Opera က အဆိုသက်သက်ဖြစ်ပေမယ့် Humour Opera က Spoken Language အပြောစကားနဲ့ Dialouge အပြန်အလှန်၊ အပေးအယူ ပြောဆိုသရုပ်ဖော်လေ့ရှိကြတယ်။

GO လို အဆိုသက်သက်ကတော့ ဒီမှာအင်မတန်ရှားပါတယ်။ ရွှေမန်းဦးတင်မောင်တောင်မှ နောက်ဆုံးတင်တဲ့ ဝဏ္ဏပထ (လှည်းသားငါးရာ) မှာသာ ဖန်တီးတင်ဆက်ဖြစ်ခဲ့ပါတယ်။ ကျန်အော်ပရာတွေမှာ အပြောမကင်းပါဘူး။ သို့ပေမယ့် ဒါတွေဟာ အော်ပရာမဟုတ်ဘူးလို့ ပြောလို့မရပါဘူး။

မန္တလေးအငြိမ့်စင်ပေါ်မှာ တချို့အော်ပရာတွေဟာ တေးသီချင်းအဆိုဇာတ် မဟုတ်ပေမယ့် ရမ်သမ်မလွတ်တဲ့ ကဗျာရွတ်ဆိုမှုများနဲ့ ဖွဲ့သီထားတာကို ထူးခြားစွာ တွေ့ထိခံစားခဲ့ရမှာပါ။ မန္တလေးအငြိမ့်အော်ပရာရဲ့ ထူးခြားတဲ့ ဝိသေသ လက္ခဏာတစ်ရပ်ပါပဲ။

ဒါတင်မက အဆိုရော၊ အပြောပါ လုံးဝမပါတဲ့ ဂီတကဇာတ်များလည်း အငြိမ့်စင်ပေါ်မှာ အထင်ကရဖူးပွင့်ခဲ့ဖူးရဲ့။ ရေခံမြေခံနဲ့ ရာသီဥတုရဲ့ တောင်းဆိုမှုအရ အမိပွာယ်ရှိရှိ ဖူးပွင့်လာခဲ့ကြတဲ့ ပန်းမျိုးတစ်ရာပါပဲ။

အခမ်းအနား အပြင်အဆင်နဲ့ ဝတ်စားဆင်ယင်မှု၊ တင်ဆက်မှုအရာတွေမှာလည်း ဇာတ်ကြီးများကတောင်ငေးကြည့်ခဲ့ကြရတယ်။ လိုက်တုခဲ့ကြရတယ်။ 'သဘင်အနှစ်မှ အမြင်သစ်သို့'ဆိုတဲ့ လမ်းကြောင်းပေါ်မှာ အခြေခိုင်ခိုင် လျှောက်လှမ်းနိုင်ခဲ့ကြတယ်။

ချင်းတွင်းချစ်သွေး၊ မောင်နေဦး၊ မြသောင်း၊ မောင်မြတ်မှိုင်း၊ ချစ်စရာ၊ မောင်နီမာ၊ ကိုကျော်တင်၊

*သစ်လွင်အငြိမ့်မှာ ပထမဆုံးစပြီး စင်တင်ကပြခဲ့တဲ့ "ပန်ထွာကေရီ"*
*အော်ပရာကြီးက ဝက်ဝက်ကွဲ အောင်မြင်ခဲ့တယ်*





www.burmeseclassic.com

www.burmeseclassic.com

ဘဂျမ်းတင်၊ ချမ်းမြေ့အေး အစရှိသူတို့ရဲ့ ကျေးဇူးတွေပါပဲ'' လို့ ဆရာဦးမြတ်မှိုင်း ရေးခဲ့ဖူးသလိုပါပဲ။ ၁၉၇၀၊ ၁၉၈၀ ဝန်းကျင်တစ်ပိုက်က သစ်လွင်၊ ရတနာပုံ၊ ရွှေရတနာ အငြိမ့်စင်ထက်က တကယ့်'အော်ပရာ' ကဇာတ်ကြီးတွေဟာ ကျွန်တော်တို့ရဲ့အတိတ်ကို အမှတ်ရချင်စရာ အလွမ်းဝင် တောကြီးထဲက အထင်ကရ အနုပညာ သစ်ပင်ကြီးတွေ ဖြစ်ဖူးခဲ့။

လွမ်းပါသေးရဲ့... အစ်မရယ်။

■

''အဲ... ကျွန်မတို့ 'သစ်လွင်'က ကပြခဲ့တဲ့ နာမည်ကြီးအော်ပရာကြီးတွေက 'ပန်ထွာဧကရီ'၊ နောက် 'မာယာအကျဉ်းသား'၊ နောက် 'ဂင်္ဂါမြစ်ရဲ့ကျေးကျွန်'။ ဒါတွေက အရမ်းအောင်မြင်ခဲ့တဲ့ အော်ပရာကြီးတွေပါ။

အောင်မြင်ရလောက်အောင်လည်း တကယ့်ကို ကြိုးကြိုးစားစား လုပ်ခဲ့ကြရပါတယ်။ ကျွန်မဆိုရင် 'ပန်ထွာဧကရီ' ကတော့မယ်ဆိုတော့ ဆရာဦးမြတ်မှိုင်းက ဆရာ နိုင်ဝင်းဆွေရေးတဲ့ 'မဟူရာမေတ္တာ'ဝတ္ထုစာအုပ်ကို ကျေညက်အောင် ဖတ်ခိုင်းထားတာရှင့်။ ဖတ်ခဲ့ရတာ။ အဲဒီတော့မှ ကိုယ်က ပန်ထွာဘုရင်မရဲ့ နေရာမှာ ရှာန် ဝင်စားပြီး သရုပ်ဆောင်လို့ရတာပေါ့။ စကားလုံး အဖြတ်အတောက်၊ လေယူလေသိမ်း၊ မျက်နှာအမူအရာ၊ မျက်စိအကြည့်၊ ကိုယ်လက်လှုပ်ရှားမှုတွေကို ဆရာက သေချာသင်ပေးတာ။ အတိအကျလိုက် လုပ်ရတယ်။ အပိုအလိုလုံးဝလက်မခံဘူး။ စာဖတ်ထားတဲ့ အခံလေးလည်းရှိတော့ လုပ်ရတာ ပိုပြီးအရသာရှိတယ်။

ဆရာဦးမြတ်မှိုင်းက အော်ပရာတစ်ခုကိုရေးပြီးဆိုရင် အဓိက ဇာတ်ရုပ်နေရာမှာ ဝင်ကမယ့် ''လူ'' ကို ကြည့်ပြီးရေးတာရှင့်။ အော်ပရာ အသစ်တစ်ပုဒ်ကို ဆရာရေးတော့မယ်ဆိုရင် အင်မတန်သိသာတယ်။ အငြိမ့်ခွင်စတည်တဲ့ ကရောင်းရိုက်တာကနေ ပွဲသိမ်းတဲ့အထိ အစအဆုံး တငြိမ့်တဆိမ့် ထိုင်ကြည့်တော့တာ။ တစ်ရက်နှစ်ရက် မဟုတ်ဘူး။ တစ်ပတ်၊ ဆယ်ရက်လောက်။ ဘယ်မင်းသမီး၊ ဘယ်လူရွှင်တော်က ဘယ်လောက်လုပ်နိုင်သလဲ။ ဘယ်လောက်အထိ ခိုင်းလို့ရမလဲ။ ဒီရှိနေတဲ့ မင်းသမီးတွေ၊ လူရွှင်တော်တွေရဲ့ အအုံအကျင်းနဲ့ ဘယ်လောက်အထိ ခွမ်းဆောင်နိုင်မလဲ။ စေ့စေ့စပ်စပ် ကြည့်တာ။ ပြီးမှရေးတာ။ ဒါပေမဲ့ အငြိမ့်ရဲ့သဘာဝက တစ်နှစ်၊ တစ်ရာသီပဲလေ၊ နောက်နှစ်ကျတော့ လူတွေက၊ အတွဲတွေက ပြောင်းရွှေ့ကုန်ပြန်ရော။ ဒီအတိုင်းတိုင်း ကမယ်ဆိုရင်လည်း နောက်လူအဖို့ အရမ်းခက်တယ်။ ရှေ့လူလုပ်သွားတာ၊ အောင်မြင်ထားတာကို မီအောင်လုပ်ဖို့က မလွယ်ဘူးလေ။ ဒါကြောင့် တစ်နှစ်မှာ အော်ပရာကြီးတစ်ပုဒ်ပဲ ကဖြစ်ခဲ့တယ်။

ပြီးတော့ ဆရာက သိပ်တိကျတယ်။ စာချပေးပြီဆိုရင်လည်း ''၏၊ သည်၊ မှ၊ က'' ကလေးတောင် အလွဲမခံဘူး။ တော်တော်ကျက်ရတယ်။ တချို့တွေဆိုရင် ဆရာ့စိတ်ကြိုက်ရအောင် အကြာကြီး ကြိုးစားပြီး ကျက်ကြရတယ်။ ဆရာက အတိအကျသမား။ အဲဒီလို ဆရာက တိတိကျကျ ဖိဖိစီးစီးလုပ်လိုက်လည်း ပိုပြီးတော့ အောင်မြင်တာပေါ့။ ပြောရရင် အဲဒီအချိန်က အော်ပရာဇာတ်ကြီးတွေ အောင်မြင်ခဲ့ရတာက ဆရာဦးမြတ်မှိုင်းရဲ့ စေတနာ၊ ပညာနဲ့ လုံ့လထုတ် ကြောင့်ကြစိုက်မှုတွေက အဓိကပဲရှင့်။

■

## *''ကျွန်မ အနုပညာသည်''*

''အသားကညွန၊ ခါးရင်လှပါတဲ့။ ငါးပဉ္စ ကောင်းခြင်း ကြည်ရွှင်ချိုချို၊ ဘရဏီခင် ဆိုလောက်ပါရဲ့၊ အိုကွဲ့ပျိုယမင်း။ မြတကာတွင်၊ မြဘုရင်၊ မြတွင်အချုပ်၊ မြအဖိုးတန်၊ မြမျိုးမှန်ပါတဲ့ ပြည်တန်ချုပ်။ အဖြစ်အသန်း၊ တစ်ဂဏန်းဖိုး၊ မန်းဦထင်ပေါ်၊ မဒီကျိုရတဲ့ ကရိုမောင်စိန်ရေ...၊ နံပါတ်ဝမ်းတစ်၊ ဂဏန်းစစ်၊ မန်းချစ်တဲ့အဆီ။ လေးတစ်ရာသိရဲ၊ မွေးစွာချိန်ပါတဲ့ကွဲ့... ငွေးငွေးမြင့်ကလေးမ တေးစလို့ ကြားရအောင်ခင်ဗျ...။

'ဆိုင်းသံကို ကြားရုံမျှရယ်နဲ့ မကာဘဲလည်း မနေနိုင်ပေါင် ပွဲကြိုက်တဲ့မောင်' ဆိုသလိုပဲ။ ကျွန်တော်တို့မန်းသားများ အငြိမ့်စွဲချက်က ကြီးသားပါကလားအစ်မရယ်။ စကားပီနားကြား လူရယ်လို့ဖြစ်လာကတည်း

*''ပန်ထွာဧကရီ'' ကတော့မယ်ဆိုတော့ ဆရာဦးမြတ်မှိုင်းက ဆရာနိုင်ဝင်းဆွေရေးတဲ့ ''မဟူရာမေတ္တာ''ဝတ္ထုစာအုပ်ကို ကျေညက်အောင် ဖတ်ခိုင်းထားတာရှင့်*

www.burmeseclassic.com

www.burmeseclassic.com

က ချိုမိုင်မိုင်နဲ့ လက်ချိုးခြေချိုး စခဲ့ကြတာကိုး။ အငြိမ့်ပိုး အသွေးထဲ၊အသားထဲအထိ ခိုနေ၊ အောင်းနေ၊ ကပ်နေ၊ မြဲနေကြတာကိုး။

ပတ်မသံက တထီထီနဲ့ ပွဲခင်းပြင် လူပင်လယ်ကြီး။ မီးရောင်တထိန်ထိန် အငြိမ့်ခုံ။ လူရှင်တော်'ဆရာဟားငနဲများ' ရှင်သမျှ၊ ပြက်သမျှ ဝါးလုံးကွဲ ရယ်ချလိုက်မဟဲ့လို့ ပါးစပ်ပြင်ထားတဲ့ ပွဲကြည့်ပရိသတ်။ မီးခိုးမှိုင်း တအူအူ ရေနံ့မီးခွက်တွေ၊ တန်းထိုးထားတဲ့ စုံစီနဖာ ဈေးတန်း။ ကောက်ညှင်းကျည်တောက်၊ နှမ်းမနဲ၊ မုန့်ပေါင်း၊ မုန့်ပျားသလက်၊ ရေမုန့်၊ ဘဲဥကြက်ဥ မုန့်သိုင်းခြုံတဲ့။ အငြိမ့်ကူးရာနောက် တရွှတ်သီထိုး တကောက်ကောက် တွဲလျက်ပါလာတဲ့ မြန်မာမုန့်ဆိုင်တွေ။ ၁၂ပွဲဈေးသည်တွေ။ ဘူးသီးက ဖီလင်၊ အချဉ်က အရသာ။ လာကြည့်… စားကြည့်။ မတန်ရင် ပန်းကန်ရိုက်ခွဲပစ်ခဲ့' လို့ ခပ်ရဲရဲ အာဝဇ္ဇန်းရှင် ထားတတ်တဲ့ ကြော်ငြာသင်ပုန်းတွေ တလွှားလွှားနဲ့ ဒေါ်ပုကြီးတို့၊ ဘထွေးဦးညိုရောင်တို့၊ ခင်မာသီ- ခင်မာရီတို့ အကြော်စုံ စားပွဲဝိုင်းတွေမှာလည်း လူတွေ လူတွေ ဟီးလို့ပါကော။ ပွဲမထွက်ခင် ဈေးတန်းထဲ လျှောက်နေကြတဲ့ လူအုပ်။ တိုးမရခွေ့မရ ဖုန်တလုံးလုံး၊ ချွေးတလုံးလုံး။

အငြိမ့်ကြည့်ရင်း အဲဒီ အရသာတွေကို အစွဲကြီး စွဲခဲ့ပေါ့။

'ပွဲသွားကြော့ကြော့၊ပွဲပြန်မော့မော့' လို့ ဘယ်သူက ဘယ်လို ကဲ့ရဲ့ကဲ့ရဲ့ မဖြုံပေါင်။ ပတ်မသံ'ထီ'ခနဲ ကြားရင် အငြိမ့်ပိုးတွေက တရှုရှု။ ခြေထောက်တွေက အငြိမ့်ဆီ အလိုလိုသဝေထိုး။

လာဟေ့…လာဟေ့၊ အငြိမ့်ပွဲသွားရအောင်။

လာဟေ့…လာဟေ့၊ 'လမင်းတစ်ရာ' သွားကြည့်ရအောင်။

လာဟေ့…လာဟေ့၊ ပန်တျာငွေးငွေးမြင့် သွားကြည့်ရအောင်။

■

''ကျွန်မက 'ရွှေရတနာ' မှာ ရှေ့ထွက်နှစ်နှစ်က

ခဲ့တယ်။ 'သစ်လွင်' မှာ ခေါင်းဆောင်မင်းသမီးအဖြစ်နဲ့ သုံးနှစ် ကခဲ့ပါတယ်။ အငြိမ့်မင်းသမီးရယ်လို့ အငြိမ့်ခုံပေါ်မှာ တစိုက်မတ်မတ် ကဖြစ်ခဲ့တာ အဲဒီငါးနှစ်ပါပဲ။ နောက်ပိုင်းမှာ 'လမင်းတစ်ရာ' အငြိမ့်ထောင်တယ်။ ပရိသတ်က တောင်းဆိုတဲ့ပွဲတွေမှာ ဧည့်သည်တော်အဖြစ် ကဖြစ်တယ်။ မင်းပွဲစိုးပွဲ၊အထူးသီးသန့်ပွဲတွေဆိုရင်လည်း ကတယ်။ အကနဲ့ကတော့ ပြတ်တယ်ရယ် မရှိပါဘူး။ အခုထိလည်း အခွင့်သင့်ရင် ကနေတုန်းပါပဲ။

ပန်တျာကျောင်းကို တက်ခဲ့တာက ၆၉-၇၀-၇၁ ခုနှစ်ရှင့်။ သုံးနှစ် သဘင်ပညာကို စနစ်တကျ သင်ယူခဲ့ရပါတယ်။ အငြိမ့်သဘင်ကို စဝင်တာက ၇၁-၇၂ မှာ ရွှေရတနာအငြိမ့်။ ၇၃-၇၄-၇၅ က သစ်လွင်အငြိမ့်။

အဲဒီခေတ်တုန်းကတော့ မန်းလေး (မန္တလေး) မြို့ပေါ်မှာတင် အငြိမ့်က ၃၆ ငြိမ့်လောက် ရှိတာကိုးရှင့်။ ရွှေမန်းသူမြင့်မြင့်သန်း၊ ကျောင်းသူမချိုတူး၊ ထိပ်သီးသန်းသန်း၊ မြို့တော်ချိုသဲ၊ ရတနာပုံမိမိခိုင်၊ ဥမ္မာမြင့်၊ ငြိမ်းချမ်းရေးခင်စောထွေး စသဖြင့်ပေါ့လေ။ ထိပ်သီးမင်းသမီးကြီးတွေ အပြိုင်ကြဲကြရတဲ့ ခေတ်ကိုး။ အဟုတ်တကယ်ကို ရေကုန်ရေခန်း အလုပ်လုပ်ကြရတာ။ ပင်လည်းပင်ပန်း ပျော်ဖို့လည်းကောင်းကိုးရှင့်။ သဘင်ရည်ပြည့်တဲ့ လူရှင်တော်ကြီးတွေကလည်း အုံနဲ့ကျင်းနဲ့ရှိနေကြသေးတာကိုး။ ရှေးအငြိမ့်နဲ့ ခေတ်အငြိမ့်က အခုလို ခါးဆက်ပြက် မသွားသေးဘူး။ ပေါင်းကူးပေးမယ့် ပညာရှင်ကြီးတွေက အဆို၊ အက၊ အတီး အဘက်ဘက်မှာ လက်ညှိုးထိုးမလွဲ ရှိနေသေးတယ်။

ပန်တျာကရလာတဲ့ အခြေခံသဘင်ပညာကို အဲဒီလို သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေဆီမှာ ဆည်းပူးပြီးဖြည့်ကြရတာ။ ကရင်းသင်၊ သင်ရင်းကပေါ့။ သဘင်ပညာဆိုတာကလည်း ဘယ်တော့မှ သင်လို့မဆုံးနိုင်တဲ့ မပြည့်အိုးကြီးကိုး။ ဖြည့်နေရတာပါပဲ။

ကိုယ်ဘာသာကြိုးစားပြီး ကနေရုံနဲ့လည်း မပြီးသေးဘူး။ ဘေးပတ်ဝန်းကျင်က သူများ အငြိမ့်တွေ ဘယ်လိုနေသလဲ၊ ဘာတွေ အလုပ်လုပ်နေသလဲကိုလည်း အမြဲသိအောင် ကြိုးစားနေရတာပေါ့ရှင့်။ ရတနာပုံအငြိမ့်က ဆရာကိုချစ်စရာရဲ့ 'လောဘကန့်လန့်ကာ' တို့၊ 'လက်ာ

*သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေဆီမှာ ဆည်းပူးပြီးဖြည့်ကြရတာ။ ကရင်းသင်၊ သင်ရင်းကပေါ့။ သဘင်ပညာဆိုတာကလည်း ဘယ်တော့မှ သင်လို့မဆုံးနိုင်တဲ့*

www.burmeseclassic.com

ဒီပချစ်သူ'တို့၊ 'ဝေသာလီ'တို့လို အော်ပရာကြီးတွေက ဝက်ဝက်ကွဲ အောင်မြင်တာကိုး။ အငြိမ့်ခွင်တွေမှာလည်း ဩဇာတိက္ကမကြီးတဲ့ မင်းသမီးကြီးတွေ ကနေတုန်းကိုး။ သူတို့ ဘယ်လိုကကြသလဲ၊ ဘယ်လိုဆိုကြသလဲ၊ ဘယ်လို ပြောကြသလဲ။ လိုက်ကြည့်၊ လိုက်အတုခိုးရတာပဲရှင်။ ပညာတွေကိုး။ သူတို့နဲ့မတူအောင် ကိုယ်ဘာလုပ်ပြနိုင်မလဲ။ လုပ်ပြမလဲ။ တစ်အားကြိုးစားပြီး အလုပ်လုပ်ခဲ့ရပါတယ်။

နောက်… ကျွန်မတို့ မန်းလေးအငြိမ့်တွေက အငြိမ့်သီချင်းတွေကို သေသေချာချာ လုပ်ကြရပါတယ်။ ပွဲကြည့်ကလည်း မက်မက်စက်စက် အရသာခံတတ်တယ်။

အမေ လေဘာတီဒေါ်မြရင်ရဲ့ သီချင်းတွေကို နားထောင်ချင်လို့ ကျွန်မကတာကို လာကြည့်ကြတဲ့ ပွဲကြည့်မျိုးတွေတောင် ရှိတယ်ရှင့်။

အဲဒီတော့ ကိုယ်ပိုင် အငြိမ့်သီချင်းကောင်းကောင်းရှိဖို့၊ ရှေးဆရာ့ဆရာ မင်းသမီးကြီးတွေရဲ့ အငြိမ့်သီချင်းတွေကို ဆုပ်ဆုပ်ခဲခဲရထားဖို့ သိပ်ကြိုးစားခဲ့ရတာရှင့်။

အဲဒီတုန်းက အခုလို လူရွှင်တော်ခေတ် မဟုတ်ဘူးရှင့်။ မင်းသမီးခေတ်။ ပွဲငှားက ရှေ့ထွက်၊ အလယ်ထွက်၊ ခေါင်းဆောင်မင်းသမီး ဘယ်သူလဲ။ မင်းသမီးကြည့်ပြီး ပွဲငှားကြတာကိုး။

နောက်… ကျွန်မ ကံကောင်းခဲ့တာက ကျွန်မ အငြိမ့်ကခဲ့တဲ့ သက်တမ်းမှာ ကိုယ်ကမှီခိုနိုင်တဲ့၊ ကိုယ့်ကို 'ပို့'ပေးနိုင်တဲ့ သဘင်ရည်ပြည့်တဲ့ လူရွှင်တော်ကြီးတွေနဲ့ တွဲကခွင့်ရခဲ့တာပဲရှင့်။ ဦးတက်တိုး၊ ဦးပေါစိန်၊ ဦးမျိုးချစ်၊ ကိုမိုးဟိန်း။ တကယ့်… ထိတ်တွေချည်းကိုး။ အဲဒါကြောင့်လည်း အငြိမ့်သဘင် တစ်ခေတ်မှာ 'သစ်လွင်အငြိမ့်'နဲ့ အတူ 'ပန်တျာငွေးငွေးမြင့်'လို့ နာမည်လေးတစ်လုံး ရခဲ့တာပေါ့ရှင်"

■

"အဲ… အဲဒီတုန်းကတော့ အငြိမ့်သဘင်က သမားစဉ်က မပျောက်သေးတဲ့ ခေတ်ကိုးရှင့်။ အတီးရော၊ အဆိုရော၊ အကရော၊ အငြိမ့်ခန်းရော သမားစဉ်အတိုင်း အလုပ်လုပ်ကြရတာ။ အရိုးကို အရွက်မဖုံးသေးဘူးရှင့်။

အငြိမ့်ဆိုင်းစတီးတဲ့ 'မြင်းတက်ကရောင်း' ကနေ ပွဲသိမ်းတဲ့အထိ အငြိမ့်သမားစဉ်အတိုင်း သွားတာ။ ဘာစတိတ်ရှိုးတွေ၊ ဘာ dancer တွေ၊ တေးသရုပ်ဖော်တွေမှ မရှိသေးဘူး။ တကယ့်ကို အငြိမ့်စစ်စစ် မူအတိုင်း သွားခဲ့ကြတာ။

နောက် 'သစ်လွင်'ကို ဆရာဦးမြတ်မှိုင်းရောက်လာတော့ အငြိမ့်တီးဝိုင်း၊ အငြိမ့်ခုံပေါ်ကို Air လို့ခေါ်တဲ့ ဆက်ဆိုဖုန်း၊ ထရမ်းပက်၊ ကလဲရီနက်၊ အော်ဂင်စတဲ့ လေမှုတ်တူရိယာတွေကို စပြီးတင်လာတယ်။ အတီးဝိုင်းက သိပ်မြိုင်သွားပြီ။ ပွဲကြည့်ကလည်း ဒီဩခက်စတြာဆန်ဆန် သံစုံတီးဝိုင်းကြီးရဲ့ အသံတွေကို ကြိုက်တတ်လာကြပြီပေါ့။ မန်းလေးက မြို့မတို့၊ မိုးကေသီတို့ အစွဲကိုးရှင့်။ ဆရာမြို့မငြိမ်းရဲ့ဂီတကို သိပ်စွဲလမ်းတဲ့မြို့ကိုး။ အဲဒီမှာ အတီးဝိုင်းက အဲယားခေတ်တစ်ခေတ် ထူထောင်နိုင်ခဲ့တယ်။ သမားစဉ်ဖြစ်တဲ့ မြင်းတက်ကရောင်းနေရာမှာ အဖွင့်တီးလုံး၊ ပဏာမဧည့်ခံတီးလုံးဆိုပြီး မြိုင်မြိုင်ဆိုင်ဆိုင်ကြီး၊ ဝေဝေဆာဆာကြီး စဖွင့်နိုင်ခဲ့တာပေါ့။ ပွဲကြည့်ကလည်း သိပ်သဘောကျတာရှင့်။

အဲဒီလို အဖွင့်တီးလုံးကို မြိုင်မြိုင်ကြီးတီးပြီးမှ ဧည့်ခံသီချင်းဆိုကြတာ။ ရှေ့ကို မထွက်ဘူးရှင့်။ ကန့်လန့်ကာနောက်ကပဲ ဆိုရတာ။ သီချင်းကလည်း အခန့်သီချင်းတွေပေါ့။

ပြီးမှ စောစောက ကျွန်မပြောတဲ့ အော်ပရာကဇာတ်ကြီးတွေ ဝင်တာ။ ပြီးတော့… အငြိမ့်ခန်း။ အငြိမ့်ခန်းကိုတော့ အတော်ကို အသားပေးပြီး ကကြရပါတယ်၊ အငြိမ့်သဘင်ရဲ့ တကယ့်အနှစ်ကိုးရှင့်။ ဒါ… အဲဒီခေတ်က ကျွန်မတို့ အလုပ်လုပ်ခဲ့ကြပုံ။ ဒီတော့ရင် အဲဒီတုန်းက အငြိမ့်မင်းသမီးများဟာ နာမည်ကျော်ရင် ကျော်သလောက် တကယ့်ကို စူးစူးစိုက်စိုက်၊ ကြိုးကြိုးကုတ်ကုတ် အလုပ်လုပ်ခဲ့ရပါတယ်ရှင်။ နာမည်တစ်လုံးကို ပညာနဲ့၊ အလုပ်နဲ့ ထူထောင်ကြရပါတယ်။

■

*ဆရာမြို့မငြိမ်းရဲ့ဂီတကို သိပ်စွဲလမ်းတဲ့မြို့ကိုး။ အဲဒီမှာ အတီးဝိုင်းက အဲယားခေတ်တစ်ခေတ် ထူထောင်နိုင်ခဲ့တယ်*



www.burmeseclassic.com

www.burmeseclassic.com

### *"ဤသို့ဖြင့်… တစ်တောလုံးကြွေ"*

[သူလေ လာပါရင်… 'မဒွေးမြင့်' လာပါရင် … ဝမ်းမြောက်လို့ ပီတိရှင်… ပြည်သူတွေ အလွန်ချစ်ခင်။]

**ချစ်ခင် နွေးထွေးလှတဲ့ ပရိသတ်များကို နှုတ်ခွန်းဆင်… ကမ္ဘာမြေလောကတွင် အလှအပတွေ ဝေဝေလွှင်… လဝန်းရွှန်းမြ 'ည' သဘင်… ဆုံတွေ့ရတာ မင်္ဂလာပင်…။**

■

"ရန်ကုန်အငြိမ့်မင်းသမီးနဲ့ မန္တလေးအငြိမ့်မင်းသမီး ဘာကွာသလဲကြည့်တော့၊ ဟိုတုန်းက ဆိုင်းတွေလိုပဲ အထက်လက်၊ အောက်လက် (အထက်မူ-အောက်မူ) မတူကြဘူး။ သင်ရိုးချင်းတူတာတောင် အကမတူတာမျိုးပေါ့။ မင်းသမီးတွေချင်းမှာလည်း ပန်တျာချင်းမတူတာ၊ သမားစဉ် သင်ကြားနာယူမှု အကမတူတာလေးတွေ ရှိပါတယ်။

ရန်ကုန်က ခေတ်မီ မြို့တော်လည်းဖြစ်၊ နိုင်ငံရပ်ခြားနဲ့ ကူးလူးဆက်ဆံရတဲ့ မြို့ဆိုတော့ သဘင်အမွေ အနှစ်ယူတဲ့နေရာမှာ ကပြားဟန်တွေ ပါပါတယ်။ အသွက်က များတာလည်းပါတယ်။ ထွက်လာတာနဲ့ တူးပေါင်ဖေကျိ… ဖေပို့ပေးကျိ… တပ်တပ်တပ်…ဂျိန်းဂျိန်း… ဆိုတာတွေနဲ့ လှုပ်ထွက်လာတာ များတယ်။ သည်ဆိုင်းချက်ထဲ မင်းသမီးလည်း မီအောင်ကတာပဲ။

မန္တလေးကျတော့ တကယ့်ကို အငြိမ့်ကခေါ်မှာပေါ့။ ဘုရင့်လက်ထက်တော်က ဆင်းလာတော့ ငြိမ့်ငြိမ့်ညောင်းညောင်းရှိတယ်။ ဒါကျွန်တော်မြင်တာကို ရိုးရိုးသားသားပြောတာပါ။ ပညာရှင်တွေကတော့ ပိုသိမှာပေါ့။

ယဉ်ကျေးမှု ထိန်းသိမ်းလာခဲ့တဲ့ အစဉ်အလာရယ်၊ မန္တလေးသူဆိုပြီး ဆင်းသက်လာမှုရယ်၊ ဒေါ်သြဘာသောင်းရဲ့ နည်းနာတွေရယ်ပေါင်းပြီး မန္တလေးမင်းသမီးက အယဉ်က ဦးစားပေးတယ်။ ဒါအခုအထိလည်း ကွာခြားဆဲပါပဲ။ ဆိုပါတော့။ မင်းသမီး နှုတ်ဆက်တာတောင် လူရွှင်တော်ကို မန္တလေးက 'လေးလေး'၊ 'ဦးလေး'၊ 'ဦးဒီပါ' စသဖြင့် ခေါ်တတ်ကြတယ်။ ရန်ကုန်က 'အစ်ကိုရေ'၊ 'ကို… ရေ'၊ 'ကိုကို… ရေ' ဆိုတာမျိုးနဲ့ နှုတ်ဆက်ပါတယ်။ စတိုင်တွေ ကွာတယ်။ ကြာ၊ ဗျာပါတွေကွာတယ်"လို့ အစ်မနဲ့အကြာကြီး အလုပ်လုပ်ခဲ့ဖူးတဲ့ မန္တလေးအငြိမ့်လူရွှင်တော်ကြီး ဦးကျော်ကြား ပြောဖူးသလိုပါပဲ။

ကျွန်တော်တို့ မန်းသားများဟာ အငြိမ့်ဆိုရင် မန်းဟန်မန်းအငြိမ့်မှပဲ အငြိမ့်ပီတယ်လို့ ထင်ကြတာကလား။

အဲ… အဲဒါတွေက ဟိုးအတိတ်က။

အခုတော့ဖြင့် မန်းမြေမှာ အငြိမ့်သဘင်က ကွယ်သလောက်၊ ပသလောက်ဖြစ်ခဲ့ပြီ။ အငြိမ့်ရယ်လို့ မည်မည်ရရ သုံးငြိမ့်လောက်ပဲ ရှိတော့သတဲ့။ အငြိမ့်သဘင်ခေတ်ကြီး ပျောက်ခဲ့ပြီ။

ဘယ်လိုများဖြစ်ရပါလိမ့်… အစ်မရယ်။

■

"တကယ်ပြောကြရရင်တော့ ကျွန်မတို့သဘင်အနုပညာကို အစိုးရပိုင်းက နှစ်နှစ်ကာကာ အားမပေးဘူးရှင့်။ အားမပေးရခြင်း အကြောင်းကလည်း သူတို့ကိုထိခိုက်မှာ စိုးရိမ်တာကိုး။ ဧဧ- အရေးအခင်းကြီးရဲ့နောက်ပိုင်း ပွဲမိန့်မပေးတော့တာ။ ပွဲမိန့်တင်တဲ့အခါ ပွဲငှားကို ဝန်ခံကတိလက်မှတ် ထိုးခိုင်းတာတို့ လုပ်ကြတဲ့အတွက် အငြိမ့်ကရဖို့က သိပ်ခက်သွားတယ်။ အစိုးရက လူစုလူဝေးဖြစ်မှာ၊ လူတွေစုစည်းမှာကို မလိုချင်တာ။ မမြင်ချင်တာ။ သိတဲ့အတိုင်းပဲ သဘင်သည်ပါးစပ်၊ လူရွှင်တော်ပါးစပ်ဆိုတာက လွယ်တာမှ မဟုတ်တာကိုး။ အမြင်မတော်၊ အကြားမတော်ဆိုရင် အငြိမ့်စင်ပေါ်က တွယ်ရင်တွယ်ချပစ်တတ်တာ။ ဘာမှ သိပ်ဂရုစိုက်နေတာ မဟုတ်ဘူး။ အဲဒီတော့ ပွဲငှားက တာဝန်ခံဖို့ကြောက်တော့ အငြိမ့်ကဖို့အခွင့်အရေးတွေက နည်းနည်းလာတာပေါ့။ အငြိမ့်တွေလည်း ရပ်တည်ဖို့ ခက်ခက်လာပြီး တဖြည်းဖြည်း ဆုတ်ယုတ်လာတာပဲ။

ပြီးတော့ အနုပညာဖန်တီးမှုအပိုင်းမှာ တင်းတာကျပ်တာတွေက တစ်အားများလာတယ်။ အလုပ်လုပ်ရတာ

***ရန်ကုန်က ခေတ်မီမြို့တော်လည်းဖြစ်၊ နိုင်ငံရပ်ခြားနဲ့ ကူးလူးဆက်ဆံရတဲ့ မြို့ဆိုတော့ သဘင်အမွေ အနှစ်ယူတဲ့နေရာမှာ ကပြားဟန်တွေ ပါပါတယ်***





www.burmeseclassic.com

www.burmeseclassic.com

အရှိန်ခက်ခဲတယ်။ ကြိုးစားအားထုတ်ဖို့ အားသိပ်မရှိချင်တော့ဘူး။ အဲဒီမှာလည်း သဘင်ပညာပိုင်းက ကျဆင်းလာတယ်။ ပြီးတော့ အဲဒီလိုဖြစ်တာကြီးက ခဏကလေးလည်း မဟုတ်ဘူး။ နှစ်အကြာကြီး တောက်လျှောက်ကြီးဖြစ်ခဲ့တာဆိုတော့ရင် အဲဒီအုပ်ချုပ်ရေးစနစ်ကြီးက သဘင်ပညာ၊ အငြိမ့်သဘင်ကို သင်းသတ်ပစ်လိုက်သလို ဖြစ်တာပဲ။ သဘင်က မတ်တတ်နာလေ၊ တဖြည်းဖြည်းနွမ်းခြောက်ပြီးတော့ သေရော။ အဲဒီလိုရှင့်။

ဒီဘက်မှာ သဘင်သမားတွေ ဘဝမလှတဲ့အချိန်၊ အငြိမ့်သဘင် ဖောက်ထိုးမိုးမျှော် ကျဆင်းနေတဲ့အချိန်မှာမှ ခေတ်မီဖျော်ဖြေရေးတွေက အိမ်ထဲအထိရောက်လာခဲ့တယ်။ နေရာယူလာပြန်တယ်။ အဲတော့ ဘယ်သူမှအချိန်၊ အအေးဒဏ် ကရိကထခံပြီး အငြိမ့်ကို တခုတ်တရ ထွက်မကြည့်ဖြစ်ကြတော့ဘူး။ အဲဒါလည်း အငြိမ့်သဘင်ပျောက်ကွယ်ခြင်းရဲ့ ကြီးစွာသော အကြောင်းတစ်ခုပဲ။

နောက် အနုပညာသမားတွေ နယ်ကူးတာ၊ ခင်းကူးတာ၊ ရုပ်ရှင်သမားတွေ၊ ဂီတသမားတွေက အငြိမ့်သဘင်နေရာကို ဝင်လာတာ။ ရုပ်ရှင်မင်းသမီးတွေက အငြိမ့်မှာ မင်းသားတွေက လူရွှင်တော်လုပ်၊ ပြီးတော့ သူတို့က ပြောသေးတာ။ ‘အမြဲတမ်း အငြိမ့်တွေ ကြည့်လာတာဆိုတော့၊ ဒါတွေကို လုပ်လို့ရနေတာပေါ့’တဲ့။ တကယ်က သဘင်ပညာ၊ အငြိမ့်ပညာဆိုတာ လွယ်လွယ်လေးနဲ့ ရတတ်တဲ့ပညာ၊ ကြည့်ရုံနဲ့ တတ်တဲ့ပညာ မဟုတ်ဘူးရှင့်။ အငြိမ့်သဘင်မှာ မင်းသမီးက ကိုယ်တိုင်ဆိုတတ်ရမယ်။ ကိုယ်တိုင် ပြောတတ်ရမယ်။ ကိုယ့်ကကွက်ကချိုးကို ကိုယ်ဘာသာတီထွင်ပြီး ကနိုင်ရမယ်။ အခြေခံကကွက်ကချိုးတွေကို ကျေညက်ရမယ်။ ပိုင်ရမယ်။ နောက်က စီဒီလေးဖွင့်၊ တစ်ပွဲထိုး ကဖြစ်ရုံ၊ ခြေချိုးလက်ချိုးလေးတတ်ရုံ ဆောက်သင်ပြီး အငြိမ့်ကနေကြတော့ ဒီသဘင်ပညာမှ ပျောက်ရင် ဘယ်ခံနိုင်ပါတော့မလဲရှင်။ ပျက်စီးရာပျက်စီးကြောင်းတွေ ဖြစ်ပြီပေါ့။ သဘင်ပညာနဲ့ လုပ်စားနေကြရတဲ့ အနုပညာသည်တွေအဖို့ အများကြီးနစ်နာတာပေါ့။

အဲတော့… အဲဒီလို အကြောင်းတရားပေါင်းစုံနဲ့ နှစ်ကာလရှည် ပျက်စီးလာခဲ့တဲ့ အငြိမ့်သဘင်ကို ပြန်ဆယ်မကြဖို့၊ ပြန်ထူထောင်ကြဖို့ ဆိုတာကတော့ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ တစ်ဖွဲ့ကောင်းနဲ့တော့ ခရေနိုင်လောက်တော့ဘူး ထင်တယ်ရှင့်။ ကာယကံရှင်အငြိမ့်ပညာသည်တွေနဲ့ အငြိမ့်သဘင်ကို မြတ်နိုးတဲ့သူတွေ အားလုံး ပူးပေါင်းလုပ်ကြမှပဲ ချုံးချုံးကျသွားမယ့် အခြေအနေကို ထိန်းနိုင်ရုံလောက် ရှိမယ်တော့ထင်တယ်။

အခုပဲကြည့်တော့ရှင်။ အငြိမ့်မြို့တော်၊ သဘင်မြို့တော်ကြီးဖြစ်ခဲ့တဲ့ မန္တလေးမှာ အငြိမ့်သုံးငြိမ့်ပဲ အလုပ်လုပ်နိုင်တော့တယ်။ ငွေရင်းငွေနှီး အများကြီးနဲ့ရင်းနှီးထားပေမယ့်လည်း အကရာသီ၊တစ်ရာသီကုန်လို့ စာရင်းရှင်းကြရင် အမြတ်ရဖို့ နေနေသာသာ အရင်းကြေဖို့ကို မလွယ်တော့ဘူး။ အခြားလုပ်ငန်းကို ပြောင်းလုပ်ဖို့လည်း အခြေအနေကမပေးတော့ ရပ်တည်နိုင်အောင်ကို မနည်းလုပ်နေကြရတာပါ။ ပွဲကြည့်ဖြစ်တဲ့ ပြည်သူလူထုမှာလည်း အငြိမ့်တစ်ငြိမ့် ငှားကြည့်ရလောက်အောင် စီးပွားရေးက သောင်သောင်သာသာ၊ ရွှင်ရွှင်ပျပျမရှိကြလေတော့ အငြိမ့်သဘင်နာလန်ထူဖို့ဆိုတာက အားမရှိစရာဘဲရှင်။ ကျတာက တော်တော်လေးကို ဖောက်ထိုးကြီးကျနေတော့ရင် အဲဒါကိုပြန်ဆွဲတင်ဖို့က အချိန်တွေ အများကြီးပေးပြီး တော်တော်ကို အားထုတ်ကြမှပဲ။

အင်း…ကျွန်မက အငြိမ့်မင်းသမီးတစ်ယောက်ဆိုတော့ရင် ကျွန်မတို့မန္တလေးမှာ အငြိမ့်တွေအပြိုင်အဆိုင် စည်ပင်ဖွံ့ဖြိုးခဲ့တဲ့ ၁၉၇၀-၇၅ ဝန်းကျင်က ကာလမျိုးကို ပြန်ပြီး မြင်ချင်တွေ့ချင်တာပေါ့ရှင်။ ပိုင်းပြီးလည်း မြေတောင်မြှောက်ပေးစေချင်တယ်။ အဲဒါကတော့ ကျွန်မ အမြဲမက်နေမိတဲ့ အိပ်မက်ပါပဲရှင်။

■

“မင်းသမီးကလေး မောပါပြီ၊
ကျုပ်တို့ ရွှေမင်းသမီးကလေး မောပါပြီ။
ချောဒါရှုပွဲလယ် မမုန်းအောင်
ပွဲစဉ်တစ်လျှောက် အလျှမ်းကျော်သမို့
မန်းမော်ဝေလှ အချိန်မတိုးရအောင်
ကိုင်း… ရွာစား၊ တိမ်ထိုးလို့ ပေးပါဦးများ။

■

*အငြိမ့်သဘင်မှာ မင်းသမီးက ကိုယ်တိုင်ဆိုတတ်ရမယ်။ ကိုယ်တိုင် ပြောတတ်ရမယ်။ ကိုယ့်ကကွက်ကချိုးကို ကိုယ်ဘာသာတီထွင်ပြီး ကနိုင်ရမယ်*



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



( ၁ )

ထွန်းထွန်းလင်း။

ပန်းချီရေးတဲ့ Tun.T.Lin

အမေရိကန်ပြည်ထောင်စုမှာ နေထိုင်သည်။

ဟိုမှာ အစားအသောက်နှင့် ပတ်သက်သော လုပ်ငန်း အသေးစားလေးတစ်ခုကို ကိုယ်တိုင်၊ ကိုယ့်လက်၊ ကိုယ့်ခြေ လုပ်ကိုင်သည်။

အလုပ်လုပ်နေရင်းလည်း သူ့စိတ်က ပန်းချီ။

ပန်းချီ။

ပန်းချီ။

ပန်းချီထဲမှာပဲ စိတ်ရောက်။

ပန်းချီကိုပဲ စိတ်ကလွယ်ပိုး။

ပန်းချီကိုပဲ စိတ်ကမွေးဖွား။

အားတာနှင့် ပန်းချီပြခန်းများသို့ သွား။

ထို့နောက်

ကိုယ့်အခန်းထဲ ပြန်ဝင်။ ပန်းချီရေး။

( ၂ )

Tun.T.Lin

၂၀၁၆၊ မိုးဦးရာသီ။

ယောမင်းကြီးလမ်း၊ Gallery 65 မှာ သူ တစ်ကိုယ်တော် ပြပွဲ လုပ်သွား၏။

မြန်မာနိုင်ငံသို့ ခေတ္တပြန်ခိုက်မှာ သူ့တစ်ကိုယ်တော် ပြပွဲလေးကို လုပ်ဖြစ်အောင် လုပ်သွားသည်။

ကျွန်တော် ရောက်ပါသည်။

# Tun.T.Lin

**မောင်ကိုကို(အမရပူရ)**



www.burmeseclassic.com

www.burmeseclassic.com

တစ်ခေါက်မက။
သုံးခေါက်၊ လေးခေါက်။
သူ့ပန်းချီကားများကို ကျွန်တော် ကြည့်သည်။
အရသာရှိသည် မဟုတ်ပါလား။

( ၃ )

ပဲခူးတိုင်း၊ နတ်တလင်းမြို့နယ်၊ ကြီးကြာကန်ကျေးရွာမှာ သူ့ကို မွေးဖွားသည်။ ၁၉၈၂၊ ဖေဖော်ဝါရီ၊ ၂၅။

ဖခင် ဦးကျော်သန်း (ကျွန်းမာရေးမှူး)။
မိခင် ဒေါ်လှလေး။
ထွန်းထွန်းလင်းတို့မှာ မောင်နှမငါးယောက်ရှိ။
သူတို့အိမ်က နှစ်ထပ်အိမ်ကြီး။
စားရေးသောက်ရေး ပူပင်သောက မရှိ။
သူသည် လွတ်လွတ်လပ်လပ် နေထိုင်၏။
သူ့အဖေကလည်း သူ့ကို အားပေး၏။

"အေး… မင်းကြီးရင် ရန်ကုန်က ပန်းချီဆရာတစ်ယောက်ဆီမှာ အပ်ပေးမယ်"

သူသည် ငယ်စဉ်ကပင် အိပ်မက်မက်ခဲ့၏။
ရန်ကုန်မြို့က ပန်းချီဆရာထံမှာ ပန်းချီသင်မည်။

ကလေးဘဝကတည်းကပင် သူသည် ပန်းချီကိုသာ တိမ်းညွတ်၏။

သူ အရောင်စပ်သည်။
မီးသွေးခဲ၊ ဆန္ဒင်းမှုန့်တို့၊ ဘာတို့သုံး၏။
ရရာ စက္ကူပေါ်တွင် အရုပ်ရေးသည်။
သူက Postrait ဘက်မှာ အားသန်၏။

"ရွာထဲမှာပဲ ဘီလပ်မြေအိတ်ခွံတွေ အများကြီးရလိုက်တယ်။ အထဲကအထပ်က စက္ကူတွေက သိပ်ကောင်းတယ်။ အဲဒီစက္ကူတွေရတော့ ကျွန်တော် အရမ်းပျော်သွားတယ်"

သူ့ရွာမှာ စာအုပ်အငှားဆိုင်ရှိ၏။
ရွာက ရွာကြီးတစ်ရွာ။
သူက ရုပ်ပြစာအုပ်များကို ငှားငှားလာ၏။
အရုပ်တွေကို သူကြိုက်သည်။
ကူးကူးရေး၏။

( ၄ )

မိဘများသည် သားသမီးများကို ဘာလုပ်ရမယ်၊ ညာလုပ်ရမယ်၊ ဘာဖြစ်ရမယ်၊ ညာဖြစ်ရမယ် ဟူ၍ မပြော။

လမ်းညွှန်ချက် မပေး။
ကြိုက်သည့်အရာကို လုပ်။
ကြိုက်သည့်လမ်းကို လျှောက်။

( ၅ )

သူသည် ငယ်စဉ်ကတည်းကပင် တစ်ယောက်တည်း နေထိုင်ရခြင်း၌ ခုံမင်၏။
အိမ်ကြီး၏ အပေါ်ထပ်။
သူ တက်။ သူ စာဖတ်။ သူ ပန်းချီရေး။

( ၆ )

၁၉၉၈။ ထွန်းထွန်းလင်းသည် ရန်ကုန်မြို့ရှိ ပန်းချီကျောင်းသို့ ပန်းချီပညာ သင်ကြားရန် ရောက်ရှိသွား၏။

ရန်ကုန်မြို့၊ လသာမြို့နယ်မှာ အဘွားလေးရှိ၏။ အဘွားအရင်း၏ ညီမအရင်း ဖြစ်သည်။ အဘွားလေးနှင့် ပတ်သက်သော ပန်းချီကျောင်းဆင်း ဆွေမျိုးသားချင်းတစ်ယောက်က သူ့ကို ပန်းချီကျောင်းသို့ အပ်ပေး၏။

( ၇ )

ရန်ကုန်မြို့သို့ ရောက်ပြီ။
သူ တက်ချင်သော ပန်းချီကျောင်းသို့ ရောက်ပြီ။
သူက ပထမနှစ်။
တတိယနှစ်သမားများနှင့် အဆောင်မှာ အတူ

***မိဘများသည် သားသမီးများကို ဘာလုပ်ရမယ်၊ ညာလုပ်ရမယ်၊ ဘာဖြစ်ရမယ်၊ ညာဖြစ်ရမယ်ဟူ၍ မပြော***



www.burmeseclassic.com

www.burmeseclassic.com

နေရ၏။

"နံနက် ၆ နာရီဆို အားလုံးအိပ်ရာထရတယ် နော်။ ညီလေး"

သူ ထသည်။

နံနက် ၆ နာရီ။

အားလုံးသော ကျောင်းသားများသည် အိပ်ပျော် နေ၏။

"ငါတို့ အဆောင်က သရဲ သိပ်ခြောက်တာကွ။ ညဆို ညီလေး သတိထား။ သရဲက လူသစ်ဆို ပိုခြောက် တယ်"

သူသည် ကြောက်ကြောက်နှင့် အိပ်ရ၏။

သူကိုယ်တိုင်က သရဲ ကြောက်တတ်၏။

သူ့ခြင်ထောင်အမိုးကို ကြိုးနှင့် ချိတ်ဆွဲထား ကြ၏။

မီးတွေ အကုန် ပိတ်ထားကြပြီ။

ခြင်ထောင်အမိုးက နိမ့်လိုက်မြင့်လိုက်။

အမယ်လေးဗျ။ သရဲ။

သူ ကြောက်သည်။ အော်လိုက်မလို့။

ရင်ထဲမှာ တထိတ်ထိတ်။

ကျောင်းမှာ ပန်းချီသင်ရတာကို သူ ပျော်၏။ ကျေနပ်၏။

သူ သင်ချင်နေခဲ့သော ပန်းချီမဟုတ်လား။

အခု ဆရာများနှင့် စနစ်တကျ သင်ကြားခွင့် ရသည်။

ညမှာ အဆောင်ရောက်သည်။

သူ မပျော်။

ကြာလေ၊ ညစ်လေ။

စီနီယာတွေကလည်း ကြာလေ၊ ပိုကျပ်လေ။

သူ ပြန်ပြေးတော့မည်။

အိမ်သို့။

အထုပ်အပိုး ပြင်သည်။

"ဟော့… ညီလေး ဘာလုပ်မလို့လဲ"

"ကျွန်တော် မပျော်တော့ဘူး။ အိမ်ကို ပြန်တော့ မယ်ဗျာ"

"ဟာ…မလုပ်နဲ့။ ငါတို့က မင်းကို စနေတာပါ ကွာ။ ဘာသရဲမှ မရှိပါဘူး"

နောက်တော့လည်း သူသည် တတိယနှစ် သမားများနှင့် ခင်မင်သွား၏။

ညီအစ်ကိုကဲ့သို့။

သူသည် ပန်းချီကျောင်းမှာ နေသားကျသွား၏။

သူသည် လွတ်လပ်ပေါ့ပါးသွား၏။

အဆောင်မှာက ထမင်းစားရသည်။ နိုင်ငံတော် က ကျွေး၏။

ဗဟန်းဈေးသို့ တစ်ယောက်တစ်လှည့် ဈေး ဝယ်ထွက်ရ၏။

ငွေစကြေးစ နည်းနည်းရယ်။

ပဲငါးပိ ရေလုံပြုတ်။

ခရမ်းချဉ်သီး နှစ်လုံးသုံးလုံးကို ချက်။ ကန်စွန်း ရွက်ကို ရေနွေးကြော်။

ဦးချစ်က ထမင်းထည့်ပေး၏။

ဟင်းက ထောင်ထဲထက်တောင် ညံ့မလား မသိ။

နံနက်စာ ဟင်းထည့်ပေးပြီးလျှင် ညနေစာ မရှိ။

ထိုအရာကိုပင် ညနေကျောင်းဆင်းချိန် ပြန်လာ တော့ ထပ်စား။

အိမ်နှင့် ဆက်သွယ်ရသည်ကလည်း ခက်ခဲ၏။ အိမ်က စာတစ်စောင် ရောက်လာလျှင် ပျော်သည်။ ငွေ ကလေး၊ ကြေးကလေး ပို့ပေးလျှင် ပျော်သည်။

ရန်ကုန်၊ လသာမြို့နယ်က အဘွားလေးက တော့ အပတ်စဉ် ငါးခြောက်ငါးခြမ်း ကြော်ပေးထား၏။ ပုစွန်ခြောက်ကြော်ပေးထား၏။ ကျောင်းသို့ ဘူးနှင့်ယူလာ။

သူငယ်ချင်းတွေနှင့် အတူတူစားကြ။ ခဏနှင့် ကုန်ရော။

( ၈ )

သူသည် ပန်းချီကျောင်းမှာ ထားဝယ်လေးဟု နာမည်တွင်သော ထားဝယ်သားတစ်ဦးနှင့် တွဲဖက်ဖြစ်၏။ သူတို့ ခင်မင်ကြသည်။ နှစ်ဦးစလုံးသည် ပန်းချီကို ခိုခိုမင် ရေးကြ၏။ ကြိုးစားပမ်းစား ရေးကြ၏။

***အိမ်နှင့် ဆက်သွယ်ရသည်ကလည်း ခက်ခဲ၏။
အိမ်က စာတစ်စောင် ရောက်လာလျှင် ပျော်သည်***

www.burmeseclassic.com

www.burmeseclassic.com

( ၉ )

ဒုတိယနှစ်ရောက်သောအခါ ပန်းချီကို အတော် ရေးဆွဲနိုင်ပြီ။

ဆရာဝန်တစ်ဦးက ပန်းချီကျောင်းသားများ၏ ပန်းချီလက်ရာကို လိုချင်သည်။

အမှန်တော့ ပန်းချီကျောင်းသားဆိုတော့ ဈေးသက်သာမည် မဟုတ်ပါလား။

ထားဝယ်လေးနှင့်သူ။

ထိုဆရာဝန်နှင့် တွေ့ဆုံကြ၏။ ဆရာတစ်ဦးက ဆက်သွယ်ပေးလိုက်ခြင်း ဖြစ်၏။

၃၇မင်းသော နတ်ပုံများ။

သူတို့နှစ်ယောက်သား ကူးရေးကြရ၏။ ဆရာဝန်က အပ်သောအရာ။ သူတို့ ရေးရသည်။

မည်သို့ပင်ဖြစ်စေ၊ သူသည် ဒုတိယနှစ်ပန်းချီ ကျောင်းသားဘဝမှာပင် အပ်ထည်ကို ရေးခွင့်ရပြီ။

ဒုတိယနှစ် ကျောင်းသားဘဝမှာပင် ပန်းချီနှင့် ပိုက်ဆံရပြီ။

ဆရာဝန်ချပေးသော ဓာတ်ပုံများကို ပုံတူရေးပေးရ၏။

"ကျွန်တော်က portrait ရေးရတာကို သိပ်ကြိုက်တယ်"

ထွန်းထွန်းလင်းက ပြောသည်။

သူနှင့်ကျွန်တော်သည် ယောမင်းကြီးလမ်းဘေးက လက်ဖက်ရည်ဆိုင် သေးသေးလေးမှာ အတူထိုင်၊ မျက်နှာချင်းဆိုင်ပြီး စကားပြောကြသည်။

လက်ဖက်ရည် တစ်ခွက်စီ သောက်လျက်။

( ၁၀ )

သူသည် ပန်းချီကျောင်း ပြီးသွားသောအခါလည်း ထိုဆရာဝန်၏ အပ်ထည်များကို ရေးပေးရ၏။ ကိုယ့်ပိုက်ဆံနှင့်ကိုယ် ရပ်တည်၍ရသည်။

ဘုန်းကြီးပန်းချီကားများ၊ တိုင်းရင်းသားပုံပန်းချီကားများ၊ Portraits များဖြင့် ပိုက်ဆံကောင်းကောင်းကြီး ရနေသော ပန်းချီဆရာ တင်ထွန်းလှိုင်ထံသို့ သူရောက်သွား၏။

ပညာသင်သဘောလည်း ပါဝင်သည်။

သူ့အလုပ်ကို ကူညီရ၏။

ပုံလုံးပေးရသည်။

ပိုက်ဆံရ၏။

ထွန်းထွန်းလင်းသည် ရီယက်လစ်စင်ဆန်သော ပုံတူပန်းချီကား များစွာကို ရေးဖြစ်သွား၏။

( ၁၁ )

သူသည် ရန်ကုန်မြို့မှာ တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့နေထိုင်ဖြစ်၏။











www.burmeseclassic.com

www.burmeseclassic.com

မည်သည့်နေရာပဲ ရောက်ပါစေ၊
ပန်းချီရေးခြင်းအလုပ်ကိုသာ လုပ်၏။
ပန်းချီရေးခြင်းဖြင့်သာ ရပ်တည်၏။

( ၁၂ )

"ဒီလိုနေရင်းနဲ့ ကျွန်တော်တို့ သူငယ်ချင်းတွေ Green Casd လျှောက်တာ။ အပျော်လျှောက်တာ။ ကျွန်တော် ရသွားတယ်။ အဆင့်တွေတောင် အများကြီး ပေါ့။ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ပဲ အကုန်အကျခံရတယ်။ ဟိုဘက်ကပေးတာ မဟုတ်ဘူး။ ကိုယ့်စရိတ်နဲ့ ကိုယ်သွားရမယ်။

နောက်ဆုံးတော့ လူ တွေ့ဆုံခြင်းပေါ့။ သံအမတ်နဲ့ တွေ့ရတယ်။ သူက အင်တာဗျူးလုပ်မှာပေါ့။ ကျွန်တော်က ပန်းချီပြပွဲ လုပ်ခဲ့ဖူးသွားပြီ။ အဲဒီ အမေရိကန်သံအမတ်ကို ပန်းချီပြပွဲ ဖိတ်စာဖိတ်ဖူးတယ်။ သူက ကျွန်တော့်ကို သိတယ်။ မင်း ဘာလို့ အမေရိကားကို သွားချင်တာလဲဆိုတော့ ကျွန်တော် ဟိုမှာ ပန်းချီရေးချင်လို့လို့ ပြောလိုက်တယ်။ သူ သဘောကျသွားတယ်။ သူကလည်း ပန်းချီကို ချစ်ပါတယ်။ မင်း ဗီဇာရပြီတဲ့။ အမေရိကန်သံအမတ်က ကျွန်တော့်ကို ဗမာစကားနဲ့ ပြောလိုက်တာ။ အဲဒီလိုနဲ့ အမေရိကားကို ကျွန်တော်ရောက်သွားတာ"

ထွန်းထွန်းလင်းက ပြောသည်။

( ၁၃ )

ထိုအချိန်က အမေရိကန်ပြည်ထောင်စုမှာ နေထိုင်သော မြန်မာ့အဘိုးကြီး၊ အဘွားကြီး ဖနီးမောင်နှံက မြန်မာနိုင်ငံသို့ ခေတ္တပြန်ရောက်နေ၏။

ထွန်းထွန်းလင်းသည် ထိုအဘိုးကြီး၊ အဘွားကြီးနှင့် အဆက်သွယ်ရသွား၏။ သူတို့နှင့်အတူ အမေရိကန်ပြည်ထောင်စုသို့ လိုက်သွား၏။

ဟိုရောက်တော့လည်း သူတို့ထံမှာ ခေတ္တနေထိုင်သည်။

ရောက်စမှာ သူသည် မပျော်။
ဘယ်လိုမှ မပျော်။
ရာသီဥတုက ဆိုးရွားသည်။
လူကလည်း လူဖြူတွေ။
သူစိမ်းတစ်ရံဆံများ။
သူသည် မြန်မာပြည်သို့ ပြန်ချင်လှပြီ။

အိမ်ရှင်အဘိုးကြီးက ထိုမြို့ကလေး၏ စာကြည့်တိုက်တစ်တိုက်သို့ ခေါ်သွား၏။

သူသည် စာကြည့်တိုက်မှ စာအုပ်များကို လှန်လှောသည်။

ကွန်ပျူတာ ကိုင်သည်။

အင်တာနက် ဝက်ဘ်ဆိုက်မှ ပန်းချီကားများကို ကြည့်သည်။

သူသည် သက်သောင့်သက်သာ ဖြစ်သွား၏။





www.burmeseclassic.com

www.burmeseclassic.com

သူသည် တစ်နေကုန်ပင် စာကြည့်တိုက်ထဲမှာ နေလိုက်တော့၏။

စာကြည့်တိုက်သို့ လာသောသူများ၏ ပုံတူကို သူ ရေးသည်။

တချို့ကလည်း သူ့ပန်းချီကား စကတ်ချ်လေးကို ဝယ်ယူအားပေးသွားကြ၏။

"သူတို့ဆီက မြို့ကလေးတွေမှာ ပန်းချီ ဂယ်လာရီလေးတွေ ရှိတယ်။ လူငယ် ပန်းချီဆရာတွေကို အားပေးတဲ့ ဂယ်လာရီလေးတွေပါ။ အနုပညာသမားဖြစ်ဖို့ အကူအညီပေးတဲ့ ဂယ်လာရီတွေပါ။ ဂယ်လာရီရဲ့ အပေါ်မှာက စတူဒီယိုတွေ ရှိနေတယ်။ စတူဒီယိုကိုတော့ ပိုက်ဆံပေးငှားရတယ်။ အဲဒီ စတူဒီယိုငှားပြီး ပန်းချီရေးဆွဲသူတွေလည်း ရှိတယ်"

နယူးမက္ကဆီကို။

ထို့နောက် သူသည် နယူးယောက်သို့။

"နယူးမက္ကဆီကိုက ပန်းချီပြခန်းတွေမှာ ကျွန်တော် ပန်းချီကားတွေ လိုက်ကြည့်တယ်။ တို့ဆီ လောက်ပါပဲကွာလို့ ထင်ထားတာပေါ့။

နယူးယောက်ကို ကျွန်တော် ပြောင်းရွှေ့ခဲ့တယ်။ မြို့ကြီးကို ရောက်ချင်လို့ပါ။ နယူးယောက်မှာ ပန်းချီကားတွေ လိုက်ကြည့်တယ်။

ဟာ အံ့မခန်းပဲဗျာ။ ကျွန်တော်တို့ ဘယ်လိုမှ လိုက်လို့ မမီနိုင်တဲ့ ပန်းချီကားတွေပါ။ နယူးယောက်က ဂယ်လာရီတွေမှာ တွေ့ရတယ်"

သူက ပြော၏။

( ၁၄ )

သူသည် ဆူရှီလုပ်၏။

ပထမ သူများထံမှာ လုပ်၏။

နောက်တော့ ရှော့ပင်းမောတွေမှာ ဆိုင်ခန်း အသေးဆုံးလေးငှားပြီး ကိုယ်တိုင်လုပ်၏။

သူက လုပ်နေရုံသာ။

သူသည် လုပ်ရင်းနှင့်လည်း ပန်းချီအကြောင်းကိုသာ တွေး၏။

( ၁၅ )

သူသည် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေသည်မှာ ၁၀ နှစ်ရှိပြီ။ သူ ပိုက်ဆံရှာသည်။

သူ မပျော်။

ရန်ကုန်မှာက သူ့ဇနီးရှိသည်။

သူ့သမီးငယ် ရှိသည်။

သူသည် မြန်မာနိုင်ငံကို လွမ်းသည်၊

လွမ်းတိုင်း သူ့အခန်းထဲမှာ ပန်းချီရေးသည်။

My Wife အမည်နှင့် ပန်းချီကား အများကြီး ရေးဖြစ်သည်။ သူ့ဇနီးက သူ့ကို လွမ်းဆွတ်ဟန် ပန်းချီကားများ။ လည်ပင်းရှည်ရှည်များ။

River ဂယ်လာရီမှာ သူ့ပန်းချီကားများကို ကျွန်တော်သည် မကြာမကြာ မြင်ဖူး၏။

သူနှင့် မတွေ့မီကတည်းကပင် သူ၏ ပန်းချီကားများကို ကျွန်တော် ကြိုက်သည်။

မြန်မာအမျိုးသမီးပုံ။

သူ့ဇနီးပုံ။

ရေးဟန်၊ ရေးချက်က အမေရိကန် ဆန်နေ၏။

"ကျွန်တော် တကယ်ကြိုက်တာကတော့ ပေါလ်ဂေါဂင်တို့၊ ဗင်းဆင့်ဗင်ဂိုးတို့၊ ဂျက်ဆင်ပိုးလော့တို့။ သူတို့တွေကို ကျွန်တော် တော်တော်လေး ကြိုက်တယ်"

သူသည် လူငယ်တစ်ဦး။

စိတ်၊ ရုပ်၊ အင်အားရှိသည်။

သူသည် အင်အားရှိသမျှဖြင့် သွားလာနေခဲ့၏။

အမေရိကန်ပြည်ထောင်စုက ပန်းချီပြခန်းများဆီသို့သာ။

"အလုပ်အားတာနဲ့ ကျွန်တော်က သွားတာပဲ။ အနုပညာရှိရာပဲ ကျွန်တော်သွားတယ်။ ကျွန်တော် ရောက်စမှာ ဟိုမှာ ပန်းချီပြပွဲတစ်ပွဲ လုပ်ဖူးတယ်။

Solo ပေါ့။ ပြပွဲလုပ်ပေးတဲ့ စပွန်ဆာက ကျွန်တော်နဲ့ သူ့ပြခန်းကို စဖွင့်ခဲ့တာ။ ဂယ်လာရီဆိုတာမျိုးက ချက်ချင်း ထပေါက်တာ မဟုတ်ဘူး။ ချက်ချင်း သူဌေးဖြစ်သွားတာမျိုး မဟုတ်ဘူး။

ဝါသနာကို အခြေခံပြီး ဖြည်းဖြည်းချင်း ရေရှည်

***My Wife အမည်နှင့် ပန်းချီကား အများကြီးရေးဖြစ်သည်။ သူ့ဇနီးက သူ့ကို လွမ်းဆွတ်ဟန် ပန်းချီကားများ***



www.burmeseclassic.com

www.burmeseclassic.com

သွားရတာ။ သူက မရောင်းရဘူး ဆိုပြီး ဂယ်လာဂရီကို စိတ်ဝစ်လိုက်တယ်''

သူက ပြောပြ၏။

( ၁၆ )

သူ့ဓာတ်ခံက အလွမ်းရှိနေနှင့်၏။

သူ့ဇနီးကို သူ လွမ်းလှပြီ။

မိခင်၊ ဖခင်တို့ကို သတိရသည်။

သမီးလေးကို လွမ်းသည်။

သူသည် အလွမ်းကို ပန်းချီဖြင့် ဖောက်ခွဲ၏။

( ၁၇ )

''ကျွန်တော် ပန်းချီကျောင်းပြီးကတည်းက မြန်မာမှာ Realism တွေပဲ ရေးနေခဲ့ရတာ။ အကြာကြီး။ Realism နဲ့ ပိုက်ဆံလည်း ရခဲ့ပါတယ်။ Realism ကို ရေးတာကြာတော့၊ ငြီးငွေ့သွားပြီ။ အခု Realism ပန်းချီကားတွေ မရေးချင်တော့ဘူး''

သူက ပြော၏။

( ၁၈ )

''အမေရိကန် ပြည်ထောင်စုမှာ ကျွန်တော့်ရဲ့ ပေါက်ကွဲမှုက ကျွန်တော့် ပန်းချီကားထဲမှာပါ''

သူ့ အလွမ်း။

သူ့ ပြင်းထန်မှု။

သူ့ ထိခိုက်မှု။

သူ့ ကြေကွဲမှု။

ပန်းချီကားထဲသို့ ဖောက်ခွဲပစ်လိုက်၏။

Realism ပန်းချီကားများတော့ မဟုတ်တော့ပါ။

စိတ်ခံစားမှုကို ကိုယ်စားပြုသော ပန်းချီကားများ၊ ခံစားရသောစိတ်ကို ရုတ်တရက် ချက်ချင်းဖွဲ့ဆိုလိုက်သော ပန်းချီကားများ ဖြစ်ပါသည်။

(၁၉)

''နာရီဝက်အတွင်းမှာ စိတ်ကို ကိုယ်စားပြုပြီး စိတ်ရဲ့ရေးချက်အတိုင်း ရေးလိုက်တယ်။ ပြီးသွားတယ်။ Realism လို ပြန်ပြင်လို့မရဘူး။ ပြန်ဖြည့်လို့မရဘူး။ ဘာမှ ထပ်လုပ်လို့ မရဘူး။ သွားထိလို့မရဘူး။ အဖြူလေး လွတ်နေရင်လည်း လွတ်နေတဲ့ ကွက်လပ်အတိုင်း ထားလိုက်။ သွားထိလို့ မရဘူး''

ထိုအရာသည် အနုပညာဖြစ်၏။ စိတ်ကို ကိုယ်စားပြုပြီး စိတ်အတိုင်း ဖွင့်ထုတ်ဖော်ပြခြင်းသည် အနုပညာဖြစ်၏။

''ကျွန်တော် စိတ်ကျေနပ်တဲ့ ပန်းချီကားရေးပြီးရင် သုံးညလောက် အိပ်လို့မရတော့ဘူး။ ဒီပန်းချီကားအတွက် စိတ်ကျေနပ်နေမိတာ။ ကျွန်တော် အဲဒီလို ပန်းချီတွေပဲ ဆက်ရေးဖြစ်မယ်''

ထွန်းထွန်းလင်း။

Tun.T.Lin

အမေရိကန်ပြည်ထောင်စုမှာ ပန်းချီရေးနေသည်။

''ကျွန်တော် မြန်မာပြည်ကို တစ်ချိန်မှာ အပြီးအပိုင် ပြန်လာမှာပါ။ ကျွန်တော့် ရည်မှန်းချက်က ကျွန်တော့်တိုင်းပြည်ပါ။ ဟိုမှာ နေခွင့်ရတယ်။ အဆင်ပြေတယ်။ နိုင်ငံသားခံလို့လည်း ရပြီ။ မခံဘူး။ မြန်မာပြည်ကိုပဲ ပြန်လာမှာ။ ကျွန်တော့်တိုင်းပြည်ကို ပြန်လာမှာ''

ထွန်းထွန်းလင်း။

အခုတော့ အမေရိကန်ပြည်ထောင်စုသို့ သူ ပြန်ရောက်နေပါပြီ။ သို့သော် သူသည် သူ့တိုင်းပြည်သို့ တစ်နေ့မှာ အပြီးတိုင် ပြန်လာမည်။

■

*ကျွန်တော် စိတ်ကျေနပ်တဲ့ ပန်းချီကားရေးပြီးရင်*
*သုံးညလောက် အိပ်လို့ မရတော့ဘူး*

www.burmeseclassic.com

www.burmeseclassic.com

# THE REAL LIVES® REAL STORIES

## သာမန်ထက် ပိုမိုထူးခြားတဲ့ စိတ်ဝင်စားဖွယ် ဘဝဖြတ်သန်းမှု အတွေ့အကြုံများနဲ့ အမှန်တကယ် ဖြစ်ရပ်စာမူ များအလို ရှိသည်။

ကျွန်တော်တို့တင်ဆက်နေတဲ့ Real Lives, Real Stories ၂ လ တစ်ကြိမ်ထုတ် ( ဇန်နဝါရီ၊ မတ်၊ မေ၊ ဇူလိုင်၊ စက်တင်ဘာ၊ နိုဝင်ဘာ ) စာအုပ်စီးရီးအတွက် သာမန်ထက်ပိုမို ထူးခြားတဲ့ စိတ်ဝင်စားဖွယ် ဘဝဖြတ်သန်းမှု အတွေ့အကြုံများနဲ့ ဖြစ်ရပ်မှန်စာမူများ အလိုရှိပါတယ်။ သင့်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်ခဲ့တဲ့ ဒါမှမဟုတ် ဖြစ်ပျက်နေတဲ့ စိတ်ဝင်စားဖွယ်ဖြစ်ရပ်တွေနဲ့ အတွေ့အကြုံတွေကို ဖေါ်ထုတ်ပြီး ရေးသားပေးပို့နိုင်ပါတယ်။

ကျွန်တော်တို့လိုချင်တာက

(၁) အမှန်တကယ်ဖြစ်ရပ်တွေနဲ့ အတွေ့အကြုံတွေပဲ ဖြစ်ရမယ်။ (၂) သာမန်ထက်လည်း ထူးခြားပြီး စိတ်ဝင်စားဖွယ် ဖြစ်ရမယ်။ (၃) ရသမြောက် ရေးဖွဲ့တင်ပြနိုင်ရမယ်။ (၄) အတွေးအခေါ်တွေ ပါရမယ်၊ ရုန်းကန်ဖြတ်သန်းနေတဲ့ဘဝတွေနဲ့ စိတ်ခံစားမှုတွေ ထင်ဟပ်မှုရှိရမယ်။ (၅) ဟာသပဲ ဖြစ်စေ၊ ဂမ္ဘီရပဲဖြစ်စေ၊ ဝိဉာဉ်လောကပဲဖြစ်စေ၊ ရှေ့နေလောက၊ ကားသမားလောကထဲကဖြစ်စေ၊ အကျဉ်းထောင်တွင်းက စိတ်ဝင်စားဖွယ်အကြောင်းပဲဖြစ်စေ၊ ဘာပဲဖြစ်စေ ဖြစ်ရပ်မှန်ဖြစ်ဖို့ပဲ လိုအပ်ပါတယ်။ (၆) ဖြစ်ရပ်မှန်ဖြစ်ကြောင်း ဝန်ခံချက်တော့ ပါရှိရမယ်။ (၇) ရွေးချယ်မှုမခံရတဲ့ စာမူများကို ပြန်လည်ပေးပို့မှာ မဟုတ်ပါ။

## စာမရေးတတ်ပေမယ့် သင့်မှာသာမန်ထ… ထူးခြားတဲ့ အတွေ့အကြုံတွေ ရှိနေတယ်… ရင်လည်း

သင့်မှာပြောပြစရာ သာမန်ထက်ထူးခြားတဲ့ စိတ်… စားဖွယ်ဖြစ်ရပ်တွေ၊ အတွေ့အကြုံဆန်းတွေ၊ ရယ်… ဟာသတွေရှိနေတယ်ဆိုရင် ကျွန်တော်တို့ကို ပြော… စိတ်ဝင်စားတယ်ဆိုရင် ကျွန်တော်တို့ထံ ဆက်သွ… နိုင်ပါတယ်။

## ကျွန်တော်တို့နှင့်အတူ လက်တွဲဆောင်ရွ… လိုတဲ့ တက်ကြွဖြတ်လတ်တဲ့ လူငယ်စာ… ဆရာများ ဆက်သွယ်ပါ။

လိုအပ်တာက

(၁) စာဖတ်ဝါသနာပါသူဖြစ်ရမယ်။ (၂) အ… သတင်းအမြင်လည်းရှိရမယ်။ (၃) အင်ဘာဗျူးမေး… များကိုလည်း တည်ဆောက်နိုင်ရမယ်။ (၄) ဒါ့အ… ရသမြောက်စာမူကိုလည်း ရေးဖွဲ့နိုင်ရမယ်။ (၅) … တော်တို့သတ်မှတ်ပေးမယ့် assignment အင်တာ… များကို တွေ့ဆုံမေးမြန်းပြီး ရသမြောက်စာမူ… ပြောင်းလဲတင်ဆက်နိုင်သူလည်း ဖြစ်ရမယ်။ (၆) … ကိုယ်တိုင်ရေးဖွဲ့ထားတဲ့ ရသမြောက် အမှန်တ… ဖြစ်ရပ်စာမူတစ်ပုဒ်နှင့်အတူ (ဆက်သွယ်ရန်လိပ်… ပြည့်အစုံဖြင့်) ကျွန်တော်တို့ထံ ပေးပို့ပြီး ဆက်သွယ်…

---

**ဆက်သွယ်ရန်လိပ်စာ**

- အမှတ် ၈-စီ၊ နီကောရိပ်သာလမ်း၊ အမှတ် ၇ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
- ခြံအမှတ် - ၂၁-အေ၊ ၆-ရပ်ကွက်၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**အသေးစိတ်သိချင်ရင်**

၀၉-၅၀၀-၈၇၂၇၊ ၀၉-၄၃၁-၄၀၉၄၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

**the bookhouse စာအုပ်တိုက်မှ ထုတ်ဝေသော**
**The Real Lives, Real Stories နှင့် လုံးချင်းစာအုပ်များကို**
**အောက်ပါစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။**

| စဉ် | ဆိုင်အမည် | ဆက်သွယ်ရမည့်ဖုန်း | ဆက်သွယ်ရန်လိပ်စာ |
|---|---|---|---|
| ၁ | အင်းဝ | ၀၁-၃၈၉၈၃၈၊ ၃၇၄၃၂၄၊ ၂၄၃၂၁၆ | ပန်းဆိုးတန်း |
| ၂ | အင်းဝ | ၀၁-၅၁၄၃၈၇ | ဦးထွန်းလင်းမြလမ်း(လှည်းတန်း) |
| ၃ | ပါရမီ | ၀၁-၂၅၃၂၄၆ | ပန်းဘဲတန်း |
| ၄ | စာပေရတနာ | ၀၁-၃၈၂၅၂၆၊ ၀၉-၅၁၀၂၆၀၂၊ ၀၉-၅၁၂၈၀၅၇ | ရွှေဘုံသာလမ်း(အထက်) |
| ၅ | စာပေလောက-၂ | ၀၉-၇၃၀၃၃၈၀၂၊ ၀၉-၅၁၄၅၃၁၈ | ပန်းဆိုးတန်း(အပေါ်) |
| ၆ | စာပေလောက-၅ | ၀၉-၇၃၁၂၅၀၆၇၊ ၀၉-၇၃၁၄၀၉၃၆ | ပန်းဆိုးတန်းနှင့်မဟာဗန္ဓုလလမ်း |
| ၇ | စာပေလောက-၆ | ၀၉-၇၃၀၁၉၆၆၅ | ရန်ကင်း-၁၂လုံးတန်း |
| ၈ | စာပေလောက-၇ | ၀၉-၇၃၀၀၈၂၅၄ | ပဒေသာလမ်းဆုံ(တ/ဥ) |
| ၉ | စာပေလောက-၈ | ၀၉-၂၅၀၁၃၇၄၄၉ | ခေမာသီလမ်းမ(မ/ဥ) |
| ၁၀ | စာပေလောက | ၀၉-၄၂၁၁၃၇၃၈၂ | ဦးထွန်းလင်းမြလမ်း(လှည်းတန်း) |
| ၁၁ | Good | ၀၉-၄၃၀၉၇၆၃၅ | ဂုံစင်တာ(မြေနီကုန်း) |
| ၁၂ | စာပေဟောင်းလေးအိုးကြီး | ၀၁-၃၇၁၈၉၁၊ ၀၉-၅၁၇၂၅၈၄ | ဗိုလ်ချုပ်လမ်း |
| ၁၃ | ကျော်သိန်း | ၀၁-၃၇၆၀၆၉ | ၃၂လမ်း(အထက်) |
| ၁၄ | ခေတ်သစ် | ၀၉-၆၉၂၇၆၄၈၊ ၀၉-၄၉၃၁၁၇၂၃၊ ၀၉-၇၃၂၀၁၄၁၉ | လှည်းတန်းလမ်းမ |
| ၁၅ | ရာပြည့် | ၀၁-၃၇၅၉၅၂၊ ၂၄၃၃၅၁၊ ၀၉-၇၃၂၄၅၂၈၉ | ပန်းဆိုးတန်း(အထက်) |
| ၁၆ | အလင်းချစ်သူ | ၀၉-၇၃၀၅၅၆၂၆ | ကျောက်မြောင်း-တာမွေ |
| ၁၇ | အမွေအိမ် | ၀၁-၃၈၂၁၀၀ | ပန်းဆိုးတန်း |
| ၁၈ | ခေတ်သစ် | ၀၁-၃၈၀၉၆၈ | မဟာဗန္ဓုလလမ်းနှင့်ဗိုလ်အောင်ကျော်လမ်းကြား |
| ၁၉ | Feel Halpin | ၀၉-၂၅၀၀၅၉၈၇၄ | ဟယ်ဘင်လမ်း |
| ၂၀ | အာရုဏ်သစ် | ၀၁-၂၄၁၂၆၃ | ဗိုလ်ချုပ်လမ်း |
| ၂၁ | စာဦး | ၀၁-၃၈၈၀၂၄ | ၃၁လမ်း |
| ၂၂ | ရွှေလက်ဆောင် | ၀၁-၃၈၉၀၂၂၊ ၃၇၅၃၅၇၊ ၃၇၄၆၃၈ | ၃၂လမ်း(အထက်) |
| ၂၃ | Lucky-7 | ၀၉-၇၃၀၇၅၇၆၉၊ ၀၉-၄၂၈၁၈၅၁၇၂ | ကျိုက္ကဆံလမ်း |
| ၂၄ | City Mart | ၀၁-၅၂၃၉၆၇၊ ၅၀၈၄၆၀ (လိုင်းခွဲ-၃၉၀၊ ၃၈၈) | China Town |
| ၂၅ | Ocean | ၀၁-၅၂၃၉၆၇၊ ၅၀၈၄၆၀ (လိုင်းခွဲ-၃၉၀၊ ၃၈၈) | |
| ၂၆ | စိတ်ကူးချိုချို | ၀၉-၂၅၀၅၈၄၄၅၂ | မန္တလေး |
| ၂၇ | ရာပြည့် | ၀၉-၉၁၀၄၉၂၂၂၊ ၀၉-၉၁၀၄၉၁၁၁ | မန္တလေး |
| ၂၈ | နဂါး | ၀၂-၃၅၂၆၇၊ ၃၂၅၂၇ | မန္တလေး |
| ၂၉ | ညို | ၀၂-၇၄၄၁၈၊ ၆၉၂၀၁ | မန္တလေး |
| ၃၀ | ထွန်းဦး | ၀၂-၇၃၅၀၂၊ ၃၉၈၀၁ | မန္တလေး |
| ၃၁ | သောင်း | ၀၉-၄၁၀၀၁၂၆၅၊ ၀၈၂-၂၃၈၀၆ | လားရှိုး |
| ၃၂ | မီလျှံမှာ | ၀၈၁-၂၁၂၂၈၀၉၊ ၂၁၂၂၈၁၁၊ ၀၉-၅၁၁၆၃၂၀ | တောင်ကြီး |
| ၃၃ | Feel | ၀၉-၂၅၀၀၅၉၈၇၄ | ၁၁၅ မိုင် |
| ၃၄ | နတ်မိမယ်စာပေ | ၀၆၇-၄၁၆၆၃၀ (လိုင်းခွဲ-၁၁၄၇)၊ ၀၉-၅၁၉၉၅၄၂ | ဗေဟုသုတ်ရိုကုန်တိုက်၊ နေပြည်တော် |

**စာပေဗိမာန်၊ ပစ်တိုင်းထောင်(ဗိုလ်ချုပ်လမ်း)၊ နေစေး(ပန်းဆိုးတန်း)၊ ကိုလတ်(၃၁လမ်း)၊ ဆော့ကျော်(မော်လမြိုင်)၊ ဖက်ဖူးရောင်(ပခုက္ကူ)၊ ချင်းတွင်းအိမ်(မုံရွာ)၊ ညီညီ(မုံရွာ)၊ မြရော(ဖြူး)၊ မြဝတီစံ(ကလေး)၊ ဂင်္ဂါနဒီ(တောင်ကြီး)၊ Central (တောင်ကြီး)**

www.burmeseclassic.com

www.burmeseclassic.com

Gentleman® @ bagan
HAIRDRESSING

*Different concept of approach, but feeling the great...*

***The place surrounding with Myanmar's Heritage & Culture atmosphere while feeling of cutting hair and enjoy with fine artworks.***

***No one can find out in Myanmar***

၁၈-ဘီ၊ ဖ ရပ်ကွက်၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်

## Moving To New Location
## Opening Now!

Just Only 45 Sec Walking Distance
09979 6060 40

*Opening*
*9:00 AM - 6:30 PM*
*Tuesday to Sunday*

*Service*
*Cutting - 6000 Ks - Shampoo - 3000 Ks*
*Dying - 3500 - 4500 - 6500 Ks*
*Face Washing - 3000 Ks - Shaving - 3000 Ks*




www.burmeseclassic.com